ထိုမူအရ ၁၉၅၂-ခုနှစ်မှ စ၍ မြန်မာနိုင်ငံတွင် ပါဠိတက္ကသိုလ်များ စတင်ပေါ်ထွန်းလာခဲ့သည်။ သို့သော် ထိုတက္ကသိုလ်များသည် တက္ကသိုလ်အမည်ခံဖွင့်လှစ်ခဲ့ကြသော်လည်း နိုင်ငံတကာအဆင့်မီတက္ကသိုလ်ကြီးများကဲ့သို့ ဖွဲ့စည်းပုံမရှိဘဲ ရှေးခေတ်ဘုန်းတော်ကြီးပညာသင်ကြားရေး နည်းစနစ်အတိုင်းဖွင့်လှစ်သင်ကြားပေးခဲ့သည်။

၁၉၅၅-ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဆဋ္ဌသင်္ဂါယနာတင်ပွဲ ကျင်းပသောအခါ ဗုဒ္ဓဘာသာတရားတော်များကို ကမ္ဘာကသိရှိလာကြပြီး စိတ်ဝင်စားလာကြသည်။ ကမ္ဘာတွင်လည်း သိပ္ပံပညာများကတစ်စထက်တစ်စ တိုးတက်လာပြီး ယင်းပညာရပ်များသည် ဗုဒ္ဓတရားတော်များနှင့် အံဝင်ကိုက်ညီနေသည်ကို သိပ္ပံပညာရှင်တို့က တွေ့ရှိလာပြီး သုတေသနပြုလိုသူများ ပေါ်များလာခဲ့သည်။

သို့အတွက် အနောက်နိုင်ငံသုတေသီများ မြန်မာလူမျိုးအကြောင်းနှင့် ဗုဒ္ဓဘာသာတရားတော်များကို အင်္ဂလိပ်ဘာသာဖြင့် လေ့လာလိုက်စားလိုကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် ဗုဒ္ဓဘာသာစာပေ ပိဋကတ်သုံးပုံသည် အင်္ဂလိပ်စာပေနှင့် ဘာသာပြန်ဆိုထားမှုမရှိ၍ အခက်တွေ့နေရသည်။

သို့အတွက် ဗုဒ္ဓဘာသာတရားတော်များကို နိုင်ငံခြားသားများ လေ့လာနိုင်ရန် အဆင့်အတန်းမြင့်သော ဝိဇ္ဇာဘွဲ့အဆင့်အတန်းထက်ကျော်သော ခေတ်မီနည်းစနစ်ဖြင့် သင်ကြားပြသပေးနိုင်သော သုတေသနတက္ကသိုလ်တစ်ခုရှိရန် လိုအပ်သည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ယုံကြည်ကြပြီး ၁၉၅၅-ခုနှစ်တွင် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ဟူသော အမည်ဖြင့် ကမ္ဘာ့ဗုဒ္ဓဘာသာသုတေသနဌာနကြီးတစ်ခု (International Institute for Advanced Buddhist Studies) ကို ဖွင့်လှစ်ခဲ့ပါသည်။

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ဖွင့်လှစ်နိုင်ရေး စီမံချက်ရေးဆွဲစဉ် ကာလအတွင်းဝယ် နိုင်ငံခြားသို့ အရေးပေါ်ဗုဒ္ဓသာသနာတရားတော်များ ဖြန့်ချိနိုင်ရေးအတွက် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့မှ နိုင်ငံခြားဗုဒ္ဓသာသနာပြုဓမ္မဒူတဝိဇ္ဇာလယကျောင်းကို(၂၅-၁၂-၅၂)ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ဓမ္မာစရိယအောင် သံဃာတော်များကို ရွေးချယ်ပြီး သင်တန်းပေးခဲ့သည်။
(ထိုဓမ္မဒူတဝိဇ္ဇာလယသင်တန်းကျောင်းသည် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပေါ်ထွန်းလာသောအခါ ၂၂-၁-၆၁ ခုနှစ်တွင် ရပ်စဲခဲ့ပါသည်။)

ထိုကမ္ဘာ့တက္ကသိုလ်မှ ခေတ်မီပညာတတ်၍ နိုင်ငံခြားနှင့်ပြည်တွင်းအသီးသီး၌ သာသနာပြုနိုင်သော ရဟန်းတော်များ ပေါ်ထွန်းလာရေးအတွက် ဓမ္မာစရိယအောင်မြင်ပြီးသော မြန်မာရဟန်းတော်များကို အဆင့်ခွဲခြားသတ်မှတ်၍ သင်ကြားပေးခဲ့သည်။

သို့သော် ထိုပါဠိတက္ကသိုလ်များ၊ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သံဃာ့တက္ကသိုလ်တို့သည် ၁၉၆၂-ခု၊ တော်လှန်ရေးအစိုးရတက်လာသောအခါ ကမ္ဘာ့အဆင့်မီတက္ကသိုလ်ပုံသဏ္ဌာန် လုပ်ထုံးလုပ်နည်း စည်းကမ်းများနှင့်မညီဟုဆိုကာ တော်လှန်ရေးအစိုးရက ၁၉၆၃-ခုနှစ်တွင် ဖျက်သိမ်းခဲ့သည်။

တော်လှန်ရေးအစိုးရသည် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကို ဖျက်သိမ်း၍ သာသနာရေးဦးစီးဌာနဟု အသစ်ထပ်မံ ဖွဲ့စည်းခဲ့သည်။ ထိုသာသနာရေးဦးစီးဌာနအသစ်တွင် ရဟန်းသံဃာတော်များအတွက် ပြည်တွင်း-ပြည်ပ ခေတ်မီ သာသနာပြုရဟန်းတော်များပေါ်ထွန်းရေးအတွက် သာသနာပြု သံဃာ့တက္ကသိုလ်တစ်ခု တည်ထောင်ဖွင့်လှစ်ရန်ဟု စီမံချက်ထဲတွင်ပါဝင်ခဲ့သည်။

ဖျက်သိမ်းခံခဲ့ရသော ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့် သံဃာ့တက္ကသိုလ်တို့မှ ပညာရှင်များက သံဃတက္ကသိုလ်သစ် ဖွင့်လှစ်နိုင်ရေးစီမံချက် စာတမ်းတစ်စောင်ကို ရေးသားပြုစုပြီး ၁၉၆၃-ခုနှစ်တွင် ကျင်းပသော ဂိုဏ်းပေါင်းစုံ မော်ဘီသံဃာ့(ညီလာခံ)အစည်းအဝေး၌ တင်ပြီး အတည်ပြုရန် ကြိုးစားခဲ့ကြသည်။

ထိုစီမံချက်စာတမ်းတွင် ရဟန်းတော်များအတွက် သံဃာ့တက္ကသိုလ်များ ဖွင့်လှစ်ပြီးပါက သီလရှင်တက္ကသိုလ် ဆက်လက်ဖွင့်လှစ်နိုင်ရေးအတွက် စီမံချက်ပါ နောက်ဆက်တွဲစီမံချက် ပါဝင်ခဲ့ပါသည်။

သို့သော် ထိုဂိုဏ်းပေါင်းစုံ မော်ဘီသံဃာ့ညီလာခံသည် အကြောင်းအမျိုးမျိုးကြောင့် မအောင်မြင်ဘဲ ပျက်ရပြီး ထိုစာတမ်းများ တင်ခွင့်မရခဲ့ပေ။

ဤသို့ဖြင့် တော်လှန်ရေးအစိုးရလက်ထက်တွင် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့မှတစ်ဆင့် သာသနာရေးဦးစီးဌာန ပေါ်လာခဲ့သည်။ ယခင် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရှိ ဌာနများသည် သာသနာရေးဦးစီးဌာနတွင် ဌာနခွဲများအဖြစ် ဆက်လက်ရပ်တည်ခဲ့သော်လည်း တက္ကသိုလ်စီမံချက်သည် လုံးဝအကောင်အထည် ပေါ်မလာတော့ပါချေ။

၁၉၈၀-ခုနှစ်၊ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းမှုများပေါ်လာခဲ့ပြီး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ပရိယတ္တိပညာသင်ကြားရေးဆိုင်ရာ အားနည်းချက်များကို သုံးသပ်ကြပြီး ပရိယတ္တိပညာရေး အခြေခံမူ(၄)ချက်ကို ချမှတ်ပေးခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





ယင်းအခြေခံမူလေးချက်မှာ-

(၁) ကိုယ်ကျင့်တရားပိုမိုကောင်းမွန်ရေး

(၂) ပိဋကတ်ကျမ်းဂန် နှံ့စပ်ရေး

(၃) ပါဠိဘာသာ တတ်မြောက်ကျွမ်းကျင်ရေး

(၄) မြန်မာစာပေ အရေးအသားတော်စေရေး

တို့ဖြစ်ပါသည်။

ထိုမူလေးချက်ကို အခြေခံ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ပညာရေးအဖွဲ့ငယ်၊ သာသနာရေးအဖွဲ့ငယ်၊ ဝိနိစ္ဆယအဖွဲ့ငယ်များ ဖွဲ့စည်းစေပြီး သက်ဆိုင်ရာလုပ်ငန်းတာဝန်များကို စီမံချက်များ ရေးဆွဲဆောင်ရွက်စေခဲ့ရာ ပညာရေးအဖွဲ့ငယ်သည် ကျင်းပလျက်ရှိနေခဲ့သော တိပိဋကရွေးချယ်ရေးစာမေးပွဲ၊ ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ၊ အဘိဓမ္မာနှင့်ဝိသုဒ္ဓိစာမေးပွဲ၊ တိပိဋကအဘိဓာန်ပြုစုရေးသားမှု၊ ပါဠိ-အဋ္ဌကထာမြန်မာပြန်လုပ်ငန်း၊ ဗုဒ္ဓဘာသာစာမူများ ပိဋကတ်နှင့်ညီ-မညီစိစစ်မှု၊ ရှေးစာမူဟောင်းတို့ကို ရှာဖွေသောကေပြု၍ ရိုက်နှိပ်ထုတ်ဝေမှုထားကာ ပြုပြင်ထုတ်ဝေမှုတို့အပေါ် မူတည်စဉ်းစားပြီး ပညာရေးအဖွဲ့ငယ်သည် ပရိယတ္တိစာမေးပွဲများ ပြုပြင်ကျင်းပရေးကို အဓိကထား၍ စိစစ်ကြကာ မူကြမ်းရေးဆွဲကြပါသည်။

ပညာရေးအဖွဲ့ငယ်သည် ပရိယတ္တိပညာရေး စီမံကိန်း ပထမမူကြမ်းရေးဆွဲပြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့သို့တင်ပြခဲ့သည်။ ထိုအဖွဲ့မှ စိစစ်သုံးသပ်ချက်ရပြီးသောအခါ ဒုတိယမူကြမ်းကို ရေးဆွဲတင်ပြခဲ့ကြပါသည်။

ထိုမူကြမ်းကို နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ (၃၃)ပါးစုံညီအစည်းအဝေးက စိစစ်သုံးသပ်ကြပြီး ထိုသို့ပညာရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ရှေ့ဆက်ဆောင်ရွက်ရန်ရှိသော လုပ်ငန်းအလားအလာ ငါးချက်ကို ချမှတ်အတည်ပြုခဲ့ပါသည်။

စီမံကိန်းအကောင်အထည်ဖော်ရာတွင် ဆောင်ရွက်သင့်သော ကိစ္စ(၇)ချက်တင်ပြရာတွင် အပိုဒ်(ဆ)၌-

(ဆ) ပရိယတ္တိပညာရေးဖြစ်မြောက်ရေး အတွက် စီစဉ်ခြင်းဟူသော အချက်တစ်ချက် ပါဝင်လာခဲ့ရပါသည်။

ထို(ဆ)အချက် ပါဝင်လာရခြင်းမှာ ထိုအချိန်က သာသနာရေးဦးစီးဌာန ပထမပြန်နှင့် ဓမ္မာစရိယစာမေးပွဲဌာနခွဲ၌ တာဝန်ခံနှင့် တိပိဋကရွေးချယ်ရေး(လူအဖွဲ့)၌ အတွင်းရေးမှူးဖြစ်နေသော ဦးကျော်လွင်သည် မိမိကိုယ်တိုင်ကလည်း မူလပြည်တွင်း-ပြည်ပ သာသနာပြုသံဃတက္ကသိုလ်၌ ဦးကေတုမာလာဘိဝံသဖြင့် စာပြခဲ့သည်။ တော်လှန်ရေးအစိုးရက ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကို ရပ်နားပြီး သာသနာရေးဦးစီးဌာန ဖွင့်လှစ်ရန် စီမံကိန်းရေးဆွဲစဉ်က သံဃာတော်များအတွက် ခေတ်မီတက္ကသိုလ်တစ်ခုတည်ထောင်ရန် လိုအပ်သည်ဟု အဆိုပြုခဲ့သူ ဆရာကြီးဦးလှမောင်၊ ဆရာကြီးဦးစစ်ထွန်း မှတ်ဝင်းနှင့် အတူတူ ပူးတွဲပါဝင်ခဲ့သော ဆရာဦးကျော်လွင်သည် ယခုပရိယတ္တိပညာရေးစီမံကိန်း ပေါ်လာသောအခါ ထိုအချိန်က ရေးဆွဲခဲ့ပြီး မော်ဘီဂိုဏ်းပေါင်းစုံသံဃာ့ညီလာခံတွင် မတင်ဖြစ်ခဲ့သော ခေတ်မီသံဃတက္ကသိုလ်ဖွင့်လှစ်ရေး စီမံချက်ကို အစဖော်ပြီး သံဃမဟာနာယကအဖွဲ့သို့ စတင် တင်ပြခဲ့သည်။

ထိုစဉ်က မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့၊ ပုသိမ်ဆရာတော် ဦးရေဝတက-

"ဟေ့... ဖိုးကျော်လွင် မင်းလုပ်ချင်တဲ့ တက္ကသိုလ်ကို တို့တော့နားမလည်၊ တိုင်းပြည်သံဃာထု



www.burmeseclassic.com

www.burmeseclassic.com



က ထောက်ခံရင်လုပ်၊ မထောက်ခံဘဲလုပ်ရင် မင်းတရားခံဘဲ'' ဟု မဟာနာယကအစည်းအဝေးတွင် တရားဝင်မိန့်ကြားပြီး တက္ကသိုလ် အစဖော်ဆောင်ချင်သော ဆရာဦးကျော်လွင်ကို အကျပ်ကိုင်သည်။

ဆရာတော်ကြီးတစ်ပါးကမူ-

''မောင်ကျော်လွင်.... သာသနာ့တက္ကသိုလ်ဖွင့်ဖို့ အားမထုတ်ပါနဲ့၊ တက္ကသိုလ်ပညာတတ်ကျွမ်းလာရင် ကိုယ်တော်လေးတွေ ဘဝင်မြင့်ပြီး မထေရ်ကြီးတွေကို မလေးမစားလုပ်ကြတာနဲ့ သာသနာတော်ကြီးပျက်စီးသွားလိမ့်မယ်'' ဟုတားမြစ်ခဲ့ပါသည်။

ခေတ်အမြော်အမြင်ရှိသော ဆရာတော်ကြီးတစ်ပါးကမူ-

''မောင်ကျော်လွင်... တက္ကသိုလ်ဖွင့်ဖြစ်အောင် အားထုတ်ပါ။ နောက်ပုဂ္ဂိုလ်တွေ ခေတ်အမြော်အမြင်ရှိပါမှ ခေတ်လူငယ်တွေကို အောင်အောင်မြင်မြင် စည်းရုံးနိုင်ပြီး သာသနာပြုနိုင်မှာကွ''ဟု အားပေးစကား မိန့်ကြားခဲ့ပါသည်။

သို့အတွက် ဦးကျော်လွင်သည် ဗဟိုသံဃာ့ဝန်ဆောင်(၃၃)ပါးကို ပင့်ခွင့်တောင်းပြီး အစည်းအဝေးပြုလုပ်ကာ တက္ကသိုလ်စီမံချက်ကို တင်ပြသည်။ ထို့နောက် ၁၉၈၁-ခုနှစ်တွင် မိမိနှင့်တကွ ဗဟိုဝန်ဆောင်များ တာဝန်ခွဲပြီး ပြည်နယ်/တိုင်းအလိုက် တက္ကသိုလ်ထောင်သင့်-မထောင်သင့်စသော ဆန္ဒခံယူပွဲကြီးကို လေးမြို့နယ်တစ်စု ခွဲကာ ဆောင်ရွက်ရသည်။

သဘောတူ-မတူ မဲဆန္ဒစာရွက်ဖြင့် တရားဝင်ဆန္ဒတောင်းယူခဲ့သလို သံဃာ့ထိပ်တန်းဖြစ်သော မန္တလေးမြို့၊ ရန်ကုန်မြို့၊ ပခုက္ကူမြို့ကြီးများသို့ ဦးကျော်လွင်ကိုယ်တိုင် လိုက်ပါလျှောက်ထား ဆန္ဒခံယူခဲ့ရသည်။

ပရိယတ္တိပညာရေးစီမံကိန်း အကြံပြုလွှာပုံစံတင်ပြရာတွင် အချက်(၈)ချက်ပေးရာတွင် အပိုဒ်(၁)၌-

(၁) စာသင်ကျောင်းတိုက်ကြီးများ ဖွဲ့စည်းခြင်းအခန်းနှင့်ပတ်သက်၍ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေရှိ ခုံညားထယ်ဝါလှသော ပုဗ္ဗာရာမဝိဒေဟကျောင်းဆောင်၊ အပရဂေါယာနကျောင်းဆောင်၊ ဇမ္ဗူဒီပကျောင်းဆောင်နှင့် ဥတ္တရကုရုကျောင်းဆောင်ကြီးများ၌ အမှန်တကယ်တက္ကသိုလ်အဆင့်ရှိသော ခေတ်မီ ပရိယတ္တိပညာရေး တက္ကသိုလ်ကျောင်းကြီးတစ်ကျောင်း တည်ထောင်ဖွင့်လှစ်မည်ကို သဘောတူ-မတူ။

(၂) ကမ္ဘာ့အဆင့်အတန်းရှိသော ခေတ်မီတက္ကသိုလ်များ၌ တက္ကသိုလ်ဝင်စာမေးပွဲကို (၁၀)တန်းအဆင့်ထားရှိပါသည်။ သို့ဖြစ်၍ ယခုပရိယတ္တိပညာရေးဝင်ခွင့်အတွက် ပထမကြီးတန်းကိုတက္ကသိုလ်ဝင် (၁၀)တန်းအဆင့် ထားမည်လော၊ သို့တည်းမဟုတ် ယခုလက်ရှိဓမ္မာစရိယတန်းကို တက္ကသိုလ်ဝင် (၁၀)တန်းအဆင့် ထားမည်လောဟူသော တက္ကသိုလ်ဖွင့်လှစ်ရေးနှင့် ပတ်သက်၍ မေးခွန်း(၂)ရပ် ပါဝင်ခဲ့ပါသည်။

ထိုမေးခွန်းအမှတ်(၁)အတွက် ထောက်ခံသူ ၂၈၃၀၊ ကန့်ကွက်သူ (၃၁)ဦးရှိပြီး အမှတ်(၃)အတွက် ထောက်ခံသူ ၃၀၀၅၊ ဓမ္မာစရိယတန်းလိုလားသူ (၂၁၈)ဦး ရှိခဲ့ပါသည်။

ထိုစာရွက်ဝေမှု၊ မြို့နယ်အသီးသီးသို့ ရှင်းလင်းမှု ပြီးသောအခါ ရာခိုင်နှုန်း(၉၀)က သာသနာ့တက္ကသိုလ် ဖွင့်လှစ်သင့်ကြောင်း ဆန္ဒပေးကြသည်။

ထိုကဲ့သို့ ဦးကျော်လွင် အကြိတ်အနယ် ကြဲနေရချိန်ဝယ် မင်းကွန်းတိပိဋကဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသည် အစည်းအဝေးများတွင်လည်း ထိုကိစ္စများနှင့်ပတ်သက်၍ တစ်လုံးတစ်ပါဒမျှ မပြောသလို ပြင်ပ၌လည်း မည်သို့မျှ မမိန့်ကြားသေးပေ၊ ပွဲကြည့်ပရိသတ်အနေနှင့်သာ နေခဲ့သည်။

ထောက်ခံမဲများ အပြတ်အသတ်ရလာပြီး တက္ကသိုလ်များဖွင့်ရန် သေချာသွားသောအခါ ပရိယတ္တိပညာရေး တက္ကသိုလ်ဖြစ်မြောက်ရေးကော်မတီကိုလည်း ကော်မတီ၏တာဝန်ဝတ္တရားများ ရေးဆွဲဆောင်ရွက်နိုင်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ၄၅-ပါးစုံညီ ဆွေးအစည်းအဝေးမှ အောက်ပါပုဂ္ဂိုလ်များပါဝင်စေလျက် ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





၁။ ဦးဉာဏာဘိဝံသ
ဝါးတန်းစာချကျောင်း၊ မန္တလေးမြို့
၂။ ဦးကုမာရာဘိဝံသ
မဟာဓမ္မိကာရာမတိုက်၊ မကွေးမြို့
၃။ ဦးကောသလ
အောင်မင်္ဂလာကျောင်း၊သရက်မြို့
၄။ ဦးပညိန္ဒာဘိဝံသ
အောင်မြေဘုံစံကျောင်း
ဗဟန်း၊ ရန်ကုန်မြို့
၅။ ဦးကောသလ္လ
သီရိဝေလာကျောင်း
စမ်းချောင်း၊ ရန်ကုန်မြို့
၆။ ဦးနာယကာဘိဝံသ
ခရိုင်ရိပ်တိုက်သစ်၊ မန္တလေးမြို့
၇။ ဦးကုဏ္ဍလ
ဓောတိကာရုံကျောင်း၊ ပြည်မြို့
၈။ ဦးကုမာရာဘိဝံသ
ဓမ္မာနန္ဒာတိုက်၊ မန္တလေးမြို့
၉။ ဦးသောဓနိယ
ရွှေတောင်ကျောင်း၊ ရေနံချောင်းမြို့
၁၀။ ဦးဩဘာသ
ရတနာဂီရိကျောင်း
ကျွန်းလှမြို့၊ စစ်ကိုင်းတိုင်း
၁၁။ ဦးကျော်လွင်(ဥပဏ္ဍာမှူးက)
ပညာရေးအဖွဲ့ဝင်

တို့ပါဝင်သော ကော်မတီဖွဲ့စည်းပေးခဲ့ပါသည်။

ထိုကော်မတီသည် ကမ္ဘာအေး၊ ပုဗ္ဗဝိဒေဟကျောင်းဆောင်တွင် ရုံးဖွင့်ပြီး (၆-၁၁-၈၂)မှစ၍ ရုံးထိုင်ကြကာ ဆရာတော်ဦးဉာဏာဘိဝံသက ဥက္ကဋ္ဌအဖြစ်, ဆရာတော် ဦးကောသလ္လ(သီရိဝေလာ)က ကော်မတီအကျိုးဆောင်အဖြစ် တာဝန်ယူ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်စီမံကိန်း ချမှတ်နိုင်ရေးများကို စတင် ဆောင်ရွက်ခဲ့ကြသည်။

ထိုဆရာတော်များအဖွဲ့သည် ကပ္ပိယကာရက ဦးကိုကိုမြိုင်(လ/ထကျမ်းပြုမှူးနှင့် ဥပဏ္ဍာမှူးက ပညာရေးအဖွဲ့၏ ရုံးအဖွဲ့မှူးအဖြစ်)လိုက်ပါလျက် ရန်ကုန်တက္ကသိုလ်နှင့် စက်မှုတက္ကသိုလ်များသို့ ကိုယ်တိုင် သွားရောက်လေ့လာခဲ့ကြသည်။

မူလ ဦးကျော်လွင်က ပရိယတ္တိသာသနာ့ တက္ကသိုလ်များ ဖွင့်လှစ်ရေး အကြိတ်အနယ်ဆွေးနွေး တင်ပြနေချိန် အနယ်နယ်အရပ်ရပ် ဆန္ဒခံယူနေချိန်ဝယ် မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီးအနေနှင့် ကောင်းသည်-ဆိုးသည်ကို မည်သို့မျှ မမိန့်ဆိုသေးဘဲ ကော်မတီများဖွဲ့၍ တက္ကသိုလ်ထူထောင်ရေးအတွက် စတင်ဆောင် ရွက်လာသောအခါ မင်းကွန်းတိပိဋက ဆရာတော်ဘုရားကြီးက တစ်ညနေတွင် ဇမ္ဗူဒီပ ကျောင်းဆောင် ဦးဝဏ္ဏသီရိ(တာဝန်ကျ တွဲဖက် အကျိုးတော်ဆောင်)ထံသို့ရောက်လာပြီး "မိမိတို့ တိ-နိအဖွဲ့က သာသနာ့တက္ကသိုလ်အတွက် ကျောင်း ဆောက်လှူပါရစေ"ဟု ကမ်းလှမ်းလာပါသည်။

နောက်တစ်နေ့တွင် ဦးဝဏ္ဏသီရိက ဦးကျော်လွင် ကို ခေါ်ပြောပြပြီး ဤကိစ္စကို ဦးကျော်လွင်အနေဖြင့် မဟာနာယကအစည်းအဝေးသို့တင်ပြရန် မိန့်ကြား ပါသည်။

သို့အတွက် ဦးကျော်လွင်က တင်လျှာရေးပြီး သံဃမဟာနာယကအစည်းအဝေးသို့တင်ပြပြီး တိ-နိ အဖွဲ့အား သာသနာ့တက္ကသိုလ်ကျောင်းတော် ဆောက်



www.burmeseclassic.com

www.burmeseclassic.com





လုပ်လှူဒါန်းခွင့်(ကျောင်းဒကာအဖြစ်)တရားဝင် ဆုံးဖြတ်ချက်ရအောင် ဆောင်ရွက်ပေးခဲ့သည်။ ထိုအချိန် မှစ၍ တီ-နီအဖွဲ့သည် တရားဝင်အလှူခံပြီး ကျောင်းများကို စတင်ဆောက်လုပ်အကောင်အထည်ဖော် ခဲ့သည်။

တက္ကသိုလ်များဖွင့်မည်ဆိုသော် သင်ပြမည့် ဆရာများ၊ ထိုဆရာများမွေးထုတ်ရေးအတွက် သင်ကြားပြသရန်နေရာ၊ ပြဿနာဖြစ်လာကြ၍ ဆရာရရန် စာသင်ဖို့ ဦးကျော်လွင်က တာဝန်ယူစီစဉ်ပြီး နေရာကို ထိုစဉ်က ဝန်ကြီးဗိုလ်ချုပ်စိန်လွင်က ရန်ကုန်အတွက် ဥတ္တရကုရုကျောင်းဆောင်ကို ခွင့်ပြုခဲ့သည်။ မန္တလေးအတွက် အနောက်ပြင်မိုးဗြဲကျောင်း (သာသနာရေးကို လှူထားသောကျောင်း)ကို ခွင့်ပြုခဲ့သည်။

နေရာရသောအခါ ဆရာဦးကျော်လွင်နှင့် ကော်မတီက ဆရာလောင်းရဟန်းတော်များကို စိစစ်ရွေးချယ်ပြီး သင်တန်းပေးနိုင်ရန်အတွက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မွမ်းမံဆိုင်ရာ လုပ်ငန်းစီမံချက်ကို ရေးဆွဲခဲ့ကြသည်။

ထိုစီမံချက်အရ မွမ်းမံသင်တန်းသားရွေးချယ်ခြင်းနှင့် မွမ်းမံသင်တန်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ ထိုသင်တန်းသားများကို သင်တန်းပို့ချပေးနိုင်ရန် အတွက် -

- ပိဋကတ်သုံးပုံတတ်မြောက်ကျွမ်းကျင်သော ဆရာတော်များ၊
- စွယ်စုံပညာတတ်ပုဂ္ဂိုလ်များ၊ပညာရှင်များ၊
- တက္ကသိုလ်အဆင့်မြင့်ပညာရှင်ကြီးများ၊
- စေတနာ့ဝန်ထမ်းဆောင်နိုင်သောပုဂ္ဂိုလ်များ၊
- ထေရဝါဒဗုဒ္ဓသာသနာကို အထူးတလည် အလေးဂရုပြုသူများ၊

ဟူသော အရည်အချင်းပြည့် ဆရာတော် (၁၁)ပါးနှင့် လူပုဂ္ဂိုလ်ပညာရှင်(၁၈)ဦးတို့ကို ရှာဖွေပြီး သင်တန်းပို့ချ ပေးခဲ့ပါသည်။

တစ်ဘက်မှာလည်း နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေးအတွက် -

(၁) တက္ကသိုလ်ဖွဲ့စည်းပုံစည်းမျဉ်း၊

(၂) တက္ကသိုလ် အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းပုံစည်းမျဉ်း၊

(၃) တက္ကသိုလ် ဗဟိုပညာရေးအတွက် ဖွဲ့စည်းပုံစည်းမျဉ်း

တို့ကို ရေးဆွဲခဲ့ကြရသည်။

ဤကဲ့သို့ အနာဂတ်သာသနာတော် ရေရှည်တည်တံ့ ထွန်းကားပြန့်ပွားရေးအတွက် ခေတ်မီ သာသနာပြုလုပ်ငန်းများကို လုပ်ဆောင်နိုင်မည့် ပရိယတ္တိသာသနာပြုတက္ကသိုလ်ကြီးတစ်ခု ဤနိုင်ငံတော်၌ မားမားမတ်မတ် ဝင့်ဝင့်ကြွားကြွား ထည်ထည်ဝါဝါ ပေါ်လာနိုင်ရေးအတွက် ဘက်စုံထောင့်စုံ ပုဂ္ဂိုလ်အသီးသီး အဖွဲ့အစည်း အသီးသီးတို့က ကြိုးစားဆောင်ရွက်ခဲ့ကြရမှ ဤကဲ့သို့သော နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ(ရန်ကုန်/ မန္တလေး)တို့ ပေါ်ထွန်းထွက်ပေါ်ခဲ့ရပြီး (၂၆.၆.၈၆)နေ့တွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)ကိုလည်းကောင်း၊ (၂၁-၈-၈၆)နေ့တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ကို လည်းကောင်း အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါတော့သည်။

■ ဓမ္မဒီ

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့

| စဉ် | ဘွဲ့တော်/အမည် | ရာထူး | တာဝန် |
|---|---|---|---|
| ၁။ | ဘဒ္ဒန္တကုဏ္ဍောသန (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) | ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ | ဥက္ကဋ္ဌ |
| ၂။ | ဘဒ္ဒန္တဓမ္မာနန္ဒ (အဂ္ဂမဟာပဏ္ဍိတ) | ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ | ဒုတိယဥက္ကဋ္ဌ(၁) |
| ၃။ | ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) | ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ | ဒုတိယဥက္ကဋ္ဌ(၂) |
| ၄။ | ဒေါက်တာဘဒ္ဒန္တပဏ္ဍိတဝရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) | ပါမောက္ခချုပ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) | အဖွဲ့ဝင် |
| ၅။ | ဒေါက်တာဘဒ္ဒန္တအာဒိစ္စဝံသ (အဂ္ဂမဟာပဏ္ဍိတ) | ပါမောက္ခချုပ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | ။ |
| ၆။ | ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) | ဒုတိယပါမောက္ခချုပ်(စီမံ) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | ။ |
| ၇။ | ဘဒ္ဒန္တဉာဏာလင်္ကာရာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | ဒုတိယပါမောက္ခချုပ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) | ။ |
| ၈။ | ဘဒ္ဒန္တဇောတိက (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | ဒုတိယပါမောက္ခချုပ်(သင်ကြား) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | ။ |
| ၉။ | ဘဒ္ဒန္တကေသရ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | မော်ကွန်းထိန်း နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) | |
| ၁၀။ | ဒေါက်တာဘဒ္ဒန္တပညာဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | မော်ကွန်းထိန်း နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) | ။ |
| ၁၁။ | သူရဦးမြင့်မောင် | ပြည်ထောင်စုဝန်ကြီး သာသနာရေးဝန်ကြီးဌာန | ။ |
| ၁၂။ | ဒေါက်တာမောင်မောင်ဌေး | ဒုတိယဝန်ကြီး သာသနာရေးဝန်ကြီးဌာန | ။ |



www.burmeseclassic.com

www.burmeseclassic.com

| စဉ် | ဘွဲ့တော်/အမည် | ရာထူး | တာဝန် |
|---|---|---|---|
| ၁၃။ | ဦးမျိုးကျော် | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၄။ | ဒေါက်တာမျိုးမြင့် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | ။ |
| ၁၅။ | ဒေါက်တာတင်ထွန်း | ပါမောက္ခချုပ်<br>ရန်ကုန်တက္ကသိုလ် | ။ |
| ၁၆။ | ဒေါက်တာလွင်လွင်စိုး | ပါမောက္ခချုပ်<br>နိုင်ငံခြားဘာသာတက္ကသိုလ် | ။ |
| ၁၇။ | ဦးဆန်း | ပါမောက္ခချုပ်<br>ဒဂုံတက္ကသိုလ် | ။ |
| ၁၈။ | ဒေါက်တာသန့်ဇင်နိုင် | ဒုတိယပါမောက္ခချုပ်(စီမံ)<br>အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် | ။ |
| ၁၉။ | ဦးအောင်သိန်းညွန့် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | ။ |
| ၂၀။ | ဦးမြတ်သူ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန | ။ |
| ၂၁။ | ဦးကျော်ဇေနိုင် | တွဲဖက်ပါမောက္ခ<br>ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | ။ |
| ၂၂။ | ဦးအောင်မွန် | ပါဠိစာပေပညာရှင် | ။ |
| ၂၃။ | ဦးမြင့်ဆွေ | တွဲဖက်ပါမောက္ခ<br>ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) | ။ |
| ၂၄။ | ဦးစိုးမင်းထွန်း | ညွှန်ကြားရေးမှူး<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | ။ |
| ၂၅။ | ဦးဇာနည်ဝင်း | ညွှန်ကြားရေးမှူး<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) | ။ |
| ၂၆။ | ဦးကိုကိုမြင့် | တွဲဖက်ပါမောက္ခ<br>သုတ္တန္တပိဋကမဟာဌာန<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | တွဲဖက်အတွင်းရေးမှူး(၂) |
| ၂၇။ | ဦးစံသင်းလှိုင် | ဒုတိယညွှန်ကြားရေးမှူး<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |
| ၂၈။ | ဦးခိုင်အောင် | ညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | အတွင်းရေးမှူး |



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ

## ပညာရေးအဖွဲ့

| စဉ် | ဘွဲ့တော် | ရာထူး | တာဝန် |
|---|---|---|---|
| ၁။ | ဒေါက်တာဘဒ္ဒန္တပဏ္ဍိတဝရာဘိဝံသ | ပါမောက္ခချုပ် | ဥက္ကဋ္ဌ |
| | (အဂ္ဂမဟာပဏ္ဍိတ) | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) | |
| ၂။ | ဒေါက်တာဘဒ္ဒန္တအာဒိစ္စဝံသ | ပါမောက္ခချုပ် | အဖွဲ့ဝင် |
| | (အဂ္ဂမဟာပဏ္ဍိတ) | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | |
| ၃။ | ဘဒ္ဒန္တကုမာရ | ဒုတိယပါမောက္ခချုပ်(စီမံ) | ။ |
| | (အဂ္ဂမဟာပဏ္ဍိတ) | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | |
| ၄။ | ဘဒ္ဒန္တဉာဏာလင်္ကာရာဘိဝံသ | ဒုတိယပါမောက္ခချုပ် | ။ |
| | (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) | |
| ၅။ | ဘဒ္ဒန္တဇောတိက | ဒုတိယပါမောက္ခချုပ်(သင်ကြား) | ။ |
| | (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | |
| ၆။ | ဘဒ္ဒန္တကေသရ | မော်ကွန်းထိန်း | ။ |
| | (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) | |
| ၇။ | ဒေါက်တာဘဒ္ဒန္တပညာဝံသ | မော်ကွန်းထိန်း | ။ |
| | (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) | |
| ၈။ | ဘဒ္ဒန္တသီလဝံသာဘိဝံသ | ပါမောက္ခ၊ ဝိနယပိဋကမဟာဌာန | ။ |
| | (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | |
| ၉။ | ဘဒ္ဒန္တအင်္ဂိရ | ပါမောက္ခ၊ဝိနယပိဋကမဟာဌာန | ။ |
| | (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) | |
| ၁၀။ | ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ | ပါမောက္ခ၊သုတ္တန္တပိဋကမဟာဌာန | ။ |
| | (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | |
| ၁၁။ | ဘဒ္ဒန္တဥတ္တမ | ပါမောက္ခ၊အဘိဓမ္မပိဋကမဟာဌာန | ။ |
| | (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) | |
| ၁၂။ | ဒေါက်တာဘဒ္ဒန္တထေရိန္ဒ | ပါမောက္ခ၊ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန | ။ |
| | (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | |



www.burmeseclassic.com

www.burmeseclassic.com

| စဉ် | ဘွဲ့တော် | ရာထူး | တာဝန် |
|---|---|---|---|
| ၁၃။ | ဒေါက်တာဘဒ္ဒန္တဉာဏိန္ဒ<br>(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | ပါမောက္ခ၊ ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) | အဖွဲ့ဝင် |
| ၁၄။ | ဘဒ္ဒန္တကုန္ဒောဘာသ<br>(မဟာဂန္ထဝါစကပဏ္ဍိတ) | ပါမောက္ခ၊ ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | ။ |
| ၁၅။ | ဘဒ္ဒန္တအာသဘ<br>(မဟာဂန္ထဝါစကပဏ္ဍိတ) | ပါမောက္ခ၊ ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) | ။ |
| ၁၆။ | ဘဒ္ဒန္တတေဇနိယ | ပါမောက္ခ၊ ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | ။ |
| ၁၇။ | ဘဒ္ဒန္တသုန္ဒရ<br>(သဒ္ဓမ္မဇောတိကဓဇ) | ပါမောက္ခ၊ ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) | ။ |
| ၁၈။ | ဘဒ္ဒန္တသုမန<br>(မဟာဂန္ထဝါစကပဏ္ဍိတ) | ပါမောက္ခ၊ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | ။ |
| ၁၉။ | ဘဒ္ဒန္တပဒုမသာရ<br>(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | ပါမောက္ခ၊ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) | ။ |
| ၂၀။ | ဘဒ္ဒန္တပညာနန္ဒ<br>(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | စာကြည့်တိုက်မှူး<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | ။ |
| ၂၁။ | ဒေါက်တာမျိုးမြင့် | ဧည့်ပါမောက္ခ<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | ။ |
| ၂၂။ | ဦးမြင့်စိုး | တွဲဖက်ပါမောက္ခ၊ ဝိနယပိဋကမဟာဌာန<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | ။ |
| ၂၃။ | ဦးကိုကိုမြိုင် | တွဲဖက်ပါမောက္ခ၊ သုတ္တန္တပိဋကမဟာဌာန<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | ။ |
| ၂၄။ | ဦးခင်မောင်ညို | တွဲဖက်ပါမောက္ခ၊ သုတ္တန္တပိဋကမဟာဌာန<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) | ။ |
| ၂၅။ | ဦးစံသင်းလှိုင် | တွဲဖက်ပါမောက္ခ၊ အဘိဓမ္မပိဋကမဟာဌာန<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | ။ |
| ၂၆။ | ဦးဟန်တင့် | တွဲဖက်ပါမောက္ခ၊ အဘိဓမ္မပိဋကမဟာဌာန<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) | ။ |
| ၂၇။ | ဒေါက်တာလှထွန်း | တွဲဖက်ပါမောက္ခ၊ ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | ။ |
| ၂၈။ | ဦးမြင့်ဆွေ | တွဲဖက်ပါမောက္ခ၊ ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) | ။ |
| ၂၉။ | ဦးသန့်ဇင် | တွဲဖက်ပါမောက္ခ၊ ဝိနယပိဋကမဟာဌာန<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) | ။ |



www.burmeseclassic.com

www.burmeseclassic.com

| စဉ် | ဘွဲ့တော် | ရာထူး | တာဝန် |
|---|---|---|---|
| ၃၀။ | ဒေါက်တာခင်အေး | တွဲဖက်ပါမောက္ခ၊ ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | အဖွဲ့ဝင် |
| ၃၁။ | ဦးဖေအောင် | တွဲဖက်ပါမောက္ခ၊ ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | ״ |
| ၃၂။ | ဦးတင်ဝင်း | တွဲဖက်ပါမောက္ခ၊ ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) | ״ |
| ၃၃။ | ဦးကျော်ဇောနိုင် | တွဲဖက်ပါမောက္ခ၊ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | ״ |
| ၃၄။ | ဦးစိုးကျော်သူ | တွဲဖက်ပါမောက္ခ၊ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) | ״ |
| ၃၅။ | ဦးအောင်မွန် | ပါဠိစာပေပညာရှင် | |
| ၃၆။ | ဦးအောင်သိန်းညွန့် | ဒုတိယညွှန်ကြားရေးမှူးချုပ် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | ״ |
| ၃၇။ | ဦးစိုးမင်းထွန်း | ညွှန်ကြားရေးမှူး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | ״ |
| ၃၈။ | ဦးဇာနည်ဝင်း | ညွှန်ကြားရေးမှူး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) | ״ |
| ၃၉။ | ဦးခိုင်အောင် | ညွှန်ကြားရေးမှူးချုပ် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | အတွင်းရေးမှူး |





www.burmeseclassic.com

www.burmeseclassic.com




# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ နေ့စဉ် သာသနာပြုလုပ်ငန်းစဉ်အကျဉ်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)ကို **"အကျင့်လည်းမြတ်၊ ပိဋကတ်နှံ့သိ၊ ပါဠိကျွမ်းစေ၊ မြန်မာစာပေအရေးအသား၊ ဤလေးပါး၊ ထူးခြားထက်မြတ်စေရမည်"**ဟူသော ပရိယတ္တိပညာရေး စီမံကိန်းလေးချက်နှင့်အညီ ၁၃၄၈-ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ ယခု ၁၃၇၃-ခုနှစ်ဆိုလျှင် ၂၅-နှစ် ကာလသို့ရောက်ရှိခဲ့ပါပြီ။ ဤတက္ကသိုလ်ကြီးများမှ သာသနတက္ကသီလဓမ္မပါရဂူ၊ သာသနတက္ကသီလမဟာဓမ္မာစရိယနှင့် သာသနတက္ကသီလဓမ္မာစရိယဘွဲ့ရ အရှင်မြတ်များအား အသီးသီး ဘွဲ့အပ်နှင်းခဲ့ရာ ယခုအကြိမ်ဆိုလျှင် သောဠသမအကြိမ်သို့ ရောက်ရှိခဲ့ပေပြီ။

သို့သော် သာသနာကို အစဉ်လေးစားကြည်ညိုကြသည့် အချို့အချို့သော ဒကာ/ဒကာမများက ယခုထက်တိုင်ပင် "သာသနာ့တက္ကသိုလ်ကို ဘယ်အချိန်မှာဖွင့်လှစ်ပြီး ဘယ်အချိန်မှာ ခေတ္တပိတ်သည်။ တက္ကသိုလ်မှာ ဘာစာတွေသင်သည်။ ဘယ်အချိန်မှာ စာမေးပွဲဖြေဆိုရသည်။" စသည်တို့ကို မသိကြသဖြင့် စာရေးသူတို့အား မကြာမကြာ မေးမြန်းခဲ့ကြသည်။ ဤမေးခွန်းများကို သိရှိစေလိုသော ရည်ရွယ်ချက်ဖြင့် တက္ကသိုများ၏ နေ့စဉ်လုပ်ဆောင်ချက်အကျဉ်းကို တင်ပြလိုက်ရခြင်းဖြစ်ပေသည်။

**တက္ကသိုလ်ဖွင့်ရက်နှင့်ပိတ်ရက်...**

ဝင်ခွင့်စာမေးပွဲအောင်မြင်ပြီး သာသနာ့တက္ကသိုလ်ကြီးများသို့ တက်ရောက်ခွင့်ရရှိကြသည့် သင်တန်းသားသစ်များကို နှစ်စဉ် မြန်မာနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃-၁၄-၁၅ ရက်နေ့များတွင် စတင် လက်ခံနေရာချထားပေးသည်။

ထို့နောက် နတ်တော်လဆန်း(၁)ရက်နေ့ (စာဆိုတော်နေ့)မှ စတင်ကာ သင်တန်းများ ပို့ချပေးပါသည်။ ထိုသို့ ပို့ချရာတွင် နတ်တော်လဆန်း(၁)ရက်နေ့မှစ၍ သင်္ကြန်မတိုင်မီအတွင်း ပထမနှစ်ဝက်စာမေးပွဲဖြေဆိုကာ သင်တန်းများ ခေတ္တရပ်နားပေးပါသည်။

တစ်ဖန် နယုန်လဆန်း (၁)ရက်နေ့မှ သီတင်းကျွတ်လပြည့်အတွင်း ဒုတိယနှစ်ဝက်သတ်မှတ်ပြီး အတန်းတင်စာမေးပွဲဖြေဆိုကာ ပညာသင်နှစ်တစ်နှစ်ပြီးဆုံးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**နေ့စဉ်သင်တန်းများ**

ဤသာသနာ့တက္ကသိုလ်ကြီးများ၏ တစ်နေ့တာလုပ်ငန်းစဉ်ကို တင်ပြရလျှင် နံနက်အရုဏ်တက်ချိန်၌ အရုဏ်ဆွမ်းဘုဉ်းပေးပြီးနောက် **"ဝတ္တံ အပရိပူရေန္တော သီလံ န ပရိပူရတိ"** ဆိုစကားအတိုင်း သင်တန်းသားများသည် မိမိတို့သင်ကြားရမည့် သင်တန်းခန်းမအသီးသီးသို့ ကြွရောက်ကာ အလှည့်ကျ ဝေနာသန = သန့်ရှင်းရေးလုပ်ငန်း လုပ်ဆောင်ကြပါသည်။

ထို့နောက် နံနက် ၇-နာရီ စာသင်အချက်ပေးခေါင်းလောင်းခေါက်လျှင် သင်တန်းခန်းမအသီးသီးသို့ ကြွရောက်ကာ စာသင်ကြရပါသည်။

သင်တန်းချိန်ကို နံနက်ပိုင်း၊ နေ့လယ်ပိုင်းဟူ၍ နှစ်ပိုင်းသတ်မှတ်ပြီး နံနက်ပိုင်းသင်တန်းကို နံနက် ၇-နာရီမှ ၁၀-နာရီအထိ၊ နေ့လယ်ပိုင်းသင်တန်းကို နေ့လည် ၁-နာရီမှ ၄-နာရီအထိ သတ်မှတ်ထားပါသည်။

စာသင်ချိန်တစ်ချိန်ကို မိနစ် ၅၀-သတ်မှတ်ပြီး တစ်ချိန်ပြီးတိုင်း ၁၀-မိနစ် ခေတ္တနားကာ အလှည့်ကျ ဆရာများက မိမိဘာသာရပ်အလိုက် အားကြိုးမာန်တက် ပို့ချပေးကြပါသည်။

နေ့လည်ပိုင်းစာဝါများကိုလည်း နံနက်ပိုင်းနည်းတူ ဘာသာရပ်အချိန်ဇယားအလိုက်၊ ရိုးရာသင်နည်း၊ ခေတ်သင်နည်း နှစ်မျိုးတို့ဖြင့် ပို့ချပေးကြပါသည်။

**တက္ကသိုလ်စာသင်နည်း(၂)မျိုး**

ဤနေရာ၌ တက္ကသိုလ်စာပေသင်ကြားနည်း နှစ်မျိုးဖြစ်သည့် ရိုးရာသင်နည်းနှင့် ခေတ်သင်နည်း အကြောင်းကို သိသာရုံဖော်ပြလိုပေသည်။

**ရိုးရာသင်နည်း** ဆိုသည်မှာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို မန္တလေးနည်း၊ ပခုက္ကူနည်းများဖြင့် ဖြန့်ကျက်သင်ကြားပေးနည်းမျိုးဖြစ်သည်။

ဤရိုးရာသင်နည်း၌လည်း ဝါကျသဒ္ဒါနည်းနှင့် သဘောအဓိပ္ပါယ်နည်းဟူ၍ နှစ်မျိုးရှိသည်။

**ခေတ်သင်နည်း** ဆိုသည်မှာ ယခုခေတ် ကမ္ဘာ့အဆင့်မီတက္ကသိုလ်ကြီးများမှ သင်ကြားပို့ချပေးသော စာသင်နည်းမျိုးဖြစ်သည်။ သုတ်တစ်သုတ် (သို့မဟုတ်) အကြောင်းအရာတစ်ခုခုကို ခြုံငုံသုံးသပ်ခြင်း၊ သင်ခန်းစာယူခြင်း သုတ်အခြေအနေအလိုက် စီစစ်တင်ပြခြင်း၊ ဗဟုသုတစုဆောင်းခြင်း၊ အကျဉ်းချုပ်ရေးသားခြင်း၊ ဆိုလိုရင်းရှာဖွေခြင်း၊ ဝေဖန်စိစစ်ခြင်း၊ သုတေသနပြုလုပ်ခြင်း စသည်ဖြင့် ပြုလုပ်ခြင်းမျိုးကို ခေါ်သည်။

သင်တန်းအနေဖြင့် သာသနတက္ကသီလဓမ္မာစရိယ B.A တန်းနှင့် သာသနတက္ကသီလမဟာဓမ္မာစရိယ M.A တန်း၊ သာသနတက္ကသီလဓမ္မပါရဂူ Ph.D တန်းဟူ၍ ဘွဲ့အဆင့်အတန်းအလိုက် သုံးမျိုးခွဲခြားသတ်မှတ်ထားပါသည်။ သာသနတက္ကသီလဓမ္မာစရိယတန်း၌လည်း ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်ဟူ၍ လေးတန်းရှိပါသည်။

သာသနတက္ကသီလမဟာဓမ္မာစရိယတန်း၌ ပထမနှစ်နှင့် ဒုတိယနှစ်ဟူ၍ နှစ်တန်းရှိပါသည်။ ယင်းသင်တန်းသားအားလုံး သင်တန်းနှစ် ကွဲပြားသော်လည်း နေ့စဉ် စာသင်ချိန်မှာမူ တူညီကြသည်။ မဟာကျမ်းပြုသင်တန်းသားများအတွက်မူ ကျမ်းပြုကာလ(၃)နှစ် သတ်မှတ်ထားပါသည်။

**လစဉ်သင်တန်းနားရက်များ**

တစ်လအတွင်း သင်တန်းနားရက်ကို မြန်မာလဖြင့် သတ်မှတ်ပါသည်။ တစ်လတွင် သင်တန်းပိတ်ရက်(၆)ရက်ရှိသည်။ လဆန်း၇-ရက် ၈-ရက်၊ လပြည့်နေ့နှင့် လဆုတ် ၇-ရက်၊ ၈-ရက်၊ လကွယ်နေ့တို့ဖြစ်ပါသည်။ လပြည့်, လကွယ်နေ့တိုင်း တက္ကသိုလ်သံဃာအားလုံး နံနက်၇-နာရီတွင် မဟာသိမ်တော်ကြီးသို့ ကြွရောက်ကာ သံဃဥပုသ်ပြုကြရပါသည်။ ပြင်ပတက္ကသိုလ်နှင့် ရုံးများကဲ့သို့ စနေ, တနင်္ဂနွေများတွင် မပိတ်ပါ။

**ပို့ချသော ဘာသာရပ်များ**

ပို့ချသော ဘာသာရပ်များအနေဖြင့် **"ဝိ၊ သု၊ အဘိ၊ ပါ၊ မြန်၊ လိပ်စာ၊ ဒေသနာပြန့်ပွားရေး၊ ပင်ရင်းဗုဒ္ဓ**



www.burmeseclassic.com

www.burmeseclassic.com



**သုံးခုမျှ လေးဝထောက်ကူပေး"** ဟူသော အကျဉ်းချုပ်လင်္ကာအတိုင်း…

၁။ ဝိနယဘာသာ

၂။ သုတ္တန္တဘာသာ

၃။ အဘိဓမ္မဘာသာ

၄။ ပိဋကတ်ဆိုင်ရာ ပါဠိစာပေဘာသာ

၅။ ပိဋကတ်ဆိုင်ရာ မြန်မာစာပေဘာသာ

၆။ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဘာသာ

၇။ ဗုဒ္ဓဒေသနာ ပြန့်ပွားရေးပညာဘာသာ

ဟူ၍ ၇-ဘာသာရှိသည်။

ယင်း ၇-ဘာသာအနက် ၁၊ ၂၊ ၃ အမှတ်ပြဘာသာများကား ပင်ရင်းအဓိကဘာသာရပ်များဖြစ်ပြီး၊ ကျန် ၄၊ ၅၊ ၆၊ ၇ အမှတ်ပြဘာသာရပ်များကား အထောက်အကူပြု ဘာသာရပ်များဖြစ်သည်။ ယင်းဘာသာ ၇-မျိုးလုံးကို ပညာသင်နှစ်တစ်နှစ်လုံး နှစ်ဝက်စာမေးပွဲအပြီး ခေတ္တပိတ်ချိန်မှအပ အချိန်ပြည့် ပို့ချပေးပါသည်။

သင်တန်းများ ပြီးဆုံးပြီးနောက် ညနေ ငါးနာရီခွဲတွင် သံဃာတော်များအားလုံး တက္ကသိုလ်ဘွဲ့နှင်းသိမ်ဓမ္မရုံတော်ကြီးသို့ ထေရ်စဉ်ဝါစဉ်အလိုက် ကြွရောက်၍ ဘုရားဝတ်ပြု ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းကြပါသည်။ စီးဖြန်းပြီးလျှင် ပဋိပတ်အခြေခံရရန် အလို့ငှာ တရားထိုင်ကြရပါသည်။ ဘုရားဝတ်ပြုပြီးနောက် ကျမ်းပြုသင်တန်းသားများအားလုံး ညပိုင်းအင်္ဂလိပ်စာအထူးသင်တန်း တက်ကြရပါသည်။

ကျန်သင်တန်းသားများမှာ ဘုရားဝတ်ပြုပြီးချိန်မှစ၍ ည ၁၀နာရီခွဲအထိ သင်ယူခဲ့သမျှ သင်ခန်းစာများကို ပြန်လည်လေ့လာ ကျက်မှတ်ကြခြင်းဖြင့် တစ်နေ့တာ သာသနာပြုလုပ်ငန်း အဆုံးသတ်စေပါသည်။

**ပြည်တွင်းပြည်ပ သာသနာပြုရေး စဉ်မျှော်တွေး**

စင်စစ် ပြည်တွင်း, ပြည်ပ သာသနာပြုရဟန်းတော်များ ပေါ်ထွန်းလာစေရန်ဟူသော ကြီးမားသောရည်ရွယ်ချက်ဖြင့် တည်ထောင်ဖွင့်လှစ်ထားသော ဤနိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများကား-

- နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ လမ်းညွှန်ပေးမှု၊
- သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ကြီး၏ အနီးကပ်ကြီးကြပ်အုပ်ချုပ်မှု၊
- တက္ကသိုလ် သင်ကြား/စီမံ ဆရာတော်များ၏ အားကြိုးမာန်တက်သင်ကြားပြသမှု၊
- နိုင်ငံတော်အစိုးရနှင့် သဒ္ဓါကြည်ဖြူလှူဒါန်းပူဇော်နေကြသည့် ဒါယကာ/ဒါယိကာမများ၏ လှူဒါန်းချီးမြှောက်ထောက်ပံ့မှုကြောင့် ယခုအခါ ၁၆-ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကာလအထိ သာသနတက္ကသီလဓမ္မပါရဂူဘွဲ့ရ အရှင်မြတ်(၃)ပါး၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.Aဘွဲ့ရ ပြီး အရှင်မြတ် (၂၈၃)ပါး၊သာသနတက္ကသီလဓမ္မာစရိယ B.A ဘွဲ့ရအရှင်မြတ် (၁၄၂၄)ပါး ပေါ်ထွန်းခဲ့ပြီး ဖြစ်ပါသည်။

နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုဌာနများ၌ သာသနာပြုတာဝန်ထမ်းဆောင်ပြီး အရှင်မြတ် (၁၀၉၆)ပါး၊ သာသနာပြုတာဝန်ထမ်းဆောင်ဆဲအရှင်မြတ် (၉၆)ပါး၊ ၁၀-ရက် ပဋိပတ်လုပ်ငန်းဆောင်ရွက်ပြီး အရှင်မြတ် (၂၃၉၄)ပါး၊ ၄၅-ရက် ပဋိပတ်လုပ်ငန်း ဆောင်ရွက်ပြီး အရှင်မြတ် (၄၃၄)ပါး ရှိခဲ့ပြီ ဖြစ်သည်။

ဆက်လက်၍လည်း ဤသာသနာ့တက္ကသိုလ်ကြီးမှ တက္ကသီလဘွဲ့ရအရှင်မြတ်များနှင့် ပြည်တွင်း, ပြည်ပ သာသနာပြုအရှင်မြတ်များ အစဉ်သဖြင့် မွေးထုတ်နိုင်ပါစေဟု ဆုမွန်ချွေသ ဆန္ဒပြုလိုက်ရပေသည်။

■ **အရှင်နရိန္ဒ**

လက်ထောက်မော်ကွန်းထိန်း(ရန်ကုန်)



www.burmeseclassic.com

www.burmeseclassic.com




# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အဆောက်အအုံများ ဖြစ်ပေါ်လာမှု

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ (ရန်ကုန်/မန္တလေး)တို့တွင် ဖွင့်လှစ်နိုင်ရေးအတွက် ပရိယတ္တိပညာရေးကော်မတီ(တက္ကသိုလ်)ကို ဖွဲ့စည်းတာဝန်ပေးအပ်၍ ဆောက်ရွက်နေစဉ်မှာပင် တက္ကသိုလ်ပညာသင်ရာ နေရာဌာန၊ အဆောက်အအုံ စသည်တို့ရှိရန် တစ်ဘက်ကလည်းလိုအပ်လာပါသည်။

ယခင်က မြန်မာနိုင်ငံတွင် ထင်ရှားကျော်ကြားသော တက္ကသိုလ်မရှိခဲ့၍ နိုင်ငံခြားသားများက ထေရဝါဒ စာသင်ကြားမှုကို လာရောက်လေ့လာလိုပါက အမရပူရမြို့၊ မဟာဂန္ဓာရုံစာသင်တိုက်သို့ ပို့ဆောင်ပေး[illegible]ရှိသည်။ ယခု တက္ကသိုလ်ကြီး တည်ဆောက်[illegible]ည်ဆိုက တက္ကသိုလ်၏ဂုဏ်အင်္ဂါနှင့်ညီသော အဆောက်အအုံ ဆောက်လုပ်ဖြစ်ပေါ်ရန် လိုအပ်လာပါသည်။

သို့အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ၏) သောဠသမအစည်းအဝေး၌-

(က) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)အတွက် အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ ဖွဲ့စည်းရန်ကိစ္စနှင့် ပတ်သက်၍-

၁။ တက္ကသိုလ်အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ကို ဖွဲ့စည်း၍ ၁၅-ပါးစုံညီ စုဒ္ဒသမအစည်းအဝေးတင်ပြတာဝန်ပေးရန်။

၂။ ယင်းအဖွဲ့ကို ဖွဲ့စည်းရာတွင် ရန်ကုန်မြို့ပေါ်၌ ထင်ရှားကျော်ကြားသော သာသနာရေးအသင်းအဖွဲ့များ၊ ဈေးကြီးများ၊ စိတ်ဝင်စားမှုရှိသော အထက်တန်းကျောင်းအုပ်ကြီးများနှင့် အဖွဲ့အတွက်အကျိုးများမည့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းရန်။



www.burmeseclassic.com

www.burmeseclassic.com





၃။ ဤအဖွဲ့သည် နိုင်ငံတော်သံဃာ့ဝန်ဆောင်အဖွဲ့နှင့်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ထုတ်ပြန်သော ပရိယတ္တိစီမံကိန်း၊ သာသနာ့တက္ကသိုလ်ဆိုင်ရာ စီမံချက်စည်းမျဉ်းနှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

၄။ ယင်းအဖွဲ့သည် လုပ်ငန်းဆိုင်ရာအဖွဲ့ငယ်များ ဖွဲ့စည်းပြီးလျှင် အဖွဲ့တည်ရာဌာနကိုလည်း သတ်မှတ်ထားရှိရန်။

၅။ ယင်းအဖွဲ့သည် အစည်းအဝေးဆိုင်ရာအဖွဲ့နှင့် ပတ်သက်သောစည်းမျဉ်းတစ်ခုနှင့် ငွေစာရင်းဆိုင်ရာ စည်းမျဉ်းတစ်ခုကို ပြုစုပြီး ပညာရေးအဖွဲ့ငယ်မှတစ်ဆင့် နိုင်ငံတော်သံဃနာယကအဖွဲ့သို့ တင်ပြအတည်ပြုချက်ယူပြီး လိုက်နာဆောင်ရွက်ရန်။



၆။ ယင်းအဖွဲ့သည် အဆင့်မီ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် အဆောက်အအုံများ ဆောက်လုပ်ပြီးစီးသောအခါ တက္ကသိုလ် အဆောက်အအုံမြေနေရာနှင့် အဆောက်အအုံများကို နိုင်ငံတော်မဟာနာယကအဖွဲ့သို့ ပေးအပ်လှူဒါန်းရန်နှင့် အဆောက်အအုံများ ဆောက်လုပ်မပြီးမီကမ္ဘာအေးရှိကျောင်းဆောင်များ၌ ယာယီတက္ကသိုလ်ဖွင့်လှစ်ရန် မော်လမြိုင်ကျောင်းတိုက်နှင့် စိန်ရောင်ခြည်ကျောင်းတိုက်မှ ရောင်းရငွေ(၈)သိန်းကို သာသနာပြုရန်ပုံငွေ



ထားပြီး ထိုမှရသော အတိုးရန်ပုံငွေဖြင့်ယာယီတက္ကသိုလ်ဖွင့်မည့် ဥတ္တရကုရုနှင့် အပရဂေါယာန ကျောင်းဆောင်များပြင်ဆင်ရေး၌ အသုံးပြုရန်၊ ထို(၈)သိန်းကို ငွေထိန်းအဖွဲ့က နောက်တွင်တက္ကသိုလ် အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းရေးအဖွဲ့သို့ လွှဲအပ်ရန် ဆုံးဖြတ်ချက်ချခဲ့ပါသည်။

အထက်ပါဆုံးဖြတ်ချက်နှင့်အညီ ရန်ကုန်မြို့ပေါ်ရှိထင်ရှားသော သာသနာရေးအသင်းကြီး(၈)သင်း သက်ဆိုင်ရာပုဂ္ဂိုလ်များကို (၁၁-၄-၈၃)နေ့တွင် ဇမ္ဗူဒီပကျောင်းဆောင်၌ ဖိတ်ကြားပြီး နိုင်ငံတော်သံ မဟာနာယကအဖွဲ့နှင့် ပညာရေးဉပဋ္ဌာကမှ ဦးကျော်လွင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ရှင်းပြပါသည်။

ထိုအစည်းအဝေးက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)အတွက် မြေနေရာရရှိရေးနှင့် အဆောက်အအုံလျာဒါန်းရေးအဖွဲ့ကို အထူးကဆရာဝန်ကြီးဒေါက်တာသာလှ ဥက္ကဋ္ဌအဖြစ်ပါဝင်သော ဥပဋ္ဌာကအဖွဲ့ (၉)ဦးပါပုဂ္ဂိုလ်များဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့ပါသည်။





ထိုဥပဋ္ဌာကအဖွဲ့ဝင်(၉)ဦးမှာ-

၁။ ဆရာဝန်ကြီးဦးသာလှ
ဥက္ကဋ္ဌ

၂။ ဦးတင်မောင်(ဂျူနီမင်း)
ဒု-ဥက္ကဋ္ဌ

၃။ ဦးစောလှိုင်
ဒု-ဥက္ကဋ္ဌ

၄။ ဦးမောင်မောင်ကြီး
အကျိုးတော်ဆောင်

၅။ ဦးမောင်မောင်ကြီး
ဘဏ္ဍာထိန်း

၆။ ဦးလှမောင်
တွဲဖက်အကျိုးတော်ဆောင်

၇။ ဦးအောင်ကြည်
ဦးဆောင်ဆော်ဩရေးနှင့်ပြန်ကြားရေးမှူး

၈။ ဦးထွန်းအောင်
စာရင်းစစ်

ယင်းဆောက်လုပ်လှူဒါန်းမှုအဖွဲ့ကို ၂၄-၁၁-၈၃ နေ့တွင်ကျင်းပသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၅)ပါးစုံညီ စုဒ္ဒသမအစည်းအဝေးက အတည်ပြုတာဝန်ပေးခဲ့ပါသည်။

၂၄-၁၁-၈၃ အစည်းအဝေးကြီးတွင် လှည်းကူးမြို့နယ်၊ တိုးကြောင်ကလေးကျေးရွာရှိ ယောက်ကော်ကျောင်းတိုက်နေရာကို တက္ကသိုလ်တည်ထောင်ဖွင့်လှစ်ရန် သင့်-မသင့် သွားရောက်ကြည့်ရှုကြသည်။





www.burmeseclassic.com

www.burmeseclassic.com





မင်းကွန်းတိပိဋကဆရာတော်ကြီးက ကမ္ဘာအေးကုန်းမြေသည် သံဃာ့ဆေးရုံ၊ အခမ်းအနားကျင်းပရန် မဟာပါသာဏလိုဏ်ဂူ၊ ပိဋကတ်တိုက်၊ သိမ်တော်ကြီး အစရှိသည်ဖြင့် ပြည့်စုံ၍ ဘူမိနက်သန်နေရာနှင့် သင့်သည့်အတွက် ဤသီရိမင်္ဂလာကုန်းမြေ၌ပင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တည်ထောင်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ) စတုတ္ထအကြိမ် နဝမအစည်းအဝေးသို့ လျှောက်ထားတင်ပြခဲ့သည်။

ဆရာတော်ကြီး၏တင်ပြချက်ကို သာသနာရေးဦးစီးဌာနမှ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနသို့ တင်ပြခဲ့ရာ ပြည်ထဲရေးသာသနာရေးဝန်ကြီးဌာနက သဘောတူ၍ ၁၃-၃-၈၄ နေ့တွင် ကျင်းပသော ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၅)ပါးစုံညီ ပန္နရသမအစည်းအဝေးက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်အဆောက်အအုံများကို သိမ်တော်ကြီးပတ်ဝန်းကျင်ရှိ မြေလွတ်တွင်ဆောက်လုပ်လှူဒါန်းရန် ဆောက်လုပ်လှူဒါန်းရေးအဖွဲ့သို့ တာဝန်ပေးအပ်ခဲ့ပါသည်။

တက္ကသိုလ်အဆောက်အအုံများ ဆောက်လုပ်ရေးအတွက် မင်းကွန်းတိပိဋကဆရာတော်ဘုရား သြဝါဒပေးခဲ့ရာတွင်-

- ဘုန်းကြီးကျောင်းနှင့်တူအောင် ဆောက်
- အနီးရှိအဆောက်အအုံများသည် ဆဋ္ဌသံ ခေတ်ကို ဖေါ်ပြသကဲ့သို့ သံဃမဟာန ခေတ်ကို ဖေါ်ပြသည့်အနေဖြင့် တိုင်း နယ်အလိုက် (၁၄)ခုပေါ်ပေါက်လာချိန်ဖြ အားလျော်စွာ ဆောက်လုပ်မည်ဖြစ်သော စာသင်သားသံဃာသုံး ဝိဟာရလယကျောင်းဆောင်များကို ပြည်နယ်/တိုင်းအမည်ပါသော အမည်များပေးပါ။
- ဆောက်လုပ်ပြီးသော ကျောင်းများကို ပရိယတ္တိသာသနာအား ရေစက်ချလှူဒါန်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ ဂေါပကရက္ခကအဖြစ် လွှဲအပ်လှူဒါန်းပါဟု ကျောင်းဆောင်များဆောက်လုပ်ရေးနှင့်ပတ်သက်၍ သြဝါဒပေးခဲ့ပါသည်။

တစ်ဖန် ဆရာတော်ကြီးက-

- လူတိုင်း လူတိုင်း ဒါယကာဖြစ်ပါစေ
- မပင်ပန်းသော အလှူဒါနဖြစ်ပါစေ
- သားစဉ်မြေးဆက် သာသနာ့အမွေဆောင်ရွက်နိုင်ပါစေဟု အလှူခံရေးနှင့်ပတ်သက်၍ သြဝါဒသုံးချက် ပေးခဲ့ပါသည်။

ဆောက်လုပ်လှူဒါန်းရေးအဖွဲ့သည် တိပိဋကဆရာတော်ကြီး၏ သြဝါဒကိုခံယူ၍ သက်ဆိုင်ရာတိုင်းနှင့်ပြည်နယ်အလိုက် သက်ဆိုင်ရာကောင်စီများ၏ အကူအညီကိုယူ၍ တစ်အိမ်ထောင်လျှင် ပြား(၅၀)နှုန်းဖြင့် (၃)နှစ်တိုင်တိုင် အလှူခံခဲ့ပြီး တိပိဋကဆရာတော်ကြီးကိုယ်တိုင် မြန်မာပြည်အနှံ့ ကုန်းတစ်တန်၊ ရေတစ်တန်၊ လေတစ်တန်ဖြင့် မိုင်(၂၀၀၀)ကျော်ခရီးကို ခြေဆန့်ကြွပြီး ပြည်သူအများ လှူဒါန်းမှုများကို





www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ရေစက်ချ သာဓုခေါ်နိုင်ရေးကို မနားမနေ အခင်ပန်းခံကာ ကြိုးစားဆောက်ရွက်ပေးတော်မူခဲ့ပါသည်။ ထိုသို့ တိုင်းပြည်အဝှမ်းမှ အလှူငွေများ ရလာသောအခါ ၁၉၈၄-ခုနှစ်မှ စတင်ဆောက်လုပ်ခဲ့သည်၊ ဆောက်လုပ်ပြီးစီးသော အဆောက်အအုံများကို အခါအားလျော်စွာ သံဃမဟာနာယကအဖွဲ့သို့ အခမ်းအနားဖြင့် လှူအပ်လှူဒါန်းခဲ့ပါသည်။

ဥပဋ္ဌာကအဖွဲ့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များကို အားကြိုးမာန်တက် ဆောင်ရွက်လုပ်ကိုင်ခဲ့ကြရာ-

ပထမအကြိမ်- အမှတ်(၃)အဆောင်၊ ပါမောက္ခ (ဥတ္တရ)ဆောင်တို့ကိုလည်းကောင်း၊

ဒုတိယအကြိမ်- နာယကချုပ်ဆောင်၊ ညီမူရာ ဆည်းဝေးဆောင်ကိုလည်းကောင်း၊

တတိယအကြိမ်- နာယက(ဒက္ခိဏဆောင်)၊ ပိဋကတ်တိုက်နှစ်ထပ်ဆောင်၊ မွန်ပြည်နယ်ဆောင်၊ ကရင်ပြည်ဆောင်၊ပင်မမုခ်ဦး၊ မိုးကုတ်ဆွမ်းစားဆောင်၊ ဟောနာယကလမ်းမကြီးတို့ကိုလည်းကောင်း၊

စတုတ္ထအကြိမ်- အမှတ်(၁)၊ အမှတ်(၂) နှစ်ဆောင်၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်း၊ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း၊ ဝိဇ္ဇာလယကျောင်းဆောင်များနှင့် ဓမ္မာရုံမြေညှိရိပ်သာတို့ကိုလည်းကောင်း၊





ပဉ္စမအကြိမ်- ရခိုင်ပြည်နယ်၊ စိန်ဘရားသား ဆွမ်းစားဆောင်၊ မြိတ်ဓမ္မသာလာ၊ ဗိုလ်ချုပ်ဈေး ဆွမ်းပြင်ဆောင်၊ သန္တိသုခဆွမ်းချက်ဆောင် တို့ကိုလည်းကောင်း၊

ဆဋ္ဌမအကြိမ်- မကွေးတိုင်း၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ဝိဇ္ဇာလယ ကျောင်းဆောင်များကိုလည်းကောင်း၊ အသီးသီး ဆောက်လုပ်ပြီးစီးပြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့သို့ လှူအပ်လှူဒါန်းနိုင်ခဲ့ကြပါသည်။

ထို့နောက် မဟာတိပိဋကဓရဓမ္မဘဏ္ဍာ ဂါရိက ပိဋကတ်စာကြည့်တိုက်၊ ဟံသာဝတီရိုက်ကုန်းမြေခြံ ဟံသာဝတီရိစည့်ပါမောက္ခဆောင်၊ ဒဂုံသီရိစည့်ပါမောက္ခ ဆောင်၊ သာယာဝတီမင်းလှစည့်ပါမောက္ခဆောင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး၏ ကြေးရုပ်တုဆောင်၊ သုဝဏ္ဏဘူမိစည့်ပါမောက္ခဆောင်၊ ရက္ခိတကျောင်း၊ ဓမ္မာမောင်စာကြည့်တိုက်နှင့် ဘာသာပြန်ရုံး၊ ဒဂုံသီရိ ဘေးမဲ့ကန်၊ ရဟန္တာရုပ်တုနှင့်ဇောဓိပင်၊ နာရီစင်၊ ဥဿာသီရိဥယျာဉ် စသော အဆောက်အအုံများ၊ ပန်းခြံများကို ဆောက်လုပ်လှူဒါန်းပြီး အပ်နှံနိုင်ခဲ့ကြပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကို တည်ထောင်ဖွင့်လှစ်ပြီးကာစအချိန်တွင် တက္ကသိုလ်ရှိ သင်ကြားစီမံဆရာတော်များ၊ စာသင်သားသံဃာတော်များ ဘုရားဝတ်တက်ရန်အတွက် ထိုင်းနိုင်ငံအဆောက် အအုံပုံစံဖြင့် ထိုင်းဓမ္မသာလာ ဆောက်လုပ်လှူဒါန်းရန်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်းနိုင်ငံမှ သစ်ကုန်သည်အလှူရှင်မစ္စတာဒမ္မရောင်းက တိနိသာသနာပြု ဥပဋ္ဌာကအဖွဲ့နှင့်ဆက်သွယ်ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်မပေါ်ခဲ့ချေ။

၂၈-၇-၁၉၉၆ နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒေါ်ကြိုင်ကြိုင်မိသားစုတို့မှ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ရှိ သံဃာတော်များကို တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းစဉ်အချိန်က ဒုတိယနာယကချုပ်ဖြစ်သော ဆရာတော်ဘဒ္ဒန္တဝဏ္ဏိတက ဘွဲ့နှင်းသိမ်ဓမ္မာရုံကြီး တည်ဆောက်ရန်လိုအပ်ကြောင်း မေတ္တာရပ်ခံသဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရအဖွဲ့မှ ကျပ်သိန်းပေါင်း (၂၁၀၇)သိန်း ကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

ခေတ်စနစ်တိုးတက်လာသည်နှင့်အညီ တက္ကသိုလ်တွင် ကွန်ပျူတာဌာနနှင့် တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနများပေါ်ပေါက် လာသောအခါ တက္ကသိုလ်ကွန်ပျူတာအဆောက်အအုံနှင့် စာအုပ်ဆိုင်လိုအပ်လာ၍ သုတ္တန္တမဟာဌာန၊ တွဲဘက်ပါမောက္ခ ဆရာကြီးဦးကိုကိုမြိုင်၏အဆက်အသွယ်ဖြင့် ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ ဝေဇယန္တာလမ်းမ၊ အမှတ်(၈၂၀)နေ အဂ္ဂမဟာ





သီရိသုဓမ္မမဏိဇောတဓရ ဦးစံငြိမ်း+ဒေါ်သိန်းဝင်းမိသားစုတို့မှ ကျပ်သိန်း(၁၅၀) အကုန်အကျခံ၍ ကွန်ပျူတာ အဆောက်အအုံကိုလည်းကောင်း၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်စိမ်းပတ်လမ်း၊ ရတနာကျွန်းရိပ်သာ၊ အမှတ်(၆၅)နေ ဗိုလ်မှူးကြီးသိုက်ထွန်း(ဒု-ဝန်ကြီး-ငြိမ်း)+အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်နွဲ့နွဲ့ကြည် မိသားစုတို့မှ မဟောသဓစာအုပ်ဆိုင်ကိုလည်းကောင်း ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

ဤသို့ဖြင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးသည် ကမ္ဘာ့အဆင့်မီတက္ကသိုလ်ကြီးများရှိ အဆောက်အဦအသွင်အပြင်အလှတို့ဖြင့် တင့်တယ်ခန့်ငြားစွာ သာသနာ့တက္ကသိုလ်ကျက်သရေဆောင် မြန်မာနိုင်ငံ ကျက်သရေဆောင် တက္ကသိုလ်ကြီးအဖြစ် ပေါ်ထွန်းလာခဲ့ရပါတော့သည်။

■ စည်သူမြိုင်(သုတေသန)



www.burmeseclassic.com

**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)**

**ကျောင်းဆောင်များ ဆောက်လုပ်လှူဒါန်းမှုမှတ်တမ်း**

| စဉ် | အဆောင်အမည် | အုပ်မြစ်ချသည့်နေ့ | လွှဲအပ်ရေစက်ချသည့်နေ့ | တန်ဖိုး (ကျပ်·ပြား) | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ |
|---|---|---|---|---|---|
| ၁ | နယကချုပ်ကျောင်းတော် | သာသနာတော်နှစ်-၂၅၂၉၊ ၁၃၄၇-ခုနှစ်၊ နယုန်လဆန်း (၇)ရက်၊ (၂၅·၅·၁၉၈၅) | သာသနာတော်နှစ်-၂၅၃၀၊၁၃၄၉-ခုနှစ် ကဆုန်လပြည့်နေ့၊ (၁၂·၅·၁၉၈၇) | ၁၂၀၈၉၉၇·၅၀ | စုပေါင်းအလှူရှင် |
| ၂ | ဉတ္တရဆောင် | ------॥------ | သာသနာတော်နှစ်-၂၅၂၉၊၁၃၄၇-ခုနှစ် တပေါင်းလပြည့်နေ့။ (၂၅·၃·၁၉၈၆) | ၆၀၇၁၅၀·၀၀ | စုပေါင်းအလှူရှင် |
| ၃ | ဒက္ခိဏဆောင် | ------॥------ | သာသနာတော်နှစ်-၂၅၃၂၊၁၃၅၀-ခုနှစ်၊ တပေါင်းလပြည့်နေ့။ (၂၁·၃·၁၉၈၉) | ၁၉၄၂၁၀၁·၈၀ | စုပေါင်းအလှူရှင် |
| ၄ | စာသင်ဆောင် | သာသနာတော်နှစ်-၂၅၂၉၊ ၁၃၄၇-ခုနှစ် တပေါင်းလပြည့်နေ့။ (၂၅·၃·၁၉၈၆) | သာသနာတော်နှစ်-၂၅၃၃၊၁၃၅၁-ခုနှစ် တပေါင်းလဆန်း၄-ရက်(၂၇·၂·၁၉၉၀) | | စုပေါင်းအလှူရှင် |
| | | မဟာဌာနဆောင် (၁) | | ၁၉၇၇၇၉၀·၀၀ | |
| | | မဟာဌာနဆောင် (၂) | | ၂၀၀၂၀၀၀·၀၀ | |
| | | မဟာဌာနဆောင် (၃) | | ၁၉၈၀၀၀၀·၀၀ | |
| ၅ | ကွန်ပျူတာခန်းမ | ၁၃၇၁-ခုနှစ်၊သီတင်းကျွတ်လပြည့်ကျော် ၁၃-ရက်။ (၁၆·၁၀·၂၀၀၉) | ၁၃၇၁-ခုနှစ်၊ နတ်တော်လဆန်း ၁၄-ရက်။ (၃၀·၁၁·၂၀၀၉) | ကျပ်သိန်း (၂၅၀) | အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးစံပြိမ်း+ဒေါ်သိန်းဝင်း |
| ၆ | စာကြည့်တိုက် | ၁၃၅၅-ခုနှစ်၊ တန်ဆောင်မုန်း လဆန်း ၈-ရက်။(၂၁·၁၁·၁၉၉၃) | ၁၃၅၆-ခုနှစ်၊ တန်ဆောင်မုန်း လဆန်း-၄ရက်၊ (၆·၁၁·၁၉၉၄) | ၁၅၀၀၀၀၀·၀၀ | စုပေါင်းအလှူ |
| ၇ | ဘွဲ့နှင်းခမ်းမ | ၁၃၆၀-ခုနှစ်၊ဝါဆိုလပြည့်ကျော်-၄ရက် (၁၂·၇·၁၉၉၈) | သာသနာတော်နှစ်-၂၅၄၅၊၁၃၆၃-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄-ရက်။ (၁၆·၁၀·၂၀၀၁) | ၂၁၀၇-သိန်း | နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ |



www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
## ကျောင်းဆောင်များ ဆောက်လုပ်လှူဒါန်းမှုမှတ်တမ်း

| စဉ် | အဆောင်အမည် | အုပ်မြစ်ချသည့်နေ့ | လွှဲအပ်ရေစက်ချသည့်နေ့ | တန်ဖိုး (ကျပ်·ပြား) | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ |
|---|---|---|---|---|---|
| ၈ | စိန်ဘရားသားဆွမ်းစားဆောင်၊ မြတ်ဓမ္မသာလာ၊ဗိုလ်ချုပ်အောင်ဆန်းဈေးကြီးဆွမ်းပြင်ဆောင်၊ သင်္ဂြိုဟ်သုခမ္မာရုံနှင့်လသာမြို့နယ်၊လမ်းမတော်သံဈေးဆွမ်းချက်ဆောင် | သာသနာတော်နှစ်-၂၅၃၁၊ ၁၃၄၉-ခုနှစ် တန်ဆောင်မုန်းလဆန်း ၄-ရက်၊ (၂၅·၁၀·၁၉၈၇) | သာသနာတော်နှစ်-၂၅၃၄၊ ၁၃၅၂-ခုနှစ်၊ ဝါဆိုလဆန်း ၁၀-ရက်၊ (၁·၇·၁၉၉၀) | ၂,၉၅၉,၇၀၉·၀၀ | စိန်ဘရားသားမိသားစု၊ မြတ်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး ဈေးသူ၊ ဈေးသားများ/လမ်းမတော်သံဈေးဈေးသူ၊ဈေးသားများ |
| ၉ | မင်းကွန်းဆရာတော်ဘုရားကြီး ဗိမာန်တော် | သာသနာတော်နှစ်-၂၅၃၆၊၁၃၅၄-ခုနှစ်၊ တပို့တွဲလပြည့်နေ့၊ (၆·၅·၁၉၉၃) | သာသနာတော်နှစ်-၂၅၃၇၊၁၃၅၅-ခုနှစ်၊ တပေါင်းလဆန်း ၈-ရက်၊ (၁၉·၃·၁၉၉၄) | ၃,၆၉၆,၅၆၀·၆၀ | စုပေါင်းအလှူ |
| ၁၀ | စစ်ကိုင်းတိုင်း ဝိဇ္ဇာလယကျောင်းဆောင် | သာသနာတော်နှစ်-၂၅၃၁၊ ၁၃၄၉-ခုနှစ် ကဆုန်လပြည့်နေ့၊ (၁၂·၅·၁၉၈၇) | သာသနာတော်နှစ်-၂၅၃၃၊၁၃၅၁-ခုနှစ် တပေါင်းလပြည့်ကျော် ၁-ရက်၊ (၁၁·၃·၁၉၉၀) | ၂,၄၀၀,၀၀၀·၀၀ | စုပေါင်းအလှူ |
| ၁၁ | တနင်္သာရီတိုင်း ဝိဇ္ဇာလယကျောင်းဆောင် | --------॥-------- | --------॥-------- | ၁,၉၀၀,၀၀၀·၀၀ | စုပေါင်းအလှူ |
| ၁၂ | ရန်ကုန်တိုင်း ဝိဇ္ဇာလယကျောင်းဆောင် | --------॥-------- | --------॥-------- | ၁,၉၀၀,၀၀၀·၀၀ | စုပေါင်းအလှူ |
| ၁၃ | ကရင်ပြည်နယ် ဝိဇ္ဇာလယကျောင်းဆောင် | --------॥-------- | သာသနာတော်နှစ်-၂၅၃၂၊၁၃၅၀-ခုနှစ် တပေါင်းလပြည့်နေ့၊ (၂၁·၃·၁၉၈၉) | ၁,၉၀၀,၀၀၀·၀၀ | စုပေါင်းအလှူ |
| ၁၄ | မွန်ပြည်နယ် ဝိဇ္ဇာလယကျောင်းဆောင် | သာသနာတော်နှစ်-၂၅၂၉၊ ၁၃၄၇-ခုနှစ် နယုန်လဆန်း ၇-ရက်၊ (၁၅·၅·၁၉၈၅) | သာသနာတော်နှစ်-၂၅၃၂၊၁၃၅၀-ခုနှစ် တပေါင်းလပြည့်နေ့၊ (၂၁·၃·၁၉၈၉) | ၂,၄၀၀,၀၀၀·၀၀ | စုပေါင်းအလှူ |
| ၁၅ | ဧရာဝတီတိုင်း ဝိဇ္ဇာလယကျောင်းဆောင် | သာသနာတော်နှစ်-၂၅၃၁၊ ၁၃၄၉-ခုနှစ် ကဆုန်လပြည့်နေ့။ (၁၂·၅·၁၉၈၇) | သာသနာတော်နှစ်-၂၅၃၃၊၁၃၅၁-ခုနှစ် တပေါင်းလပြည့်ကျော် ၁-ရက်၊ (၁၁·၃·၉၀) | ၁,၉၀၀,၀၀၀·၀၀ | စုပေါင်းအလှူ |



www.burmeseclassic.com

**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)**
**ကျောင်းဆောင်များ ဆောက်လုပ်လှူဒါန်းမှုမှတ်တမ်း**

| စဉ် | အဆောင်အမည် | အုပ်မြစ်ချသည့်နေ့ | လွှဲအပ်ရေစက်ချသည့်နေ့ | တန်ဖိုး (ကျပ်-ပြား) | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ |
|---|---|---|---|---|---|
| ၁၆ | ရခိုင်ပြည်နယ် ဝိဇ္ဇာလယတိုက်ကျောင်း | သာသနာတော်နှစ်-၂၅၃၁၊ ၁၃၄၉-ခုနှစ် ကဆုန်လပြည့်နေ့။ (၁၂-၅-၁၉၈၇) | သာသနာတော်နှစ်-၂၅၃၄၊၁၃၅၂-ခုနှစ် နတ်တော်လဆန်း ၁-ရက်၊ (၁၇-၁၁-၁၉၉၀) | ၁၉၀၀၀၀၀·၀၀ | စုပေါင်းအလှူ |
| ၁၇ | ချင်းပြည်နယ် ဝိဇ္ဇာလယတိုက်ကျောင်း | သာသနာတော်နှစ်-၂၅၃၀၊ ကောဇာ သက္ကရာဇ်-၁၃၄၈၊ တပေါင်း လဆန်း-၁၄ ရက်၊(၁၃-၃-၁၉၈၇) | သာသနာတော်နှစ်-၂၅၃၅၊ကောဇာသက္က ရာဇ်-၁၃၅၃၊တပေါင်းလဆန်း-၁၄ ရက်၊ (၁၇-၃-၁၉၉၂) | ၁၉၀၀၀၀၀·၀၀ | စုပေါင်းအလှူ |
| ၁၈ | ပဲခူးတိုင်း ဝိဇ္ဇာလယတိုက်ကျောင်း | --------- ။ --------- | --------- ။ --------- | ၁၉၀၀၀၀၀·၀၀ | စုပေါင်းအလှူ |
| ၁၉ | ကယားပြည်နယ် ဝိဇ္ဇာလယတိုက်ကျောင်း | --------- ။ --------- | --------- ။ --------- | ၁၉၀၀၀၀၀·၀၀ | စုပေါင်းအလှူ |
| ၂၀ | ရှမ်းပြည်နယ် ဝိဇ္ဇာလယတိုက်ကျောင်း | --------- ။ --------- | --------- ။ --------- | ၁၉၀၀၀၀၀·၀၀ | စုပေါင်းအလှူ |
| ၂၁ | မကွေးတိုင်း ဝိဇ္ဇာလယတိုက်ကျောင်း | --------- ။ --------- | --------- ။ --------- | ၁၉၀၀၀၀၀·၀၀ | စုပေါင်းအလှူ |
| ၂၂ | ကချင်ပြည်နယ် ဝိဇ္ဇာလယတိုက်ကျောင်း | --------- ။ --------- | --------- ။ --------- | ၁၉၀၀၀၀၀·၀၀ | စုပေါင်းအလှူ |
| ၂၃ | မန္တလေးတိုင်း ဝိဇ္ဇာလယတိုက်ကျောင်း | --------- ။ --------- | --------- ။ --------- | ၁၉၀၀၀၀၀·၀၀ | စုပေါင်းအလှူ |
| ၂၄ | ဆင္ဃသံဃာယနာမဟာသိမ်တော်ကြီး (ရေသိမ်တော်ကြီး) | | | ၂၂၀၆၇၅၉·၀၀ | စုပေါင်းအလှူ |
| ၂၅ | ဒဂုံသီရိဘေးမဲ့ကန်တော်ကြီးကို ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က တာဝန်ယူ၍ ဆောက်လုပ်လှူဒါန်းပါသည်။ | | | | |
| ၂၆ | ဘေးမဲ့ငါးလွှတ်ဆိပ် အမှတ်(၁)ကို မင်းကွန်းတိပိဋကရေဆရာတော်ဘုရားကြီးကလှူဒါန်း၍ အမှတ် (၂)ကို ရန်ကုန်မြို့ ဘောက်ထော် ပြည်သာယာလမ်းနေ ဒေါ်ထွေးထွေးက လှူဒါန်းပါသည်။ | | | | |



www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
## ကျောင်းဆောင်များ ဆောက်လုပ်လှူဒါန်းမှုမှတ်တမ်း

| | |
|---|---|
| ၂၇ | ရှင်ဥပဂုတ္တရုပ်ပွားတော်နှင့် တန်ဆောင်းပြာသဒ်တော်၊ နဂါးရုံဘုရားတို့ကို ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့မှ လှူဒါန်းပါသည်။ |
| ၂၈ | ဥသဘာသီရိဥယျာဉ်တော်ကြီးကို ပဲခူးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က တာဝန်ယူ၍ ဆောက်လုပ်လှူဒါန်းပါသည်။ |
| ၂၉ | ရှင်သီဝလိရုပ်တုတော်နှင့် မဟာဗောဓိပင်တို့ကို ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့မှ ရွှေပြောင်းစိုက်ပျိုး၍ လှူဒါန်းပါသည်။ |
| ၃၀ | နာရီစင်ကြီးကို အများကောင်းမှုဖြင့်လှူဒါန်းပြီး နာရီကြီးကို ရန်ကုန်မြို့၊ ပြည်ထောင်စုရိပ်သာလမ်း ဦးကိုကိုလေး+ဒေါ်ကြည်ကြည်ဝင်းမိသားစုတို့မှ လှူဒါန်းပါသည်။ |
| | |



www.burmeseclassic.com

www.burmeseclassic.com




# တက္ကသိုလ်ပညာသင်ကြားရေးကဏ္ဍ

သာသနာ့တက္ကသိုလ်ပညာသင်ကြားရေးနှင့် [illegible]၌ ၂၅ နှစ်တာ ငွေရတုကာလအတွင်း၌ မတူညီ [illegible] အသွင်သဏ္ဌာန်တို့ကို တွေ့မြင်ရမည်ဖြစ်သည်။ [illegible]သို့သဏ္ဌာန်ကွဲပြားသော်လည်း အနှစ်သာရအားဖြင့် [illegible]ညီမှုရှိသည်ကိုပါ တစ်ဆက်တည်း မြင်တွေ့ရမည် [illegible]သည်။ ခေတ်၏တောင်းဆိုချက်အရ သင်ကြား [illegible]သာရပ်တို့ အတိုးအလျှော့ရှိခဲ့သည်။ သင်ကြား [illegible]သာရပ်တို့ အတိုးအလျှော့ရှိခဲ့ခြင်းသည်ပင် [illegible]တက္ကသိုလ်ပညာသင်ကြားရခြင်း၏ ရည်ရွယ် [illegible]ကို ရှုပ်လုံးပေါ်အောင် ထုဆစ်ရာ ရောက်ခဲ့ပါ [illegible]

**[illegible]တော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ [illegible]ရည်ရွယ်ချက်မှာ-**

([illegible]) ဂိုဏ်းပေါင်းစုံ သံဃာသမ္မုတိရ သံဃာ့ [illegible] တစ်သောင်းကျော်တို့၏ ဆန္ဒနှင့်အညီ [illegible]တော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် [illegible]ကျကျ ဆောင်ရွက်ရန်။

([illegible]) [illegible]အကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်း [illegible] ချမှတ်ထားသော ဖော်ပြလတ္တံ့ပါ အရည် [illegible]နှင့် ရဟန်းတော်များ ပြည့်စုံစေရန် ···

၁- အကျင့်သိက္ခာမြင့်မားစေခြင်း

၂- ပိဋကတ်ကျမ်းစာ နှံ့စပ်စေခြင်း

၃- ပါဠိဘာသာ တတ်မြောက်ကျွမ်းကျင်စေခြင်း

၄- မြန်မာစာပေ အရေးအသားတော်စေခြင်း

(ဂ) ပြည်တွင်း၊ ပြည်ပသို့ သာသနာပြုနိုင်စွမ်းသော ရဟန်းတော်များ ပေါ်ပေါက်လာစေရန်နှင့် အထူးအားဖြင့် သင်တန်းသား ရဟန်းသံဃာများအား ဆင်းရဲချမ်းသာမရွေး ကျေးလက်တောရွာပါမကျန် နေထိုင်သီတင်းသုံး၍ သာသနာပြုနိုင်သည့်စိတ်ဓာတ် အလေ့ကျင့်မျိုးရအောင် ဆောင်ရွက်ပေးရန်

(ဃ) လူအများ တွေ့ကြုံခံစားနေရသော ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်းတို့ကို ဗုဒ္ဓမြတ်စွာ၏တရားဒေသနာတော်ဖြင့် သက်သာပျောက်ကင်းချမ်းသာစေရန်-ဟူသည်တို့ဖြစ်ပါသည်။

ယင်းရည်ရွယ်ချက်အတိုင်း ဦးဆောင်မထေရ်မြတ်တို့သည် ရည်ရွယ်ရင်းသို့ ချဉ်းကပ်နိုင်ရန် အဖက်ဖက်မှ လိုအပ်ချက်မရှိအောင် စီမံဆောင်ရွက်ကြပါသည်။ ရှေးဦးစွာ ၁၃၄၈-ခုနှစ်၊ တန်ခူးလဆန်း ၉-ရက်နေ့တွင် ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ သာသနာ့တက္ကသိုလ်တာဝန်များကို ဦးလည်မသုန် ထမ်းဆောင်နိုင်ရန်အတွက် ပညာရေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



စီမံခန့်ခွဲရေး (သင်ကြား/စီမံ) ဆရာတော် ၂၄-ပါးကို ရွေးချယ်တာဝန်ပေးခဲ့ပါသည်။ လူပုဂ္ဂိုလ်အနေဖြင့် ဦးကျော်လွင် (ပါမောက္ခချုပ်၏ အတိုင်ပင်ခံ)၊ ဦးကျော်လှ (နဝကမ္မလုပ်ငန်း၊ ဌာနစုမှူး)တို့နှစ်ဦးကို ရွေးချယ်ခဲ့ပါသည်။

၁၃၄၈ - ခုနှစ်၊ တန်ခူးလဆန်း ၁၀ - ရက်၊ ( ၁၉၊ ၄၊ ၈၆)၊ တန်ခူးလဆန်း ၁၃-ရက်၊ (၂၂၊ ၄၊ ၈၆) နေ့တို့တွင် ရွေးချယ်ခံ သင်ကြား/ စီမံဆရာတော်များ သာသနာ့တက္ကသိုလ်သို့ စုံညီစွာ ရောက်ရှိခဲ့ကြသည်။ ပါမောက္ခချုပ်ဆရာတော်သည် အမှတ် ၁ - မဟာဌာနဆောင် ဒုတိယထပ်၌လည်းကောင်း၊ သုတ္တန္တပိဋကမဟာဌာန၊ ကထိကဆရာတော်(နောင်အခါ စာကြည့်တိုက်မှူး၊ အဘိဓမ္မပိဋကမဟာဌာန ပါမောက္ခ /ဌာနမှူးဆရာတော်) သည် ပထမထပ် နာယကအခန်း၌လည်းကောင်း၊ ကျန်သည့် သင်ကြား/ စီမံဆရာတော်များသည် ပါမောက္ခဥတ္တရဆောင်၌လည်းကောင်း နေထိုင်သီတင်းသုံးကြပါသည်။

၁၃၄၈ - ခုနှစ်၊ တန်ခူးလဆန်း ၁၄ - ရက်၊ (၂၃၊ ၄၊ ၈၆)၊ ဗုဒ္ဓဟူးနေ့၊ ညနေ ၃း၀၀ နာရီ အချိန်တွင် သင်တန်းသားခေါ်ယူရေးနှင့်စပ်ဆိုင်သည့် အစည်းအဝေးတစ်ရပ်ကို ဒုတိယအကြိမ် တက္ကသိုလ်ပညာသင်ကြားရေးအဖွဲ့က ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် -

၁။ **သာသနာ့တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားလိုသူများသည်**

(က) အသက် ၃၅ - နှစ်ထက်မကြီးသူ၊ သိက္ခာ ၁၅ / ၁၆ ဝါထက်မကြီးသူဖြစ်ရမည်။

(ခ) သကျသီဟဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊ အဓိုးရဓမ္မာစရိယဘွဲ့တို့တွင်အနည်းဆုံး ဘွဲ့တစ်ခုခု ရရှိပြီးသူ ဖြစ်ရမည်။

(ဂ) သာသနာ့တက္ကသိုလ်က ကျင်းပသည့် အရည်ချင်းစစ်စာမေးပွဲကို ဝင်ရောက်ဖြေဆို အောင်မြင်သူဖြစ်ရမည်။

(ဃ) ကျန်းမာရေးနှင့်ပြည့်စုံ၍ ကိုယ်လက်အင်္ဂါ ချို့တဲ့ခြင်း မရှိသူဖြစ်ရမည်။

၂။ **ဘာသာရပ်မေးခွန်းစနစ်နှင့် စပ်လျဉ်း၍**

(က) ဝိနယ၊ သုတ္တန္တ၊ အဘိဓမ္မ၊ အထွေထွေ ဗဟုသုတဘာသာဟူ၍ ဘာသာရပ်လေးမျိုး ခွဲခြားသတ်မှတ်ရန်၊

(ခ) ဝိနယ၊ သုတ္တန္တ၊ အဘိဓမ္မ ဘာသာရပ်တို့၌ အတ္ထယောဇနာ၊ ဝါကျသဒ္ဒါ၊ အဓိပ္ပါယတ္ထ၊ ခေတ်လေ့လာနည်းတို့ကို မေးစိစစ်ရန်၊

(ဂ) တစ်ရက်လျှင် နှစ်ဘာသာမေး၍ တစ်ဘာသာလျှင် ဖြေဆိုချိန် ၂ း ၀၀ နာရီ သတ်မှတ်ပေးရန်ဆုံးဖြတ်တော်မူကြပါသည်။

ယင်းနောက် သာသနာ့တက္ကသိုလ်ဝင်ခွင့် အရည်ချင်းစစ်စာမေးပွဲကို ကျင်းပခဲ့ရာဖြေဆိုသူ ၁၁၃-ပါးတွင် ၃၃ - ပါး ရေးဖြေစာမေးပွဲ အောင်မြင်ခဲ့ပါသည်။ ရေးဖြေအောင် ၃၃ -ပါးကို လူတွေ့နှုတ်ဖြေ စစ်ဆေးသည့်အခါ ၃၂-ပါး ဝင်ခွင့်ရခဲ့သည်။ သာသနာ့တက္ကသိုလ်ဝင်ခွင့်ရသင်တန်းသားများစာရင်းကို ၁၃၄၈ ခုနှစ်၊ ကဆုန်လကွယ်၊ ( ၇၊ ၆၊ ၈၆) ရက်နေ့တွင် အဓိကယူရမည့်ဘာသာရပ်နှင့်တကွ ကြေငြာခဲ့ပါသည်။ ၁၃၄၈ - ခုနှစ်၊ နယုန်လဆန်း ၁၀ - ရက်၊ (၁၇၊ ၆၊ ၈၆)၊ အင်္ဂါနေ့မှစ၍ ဝင်ခွင့်ရသင်တန်းသားများကို နေရာချထားပေးပါသည်။သာသနာ့တက္ကသိုလ်ဖွင့်လှစ်စ အချိန်ဖြစ်သောကြောင့် သင်ကြား / စီမံဆရာတော်များနှင့် သင်တန်းသားများအတွက် အဆောက်အဦမှာ သုံးဆောင်သာရှိပါသည်။ နာယကဆောင် အမှတ် ၃ (ယခု ပါမောက္ခဥတ္တရဆောင်)၊ မဟာဌာန စာသင်ဆောင် အမှတ်-၁၊ ညီမူရာခန်းမတို့ဖြစ်ပါသည်။ မဟာဌာနစာသင်ဆောင် အမှတ်-၁၊ မြေညီထပ်အခန်းကျယ်ကို ဆွမ်းစားဆောင်အဖြစ် အသုံးပြုပြီး မြေညီထပ် နာယကဆရာတော်ရှုံးခန်း၌ ဝိနယဌာနစာသင်ခန်း၊ ပထမထပ်၊ ဒုတိယထပ်အခန်းကျယ်တို့၌ သင်တန်းသား ၃၂ - ပါးတို့သီတင်းသုံးကြပါသည်။ ပထမထပ် ရုံးခန်း၌ သုတ္တန္တဌာနစာသင်ခန်း၊ အပေါ်ထပ် နာယကဆရာတော်ရုံးခန်းကို အဘိဓမ္မဌာနစာသင်ခန်းအဖြစ် အသုံးပြုပြီး မဟာဌာနမုခ်ဦးဆောင်ကို ဓမ္မသဘာဝ တရားနာ၊ ရေစက်ချအဆောင်အဖြစ် အသုံးပြုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကဆောင် အမှတ်-၃ မြေညီထပ်အခန်း ၁-ကို ကွန်းထိန်းဌာနအဖြစ် အသုံးပြုပြီး ကျန်အခန်းများ၌ ခန်းလျှင် သင်ကြားစီမံဆရာတော်များ နှစ်ပါးစီ တင်းသုံးကြပါသည်။ သင်တန်းစတင်ဖွင့်လှစ်သည့် ၂၃ မေ၊ ၈၆ နေ့မှစ၍ မဟာဌာနမှူးဦးဆောင်၍ ဘုရား တက်ကြပြီး မဟာသိမ်တော်ကြီးအပေါ်ထပ်၌ ညသပြုခြင်းတို့ ပြုလုပ်ကြပါသည်။ ဖွင့်လှစ်စအချိန် ၍ မဟာဌာနစာသင်ဆောင် အမှတ် ၁ -၌ သီတင်း ကြသော သင်ကြား/စီမံဆရာတော်များနှင့်သင်တန်း တို့အတွက် ရေချိုးဆောင်ပင် သီးသီးသန့်သန့် သေးချေ၊ ဘေစင်မှရေကို ခံယူ/ခပ်ယူကာ သုံးစွဲ ကြရပါသည်။



သာသနာ့တက္ကသိုလ်ဖွင့်ပွဲအခမ်းအနားကို ၁၃၄၈ - ခုနှစ်၊ နယုန်လပြည့်ကျော် ၁ - ရက်၊ (၂၃၊ ဇွန်၊ ၈၆)၊ တနင်္လာနေ့၊ နံနက် ၉ း ၀၀ နာရီအချိန်တွင် ဂလာ ကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာ ပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ စည်ကား မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဖွင့်ပွဲအခမ်း တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ကျောင်း မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး ဩဝါဒပေးရာ -

"သာသနာ့တက္ကသိုလ် သင်ကြား/စီမံ ဆရာတော်များနှင့် သင်တန်းသားတို့သည် အာဇာနည် ကောင်းမြင်းမြတ်များကဲ့သို့ဖြစ်ကြောင်း၊ အာဇာနည် တို့မည်သည် ထိုက်သင့်သောအစာအာဟာရနှင့် ထိုင်ခင်းတို့ကို မရရှိက အာဇာနည်အလုပ်ကို ကြောင်း၊ သာသနာ့တက္ကသိုလ် သင်ကြား / ဆရာတော်များနှင့် သင်တန်းသားတို့သည်လည်း သင့်သော အစာအာဟာရနှင့်နေရာထိုင်ခင်းတို့ကို သော အာဇာနည်အလုပ်ကို လုပ်ဆောင်နိုင်ကြမည် ကြောင်း" စသည်ဖြင့် သာသနာ့တက္ကသိုလ် ကြား/စီမံဆရာတော်များနှင့် သင်တန်းသား အာဇာနည်မြင်းကောင်းမြင်းမြတ်များနှင့်အတူ ဆောင်တော်မူပါသည်။

ခဲ့ပြခဲ့သည့် မွန်မြတ်သောရည်ရွယ်ချက်တို့ကို ဆောင်ခဲ့ပြမည့် သာသနာ့တက္ကသိုလ် ပညာသင်ကြားရေးမှုများဖြင့် ရည်ရွယ်ရင်းကိုစွပြီးမြောက်အောင် ဆောင်ရွက်ခဲ့ကြပါသည်။

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ပညာရေးစီမံချက်စည်းမျဉ်း၌ ၁။ ဝိနယမဟာဌာန ၊ ၂။ သုတ္တန္တမဟာဌာန၊ ၃။ အဘိဓမ္မမဟာဌာန၊ ၄။ ပိဋကတ်စာပေဌာန၊ ၅။ သာသနာ့သမိုင်းဌာန ဟူ၍ ဌာနငါးမျိုး သတ်မှတ်ပြဌာန်းပါသည်။ ယင်းသို့ သတ်မှတ်ပြဌာန်းထားသော်လည်း ဖွင့်လှစ်ခါစတွင် ဝိနယ၊ သုတ္တန္တ၊ အဘိဓမ္မ သုံးဌာနကိုသာ ပို့ချသင်ကြား နိုင်ခဲ့ပါသည်။ ၄င်းဘာသာရပ်တို့ကို သင်ရိုးညွှန်းတမ်း တွင် ပြဌာန်းထားသည့်အတိုင်း ၅၀၁ - အတ္ထယောဇနာ၊ ၅၀၂ - ဝါကျသဒ္ဒါ၊ ၅၀၃ - အဓိပ္ပါယတ္ထ ဟူ၍ သုံးမျိုးခွဲခြားပြီး သင်ကြားပို့ချကြပါသည်။ (၉၊ ၉၊ ၈၆) နေ့တွင် ကျင်းပခဲ့သည့် တက္ကသိုလ်ပညာ သင်ကြားရေး အစည်းအဝေး ဆုံးဖြတ်ချက်အရ ၅၀၄ - ခေတ်လေ့လာနည်း တစ်မျိုးထပ်တိုး ပို့ချခဲ့သည်။ ဆရာကြီးဦးကျော်လွင်၊ ဦးစံတင်၊ ဦးငွေရ၊ ဦးမြင့်ကြည် တို့၏ စေတနာ့ဝန်ထမ်းအဖြစ် ပို့ချသင်ကြားပေးမှု ကြောင့် ပြဌာန်းကျမ်းစာတွင် မပါဝင်သည့် မြန်မာစာကို အလွတ်သဘောဖြင့် သင်ယူခွင့် ရခဲ့ကြပါသည်။

၁၃၅၀ - ပြည့်နှစ်၊ နယုန်လတွင် အတည်ပြုပြီး ပြင်ဆင်ဖြည့်စွက်ထားသော နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ဒုတိယအကြိမ်) ပညာရေးစီမံ ချက်စည်းမျဉ်းအရ ဒုတိယပတ် မဟာဓမ္မာစရိယ



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းသားများကို ကြေငြာချက်ထုတ်ပြန်၍ ခေါ်ယူခဲ့ပါသည်။ ၁၃၅၀ -ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၈ - ရက်၊ (၂၁၊ ၆၊ ၈၈) နေ့တွင် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို ကျင်းပခဲ့ပြီး (၂၈၊ ၆၊ ၈၈) နေ့တွင် မဟာဓမ္မာစရိယတန်း တက်ရောက်ခွင့်ရသူ ၃၁ ပါး စာရင်းကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

ယင်းမဟာဓမ္မာစရိယ ဒုတိယပတ် သင်တန်းသားတို့အား ဝိနယ၊ သုတ္တန္တ၊ အဘိဓမ္မမဟာဌာန သုံးခု အပြင် စာပေမဟာဌာနတစ်ခုကိုပါ တိုးချဲ့ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။ ထိုကြောင့် သင်ကြားရေးဌာန လေးခု ဖြစ်လာခဲ့ပါသည်။ စာပေမဟာဌာနကို ထိရောက်စွာသင်ကြားနိုင်ရန် စိတ်ကြိုက်ယူနိုင်ကြောင်း ကြေငြာခဲ့ရာ သင်တန်းသားအားလုံး စာပေမဟာဌာနသို့သာ တက်ရောက်ကြပါသည်။ ကျန်မဟာဌာန ၃ - ခု၌ တက်ရောက်သူသင်တန်းသား တစ်ပါးမျှမရှိတော့သည်ဖြစ်သောကြောင့် သင်တန်းသားတို့အား ဖျောင်းဖျ၍ ပြန်လည်တက်ရောက်ရန် တိုက်တွန်းခဲ့ရပါသည်။ ၁၃၅၀-ပြည့်နှစ်၊ တပေါင်းလ၊ ၁၉၈၉-ခုနှစ်၊ မတ်လတွင် အတန်းတင်စာမေးပွဲကို ကျင်းပပေးခဲ့ပါသည်။

၁၃၅၁-ခုနှစ်၊ နယုန်လဆန်း ၁၃-ရက်၊ (၁၆၊ ၆၊ ၈၉) နေ့တွင် ကျင်းပခဲ့သည့် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ ပဥ္စမအစည်းအဝေးက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း(မူကြမ်း)ကို အတည်ပြုတော်မူခဲ့ပါသည်။ ယင်း နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအရ-

၁။ သာသနတက္ကသီလဓမ္မာစရိယတန်း
(သင်တန်းကာလ ၄ - နှစ်)

၂။ သာသနတက္ကသီလမဟာဓမ္မာစရိယတန်း
(သင်တန်းကာလ ၂ - နှစ်) ဟူ၍

သင်တန်းနှစ်မျိုး ဖြစ်ပေါ်လာပါသည်။

(က) ပထမကြီးတန်း (သို့မဟုတ်) သကျသီဟ / စေတိယင်္ဂဏ စာသင်တန်း အောင်မြင်ပြီးသူဖြစ်ခြင်း

(ခ) အသက်(၃၀) နှစ်၊ သိက္ခာ (၁၀) ဝါထက် မကြီးသူဖြစ်ခြင်း

(ဂ) တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို ရေးဖြေ၊ နှုတ်ဖြေ နှစ်ရပ်လုံးကို အောင်မြင်သူဖြစ်ခြင်း - ဟူသောအရည်အချင်းများနှင့်

ပြည့်ဝသော ရဟန်း / သာမဏေများသည် သာသနတက္ကသီလဓမ္မာစရိယတန်း ပထမနှစ်ကို တက်ရောက်သင်ယူခွင့်ရှိပါသည်။ သာသနတက္ကသီလဓမ္မာစရိယ သင်တန်းသား လက်ခံသောနှစ်မှစ၍ နတ်တော်လဆန်း ၁ -ရက်နေ့ကို သင်တန်း၏နှစ်စအဖြစ် သတ်မှတ်ပြီး နှစ်ဝက်စာမေးပွဲတစ်ကြိမ်ကျင်းပကာ သီတင်းမကျွတ်မီ အတန်းတင်စာမေးပွဲကျင်းပလာခဲ့ပါသည်။ စတုတ္ထနှစ် အတန်းတင်စာမေးပွဲဖြေဆိုပြီးသော သင်တန်းသားသည် စာမျက်နှာ ၅၀ - နှင့်အထက်ရှိသော သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism)ဘွဲ့ယူစာတမ်းငယ် တစ်စောင် ရေးသားတင်သွင်းပြီး မဟာစည်သာသနာ့ရိပ်သာ(ဌာနချုပ်)၌ ၁၀ - ရက်တိုင်တိုင် ပဋိပတ်လုပ်ငန်းကို မပျက်မကွက် အားထုတ်ရပါသည်။

သာသနတက္ကသီလဓမ္မာစရိယတန်း စတုတ္ထနှစ်သင်တန်းကို အောင်မြင်ပြီးဆုံးသော သင်တန်းသားသည် တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့မှ သတ်မှတ်ပေးထားသော စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိပါက မဟာဓမ္မာစရိယတန်းသို့တက်ရောက်ပညာသင်ယူခွင့်ရရှိပါသည်။ မဟာဓမ္မာစရိယသင်တန်း၌ ရေးဖြေစာမေးပွဲ ၂ - နှစ်ကို ဖြေဆိုအောင်မြင်ပြီးသော သင်တန်းသားသည် မဟာစည်သာသနာ့ရိပ်သာ(ဌာနချုပ်)၌ အနည်းဆုံး ၄၅ - ရက်တိုင်အောင် ပဋိပတ်လုပ်ငန်းများကို မဖြစ်မနေသွားရောက်လုပ်ဆောင်ရပါသည်။

ပဋိပတ်လုပ်ငန်းကို လုပ်ဆောင်ပြီးသော မဟာဓမ္မာစရိယသင်တန်းသားသည် သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့ယူကျမ်းခေါင်းစဉ်သုံးခုကို မာတိကာနှင့်တကွ တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့မှ တာဝန်ပေးထားသည့် မဟာဓမ္မာစရိယဘွဲ့ယူကျမ်းခေါင်းစဉ် အတည်ပြုရေးအဖွဲ့သို့တင်ပြရပါသည်။ ယင်းအဖွဲ့မှ ပြန်လည်ချပေးသောကျမ်းခေါင်းစဉ်ကို ရယူကာ ကျမ်းကြီးကြပ်ရေးအဖွဲ့နှင့် အပတ်စဉ်တွေ့ဆုံ၍ အနီးကပ်ကြီးကြပ်မှုကို ခံယူပြီး



www.burmeseclassic.com

www.burmeseclassic.com



၃ - နှစ်အတွင်း ဘွဲ့ယူကျမ်းစာပြီးစီးအောင် ရေးသား ပြုရပါသည်။ ၃-နှစ်အတွင်း ဘွဲ့ယူကျမ်းစာ မပြီးစီး၊ တင်သွင်းနိုင်ခဲ့ပါက မဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့ကို ရယူပိုင်ခွင့် မရှိတော့ပါ။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပညာသင်ကြားရေးဌာနများသည် ၁၃၅၁-ခုနှစ်၊ နယုန် လဆန်း ၁၃-ရက်၊ (၁၆၊ ၆၊ ၈၉) ရက်နေ့တွင် ကျင်းပသည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးက အတည်ပြုပေးခဲ့သော သာသနာ့တက္ကသိုလ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ-

၁။ ဝိနယပိဋကမဟာဌာန
၂။ သုတ္တန္တပိဋကမဟာဌာန
၃။ အဘိဓမ္မပိဋကမဟာဌာန
၄။ ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန
၅။ ပိဋကတ်ဆိုင်ရာ မြန်မာစာပေဌာန
၆။ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန
၇။ ဗုဒ္ဓဒေသနာ ပြန့်ပွားရေးပညာဌာန - ဟု ဌာနခုနစ်မျိုးဖြစ်လာပါသည်။

ထိုတွင် ၁ ၊ ၂ ၊ ၃ ဌာနသုံးခုသည် မဟာဌာနများဖြစ်ပြီး ကျန်လေးခုသည် အထောက်ကူပြုဌာနများ ဖြစ်ပါသည်။ သာသနတက္ကသီလဓမ္မာစရိယသင်တန်းသားသည် လေးနှစ်စလုံး ဘာသာခုနစ်မျိုးကို နှစ်အလိုက် သင်ရိုးညွှန်းတမ်းအတိုင်း သင်ယူကြရပါသည်။ သာသနတက္ကသီလမဟာဓမ္မာစရိယသင်တန်းသားသည် မဟာဌာနကြီးသုံးခုအနက် စိတ်ကြိုက်ဘာသာရပ်တစ်ခုနှင့် အထောက်ကူပြုဘာသာရပ် အားလုံးကို သင်ယူကြရပါသည်။ နှစ်စဉ်စာမေးပွဲ နှစ်ဝက်တစ်ကြိမ်၊ အတန်းတင် တစ်ကြိမ် ပျောက်ကွက် ဖြေဆိုရပါသည်။

**ဝိနယ၊ သုတ္တန္တ၊ အဘိဓမ္မမဟာဌာနသုံးခု၌ -**

၁။ **အတ္ထယောဇနာ** = ပါဠိတစ်ပုဒ် မြန်မာတစ်ပုဒ် နိသျပြန်ဆိုသောနည်းနှင့် ပါဠိကို မြန်မာသက်သက် ပြန်ဆိုသောနည်းစသည်၊

၂။ **ဝါကျသဒ္ဒါ** = ပါဠိဝါကျအမျိုးအစား၊ ပါဠိဝါကျတို့၏ အနေအထား၊ ရှေ့ နောက် ဆက်စပ် နီးနွယ်ပုံများ စသည်၊



၃။ **အဓိပ္ပါယတ္ထ** = ကျမ်းရင်း၌ ဆိုလိုရင်း အဓိပ္ပါယ်များ၊ သွယ်ဝိုက်သောအဓိပ္ပါယ်များ၊ ကျမ်းညှိခြင်းများ စသည်၊

၄။ **ခေတ်လေ့လာနည်း** = စာပေ၌ဆိုသော အဆိုကို ခေတ်အမြင်ဖြင့် ရှုမြင်သုံးသပ်နည်း၊ ကောက်ချက်ဆွဲနည်း၊ သင်ခန်းစာ ထုတ်ယူနည်း ဟူ၍ သင်ကြားပုံလေးမျိုး ခွဲခြားထားပါသည်။

ယင်းလေးမျိုးကို -

၁။ ဟောပြောပို့ချမှုပုံစံဖြင့် သင်ကြားခြင်း၊
၂။ ပုံစံထုတ်ရှင်းပြခြင်း၊
၃။ ဥပဒေသထုတ်ပြခြင်း၊ ( နိယံ /အဋ္ဌကထာ၊ ဋီကာအဆို)
၄။ လက်တွေ့ကျကျ လေ့ကျင့်စေခြင်း၊
၅။ လုပ်ငန်းပေးလေ့ကျင့်စေခြင်း၊
၆။ ကိုယ်ကျင့်တရားထက်မြက်စေရန် လမ်းညွှန်မှုပေးခြင်းဟူသော သင်ကြားနည်း ၆-မျိုးဖြင့် မွမ်းမံသင်ကြားပေးပါသည်။

**ပိဋကတ်ဆိုင်ရာပါဠိစာပေဘာသာရပ်၌ -**

၁။ ပါဠိသဒ္ဒါ -

(က) ရိုးရာသင်နည်း (ဝါကျဖွဲ့စည်းပုံ၊ သဒ္ဒါ)

(ခ) ခေတ်သင်နည်း (ရောမအက္ခရာ ဖလှယ်အသုံးပြုပုံ၊ သဒ္ဒါ)



www.burmeseclassic.com

www.burmeseclassic.com



၂။ ပါဠိစာပေ ( သုတ်တော်တို့ သမိုင်းရင်းမြစ်)

၃။ သက္ကတသဒ္ဒါ (ဒေဝနာဂရီအက္ခရာရေးနည်း၊ သက္ကတဘာသာ, ပြာကဋဘာသာတို့ဖြင့် ရေးထိုးထားသော သမိုင်း, ပြဇာတ်, ဂန္ထဝင်စာပေတို့ကို ဖတ်နည်း၊ ယင်းဘာသာတို့၏ သဒ္ဒါအခြေခံများ၊ ဝါကျရေးနည်းများ) စသည့်သင်ရိုး ညွှန်းတမ်းနှင့်တကွ သင်ကြားပေးပါသည်။

**ပိဋကတ်ဆိုင်ရာ မြန်မာစာပေဘာသာရပ်၌ -**

၁။ စကားပြေ (ရေးဟန်း/လေ့လာရန်အချက်များ)

၂။ ပျို့,ကဗျာ (လေ့လာရမည့်အချက်များ စသည်)

၃။ ဝေါဟာရအခြေခံ ( စကားလုံးတစ်လုံး၏ ရင်းမြစ်, ဆင်းသက်လာပုံ၊ မြန်မာသဒ္ဒါ၊ ကျောက်စာပါ ဝေါဟာရတို့၏ ဆိုလိုရင်းအနှစ်ချုပ်ထုတ်ပုံ၊ အကြောင်းအရာပါကိုရှုမြင်၍ ယင်းခေတ်အခြေအနေကို အကဲဖြတ်ခြင်း စသည်)တို့ကို သင်ရိုးညွှန်းတမ်းကို ဗဟိုပြု၍ သင်ကြားပေးပါသည်။ ထိုပြင် ကျမ်းပြုနည်း , သုတေသနလုပ်နည်း စသည်ဖြင့် ကျမ်းရေးသားခြင်းဆိုင်ရာ အတတ်ပညာတို့ကိုလည်း လေ့ကျင့်ရေးသားစေပါသည်။

**ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဘာသာရပ်၌ -**

အင်္ဂလိပ်စာ အခြေခံမှစ၍ ဗုဒ္ဓစာပေနှင့်စပ်ဆိုင်သည့် ဝေါဟာရမှန်များ၊ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်ဘာသာ ဖတ်စာများ (ဥပမာ- ဓမ္မပဒ၊ အဘိဓမ္မတ္ထသင်္ဂဟ၊ မြတ်ဗုဒ္ဓဒေသနာ၊ ဗုဒ္ဓဘာသာတို့၏ လူနေမှုဘဝပုံစံများ, ကျင့်သုံးလိုက်နာရမည့် ကျင့်စဉ်များ)၊ ဝါကျရေးသားနည်း၊ စာစီစာကုံးရေးသားနည်း၊ ပေးစာရေးနည်း၊ သဒ္ဒါနည်းကျကျ ရေးသားနည်းတို့ကို နှစ်အလိုက်ပြဋ္ဌာန်းထားသည့် သင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားပို့ချပေးပါသည်။

**ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာ ဘာသာရပ်၌ -**

၁။ ပိဋကတ်တော်သမိုင်း၊ မြန်မာသာသနာ့သမိုင်း၊ အိန္ဒိယသာသနာ့သမိုင်း၊ သီရိလင်္ကာသာသနာ့သမိုင်းစသော ဗုဒ္ဓသာသနာရောက်ရှိရာ ကမ္ဘာ့နေရာအနှံ့အပြား၏ သာသနာ့သမိုင်းများ၊

၂။ ကမ္ဘာ့ကိုးကွယ်မှုဘာသာကြီးများ၊ မဟာယာနဗုဒ္ဓဘာသာနှင့် တန္တရ, မန္တရဝါဒများ၊ ထေရဝါဒ, မဟာယာနသံဃာ့ဂိုဏ်းကွဲများ၊

၃။ တရုတ်, ဂျပန်စသော အရှေ့တိုင်းနိုင်ငံများနှင့် အင်္ဂလန်, အမေရိကန်စသော အနောက်နိုင်ငံများသို့ ဗုဒ္ဓသာသနာ ရောက်ရှိပြန့်ပွားပုံနှင့် မျက်မှောက်ခေတ်အခြေနေများ၊ ဒဿနိကဗေဒပညာရှင်တို့၏ အဆိုအမိန့်များကို ဗုဒ္ဓအဆုံးအမနှင့် စိစစ်၍ မှန် / မမှန် ဆုံးဖြတ်ချက်များ၊

၄။ သာသနာပြုအထောက်အကူပြု ဗဟုသုတဘာသာရပ်များ ( အခြေခံ ပထဝီ၊ နိုင်ငံသမိုင်း၊ ကိုယ်ကျင့်တရားပညာ၊ တိုင်းရင်းသားလူမျိုးရေးရာ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းစဉ်အလာများ စသည်)၊

၅။ ပိဋကတ်တော်လာ သာသနာပြုနည်း ကောက်နုတ်ချက်များ စသည်တို့ကိုခေတ်နှင့်လျော်ညီအောင် ဝေဖန်သုံးသပ် ဆွေးနွေးပြီး သင်ရိုးညွှန်းတမ်းတွင် ညွှန်ကြားသည့်အတိုင်း သင်ကြားပို့ချစေပါသည်။

အခြေအနေရ မဟာဓမ္မာစရိယတန်းသို့ တက်ရောက်၍ ပညာသင်ကြားခွင့်မရသော ပုဂ္ဂိုလ်များ၊ မဟာဓမ္မာစရိယတန်းသို့ တက်ရောက်ပညာသင်ကြားခွင့်ရသော်လည်း တက္ကသိုလ်များ၌ သင်ကြား / စီမံတာဝန်တို့ကို ထမ်းဆောင်ခွင့်မရသော ဘွဲ့ယူကျမ်းစာတင်သွင်းပြီးသောပုဂ္ဂိုလ်များသည် ထေရဝါဒဩဝါဒါစရိယဆရာတော်ကြီးများက တာဝန်ပေးစေလွှတ်သည့် နယ်စပ်နှင့်တောင်တန်းဒေသရှိ သာသနာပြုဌာနများသို့ (ယခင် ၁-နှစ်၊ ယခု ၂-နှစ်တိတိ) သာသနာပြုတာဝန်တို့ကို ထမ်းဆောင်ရပါသည်။ တာဝန်ပြီးဆုံး



www.burmeseclassic.com

www.burmeseclassic.com



ရှိသော သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့တံဆိပ်ဘွဲ့လက်မှတ်များကို တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့က ပေးအပ်ပါသည်။



### ဝင်ခွင့်စာမေးပွဲဆိုင်ရာ

၁၃၆၈ - ၆၉ ခု ပညာသင်နှစ်မှစ၍ သာသနာ့တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဆိုင်ရာ ဘာသာရပ်များကို ထိုးခဲ့မေးမြန်းစစ်ဆေးခဲ့ပါသည်။ ယခင်အခါက ဝိနယ, သုတ္တန္တ, အဘိဓမ္မဘာသာရပ်တို့ကို မေးခွန်းလွှာတစ်ခု၊ အထွေထွေဗဟုသုတဘာသာရပ်ကို မေးခွန်းတစ်ခု - ဟူ၍ မေးခွန်းလွှာနှစ်ခုထုတ်ကာ နှစ်ချိန်ခွဲ၍ တစ်နေ့တည်း၌ ပြီးဆုံးအောင် ဖြေဆိုခဲ့ရပါသည်။ ယင်းပညာသင်နှစ်မှ စ၍ ဆိုခဲ့ပြီးသောဘာသာရပ်တို့အပြင် ပါဠိ, အင်္ဂလိပ် - ဘာသာရပ်တို့ကို တိုးမြှင့်ခဲ့ပြီး ဝိနယ, သုတ္တန္တ, အဘိဓမ္မ, အထွေထွေဗဟုသုတဘာသာရပ်တို့ကို မေးခွန်းလွှာတစ်ခုတည်းထုတ်၍ တစ်ရက်၊ ပါဠိဘာသာရပ်ကို မေးခွန်းလွှာတစ်ခုထုတ်၍ တစ်ရက်၊ အင်္ဂလိပ်ဘာသာရပ်ကို မေးခွန်းလွှာတစ်ခုထုတ်၍ တစ်ရက် စသည်အားဖြင့် သုံးရက်တိုင်တိုင် ရေးဖြေစာမေးပွဲကို ဖြေဆိုရပါသည်။ ရေးဖြေအောင်မြင်လာသောပုဂ္ဂိုလ်များကို လူတွေ့နှုတ်မေးစစ်ဆေးပြီး တက္ကသိုလ်တက်ရောက်ခွင့်အောင်စာရင်း ထုတ်ပြန်ပေးပါသည်။ ယင်းပညာသင်နှစ်ဝင်ခွင့်အောင်စာရင်းတွင် က - အမှတ်ဖြင့် အောင်မြင်လာသော ပုဂ္ဂိုလ်များသည် ပထမနှစ်သင်တန်းကို တက်ရောက်ခွင့်ရကြပြီး၊ ခ - အမှတ်ဖြင့် အောင်မြင်လာသော ပုဂ္ဂိုလ်များကိုမူ ပထမနှစ် အကြိုတန်းသို့သာ တက်ရောက်ခွင့်ပြုခဲ့ပါသည်။ ယင်းပညာသင်နှစ်တွင်သာ ပထမနှစ်အကြိုတန်း ထားပြီး နောင်နှစ်များတွင်မူ ပထမနှစ်အကြိုတန်း ဟူ၍ သီးသန့်မထားရှိတော့ဘဲ အောင်စာရင်းကိုလည်း တစ်ခုတည်းထုတ်ပြန်ပြီး ပထမနှစ်သင်တန်းသို့သာ တက်ရောက် သင်ယူစေပါသည်။

အုပ်ချုပ်ရေးဗဟိုအဖွဲ့သည် တက္ကသိုလ်အသီးသီးရှိ ပညာသင်ကြားရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတက္ကသိုလ်များရှိ ပါမောက္ခချုပ်ဆရာတော်၊ ဒုတိယပါမောက္ခချုပ်ဆရာတော်များနှင့် ပါမောက္ခ၊ ဌာနမှူးဆရာတော်များ ပညာရှင်လူပုဂ္ဂိုလ်များပါဝင်သော တက္ကသိုလ်ပညာသင်ကြားရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ တက္ကသိုလ်ပညာသင်ကြားရေးအဖွဲ့သည် မိမိတို့သာသနာ့တက္ကသိုလ်များရှိ ပညာသင်ကြားရေးလုပ်ငန်းများ၊ သင်ရိုးညွှန်းတမ်း ရေးဆွဲပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ၊ ပညာသင်ကြားရေးဌာနများ၌ သင်ကြားရေးတာဝန်ကို ဆောင်ရွက်ကြမည့်ပုဂ္ဂိုလ်များ လျာထားသတ်မှတ်ခြင်းလုပ်ငန်းများ စသည်တို့ကို လုပ်ဆောင်ရပါသည်။

ဤသို့လျှင် သာသနာ့တက္ကသိုလ်ပညာသင်ကြားရေးကဏ္ဍသည် ပရိယတ္တိပညာသင်ကြားရေးစနစ်ကို တစ်ခေတ်ဆန်းသစ်စေခဲ့သည်သာမက မူလရည်ရွယ်ရင်းပန်းတိုင်သို့ပါ အရောက်လှမ်းစေနိုင်ခဲ့ပါသည်။ ပြည်တွင်းသာမက ပြည်ပသို့ပါ ခြေဆန့်ပြီး သာသနာ့အမြိုက်ဆေးကို လိုအပ်လျက်ရှိသော အရပ်ဒေသများသို့ အရောက်ပို့တိုက်ကျွေးနေသော သာသနာပြုသူရဲကောင်းများစွာကို ပေါ်ထွန်းစေခဲ့ပြီဖြစ်ပါသည်။

■ ဘဒ္ဒန္တဇောတိက
ဒုတိယပါမောက္ခချုပ် (သင်ကြား)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)



www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ ပဋိပတ်လုပ်ငန်း

ပဋိပတ္တိသာရကံ ဗုဒ္ဓသာသနံ(မ၊ ဋ၊ ၃။ ၉၅။) နှင့်အညီ သာသနာ့တက္ကသိုလ်များ၌ သင်ယူနေသော ပရိယတ္တိသည် ပဋိပတ်နှင့်မကင်းသော ပရိယတ္တိ ဖြစ်ပါသည်။ ထို့ကြောင့် သာသနာ့တက္ကသိုလ်ဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်များသည် ပဋိပတ္တိကို ပို့ဆောင်နေသော ရည်ရွယ်ချက်များဖြစ်ပါသည်။

ပဋိပတ်နှင့်ကင်းသော ပရိယတ္တိလုပ်ငန်းသည် "ဖွဲပုံ၌ စိုက်ထောင်ထားသော တိုင်ကဲ့သို့ မခိုင်မြဲပါ"။ ပရိယတ်ကင်းသော ပဋိပတ္တိသည် "တက်မ, မပါသော လှေကဲ့သို့ ဗရမ်းဗတာ နိုင်လှပါသည်"။ ပရိယတ်ကင်းသော ပဋိပတ္တိဝန်ဆောင်ပုဂ္ဂိုလ်များသည် ပေါဋ္ဌိလမထေရ်ကို ထောက်၍ ပရိယတ္တိဝန်ဆောင်ပုဂ္ဂိုလ်များကို ကဲ့ရဲ့ရှုတ်ချတတ်ပါသည်။ ပဋိပတ္တိမပါသော ပရိယတ္တိဝန်ဆောင်ပုဂ္ဂိုလ်များကလည်း ရဟန္တာပုဂ္ဂိုလ်ကို ကဲ့ရဲ့သောမထေရ်ကဲ့သို့ ပဋိပတ္တိဝန်ဆောင်ပုဂ္ဂိုလ်များကို အထင်မကြီးပါ။

ထို့ကြောင့် ပရိယတ္တိလုပ်ငန်းနှင့် ပဋိပတ်လုပ်ငန်းတို့ကို ညီမျှနေအောင် ဆောင်ရွက်သင့်ပါသည်။ တစ်ဦးကိုတစ်ဦး အပြစ်ဖော်ပြ ကဲ့ရဲ့ရှုတ်ချနေခြင်းသည် တန်ဖိုးရှိသောအချိန်ကို ဖြုန်းတီးနေခြင်းသာ ဖြစ်ပါသည်။ မည်သည့်အကျိုးကျေးဇူးမျှ ဖြစ်ထွန်းလာမည်မဟုတ်ပါ။

နိုင်ငံပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ အုပ်ချုပ်ရေးဗဟိုအဖွဲ့က သာသနာ့တက္ကသိုလ်လက်စွဲ၊ ကျောင်းတွင်းစည်းကမ်းဆိုင်ရာ ဘုရားဝတ်တက်စည်းမျဉ်း အပိုဒ်(၆၁) ဘုရားဝတ်တက်ပြီးလျှင် (၁၅)မိနစ် တရားထိုင်ရမည်။ အပိုဒ်(၆၂) တရားထိုင်ရာတွင် ပညာသင်ကြားရေးကို အထောက်အကူဖြစ်စေသည့် သမာဓိရစေရန် အာနာပါနကမ္မဋ္ဌာန်းကို ( သက်ဆိုင်ရာက ညွှန်ကြားသည့်အတိုင်း) ရှုမှတ်ပွားများရမည်ဟု သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပါသည်။

( ၂၃၊ ၁၊ ၁၉၉၃)နေ့က ကျင်းပသော အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၉၃)ဒသမအကြိမ် ပုံမှန်အစည်းအဝေး၌ ဥက္ကဋ္ဌဆရာတော်က " န·ပ·သ မှာ ပရိယတ္တိ, ပဋိပတ္တိ ညီမျှအောင် ဝိပဿနာသင်တန်းလုပ်ဆောင်ပေးဖို့ ယခုဗဟိုအဖွဲ့အစည်းအဝေးက မူချထားပြီး အသေးစိတ်ကို ဆက်လုပ်ဆောင်သင့်ကြောင်း၊ နိုင်ငံခြားမှာ လက်တွေ့သာသနာပြုနိုင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဝိပဿနာလုပ်ငန်းပါမှ မြဲနိုင်ကြောင်း၊ စာပေချည်းနဲ့ မမြဲနိုင်ကြောင်း'' အစရှိသည်ဖြင့် နိုင်ငံတကာအတွေ့အကြုံကို အခြေခံ၍ လမ်းညွှန်မိန့်ကြားတော်မူခဲ့ပါသည်။ ယင်းအစည်းအဝေးက -

ဆုံးဖြတ်ချက် အပိုဒ်(၁၆) -

န·ပ·သ တွင် ပရိယတ္တိနှင့် ပဋိပတ္တိ ညီမျှအောင် ဝိပဿနာလုပ်ငန်းကိုပါ ထည့်သွင်း ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။ (၄၊ ၃၊ ၉၄)၊ (၁၈၊ ၉၊ ၉၄)နေ့များ၌ ကျင်းပသော တက္ကသိုလ်ပညာ သင်ကြားရေးအဖွဲ့(ရန်ကုန်)က ပါမောက္ခချုပ်ဆရာတော် ဥက္ကဋ္ဌအဖြစ်ပါဝင်သော ''န·ပ·သ ပဋိပတ္တိသင်ခန်းစာ စီမံချက်ရေးဆွဲရေးကော်မတီ''ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ခဲ့ပါသည်။ ယင်းကော်မတီက ''ပဋိပတ္တိလုပ်ငန်းစီမံချက်စည်းမျဉ်း''(မူကြမ်း)ကိုရေးဆွဲ၍ (၂၆၊ ၉၊ ၉၄) နေ့၌ကျင်းပသော တက္ကသိုလ်ပညာသင်ကြားရေးအဖွဲ့(ရန်ကုန်)နှင့် ဗဟိုပညာရေးအဖွဲ့(၂/၉၄)အစည်းအဝေးများသို့ တင်သွင်း၍ ယင်းမှတဆင့် တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့(၁/၉၅) အစည်းအဝေးသို့ တင်သွင်းခဲ့ပါသည်။ ယင်းအစည်းအဝေးက(၁၃၅၆ - ၅၇)ခု၊ ပညာသင်နှစ်တွင် (၁၀)ရက် ပဋိပတ်လုပ်ငန်းကို စတင်၍အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။

ယင်းဆုံးဖြတ်ချက်အရ မဟာစည်သာသနာ့ရိပ်သာကို ရွေးချယ်ခဲ့ပါသည်။ သင်တန်းသား(၁၀၀)ရှိပါသည်။ မဟာစည်သာသနာ့ရိပ်သာ၌ အာဂန္တုဆောင်ကို နေရာပေးနိုင်သော်လည်း ဗုဒ္ဓဘာသာ ယဉ်းကျေးမှုသင်တန်းရှိနေ၍ တရားထိုင်ဖို့ နေရာအခက်အခဲကြုံနေပါသည်။

ကြို့ပင်ကောက်ဆရာတော်ဘုရားကြီးက ''တရားထိုင်ရန် ဆရာတော်ဘုရားကြီး၏ ရုပ်ထုဆောင်၌ နေရာပေးရန်၊ သာသနာ့တက္ကသိုလ် သံဃာများကို ကိုယ်တိုင်တာဝန်ယူ၍ ပဋိပတ်လုပ်ငန်းကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း'' မိန့်ကြားတော်မူပြီး တာဝန်ယူလက်ခံတော်မူပါသည်။

မိမိတို့မှာ ပထမအကြိမ်ဖြစ်သဖြင့် အခက်အခဲတစ်ခု ကျော်လွန်သွားသဖြင့် အလွန်ဝမ်းမြောက်ရပါသည်။ နှစ်ရက်တစ်ခါ အခြေအနေအရပ်ရပ်ကို သွားရောက်အကဲခတ်ရပါသည်။ ဆရာတော်ဘုရားကြီးကိုလည်း မေးမြန်းလျှောက်ထားရပါသည်။

ကြို့ပင်ကောက်ဆရာတော်ဘုရားကြီးက - ပဋိပတ်(၁၀)ရက်အချိန်သည် ရဟန်းတော်များအတွက် နည်းလွန်းလှပါသည်။ ''ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက ရဟန်းတော်များဖြစ်လျှင် (၄၅)ရက် အားထုတ်ပြီးမှ ဉာဏ်စဉ်နာယူစေကြောင်း၊ သို့ဖြစ်၍ အနည်းဆုံး(၄၅)ရက် ပဋိပတ်အချိန်ပေးသင့်ကြောင်း'' မိန့်ကြားတော်မူပါသည်။ မိမိကတင်ပြပေးပါမည်ဟု ကတိပြုခဲ့ပါသည်။ ဗဟိုပညာရေးအဖွဲ့မှ တဆင့် အုပ်ချုပ်ရေးဗဟိုအဖွဲ့သို့ တင်ပြရာ ဖော်ပြပါအတိုင်း ဆုံးဖြတ်ပေးခဲ့ပါသည်။

(၇၊ ၂၊ ၉၆)နေ့က ကျင်းပသော ဗဟိုပညာရေးအဖွဲ့ (၁/၉၆ )အစည်းအဝေးဆုံးဖြတ်ချက်(၆)-

(က) ၁၃၅၇-၅၈ ခု၊ ပညာသင်နှစ်ပဋိပတ်လုပ်ငန်းကို နွေရာသီကျောင်းပိတ်ချိန် သင်္ကြန်မကျမီအတွင်း သာသနတက္ကသီလဓမ္မာစရိယတန်း (စတုတ္ထနှစ်)၊ မဟာဓမ္မာစရိယတန်း(ပထမနှစ်၊ ဒုတိယနှစ်)သင်တန်းသားများကို ရနိုင်သောရက်အပိုင်းအခြားအလိုက် ယခင်နှစ်ကဲ့သို့ အရှိန်မပြတ် ဆက်လက်အားထုတ်စေရန်၊

(ခ) သီတင်းကျွတ်ကျောင်းပိတ်ချိန်(သို့မဟုတ်) နတ်တော်လကျောင်းဖွင့်ချိန်တို့၌ မဟာဓမ္မာစရိယ(ဒုတိယနှစ်) အောင်မြင်ပြီးသော ကျမ်းပြုသင်တန်းသားများကို ကမ္မဋ္ဌာနစရိယဆရာတော်များ ကျေနပ်သည်အထိ အနည်းဆုံးတစ်လ အားထုတ်စေရန်- ဆုံးဖြတ်ခဲ့ပါသည်။

(၁၅၊၂၊၉၇)နေ့ကကျင်းပသော အုပ်ချုပ်ရေး



www.burmeseclassic.com

www.burmeseclassic.com



ဗဟိုအဖွဲ့ (၁/၉၇)က ဆုံးဖြတ်ချက်(၇) -

(ခ) န·ပ·သ၏ ပဋိပတ်လုပ်ငန်းကို သင့်လျော်သည့်အချိန်တွင် ပြုလုပ်ဆောင်ရွက်ရန် ဆုံးဖြတ် ပေးခဲ့ပါသည်။

အထက်ပါအစည်းအဝေးဆုံးဖြတ်ချက်များအရ (၁၃၅၇-၅၈)ခု၊ ပညာသင်နှစ်မှစ၍ ဓမ္မာစရိယတန်း (စတုတ္ထနှစ်)နှင့် မဟာဓမ္မာစရိယတန်း (ပထမနှစ်)သင်တန်းသားများကို သီတင်းကျွတ်ကျောင်းပိတ်ရက်၌ (၁၀)ရက် ပဋိပတ်လုပ်ငန်းကိုလည်းကောင်း၊ မဟာဓမ္မာစရိယတန်း (ဒုတိယနှစ်) သင်တန်းသားများကို နတ်တော်လပြည့်ကျော်၌ (၄၅)ရက် ပဋိပတ်လုပ်ငန်းကိုလည်းကောင်း၊ ဆောင်ရွက်လာခဲ့သည်မှာ (၁၃၇၀-၇၁)ခု၊ ပညာသင်နှစ်အထိ (၁၆)ကြိမ် ရှိပြီဖြစ်ပါသည်။ ယင်းပဋိပတ်လုပ်ငန်းကို သင်တန်းသားများ၏ ရေ၊ မီးအတွက် တစ်ပါးလျှင် (၅၀၀)ကျပ်နှင့် ဆွမ်းအတွက် တစ်ရက် (၅၀၀)ကျပ်ကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့သို့ နှစ်စဉ်လှူဒါန်းခဲ့ပါသည်။

ပဋိပတ်လုပ်ငန်းသည် ပရိယတ်လုပ်ငန်းကဲ့သို့ လုံ့လဝီရိယ ဉာဏ်ပညာထက်မြက်ရုံမျှဖြင့် မအောင်မြင်ပါ။ ယောဂီပုဂ္ဂိုလ်သည်- ယုံကြည်မှု သဒ္ဓါ၊ ဝီရိယ၊ ပညာတို့ကို အရင်းအနှီးပြု၍ သတိဖြင့် ထိန်းချုပ်အားထုတ်ရပါမည်။ သဒ္ဓါ၊ ဝီရိယ၊ သတိ သဘာဝအားနည်းသူများသည် “ ပိုးသာကုန် မောင်ပုံစောင်းမတတ်” ကဲ့သို့ နိမိတ်မျှပင် မထင်မြင်နိုင်ပါ။ မိမိစိတ်၌ အားနည်းနေသော သဒ္ဓါ၊ ဝီရိယ၊ သတိတို့ကို အားကောင်းလာအောင် ရှေးဦးစွာ ပြုပြင်ရပါသည်။ ယင်းတရားသုံးပါး အားကောင်းလာပါမှ (သို့မဟုတ်) ဗိုလ်ကိစ္စတပ်လာပါမှ သမာဓိနှင့် ပညာတို့ ဖြစ်ပေါ်လာပါသည်။

တရားပတ်တစ်ပတ်၌ အန္ဓပုထုဇဉ်ဘဝမှ ကလျာဏပုထုဇဉ်ဘဝသို့ ရောက်ရှိလျှင်ပင် အောင်မြင်သည်ဟု ဆိုရပါမည်။ များသောအားဖြင့် သဒ္ဓါအားနည်းသူများ ပါဝင်နေသဖြင့် ထိုသူများအတွက်တော့ ထူးခြားမှုမရှိနိုင်ပါ။ သဒ္ဓါမရှိသော်လည်း ချမှတ်ထားသော န·ပ·သ စည်းကမ်း၊ ရိပ်သာစည်းကမ်းအရ မဖြစ်မနေအားထုတ်ကြရသဖြင့် ဝါသနာအထုံကုသိုလ်တော့ ဖြစ်ကြပါလိမ့်မည်။

တစ်ပတ်လျှင် အနည်းဆုံး ၅-ပါးခန့် တရားသိမြင် သမာဓိပညာအဆင့်သို့ ရောက်ရှိလျှင် အောင်မြင်ပါသည်ဟု ပြောနိုင်ပါသည်။ “စာပေစကား နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ ဖြစ်မည်သာတည်း”ဟူသော ရှင်မဟာရဋ္ဌသာရ ဆုံးမစာအရ ကမ္မဋ္ဌာနာစရိယဆရာတော်များ၏ ဩဝါဒကို နေ့တိုင်းနာယူနေရသဖြင့် အသိဉာဏ်ပညာ ရင့်သန်သည့်အချိန်ဝယ် အကျိုးရှိပါလိမ့်မည်ဟု ဆိုရပါလိမ့်မည်။

ပဋိပတ်လုပ်ငန်းသည် လူ့ဘဝ၏အနှစ်သာရ လုပ်ငန်းဖြစ်ပါသည်။ လူသားတိုင်း အားထုတ်ရမည့် ဘဝပေးလုပ်ငန်း ဖြစ်ပါသည်။ ဓမ္မကိုမသိသော်လည်း စွဲစွဲမြဲမြဲ အားထုတ်နေသော ယောဂီပုဂ္ဂိုလ်များအား အပါယ်ဘေးကတော့ လွတ်ကင်းအောင် ဆောင်ရွက်ပေးပါလိမ့်မည်။ ဤဘာဝနာကုသိုလ်သည် အချည်းနှီး မဖြစ်ပါ။ ပါရမီကုသိုလ်အဆင့်သို့ ရောက်အောင် ကျေးဇူးပြုပေးပါလိမ့်မည်။ နောက်ဘဝတစ်ခုခု၌ ဓမ္မသိမြင် အရိယာသူတော်စင်ဖြစ်ပြီး ဆင်းရဲဒုက္ခများမှ ကင်းဝေးအောင်၊ ချမ်းသာသုခနှင့် ပြည့်စုံအောင် ဓမ္မရတနာ၏ သန္ဒိဋ္ဌိက၊ အကာလိကဂုဏ်တော်များက ကျေးဇူးပြုပေးပါလိမ့်မည်။ ထို့ကြောင့် သာသနာပြုပုဂ္ဂိုလ်များအနေဖြင့် မဖြစ်မနေ အားထုတ်ရမည့်လုပ်ငန်း ဖြစ်ပါသည်။ ဓမ္မသဘာဝကို ကိုယ်တိုင်သိထားလျှင် ဆောင်ရွက်နေသည့် ဘာသာရေးလုပ်ငန်းတို့၌ တွေ့ကြုံတတ်သော အခက်အခဲများကို လွှမ်းမြောက်ပြီး ပရိသတ်၏ ယုံကြည်အားကိုးမှုကို ခံရပါလိမ့်မည်။ ပရိသတ်၏ လေးစားကြည်ညိုမှုကို ခံယူရမှ မိမိ၏ ဘာသာရေး လုပ်ငန်းများ ပြီးစီးအောင်မြင်လာပါလိမ့်မည်။

အရည်အချင်းမရှိလျှင် မမှန်ကန်သော နည်းပညာကို အသုံးပြုနေပါက ရေရှည်မအောင်မြင်နိုင်ပါ။ မိမိ၏အခြေအနေကို ပရိသတ်ကသိမြင်လာလျှင် အရှက်တကွဲအကျိုးနည်း ဖြစ်သွားပါလိမ့်မည်။

ဗုဒ္ဓဘာသာဝင်တို့၏ နောက်ဆုံးပန်းတိုင်သည် ကိလေသာတို့မှ လွတ်မြောက်မှုဖြစ်ပါသည်။ ကိလေသာ ရှိနေသမျှ ဆင်းရဲဒုက္ခ ရှိနေမည်သာဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





ဆင်းရဲဒုက္ခဖြစ်အောင် ကိလေသာက စီစဉ်ပေးနေပါသည်။ အရဟတ္တမဂ်၊အရဟတ္တဖိုလ် ဉာဏ်များက ကိလေသာကုန်အောင် ဆောင်ရွက်ပေးပါသည်။ အောက်မဂ်, အောက်ဖိုလ်ရလျှင်ပင် ဆင်းရဲဒုက္ခငြိမ်းဖို့ သေချာနေပြီဖြစ်ပါသည်။ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ရနိုင်ဖို့ ဝိပဿနာဉာဏ်ဖြစ်အောင် ပဋိပတ်လုပ်ငန်းကို မဖြစ်မနေအားထုတ်ကြရပါမည်။ ဝိပဿနာဉာဏ်သည် ပါရမီဉာဏ်ရှိမှဖြစ်ပါသည်။ ပါရမီဉာဏ်ရှိသောပုဂ္ဂိုလ်များသည် ဝိပဿနာဉာဏ်ကို ဖြစ်စေနိုင်သော တရားတော်ကို ကြားနာရုံမျှဖြင့် မဂ်ဉာဏ်,ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်သွားကြပါသည်။ ထိုသို့ တိုက်ရိုက်မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်ရခြင်းသည် ဘဝများစွာက ပွားများအားထုတ်ခဲ့သော ပါရမီဉာဏ်ထူးကြောင့် ဖြစ်ပါသည်။

ပါရမီဉာဏ်မရှိသောပုဂ္ဂိုလ်များသည် ဝိပဿနာကို ထားလိုက်ပါဦး၊ ဒါန,သီလ ကောင်းမှုအားကိုပင် မကြားလိုပါ။ လက်တွေ့ပြုလုပ်အားထုတ်မှုကို အိပ်မက်ပင်မမက်ဖူးကြပါ။ ထို့ကြောင့် ကျေးဇူးတော်ရှင် မန်လည်ဆရာတော်ဘုရားကြီးက -

> "ပါရမီနဂို၊ မယှိုလိုက၊ ကုသိုလ်သုစရိုက် မဟောထိုက်သည့်၊ သူမိုက်တိရစ္ဆာန်၊ နိဗ္ဗာန်စကား၊ အလွန်ခါး၏။ နားပါးမဝင် မကြားချင်ဘူး။ သိမြင်မဲ့စွာ၊ သူယုတ်မာအား၊ ခြင်းရာကောင်းဆိုး၊ ကြောင်းကျိုးတရား၊ မဟောကြားရာ၊ ဟောမိပါက အပြစ်ရ၏" ဟု မိန့်တော်မူခဲ့ပါသည်။

သတ္တဝါတို့၏ လိုလားတောင့်တချက်သည် "ဆင်းရဲဒုက္ခ လွတ်မြောက်ရေး" ဖြစ်ပါသည်။ ဆင်းရဲဒုက္ခမှ လွတ်မြောက်လိုလျှင် ကိလေသာမရှိမှ ဖြစ်ပါလိမ့်မည်။ ကိုယ့်ကိလေသာပူပန်မှုကြောင့် ဖြစ်ပေါ်ခံစားနေရသော ဆင်းရဲဒုက္ခများကို -

- ♦ ဒါနကုသိုလ်စေတနာက သက်သာခွင့်ရအောင် လုပ်ပေးပါသည်။
- ♦ သီလကုသိုလ်စေတနာက တစ်ခဏတာမျှ မဖြစ်အောင် တားမြစ်ပေးပါသည်။
- ♦ သမာဓိကုသိုလ်စေတနာက မိမိဖြစ်နေသမျှကာလ၌ မဖြစ်အောင်၊ အားနည်းနေအောင် အချိန်ကြာရှည်စွာ တားမြစ်ပေးပါသည်။
- ♦ ဝိပဿနာကုသိုလ်စေတနာက အားနည်းနေအောင် တားမြစ်ပေးထားပြီး မဂ်ကုသိုလ်စေတနာဖြစ်လာအောင် ဆောင်ရွက်ပေးပါသည်။
- ♦ အရဟတ္တမဂ်ကုသိုလ်စေတနာက ကိလေသာအားလုံးကို ပယ်ရှင်းလိုက်ပါသည်။

ထိုအခါမှစ၍ ကိလေသာကြောင့်ဖြစ်သော ဆင်းရဲ ဒုက္ခတို့မှ လွတ်မြောက်ပါလိမ့်မည်။ ထို့ကြောင့် ဆင်းရဲဒုက္ခမှ လွတ်မြောက်လိုသည့် ပုဂ္ဂိုလ်တိုင်း ဝိပဿနာ (ကုသိုလ်)လုပ်ငန်းကို မဖြစ်မနေ အားထုတ်ကြရပါမည်။

ဤမဖြစ်မနေ အားထုတ်ရမည့် လုပ်ငန်းဖြစ်ခြင်း၊ ဆင်းရဲဒုက္ခအမျိုးမျိုးတို့မှ လွတ်မြောက်ခြင်း၊ လောကဓမ္မသဘာဝကို ခံနိုင်ရည်ရှိခြင်းကြောင့် မိမိကိုယ်ကိုယ် ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း အစရှိသော ကျေးဇူးတို့ကို ရရှိခံစားနိုင်ကြစေရန် တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့က ပဋိပတ်လုပ်ငန်းကို အကောင်အထည်ဖော်ရန် ညွှန်ကြားခဲ့ပါသည်။ ထိုညွှန်ကြားချက်များကို သာသနာ့တက္ကသိုလ်ကြီးနှစ်ခု၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို ဖော်ပြပါဖယားကို ရှု၍ သဒ္ဓါတရားဖြစ်ပွားပြီး ဝမ်းမြောက်နမော်သာမုခေါ်နိုင်ပါစေ...

■ ဘဒ္ဒန္တကုမာရ

ဒုတိယပါမောက္ခချုပ်(စီမံ)ဆရာတော်

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)



www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)
## ပဋိပတ်လုပ်ငန်း ဆောင်ရွက်ပြီးသောရဟန်းတော်များ

| စဉ် | ပညာသင်နှစ် | ၁၀-ရက်ပဋိပတ်လုပ်ငန်း | | | ၄၅-ရက်ပဋိပတ်လုပ်ငန်း | | |
|---|---|---|---|---|---|---|---|
| | | ရန်ကုန် | မန္တလေး | ပေါင်း | ရန်ကုန် | မန္တလေး | ပေါင်း |
| ၁ | ၁၃၅၆-၅၇ | ၁၀၀ | ၉၁ | ၁၉၁ | - | - | - |
| ၂ | ၁၃၅၇-၅၈ | ၁၁၅ | ၆၇ | ၁၈၂ | ၁၈ | ၁၆ | ၃၄ |
| ၃ | ၁၃၅၈-၅၉ | ၉၆ | ၆၉ | ၁၆၅ | ၂၀ | ၁၀ | ၃၀ |
| ၄ | ၁၃၅၉-၆၀ | ၈၉ | ၅၂ | ၁၄၁ | ၂၅ | ၁၁ | ၃၆ |
| ၅ | ၁၃၆၀-၆၁ | ၈၁ | ၇၁ | ၁၅၂ | ၂၈ | ၁၃ | ၄၁ |
| ၆ | ၁၃၆၁-၆၂ | ၈၃ | ၆၂ | ၁၄၅ | ၁၅ | ၄ | ၁၉ |
| ၇ | ၁၃၆၂-၆၃ | ၇၀ | ၃၅ | ၁၀၅ | ၂၃ | ၁၁ | ၃၄ |
| ၈ | ၁၃၆၃-၆၄ | ၇၄ | ၆၅ | ၁၃၉ | ၁၄ | ၁၇ | ၃၁ |
| ၉ | ၁၃၆၄-၆၅ | ၇၅ | ၃၉ | ၁၁၄ | ၁၉ | ၁၅ | ၃၄ |
| ၁၀ | ၁၃၆၅-၆၆ | ၈၀ | ၆၄ | ၁၄၄ | ၁၆ | ၁၁ | ၂၇ |
| ၁၁ | ၁၃၆၆-၆၇ | ၈၄ | ၇၂ | ၁၅၆ | ၁၄ | ၅ | ၁၉ |
| ၁၂ | ၁၃၆၇-၆၈ | ၉၃ | ၇၁ | ၁၆၄ | ၁၆ | ၁၁ | ၂၇ |
| ၁၃ | ၁၃၆၈-၆၉ | ၉၅ | ၇၁ | ၁၆၆ | ၁၆ | ၁၁ | ၂၇ |
| ၁၄ | ၁၃၆၉-၇၀ | ၇၈ | ၆၉ | ၁၄၇ | ၁၃ | ၁၁ | ၂၄ |
| ၁၅ | ၁၃၇၀-၇၁ | ၈၇ | ၇၇ | ၁၆၄ | ၁၃ | ၇ | ၂၀ |



www.burmeseclassic.com

www.burmeseclassic.com




## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

# တိုင်းရင်းဆေးသင်တန်း

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များမှ အသင်နှစ်ပြီးဆုံးအောင်မြင်သည့် သင်တန်းသား သံဃာတော်များသည် နယ်စပ်နှင့်တောင်တန်းဒေသများသို့ ကြွရောက်၍ (၂)နှစ်တိတိ လက်တွေ့သာသနာပြုတာဝန်များ ထမ်းဆောင်တော်မူကြရပါသည်။ အဆိုပါသံဃာတော်များ ကြမ်းတမ်းသောရာသီဥတုနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ယင်းဒေသများ၌ မိမိကိုယ်တိုင် ကျန်းကျန်းမာမာဖြင့် သာသနာပြုနိုင်ရန်နှင့် ဒေသခံပြည်သူများအား ကျန်းမာရေးအထောက်အကူပြုနိုင်ရန် ရည်ရွယ်လျက် သာသနာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးဦးစီးဌာနနှင့် ညှိနှိုင်း၍ နှစ်စဉ် တိုင်းရင်းဆေးသင်တန်းများ ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင်(၁၄)ကြိမ်မြောက်အထိ ရှိခဲ့ပြီဖြစ်ပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များတွင် တိုင်းရင်းဆေးဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှု သင်တန်းကို ပညာသင်နှစ်၊ ပထမနှစ်ဝက်စာမေးပွဲအပြီး ဒုတိယနှစ်ဝက် ကျောင်းဖွင့်ရက်မတိုင်မီ သင်တန်းခေတ္တ နားနေသည့် ကြားကာလတွင် အနည်းဆုံး(၃)ပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့ခြင်းဖြစ်ပါသည်။

ထိုသင်တန်းသို့ သာသနတက္ကသီလဓမ္မာစရိယတန်း စတုတ္ထနှစ်သင်တန်းသားများ မဖြစ်မနေ တက်ရောက်ကြရပြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဆရာ/ဆရာမများက သင်တန်းကာလအတွင်း တစ်ရက်လျှင် (၄)ကြိမ်သတ်မှတ်၍ ဖော်ပြပါဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ကြပါသည်-

(၁) တိုင်းရင်းဆေးပညာသမိုင်း၊

(၂) တိုင်းရင်းဆေးပညာ၏ အခြေခံသဘောတရားများ၊

(၃) ဥတုရာသီနှင့်ရာသီအလိုက် ယေဘုယျဖြစ်တတ်သည့်လက္ခဏာများ၊

(၄) ဒေသပေါက် ဆေးဖက်ဝင်အပင်များနှင့်အသုံးဝင်ပုံ၊

(၅) တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊

(၆) တိုင်းရင်းဆေးဌာနသုံး ဆေးနည်းများ၊

(၇) မီးဖိုချောင်သုံး ဆေးဖက်ဝင်ပစ္စည်းများ၊…

တို့ဖြစ်သည်။

နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ လူမှုရေးစသော လောကရေး၊ ဓမ္မရေးတို့ကို ဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com









ဒေါ်သန်းသန်းမြင့်



ဒေါ်စိစိငြိမ်း



ဒေါ်သိန်းသိန်းဦး



ဒေါ်ယဉ်ငြိမ်းဆွေ

ရာတွင် ကျန်းမာရေးသည် အဓိကမဏ္ဍိုင်ဖြစ်ပြီး လာဘ်တကာတို့တွင် အမွန်မြတ်ဆုံးဖြစ်ကြောင်း "အာရောဂျ ပရမာ လာဘာ" ဟူ၍ မြတ်ဗုဒ္ဓကိုယ်တော်တိုင်က လမ်းညွှန်မိန့်ကြားတော်မူခဲ့ပါသည်။

နယ်စပ်နှင့်တောင်တန်းဒေသများသို့ သာသနာပြုကြွရောက်သည့်အခါ အစားအသောက်ဆင်းရဲမှုဒဏ်၊ ရာသီဥတုဒဏ်၊ လမ်းပန်းခက်ခဲစွာ သွားလာရမှုဒဏ်စသည့် လောကဓံ၏ရိုက်ခတ်မှုဒဏ်အမျိုးမျိုးတို့ကို ဤတိုင်းရင်းဆေးသင်တန်းမှရရှိသော အတွေ့အကြုံ ဗဟုသုတ၊ ကျန်းမာရေးအသိပညာများဖြင့် တွန်းလှန်ဖြိုဖျက်နိုင်ကြမည် ဖြစ်သည့်အပြင် ဒေသခံပြည်သူများ၏ ကျန်းမာရေးကိုလည်း အထောက်အကူပေးနိုင်ကြမည် ဖြစ်ပါသည်။ လက်တွေ့အားဖြင့်လည်း ဤတိုင်းရင်းဆေးသင်တန်းက များစွာအကျိုးပြုနိုင်ခဲ့ပါသည်။

သင်တန်းကုန်ကျစရိတ်ကို သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက အကုန်အကျခံပြီး သင်တန်းပြီးဆုံး၍ သင်တန်းဆင်းသောအခါ နှစ်စဉ်တိုင်းရင်းဆေးတိုက် တိုင်းရင်းဆေးလုပ်ငန်းပိုင်ရှင် အလှူရှင်များက ဆေးဝါးများကို စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြပါသည်။ ပထမအကြိမ် ဖွင့်လှစ်သည်မှ (၁၄)ကြိမ်မြောက်အထိ သင်တန်းသား (၈၇၈)ပါးတို့ တက်ရောက်ခဲ့ကြပြီး ၄င်းတို့အနက် နယ်စပ်နှင့် တောင်တန်းဒေသများသို့ သင်တန်းသား(၅၂၄)ပါးတို့ သာသနာပြုကြွရောက်ခဲ့ကြပြီးဖြစ်ပါသည်။ သာသနာပြု ရဟန်းတော်များသည် ဒေသထွက်အစားအစာများကို တိုင်းရင်းဆေးပညာအရ သင့်တင့်မျှတစွာနှင့် ကျန်းမာရေးနည်းစနစ်မှန်စွာ မှီဝဲအသုံးပြုနိုင်ခဲ့ကြပါသည်။ ဒေသပေါက်အစွမ်းထက်သော ပရဆေးပင်တို့၏ ဆေးဖက်ဝင်မှုတို့လည်း လက်တွေ့အသုံးချနိုင်ခဲ့ကြပါသည်။

ယင်းသင်တန်းများ၏ အကျိုးကျေးဇူးကြောင့် နယ်စပ်နှင့်တောင်တန်းဒေသများသို့ သာသနာပြုကြွရောက်ခဲ့ကြသည့် ရဟန်းတော်များနှင့်ဒေသခံပြည်သူများသည် ကျန်းမာအောင် နေနည်းထိုင်နည်း၊ ရောဂါကာကွယ်နည်းများကိုသိရှိခြင်း၊ သဘာဝပေါက်ပင်တို့၏ ဆေးဖက်ဝင်မှုကို သိရှိခြင်းဖြင့် ကျန်းမာရေးဆိုင်ရာ များစွာအထောက်အကူ ရရှိခဲ့ကြပါသည်။ ဤသင်တန်းများ၏ အကျိုးရလဒ်သည်ကား နယ်စပ်ဒေသနှင့် တောင်တန်းဒေသများသို့ သာသနာပြုကြွရောက်မည့် သံဃာတော်များနှင့် ဒေသခံပြည်သူများအတွက် အထောက်အပံ့ကောင်းများကိုပေးလျက် ဆက်လက် အကျိုးဖြစ်ထွန်းမည်သာဖြစ်သဖြင့် များစွာ တန်ဖိုးကြီးမားလှပါပေတော့သည်။

■ **ဒေါ်အေးအေးမြိုင်**

အယ်ဒီတာ(?) အဖွဲ့ — အုပ်ချုပ်ရေးဗဟိုအဖွဲ့ရုံး



www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏
# ပိဋကတ်စာကြည့်တိုက်သမိုင်းနှင့် လက်ရှိလုပ်ငန်းစဉ်များ

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ကို ၁၃၄၈-ခုနှစ်၊ နယုန်လပြည့်ကျော်(၁)ရက် [illegible] ဇွန်လ(၂၃)ရက် တနင်္လာနေ့တွင် စတင်ဖွင့်လှစ် [illegible]သည်။ တက္ကသိုလ် စတင်ဖွင့်လှစ်သည့်နေ့ (၂၃-[illegible])၌ပင် စာကြည့်တိုက်ကိုလည်း တပြိုင်နက်တည်း [illegible]လှစ်ခဲ့သည်ဟုဆိုရမည်။ အကြောင်းကား တက္ကသိုလ် [illegible] ဖွင့်လှစ်သည်နှင့်တပြိုင်နက် စာကြည့်တိုက်မှူး [illegible]လည်း စတင်ခန့်အပ်လိုက်သောကြောင့် ဖြစ်သည်။ [illegible]ဦးဆုံးသော အာဒိကမ္မိက စာကြည့်တိုက်မှူးမှာ [illegible]မာလာဘိဝံသ သီရိပဝရဓမ္မာစရိယ ဓေတိယင်္ဂဏ [illegible])၊ B.Sc (နှောင်း အဘိဓမ္မာ ပိဋကမဟာဌာန၊ [illegible]ဌာနမှူး၊ ယခု အလယ်တောရ၊ စံပြစာသင် [illegible] ဗဟန်း၊ ရန်ကုန်၏ ပဓာနနာယကဆရာတော်) [illegible]သည်။

စာကြည့်တိုက်ကို စတင်ဖွင့်လှစ်ခဲ့သည်ဟု [illegible]လည်း အဆောက်အအုံပိုင်း အနေဖြင့်ကား [illegible] စာကြည့်တိုက်ဟူ၍ သီးသီးသန့်သန့် မရှိသေးချေ။ စာကြည့်တိုက်မှူးသီတင်းသုံးရာ အခန်းကိုပင် ယာယီစာကြည့်တိုက်ဌာနအဖြစ် အသုံးပြုခဲ့ရသည်။ ထိုစဉ်က စာကြည့်တိုက်မှူး သီတင်းသုံးသည့်နေရာမှာ ယခုသုံးထပ်စာသင်ဆောင် သုံးခုအနက် တောင်ဘက်ခြမ်း သုံးထပ်စာသင်ဆောင် အလယ်ထပ် သုတ္တန္တပိဋကမဟာဌာနရုံးခန်း ဖြစ်သည်။ ထိုရုံးခန်း၌ပင် စာကြည့်တိုက်မှူးနှင့်တကွ ဌာနစုမှူးဆရာတော်(၂)ပါးတို့ ရုံးထိုင်၍ စာကြည့်တိုက်လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ရသည်။ (ပထမဆုံးသော ဌာနစုမှူးဆရာတော်(၂)ပါးမှာ ၁။ဘဒ္ဒန္တဉတ္တရ၊ ပထမကျော်၊ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ B.A ပိဋကတ္တယပါရဂူ၊ ၂။ဘဒ္ဒန္တဉတ္တရသိရီ၊ သာသနဓဇ သီရိပဝရ ဓမ္မာစရိယ၊ ဒီဃဘာဏကတို့ ဖြစ်ကြသည်။) စာကြည့်တိုက်ရှိ မှတ်တမ်းမှတ်ရာများအရ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ နိဿယ၊ မြန်မာပြန်စသော ပိဋကသုံးပုံ အပါအဝင် ဗဟုသုတဆိုင်ရာ အထွေထွေစာအုပ်ပေါင်း (၃၀၀)ခန့် ဖြင့် စာကြည့်တိုက်ကို စတင်ခဲ့ကြောင်း



www.burmeseclassic.com

www.burmeseclassic.com





သိရပါသည်။ စာကြည့်တိုက်စတင်ဖွင့်လှစ်သည့် (၁၉၈၆) နှစ်၌ပင် စာအုပ်ပေါင်း (၇၀၀)ကျော်အထိ တိုးတက်လာခဲ့သည်။ စတင်ဖွင့်လှစ်ခါစဖြစ်၍သင်တန်းသားများ လုံးဝ အားကိုးအားထားပြုနိုင်သည့် စာကြည့်တိုက်မျိုးကား မဟုတ်ခဲ့ချေ။ ထိုစဉ်က သင်တန်းသားအများစုမှာ ဘဲဥကန် သာသနာရေးစာကြည့်တိုက်ကိုသာ အဓိက အားကိုးခဲ့ကြရသည်ဟု သိရသည်။

ယခုလက်ရှိအသုံးပြုနေသော စာကြည့်တိုက်မှာ အဆောင်သစ် အဆောင်ဟောင်းဟူ၍ အဆောက်အအုံ (၂)ခုရှိ၏။ အဆောင်ဟောင်း (အရှေ့ဘက်အဆောင်)၏ အမည်မှာ "ဇေရာဝ္ဝေါပိဋကတ်တိုက်"ဖြစ်၏။ ယင်းအဆောက်အအုံကို ဇေရာဝတီတိုင်း ပြည်သူကောင်စီ အလုပ်အမှုဆောင်အဖွဲ့နှင့် မြို့နယ်-ရပ်ကွက်-ကျေးရွာ ဥပဋ္ဌာကအဖွဲ့တို့၏ အလှူငွေ(၁၀)သိန်းဖြင့် ဆောက်လုပ်ခဲ့ပြီး ၁၃၅၀-ခုနှစ်၊ တပေါင်းလပြည့်နေ့ (၂၁.၃.၁၉၈၉) အင်္ဂါနေ့တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်သို့ လွှဲအပ်လှူဒါန်းပါသည်။ ၎င်းအချက်ကိုကြည့်လျှင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)စာကြည့်တိုက်ကို ၂၁.၃.၁၉၈၉-နေ့ နောက်ပိုင်းမှသာ ပီပီပြင်ပြင် ဖွင့်လှစ်နိုင်ခဲ့သည်ဟု ဆိုရမည်။ ကိုယ်ပိုင်နေရာ ကိုယ်ပိုင်ဆိုင်းဘုတ်မရှိဘဲ (၂)နှစ်နှင့် (၈)လကြာအောင် စာကြည့်တိုက်ကို စတင်ပျိုးထောင်ခဲ့ရသည်ဟုလည်း ဆိုနိုင်သည်။

အဆောင်သစ်ဖြစ်သော မဟာတိပိဋကဓရဓမ္မဘဏ္ဍာဂါရိကပိဋကစာကြည့်တိုက် အဆောက်အအုံကိုမူ ဗဟိုလေဟာပြင် ဈေးသူဈေးသားများနှင့် တိ=နိ သာသနာပြု ဥပဋ္ဌာကအမျိုးသား၊ အမျိုးသမီးတို့၏ လှူဒါန်းငွေဖြင့် ဆောက်လုပ်ခဲ့သည်။ ၁၃၅၆-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၄)ရက် (၆.၁၁.၁၉၉၄) တနင်္ဂနွေနေ့တွင် သာသနာ့တက္ကသိုလ်သို့ လွှဲအပ်လှူဒါန်းခဲ့သည်။ ထို့ကြောင့် အဆောင်နှစ်ဆောင်ဖြင့် ကျယ်ကျယ်ဝန်းဝန်း အဆင့်အတန်းမီသော စာကြည့်တိုက်ဟူ၍ ပီပီသသ ထင်ထင်ရှားရှား ရုပ်လုံးကြွလာအောင် ဆယ်စုနှစ်တစ်စုနီးပါးမျှ အချိန်ယူခဲ့ရသည်ဟု ဆိုရမည်။

ပထမဆုံးသော စာကြည့်တိုက်မှူးဆရာတော် ဘဒ္ဒန္တဂန္ဓမာလာဘိဝံသမှာ စာကြည့်တိုက်တွင် ၁၉၈၆-ခုနှစ်မှ ၁၉၉၀-ခုနှစ်အထိ တာဝန်ထမ်းဆောင်တော်မူခဲ့သည်။ ဒုတိယမြောက် စာကြည့်တိုက်မှူးမှာ ဘဒ္ဒန္တဥတ္တရ ဖြစ်ပါသည်။ ဘဒ္ဒန္တဥတ္တရသည် စာကြည့်တိုက်မှူးအဖြစ် ၁၉၉၃-ခုနှစ်မှ ၁၉၉၉-ခုနှစ်အထိ တာဝန်ထမ်းဆောင်တော်မူခဲ့သည်။ တတိယမြောက် စာကြည့်တိုက်မှူးမှာ ဘဒ္ဒန္တပညာနန္ဒ၊ သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဖြစ်သည်။ ဆရာတော်သည် ၂၀၀၁-ခုနှစ်မှစ၍ ယခုအချိန် (၁၃၇၃/၂၀၁၁)အထိ တာဝန်ထမ်းဆောင်လျက်ရှိသည်။ (မှတ်ချက်။ ။အချို့နှစ်များတွင် လစ်လပ်သွားသော စာကြည့်တိုက်မှူး နေရာ၌ ချက်ချင်းအစားမထိုးနိုင်ဘဲ လက်ထောက်စာကြည့်တိုက်မှူးကသာ ထိုတာဝန်ကို ပူးတွဲဆောင်ရွက်ခဲ့ရပါသည်။)

နောက်ဆုံးပြင်ဆင်ရေးဆွဲထားသော ဖွဲ့စည်းပုံစည်းမျဉ်းအရ ပိဋကတ်စာကြည့်တိုက်မှူး/ တွဲဖက်ပိဋကတ် စာကြည့်တိုက်မှူး/လက်ထောက်ပိဋကတ်စာကြည့်တိုက်မှူးဟု ဖော်ပြထားသော်လည်း လက်တွေ့ပိုင်းတွင်မူ လက်ထောက်စာကြည့်တိုက်မှူးရာထူးသာ ခန့်အပ်ထားပြီး တွဲဖက်စာကြည့်တိုက်မှူး ရာထူးကိုမူ ဆယ်စုနှစ်နှစ်ခု နီးပါးမျှ ခန့်အပ်ထားခြင်း မရှိဘဲ လစ်လပ်နေကြောင်း တွေ့ရသည်။ ငွေရတုနှစ်ကာလ



www.burmeseclassic.com

www.burmeseclassic.com



အတွင်း တွဲဖက်စာကြည့်တိုက်မှူးဟူ၍ ထူးထူးခြားခြား တစ်ဦးသာ ခန့်အပ်ခဲ့ဖူးသည်။ ယင်းပုဂ္ဂိုလ်မှာ ဦးတင်ဦး ဖြစ်ပါသည်။ ဦးတင်ဦးမှာ ဘဒ္ဒန္တဂန္ဓမာလာဘိဝံသ သက်ထက်၌ တွဲဖက်စာကြည့်တိုက်မှူးအဖြစ် ခန့်အပ် ခြင်းခံရသည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်ခဲ့ခြင်းမရှိဟု သိရသည်။ ထိုအချိန်မှစ၍ တွဲဖက်စာကြည့်တိုက်မှူးရာထူး ခန့်အပ် ခြင်း မရှိတော့ပေ။

ပထမဆုံးရေးဆွဲသော ဖွဲ့စည်းပုံတွင် လက်ထောက် စာကြည့်တိုက်မှူးရာထူး မပါဝင်ခဲ့ပေ။ တတိယအကြိမ် ပြင်ဆင်ရေးဆွဲသော ဖွဲ့စည်းပုံကျမှသာ လက်ထောက် စာကြည့်တိုက်မှူးရာထူး ပါဝင်လာခဲ့သည်။ ထို့ကြောင့် ၁၉၈၉-ခုနှစ်ရောက်မှသာ လက်ထောက်စာကြည့် တိုက်မှူး စတင်ခန့်အပ်ခဲ့ပါသည်။ လက်ထောက် စာကြည့်တိုက်မှူးတာဝန် ထမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်တို့မှာ...

၁။ ဘဒ္ဒန္တဉတ္တရ
(၁၉၈၉-မှ-၁၉၉၃-ခုနှစ်အထိ)

၂။ ဘဒ္ဒန္တပညာနန္ဒ
(၁၉၉၉-မှ-၂၀၀၁-ခုနှစ်အထိ)

၃။ ဘဒ္ဒန္တဝိဝေက
(၁၉၉၅-မှ ယခု ၂၀၁၁-ခုနှစ်အထိ)
တို့ဖြစ်ကြသည်။

လုပ်ငန်းပိုင်းအနေဖြင့် ပြောရလျှင် စာကြည့် တိုက်တွင် စာအုပ်များမှတ်ပုံတင်ခြင်း၊ မျိုးတူစုခွဲခြင်း၊ ကတ်တလောက်ရိုက်ခြင်း၊ ကတ်တလောက်စဉ်ခြင်း၊ စင်တင်ခြင်း၊ စာအုပ်ငှားခြင်း၊ ငှားထားသောစာအုပ်များ ပြန်လည်လက်ခံခြင်း၊ ငှားရမ်းသူများအတွက် လိုအပ်သော စာအုပ်များ ရှာပေးခြင်း စသည်တို့ဖြစ်သည်။ ကတ် တလောက်ရိုက်ခြင်း စသောလုပ်ငန်းကို ၂၀၀၉-မတိုင်မီ အထိ လက်နှိပ်စက်ဖြင့် လုပ်ဆောင်ခဲ့ရသည်။ ၂၀၀၉-ခု၌ ကွန်ပျူတာ(၅)လုံးဖြင့် လုပ်ဆောင်လျက်ရှိသည်။ ကွန်ပျူတာအလှူရှင်များမှာ-ဒေါက်တာရွှေထွန်း မိသားစု၊ မင်္ဂလာဈေး၊ ရန်ကုန်၊ ဦးဘန်ဝမ်း+ ဒေါ်တင်မွေး မိသားစု၊ မုဒုံမြို့နယ် နှင့် ဌာနဆိုင်ရာတို့ ဖြစ်ကြသည်။ ခေတ်ကာလ၏ အနေအထားအရ



စာအုပ်များ ရေရှည်တည်တံ့ရေး၊ ပိုးမွှားများအန္တရာယ်မှ ကာကွယ်ရေး၊ ဖုန်သဲစသည်တို့ ကင်းစင်ရေး အစ ရှိသော ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းပိုင်းအတွက် အဓိကအရေးပါ၍ အမှန်တကယ် လိုအပ်လျက်ရှိသော လေအေး ပေးစက်များကိုလည်း ဓမ္မဒူတဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒကို အမှူးပြုသော ဒါယကာ၊ ဒါယိကာမအပေါင်းတို့က အကုန်အကျခံ၍ Yamatsu အမျိုးအစား Air con- Floor standing split-type- ၂-လုံး၊ Wall split-type-၄-လုံး (စုစုပေါင်း-၆-လုံး) တို့ကို (၂၆-၃-၂၀၁၁)နေ့တွင် လောလောလတ်လတ် လာရောက်တပ်ဆင် လှူဒါန်းထားပါသည်။ ငွေရတု နှစ်ကာလတွင် တိုးတက်လာသော အခြေအနေနှင့် စုဆောင်းရရှိထားသော စာအုပ်စသည်တို့၏ အရေ အတွက်များကို ငါးနှစ်လိုက်ပိုင်းခြား၍ တင်ပြရသော် အောက်ပါအတိုင်းဖြစ်၏။

**၁၉၈၆-ခုနှစ်မှ ၁၉၉၁-ခုနှစ်အထိ ပထမ ငါးနှစ်တာကာလတွင် -**

၁။ ဂျာနယ်၊စာစောင်၊ မဂ္ဂဇင်းစာအုပ်အမျိုး အစား စုဆောင်းခြင်း မရှိသေး။

၂။ ပိဋကသုံးပုံနှင့် အထွေထွေဗဟုသုတဆိုင်ရာ စာအုပ်ပေါင်း (၄၆၆၉)အုပ်၊

၃။ B.A ဘွဲ့ယူစာတမ်းပေါင်း ( မရှိ )၊

၄။ M.A ဘွဲ့ယူကျမ်းပေါင်း ( မရှိ )၊



www.burmeseclassic.com

www.burmeseclassic.com



(မှတ်ချက်။ ။စာနယ်ဇင်းများကို ၁၉၉၃-ခုနှစ်ကျမှ စတင်စုဆောင်းခြင်း ဖြစ်၏။)

**၁၉၉၂-ခုနှစ်မှ ၁၉၉၆-ခုနှစ်အထိ ဒုတိယငါးနှစ်တာကာလတွင် -**

၁။ ဂျာနယ်,စာစောင်၊ မဂ္ဂဇင်းစာအုပ်ပေါင်း (၃၀၆၅)အုပ်၊

၂။ ပိဋကသုံးပုံနှင့် အထွေထွေဗဟုသုတဆိုင်ရာ စာအုပ်ပေါင်း (၁၁၁၄၀)အုပ်၊

၃။ B.A ဘွဲ့ယူစာတမ်းပေါင်း (၁၂၇)အုပ်၊

၄။ M.A ဘွဲ့ယူကျမ်းပေါင်း (၄၈)အုပ်၊

**၁၉၉၇-ခုနှစ်မှ ၂၀၀၁-ခုနှစ်အထိ တတိယငါးနှစ်တာကာလတွင် -**

၁။ ဂျာနယ်,စာစောင်၊မဂ္ဂဇင်းစာအုပ်ပေါင်း (၅၈၁၀)အုပ်၊

၂။ ပိဋကသုံးပုံနှင့် အထွေထွေဗဟုသုတဆိုင်ရာ စာအုပ်ပေါင်း (၁၇၁၉၈)အုပ်၊

၃။ B.A ဘွဲ့ယူစာတမ်းပေါင်း (၄၀၇)အုပ်၊

၄။ M.A ဘွဲ့ယူကျမ်းပေါင်း (၉၅)အုပ်၊

**၂၀၀၂-ခုနှစ်မှ ၂၀၀၆-ခုနှစ်အထိ စတုတ္ထငါးနှစ်တာကာလတွင် -**

၁။ ဂျာနယ်,စာစောင်၊ မဂ္ဂဇင်းစာအုပ်ပေါင်း (၉၄၂၄)အုပ်၊

၂။ ပိဋကသုံးပုံနှင့် အထွေထွေဗဟုသုတဆိုင်ရာ စာအုပ်ပေါင်း (၂၀၅၃၈)အုပ်၊

၃။ B.A ဘွဲ့ယူစာတမ်းပေါင်း (၇၅၃)အုပ်၊

၄။ M.A ဘွဲ့ယူကျမ်းပေါင်း (၁၆၃)အုပ်၊

**၂၀၀၇-ခုနှစ်မှ ၂၀၁၁-ခုနှစ်အထိ ပဉ္စမငါးနှစ်တာကာလတွင် -**

၁။ ဂျာနယ်,စာစောင်၊ မဂ္ဂဇင်းစာအုပ်ပေါင်း (၁၃၇၃၅)အုပ်၊

၂။ ပိဋကသုံးပုံနှင့် အထွေထွေဗဟုသုတဆိုင်ရာ စာအုပ်ပေါင်း (၂၁၉၅၅)အုပ်၊

၃။ B.A ဘွဲ့ယူစာတမ်းပေါင်း (၉၉၃)အုပ်၊

၄။ M.A ဘွဲ့ယူကျမ်းပေါင်း (၁၇၃)အုပ်၊

၎င်းစာရင်းတို့မှာ ပါဠိဘာသာစာအုပ်၊ မြန်မာဘာသာစာအုပ်၊ နိဿယစာအုပ်နှင့် ပိဋကမြန်မာပြန်စာအုပ်တို့၏ စာရင်းသာဖြစ်သည်။ ဒေဝနာဂရီခေါ် သက္ကတဆိုင်ရာစာအုပ်နှင့် ထိုင်းဘာသာစာအုပ်တို့မှာမူ ၂၀၁၁-ခုနှစ် မတ်လပိုင်းအထိ စုစုပေါင်း (၄၆၃)အုပ်ရှိပြီး ပိဋကတ်ဆိုင်ရာနှင့် အထွေထွေဗဟုသုတဆိုင်ရာ အင်္ဂလိပ်ဘာသာစာအုပ်မှာ စုစုပေါင်း (၄၃၄၁)အုပ်ရှိပါသည်။ အင်္ဂလိပ်ဘာသာ စာနယ်ဇင်းများမှာ ၂၀၁၁-ခုနှစ်အထိ အုပ်ပေါင်း (၁၀၀၅)ရှိသည်။ ထို့အပြင် ပေပုရပိုက်စုစုပေါင်း (၂၀၀)ခန့်လည်း ရှိသည်။ ထို့ကြောင့် ငွေရတုကာလ၌ စာကြည့်တိုက်တွင် စာအုပ်ပေါင်း လေးသောင်းကျော်(လေးသောင်းခွဲနီးပါး) ရှိသည်ဟု ဆိုရမည်။

အထူးအားဖြင့် ၂၀၁၀-ခုနှစ်မှစ၍ စာကြည့်တိုက်ဌာနနှင့် Inforithm Maze Co.Ltdတို့ ပူးပေါင်းညှိနှိုင်းပြီး တာဝန်ရှိဌာနဆိုင်ရာ ပုဂ္ဂိုလ်တို့၏ အကူအညီဖြင့် Library Management System(LMS)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ LMS ဆိုသည်မှာ ကွန်ပျူတာနည်းပညာဖြင့် Software Programme ကို အသုံးပြု၍ စာကြည့်တိုက်ကို စီမံအုပ်ချုပ်သောနည်းစနစ် ဖြစ်သည်။ စာအုပ်ရှာဖွေခြင်း၊ ငှားရမ်းခြင်းစသော လုပ်ငန်းကိစ္စတို့ကို အချိန်တိုတိုဖြင့် လျင်မြန်လွယ်ကူစွာ ဆောင်ရွက်နိုင်သော နည်းစနစ်ဖြစ်သည်။ ယခုအခါ လိုအပ်သော အခြေခံ Data များ ထည့်သွင်းခြင်း၊ စာအုပ်စာရင်း စိစစ်ထည့်သွင်းခြင်းစသည်တို့ ပြုလုပ်လျက်ရှိရာ ၃၅%ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။ ငွေရတုအလွန်ကာလဖြစ်သည့် ၂၀၁၂ သို့မဟုတ် ၂၀၁၃-နှစ်ဦးပိုင်း လောက်တွင် LMS စနစ်ကို အပြည့်အဝ အသုံးပြုနိုင်လိမ့်မည်ဟု ခန့်မှန်းရပါသည်။ ။

ပိဋကတ်တိုက်သာရာတော်များကိုယ်စား

■ **ဘဒ္ဒန္တကောလိယ**

(ဌာနစုမှူး)

■ မှီငြမ်းကိုးကားချက်များ

၁။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ သမိုင်း(ကုမာရဘဒ္ဒန္တ၊အဂ္ဂမဟာပဏ္ဍိတ)

၂။ မော်ကွန်းထိန်းရုံးရှိမှတ်တမ်းမှတ်ရာများ

၃။ စာကြည့်တိုက်ရှိမှတ်တမ်းမှတ်ရာများ

၄။ ဘဒ္ဒန္တဂန္ဓမာလာဘိဝံသ(ပထမဆုံးသော စာကြည့်တိုက်မှူး)၏ မိန့်တော်မူချက်များ

၅။ ဘဒ္ဒန္တကုမာရ(ဒုတိယပါမောက္ခချုပ်ဆရာတော်၊စီမံရေးရာ)၏ မိန့်တော်မူချက်များ



www.burmeseclassic.com

www.burmeseclassic.com




# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် နှင့် မော်ကွန်းထိန်းဌာန

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် သာသနာ့သမိုင်းဝင် နိုင်ငံတကာအဆင့်မီ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၌ ၁၃၅၈-ခုနှစ်၊ နယုန်လပြည့်ကျော် ၁-ရက် (၂၆-၆-၈၆)၊ တနင်္လာနေ့တွင်လည်းကောင်း၊ မန္တလေးမြို့၌ ၁၃၅၈-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁-ရက် (၂၁-၈-၈၆)၊ ကြာသပတေးနေ့တွင်လည်းကောင်း အသီးသီး အောင်ဖွင့်လှစ်ပေးတော်မူခဲ့သည်။

ထိုသို့ ဖွင့်လှစ်သည့်အခါ စာပေသင်ကြားရေးဌာန (၇)ဌာန၊ ပင်မပိဋကတ်တိုက်ဌာနများနှင့်အတူ ဆိုင်ဌာနများကို အထောက်အကူပြုပေးရသော တက္ကသိုလ်မော်ကွန်းထိန်းဌာနများသည်လည်း ပူးတွဲပါသော ခဲ့ပါသည်။

မော်ကွန်းထိန်းဌာနနှင့်ပတ်သက်၍ လုပ်ကိုင်ဆောင်ရွက်ကြရာတွင် တက္ကသိုလ်များအုပ်ချုပ်ရေးဆိုင်အဖွဲ့ကြီး၏အောက်တွင် စီမံခန့်ခွဲရေးနှင့်ပတ်သက်၍ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ ယင်းအဖွဲ့အစည်းတွင်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သည်။

(က) ပါမောက္ခချုပ်ဆရာတော်
[ဥက္ကဋ္ဌ]

(ခ) ဒုတိယပါမောက္ခချုပ်ဆရာတော်
[ဒုတိယဥက္ကဋ္ဌ]

(ဂ) မော်ကွန်းထိန်းဆရာတော်
[အတွင်းရေးမှူး]

(ဃ) ပါမောက္ခ၊
ဌာနမှူးဆရာတော် (၇)ပါး
[အဖွဲ့ဝင်]

(င) ပိဋကတ်တိုက်မှူးဆရာတော်
[အဖွဲ့ဝင်]

(စ) သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ တာဝန်ပေးအပ်သော ညွှန်ကြားရေးမှူး၊ ဒု-ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိများ
[အဖွဲ့ဝင်]



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့အောက်တွင် မော်ကွန်းထိန်းဌာနရှိပါသည်။ မော်ကွန်းထိန်းဌာနသည် တက္ကသိုလ်ကြီးများတွင် မရှိမဖြစ်လိုအပ်သောဌာန တစ်ခုဖြစ်သည်။ မော်ကွန်းထိန်းဌာန၏ တာဝန်ဝတ္တရားများမှာ တက္ကသိုလ်၏ အရေးကြီးသော မှတ်တမ်းမှတ်ရာများကို စနစ်တကျ ထိန်းသိမ်းထားပြီး သက်ဆိုင်ရာစီမံခန့်ခွဲမှု ကိစ္စရပ်များကို ဆောင်ရွက်ပေးရသည်။

ယင်းတာဝန် ဝတ္တရားများကို မော်ကွန်းထိန်းဆရာတော်၊ လက်ထောက်မော်ကွန်းထိန်းဆရာတော်တို့က အဓိကတာဝန်ယူ၍ အဆင့်ဆင့် ထမ်းဆောင်ကြရသည်။ မော်ကွန်းထိန်းဌာနတွင် -

(က) စာသင်သားရေးရာဌာန၊
(ခ) ကျောင်းဆောင်ရေးရာဌာန၊
(ဂ) သင်ကြားရေးရာဌာန၊
(ဃ) စာမေးပွဲရေးရာဌာန၊
(င) အောင်စာရင်းဌာန၊
(စ) ဘွဲ့နှင်းဌာနစု၊
(ဆ) စီမံရေးရာဌာနစု

ဟူ၍ ဌာနစု (၇)စုရှိသည်။

ထိုတွင်-

(က) စာသင်သားရေးရာဌာနစုသည် သင်တန်းသားများလက်ခံခြင်း၊ သင်တန်းသားအသစ်များကို ကြိုဆိုပွဲစီစဉ်ခြင်း၊ သင်တန်းသားများ၏ ကိုယ်ရေးမှတ်တမ်း၊ သင်ကြားစီမံဆရာတော်များ၏ ကိုယ်ရေးမှတ်တမ်းများ ပြုစုထားရှိခြင်း၊ နှုတ်ထွက်ခွင့်၊ ပြင်ပနေခွင့် စသည်တို့ကို ခွင့်ပေးခြင်း၊ ပြည်တွင်းပြည်ပ သွားရောက်နေထိုင်မှု ပညာသင်ကြားမှုကို စိစစ်ခြင်း၊ ကျောင်းဆောင်အလိုက် သံဃာစာရင်း ပြုစုခြင်းတို့ကို ဆောင်ရွက်ရသည်။

(ခ) ကျောင်းဆောင်ရေးရာဌာနစုသည် ကျောင်းဆောင် အသီးသီးရှိ ပရိဘောဂများစာရင်း (လှူဒါန်းရရှိသည့်နေ့စွဲ မှတ်တမ်းများထားရှိခြင်း) ကျောင်းဆောင်အလိုက် သီတင်းသုံးသော သံဃာစာရင်း (ပလ္လင်ပုံစံနှင့်ထားရှိရန်) ကျောင်းဆောင်များရှိ (မာစတာကီး)သော့များကို စာရင်းပြုစု၍ လျှို့ဝှက်လုံခြုံစွာ သိမ်းဆည်းထားရသည်။ ဆွမ်းစားကျောင်းဆိုင်ရာမှတ်တမ်းများ၊ ပရိဘောဂများ ဖြည့်တင်းပြုပြင်ရေး ကိစ္စများကို ဆောင်ရွက်ရသည်။

(ဂ) သင်ကြားရေးဌာနစုသည် စာသင်ချိန်တိကျမှုရှိအောင် ကြီးကြပ်ခြင်း၊ စာသင်ခန်းမ၌ ဘော၊ စားပွဲ၊ ထိုင်ခုံစသည့် လိုအပ်သည်များကို စီစဉ်ခြင်း၊ သင်ကြားမှုအထောက်အကူပြု ပစ္စည်းများ စုဆောင်ခြင်း၊ ထုတ်ပေးခြင်း၊ ပြဋ္ဌာန်းစာအုပ်များ ထုတ်ဝေခြင်း၊ တက္ကသိုလ်ဝင်စာ ထွက်စာ အချိန်စာရင်း၊ သင်တန်းခန်းမအလိုက် သင်တန်းသားများ နေရာချထားသည့်စာရင်း၊ သင်တန်းပျက်ကွက်မှတ်တမ်း စာရွက်စာတမ်းများကို စီစဉ်ခြင်း၊ သင်တန်းနှင့်ပတ်သက်သည့် ကြေညာချက်များ ထုတ်ပြန်ခြင်းစသည်တို့ကို ဆောင်ရွက်ရသည်။

(ဃ) စာမေးပွဲရေးရာဌာနစုသည် စာမေးပွဲဝင်ခွင့်တောင်းခြင်း၊ စာမေးပွဲကျင်းပရန် လိုအပ်သည်များကို စီစဉ်ခြင်း၊ စာမေးပွဲဖြေဆိုရန် ခုံနံပါတ် အတန်းစသည်စီစဉ်ခြင်း၊ စာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ စာမေးပွဲဖြေဆိုသည့် အတန်းအလိုက် အခန်းအလိုက် ပလ္လင်ပုံစံများရေးဆွဲခြင်း၊ နေ့စဉ်စာမေးပွဲဖြေဆိုကြောင်း လက်မှတ်ရေးထိုးထားသော စာရင်းဇယားများစီစဉ်ခြင်း၊ အဖြေလွှာများ စီစဉ်ထုတ်ပေးခြင်း၊ စာရေးကိရိယာများ စီစဉ်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရသည်။

(င) အောင်စာရင်းဌာနစုအနေဖြင့် စာမေးပွဲအဖြေလွှာများကို လက်ခံရယူခြင်း၊ စာစစ်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ အောင်စာရင်းများ ရိုက်နှိပ်ဖြန့်ဝေခြင်း၊ အောင်စာရင်းဆိုင်ရာ မှတ်တမ်းထားရှိခြင်းတို့ကို ဆောင်ရွက်ရသည်။

(စ) ဘွဲ့နှင်းဌာနစုအနေဖြင့် သင်တန်းသားအသစ်များ ကြိုဆိုစီစဉ်ခြင်း၊ စာမေးပွဲအောင်လက်မှတ်/ဘွဲ့လက်မှတ်များ ရိုက်နှိပ်ရေးသားထုတ်ပေးခြင်း၊ ဘွဲ့ဆိုင်ရာ အဆောင်အယောင်များ စီစဉ်ခြင်း၊ ဘွဲ့နှင်းသဘင် အခမ်းအနား စီစဉ်ခြင်း၊ ဘွဲ့ရသူများ မှတ်ပုံတင်ထားရှိခြင်းများကို ဆောင်ရွက်ရသည်။

(ဆ) စီမံရေးရာဌာနစုသည် မော်ကွန်းထိန်းဌာနရုံးသုံးပရိဘောဂများနှင့် စာရေးကိရိယာများ ပြင်ဆင်

www.burmeseclassic.com

www.burmeseclassic.com



ပြည့်ဆည်းပေးခြင်း၊ ဌာနအသီးသီးအတွက် လိုအပ်သော ရုံးသုံးစာရေးကိရိယာများ ရှာဖွေစုဆောင်းခြင်း၊ သိမ်းဆည်းခြင်း၊ ထုတ်ပေးခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဗဟိုပညာရေးအဖွဲ့၊ တက္ကသိုလ်ပညာသင်ကြားရေးအဖွဲ့၊ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့များ၏ ကြေညာချက်များ၊ အစည်းအဝေးမှတ်တမ်းများကို သိမ်းဆည်းဖြန့်ဝေခြင်း၊ အခြားဌာနများမှ တက္ကသိုလ်များနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ သိမ်းဆည်းခြင်း၊ သင်ကြားပို့ချဆရာတော်များစာရင်း၊ ၎င်းတို့နှင့်ပတ်သက်သော စာများ၊ မှတ်တမ်းများကို သိမ်းဆည်းခြင်းတို့ကို ဆောင်ရွက်ရသည်။

ဖော်ပြပါလုပ်ငန်းများကို ဌာနအသီးသီးရှိ ဌာနမှူးဆရာတော်များက မော်ကွန်းထိန်းဆရာတော်၊ လက်ထောက်မော်ကွန်းထိန်းဆရာတော်တို့၏ လမ်းညွှန်ချက်ကို ခံယူကာ တာဝန်ကျေစွာ ဆောင်ရွက်ရပါသည်။




သာသနာ့တက္ကသိုလ်ကြီး(၂)ခုတွင် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူး ဦးဆောင်သော ရုံးအဖွဲ့များကလည်း လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးကြပါသည်။ ဤသို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ တက္ကသိုလ်ပညာသင်ကြားရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့ လက်တွဲညီညီ ပူပေါင်းဆောင်ရွက်မှုကြောင့် သက်တမ်း (၂၅)နှစ် ရှိပြီဖြစ်သည့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး (၂)ခုတို့မှ (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိ သာသနတက္ကသီလ ဓမ္မာစရိယ(Ph.D)ဘွဲ့ရ အရှင်မြတ်(၃)ပါး၊ သာသနတက္ကသီလမဟာဓမ္မာစရိယ (MA.Buddhism) ဘွဲ့ရ အရှင်မြတ်(၂၈၃)ပါးနှင့် သာသနတက္ကသီလ ဓမ္မာစရိယ (BA.Buddhism)ဘွဲ့ရ အရှင်မြတ် (...)ပါးတို့ သီးပွင့်ပေါ်ထွန်းခဲ့ပြီ ဖြစ်ပါသည်။

ထို့ပြင် နယ်စပ်ဒေသများနှင့် ဝေးလံသီခေါင်သော တောင်တန်းဒေသများတွင် သာသနာပြုတာဝန်များ ထမ်းဆောင်ပြီးသော အရှင်မြတ် (၁၀၉၆)ပါး၊ သာသနာပြုတာဝန်ထမ်းဆောင်နေကြဆဲ အရှင်မြတ် (၁၇၉)ပါး၊ သာသနာပြုတာဝန် (၂)နှစ် ထမ်းဆောင်ပြီးသော်လည်း ဆက်လက်၍ သာသနာပြုတာဝန်ထမ်းဆောင်နေကြသော အရှင်မြတ်(၆၉)ပါး၊ (၁၀)ရက် ပဋိပတ်လုပ်ငန်းဆောင်ရွက်ပြီး အရှင်မြတ် (၂၄၀၅)ပါး၊ (၄၅)ရက် ပဋိပတ်လုပ်ငန်းဆောင်ရွက်ပြီး အရှင်မြတ် (၄၃၄)ပါး ရှိခဲ့ပြီ ဖြစ်ပါသည်။ သို့ဖြစ်၍ နောင်အခါတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး (၂)ခုမှ ပရိယတ္တိပညာသင်ကြားရေး မူလေးရပ်နှင့်အညီ ကိုယ်ကျင့်တရား ပိုမိုကောင်းမွန်သော၊ ပိဋကတ်ကျမ်းဂန်နှံ့စပ်သော၊ ပါဠိဘာသာတတ်မြောက်ကျွမ်းကျင်သော၊ မြန်မာစာပေ အရေးအသားတော်သော ပြည်တွင်းပြည်ပတို့၌ သာသနာပြုစွမ်းနိုင်သော ရဟန်းတော်များ ဆက်လက်သီးပွင့် ပေါ်ထွန်းလာမည် ဖြစ်သည့်အပြင် ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ထွန်းကားပြန့်ပွားရေး အကျိုးထူး အကျိုးမြတ်များလည်း မုချရရှိလာမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသတည်း။

■ ဒေါက်တာဘဒ္ဒန္တပညာဝံသ
မော်ကွန်းထိန်းဆရာတော်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)



www.burmeseclassic.com

www.burmeseclassic.com



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ ပြည်တွင်း(နယ်စပ်နှင့်တောင်တန်းဒေသ)သာသနာပြုလုပ်ငန်း

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးချိန်မှ ၄၅-ဝါကာလပတ်လုံး "ဗဟုဇနဟိတာယ = လူအများတို့ ကြီးပွားရန်၊ ဗဟုဇနသုခါယ = လူအများတို့ ချမ်းသာသုခ ခံစားနိုင်ကြစေရန်၊ ဒေဝမနုဿာနံ အတ္ထာယ ဟိတာယ သုခါယ = နတ်လူတို့ အကျိုးစီးပွား ချမ်းသာများကို ရရှိခံစားနိုင်ကြစေရန်ဟူသော ရည်ရွယ်ချက် ကြီးမားလှစွာဖြင့် ကိုယ်တော်တိုင် ဘဝပေါင်းများစွာတို့၌ အသက်,စည်းစိမ်ပေါင်းများစွာတို့ကို စွန့်လွှတ်မှုအစရှိသော အရင်းအနှီးဖြင့် ရရှိတော်မူသည့် သဗ္ဗညုတဉာဏ်တော်မြတ်ဖြင့် သူတော်ကောင်းတရားတော်များကို ဟောကြားတော်မူခဲ့ပါသည်။ ထိုသူတော်ကောင်းတရားတော်မြတ်ကို နာယူကျင့်သုံးကြသော ဝေနေယျပုဂ္ဂိုလ်တို့သည် အမတသုခ အစရှိသော မိမိတို့ ပါရမီရှိသလောက် ဆင်းရဲကင်းကွာ ချမ်းသာအမျိုးမျိုးတို့ကို သုံးဆောင်ခံစားနိုင်ကြပါသည်။

ထိုသူတော်ကောင်းတရားတော်တို့ကို မပျောက်မကွယ်အောင် ဘုရားရှင် သက်တော်ထင်ရှားတည်ရှိတော်မူစဉ်အခါက စ၍ ယနေ့တိုင် တပည့်သာဝကအဆက်ဆက်တို့ စိစစ်၍ အာဂုမ်ဆောင်ခြင်း၊ ပို့ချခြင်း၊ သံဂါယနာတင် အတည်ပြုခြင်း၊ ပေထက်အက္ခရာ, ကျောက်ထက်အက္ခရာ တင်ခြင်း၊ ပုံနှိပ်ဖြန့်ဝေခြင်း အစရှိသော လုပ်ငန်းတို့ကို တစိုက်မတ်မတ် ဆောင်ရွက်တော်မူလာခဲ့ကြပါသည်။

အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်သည် အသောကဘုရင်နှင့် တိုင်ပင်၍ ကိုးတိုင်းကိုးဌာနတို့သို့ ဓမ္မဒူတမထေရ်မြတ်တို့ကို စေလွှတ်၍ ဗုဒ္ဓမြတ်စွာ သာသနာတော် မပျောက်မကွယ်အောင် ဆောင်ရွက်တော်မူခဲ့ပါသည်။

မြန်မာနိုင်ငံ၌လည်း သက္ကရာဇ် ၁၁၅၁-ခုနှစ်၊ တန်းခူးလဆန်း ၁၅-ရက်နေ့တွင် အမရပူရ ပဌမမြို့တည်နန်းတည် ဘိုးတော်ဗဒုံမင်းတရားကြီးသည် သာသနာပိုင် ပဌမမောင်းထောင်ဆရာတော်အား လျှောက်ထား၍- ရှမ်းပြည်၊ ယွန်းပြည်၊ ဂုံပြည်၊ လူးပြည်၊ လျှဉ်းပြည်၊ လင်းစင်ပြည်၊ တလိုင်းပြည်၊



www.burmeseclassic.com



နိုင်ပြည်အစရှိသော သာသနာပြုမြို့ ၄၂-ဌာနတို့သို့ ပိဋကတ်တော်အစုံ ၄၂-စုံ ပေးအပ်၍ တံဆိပ်တော်ရ ဆရာတော် ၄၂-ပါး၊ နောက်ပါသံဃာ ၁၅၂-ပါးတို့ကို သာသနာပြု စေလွှတ်၍ သာသနာပြုလုပ်ငန်းတို့ကို ဆောင်ရွက်တော်မူခဲ့ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ခေတ်ကလည်း ရွှေတ္တူမြို့ မဟာဝိသုတာရာမတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ် အမှူးရှိသော ဆရာတော်ဘုရားကြီးများ၊ ဒါယကာများ စုပေါင်း၍ ခရီးလမ်းပန်း ခက်ခဲဝေးလံသော တောင်တန်းဒေသများတွင် နေထိုင်ကြသော တိုင်းရင်းသားများ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ ယဉ်ကျေးမှုများကို ကျင့်သုံးလိုက်နာခွင့်၊ သာသနာတော်၏ အကျိုးကျေးဇူးကို ရရှိခံစားခွင့် ရရှိနိုင်ရန် ရည်ရွယ်၍ တောင်တန်းဒေသ သာသနာပြုလုပ်ငန်း တို့ကို ဆောင်ရွက်တော်မူခဲ့ကြပါသည်။

၁၉၅၀-ခုနှစ် ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေအရ တည်ဆောင်ခဲ့သော နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ လက်ထက်တွင် တောင်တန်းသာသနာပြု စီမံကိန်းနှင့် စည်းမျဉ်းဥပဒေများကို ရေးဆွဲပြဋ္ဌာန်း၍ ဆက်လက် ဆောင်ရွက်ခဲ့ရာ အုပ်ချုပ်ရေး စနစ်သစ်အရ ဖွဲ့စည်းသော သာသနာရေးဦးစီးဌာန လက်ထက်တိုင် ဖြစ်ပါသည်။

၁၉၈၀-ပြည့်နှစ်တွင် တောင်တန်းသာသနာပြုအဖွဲ့၏ လုပ်ငန်းများကို မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။ "တောင်တန်းသာသနာပြုဗဟိုသံဃာ့အဖွဲ့" ဟု ပြောင်းလဲသတ်မှတ် ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အစိုးရအဖွဲ့လက်ထက်တွင် ယင်းလုပ်ငန်းများကို ပိုမို၍ ပီပီပြင်ပြင် ဆောင်ရွက်နိုင်ရန် "**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**" ကို တိုးချဲ့ ဖွင့်လှစ်ခဲ့ပါသည်။ ဖွဲ့စည်းပုံအရ '**တောင်တန်းသာသနာပြုဗဟိုသံဃာ့အဖွဲ့**' ကိုလည်း '**ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့**' ဟု ပြောင်းလဲသတ်မှတ်ပြီး ဆောင်ရွက်လျက် ရှိပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ တည်ထောင်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက် ၁၁-မျိုးတို့တွင် အပိုဒ်ခွဲ (ဂ)၌-

ပြည်တွင်း၊ ပြည်ပတို့၌ သာသနာပြုစွမ်းနိုင်သော သူတော်ကောင်းသာသနာချစ် ရဟန်းတော်များ ပေါ်ပေါက်လာစေရန်ဟု ရှိပါသည်။ ယခုအခါ ပြည်မ၌ပင် သဒ္ဓါ,ဝီရိယ,သတိ,သမာဓိ,ပညာ ဗိုလ်ငါးပါး ဆုတ်ယုတ် အားနည်းလာနေသည်ကို အမြော်အမြင်ရှိသူတိုင်း မငြင်းနိုင်သောအချက် ဖြစ်ပါသည်။

အခြားဘာသာများကို ထားပါဦး၊ ဗုဒ္ဓဘာသာဆိုင်းဘုတ်အောက်၌ပင် 'ဘုရားရှင်ကို ဖယ်ပြီး နေရာဝင်ယူနေသူများ သီလ,သမာဓိ,ပညာ သူတော်ကောင်းတရား အဖက်ဖက်က အားနည်းအောင် တူးဖြို့ဖျက်ဆီးနေသူများ တစတစ ပေါ်ပေါက်နေပါပြီ၊ ပါရမီဓာတ်ခံ အားနည်းသော ခေတ်ပညာတတ်များကို စည်းရုံးပြီး မသူတော်တရား ပြန့်ပွားရေး၊ မသူတော်ပရိသတ်များပြားရေးကို ဆောင်ရွက်နေကြပါသည်။

ထို့ကြောင့် ထေရဝါဒ သာသနာပြုလုပ်ငန်းသည် နယ်စပ်နှင့် တောင်တန်းဒေသ၌သာမဟုတ် ပြည်မ၌လည်း ပိဋကတ်တော် ကျွမ်းကျင်နှံ့စပ်, ခေတ်အမြင်လည်း ကြည်လင်ပြတ်သား, သာသနမာမကဂုဏ်ရည်ပြည့်ဝသော ထက်ထက်မြက်မြက် ဆောင်ရွက်နိုင်သော အာဇာနည်သာသနာပြုပုဂ္ဂိုလ်များ လိုအပ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သာသနာပြုလုပ်ငန်းသည်-

၁။ သူတော်ကောင်းတရား တည်တံ့ပြန့်ပွား ထွန်းကားရေး၊

၂။ သူတော်ကောင်းပရိသတ် ကျယ်ပြန့်များပြား ရေးတို့ကို တစိုက်မတ်မတ် ဆောင်ရွက်နေခြင်းပင် ဖြစ်ပါသည်။

သာသနာပြုပုဂ္ဂိုလ်တိုင်းသည်-

၁။ မိမိတို့၏ ဗုဒ္ဓဘာသာ သူတော်ကောင်းတရားကို လူတိုင်းနားလည်သဘောပေါက် လက်ခံပြီးလိုက်နာအောင် စည်းရုံးဟောပြောနိုင်ရမည်။

၂။ မိမိတို့၏ ဗုဒ္ဓဘာသာ ဓမ္မရေးရာ၊ အခြားဘာသာများ၏ ဓမ္မရေးရာတို့ကို ပြည့်ပြည့်ဝဝ နားလည်အောင် လေ့လာသင်ကြားတတ်မြောက်ထားရမည်။ (အသိဉာဏ် ပညာ ရင့်ကျက်ကြီးမားရမည်။)

၃။ မိမိ၏ သာသနာပြုလုပ်ငန်းနှင့် ဆက်စပ်၍ အနစ်နာခံနိုင်မှု၊ ဖွဲ့သတ္တိရှိမှု၊ အမြော်အမြင်ကြီးမားမှုလည်း ရှိရမည်။

၄။ အခြားဘာသာရေး ခေါင်းဆောင်များ၊ ဘာသာဝင်များ၏ ဆောင်ရွက်ချက်၊ စိတ်ဓာတ်ရေးရာတို့ကို မျက်ခြေမပြတ် လေ့လာသိရှိအောင် ကြိုးစားရမည်။

၅။ မိမိကိုယ်ကို အထင်ကြီးပြီး အခြားဘာသာရေးများကို အထင်အမြင်သေးသဖြင့် မလေ့လာ၊ မသိရှိခြင်းသည် သာသနာပြုလုပ်ငန်း မအောင်မြင်ခြင်း၏ အကြောင်းဖြစ်ပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာတက္ကသိုလ်များ၌ ထိုအရည်အချင်းများ ပြည့်ဝအောင် **“ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာ”** ဟူသော ဌာနတစ်ခု၊ ဘာသာရပ်တစ်မျိုးကို ဖွင့်လှစ်၍- ပိဋကတ်တော်လာ သာသနာပြုနည်းများ၊ ဗုဒ္ဓဝင်၊ သမိုင်းရာဇဝင်ကျမ်းများလာ သာသနာပြုနည်း ဆောင်ရွက်ချက်များ၊ အခြားဘာသာရေးခေါင်းဆောင်များ၊ ဘာသာဝင်များ၏ မိမိတို့ဘာသာ ပြန့်ပွားရေးအတွက် ဆောင်ရွက်ချက် အတွေ့အကြုံများ အစရှိသော သာသနာပြုနည်း အတွေ့



အကြုံများကို မျိုးချစ်စိတ်ဓာတ်၊ သာသနာချစ်စိတ်ဓာတ်များ ပြည့်ဝတည်ရှိလာအောင် ဓမ္မာစရိယတန်း ဒုတိယနှစ်မှ မဟာဒုတိယနှစ်အထိ ပညာသင်နှစ်အလိုက် ပြဋ္ဌာန်းသင်ကြားပေးနေပါသည်။

ဤဘာသာရပ်ကို ကျွမ်းကျင်အောင် သင်ယူတတ်မြောက်သော အရှင်မြတ်သည် ပြည်တွင်း၊ ပြည်ပ သာသနာပြုဌာနတို့၌ သာသနာပြုလုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်နိုင်သော သာသနာပြုအာဇာနည်ပုဂ္ဂိုလ်မြတ်များဖြစ်ပါလိမ့်မည်။ ယနေ့ နယ်စပ်နှင့် တောင်တန်းဒေသတို့၌ သာသနာပြုလုပ်ငန်းများကို အောင်မြင်အောင် ထက်ထက်မြက်မြက် ဆောင်ရွက်နေကြသော အရှင်မြတ်များ များစွာပေါ်ထွန်းလာနေပါပြီ။ ‘အုတ်ကြား မြက်ပေါက်’ စကားကဲ့သို့ ပင်ကိုယ်အရည်အချင်း ညံ့သဖြင့် သာသနာပြုလုပ်ငန်း မဆောင်ရွက်နိုင်ဘဲ ဘဝပျက်သွားကြသော ပုဂ္ဂိုလ်များသည် အနည်းငယ်မျှသာ မကင်းတတ်သော သဘာဝအရ ရှိပါသေးသည်။ သာထွန်းပြန့်စာစောင်၊ တက္ကသိုလ်များ နှစ်ပတ်လည်မဂ္ဂဇင်းတို့၌ တစေ့တစောင်း လေ့လာကြည့်ညိုနိုင်ကြပါသည်။

ပင်ကိုယ်အရည်အသွေး တောက်ပသော သာသနာပြုအရှင်မြတ်များသည် နယ်စပ်နှင့် တောင်တန်းဒေသများ၌ ကလေးငယ်များ၏ ပညာရေး၊ တောင်တန်း

www.burmeseclassic.com

www.burmeseclassic.com



ဒေသ သားချင်းများ၏ ကျန်းမာရေး၊ သာသနမဏ္ဍနှင့် ဆန့်ကျင်သော ရပ်ရွာသာယာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများ တိုးတက်ရေး၊ ဘာသာရေးအသိဉာဏ် မြင့်မားရေး ယဉ်ကျေးမှု သင်တန်း၊ မင်္ဂလာသင်တန်းများ ပို့ချသင်ကြားခြင်း၊ ဓမ္မဒေသနာများ ဟောပြောပြသခြင်း၊ ဗုဒ္ဓဘာသာ ခံယူပွဲများ၊ ဒုလ္လဘရဟန်းခံပွဲ၊ ရှင်ပြုပွဲ ဘာသာရေးအခမ်းအနားများကျင်းပခြင်း၊ အချို့နေရာ၌ စာကြည့်တိုက်များ ဖွင့်လှစ်ခြင်း၊ ရေ၊ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ အဝတ်အထည်များ ပေးဝေခြင်း အစရှိသည်တို့ဖြင့် ဆက်ထက်မြက်မြက် သာသနာပြုတာဝန်များကို



ထွန်အောင် ဆောင်ရွက်နိုင်ကြပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး နှစ်ခုမှ ထေရဝါဒဩဝါဒါစရိယဆရာတော်ကြီးများ၏ သာသနာပြုဌာနတို့၌ သာသနာပြုတာဝန် ပေးအပ်သော အရှင်မြတ်များသည်-

- သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism)တန်း လေးနှစ်သင်တန်း တက်ပြီး အတန်းတင်စာမေးပွဲ အောင်မြင်သူ၊
- ၁၀-ရက် ပဋိပတ်လုပ်ငန်း ကျင့်သုံးပြီးသူ၊
- တိုင်းရင်းဆေးသင်တန်း ( ၁ )လတက်ရောက် အောင်မြင်ပြီးသူများ ဖြစ်ကြပါသည်။
- မဟာဓမ္မာစရိယ M.A(Buddhism)တန်း (၂)နှစ်သင်တန်း အောင်မြင်ပြီးသူ၊
- ၄၅-ရက် ပဋိပတ်လုပ်ငန်း အားထုတ်ပြီးသူ၊
- မဟာဓမ္မာစရိယ ဘွဲ့ယူကျမ်းစာ တင်သွင်းပြီးသူ များလည်း ပါဝင်ကြပါသည်။

အချို့အရှင်မြတ်များသည် မိမိတို့ရပ်ရွာ/မြို့နယ်များ၌ နွေရာသီကျောင်းပိတ်ရက်များတွင် မိတ်ဆွေရဟန်းတော်များ၏ အကူအညီဖြင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်သင်ကြားခြင်း၊ ဆုချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ကြခြင်းဖြင့် မျိုးဆက်သစ်လူငယ်များအား မျိုးချစ်စိတ်ဓာတ်၊ ဘာသာ သာသနာမြတ်နိုးမှုစိတ်ဓာတ်များ ရှင်သန်ထက်မြက်ရေးအတွက် သာသနာပြုလုပ်ငန်းတို့ကို နေ့စဉ် ဆောင်ရွက်နေကြ



ပါသည်။ အချို့ ဘွဲ့ရပြီးအရှင်မြတ်များသည် ပြည်ပနိုင်ငံများ၌ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နေကြပါသည်။

ဤသည်တို့ကား နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ အောင်မြင်သော အသီးအပွင့်များပင် ဖြစ်ပါသည်။ ဤသည်တို့ကို မသိကြသဖြင့် အချို့အထင်အမြင် မှားယွင်းနေကြပါသည်။

မိမိတို့ စိုက်ပျိုးထားကြသည့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ အောင်မြင်သော အသီးအပွင့်တို့ကို သိရှိအောင် လေ့လာကြပြီး ကုသိုလ်တရားတို့ အစဉ်ပွားများနိုင်ကြပါစေဟု……

**■ ဒုချုပ်စီမံဆရာတော်**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)



www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုတာဝန် ထမ်းဆောင်ပြီးသော ရဟန်းတော်များစာရင်း

| စဉ် | ပညာသင်နှစ် | ရန်ကုန် | မန္တလေး | ပေါင်း |
|---|---|---|---|---|
| ၁ | ၁၃၃၅-၅၆ | ၁၆ | ၂၀ | ၃၆ |
| ၂ | ၁၃၅၆-၅၇ | ၂၁ | ၃၂ | ၅၃ |
| ၃ | ၁၃၅၇-၅၈ | ၂၉ | ၂၇ | ၅၆ |
| ၄ | ၁၃၅၈-၅၉ | ၂၉ | ၂၂ | ၅၆ |
| ၅ | ၁၃၅၉-၆၀ | ၂၄ | ၁၆ | ၄၀ |
| ၆ | ၁၃၆၀-၆၁ | ၂၀ | ၂၈ | ၄၈ |
| ၇ | ၁၃၆၁-၆၂ | ၂၆ | ၁၈ | ၄၄ |
| ၈ | ၁၃၆၂-၆၃ | ၃၃ | ၁၅ | ၄၈ |
| ၉ | ၁၃၆၃-၆၄ | ၃၃ | ၃၆ | ၆၉ |
| ၁၀ | ၁၃၆၄-၆၅ | ၄၄ | ၂၂ | ၆၆ |
| ၁၁ | ၁၃၆၅-၆၆ | ၅၁ | ၃၅ | ၈၆ |
| ၁၂ | ၁၃၆၆-၆၇ | ၄၃ | ၄၀ | ၈၃ |
| ၁၃ | ၁၃၆၇=၆၈ | ၄၇ | ၄၈ | ၉၅ |
| ၁၄ | ၁၃၆၈-၆၉ | ၄၀ | ၄၂ | ၈၂ |
| | စုစုပေါင်း | ၄၅၆ | ၄၀၁ | ၈၅၇ |

## နယ်စပ်ဒေသနှင့်တောင်တန်းဒေသ သာသနာပြုတာဝန် ၂-နှစ်ထမ်းဆောင်ပြီးသော်လည်း သာသနာပြုတာဝန်ဆက်လက်ထမ်းဆောင်နေကြသော ရဟန်းတော်များ

| ရန်ကုန် | မန္တလေး | စုစုပေါင်း |
|---|---|---|
| ၅၃ | ၆၉ | ၁၂၂ |

## နယ်စပ် နှင့်တောင်တန်းဒေသ သာသနာပြုတာဝန်ထမ်းဆောင်နေဆဲ ရဟန်းတော်များ

| စဉ် | ပညာသင်နှစ် | ရန်ကုန် | မန္တလေး | ပေါင်း |
|---|---|---|---|---|
| ၁ | ၁၃၆၉-၇၀ | ၄၅ | ၅၀ | ၉၅ |
| ၂ | ၁၃၇၀-၇၁ | ၄၇ | ၄၉ | ၉၆ |



www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ သာသနတက္ကသီလဓမ္မပါရဂူ (Ph.D) ဖြစ်ပေါ်လာပုံ သမိုင်းအစ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ [illegible]ရလက်ထက် နီပေါနိုင်ငံရှိ လုမ္ဗိနီဥယျာဉ်တော်တွင် [illegible]နိုင်ငံမှ တည်ဆောက်ပူဇော်သော စူဠမုနိစေတီ [illegible] ထီးတင်ပွဲသို့ မြန်မာနိုင်ငံအစိုးရ ကိုယ်စား [illegible]ဗိုလ်ချုပ်မျိုးညွန့်၊ ဒုတိယဝန်ကြီး ဦးအောင်ခင် [illegible]သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက် [illegible] ထီးတော်တင်ပွဲကို ကျင်းပပြုလုပ်ခဲ့ရသည်။

ထိုအချိန်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့[illegible]သိုလ်တွင် ပြည်ပသံဃာတော်များကို မြန်မာစာ [illegible]တော် သင်ကြားပေးနေသော ဦးစီးရာရှိ [illegible]မြင့်သည် ဝတ်အဖွဲ့နှင့် ပါဝင်သွားခဲ့ရသည်။

နီပေါနိုင်ငံလုမ္ဗိနီသို့ ရောက်သောအခါ နိုင်ငံတော် [illegible]နာယက တွဲဖက်အကျိုးတော်ဆောင် အဘိဓဇ [illegible]ရှု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက [illegible]န်းဆရာတော်ကြီး ဦးသြသဓအေပါအဝင် [illegible](၃)ပါးကို ဗီယက်နာမ်နိုင်ငံ၏ ကျောင်းတော်တွင် ဝတ်အဖွဲ့နှင့်အတူ နေရာချထားပေး၍ ဝတ်အဖွဲ့ဝင်များသည်လည်း ဆရာတော်ကြီးများ၏ ဝေယျာဝစ္စအဝဝတို့ကို အနီးကပ်ပြုစုစောင့်ရှောက်ပေးရသည်။ ထိုစဉ်က အိန္ဒိယနိုင်ငံ၊ မာဂဓတက္ကသိုလ်၌ ဒေါက်တာဘွဲ့ယူရန် ကျောင်းတက်နေသော ဆရာဦးအုံးမောင်၏ ရဟန်းဖြစ်သော ဒေါက်တာအရှင်သုန္ဒရသည်လည်း ထိုဗီယက်နမ်ကျောင်းမှာပင် ရှိနေပြီး ဆရာတော်၏ ဝေယျာဝစ္စကို ဝိုင်းဝန်းပြုစု လုပ်ကိုင်ပေးခဲ့သည်။

ထိုအချိန်တွင် ဆရာကြီးဦးကိုကိုမြင့်နှင့် အရှင်သုန္ဒရတို့သည် ပုဂ္ဂိုလ်ရေးရာအရ ရင်းနှီးလာခဲ့ရပြီး ဆရာကြီးဦးကိုကိုမြင့်က အိန္ဒိယနိုင်ငံရှိ တက္ကသိုလ်များ၏(M.A)အဆင့်(Ph.D) အဆင့်တို့ကို အရှင်သုန္ဒရအား ဆွေးနွေးမေးမြန်းစုံစမ်းခဲ့ရသည်။

အရှင်သုန္ဒရကလည်း ပြန်လည်ဆွေးနွေးပြပြီး သူ့ထံတွင်ရှိသော မြန်မာရဟန်းတော်များ အိန္ဒိယကျောင်းသားများ၏ ဒေါက်တာဘွဲ့ယူစာတမ်းများကို ပေးဖတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဦးကိုကိုမြင့်သည် မိမိက သက္ကတ မတတ်၍ သက္ကတနှင့်ပြုထားသောကျမ်းစာများကို မဖတ်နိုင်၊ အင်္ဂလိပ်ဘာသာအားဖြင့် ပြုစုထားသော ဒေါက်တာဘွဲ့ကျမ်းများကို မိမိတတ်သမျှသော အင်္ဂလိပ်စာဖြင့် ကြိုးစားဖတ်ခဲ့ရသည်။

နီပေါတွင် နေရသော(၁၀)ရက်အတွင်း (၅) အုပ်ပြီးအောင်ဖတ်ခဲ့ရသည်။ ညောင်တုန်းဆရာတော်ဘုရားကြီးက တကုပ်ကုပ်နှင့် စာသာ သဲကြီးမဲကြီး ဖတ်နေသော ဦးကိုကိုမြင့်ကို ဘာစာတွေမို့လို့ ဒီလောက်သဲကြီး မဲကြီး ဖတ်နေရသလဲဟု မေးသည်။

ဆရာကြီးဦးကိုကိုမြင့်က "အိန္ဒိယနိုင်ငံရှိ မာဂဓတက္ကသိုလ် နာဠန္ဒတက္ကသိုလ်က ဒေါက်တာဘွဲ့ယူစာတမ်းတွေကို ဗဟုသုတရအောင် ဖတ်နေတာပါဘုရား"ဟု လျှောက်ထားပြီး "တပည့်တော်တို့ မြန်မာနိုင်ငံရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွေကလည်း ဖွင့်လာတာ(၁၀)နှစ် ကျော်ပြီ (M.A) ဘွဲ့တော့ ပေးနေသည်။ ရှေ့ဆက်ပြီး ဒေါက်တာဘွဲ့ပေးရန်လိုနေပါသည်ဘုရား။ ဤ တက္ကသိုလ်တွေကအရှင်ဘုရားတို့ သံဃမဟာနာယက လက်အောက်ဆိုတော့ ဆရာတော်တို့က လမ်းညွှန်ပေးမယ်ဆိုရင် မြန်မာနိုင်ငံရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွေကလည်း ဒေါက်တာဘွဲ့ပေးနိုင်ပါတယ်ဘုရား။ မြန်မာနိုင်ငံက ပြုစုထားတဲ့(M.A)ကျမ်းစာတွေဟာ ဒီပြင်ဘာသာရပ်ကိုတော့ မလျှောက်ထားလို ပါဘူးဘုရား၊ သုတ်၊ ဝိနည်း၊ အဘိဓမ္မာနှင့် ပတ်သက်လျှင်တော့ ဒီကဒေါက်တာဘွဲ့စာတမ်းတွေထက် အများကြီးသာပါတယ်ဘုရား"ဟု ဆက်၍ လျှောက်ထားခဲ့သည်။

ထိုအခါ ဆရာတော်က

"အေးလေ···မောင်ရင်တို့ လောကုတ် လောကီနှစ်လီတတ်တဲ့လူတွေက တို့မြန်မာနိုင်ငံတက္ကသိုလ်တွေက ဒေါက်တာဘွဲ့ပေးနိုင်တယ်ဆို ပေးကြဖို့ လုပ်ကြပေါ့ကွဲ့"ဟု မိန့်ကြားပါသည်။

"ဆရာတော်တို့ မဟနက လမ်းညွှန်ချက်ပေးပြီး နပသကပါချုပ် ဒုချုပ် မော်ကွန်းထိန်းဆရာတော်တွေက စည်းမျဉ်းစည်းကမ်းရေးဆွဲပါမှ ရပါမည်ဘုရား"

"ဒါဆိုရင်လည်း အုပ်ချုပ်ရေးအဖွဲ့ အစည်းဝေးတို့ မဟာန(၁၅)ပါး၊(၄၅)ပါးအစည်းအဝေးတို့ကျတော့ ငါတင်ပြပေးပါမယ်။ ကိုသီရိကြီးတို့ကသာတင်ရမည့် လုပ်ထုံးလုပ်နည်း စည်းကမ်းတွေ၊ နပသ ဆရာတော်တွေ၊ ဝန်ကြီးတွေ၊ ညွှန်ချုပ်တွေနှင့် ညှိနှိုင်းဆောင်ရွက်ထားကြပါ။ လိုအပ်တဲ့ စည်းကမ်းစည်းမျဉ်းတွေလည်း ရေးဆွဲထားကြပေါ့ကွဲ့" ဟု လမ်းညွှန်မိန့်ကြားခဲ့ပါသည်။

ထိုအချိန်က ဆရာကြီးဦးကိုကိုမြင့်သည် ဦးစီးအရာရှိအဆင့်မျှသာရှိ၍ ညွှန်မှူးအဆင့် ဆင့်အစည်းအဝေးသို့ တင်ခွင့်မရ၍ ညွှန်ချုပ်အဆင့်ကို တင်ပြရန် မလွယ်ကူခဲ့ချေ။

ဆရာကြီးဦးကိုကိုမြင့် လက်ထောက်ညွှန်မှူးဖြစ်ပြီးနောက် နီပေါနိုင်ငံသို့ ဆောက်လုပ်ပြီးသော ကျောင်းဇရပ်များ ရေစက်ချပွဲနှင့် ဓမ္မာရုံအုတ်မြစ်ချပွဲသို့ ၂၀၀၀-ခုနှစ်တွင် ဒုတိယအကြိမ်လိုက်ပါသွားရပြန်ပါသည်။

ထိုအချိန်တွင် အရှင်သုန္ဒရသည် ဒေါက်တာကျမ်းတင်ပြီး သာသနာရေးဝန်ကြီးမှ ထိုအဆောက်အဦများ ထိန်းသိမ်းစောင့်ရှောက်ရန် နပသမှ တာဝန်ပေးထားသောဆရာတော်ဦးသုနန္ဒနှင့်အတူ လက်ထောက်ဆရာတော်အဖြစ် တာဝန်ယူနေရသည်။

ဆရာကြီးဦးကိုကိုမြင့်သည် ဒုတိယအကြိမ် ဦးသုန္ဒရနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံရှိ တက္ကသိုလ်များ ဒေါက်တာဘွဲ့ပေးနိုင်ရေး အခြေအနေကို ဆွေးနွေးခဲ့ရသည်။

ထိုမှ ဆွေးနွေးရချက်များကို နီပေါနိုင်ငံ၌ ရင်းရင်းနှီးနှီး အနီးကပ်နေခွင့်ရလာသော သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်အား ဦးကိုကိုမြင့်မှ ထမင်းဝိုင်းတွင်လည်းကောင်း လဘက်ရည်ဝိုင်းတွင်လည်းကောင်း၊ မြန်မာနိုင်ငံရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၌ ဒေါက်တာဘွဲ့ပေးမည်ဆိုလျှင် ပေးနိုင်သော အရည်အချင်း အရည်အသွေးရှိကြောင်း ဆွေးနွေးတင်ပြခဲ့ရပါသည်။ တဖန် နိုင်ငံတော်ပရိယတ္တိသာသနာ့



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပြင်ဆင်ဖြည့်စွက်ချက်(၂၀၀၁/၂) အခန်း(၄)အပိုင်း(၁၀)တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်သည် ကမ္ဘာ့နိုင်ငံများရှိ ဗုဒ္ဓဘာသာဆိုင်ရာတက္ကသိုလ်များ၏ အဆင့်အတန်းမီသော တက္ကသိုလ်ဖြစ်စေရမည်ဟူသော စည်းမျဉ်းကို ဆရာကြီးဦးကိုကိုမြိုင်မှ ညွှန်ကြားရေးမှူးချုပ်ကို တင်ပြဆွေးနွေးခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်သည် ဆရာကြီးဦးကိုကိုမြိုင် ဆွေးနွေးတင်ပြချက်များကို အလေးအနက် [illegible]ဆောင်ပြီး အသေးစိတ် ပြန်လည်မေးမြန်းသည်။ စုံစမ်းလေ့လာခဲ့ပါသည်။

ထို့နောက် ဆရာကြီးဦးကိုကိုမြိုင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်တို့ နီပေါနိုင်ငံမှ ပြန်ရောက်ပြီးနောက် ညွှန်မှူးအဆင့်ဆင့် အစည်းအဝေးတွင် န·ပ·သ ကိစ္စအပိုင်းဆွေးနွေးကြရင်း ညွှန်ကြားရေးမှူးချုပ်အား န·ပ·သ ဒေါက်တာဘွဲ့ကိစ္စ မည်သို့ဆက်လုပ်ရမည်နည်းဟု ဆရာကြီးဦးကိုကိုမြိုင်မှ တင်ပြဆွေးနွေးခဲ့သည်။ ထိုအခါ ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က ညွှန်ကြားရေးမှူးများနှင့် အသေးစိတ်ဆွေးနွေးညှိနှိုင်းကြပြီး ပထမ ရန်ကုန်တက္ကသိုလ်အပါအဝင် အခြားနိုင်ငံများရှိ ဘာသာရေးဆိုင်ရာတက္ကသိုလ်များ၏ ဒေါက်တာဘွဲ့ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများကို လေ့လာပြီး မူကြမ်းရေးဆွဲကြပါ။ ထိုသို့ ရေးဆွဲနိုင်ရန်အတွက် တက္ကသိုလ်ရှိ နာယကချုပ်ဆရာတော်အပါအဝင် ဆရာတော်များ၊ ပညာရှင်ဆရာကြီးများနှင့် ဦးစွာပထမ ညှိနှိုင်းဆွေးနွေးပါဟု လမ်းညွှန်မှုပြုပြီး ညွှန်မှူးအဆင့်ဆင့် အစည်းအဝေးတွင် န·ပ·သ ၌ ဒေါက်တာဘွဲ့ကိစ္စလိုအပ်သော စည်းမျဉ်းမူကြမ်း ရေးဆွဲရန်ဟု ဆုံးဖြတ်ချက်ချခဲ့ပါသည်။။

ထိုဆုံးဖြတ်ချက်အရ ဆရာကြီးဦးကိုကိုမြိုင် (လက်ထောက်ညွှန်မှူး)သည် ပထမ ဆရာကြီး ဦးစံတင်ထံ တွေ့ဆုံပြီး န·ပ·သ ဒေါက်တာဘွဲ့ပေးနိုင်ရေးအတွက် ညွှန်မှူးအဆင့်ဆင့် အစည်းအဝေးက ဆုံးဖြတ်ထားကြောင်း ရှင်းပြပြီး ထိုစည်းမျဉ်းရေးဆွဲနိုင်ရန်အတွက် ရန်ကုန်တက္ကသိုလ်နှင့် အခြားတက္ကသိုလ်များမှ လုပ်ထုံးလုပ်နည်း စည်းမျဉ်းများ ရနိုင်ဖို့ ကူညီရန် မေတ္တာရပ်ခံခဲ့သည်။ ဆရာကြီးကလည်း ကူညီမည်ဟု ဝန်ခံကတိပြုပြီး ကူညီမှုပေးခဲ့ပါသည်။

ထို့နောက် ဆရာကြီးဦးကိုကိုမြိုင်သည် ဆရာကြီးဦးကျော်လှိုင်၊ ဆရာကြီးဦးရဲမြင့်၊ဆရာကြီးဦးစံတင်၊ ဆရာကြီးနန္ဒသိန်းဇံတို့နှင့် ဆက်လက်ဆွေးနွေးပြီး ယာယီစည်းမျဉ်းမူကြမ်း ရေးဆွဲရေးကော်မတီကို ဖွဲ့စည်းပြီး စတင် ရေးဆွဲခဲ့ပါသည်။

ထိုသို့ ရေးဆွဲနိုင်ရေးအတွက် ဆရာကြီး ဦးစံတင်ထံမှ ရန်ကုန်တက္ကသိုလ်၏မြန်မာစာဌာန၊ ဒေါက်တာစည်းမျဉ်း၊ ဆရာကြီးဦးကိုလေး(ဖေယျာမောင်)ထံမှ အိန္ဒိယနှင့် ထိုင်းတက္ကသိုလ်များ၏ ဒေါက်တာဘွဲ့စည်းမျဉ်း၊ သပိတ်အိုင်ဆရာတော်အရှင်ဉာဏိဿရထံမှ သီရိလင်္ကာနိုင်ငံရှိ ဒေါက်တာဘွဲ့စည်းမျဉ်း၊ ဆရာဦးအောင်သိန်းညွန့် (ယခုဒုတိယ ညွှန်ကြားမှူးချုပ်)ထံမှ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် စည်းမျဉ်းများကို ဆရာကြီးဦးကိုကိုမြိုင်မှ ရရှိအောင် ဆောင်ရွက်ခဲ့ပြီး အင်္ဂလိပ်ဘာသာပြန်ဆိုမှုကို ဆရာကြီးဦးရဲမြင့်အား တာဝန်ပေးခဲ့ပါသည်။ ဆရာကြီးဦးကျော်လှိုင်နှင့် ဒေါက်တာနန္ဒသိန်းဇံတို့မှ ထိုဘာသာပြန်များကို ကြည့်ရှုစစ်ဆေးပြီး မူကြမ်းရေးဆွဲကြပါသည်။

ဤသို့ဖြင့် ဒေါက်တာဘွဲ့မူကြမ်းရေးဆွဲပြီး ထိုစဉ်က တက္ကသိုလ်များ အုပ်ချုပ်ရေးအဖွဲ့၏ အတွင်းရေးမှူးလည်းဖြစ်၊ ညွှန်ကြားရေးမှူးချုပ်လည်းဖြစ်သော ဦးစန်းလွင်ထံသို့ တင်ပြခဲ့ကြပါသည်။ ဦးစန်းလွင်ထံမှ ခွင့်ပြုချက်ရသောအခါ နာယကချုပ်ဆရာတော်များ အပါအဝင် တာဝန်ရှိဆရာတော်များနှင့် မူကြမ်းကို အကြမ်းဖျင်း ညှိနှိုင်းဆွေးနွေးကြပြီး ၇-၃-၂၀၀၁-နေ့တွင် ကျင်းပသောတက္ကသိုလ်ပညာရေး အစည်းအဝေးသို့ တင်ပြပေးရန် ဆရာကြီးဦးကိုကိုမြိုင်က ဆရာကြီးဦးစံတင်အား မေတ္တာရပ်ခံပြီး တင်ပြစေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗဟိုပညာရေးအစည်းအဝေးတွင် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ ဒေါက်တာဘွဲ့(Ph.D) အင်္ဂလိပ်စာလုံးချည်းသုံးမည့်အစား ပါဠိ-မြန်မာဝေါဟာရပါ ဥပမာ သာသနတက္ကသီလဓမ္မာစရိယ(B.A)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ(M.A)ကဲ့သို့ ထည့်သုံးရန်သင့်ပါကြောင်း အကြံပြုပြီး သာသနတက္ကသီလဓမ္မပါရဂူ(Ph.D) အမည်သုံးရန် အကြံပြုဆွေးနွေးတင်ပြခဲ့ပါသည်။ ထိုတင်ပြချက်ကိုလည်း အားလုံးသော ဗဟိုပညာရေးအဖွဲ့များက သဘောတူလက်ခံခဲ့ကြပါသည်။

ဤတက္ကသိုလ်များမှ ဓမ္မပါရဂူဘွဲ့အပ်နှင်းနိုင်ရေးအတွက် ဓမ္မပါရဂူစည်းမျဉ်းမူကြမ်းကို အုပ်ချုပ်ရေးဗဟိုအဖွဲ့သို့ ဆက်လက်တင်ပြရန် စီမံရပါသည်။

တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့(၄-၃-၂၀၀၁) အစည်းအဝေးတွင် ထိုစဉ်ကအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖြစ်သော ညောင်တုန်းဆရာတော် ဦးဩဘာသာဘိဝံသက ဤတက္ကသိုလ်ဖွဲ့စည်းပုံစည်းမျဉ်းတွင် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ဖြစ်ရမည်ဟု ပါရှိထားသဖြင့် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ဖြစ်အောင် နိုင်ငံတကာတက္ကသိုလ်အဆင့်မမီသော်မှ ထေရဝါဒနိုင်ငံများနှင့် အာရှနိုင်ငံများရှိ ဘာသာရေးတက္ကသိုလ်များနှင့် မသာတောင် တန်းတူအဆင့်မီအောင် ဒေါက်တာဘွဲ့များအတွက် သင်ကြားပေးရန်လိုအပ်ပါကြောင်း အဖွင့်ဩဝါဒစကားတွင် ထည့်သွင်းလမ်းညွှန် မိန့်ကြားခဲ့ပါသည်။

ထိုအုပ်ချုပ်ရေးဗဟိုအစည်းအဝေးတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဓမ္မပါရဂူဘွဲ့ပေးအပ်နှင်းရေးကိစ္စနှင့် ပတ်သက်၍ ပေးထိုက်, မပေးထိုက် အဆင့်မီ,မမီ ရေးဆွဲထားသောစည်းမျဉ်းကို ပညာရေးဝန်ကြီးဌာနအထိ တင်ပြပြီး ခွင့်ပြုမှုရယူရန် လို,မလို စသည်အကြောင်းမျိုးစုံ ဆွေးနွေးကြသည်။

ဤတွင် အချို့အဖွဲ့ဝင်များက ဤတက္ကသိုလ်များ၌ ဒေါက်တာဘွဲ့ပေးရန် အသင့်မရှိသေးသကဲ့သို့ အဆင့်လည်း မမီသေးကြောင်း၊ ဒေါက်တာဘွဲ့အတွက် ကမ္ဘာ့အဆင့်မီကျမ်းဖြစ်ရမည်ဖြစ်၍ အင်္ဂလိပ်လိုရေးနိုင်မှဖြစ်မည်ဖြစ်ကြောင်း၊ ဤတက္ကသိုလ်တွင် အင်္ဂလိပ်ဘာသာရပ်ဖြင့် ရေးနိုင်သော အဆင့်ရှိ,မရှိ ဦးစွာသုံးသပ်ဖို့လိုကြောင်း၊ တစ်ဖန် ဒေါက်တာဘွဲ့ကျမ်းကို လမ်းညွှန်ကြီးကြပ်ပေးရမည့် ဒေါက်တာဘွဲ့ရ(၂)ဦး ဤတက္ကသိုလ်မှာ ရှိဖို့လိုကြောင်း၊ ဒေါက်တာဘွဲ့ရဆရာမရှိဘဲ ဒေါက်တာဘွဲ့ကျမ်းကို မည်သို့မျှရေးသား၍ မရကြောင်း စသည်ဖြင့် အကြောင်းပြကာ ကန့်ကွက်ခဲ့ကြသည်။

ထိုကန့်ကွက်ချက်နှင့်ပတ်သက်၍ ဆရာကြီးဦးကိုကိုမြိုင်က အိန္ဒိယနိုင်ငံမှပေးသော ဒေါက်တာဘွဲ့ကျမ်းစာအချို့ကို နီပေါနိုင်ငံသွားစဉ်က ဖတ်ခဲ့ရကြောင်း၊ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာနှင့်ပြုစုတင်ပြထားသော ကျမ်းစာများသည် ဤတက္ကသိုလ်မှ ရဟန်းတော်များ (M.A)တန်းအတွက် သုတေသနပြုကျမ်းစာလောက်မျှပင် အဆင့်မရှိသည်ကို တွေ့ရှိပါကြောင်း၊ ဤနိုင်ငံတွင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ပိဋကတ်စုံလင်စွာ အပြည့်အစုံရှိပြီး ဤပိဋကတ်သုံးပုံကျမ်းစာများထဲမှ ခေတ်လူသားအကျိုးပြု စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး၊ စစ်ရေး၊ လူမှုရေးကျင့်ဝတ်စသည်များကို သုတေသနပြုပြီး ဖော်ထုတ်ရေးသားကအဆင့်မမီစရာ အကြောင်းမရှိပါကြောင်း၊ လယ်တီဆရာတော်ဘုရားကြီး၏ ဒီပနီကျမ်းများပိဋကတ်ထဲက ထုတ်နှုတ်ရေးသားကျမ်းပြုခဲ့သဖြင့် ယနေ့အထိ ပညာရှင်များက လက်ခံပြီး အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထုတ်ဝေနေကြောင်း၊ လယ်တီဆရာတော်၏ ဒီပနီကျမ်းစာများကြောင့် အင်္ဂလိပ်အစိုးရပင် ဆရာတော်ကို ဒီလစ်ဘွဲ့ ဆက်ကပ်ပူဇော်ခဲ့ကြောင်း၊ ဤတက္ကသိုလ်တွင် သုတ်, အဘိဓမ္မာ, ဝိနည်း, သင်ကြားပေးနေသဖြင့် ဒေါက်တာဘွဲ့လုပ်ထုံးလုပ်နည်း စည်းမျဉ်းသာရှိလျှင် ကမ္ဘာ့တက္ကသိုလ်များအဆင့်မီ ဒေါက်တာဘွဲ့များရေးသားနိုင်ပါကြောင်း၊ မိမိတတ်သောမြန်မာဘာသာဖြင့် အဆင့်မီစွာ သုတေသနပြုရေးသားပြီး လယ်တီဆရာတော်ကြီး၏ ဒီပနီကျမ်းများကို အင်္ဂလိပ်ဘာသာပြန်ဆိုသကဲ့သို့ မြန်မာဘာသာ၊ ပါဠိဘာသာဖြင့် ပြုစုထားသော ဓမ္မပါရဂူကျမ်းများကို



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ပညာရှင်များက အင်္ဂလိပ်ဘာသာ ပြန်ဆိုက နိုင်ပါကြောင်း၊ သို့အတွက် ဤတက္ကသိုလ်များသည် လုပ်ထုံးလုပ်နည်းစည်းမျဉ်းဥပဒေသာရှိပါက အဆင့်မီ ဒေါက်တာဘွဲ့ကျမ်းစာများ ရေးသားပြုစုနိုင်ပါကြောင်း သည်ဖြင့် အကျယ်တဝင့် ရှင်းလင်းလျှောက်ထား ပြသည်။

ထိုအခါ ညောင်တုန်းဆရာတော်က ကန့်ကွက် ကြသောဒကာများနှင့် ဆရာကြီးများဘက်ကလည်း ကောင်းသထက်ကောင်းအောင် အဆင့်တန်းမီအောင် များတကာ အကဲ့ရဲ့မခံရအောင် စေတနာနှင့် တင်ပြ ကန့်ကွက်ကြသည်ကို ဆရာတော်သဘောပေါက်ပါ ကြောင်း၊ ယခုအဓိကထားလုပ်ဖို့က ဒေါက်တာဘွဲ့ အတွက် လုပ်ထုံးလုပ်နည်း စည်းမျဉ်း၊ နိုင်ငံတကာ အဆင့်မီရန် ပြင်ဆင်ရေးဆွဲဖြည့်စွက်ကြရန်နှင့် ဤ တက္ကသိုလ်တွင် ဒေါက်တာ(၂)ပါး၊ (၂)ဦးရှိမှ ဖြစ်မည် ဆိုကလည်း သထပညွှန်ချုပ်က ဝန်ကြီး၊ ဒုဝန်ကြီးနှင့် ညှိနှိုင်းပြီး ရှာဖွေခန့်ထားပေးပါရန် ဆရာတော်က အကြံပြုပါကြောင်း၊ ဆရာတော်အနေနှင့် မည်ကဲ့သို့ အမိန့်ဩဝါဒချမှတ်ပေးရန် လိုအပ်ပါသလဲဟု ဩဝါဒ မိန့်ခံပေးခဲ့ပါသည်။

ထိုအခါ မော်ကွန်းထိန်းဆရာတော် ဦးကုမာရက ပါရဂူဘွဲ့ ဤတက္ကသိုလ်မှ ပေးအပ်နိုင်ရေးအမိန့်ကို အမိန့်ချမှတ်ပေးပါရန် လျှောက်ထားတင်ပြခဲ့ပါသည်။ ညောင်တုန်းဆရာတော်ဘုရားကြီးကလည်း “ဓမ္မပါရဂူ ဘွဲ့ကို လုပ်ထုံးလုပ်နည်း စည်းမျဉ်းများရေးဆွဲပြီးက ပေးအပ်ပါ”ဟု အမိန့်ချမှတ်ပေးခဲ့ပါသည်။

တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့က နာယက ဆရာတော်(၄)ပါး၊ အဖွဲ့ဝင်ဆရာတော်(၇)ပါး၊ သာသနာ ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သော ပုဂ္ဂိုလ်ပညာရှင်(၈)ဦးပါဝင်သောအဖွဲ့ကို ဖွဲ့စည်း၍ စည်းမျဉ်းမူကြမ်းကို ပြန်လည်စိစစ်ရန် တာဝန်ပေးခဲ့ ပါသည်။ ထိုအစည်းအဝေးအပြီးတွင် ညွှန်ကြားရေး မှူးချုပ် ဦးစန်းလွင်မှ ဆရာကြီးဦးကိုကိုမြိုင်အား ဒေါက်တာဘွဲ့ရ ရဟန်း(၂)ပါး သို့မဟုတ် ဒေါက်တာ ဘွဲ့ရ ဆရာ(၂)ဦး ဤတက္ကသိုလ်၌ ခန့်ထားနိုင်ရေး အတွက် ရှာဖွေရန် တာဝန်ပေးအပ်ခဲ့သည်။

ဆရာကြီးဦးကိုကိုမြိုင်သည် နာယကချုပ် ဆရာတော် ဦးဝဏ္ဏိတ၊ မော်ကွန်းထိန်းဆရာတော် ဦးကုမာရတို့နှင့်ညှိနှိုင်းပြီး အိန္ဒိယမှ ဒေါက်တာဘွဲ့ရ လာသော မဇ္ဈိမဂုဏ်ရည် ကျောင်းတိုက်မှ အရှင် ကောဝိဒကို ဆက်သွယ်ပြီးညှိနှိုင်းရပါသည်။ ဆရာတော် ဦးကောဝိဒမှတစ်ဆင့် ဒေါက်တာဘွဲ့ရ စာတမ်းတင်ပြီး သော အရှင်ဃောသိတတို့ကို ဆက်သွယ်ညှိနှိုင်းပေးပါ သည်။

သို့သော် နောက်ဆုံးတွင် အကြောင်းအမျိုးမျိုး ကြောင့် နှစ်ပါးလုံးမရခဲ့ပါ။ ထိုအချိန်မှာပင် ဆရာကြီး ဦးစံတင်က မိမိတပည့်ဒေါက်တာဘွဲ့ ပူပူနွေးနွေး ရထားသော ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနမှ ဒေါက်တာခင်အေးကို မိမိ၏ မြန်မာစာဌာနတွင် ချည့်ပါမောက္ခ ခန့်ထားပေးပါရန် ညွှန်ကြားရေးမှူး ချုပ်နှင့် နာယကချုပ်၏ သဘောတူညီမှုရရှိပါက မိမိက ဒေါက်တာခင်အေးကို မေတ္တာရပ်ခံပေးပါမည်ဟု အဆို ပြုလာသဖြင့် ဆရာကြီးဦးကိုကိုမြိုင်မှ ညွှန်ကြားရေး မှူးချုပ်ထံနှင့် နာယကချုပ်ထံ သဘောတူညီချက်ရယူ ပြီး ဒေါက်တာခင်အေးကို ဤတက္ကသိုလ်တွင် ချည့် ပါမောက္ခအဖြစ် ခန့်ထားစေခဲ့ရပါသည်။

ထိုဒေါက်တာဘွဲ့ရ စည်းမျဉ်းမူကြမ်းကို ထပ်မံ ပြင်ဆင်ကြပြီး။ (၂၇-၈-၂၀၀၁)နေ့တွင် ကျင်းပသော တက္ကသိုလ်ပညာသင်ကြားရေးအစည်းအဝေး(၃/၂၀၀၁)သို့ ဆက်လက်တင်ပြခဲ့ပါသည်။

ထိုအစည်းအဝေးက နာယကချုပ်ဆရာတော် (၂)ပါး မော်ကွန်းထိန်းဆရာတော်(၂)ပါး၊ ညွှန်ကြားရေး မှူးချုပ် (သထပ)နှင့် ပညာရှင်(၅)ဦးပါဝင်သောအဖွဲ့က စည်းမျဉ်းမူကြမ်းကို ပြန်လည်ရေးဆွဲပြီး ဗဟိုပညာရေး အဖွဲ့သို့ တင်ပြရန် တာဝန်ပေးအပ်ခဲ့ပါသည်။

ထိုအဖွဲ့က လိုအပ်သည်များကို ပြန်လည် ဖြည့်စွက်ပြီး (၅-၉-၂၀၀၁)နေ့တွင် ကျင်းပသော တက္ကသိုလ် ပညာသင်ကြားရေးအစည်းအဝေးသို့ ဆက်လက် တင်ပြခဲ့ပါသည်။ ဗဟိုပညာရေးအဖွဲ့ဝင် များက ယင်းမူကြမ်းကို အခန်းကဏ္ဍအလိုက် အသေးစိတ် ဆွေးနွေးဝေဖန်အကြံပြုပြီး (၇-၉-၂၀၀၁)နေ့တွင် ကျင်းပသော တက္ကသိုလ်များ အုပ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



ရေးဗဟိုအဖွဲ့၏ (၂/၂၀၀၁)အစည်းအဝေးသို့ တင်ပြခဲ့ကြပါသည်။

ထိုဆုံးဖြတ်ချက်အရသာသနာရေးဝန်ကြီးဌာန (ဝန်ကြီးရုံး)မှ စာအမှတ် ၁၀၀/ခ-၂၁/ဝကရ/ ၂၀၀၁ရက်စွဲဖြင့် နာယကဆရာတော် ၄-ပါးအပါအဝင် ဆရာတော်(၇)ပါး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဆောင်သော လူပုဂ္ဂိုလ်ပညာရှင်များ ပါဝင် သောအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးခဲ့ပါသည်။

**နာယကဆရာတော်များ**

၁။ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ(Ph.D)
(တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာ ပဏ္ဍိတ)

၂။ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ
(တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာ ပဏ္ဍိတ)

၃။ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ
(တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာ ပဏ္ဍိတ)

၄။ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)
နာယကချုပ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး)

၅။ ဘဒ္ဒန္တဝဏ္ဏိတ(အဂ္ဂမဟာပဏ္ဍိတ)
နာယကချုပ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)

**ကော်မတီဝင်များ**

၁။ ဘဒ္ဒန္တအဂ္ဂိယ - အဖွဲ့ဝင်ဆရာတော်
နာယက(မန္တလေး)
ဝိနယပိဋကမဟာဌာန

၂။ ဘဒ္ဒန္တသုစိတ္တ - အဖွဲ့ဝင်ဆရာတော်
နာယက(ရန်ကုန်)
သုတ္တန္တပိဋကမဟာဌာန

၃။ ဘဒ္ဒန္တဂန္ဓမာလာဘိဝံသ - အဖွဲ့ဝင်ဆရာတော်
နာယက(ရန်ကုန်)
အဘိဓမ္မပိဋကမဟာဌာန

၄။ ဘဒ္ဒန္တထေရိန္ဒ - အဖွဲ့ဝင်ဆရာတော်
ဌာနမှူး(ရန်ကုန်)
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန

၅။ ဘဒ္ဒန္တဉာဏဓဇ - အဖွဲ့ဝင်ဆရာတော်
ဌာနမှူး(မန္တလေး)
ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန

၆။ ဘဒ္ဒန္တသုန္ဒရ - အဖွဲ့ဝင်ဆရာတော်
ဌာနမှူး(မန္တလေး)
ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန

၇။ ဘဒ္ဒန္တဥတ္တမ - အဖွဲ့ဝင်ဆရာတော်
ဌာနမှူး(ရန်ကုန်)
ဗုဒ္ဓသာသနာပြန့်ပွားရေးပညာဌာန

၈။ ဗိုလ်မှူးချုပ်သူရအောင်ကို - အဖွဲ့ဝင်
ဒုတိယဝန်ကြီး(ဥက္ကဋ္ဌ)

၉။ ဦးစန်းလွင် - အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်(သ·ထ·ပ)

၁၀။ ဒေါက်တာမျိုးမြင့် - အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်(သ သ န)

၁၁။ ဒေါက်တာလှဖေ - အဖွဲ့ဝင်
ဒုပါမောက္ခချုပ်(စီမံ)
အပြည်ပြည်ဆိုင်ရာ
ထေရဝါဒဗုဒ္ဓသာသနာပြု
တက္ကသိုလ်

၁၂။ ဒေါက်တာစိုးရင် - အဖွဲ့ဝင်
ပါမောက္ခချုပ်
ရန်ကုန်တက္ကသိုလ်

၁၃။ ဒေါက်တာအောင်သင်း - အဖွဲ့ဝင်
ပါမောက္ခချုပ်
ရန်ကုန်တက္ကသိုလ်

၁၄။ ဒေါက်တာစိုးဝင်း - အဖွဲ့ဝင်
ပါမောက္ခချုပ်
နိုင်ငံခြားဘာသာတက္ကသိုလ်

၁၅။ ဦးမောင်မောင်လေး - အဖွဲ့ဝင်
အကြံပေး
သာသနာရေးဝန်ကြီးဌာန



www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်ဆွေ - အဖွဲ့ဝင်
တွဲဖက်ပါမောက္ခ(အငြိမ်းစား)
ဦးဌေးအောင် - အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(အငြိမ်းစား)
ဦးစံတင် - အတွင်းရေးမှူး
ကထိက(အငြိမ်းစား)
တို့ဖြစ်ပါသည်။

ပါဠိစာပေ၊ အင်္ဂလိပ်စာပေတို့ဖြင့် ပြုစုသော ရှုဘွဲ့ယူကျမ်းစာသည် အနည်းဆုံးစာမျက်နှာ -သာရှိရမည်ဟူ၍သာ ထပ်မံဖြည့်စွက် အတည်ပြု သည်။

အဆိုပါအဖွဲ့မှ အချိန်ယူ၍ ထိုဓမ္မပါရဂူ စည်းမျဉ်း အတွက် လိုအပ်သောအစီအစဉ်များကို စီစဉ် ပြီး အချောပြုကာ (၇-၂-၂၀၀၃)နေ့တွင် ပြုလုပ် တက္ကသိုလ်များအုပ်ချုပ်ရေး ဗဟိုအဖွဲ့(၁/၂၀၀၃) အစည်းအဝေးသို့ တင်ပြပြီး ထိုအစည်းအဝေးမှတ်တမ်း နှင့် ၁၄ တို့ဖြင့် အတည်ပြုခဲ့ပါသည်။

ထိုစည်းမျဉ်းအရ အောက်ပါကော်မတီဝင်များကို ၍ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက် စီမံပါသည်။

(က) သာသနတက္ကသီလဓမ္မပါရဂူဘွဲ့ သင်တန်းကြီးကြပ်ရေး ကော်မတီ
(ခ) သာသနတက္ကသီလဓမ္မပါရဂူဘွဲ့ သင်တန်းဦးစီးကော်မတီ
(ဂ) သာသနတက္ကသီလဓမ္မပါရဂူစာစစ်အဖွဲ့ တို့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြပါသည်။

၂၀၀၃-ခုနှစ်၊ ဒီဇင်ဘာလ၊ (၆)ရက်နေ့တွင် ချုပ်ရေးဗဟိုအဖွဲ့မှ နိုင်ငံတော်ပရိယတ္တိသာသနာ့ သိုလ်(ရန်ကုန်-မန္တလေး)တို့တွင် သာသန သီလဓမ္မပါရဂူဘွဲ့သင်တန်းများ စတင်ဖွင့်လှစ်နိုင် အတွက် သာသနာ့တက္ကသိုလ်အသီးအသီးရှိ ရပ်ဆိုင်ရာနာယက ဌာနမှူးများ၏ န်းဖွင့်လှစ်နိုင်ရေးဆိုင်ရာလုပ်ငန်း ကိစ္စအဝဝကို မှတ်ထားသောစည်းမျဉ်းနှင့်အညီ ကြီးကြပ် င်အထည်ဖော်နိုင်ရန်အတွက် တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုဏ္ဍလ ဇောတိ က အမိန့်စာဖြင့်-

၁။ ဘဒ္ဒန္တကုမာရ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
(ရန်ကုန်)

၂။ ဘဒ္ဒန္တကေသရ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
(မန္တလေး)

တို့ကို အသီးအသီး တာဝန်အပ်နှင်းခဲ့ပါသည်။

ထို့နောက် ဆက်လက်၍ ရန်ကုန်မန္တလေးတို့တွင် သာသနတက္ကသီလဓမ္မပါရဂူ သင်တန်းဦးစီးကော်မတီကို အောက်ပါပုဂ္ဂိုလ်များပါဝင်၍ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့အတွင်းရေးမှူးဦးစန်းလွင် ရုံးအမိန့်စာ ၆/၂၀၀၄ အမိန့်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

သာသနာ့တက္ကသိုလ်(ရန်ကုန်)တွင်

၁။ ဘဒ္ဒန္တဥတ္တမ - ဥက္ကဋ္ဌ
ဒုတိယနာယကချုပ်
၂။ ဘဒ္ဒန္တကုမာရ - အတွင်းရေးမှူး
မော်ကွန်းထိန်း
၃။ ဦးစံတင် - အဖွဲ့ဝင်
တွဲဖက်ဌာနမှူး
ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန
၄။ ဦးကျော်လှိုင် - အဖွဲ့ဝင်
တွဲဖက်ဌာနမှူး
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန
၅။ ဦးရဲမြင့် - အဖွဲ့ဝင်
တွဲဖက်ဌာနမှူး
ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန
၆။ ဦးသိန်းဇံ -ကျွမ်းကျင်ပညာရှင်
ဧည့်ပါမောက္ခ
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
၇။ ဒေါက်တာခင်အေး -ကျွမ်းကျင်ပညာရှင်
ဧည့်ပါမောက္ခ
ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန



www.burmeseclassic.com

www.burmeseclassic.com



သာသနာ့တက္ကသိုလ်(မန္တလေး)တွင်-

၁။ ဘဒ္ဒန္တဉာဏာလင်္ကာရ - ဥက္ကဋ္ဌ
ဒုတိယနာယကချုပ်

၂။ ဘဒ္ဒန္တကေသရ - အတွင်းရေးမှူး
မော်ကွန်းထိန်း

၃။ ဦးဘဆန်း - အဖွဲ့ဝင်
တွဲဖက်ဌာနမှူး

၄။ ဦးမြင့်ဆွေ - အဖွဲ့ဝင်
အဘိဓမ္မာပိဋကမဟာဌာန
တွဲဖက်ဌာနမှူး

၅။ ဦးအောင်သိန်းညွန့် - ကျွမ်းကျင်ပညာရှင်
ညွှန်ကြားရေးမှူး(သထပ)

ထိုသို့ ဓမ္မပါရဂူဘွဲ့အတွက် စည်းမျဉ်းဥပဒေကြီးရေးဆွဲအတည်ပြုပြီးဖြစ်အောင် ကြိုးစားဆောင်ရွက်ကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဓမ္မပါရဂူသင်တန်းသည် အကောင်အထည်ဖော်နိုင်မှုမရှိဘဲ ကြန့်ကြာနေခဲ့ပါသည်။ သို့အတွက် ဆရာကြီးဦးကိုကိုမြင့်မှ ရန်ကုန်နာယကချုပ်ဆရာတော် ဦးဝဏ္ဏိတနှင့် ညှိနှိုင်းဆွေးနွေးပြီး မန္တလေးနာယကချုပ်နှင့်အတူ နိုင်ငံတော်သံဃမဟာနာယက ထံနှင့် အုပ်ချုပ်ရေးဇဟိုအဖွဲ့ဥက္ကဋ္ဌထံ စာနှင့်တင်ပြလျှောက်ထားရန် အကြံပြုဆွေးနွေးခဲ့ပါသည်။ ထိုသည်ကို နာယကချုပ်ဆရာတော်က သဘောတူပြီး မန္တလေးနာယကချုပ်နှင့် ဆွေးနွေးညှိနှိုင်းပြီး သာသနာရေးဝန်ကြီးထံ မေတ္တာရပ်ခံခဲ့ကြပါသည်။

ဝန်ကြီးဦးအောင်ခင် မှ သထပညွှန်ချုပ် ဦးစန်းလွင်ထံသို့ အခြေအနေ တင်ပြပါဟု လမ်းညွှန်ခဲ့ပါသည်။ ဦးစန်းလွင်မှ တစ်ဖန် တက္ကသိုလ် အုပ်ချုပ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဖြစ်သော ဦးကိုကိုမြင့်ထံ အစီရင်ခံစာရေး တင်ပြရန် လမ်းညွှန်ခဲ့သဖြင့် ဆရာကြီး ဦးကိုကိုမြင့်မှ အခြေအနေကို တင်ပြခဲ့ပါသည်။

ယင်းတင်ပြချက်အရ သာသနာရေးဝန်ကြီးမှ သ.ထ.ပ ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်အား လုပ်ငန်းအကောင်အထည် ဖော်နိုင်ရန် လမ်းညွှန်ချမှတ်ပေးခဲ့ပါသည်။ သို့အတွက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ သာသနတက္ကသီလဓမ္မပါရဂူ(Ph.D)ဘွဲ့သင်တန်း ဖြစ်မြောက်ရေးကော်မတီသည် (၂၈-၂-၂၀၀၂)နေ့တွင် မော်ကွန်းထိန်းရုံး၌ အစည်းအဝေးထိုင်ပြီး လုပ်ငန်းစတင်အကောင်အထည်ဖော်ရန် စီမံချက်များ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

ထိုစီမံချက်များ အသေးစိတ် ဆောင်ရွက်ကြပြီး ၁၈-၂-၂၀၀၄ နေ့တွင်ကျင်းပသော နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊အုပ်ချုပ်ရေးဗဟိုအဖွဲ့၏(၁/၂၀၀၄)အစည်းအဝေးမှ အောက်ပါပုဂ္ဂိုလ်များပါဝင်သော ဓမ္မပါရဂူသင်တန်းဦးစီးကော်မတီကို ထပ်မံလျာထားပြီး ဝန်ကြီးထံတင်ပြခဲ့ပါသည်။ ဝန်ကြီး၏ အမိန့်အရ ဤဓမ္မပါရဂူကိစ္စ ဆက်လက်အကောင်အထည်ဖော်ရန် ၂၀၀၃-ခုနှစ်တွင် သင်တန်းဦးစီးကော်မတီကို ထပ်မံဖွဲ့စည်းခဲ့ပြီး ဗဟိုပညာရေး၊ ဗဟိုအုပ်ချုပ်ရေးအဖွဲ့သို့တင်ပြခဲ့ရပါသည်။

သင်တန်းဖြစ်မြောက်ရေးဦးစီးကော်မတီတွင်-

(၁) ဘဒ္ဒန္တဥတ္တမ - ဥက္ကဋ္ဌ
ဒုတိယနာယကချုပ်
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)

(၂) ဘဒ္ဒန္တကုမာရ - အတွင်းရေးမှူး
မော်ကွန်းထိန်း
(အဂ္ဂမဟာပဏ္ဍိတ)

(၃) ဦးစံတင် - အဖွဲ့ဝင်
တွဲဖက်ဌာနမှူး
ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန

(၄) ဦးကျော်လှိုင် - အဖွဲ့ဝင်
တွဲဖက်ဌာနမှူး
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန

(၅) ဦးကိုကိုမြင့် - အဖွဲ့ဝင်
တွဲဖက်ဌာနမှူး
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန

(၆) ဦးသိန်းဇံ - အဖွဲ့ဝင်
ဧည့်ပါမောက္ခ

(၇) ဒေါ်အောင်ကြည် - အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(နပသ) တို့ပါဝင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဦးစီးကော်မတီသည်

၁၇-၈-၂၀၀၄(၁/၂၀၀၄)အစည်းအဝေးပြု၍ ဓမ္မပါရဂူသင်တန်းအတွက် လိုအပ်သောသင်တန်း ဖွင့်လှစ်နိုင်ရေးကိစ္စများကို ဆွေးနွေးညှိနှိုင်းခြင်း၊ ဆောင်ရွက်ခြင်းများကို ပြုလုပ်ခဲ့ကြပါသည်။

ရန်ကုန်ဦးစီးကော်မတီသည် ၁၇-၈-၂၀၀၄ တွင် (၁/၂၀၀၄)အစည်းအဝေးကျင်းပပြီး-

(က) ပထမအပတ် မဟာဓမ္မာစရိယ(အမ်အေ)ဘွဲ့ ရပြီးသောသင်ကြား စီမံပုဂ္ဂိုလ်များကိုသာ ဓမ္မပါရဂူ သင်တန်းသားအဖြစ်ရွေးချယ်ရန်။

(ခ) အင်္ဂလိပ်စာနှင့် မဟာသုတေသနပြုစုနည်းနှင့် ဓမ္မပါရဂူဘွဲ့ကျမ်းစာပြုစုနည်းတို့ကို တစ်နှစ် သင်တန်းပို့ချရန်

(ဂ) မဟာသုတေသနစာတမ်းကို သင်တန်းကာလ တစ်နှစ်အတွင်း ပြုစုစေလျက် မဟာသုတေသန စာတမ်းအဆင့်မီပါက ဓမ္မပါရဂူဘွဲ့ယူစာတမ်း ပြုစုစေ၍ ဓမ္မပါရဂူလုပ်ထုံးလုပ်နည်းများနှင့် အညီ စိစစ်ပြီးမှသာ ဓမ္မပါရဂူဘွဲ့အပ်နှင်းရန်။

ဟု မှချမှတ်ခဲ့ပါသည်။

ယင်းဆုံးဖြတ်ချက်အရ ကြေငြာချက်ထုတ်ပြန်၍ လျှောက်လွှာပုံစံများ သတ်မှတ်ကာ သင်တန်းသားများ ကို ခေါ်ယူခဲ့ပါသည်။

(၁၀-၂-၂၀၀၅)နေ့တွင် ကျင်းပသော ဤဦးစီး ကော်မတီ၏(၁/၂၀၀၅)အစည်းအဝေးမှ လျှောက်လွှာ တင်သွင်းလာသော မဟာသင်တန်းသား(၁၀)ဦးကို လက်ခံအတည်ပြုခြင်း၊ သင်တန်းဖွင့်လှစ် သင်ကြား ရေးနှင့်ဆိုင်ရာ လုပ်ငန်းတို့ကို စီစဉ်ဆောင်ရွက်ခဲ့ပါ သည်။

ထို့နောက် အောက်ပါပညာရှင်ဆရာတော်(၂)ပါး နှင့် ပုဂ္ဂိုလ်(၆)ဦးတို့ဖြင့် (၈)ကြိမ်တိုင်တိုင် သင်တန်းဖွင့်လှစ် သင်ကြားပေးခဲ့ပါသည်။

သင်တန်းပို့ချပေးသော ပညာရှင်(၈)ဦးမှာ-

(၁) ဒေါက်တာအာဒိစ္စဝံသ
ပါမောက္ခ
အပြည်ပြည်ဆိုင်ရာထေရဝါဒ
ဗုဒ္ဓသာသနာပြုတက္ကသိုလ်

(၂) ဒေါက်တာစန္ဒဝရာဘိဝံသ
ပါမောက္ခ
ပဋိပတ္တိဌာန
အပြည်ပြည်ဆိုင်ရာထေရဝါဒ
ဗုဒ္ဓသာသနာပြုတက္ကသိုလ်

(၃) ဒေါက်တာခင်မောင်ဝင်း
ပညာရေးဝန်ကြီး(ငြိမ်း)

(၄) ဒေါက်တာလှထွန်း
တွဲဖက်ဌာနမှူး၊
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန

(၅) ဒေါက်တာခင်အေး
တွဲဖက်ပါမောက္ခ
ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၊
နပသ(ရန်ကုန်)

(၆) ဒေါက်တာနန္ဒာသိန်းဇံ
ညွှန်ပါမောက္ခ
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန

(၇) ဒေါက်တာမျိုးမြင့်
ညွှန်ကြားရေးမှူးချုပ်၊ သထပ

(၈) ဦးကျော်ဇောနိုင်
ဥပဒေပညာရှင်

ဤဦးစီးကော်မတီသည် ၂၉-၇-၂၀၀၅-ရက်စွဲဖြင့် ကြော်ငြာချက်ထုတ်ပြန်၍ (၁၃၆၆-၆၇)(၂၀၀၅-၂၀၀၆) ပညာသင်နှစ် သာသနတက္ကသိုလဓမ္မပါရဂူ (Ph.D)ဘွဲ့ အကြိုစာတမ်းခေါင်းစဉ်များတင်သွင်းရန် ကြေညာပေးခဲ့သည်။

၄-၉-၂၀၀၅-နေ့တွင် တင်သွင်းလာသော စာတမ်းခေါင်းစီးများမှ တစ်ပါးစီ၏ ခေါင်းစဉ်များကို စိစစ်ကာ အတည်ပြုပေးခဲ့ပြီး ပါဠိ-မြန်မာ-အင်္ဂလိပ် (၃)မျိုးတို့တွင် နှစ်သက်ရာတစ်မျိုးမျိုးဖြင့် A4 ဆိုဒ်၊ စာမျက်နှာ(၅၀မှ၁၀၀)အတွင်းရေးသား၍ ၁၃၆၈-ခု၊ တော်သလင်းလပြည့်နေ့ကို နောက်ဆုံးထား၍ ရေးသား တင်သွင်းရန် ကြော်ညာပေးခဲ့ပါသည်။

တစ်ဖန် ဤဦးစီးကော်မတီမှ လိုအပ်နေသော ဓမ္မပါရဂူကျမ်းပြုလက်စွဲ(မူကြမ်း)ကို ရန်ကုန် တက္ကသိုလ်မှ ဒေါက်တာသက်နိုင် စသော ပညာရှင်



www.burmeseclassic.com

www.burmeseclassic.com



များနှင့် ညှိနှိုင်းပြီး ရေးသားပြုစုခဲ့ကြပါသည်။ ရေးသားပြုစုသောအခါ ဗဟိုပညာရေးအဖွဲ့မှတစ်ဆင့် အုပ်ချုပ်ရေးဗဟိုအဖွဲ့သို့ တင်ပြ၍ အတည်ပြုချက်ရယူခဲ့ရပါသည်။

ထို့နောက် ဦးစီးကော်မတီတွင် ပါဝင်ခဲ့သော ဆရာကြီးဦးစံတင်နှင့် ဦးကျော်လှိုင်တို့သည် အနားယူခဲ့ကြသည်။ ဆရာကြီးဦးကိုကိုမြင့်သည်လည်း ဒုတိယညွှန်ကြားရေးမှူးတာဝန်မှ အငြိမ်းစားယူခဲ့ကာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတွင် ကျွမ်းကျင်ပညာရှင်နှင့် တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့တွင် တွဲဖက်အတွင်းရေးမှူး(၂)အဖြစ် တာဝန်ပြန်ပေးအပ်ထားပြီး ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာနတွင် တွဲဖက်ဌာနမှူးတာဝန် ဆက်လက်တာဝန်ပေးထားခဲ့ပါသည်။

ဓမ္မပါရဂူသင်တန်းဦးစီးကော်မတီအသစ်ကို (၁၀-၁၀-၂၀၀၇)နေ့ ရုံးအမိန့်စာအမှတ် (၁၇/၂၀၀၇)ဖြင့် ပြန်လည် ဖွဲ့စည်းသောအခါ ထိုအဖွဲ့တွင်-

(၁) ဘဒ္ဒန္တဥတ္တမ - ဥက္ကဋ္ဌ
ဒုတိယနာယကချုပ်
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)

(၂) ဘဒ္ဒန္တကုမာရ - အတွင်းရေးမှူး
မော်ကွန်းထိန်း
(အဂ္ဂမဟာပဏ္ဍိတ)

(၃) ဒေါက်တာခင်အေး - အဖွဲ့ဝင်
တွဲဖက်ဌာနမှူး
ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန

(၄) ဒေါက်တာလှထွန်း - အဖွဲ့ဝင်
တွဲဖက်ဌာနမှူး
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန

(၅) ဒေါက်တာမြင့်လှိုင် - အဖွဲ့ဝင်
တွဲဖက်ဌာနမှူး
ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန

(၆) ဒေါက်တာနန္ဒာသိန်းဇံ - အဖွဲ့ဝင်
ဆည့်ပါမောက္ခ
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန

(၇) ဦးအောင်မွန် - အဖွဲ့ဝင်
အုပ်ချုပ်ရေးဗဟိုအဖွဲ့ဝင်

တို့ပါဝင်သော အဖွဲ့သစ်ကို ဖွဲ့စည်းပေးခဲ့ပါသည်။

ဆရာကြီးဦးကိုကိုမြင့်သည် ဦးစီးကော်မတီတွင် မပါဝင်တော့သော်လည်း ဆရာတော်များ၏ မေတ္တာရပ်ခံချက်အရ ဓမ္မပါရဂူဦးစီးကော်မတီအစည်းအဝေးများသို့ ဆည့်အကြံပေးအဖြစ် တက်ရောက်ပေးခဲ့ပါသည်။

၇-၈-၂၀၀၆(၃/၂၀၀၆)(၄/၂၀၀၆)ဦးစီးကော်မတီ အစည်းအဝေးများတွင် ဓမ္မပါရဂူ (Ph.D)ဘွဲ့သင်တန်းနှင့် ပတ်သက်၍ လိုအပ်သောပြင်ဆင်မှုများကို အစည်းအဝေးဆုံးဖြတ်ခဲ့ကြပြီး ဗဟိုပညာရေး၊ ဗဟိုအုပ်ချုပ်ရေးအဖွဲ့သို့ တင်ပြခဲ့ကြပါသည်။

ထိုကာလအတွင်း၌ နာယကချုပ်ဆရာတော်ဦးဝဏ္ဏိတသည် ကျန်းမာရေးအခြေအနေကြောင့် တက္ကသိုလ်မှ နုတ်ထွက်အနားယူသွား၍ ဒေါက်တာအာဒိစ္စဝံသ(အဂ္ဂမဟာပဏ္ဍိတ)အား နပသ (ရန်ကုန်)၏ ပါမောက္ခချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

တစ်ဖန် ဦးစီးကော်မတီ၏ ဥက္ကဋ္ဌဖြစ်သော ဆရာတော်ဦးဥတ္တမ(ဒုတိယပါမောက္ခချုပ်-သင်ကြား)ကလည်း နုတ်ထွက်သွားပြန်သဖြင့် ပါမောက္ခချုပ် ဘဒ္ဒန္တဒေါက်တာအာဒိစ္စဝံသကပင် ဦးစီးကော်မတီ၏ ဥက္ကဋ္ဌတာဝန်ကို ဆက်လက်တာဝန်ယူဆောင်ရွက်ခဲ့ရပြန်ပါသည်။

ထိုကော်မတီ၏ ၇-၁-၂၀၀၇ ရက်နေ့ ကျင်းပသော ဦးစီးကော်မတီ၏ အစည်းအဝေး(၁/၂၀၀၇) အစည်းအဝေးက အကြိုဘွဲ့ယူကျမ်းစာများကို ဖတ်ရှုစိစစ်ကြကာ တစ်ပါးစီတစ်ပါးစီ ဆွေးနွေး၍ ဓမ္မပါရဂူ Ph.D ဘွဲ့ယူကျမ်းစာများကို အုပ်ချုပ်ရေးဗဟိုအဖွဲ့က ပြဋ္ဌာန်းအတည်ပြုထားသော ဓမ္မပါရဂူကျမ်းစာနှင့်အညီ ပြုစုရေးသားတင်သွင်းရန် ဆုံးဖြတ်ခဲ့ကြပါသည်။

ဤဦးစီးကော်မတီအတည်ပြုပေးပြီးသော ဓမ္မပါရဂူဘွဲ့ယူခေါင်းစဉ်များနှင့် ဆက်စပ်၍ ဆရာကြီး ဒေါက်တာ ဦးခင်မောင်ဝင်း ဦးဆောင်သော ပညာရှင်များဖြစ်ကြသည့် ဒေါက်တာနန္ဒာသိန်းဇံ၊ ဒေါက်တာခင်မောင်မြင့်၊ ဒေါက်တာသက်နိုင်တို့က ကြာသပတေးနေ့တိုင်း (၁၂)ရက်တိုင်တိုင် ဘွဲ့ယူကျမ်းစာပြုစုနည်းကို



www.burmeseclassic.com

www.burmeseclassic.com



...နွေးပို့ချ၍ စနစ်တကျဖြစ်အောင် မွမ်းမံပြင်ဆင် ...မ်းညွှန်မှုများ ပေးခဲ့ကြပါသည်။

၁၄-၉-၂၀၀၈ နေ့ကျင်းပသော တက္ကသိုလ်များ ...ုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၀၈)အစည်းအဝေးတွင် ...ီးစီးကော်မတီ တတိယအကြိမ် အသစ်ပြန်လည်ဖွဲ့စည်း ...ရာတွင် ဦးစီးကော်မတီ၏အတွင်းရေးမှူးဖြစ်သော ဆရာတော်ဦးကုမာရ၊ ဒုတိယနာယကချုပ်(စီမံ)၏ ...ညွှာရပ်ခံချက်အရ ဆရာကြီးဒေါက်တာခင်မောင်ဝင်းနှင့် ...မ္မပါရဂူဘွဲ့ကိစ္စ စတင်နှိုးလှုံ့ဆော်ခဲ့သော ဆရာကြီး ...ကိုကိုမြိုင်တို့ကို အဖွဲ့တွင် ပြန်လည်ဖွဲ့စည်း တာဝန် ...ပေးခဲ့ပါသည်။

ဤဦးစီးကော်မတီအစည်းအဝေးဆုံးဖြတ်ချက် အရ ပထမပတ်ဓမ္မပါရဂူသင်တန်းများပြုစုပြီးသော ကျမ်းစာများကို လေးကြိမ်ခွဲ၍ တင်သွင်းရန်နှင့် ...တမ်းဖတ်ကြားမည့်ရက်ကိုလည်း အခါအားလျော်စွာ ...တ်မှတ်ကြေညာပေးခဲ့ပါသည်။

**၁၉-၂-၂၀၀၉ နေ့တွင်**

၁။ အရှင်ထေရိန္ဒ (ဓမ္မ ပါ ပါ ၁- ၆၇) ၏ ...ိဋကတ်တော်လာကျိန်စာများကို လေ့လာခြင်း

၂။ အရှင်ဣန္ဒောဘာသ(ဓမ္မ၊ ပါ-ဘိ-၁(၆၇) ...ဗ္ဗီဝစ္စယသတ္တိကိုလေ့လာခြင်းကျမ်းတို့ကို စိစစ်ပေး ခဲ့ပါသည်။

**၂၆-၃-၂၀၀၉ နေ့တွင်**

၁။ အရှင်စန္ဒဝရ
[ဓမ္မ ပါ ဝိ-(၆၇)]၏
ပတ္တိဒါန ပတ္တာနုမောဒနာကုသိုလ်ကို
လေ့လာခြင်း

၂။ အရှင်နန္ဒသေနလင်္ကာရ
[ဓမ္မ ပါ ဝိ-၂(၆၇)]၏
မနုဿတ္တဘာဝေါ ဒုလ္လဘော

၃။ အရှင်ပညာဝံသ
[ဓမ္မ ပါ-သု-၁-(၆၇)]၏
မျက်မှောက်ခေတ်ထေရဝါဒ(မြန်မာနိုင်ငံ)
ဗုဒ္ဓသာသနာနှင့် ဘိက္ခုနီသာသနာ

၄။ အရှင်ဣန္ဒောဘာသ
[ဓမ္မ ပါ ဘိ- ၁(၆၇)]၏
နတ္ထိပစ္စယသတ္တိကိုလေ့လာခြင်း

၅။ အရှင်ထေရိန္ဒ [ဓမ္မ ပါ-၁(၆၇)]၏
ပိဋကတ်တော်လာကျိန်စာများကို
လေ့လာခြင်း

ကျမ်းစာများကို ဖတ်ရှုစိစစ်ခဲ့ကြပါသည်။

အရှင်ထေရိန္ဒ၏ဘွဲ့ယူကျမ်းစာကို ဒေါက်တာ လှထွန်းအားလည်းကောင်း၊ အရှင်ဣန္ဒောဘာသ၏ ကျမ်းစာကို ဒေါက်တာခင်အေးအားလည်းကောင်း ကြီးကြပ်တာဝန်ယူပေးရန် တာဝန်ပေးခဲ့ပါသည်။

၈-၃- ၂၀၀၉ နေ့တွင် အရှင်ထေရိန္ဒ၏ ပါဠိ ဘာသာဖြင့် တင်သွင်းသော ပိဋကတ်တော်လာကျိန်စာ များကိုလေ့လာခြင်း၊ ဘွဲ့ယူကျမ်းသာ စိစစ်အတည်ပြု ပေးရန် စာစစ်အဖွဲ့ကိုဖွဲ့စည်း၍ တာဝန်ပေးအပ်ခဲ့ပါ သည်။

၂၃-၆-၀၉ နေ့တွင်-

၁။ အရှင်ထေရိန္ဒ
[ဓမ္မ ပါ-၁(၆၇)]၏
ပိဋကတ်တော်လာကျိန်စာများကို
လေ့လာခြင်း

၂။ အရှင်ပညာဝံသ
[ဓမ္မ ပါ-သု-၁-(၆၇)]၏
မျက်မှောက်ခေတ်ထေရဝါဒဗုဒ္ဓသာသနာ
နှင့် ဘိက္ခုနီသာသနာ

၃။ အရှင်စန္ဒဝရ
[ဓမ္မ ပါ ဝိ-(၆၇)]၏
ပတ္တိဒါန ပတ္တာနုမောဒနကုသိုလ်ကို
လေ့လာခြင်း စာတမ်းများကို ဖတ်ကြား စိစစ်ပြီး အရှင်ပညာဝံသ၏ဘွဲ့ယူကျမ်းစာကို ဆရာ ဦးအောင်မွန်အား ကြီးကြပ်ပေးရန် တာဝန်ပေးအပ်ခဲ့ ပါသည်။

ကျမ်းပြုသူ အရှင်ထေရိန္ဒက ကျမ်းပြုစုပြီး၍ စာစစ်အဖွဲ့မှ စိစစ်ပြီးဖြစ်၍ ဦးစီးကော်မတီသို့ တင်ပြခဲ့ရာ ဦးစီးကော်မတီက ၂၅-၆-၂၀၀၉ နေ့တွင် အစည်းအဝေးထိုင်ပြီး စာစစ်အဖွဲ့၏ ထောက်ခံချက်



www.burmeseclassic.com

www.burmeseclassic.com





ဒေါက်တာအရှင်ထေရိန္ဒ

တင်ပြချက်ကိုလက်ခံ၍ အရှင်ထေရိန္ဒ [ဓမ္မ ပါ-၁(၆၇)]၏ ပိဋကတ်တော်လာကိုန်စာများကို လေ့လာခြင်း ဓမ္မပါရဂူဘွဲ့ယူစာတမ်းကို အတည်ပြုပေးခဲ့ပါသည်။

အလားတူ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး)မှလည်း အရှင်ဉာဏိန္ဒ၏ "ဥပ္ပါတသန္တိ ပရိတ္တဝဏ္ဏနာ" ဓမ္မပါရဂူကျမ်းကို အတည်ပြုပေးခဲ့ပါသည်။

ဤနှစ်ပါး၏ ဓမ္မပါရဂူဘွဲ့အတည်ပြုထောက်ခံချက်ကို ဦးစီးကော်မတီမှ ဗဟိုပညာရေးအဖွဲ့၊ ဗဟိုအုပ်ချုပ်ရေးအဖွဲ့သို့ အဆင့်ဆင့်ဆက်လက်တင်ပြခဲ့ပြီး အတည်ပြုချက်ကို ရယူခဲ့ပါသည်။



ဒေါက်တာအရှင်ပညာဝံသ (၂၀၁၀-ခု)



ဒေါက်တာအရှင်ဉာဏိန္ဒ (၂၀၀၉-ခု)

ဤသို့ဖြင့် ဤနိုင်ငံ၊ ဤသာသနာ၊ ဤပညာရေးတို့တွင် နိုင်ငံတကာနှင့်အဆင့်တူ အရည်အသွေးတူ ရင်ဘောင်တန်းနိုင်သော ခေတ်အဆက်ဆက် မပေါ်ထွန်း မပေါ်ပေါက်ခဲ့ဖူးသေးသော သာသနတက္ကသီလဓမ္မပါရဂူ Ph.D ဘွဲ့၏ သမိုင်းစဉ်သည် ဤတက္ကသိုလ်ကြီးဖွင့်လှစ်ပြီးသည့် (၂၄)နှစ် အကြာ (၂၀၀၉-ခုနှစ်)တွင် ကြွားကြွားဝင့်ဝင့် ငွါးငွါးစွင့်စွင့် ပေါ်ထွန်းလာခဲ့ပါပြီ၊ ယခုအခါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များမှ အရှင်ထေရိန္ဒ၊ အရှင်ဉာဏိန္ဒနှင့် အရှင်ပညာဝံသ တို့အား သာသနတက္ကသီလဓမ္မပါရဂူ Ph.D ဘွဲ့ကို အောင်မြင်စွာ အပ်နှင်းဆက်ကပ်ချီးမြှင့်နိုင်ခဲ့ပြီဖြစ်ပါသည်။

ဤသည်ပင်လျှင် ဤမြန်မာနိုင်ငံ၊ ဤဗုဒ္ဓသာသနာ၊ ဤပရိယတ္တိပညာရေး၌ ကမ္ဘာ့အဆင့်မီ ဓမ္မပါရဂူ Ph.Dဘွဲ့သမိုင်းစဉ်အစ စတင်ဖြစ်ပေါ်လာခဲ့ရသော မှတ်တမ်းဖြစ်ပါသတည်း။ ။

■ ဓမ္မပီယ



www.burmeseclassic.com

www.burmeseclassic.com




# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

## ကွန်ပျူတာသင်တန်းဌာန၏ လုပ်ဆောင်ချက်များ

**[illegible]အရ လိုအပ်လာသော ကွန်ပျူတာနည်းပညာ**

ခေတ်မီသော ပြည်တွင်းပြည်ပ သာသနာပြု [illegible]တော်များ ပေါ်ထွန်းရေးအတွက် နိုင်ငံတော် [illegible]သာသနာ့တက္ကသိုလ်(ရန်ကုန်)ကို နိုင်ငံတော် [illegible]နာယကအဖွဲ့၊ တက္ကသိုလ်များ အုပ်ချုပ်ရေး [illegible]၊ တက္ကသိုလ်များ ဗဟိုပညာရေးအဖွဲ့တို့၏ [illegible]ကြပ်မှုဖြင့် ဖွင့်လှစ်ခဲ့သည်မှာ ယခုဆိုလျှင် [illegible] နှစ်ခုပင်ကျော်လွန်၍ ယခုဆိုလျှင် ၂၅- [illegible] ငွေရတုကာလသို့ပင် ရောက်ခဲ့ပါပြီ။ ဆယ်စုနှစ် [illegible]တွင်း တက္ကသိုလ်ကြီးများ၏ အောင်မြင်မှုများ [illegible] အရှိန်ရနေပါပြီ။

[illegible] မျက်မှောက်ခေတ်မှာ နည်းပညာခေတ် [illegible]အတွက် နည်းပညာ၏အခြေခံနှင့်အရင်းအမြစ် [illegible]သည့် ကွန်ပျူတာပညာရပ်သည်လည်း အနာဂတ် [illegible]ရေးအတွက် သာသနာ့တက္ကသိုလ်(ရန်ကုန်) [illegible] စာသင်သားသံဃာတော်များအတွက် မဖြစ်မနေ [illegible]လာခဲ့သည်။

ထို့ကြောင့် သက်ဆိုင်ရာ ဆရာတော်များအား လျှောက်ထား၍ ပြင်ပပညာရှင်ဆရာကြီး **ဦးစိုးသိန်း**က ကျောင်းပိတ်ရက် အဖိတ်နေ့ ,ဥပုသ်နေ့များတွင် တက္ကသိုလ်သံဃာတော် အပါး ၇၀-ကျော်တို့အား နေ့ ၁၂:၀၀ မှ ညနေ ၃-နာရီအထိ ဝါတွင်း အပတ်စဉ်တိုင်း စတင်သင်ကြားပေးခဲ့ပြီး သင်တန်းသားသံဃာတော် (၇၀)ပါး တက်ရောက်ခဲ့သည်။

**ကွန်ပျူတာသင်တန်းဖြစ်မြောက်ရေး အကြံညှိနှိုင်းခြင်း**

ထို့နောက် ကွန်ပျူတာသင်တန်းများ ပုံမှန်ဖွင့်လှစ်နိုင်ရေးအတွက် -

၁။ အရှင်ဉာဏောဘာသ
(ဂဏဝါစက၊ ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန)

၂။ အရှင်အာစာရ
(ဂဏဝါစက၊ သုတ္တန္တပိဋကမဟာဌာန)



www.burmeseclassic.com

www.burmeseclassic.com





၃။ အရှင်ကောဏ္ဍည
(ဂဏဝါစက၊ ဝိနယပိဋကမဟာဌာန)
၄။ အရှင်သုမင်္ဂလ
(ဂဏဝါစက၊ ပိဋကတ်ဆိုင်ရာပါဠိ
စာပေဌာန) ဦးဆောင်သော သင်ကြားစီမံ ဆရာများ၏ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ၁၃၆၉-ခုနှစ်၊ တန်ဆောင်မုန်းလပြည့် (၂၄၊၁၁၊၂၀၀၇)နေ့က ကျင်းပပြုလုပ်ခဲ့ကြသည်။ အကြိုညှိနှိုင်းမှုတွင် ကွန်ပျူတာသင်တန်းဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သော စက်ပစ္စည်းများရှာဖွေမှုအပိုင်း၊ သင်တန်းဌာန၊ သင်ကြားပေးမည့်ဆရာ၊ ဦးစားပေး သင်ကြားပေးမည့် သင်တန်းသား ရွေးချယ်မှုအပိုင်းတို့ကို ဆွေးနွေးကြပြီးလျှင် နာယကအဖွဲ့နှင့် သင်ကြား/စီမံအဖွဲ့တို့ကို အကြမ်းဖျင်း ဖွဲ့စည်းခဲ့ပါသည်။ ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ အောက်ပါရည်ရွယ်ချက်မှုများကိုလည်း ချမှတ်ခဲ့သည်။

**ကွန်ပျူတာသင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များ**

၁။ သင်ကြားစီမံဆရာတော်များနှင့် စာသင်သားသံဃာတော်များ အခြေခံကွန်ပျူတာပညာရပ်များ သင်ယူတတ်မြောက်စေရန်။

၂။ ခေတ်စနစ်အလိုက် လိုအပ်လျက်ရှိသည့် ကွန်ပျူတာပညာရပ်များ တစ်ဆင့်ပြီးတစ်ဆင့် သင်ကြားပေးနိုင်ရန်။

၃။ ကွန်ပျူတာနည်းပညာကို အသုံးပြု၍ ပိဋကတ်သင်ကြားပို့ချရေး၊ ဘာသန္တရသင်ယူပို့ချရေးနှင့် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန်။

၄။ တက္ကသိုလ်၏ စာစောင်များ၊ သမိုင်းမှတ်တိုင်များ၊ သင်ရိုးစာအုပ်များနှင့် စာအုပ်ထုတ်ဝေရေးတို့အတွက် လိုအပ်သည့်ကဏ္ဍတွင် ပံ့ပိုးနိုင်ရန်။

**ကွန်ပျူတာသင်တန်းဖြစ်မြောက်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း**

ယင်းသို့ အကြိုညှိနှိုင်းအစည်းအဝေး ပြုလုပ်ပြီးနောက် ဆွေးနွေးအတည်ပြုချက်တို့ကို ၁၃၆၉-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁-ရက် (၅၊၁၂၊၂၀၀၇) ဗုဒ္ဓဟူးနေ့တွင် ကျင်းပပြုလုပ်သော တက္ကသိုလ်ပညာရေးအဖွဲ့(ရန်ကုန်)၏ (၄/၂၀၀၇)အစည်းအဝေး၌ တင်ပြခဲ့သည်။ အစည်းအဝေးတွင် ပါမောက္ခချုပ်ဆရာတော်၊ ဒုတိယပါမောက္ခချုပ်ဆရာတော်၊ မော်ကွန်းထိန်းဆရာတော်များနှင့် ပါမောက္ခ၊ ဌာနမှူးဆရာတော်များက ကောင်းမွန်သောပညာရေးလုပ်ရပ်ဖြစ်၍ (၂၀၀၇-၂၀၀၈)ပညာသင်နှစ်မှစ၍ ကွန်ပျူတာသင်တန်း ဖွင့်လှစ်နိုင်ရေးကို အတည်ပြုဆုံးဖြတ်ပေးပြီးလျှင် ကြေညာချက်ထုတ်ပြန်၍ အဖွဲ့များ ဖွဲ့စည်းပေးခဲ့ပါသည်။

**အဖွဲ့ဝင်များ ထပ်မံအစည်းအဝေးပြုလုပ်ခြင်း**

ထို့နောက် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်မှ စတင်၍ ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ဒုတိယပါမောက္ခချုပ်ဆရာတော် အမှူးရှိသော သင်ကြား/စီမံအဖွဲ့ဝင် စုံညီအစည်းအဝေးကို ၁၃၆၉-ခုနှစ်၊ ပြာသိုလဆန်း ၁၀-ရက်(၁၇၊၁၊၂၀၀၈)နေ့တွင် မော်ကွန်းထိန်းရုံးအပေါ်ထပ်တွင် ထပ်မံပြုလုပ်ခဲ့ကြပါသည်။

ယင်းအစည်းအဝေးတွင် သင်တန်းဆရာများ ရွေးချယ်တာဝန်ပေးခြင်း၊ သင်ကြားမည့် အခြေခံကွန်ပျူတာပညာရပ်များ သတ်မှတ်ခြင်း၊ သင်တန်းကြီးကြပ်ဆောင်ရွက်ခြင်းနှင့် ကွန်ပျူတာပြင်ဆင် ထိန်းသိမ်း



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ဆောင်ရွက်ခြင်းတို့ကို ဝိုင်းဝန်းဆွေးနွေး၍ (က) နာယကအဖွဲ့ (ခ) သင်ကြားရေးနှင့် စီမံခန့်ခွဲရေး အဖွဲ့တို့ကို အတည်ပြုဆုံးဖြတ်ကြပါသည်။

**ယာယီကွန်ပျူတာခန်းမနှင့် ကွန်ပျူတာဌာန**

ထို့နောက် ကွန်ပျူတာသင်တန်းဖွင့်လှစ်နိုင်ရေး အတွက် ပိဋကတ်တိုက်အောက်ထပ်၌ ဒေါ်ညို (မောင်ဝိတ်ကုမ္ပဏီ)မိသားစုက ဆယ်သိန်းကျော်ခန့် အကုန်အကျခံ၍ မွမ်းမံပြင်ဆင်လှူဒါန်းခဲ့သည်။ ဌာန ဆိုင်ရာမှလည်း သင်တန်းခန်းမ အချိန်မီပြုပြင်ရေးနှင့် ကွန်ပျူတာစားပွဲများ စုဆောင်းရရှိရေးတို့ကို တာဝန်ယူ ဆောင်ရွက်ပေးခဲ့ပါသည်။

**ကွန်ပျူတာစက်ပစ္စည်း ရှာဖွေစုဆောင်းမှု**

ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်နိုင်ရန် လိုအပ် ချက်ရှိသော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ပိဋကတ်ဆိုင်ရာပါဠိစာပေဌာနမှ ဓမ္မကထိကဆရာတော် အရှင်သုမင်္ဂလ(ဝေါ)က အဓိကတာဝန်ယူစီစဉ်ပေးခဲ့ပါ သည်။ တာဝန်ယူလှူဒါန်းခဲ့ရုံသာမက အလှူရှင်များကို လည်း ရှာဖွေပေးခဲ့ပါသည်။ ထို့ကြောင့် ကွန်ပျူတာ သင်တန်း စတင်ဖွင့်လှစ်သောအခါ ကွန်ပျူတာ ၉-စုံ အထိ လက်ခံရရှိခဲ့ပါသည်။ ကွန်ပျူတာတင်စားပွဲ ၁၈-ခုကိုလည်း အရှင်သုမင်္ဂလ(ဝေါ)နည်းပြ၊ ပိဋကတ် ဆိုင်ရာ ပါဠိစာပေဌာနကပင် မ,တည်လှူဒါန်းပေးခဲ့ ပါသည်။

**သင်တန်းများ ဖွင့်လှစ်သင်ကြားခြင်း**

ဤသို့ သတ်မှတ်ဖွဲ့စည်းပြီးနောက် ၂၀၀၇- ၂၀၀၈-ခု ပညာသင်နှစ်၊ ပထမနှစ်ဝက် ပထမအကြိမ် သင်တန်းကို မဟာပထမနှစ်၊ မဟာဒုတိယနှစ် သင်တန်းသားများနှင့် ဆရာများထဲမှ တက်ရောက်လို ...ကို ခေါ်ယူ၍ ၁၃၆၉-ခုနှစ်၊ ပြာသိုလပြည့်ကျော် ... (၂၃၊၁၊၂၀၀၈)နေ့တွင် ပုံမှန်သင်တန်းနှင့် ...သင်တန်းများကို စတင်ဖွင့်လှစ်ခဲ့ပါသည်။ ...ခဲ့သည့်သင်တန်းမှတ်တမ်းမှာ အောက်ပါအတိုင်း ...သည်။ ရက်စွဲများမှာ အောက်ပါအတိုင်း ဖြစ်သည်။



**၂၀၀၇-၂၀၀၈ ပညာသင်နှစ်၊ ပထမနှစ်ဝက်တွင် ဖွင့်လှစ်သင်ကြားခဲ့သော ပထမအကြိမ် ကွန်ပျူတာသင်တန်း**

(က) သင်တန်းအမျိုးအစား = အခြေခံစာစီစာရိုက် ဆိုင်ရာပညာရပ်(Level- I)
ဘာသာရပ် = PageMaker, Microsoft Word, Power Point
သင်တန်းကာလ = ၂၃၊၁၊၂၀၀၈- အင်္ဂါနေ့ မှ ၆၊၃၊၂၀၀၈-ဗုဒ္ဓဟူးနေ့ အထိ။
သင်တန်းဆရာ = ၁။ ဘဒ္ဒန္တအာစာရ (ကထိက၊ သုတ္တန္တပိဋကမဟာဌာန)
၂။ ဘဒ္ဒန္တအာစယ (နည်းပြ၊ ဗုဒ္ဓဒေသနာပြန့်ပွား ရေးပညာဌာန)
၃။ ဘဒ္ဒန္တကုဏ္ဍာစက္က (နည်းပြ၊ မြန်မာစာဌာန)
သင်တန်းသား = ဆရာများနှင့် မဟာတန်းသံဃာတော် ၂၇-ပါး

(ခ) သင်တန်းအမျိုးအစား = ဒီဇိုင်းနှင့် ပုံဆွဲ ပညာရပ် (Level- 2)
သင်တန်းကာလ = ၂-ပတ်
သင်တန်းဆရာ = ဦးဇနက (နည်းပြ၊ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန)
သင်တန်းသားများ = ဆရာများနှင့် မဟာတန်းသံဃာတော် ၁၀-ပါး



www.burmeseclassic.com

www.burmeseclassic.com



**မှတ်ချက်။** ပြင်ပပညာရှင်ဆရာကြီး ဦးစိုးသိန်းက အဖိတ်၊ ဥပုသ်နေ့များတွင် သင်တန်းသားသံဃာတော် (၇၀)ပါး တို့အား စက်ပိုင်းဆိုင်ရာပညာရပ်တို့ကို သင်ကြားပေးခဲ့ သည်။

**၂၀၀၇-၂၀၀၈ ပညာသင်နှစ်၊ ဒုတိယနှစ်ဝက်တွင် ဖွင့်လှစ်သင်ကြားခဲ့သော ဒုတိယအကြိမ် ကွန်ပျူတာသင်တန်း**

(က) သင်တန်းအမျိုးအစား = အခြေခံစာစီစာရိုက်ဆိုင်ရာပညာရပ် (Level- I)

သင်တန်းကာလ = ၁၂၊၆၊၂၀၀၈- ကြာသပတေးနေ့မှ ၁၄၊၉၊၂၀၀၈- တနင်္ဂနွေနေ့ အထိ။

သင်တန်းဆရာ = မူလအတိုင်း

သင်တန်းသားများ = စတုတ္ထနှစ် သင်တန်းသားသံဃာတော် ၅၁-ပါး

(ခ) သင်တန်းအမျိုးအစား = ဒီဇိုင်းနှင့် ပုံဆွဲပညာရပ် (Level- 2)

သင်တန်းကာလ = ၁၂၊၆၊၂၀၀၈- ကြာသပတေးနေ့မှ ၁၄၊၉၊၂၀၀၈-တနင်္ဂနွေနေ့ အထိ။

သင်တန်းဆရာ = ဦးဇေက (နည်းပြ၊ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန)

သင်တန်းသားများ = မဟာတန်း သံဃာတော် ၂၇-ပါး

(ဂ) သင်တန်းအမျိုးအစား = စက်ပိုင်းဆိုင်ရာပညာရပ် (Level- 3)

သင်တန်းကာလ = ၁၂၊၆၊၂၀၀၈- ကြာသပတေးနေ့မှ ၁၄၊၉၊၂၀၀၈- တနင်္ဂနွေနေ့ အထိ။

သင်တန်းဆရာ = ဆရာကြီးဦးစိုးသိန်း (ရွှေပေါက္ကံ)

သင်တန်းသားများ = မဟာတန်း သံဃာတော် ၂၅-ပါး

**မှတ်ချက်။** ဆရာကြီး ဦးစိုးသိန်းက စာသင်ခန်းတွင်လည်း အဖိတ်ဥပုသ် ကျောင်းပိတ်ရက်များတွင် စက်ပိုင်းဆိုင်ရာကို နေ့ ၁း၀၀မှ ၃း၀၀အထိ သင်ကြားပေးပါသေးသည်။

**၂၀၀၈-၂၀၀၉ ပညာသင်နှစ်၊ ပထမနှစ်ဝက်တွင် ဖွင့်လှစ်သင်ကြားခဲ့သော တတိယအကြိမ်သင်တန်း**

(က) သင်တန်းအမျိုးအစား = အခြေခံစာစီစာရိုက်ဆိုင်ရာပညာရပ် (Level- I)

သင်တန်းကာလ = ၂၂-၁၁-၂၀၀၈-နေ့ မှ ၉-၂-၂၀၀၈-အထိ။

သင်တန်းဆရာ = မူလအတိုင်း။

သင်တန်းသားများ = ဆရာများနှင့် စတုတ္ထနှစ်သံဃာတော် ၇၀-ပါး

(ခ) သင်တန်းအမျိုးအစား = ဒီဇိုင်းနှင့်ပုံဆွဲ ပညာရပ် (Level- 2)

သင်တန်းကာလ = ၂၂-၁၁-၂၀၀၈-နေ့ မှ ၉-၂-၂၀၀၈-အထိ။

သင်တန်းဆရာ = ဦးဇေက (နည်းပြ၊ အင်္ဂလိပ်စာဌာန)

သင်တန်းသားများ = မဟာပထမနှစ် သံဃာတော် ၂၀-ပါး

**မှတ်ချက်။** ဤအကြိမ်မှစ၍ Projector Show ဖြင့် သင်ကြားနိုင်ခဲ့သည်။

**၂၀၀၈-၂၀၀၉ ပညာသင်နှစ်၊ ဒုတိယနှစ်ဝက်တွင် ဖွင့်လှစ်သင်ကြားခဲ့သော စတုတ္ထအကြိမ်သင်တန်း**

(က) သင်တန်းအမျိုးအစား = အခြေခံစာစီစာရိုက်ဆိုင်ရာပညာရပ် (Level- I)

သင်တန်းကာလ = ၈-၆-၂၀၀၉-နေ့မှ ၁၉-၈-၂၀၀၉-နေ့အထိ။

သင်တန်းဆရာ = မူလအတိုင်း

သင်တန်းသားများ = စတုတ္ထနှစ် သံဃာတော် ၁၆-ပါး



www.burmeseclassic.com

www.burmeseclassic.com



(ခ) သင်တန်းအမျိုးအစား = ဒီဗိုင်းနှင့် ပုံဆွဲ ပညာရပ် (Level- 2)
သင်တန်းကာလ = ၈-၆-၂၀၀၉-နေ့မှ ၁၉-၈-၂၀၀၉-နေ့အထိ
သင်တန်းဆရာ = ဦးဇနက (နည်းပြ၊ အင်္ဂလိပ်စာဌာန)
သင်တန်းသားများ = သံဃာတော်၆၀-ပါး

**၂၀၀၉-၂၀၁၀ ပညာသင်နှစ်၊ ပထမနှစ်ဝက်တွင် ဖွင့်လှစ်သင်ကြားခဲ့သော ပဉ္စမအကြိမ် ကွန်ပျူတာသင်တန်း**

သင်တန်းအမျိုးအစား = အခြေခံစာစီစာရိုက် ဆိုင်ရာပညာရပ် (Level- I)
သင်တန်းကာလ = ၁၀၊ ၁၊ ၁၀ ဗုဒ္ဓဟူး နေ့မှ ၂၈၊ ၂၊ ၂၀၁၁ နေ့အထိ။
သင်တန်းဆရာ = မူလအတိုင်း။
သင်တန်းသားများ = စတုတ္ထနှစ် သံဃာတော် ၃၃-ပါး

**၂၀၀၉-၂၀၁၀ ပညာသင်နှစ်၊ ဒုတိယနှစ်ဝက်တွင် ဖွင့်လှစ်သင်ကြားခဲ့သော ဆဋ္ဌမအကြိမ် ကွန်ပျူတာသင်တန်း**

သင်တန်းအမျိုးအစား = အခြေခံစာစီစာရိုက် ဆိုင်ရာပညာရပ် (Level- I)
သင်တန်းကာလ = ၁၆၊ ၆၊ ၁၀ ဗုဒ္ဓဟူး နေ့မှ ၃၊ ၈၊ ၂၀၁၀-နေ့အထိ။
သင်တန်းဆရာ = မူလအတိုင်း။
သင်တန်းသားများ = စတုတ္ထနှစ်၊ တတိယနှစ် သံဃာတော် ၃၂-ပါး

**၂၀၁၀-၂၀၁၁ ပညာသင်နှစ်၊ ပထမနှစ်ဝက်တွင် ဖွင့်လှစ်သင်ကြားခဲ့သော သတ္တမအကြိမ် ကွန်ပျူတာသင်တန်း**

သင်တန်းအမျိုးအစား = အခြေခံစာစီစာရိုက် ဆိုင်ရာပညာရပ် (Level- I)
သင်တန်းကာလ = ၂၂၊ ၁၂၊ ၁၀ ဗုဒ္ဓဟူး နေ့မှ ၁၆၊ ၂၊ ၂၀၁၁-နေ့ အထိ။
သင်တန်းဆရာ = ၁။ အရှင်အာစယ (နည်းပြ၊ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန)
၂။ အရှင်ဣန္ဒာစက္က (နည်းပြ၊ မြန်မာစာဌာန)
၃။ အရှင်ဝိဇ္ဇာနန္ဒ(နည်းပြ၊ အဘိဓမ္မပိဋကမဟာ ဌာန)
၄။ အရှင်အာဒိစ္စ(ဌာနစုမှူး၊ စာကြည့်တိုက်ဌာန)
သင်တန်းသားများ = တတိယနှစ်သံဃာ တော် ၂၅-ပါး

(ခ) သင်တန်းအမျိုးအစား = ဒီဗိုင်းနှင့်ပုံဆွဲ ပညာရပ် (Level- 2)
သင်တန်းကာလ = ၁၊ ၁၊ ၁၀ ဗုဒ္ဓဟူး နေ့မှ ၁၆၊ ၂၊ ၂၀၁၁ နေ့အထိ
သင်တန်းဆရာ = အရှင်ဇနက(နည်းပြ၊ အင်္ဂလိပ်စာဌာန)
သင်တန်းသားများ = သံဃာတော်၂၈-ပါး

**ကွန်ပျူတာသင်တန်းကျောင်းဆောင်**

ကွန်ပျူတာသင်တန်းကျောင်းဆောင်ကို **ဦးစံငြိမ်း (အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ) + ဒေါ်သိန်းဝင်း၊ အမှတ် ၆၂၀၊ ၉-ရပ်ကွက်၊ တောင်ဥက္ကလာပ မိသားစု**က ကျပ်သိန်းပေါင်း(၂၅၀)အကုန်အကျခံလျက် ဆောက်လုပ်လှူဒါန်းခဲ့သည်။ ၃၀-၁၁-၂၀၀၉ နေ့က ရေစက်ချလှူဒါန်းခဲ့သည်။ ထို့ပြင် ထိုအလှူရှင်မိသားစုမှ ကွန်ပျူတာ (၁၃)လုံးကိုလည်း လှူဒါန်းခဲ့ပါသည်။

**ကွန်ပျူတာဌာန၏ လုပ်ဆောင်ပြီးသည့် လုပ်ငန်းများ**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ ကွန်ပျူတာသင်တန်းဌာနသည် ၂၀၀၇-၂၀၀၈-ပညာသင်နှစ်၊ ပထမနှစ်ဝက်မှ စ၍ သတ္တမကြိမ်တိုင်အောင် တက္ကသိုလ်သံဃာတော်များအား သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့သည်။ အခြေခံစာစီစာရိုက်ဆိုင်ရာပညာရပ်တွင်(၂၅၄)ပါး၊ ဒီဗိုင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပုံဆွဲပညာရပ်တွင်(၁၄၅)ပါး၊ စက်ပိုင်းဆိုင်ရာပညာရပ်တွင်(၁၆၅)ပါး ရှိတက်ရောက်ပြီးဖြစ်ပါသည်။

ကွန်ပျူတာဌာနနှင့် ပူးပေါင်း၍ သံဃာတော် ၁၅-ပါးတို့အား ၁၃၇၀-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၃-ရက် (၁၅-၁၁-၂၀၀၈) စနေနေ့မှစ၍ (၁၅-၁၂-၂၀၀၈)နေ့အထိ တစ်လတာ အခြေခံစာကြည့်တိုက် ကျွမ်းကျင်မှုသင်တန်းကို ဖွင့်လှစ်နိုင်ခဲ့သည်။

ကွန်ပျူတာဌာနမှ ဦးဆောင်လျက် ပူးပေါင်း၍ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်၊ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်၊ နှစ်လည်မဂ္ဂဇင်းစာအုပ်များကိုလည်း ပုံနှိပ်အဆင့်အထိ ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့ပြင် မြစ်ကွေ့ဆရာတော်၏ "ပိဋကတ်တော်သမိုင်း"ကျမ်းစာအုပ်၊ မဟာဓမ္မာစရိယဘွဲ့ယူကျမ်းစာ "ကြောက်မက်ဖွယ်ကောင်းသော အာဃာတ" ကျမ်းစာအုပ်(အရှင်သုမန)၊ "နှုတ်စောင့်စည်းက ချမ်းသာရ" ကျမ်းစာအုပ် (အရှင်ဣန္ဒာဝုဓာလင်္ကာရ)တို့ကိုလည်း စာအုပ်အဖြစ်ရိုက်နှိပ်၍ ပုံနှိပ်တင်နိုင်ခဲ့သည်။

**ကွန်ပျူတာဌာန၏ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းများ**

၁။ လက်ရှိဖွင့်လှစ်သင်ကြားပေးနေသည့် သင်တန်းများ ဆက်လက်ဖွင့်သွားမည်။

၂။ လက်ရှိသင်တန်းများအပြင် Networking သင်တန်းများ၊ ကွန်ပျူတာနည်းပညာဆိုင်ရာ သင်တန်းများဖွင့်လှစ်သွားရန် ရှိပါသည်။

၃။ ကွန်ပျူတာဌာနမှ ရှားပါးစာအုပ်များ၊ သင်ထောက်ကူစာအုပ်များနှင့် ကျမ်းစာအုပ်များကို စာအုပ်ဖြစ်မြောက်အောင် ဆောင်ရွက်သွားရန်ရှိပါသည်။

**ကွန်ပျူတာဌာန၏ လက်ရှိ စက်ပစ္စည်းအနေအထား**

၁၃၆၉-၇၀(၂၀၀၇-၂၀၀၈)ပညာသင်နှစ်စ၍ ကွန်ပျူတာသင်တန်းဌာနကို အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ အလှူရှင်အသီးသီးတို့မှ လှူဒါန်းခဲ့သော ကွန်ပျူတာအလုံးပေါင်း (၃၃)လုံး ရှိခဲ့ပြီဖြစ်ပါသည်။



လှူဒါန်းခဲ့ကြသည့် အလှူရှင်များအားလုံးကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

သံဃာတော်အပါး(၄၀၀)ခန့် နေထိုင်သီတင်းသုံးလျက်ရှိသော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)တွင် သံဃာအရေအတွက်နှင့်ကြည့်လျှင် ကွန်ပျူတာအလုံးအရေအတွက် နည်းပါသေးသည်။ သင်တန်းတက်ခွင့်ရသည့် သံဃာတော်များမှာလည်း တစ်နှစ်လျှင် အနည်းငယ်မျှသာ ရှိပါသေးသည်။ အမှန်တကယ်အားဖြင့် ပညာရေးဆိုင်ရာ သင်တန်းနှင့် အထွေထွေလုပ်ငန်းများ လုပ်ဆောင်ရန်မှာ အနည်းဆုံး ကွန်ပျူတာ စက်အလုံး (၄၀)လောက် ရှိသင့်ပါသည်။ ထို့ကြောင့် ပရိယတ္တိသာသနာတော်အား အားပေးထောက်ပံ့လှူဒါန်းလိုသူ စေတနာ၊ သဒ္ဓါရှင်တို့ အနေဖြင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း တစ်စုံလျှင် သုံးသိန်းခွဲကျပ်နှုန်းဖြင့် မည်သူမဆို ကွန်ပျူတာဌာန၊ ဖုန်း- ၀၉၅၀-၈၇၀၆၀ သို့ ဆက်သွယ်၍ ဖြစ်စေ၊ လူကိုယ်တိုင်လာရောက်၍ ဖြစ်စေ လှူဒါန်းနိုင်ကြပါကြောင်း အသိပေးအပ်ပါသည်။

■ **အရှင်အာစာရ**

(ကထိက၊သုတ္တန္တပိဋကမဟာဌာန)

ကွန်ပျူတာသင်တန်းများ ဖြစ်မြောက်ရေး



www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များမှ အပ်နှင်းချီးမြှင့်သောဘွဲ့များ

ဘွဲ့-ဟူသည်မှာ ထူးချွန်စွာ စွန့်လွှတ်စွန့်စား၍ [illegible]ကောင်းမှုများကို ဖြည့်ကျင့်ဆည်းပူးခဲ့သည့် [illegible]နည်ပုဂ္ဂိုလ်များအား ဘုရားရှင်ကိုယ်တော်တိုင် [illegible]သတ်များ ရှေ့မှောက်၌ ချီးမြှင့်တော်မူအပ်သော "[illegible]မွမ်းဂုဏ်ပြုခြင်း"တစ်မျိုးပင် ဖြစ်ပါသည်။

## [illegible]ရှင်ချီးမြှင့်သောဘွဲ့

ဘုရားရှင်သည် ထူးချွန်စွာ ပါရမီဖြည့်ကျင့် [illegible]ပူးခဲ့ကြသော ရဟန္တာမထေရ်မြတ်(၄၁)ပါး၊ [illegible](၁၃)ပါး၊ ဥပါသကာ(၁၁)ဦး၊ ဥပါသိကာ(၁၀)ဦး [illegible] ပရိသတ်ရှေ့မှောက်တွင် "ဧတဒဂ္ဂ=ဤ[illegible] အသာလွန်ဆုံး၊ အမွန်မြတ်ဆုံး"ဟု ချီးကျူး[illegible]တော်မူခဲ့ပါသည်။ "တံဆိပ်"ဟူသည်မှာ ထိုဘွဲ့[illegible] အမှတ်အသားတစ်ခုဖြစ်ပါသည်။ ထိုစကားနှစ်မျိုး[illegible] ပေါင်းစပ်၍ "ဘွဲ့တံဆိပ်"ဟု ခေါ်ဝေါ်သုံးစွဲကြ[illegible]။

## ဘုရားရှင်ခေတ်သံဃာတော်များ သုံးနှုန်းသောဘွဲ့

ထိုဧတဒဂ္ဂဘွဲ့မှတစ်ပါး ပရိယတ္တိတရားတော်များကို ဆောင်ရွက်တော်မူသည့် ပရိယတ္တိဝန်ဆောင် အရှင်မြတ်များကို "ဝိနယဓရ""အာဘိဓမ္မိက" အစရှိသည့်ဘွဲ့များဖြင့် သံဃာတော်များက ချီးမြှောက် သုံးစွဲကြသည်။ ပထမသံဂါယနာ၏နောက်ပိုင်း၌ "ဝိနယဓရ" "ဒီဃဘာဏက" "မဇ္ဈိမဘာဏက" "အင်္ဂုတ္တရဘာဏက" "သံယုတ္တဘာဏက" "ဓမ္မပဒဘာဏက" "အာဘိဓမ္မိက" အစရှိသော ဘွဲ့ထူးများဖြင့် သတ်မှတ်၍ ဆက်ကပ်ကြပါသည်။

## သီဟိုဠ်ခေတ် ဘွဲ့တံဆိပ်

သီဟိုဠ်ကျွန်း၌ သီဟိုဠ်ဘုရင်မင်းမြတ်များသည်လည်း -

၁။ သံဃရာဇာဘွဲ့တော်၊

၂။ ရာဇဂုရုဘွဲ့တော်၊



www.burmeseclassic.com

www.burmeseclassic.com



၃။ မဟာသာမိဘွဲ့တော်၊

၄။ ကဝိစက္ကုဝတ္တိဘွဲ့တော်၊

၅။ ဝါစိဿရသံဃရာဇာဘွဲ့တော် တို့ဖြင့် လည်းကောင်း၊

**ပုဂံခေတ် ဘွဲ့တံဆိပ်**

မြန်မာနိုင်ငံ ပုဂံခေတ်၌လည်း ဗုဒ္ဓသာသနာပြု မင်းကောင်းမင်းမြတ်တို့သည် -

၁။ ရှင်အရဟံဘွဲ့တော်၊

၂။ သံဃသေနဝရပဏ္ဍိတဘွဲ့တော်၊

၃။ ဓမ္မသေနာပတိဘွဲ့တော်၊

၄။ မဟာအဂ္ဂပဏ္ဍိတဘွဲ့တော်၊

၅။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်၊

၆။ အဂ္ဂပဏ္ဍိတဘွဲ့တော် အစရှိသည်တို့ဖြင့် လည်းကောင်း၊

**ဟံသာဝတီခေတ်၊ ပင်းယခေတ် ဘွဲ့တံဆိပ်**

ဟံသာဝတီခေတ်၌လည်း "ကလျာဏီတိဿ"ဘွဲ့တော်၊ "ဓမ္မဝိလာသ"ဘွဲ့တော်တို့ဖြင့် လည်းကောင်း၊

ပင်းယခေတ်၌လည်း"ဓမ္မသေနာပတိ" ဘွဲ့တော်၊ "မဟာသာမိ"ဘွဲ့တော်၊ "သုဓမ္မလင်္ကာရ" ဘွဲ့တော်၊ "သဒ္ဓမ္မဂုရု"ဘွဲ့တော်တို့ဖြင့်လည်းကောင်း ဆက်ကပ်တော်မူသည့်အပြင် လူပုဂ္ဂိုလ်ဘက်မှ အတွင်းဝန်မင်းကြီးအား "သီရိမဟာစတုရင်္ဂဗလ"ဘွဲ့ စသည်ဖြင့် ချီးမြှင့်တော်မူခဲ့ပါသည်။

**အင်းဝခေတ် ဘွဲ့တံဆိပ်**

အင်းဝခေတ်၌လည်း "မဟာဓမ္မရာဇဂုရု" ဘွဲ့တော်၊"မဟာသံဃရာဇာ"ဘွဲ့တော် "အလင်္ကာရ" ဘွဲ့တော် "သီရိသဒ္ဓမ္မဝိလာသ" ဘွဲ့တော်၊ "တိပိဋကလင်္ကာရသာမိ မဟာဓမ္မရာဇာဓိရာဇာဂုရု"ဘွဲ့တော် အစရှိသော ဘွဲ့တော်တို့ဖြင့်လည်းကောင်း၊ ကုန်းဘောင်ခေတ်၌လည်း "ရာဇဂုရု" "မဟာဓမ္မရာဇာဂုရု" "မဟာဓမ္မရာဇာဓိရာဇာဂုရု" "ဓမ္မသေနာပတိ" အစရှိသော ဘွဲ့တော်တို့ကို လည်းကောင်း၊

**လွတ်လပ်ရေးခေတ် ဘွဲ့တံဆိပ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွတ်လပ်ရေးခေတ်ကလည်း "အဂ္ဂမဟာပဏ္ဍိတ" "အဘိဓဇမဟာရဋ္ဌဂုရု"ဘွဲ့တံဆိပ်တော်တို့ဖြင့် လည်းကောင်း၊

**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးခေတ် ဘွဲ့တံဆိပ်**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အစိုးရခေတ်ကလည်း အထက်ပါဘွဲ့တံဆိပ်တော် နှစ်မျိုးအပြင် သာသနာပြုဘွဲ့တံဆိပ်တော်ကို "သဒ္ဓမ္မဇောတိကဓဇ" "မဟာသဒ္ဓမ္မဇောတိကဓဇ" "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" "အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ"ဟု လေးဆင့်ခွဲ၍ လည်းကောင်း၊ စာချဘွဲ့တံဆိပ်တော်ကို "ဂန္ထဝါစကပဏ္ဍိတ" "မဟာဂန္ထဝါစကပဏ္ဍိတ" "အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ"ဟု သုံးဆင့်ခွဲ၍ လည်းကောင်း၊ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ကို "ကမ္မဋ္ဌာနာစရိယ" "မဟာကမ္မဋ္ဌာနာစရိယ" "အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ"ဟု သုံးဆင့်ခွဲ၍လည်း ကောင်း၊ ဓမ္မကထိကဘွဲ့တံဆိပ်တော်ကို "ဓမ္မကထိကဗဟုဇနဟိတဓရ" "မဟာဓမ္မကထိကဗဟုဇနဟိတဓရ"ဟု နှစ်ဆင့်ခွဲ၍လည်းကောင်း အသီးသီး ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့ကြပါသည်။

**ပထမပြန်ဘွဲ့**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် လွတ်လပ်ရေးနေ့၌ အထက်ဖော်ပြပါ ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်ရုံသာမကဘဲ ရှေးမြန်မာဘုရင်များလက်ထက်မှစ၍ ယနေ့ကျအောင် ပထမပြန်စာမေးပွဲနှင့် ဓမ္မာစရိယစာမေးပွဲများကိုလည်း နှစ်စဉ်မပြတ် ကျင်းပပြုလုပ်၍ ဓမ္မာစရိယစာချတန်းစာမေးပွဲ၌ ကျမ်းရင်းသုံးကျမ်း အောင်မြင်သောပုဂ္ဂိုလ်အား "သာသနဓဇဓမ္မာစရိယ"ဘွဲ့တံဆိပ်၊ မြန်မာ ဂုဏ်ထူးတန်းကို အောင်မြင်သော အရှင်မြတ်အား "သာသနဓဇသီရိပဝရဓမ္မာစရိယ"ဘွဲ့တံဆိပ်



www.burmeseclassic.com

www.burmeseclassic.com



...ဘာထူးတန်းကို အောင်မြင် သော အရှင်မြတ်အား “သာသနဓဇဓမ္မာစရိယ ပါဠိပါရဂူ”ဘွဲ့တံဆိပ်တို့ကို ဆက်ကပ်ခဲ့ပါသည်။



## ...ပိဋကဓရဘွဲ့နှင့် အခြားဘာဏကစသော ဘွဲ့များ

တစ်ဖန် တိပိဋကရေစာမေးပွဲ အောင်မြင်တော် ...ကြသော သာသနာ့အာဇာနည်အရှင်မြတ်တို့အား “...ပိဋကဓရ တိပိဋကကောဝိဒ”ဘွဲ့တံဆိပ်တော်နှင့် ...ဆောင် အယောင်ပစ္စည်းများ၊ လေယာဉ်၊ မီးရထား၊ ...ဘောတို့၌ အထက်တန်းမှ တပည့်တစ်ဦးနှင့်အတူ ...မဲ့ ခရီးသွားခွင့်လက်မှတ်၊ ဆွမ်းဆန်တော်အတွက် ...စဉ် နဝကမ္မဝတ္ထုတို့ လှူဒါန်းခြင်း၊ နိကာယ်ငါးရပ် ...စွဲ အောင်မြင်သောအရှင်မြတ်တို့အား ရိုးရိုးတန်း ...အောင်မြင်လျှင် “ဝိနယဝိဒူ”အစရှိသော ဘွဲ့တံဆိပ် ...တော်ကို လည်းကောင်း၊ မဟာဝိဒူတန်းအောင်မြင်လျှင် “...နယမဟာဝိဒူ”အစရှိသည်ဖြင့် ကျမ်းအလိုက် ...ဘွဲ့တံဆိပ်တော်များကိုလည်းကောင်း ဆက်ကပ်လှူဒါန်း ...ခဲ့ကြပါသည်။

## ...တော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဖွင့်လှစ်ခြင်း

ခေတ်ကာလသည် တဖြည်းဖြည်း ပြောင်းလဲ ...ပါသည်။ ရှေးအခါက လူပုဂ္ဂိုလ်များသည် ...များသောအားဖြင့် ဆရာတော်သံဃာတော်များ ...ဟောပြောပြသည့် တရားစကားတော်များကို ခြွင်းချက် ...မရှိ လက်ခံယုံကြည်ခဲ့ကြ၏။ လက်ခံယုံကြည် ...နိုင်လောက်သည့် ဘာသာရေးဗဟုသုတလည်း ရှိကြ ...ပါသည်။ ယခုခေတ်၌ကား များသောအားဖြင့် ဘာသာ ...ရေးဗဟုသုတ နည်းပါးကြပါသည်။ ဗုဒ္ဓဘာသာ ...ည်ခံများ တဖြည်းဖြည်း များလာကြသလို သဒ္ဓါ ...ရားလည်း နည်းပါးလာကြပါသည်။ ဤသို့ ...ရှိသော အကြောင်းတို့ကြောင့် မသိနားမလည် ...ကြရုံမျှမက မိမိတို့၏ ဉာဏ်တစ်ညှို့မျှလောက် ... ဆရာတော်များအား သာသနာတော်နှင့် ဆန့်ကျင် ... မေးခွန်းများနှင့်ပင် ထိုးနှက်လာတတ်ကြပါသည်။ ...မေးခွန်းများကို ပြန်လည်ဖြေရှင်းရာ၌ သမရိုးကျ လေ့လာသင်ကြားမှုများ ရိုးသားသော ဖြေရှင်းချက်များဖြင့် ပြေလည်အောင်ဖြေရှင်းဖို့ အခက်အခဲ ရှိလာပါသည်။

တဖန် သာသနမာမက, သာသနပါလက ရှေးဆရာတော်ကြီးများ ချမှတ်ထားခဲ့သော သင်ကြား ရေးနည်းစနစ်များကို လက်လွှတ်လိုက်လျှင်လည်း ပိဋကတ်တော်အရသာ ပျောက်ကွယ်သွားမည် ဖြစ်ပါသည်။ သို့ဖြစ်၍ အစဉ်အလာ ရှေးသင်ကြားနည်းများလည်း မတိမ်ကော ခေတ်အမြင်လည်း မြင်တတ်အောင် ရှေးခေတ်အမြင် ယခုခေတ်အမြင် နှစ်မျိုးလုံးပါဝင်သည့် ပိဋကတ်တော် သင်ကြားလေ့လာနည်းကို ခေတ်ကာလ အခြေအနေက တောင်းဆိုလာသည်ကို သိမြင်တော်မူကြပါသည်။

ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ဘုရားကြီးများသည် ရှေးခေတ်အစဉ်အလာဖြင့် လေ့လာသင်ကြားသောနည်း အစိုးရဓမ္မာစရိယမှုလည်း မပျက်ယွင်းစေ၊ ရှေးရိုးသင်နည်း, ခေတ်သင်နည်းတို့ပါဝင်သော ခေတ်အမြင်ရှိသည့် ပညာတတ် ရဟန်းတော်များလည်း ပေါ်ပေါက်လာစေရန် ရည်ရွယ်ချက်ဖြင့် ဤနိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကို ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ဆရာဒကာ ညီညွတ်စွာဖြင့် တည်ထောင်ဖွင့်လှစ်တော်မူခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် (၁၂၁၈)ပါးတက်ရောက်သော ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး စတုတ္ထနေ့ ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း ၁၄-ရက်(၂၇-၅-၈၀) အင်္ဂါနေ့၌ ပရိယတ္တိသင်ကြားရေး အခြေခံမူလေးချက်ကို ချမှတ်အတည်ပြုတော်မူခဲ့ကြသည့် အချိန်မှစ၍ ၁၃၄၅-ခုနှစ်၊ နယုန်လဆန်း ၁၃-ရက်(၂၃-၆-၈၃) ကြာသပတေးနေ့၌ ကျင်းပပြုလုပ်သော ပထမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ စတုတ္ထအစည်းအဝေးအထိ (၄)နှစ်ကျော်ကာလတိုင်အောင် ဆောင်ရွက်တော်မူကြပါသည်။ ထိုအစည်းအဝေးက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် စီမံချက်စည်းမျဉ်းကို အတည်ပြုပေးတော်မူခဲ့ပါသည်။

ထိုစီမံချက်စည်းမျဉ်းအရ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များ ဆက်လက်ဆောင်ရွက်တော်မူကြပြီး ၁၃၄၈-ခုနှစ်၊ နယုန်လပြည့်ကျော် ၁-ရက် (၂၆-၆-၈၆)တနင်္လာနေ့တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ကိုလည်းကောင်း၊ ၁၃၄၈-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁-ရက် (၂၁-၈-၈၆ ကြာသပတေးနေ့တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ကိုလည်းကောင်း ဖွင့်လှစ်၍ မဟာဓမ္မာစရိယ(ပထမနှစ်)သင်တန်းမှစ၍ သင်ကြားပေးခဲ့ပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် စီမံချက်စည်းမျဉ်းကို ဒုတိယအကြိမ်နှင့် တတိယအကြိမ် ပြန်လည်ပြင်ဆင်ရေးဆွဲပြီး ၁၃၅၁-ခုနှစ်၊ နယုန်လဆန်း ၁၃-ရက် (၁၆-၆-၈၉)နေ့က ကျင်းပသော ဒုတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဥ္စမစည်းအဝေးက အတည်ပြုပေးခဲ့ပါသည်။

ယင်းသို့တတိယအကြိမ်ပြင်ဆင်သည့် "နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း"အရ -

(၁)သာသနတက္ကသီလဓမ္မာစရိယတန်း(၄-နှစ်)၊

(၂)သာသနတက္ကသီလမဟာဓမ္မာစရိယတန်း(၂-နှစ်)ဟု သင်တန်းနှစ်မျိုး ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။ ယင်းဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအရ သာသနတက္ကသီလဓမ္မာစရိယတန်းစာမေးပွဲ စတုတ္ထနှစ်အောင်မြင်ပြီးသောပုဂ္ဂိုလ်အား "သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism)ဘွဲ့"ကိုလည်းကောင်း၊ သာသနတက္ကသီလမဟာဓမ္မာစရိယတန်းစာမေးပွဲနှင့် ကျမ်းစစ်အောင်မြင်ပြီးသောပုဂ္ဂိုလ်အား "သာသနတက္ကသီလမဟာဓမ္မာစရိယ M.A(Buddhism) ဘွဲ့"ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ရမည်ဟု သတ်မှတ်ပါသည်။

ယင်းသို့ချီးမြှင့်ရာတွင် သာသနတက္ကသီလဓမ္မာစရိယတန်း၊ စတုတ္ထနှစ် ရေးဖြေစာမေးပွဲ အောင်မြင်ပြီးနောက် သတ်မှတ်ထားသော စာမျက်နှာ(၅၀)ရှိ အဆင့်မီ ဘွဲ့ယူစာတမ်းတင်သွင်း၍ သာသနာ့ရိပ်သာ၌ (၁၀) ရက် ပဋိပတ်လုပ်ငန်းကို အားထုတ်ပြီး မဟာဓမ္မာစရိယတန်းသို့ တက်ရောက်၍ ပညာသင်ယူခွင့်မရပါက နယ်စပ်နှင့်တောင်တန်းဒေသတို့၌ (၂)နှစ်တိုင်တိုင် သာသနာပြုလုပ်ငန်း ဆောင်ရွက်ပြီးမှ "**သာသနတက္ကသီလဓမ္မာစရိယဘွဲ့**"ကို ပေးအပ်ပါသည်။ သာသနတက္ကသီလမဟာဓမ္မာစရိယတန်းသို့ တက်ရောက်၍ ပညာသင်ယူခွင့်ရသော သင်တန်းသားမှာမူ ယင်းအတန်း၌ ဒုတိယနှစ် ရေးဖြေစာမေးပွဲ အောင်မြင်ပြီးမှ တက္ကသီလဓမ္မာစရိယဘွဲ့ကို ပေးအပ်ပါသည်။

သာသနတက္ကသီလမဟာဓမ္မာစရိယတန်း၊ ဒုတိယနှစ်ရေးဖြေစာမေးပွဲ အောင်မြင်ပြီးသော ရဟန်းတော်သည် သာသနာ့ရိပ်သာ၌ (၄၅)ရက် ပဋိပတ်လုပ်ငန်း အားထုတ်ရပါသည်။ မဟာဓမ္မာစရိယဘွဲ့ယူကျမ်းစာ အတည်ပြုအဖွဲ့က အတည်ပြုပေးလိုက်သော စာမျက်နှာ (၁၅၀)မှ (၃၀၀)အတွင်းရှိ မဟာဓမ္မာစရိဘွဲ့ယူကျမ်းစာကို တင်သွင်းပြီးနောက် သာသနာ့တက္ကသိုလ်များ၌ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဌာနတို့၌ တာဝန်ထမ်းဆောင်ခွင့်ရပါမူ (၃)နှစ်ပြည့်သည့်အခါ မဟာဓမ္မာစရိယဘွဲ့ကို ပေးအပ်ပါသည်။ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဌာနတို့၌ တာဝန်ထမ်းဆောင်ခွင့်မရပါက နယ်စပ်နှင့်တောင်တန်းဒေသထေရဝါဒသာသနာပြုဌာနတို့၌ (၂)နှစ်သာသနာပြု

www.burmeseclassic.com

www.burmeseclassic.com



...န် ထမ်းဆောင်ပြီးမှသာ မဟာဓမ္မာစရိယဘွဲ့ကို ...အပ်ပါသည်။

### ...တ်မှတ်နှင့် အဆောင်အယောင်များ

သာသနာ့တက္ကသိုလ်ကြီးများ၏ အုပ်ချုပ်ရေး ...အဖွဲ့သည် ဗဟိုပညာရေးအဖွဲ့၏ တင်ပြချက်များကို ...ပြီး ဘွဲ့လက်မှတ်များ၌ (၁) တက္ကသိုလ်အမည်၊ ... တက္ကသိုလ်တံဆိပ်၊ (၃) ဘွဲ့ရပုဂ္ဂိုလ်၏ အကြောင်း ...ရာ၊ (၄) အောင်မြင်သည့် ဘာသာရပ်များ၊ ... ဂုဏ်ထူးရဘာသာရပ်များကို "ဂုဏ်ထူးဖြင့် ...င်"ဟု ဖော်ပြရန်၊ (၆) ဘွဲ့လက်မှတ်ကို ...ဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ရိုက်နှိပ်ရန်၊ ... သာသနတက္ကသီလဓမ္မာစရိယ ဘွဲ့ရပုဂ္ဂိုလ်အား ...ရောင် ကတ္တီပါပေါ်တွင် ဘွဲ့တံဆိပ်စာတမ်းကို ...ိုင်းပုံဖော်ရေးသားထားသည့် ယပ်တစ်ချောင်း ...ဒါန်းရန်၊ (၈) ယင်းဘွဲ့ရရှိသူအား အောင်စာရင်း ...ကြေညာသည့်ခုနှစ်ဖြင့် ရာဘာတံဆိပ် ပြုလုပ် ...ဒါန်းရန်၊ (၉)မဟာဓမ္မာစရိယဘွဲ့ရပုဂ္ဂိုလ်အား ...ရောင်ကတ္တီပါပေါ်တွင် ဘွဲ့တံဆိပ်ပါရှိသော ...တမ်းကို အဝိုင်းပုံဖော်ရေးသားထားသည့် ယပ် ...ချောင်းလှူဒါန်းရန်၊ (၁၀) ယင်းဘွဲ့ရရှိသူအား ...င်စာရင်း ကြေညာသည့်ခုနှစ်ဖြင့် ရာဘာတံဆိပ်၊ ...ည်တံဆိပ်များ ပြုလုပ်လှူဒါန်းရန်၊ (၁၁) နပသမ ... ပခာနမထားဘဲ ဘွဲ့ကိုသာ အဓိကထား၍ ...င်ရန်၊ (၁၂) ဘွဲ့နှင်းသဘင်ကို(ရန်ကုန်/မန္တလေး) ...၍ကျင်းပရန်နှင့် ပထမဆုံး ရန်ကုန်၌ ကျင်းပ ...ရန် စသည့် ဘွဲ့ပေးအပ်ခြင်းနှင့် စပ်၍ လိုအပ် ...များကို စိစစ်ဆုံးဖြတ် လမ်းညွှန်မှုများ ပေးအပ်ခဲ့ ...သည်။

အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ ဆုံးဖြတ်ချက်များကို ...သနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ...ကုန်/မန္တလေး မဟာဘွဲ့နှင်းသဘင်များကို တာဝန် ...၍ တိုင်းဒေသကြီး အုပ်ချုပ်ရေး တာဝန်ရှိသူတို့နှင့် ...၍ စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်ခဲ့ ...သည်။



### ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပပုံအစီအစဉ်

သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်ကို နှစ်စဉ် မြန်မာသက္ကရာဇ် နတ်တော်လပြည့်နေ့တွင် ရန်ကုန်/မန္တလေး အလှည့်ကျ တစ်နှစ်စီ ကျင်းပခဲ့ကြသည်မှာ ပထမအကြိမ်မှစ၍ ယခုပြီးခဲ့သော ၂၀၁၀ ခုနှစ် အထိ ကျင်းပသည့်အကြိမ်ပေါင်း (၁၆) ကြိမ်တိတိ ရှိခဲ့ပြီ။

ပထမအကြိမ်ကျင်းပစဉ်က သာသနာ့တက္ကသိုလ်နှစ်ခု၌ ဘွဲ့နှင်းဓမ္မာရုံ အဆင်သင့်မရှိသေးသဖြင့် ကမ္ဘာအေး ဘုရားဝင်းအတွင်းရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့နှင့် သာသနတက္ကသီလဓမ္မာစရိယဘွဲ့ နှစ်ရပ်လုံးကိုပါ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ဒုတိအကြိမ် ဘွဲ့နှင်းသဘင်မှစ၍ ရန်ကုန်/မန္တလေး ဘွဲ့နှင်းသိမ်ဓမ္မာရုံကြီး၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပလာခဲ့သည်မှာ ယခုအခါ (၁၆)ကြိမ်မြောက်အထိ ရှိခဲ့ပြီဖြစ်သည်။

ကျင်းပပုံအစီအစဉ်များကို သိသာစေရန် အကျဉ်းချုပ်ဖော်ပြပါမည်။ အခမ်းအနားကို ပထမပိုင်း၊ ဒုတိယပိုင်းဟု နှစ်ပိုင်း ပိုင်း၍ကျင်းပလေ့ရှိပါသည်။ ပထမပိုင်းမှာ -

(က) ဧည့်ပရိသတ်များနေရာယူခြင်း

(ခ) ပင့်သံဃာတော်များနေရာယူခြင်း



www.burmeseclassic.com

www.burmeseclassic.com



(ဂ) ဆရာတော်ကြီးများနှင့် ဘွဲ့ခံသံဃာတော်များအား ပင့်ဆောင်၍ နေရာချထားပေးခြင်း

(ဃ) အခမ်းအနားမှူးက အခမ်းအနား အစီအစဉ်များကို ကြိုတင်ဖတ်ကြားလျှောက်ထားခြင်းတို့ဖြစ်ပါသည်။

ယင်းသို့ အခမ်းအနား ပထမပိုင်းပြီးသောအခါ အခမ်းအနားအစီအစဉ်ကို ဆက်လက်ကျင်းပကြပါသည်။

၁။ ကြွရောက်တော်မူလာကြကုန်သော သံဃာတော်များနှင့်တကွ ဧည့်ပရိသတ်အပေါင်းတို့က "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ခြင်း

၂။ နိုင်ငံတော်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးထံမှ ပရိသတ်များက ရှစ်ပါးသီလခံယူဆောက်တည်ကာ သမ္ဗောဒနီယ ဩဝါဒကထာ နာယူကြပါသည်။

၃။ ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌဆရာတော်က သာသနတက္ကသီလဓမ္မပါရဂူဘွဲ့နှင့် စပ်လျဉ်း၍ ရှင်းပြလျှောက်ထားကာ သမ္ဗောဒနီယ ဩဝါဒကထာ မြွက်ကြားပေးပါသည်။

၄။ တစ်ဖန် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး) မော်ကွန်းထိန်းဆရာတော်တစ်ပါးပါးက သာသနတက္ကသီလမဟာဓမ္မာစရိယနှင့် သာသနတက္ကသီလဓမ္မာစရိယဘွဲ့နှင်းသဘင်နှင့်စပ်လျဉ်း၍ ရှင်းပြ လျှောက်ထားပေးပါသည်။

၅။ ထို့နောက် တိုင်းဒေသကြီးအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပေးပါသည်။

၆။ တစ်ဖန် သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီးက ဘွဲ့နှင်းသဘင်အခမ်းအနားနှင့်စပ်လျဉ်း၍ ရှင်းပြလျှောက်ထားပေးပြန်ပါသည်။

၇။ ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး) ဆရာတော်တစ်ပါးပါးက အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌဆရာတော်ထံတွင် ဘွဲ့စာရင်းကို အတည်ပြု လက်မှတ်ရေးထိုးခြင်းကို ခံယူခဲ့ပါသည်။

၈/၉။ ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး) ဆရာတော်တစ်ပါးပါးက သာသနတက္ကသီလဓမ္မပါရဂူဘွဲ့ တံဆိပ်တော်ခံယူမည့်ရဟန်းတော်၊ သာသနတက္ကသီလ မဟာဓမ္မာစရိယဘွဲ့တံဆိပ်တော်ခံယူမည့် ရဟန်းတော်များနှင့် သာသနတက္ကသီလဓမ္မာစရိယဘွဲ့တံဆိပ်တော်ခံယူမည့် ရဟန်းတော်တို့အား တစ်ပါးချင်းစီ၏ ဘွဲ့တော်ကို ကြေညာကာ ပါမောက္ခချုပ် (ရန်ကုန်/မန္တလေး) ဆရာတော်များက ဘွဲ့တံဆိပ်တော်များကို အသီးသီး အပ်နှင်းချီးမြှင့်ပေးကြပါသည်။

၁၀။ နောက်ထပ်တစ်ဖန် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ ဆရာတော်ကြီးရှေ့မှောက်တွင် ဘွဲ့ခံသံဃာတော်များက သာသနာပြု ကတိသစ္စာကို တစ်ညီတစ်ညွတ်တည်း ခံယူနေကြပုံမှာ ကြည်ညိုဖွယ် ကောင်းလှပါသည်။

၁၁။ ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ ဒုတိယအဓိပတိဆရာတော်ထံမှ လျှာဒါန်းမှု အ



www.burmeseclassic.com

www.burmeseclassic.com



တို့အတွက် ပရိသတ်များက ရေစက်ချ အနုမောဒနာတရားကို ကြည်ညိုစွာ နာကြားကြပါသည်။

၁၂။ နောက်ဆုံးတွင် ကြွရောက်တော်မူလာကြကုန်သော သံဃာတော်များနှင့်တကွ ဧည့်ပရိသတ်အပေါင်းတို့၏ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ် ရွတ်ဆို အဓိဋ္ဌာန်ပြု၍ အခမ်းအနား ရုတ်သိမ်းလျက် သာဓုသုံးကြိမ် ခေါ်သံတို့မှာ ဘဝဂ်သို့တိုင် လွှင့်ပျံ့သွားတော့သည်။

၁၃။ ထို့နောက် အခမ်းအနားမှူးက သာသနတက္ကသီလဓမ္မပါရဂူဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့နှင့် သာသနတက္ကသီလဓမ္မာစရိယဘွဲ့ နှင်းသဘင်အခမ်းအနား ပြီးဆုံးကြောင်း ကြေညာကာ စေတနာရှင်ပြည်သူအပေါင်းတို့က လောင်းလှူကြသော ဆွမ်းဆန်စိမ်းကို အလှူခံကြွတော်မူပါရန် ပင့်လျှောက်သောအခါ အဓိပတိ ဆရာတော်ကြီးများနှင့်တကွ ဘွဲ့ခံရဟန်းတော်များ တန်းစီ၍ ဆွမ်းဆန်စိမ်း အလှူခံနေသည့်မြင်ကွင်းမှာ အလွန်တရာမှ ကြည်နူးဖွယ်ကောင်းလှပါတော့သည်။

**...သိုလ်ဘွဲ့များ၏ အကျိုးကျေးဇူး**

ဤသို့လျှင် "သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism)"ဘွဲ့ရရှိသော ရဟန်းတော်သည် ...ရာဇိက၊ သီလက္ခန္ဓဝဂ္ဂ၊ ဓမ္မသင်္ဂဏီဟူသော ဝိနယ၊ ...ုတ္တန္တ၊ အဘိဓမ္မ ပိဋကတ်သုံးကျမ်းတို့၏ ပါဠိတော်၊ ...ဋ္ဌကထာတို့ကို အစဥ်အလာကျမ်းရိုးသင်နည်း၊ ခေတ်...သင်နည်းတို့ဖြင့် သင်ကြားတတ်မြောက်ခြင်း၊ ပိဋကတ်...ဆိုင်ရာ ပါဠိစာပေဘာသာ၌ ရိုးရာပါဠိသင်နည်း၊ ...ခေတ်(အရှေ့တိုင်း)သင်နည်း၊ နာဂရီဘာသာစာပေ၊ ...ကျောက်စာတို့ကို အထိုက်အလျောက် တတ်မြောက်ခြင်း၊ မြန်မာစာပေကို ကဗျာ၊ လင်္ကာ၊ စကားပြေ၊ ကျောက်စာ၊ ဝေါဟာရဆိုင်ရာတို့ဖြင့် သင်ယူတတ်မြောက်ခြင်း၊ အင်္ဂလိပ်စာပေ၌ တက္ကသိုလ်ဝင်တန်းအဆင့်အောက် မနိမ့်ကျအောင် တတ်မြောက်ခြင်း၊ ဗုဒ္ဓသာသနာ့သမိုင်းဘာသာရပ်တွင် ဗုဒ္ဓဘာသာကိုသာမကဘဲ အခြားဘာသာရေးဆိုင်ရာ သိသင့်သိထိုက်သော ဗဟုသုတများကို တတ်သိနားလည်ခြင်း၊ ပဋိပတ်လုပ်ငန်းကိုလည်း ၁၀-ရက် အားထုတ်ဖူးခြင်း၊ နယ်စပ်နှင့်တောင်တန်းဒေသ သာသနာပြုအတွေ့အကြုံရှိခြင်းအစရှိသော အရည်အသွေးတို့ကို အပြည့်အဝ ရရှိထားသည်ကို တွေ့ရှိနိုင်ပါသည်။

"သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism)"ဘွဲ့ရရှိသော ရဟန်းတော်သည် စိတ်ကြိုက်ဘာသာအဖြစ် ပါရာဇိကမှတစ်ပါး ကျန်ဝိနည်းပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းစာများ၊ သီလက္ခန္ဓဝဂ္ဂမှတစ်ပါး ကျန်နိကာယ်ကြီးလေးရပ်၏ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းစာများ၊ ဓမ္မသင်္ဂဏီပါဠိမှတစ်ပါး ကျန်အဘိဓမ္မပိဋကပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းစာများကို ရိုးရာသင်နည်း ခေတ်သင်နည်းတို့ဖြင့် သင်ယူတတ်မြောက်ခြင်း၊ အင်္ဂလိပ်စာဘာသာ၌ ဘီအေတန်းအောက် မနိမ့်ကျအောင် တတ်ပြီးခြင်း၊ ကျန်အထောက်အကူဘာသာ သုံးရပ်တို့ကိုလည်း အဆင့်မီမီတတ်မြောက်ခြင်း၊ (၄၅) ရက် ပဋိပတ်လုပ်ငန်း အားထုတ်ပြီးခြင်း၊ ကျမ်းစာရေးသားမှု၊ နယ်စပ်နှင့်တောင်တန်းဒေသတို့၌ သာသနာပြုအတွေ့အကြုံ ဗဟုသုတများရရှိထားကြခြင်း အစရှိသော အရည်အသွေးများနှင့် ပြည့်စုံပါလိမ့်မည်။ ယခုအခါ သာသနတက္ကသီလဓမ္မပါရဂူဘွဲ့ရ အရှင်မြတ်(၃)ပါးလည်း ပေါ်ထွက်လာခဲ့ပါပြီ။ (ယင်းဘွဲ့ပေါ်ပေါက်လာပုံနှင့် သမိုင်းစဉ် အကျဉ်းကို ဤစာအုပ်တစ်နေရာ၌ အပြည့်အစုံ ဖော်ပြထားပါသည်)။ ဘွဲ့ရပုဂ္ဂိုလ်ပေါင်းမှာ ပူးတွဲပါစာရင်းအတိုင်း ဖြစ်ပါသည်။

■ **အရှင်နရိန္ဒ**

လက်ထောက်မော်ကွန်းထိန်း(ရန်ကုန်)



www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်–မန္တလေး)
## ဘွဲ့ရပြီးသောရဟန်းတော်များစာရင်းချုပ်

| စဉ် | အကြိမ် | ဓမ္မပါရဂူ(Ph.D) | | မဟာဘွဲ့(M.A) | | ဓမ္မာစရိယဘွဲ့(B.A) | | ဒီပလိုမာ |
|---|---|---|---|---|---|---|---|---|
| | | ရန်ကုန် | မန္တလေး | ရန်ကုန် | မန္တလေး | ရန်ကုန် | မန္တလေး | |
| ၁။ | ပထမ | - | - | ၂၄ | ၂၃ | ၂၉ | ၁၆ | ၄ |
| ၂။ | ဒုတိယ | - | - | - | - | ၃၀ | ၃၅ | - |
| ၃။ | တတိယ | - | - | - | - | ၅၆ | ၄၂ | ၃ |
| ၄။ | စတုတ္ထ | - | - | ၁၁ | - | ၆၅ | ၄၀ | ၁၆ |
| ၅။ | ပဉ္စမ | - | - | ၅ | - | ၄၉ | ၃၆ | - |
| ၆။ | ဆဋ္ဌ | - | - | ၁၁ | - | ၄၅ | ၁၈ | ၉ |
| ၇။ | သတ္တမ | - | - | ၆ | ၁၄ | ၄၃ | ၃၈ | - |
| ၈။ | အဋ္ဌမ | - | - | ၃ | ၁၁ | ၄၀ | ၃၅ | - |
| ၉။ | နဝမ | - | - | ၁၂ | ၁၃ | ၅၂ | ၃၀ | ၃ |
| ၁၀။ | ဒသမ | - | - | ၁၅ | ၈ | ၄၉ | ၄၇ | - |
| ၁၁။ | ဧကာဒသမ | - | - | ၁၅ | ၁၁ | ၅၁ | ၂၉ | ၁ |
| ၁၂။ | ဒွါဒသမ | - | - | ၂၀ | ၆ | ၅၈ | ၄၁ | - |
| ၁၃။ | တေရသမ | - | - | ၁၆ | ၁၃ | ၅၁ | ၅၃ | - |
| ၁၄။ | စုဒ္ဒသမ | - | - | ၇ | ၁၁ | ၅၇ | ၆၁ | - |
| ၁၅။ | ပန္နရသမ | ၁ | ၁ | ၁၁ | ၄ | ၅၇ | ၄၉ | - |
| ၁၆။ | သောဠသမ | ၁ | - | ၆ | ၇ | ၆၀ | ၅၇ | - |
| | | ၂ | ၁ | ၁၆၂ | ၁၂၁ | ၇၉၂ | ၆၂၇ | ၃၆ |



www.burmeseclassic.com

www.burmeseclassic.com



# တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးအဖွဲ့ ပေါ်ပေါက်လာပုံသမိုင်းစဉ်

ကျွန်ုပ်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)သို့ လက်ထောက်ညွှန်ကြားရေးမှူး တာဝန်ဖြင့် (၁၉၉၅)ခုနှစ်တွင် ရောက်ရှိခဲ့သည်။ ထို့နောက် မြန်မာစာဌာနမှ တွဲဘက်ဌာနမှူး ဆရာကြီး ဦးစံတင်နှင့် တွေ့ဆုံရင်းနှီးခဲ့ကြရပြီး ဆရာကြီးက သူ၏ မြန်မာစာဌာနတွင် တွဲဘက်ကထိကတာဝန်ယူ၍ ဆုတောင်းခန်းပျို့ကို စာသင်ပေးရန် မေတ္တာရပ်ခံခဲ့၍ ကျွန်ုပ်ကလက်ခံခဲ့သည်။ တစ်ဖက်က နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် လက်ထောက် ညွှန်ကြားရေးမှူးတာဝန်နှင့် တစ်ဖက်က မြန်မာစာ ဌာန၊ လက်ထောက်ကထိကတာဝန်ကို တွဲဘက် တာဝန်ယူ စာပြပေးခဲ့ရပါသည်။

ဆရာကြီး ဦးစံတင်က M.Aကျမ်းပြုတွင် ကျမ်းစိစစ်မှူးကို တက်ရောက်လေ့လာရန် အကြံပြု၍ ကျမ်းစိစစ်မှုတွင် ပါဝင်လေ့လာဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ဆောင်ရွက်ရင်း M.A ကျမ်းစာများပြုစုနည်း၊ ကျမ်းစိစစ်နည်းတို့ကို လေ့လာ၊ တတ်ကျွမ်းခွင့်ရခဲ့ပါသည်။ ဆရာကြီးဦးစံတင်နှင့် တွဲဖက်တာဝန်ထမ်း ဆောင်ရင်းကနေ-

“ဤတက္ကသိုလ်က ရဟန်းတော်များ M.A အတွက် ပြုစုထားသောကျမ်းစာများ၊ ထိုရဟန်းတော် M.Aဘွဲ့ယူပြီးက ထိုကျမ်းကို ဤတက္ကသိုလ်က မည်သို့အသုံးချပါသနည်း”ဟု ကျွန်ုပ်က ဆရာကြီး ဦးစံတင်အား မေးမြန်းဆွေးနွေးခဲ့ပါသည်။

“ကျမ်းစာတွေ ကျမ်းပြုပြီးလို့ အတည်ပြုဘွဲ့ယူပြီးလျှင် မော်ကွန်းထိန်းရုံး၌ မှတ်တမ်းတင်သိမ်းထားတာဘဲရှိသည်၊ မည်သို့မျှအသုံးမချ၊ အသုံးမပြုပါ”ဟု ဆရာကြီးက ပြောပြသည်။

“ဤကျမ်းစာများသည် ပြည်သူအတွက်၊ ပညာရှင်သုတေသီတို့အတွက် လေ့လာစရာ၊ နည်းယူစရာ၊ မှတ်သားစရာတွေ များစွာပါရှိသည်ဖြစ်၍ ထိုကျမ်းစာများကို အများပြည်သူတို့ လေ့လာဖတ်ရှုနိုင်ရန် ထုတ်ဝေဖြန့်ချီခွင့်ရှိ-မရှိ”ကျွန်ုပ်က ဆရာကြီးကို မေးကြည့်သည်။

“ဤကျမ်းစာများသည် ဤတက္ကသိုလ်က ပိုင်ဆိုင်၍ ဤတက္ကသိုလ်ကသဘောတူလျှင် ဗဟိုပညာရေးနှင့်ဗဟိုအုပ်ချုပ်ရေးအဖွဲ့က သဘောတူလျှင် ထုတ်ဝေ၍ရမည်ဟုထင်ကြောင်း ဆရာကြီးက ရှင်းပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကျမ်းစာများထုတ်ဝေရေးကိစ္စနှင့် ပတ်သက်၍ ရန်ကုန်တက္ကသိုလ်၏ မူဝါဒသဘောထားကို ကျွန်ုပ်က ဆရာကြီးဦးစံတင်အား မေးပါသည်။

ဆရာကြီးဦးစံတင်က ရန်ကုန်တက္ကသိုလ်တွင် တက္ကသိုလ်ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးအဖွဲ့ဆိုတာ ရှိကြောင်း၊ ယခင်က ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့ ဆောင်ရွက်သွားကြောင်း၊ အသေးစိတ်သိရအောင် သူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မိန့်ကြားပါသည်။

ထို M.Aကျမ်းစာများထုတ်ဝေဖြန့်ချိရေးအတွက် စာရေးသားမှု၊ ကျမ်းစာအုပ်ထုတ်လုပ်မှုတို့၌ အတွေ့အကြုံရှိကြသော ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၊ ဌာနမှူးဆရာတော် ဦးဥတ္တမ၊ မော်ကွန်းထိန်းဆရာတော် ဦးကုမာရတို့နှင့် ဆက်လက် ဆွေးနွေးမိခဲ့ရပါသည်။

ဆရာတော်များနှင့်အသေးစိတ်ဆွေးနွေးပြီး ဆရာတော်များက ထုတ်ဝေပေးမည့်သူရှိက ထုတ်ဝေခွင့်ရအောင် စီမံပေးမည်ဟု အမိန့်ရှိပါသည်။

သို့အတွက် ကျွန်ုပ်သည် ဆရာကြီးဦးစံတင်နှင့် အသေးစိတ် ပြန်လည်ဆွေးနွေးပြီးနောက် သ-ထ-ပ ညွှန်မှူးအဆင့်ဆင့် အစည်းဝေးပွဲတွင် ညွှန်ကြားရေးမှူးချုပ်လည်းဖြစ်၊ တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့တွင် အတွင်းရေးမှူးလည်းဖြစ်သော ဦးစန်းလွင်အား M.Aကျမ်းစာများ စာအုပ်အဖြစ်ထုတ်ဝေရေးကိစ္စကို ဆွေးနွေးတင်ပြခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်မှ လုပ်ထုံးလုပ်နည်းစည်းကမ်းနှင့်အညီ အမှုတွဲရေးတင်ပါဟု အမိန့်ချမှတ်ခဲ့သဖြင့် ကျွန်ုပ်မှ ပထမ ဆရာကြီးဦးစံတင်နှင့် ဆွေးနွေးပြီး ဆရာတော်များနှင့် ထပ်မံဆွေးနွေးကာ ညွှန်ကြားရေးမှူးချုပ်ထံ လုပ်ထုံးလုပ်နည်းစည်းကမ်းနှင့်အတူ M.A ကျမ်းစာအုပ်များ ထုတ်ဝေခွင့်ရရန် အမှုတွဲ တင်ခဲ့ပါသည်။

ထိုတင်ပြချက်အရ နောက်ညွှန်မှူးအဆင့်ဆင့် အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်က သဘောတူပြီး သ-ထ-ပ အလှူရန်ပုံငွေမှ ကျခံရိုက်နှိပ်ရန် အမိန့်ချမှတ်ပေးလိုက်ပါသည်။

ညွှန်ကြားရေးမှူးချုပ်ထံမှ အစည်းအဝေးဆုံးဖြတ်ချက်နှင့်အမိန့် ရလာသောအခါ ကျွန်ုပ်က ဆရာတော်များထံ အကြောင်းစုံလျှောက်ထားပြီး အများပြည်သူတို့နှင့် သုတေသီပညာရှင်တို့အတွက် အထောက်အကူပြုသော M.Aကျမ်းစာများကို ထုတ်ဝေနိုင်ရန်အတွက် ရွေးချယ်ပေးရန် လျှောက်ထားခဲ့ပါသည်။

ထိုလျှောက်ထားချက်အရ မော်ကွန်းထိန်းဆရာတော်မှ စာအုပ်အဖြစ်ထုတ်ဝေရန် ကျမ်းစာ(၉)အုပ်ကို ရွေးချယ်ပို့ပေးခဲ့ပါသည်၊ ထို(၉)အုပ်အနက် ပထမဦးဆုံးထုတ်သင့်သော စာအုပ်ကို ဆရာကြီးဦးစံတင်၊ ဆရာကြီးဦးဝင်းကြိုင်၊ ဆရာကြီးဦးအောင်ခိုင်(၁)/(၂) တို့ကိုဖတ်စေပြီး ထိုဆရာကြီးများ၏ အဆုံးအဖြတ်ကိုယူသည်။ တစ်ဖန် ဆရာတော်များ၏ အဆုံးအဖြတ်ကို ရယူခဲ့ရပါသည်။

ဆရာကြီးများ၊ ဆရာတော်များ၏ဆုံးဖြတ်ချက်အရ အရှင်ပညာဝံသ၏ **"မိထွေးတော်ဂေါတမီနှင့်ဘိက္ခုနီသာသနာ"** စာအုပ်ကို ပထမဦးဆုံးထုတ်ဝေရန်ဆုံးဖြတ်ခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြခဲ့ရပါသည်။ ညွှန်ကြားရေးမှူးချုပ်မှ ဗဟိုပညာရေး၊ ဗဟိုအုပ်ချုပ်ရေး အဆုံးအဖြတ်ယူပြီးထုတ်ပါဟု အမိန့်ချမှတ်ခဲ့သဖြင့် ထိုစာအုပ် ထုတ်ဝေနိုင်ရေးအတွက် ဗဟိုပညာရေး၊ ဗဟိုအုပ်ချုပ်ရေးသို့တင်ပြရန် တင်လွှာရေးပြီး အဆုံးအဖြတ် ခံယူခဲ့ရပါသည်။

ဤသို့လျှင် အဆင့်ဆင့်ဆုံးဖြတ်ချက်ခံယူပြီး **"မိထွေးတော်ဂေါတမီနှင့်ဘိက္ခုနီ သာသနာ"** စာအုပ်သည် M.Aကျမ်းစာတွင် ဦးစွာပုံနှိပ်ဖြန့်ချီသောကျမ်းအဖြစ် ဂုဏ်ယူဝမ်းမြောက်စွာ ပေါ်ထွက်လာခဲ့ရပါသည်။

နောက်ထပ် ကျမ်းစာများ ဆက်လက်ထုတ်ဝေနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်နေစဉ် အခက်အခဲ တစ်ရပ်ကြောင့် ရပ်တန့်သွားရပါသည်။

ထိုရပ်တန့်နေသောအချိန်တွင် ဆရာကြီးဦးစံတင်နှင့် မိမိတို့သည် ထိုကျမ်းစာများ စနစ်တကျထုတ်ဝေနိုင်ရေး ထိုကျမ်းစာများကို အင်္ဂလိပ်ဘာသာသို့ပြန်သင့်သော ကျမ်းစာများကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုနိုင်ရေးအတွက် ရန်ကုန်တက္ကသိုလ်ကဲ့သို့ တက္ကသိုလ်နှင့်ဘာသာပြန်စာအုပ်ထုတ်ဝေရေးအဖွဲ့တစ်ခု ဤတက္ကသိုလ်တွင် ရှိသင့်သည်ဟု သဘောတူမိကြပါသည်။

ထိုသို့သဘောတူ၍ ဆရာကြီးဦးစံတင်



www.burmeseclassic.com

www.burmeseclassic.com



…တက္ကသိုလ်မှ တက္ကသိုလ်ဘာသာပြန်နှင့်စာအုပ် …ဝေရေးစည်းမျဉ်းများ ရှိအောင် ဆောင်ရွက်နေစဉ် … နိုင်ငံတော်အကြီးအကဲ အတွင်းရေးမှူး၏ …ညွှန်ချက်အရ တိပိဋကအဘိဓာန်များ၊ အင်္ဂလိပ် …ဘာသာပြန်ဆိုရေးကိစ္စ ပေါ်လာပြန်သဖြင့် ထိုကိစ္စကို …ပေးဆောင်ရွက်နေရပြီး ဤတက္ကသိုလ်က …ဋကအဘိဓာန် ဘာသာပြန်အဖွဲ့(၄)အဖြစ် …ယူဖို့ တာဝန်ကျခဲ့ပြန်ပါသည်။

ထိုကိစ္စ(၂)ရပ်ကို ဆောင်ရွက်ရင်း စည်းမျဉ်း …ရေးဆွဲရ၊ ထိုဘာသာအတွက် ပညာရှင်များရှိရေး …နှင့် အတော်ပင် အလုပ်ရှုပ်ခဲ့ရပါသည်။

ပညာရှင်များကို ဦးစွာပထမ ရှာရပါသည်၊ …၏သဘောထားကိုယူရပါသည်၊ ထို့နောက် …နိုင်ရေးအတွက် ညွှန်ကြားရေးမှူးချုပ်ထံ …ပြရပါသည်။

တစ်ဘက်က ဆရာကြီးဦးစံတင်နှင့်ဦးကျော်လှိုင် …ညှိနှိုင်းပြီး စည်းမျဉ်းမူကြမ်း အကြမ်းရေးဆွဲရပြီး …ညွှန်ကြားရေးမှူးချုပ်ထံ မူကြမ်းကိုတင်ပြရပါသည်။ …ညွှန်ကြားရေးမှူးချုပ်မှ မူကြမ်းကိုအတည်ပြုပြီးသောအခါ …ကို တစ်ဖန်ရေးဆွဲခဲ့ရပြန်ပါသည်။

ဤသို့သော သံသရာကြားဝယ် ကျွန်ုပ်သည် …ညွှန်ကြားရေးမှူးဘဝ သက်စေ့၍ ပင်စင်ယူခဲ့ရ …သည်။ ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က (၂)နှစ် …တမ်းတိုး တာဝန်ဆက်လက်ထမ်းဆောင်ရန် …ရပ်ခံခဲ့သော်လည်း ကျွန်ုပ်က လက်မခံတော့ပါ။ …တက္ကသိုလ်တွင်သာ ကျွမ်းကျင်ပညာရှင်ပေးပြီး …သိုလ်တွင်လုပ်စရာရှိသည်များကို ဆက်လုပ်ခွင့် … မေတ္တာရပ်ခံခဲ့ပါသည်။

သို့အတွက် ကျွန်ုပ်သည် န·ပ·သ၏ကျွမ်းကျင် …ရှင်၊ တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့၏ …အတွင်းရေးမှူး(၂)တာဝန်နှင့် ဗုဒ္ဓဒေသနာ …ပွားရေးပညာဌာနတွင် တွဲဖက်ဌာနမှူးအဖြစ် …ပေးအပ်ခံခဲ့ရပါသည်။

ထိုသို့ တာဝန်ပေးအပ်ခံရသောအခါ ဗုဒ္ဓ …နာပြန့်ပွားရေးပညာဌာန၊ ဌာနမှူးဆရာတော်က …ကျွမ်းစစ်တွင် ဝင်ရောက်လေ့လာဖို့ စီစစ်ပေးဖို့ မေတ္တာရပ်ခံသဖြင့် M.Aကျမ်းစစ်တွင် ကိုယ်တိုင် ဝင်ရောက်ကျမ်းစီစစ်မှုများ ပြုလုပ်ခဲ့ရပါသည်။

ထိုအခါတွင်မှ ဤကျမ်းများကို ပြင်ပပုဂ္ဂိုလ်များ သုတေသီများ ဖတ်ရှုခွင့်ရရန် အလွန်လိုအပ်သည်ကို လေးလေးနက်နက် စဉ်းစားမိလာသလို ဤတက္ကသိုလ် ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးအဖွဲ့ ဖြစ်ပေါ်ရေး ကိုလည်း အလေးအနက်ထားပြီး ဆောင်ရွက်ခဲ့ရ ပါသည်။

ဆရာကြီး ဦးစံတင်မှ ရန်ကုန်တက္ကသိုလ်၏ တက္ကသိုလ်ဘာသာပြန်ရေးနှင့်စာအုပ်ထုတ်ဝေရေးစည်းမျဉ်း လုပ်ထုံးလုပ်နည်းတို့ကို အကြမ်းဖျဉ်းသိရပြီးသောအခါ ဆရာကြီးဦးစံတင်နှင့်ညှိနှိုင်းပြီး မူကြမ်းကို ရေးဆွဲ ရပါသည်၊ မူကြမ်းရေးဆွဲပြီးသောအခါ ပညာရှင် ဆရာကြီးများဖြစ်သော ဦးကျော်လှိုင်၊ ဦးရဲမြင့်တို့နှင့် တကွ တိပိဋကအဘိဓာန် ဘာသာပြန်အဖွဲ့ဝင်များ ဖြစ်ကြသော ဆရာကြီးဒေါက်တာလှထွန်း၊ ဒေါက်တာ မြင့်လှိုင်၊ ဦးကျော်ဇောနိုင်၊ ဦးမိုးဟိန်း တို့နှင့်တစ်ဖန် အချောသတ်ညှိနှိုင်းရပါသည်။

မူချောရေးဆွဲပြီးသောအခါ နာယကချုပ်၊ ဒုတိယနာယကချုပ်၊ မော်ကွန်းထိန်းဆရာတော်တို့ထံ တင်ပြညှိနှိုင်း အတည်ပြုချက်ရယူခဲ့ ရပါသည်၊ ဆရာတော်များထံမှ သဘောတူညီချက်ရလာသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ဗဟိုပညာရေးအဖွဲ့တင်ပြပြီး (၂၈-၂-၂၀၀၅)နေ့ (၁/၂၀၀၅)တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

ထိုအစည်းအဝေးမှ တက္ကသိုလ်အုပ်ချုပ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌဆရာတော်(၃)ပါး၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီးတို့၏ သဘောထားဆုံးဖြတ်ချက်နှင့် ဆုံးဖြတ်ချက်(၅) အပိုဒ်ခွဲ(၈)အရ တက္ကသိုလ် ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးအဖွဲ့ စည်းမျဉ်းသည် အတည်ပြုပြဋ္ဌာန်းမှုကို ရရှိခဲ့ပါသည်။

ဤအဖွဲ့တွင် အဓိကရည်ရွယ်ချက်(၃)ချက် ထားရှိခဲ့ပါသည်-

(၁) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များကပရိယတ္တိဓမ္မစာပေများကို ပြည်တွင်းပြည်ပသို့ ကျယ်ကျယ်ပြန့်ပြန့် ထုတ်ဝေဖြန့်ချိရန်။

(၂) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၌ ရှားပါးသောဗုဒ္ဓသာသနာတော်ဆိုင်ရာကျမ်းစာများ၊ ပြဋ္ဌာန်းကျမ်းစာများကို စာသင်သားများ၊ သုတေသီများ၊ လွယ်လင့်တကူ လေ့လာမှီငြမ်းပြုနိုင်ရန်။

(၃) အထူးသဖြင့် မဟာဝိဇ္ဇာကျမ်းပြုနှင့် ဓမ္မပါရဂူကျမ်းပြုသင်တန်းသားများ၊ ပြည်တွင်းပြည်ပမှ သုတေသီများ လွယ်လင့်တကူလေ့လာသုတေသနပြုနိုင်ရန် တို့ဖြစ်ပါသည်။

ဤဖွဲ့သည် ဤရည်ရွယ်ချက်(၃)ရပ်ကို အဓိကထားပြီး အကောင်အထည်ဖော်နိုင်ရေးအတွက် အောက်ပါအဖွဲ့(၂)ဖွဲ့ကို ဖွဲ့စည်းထားရန် စည်းမျဉ်းထဲ၌ သတ်မှတ်ထားပါသည်-

(က) နာယကအဖွဲ့

(ခ) ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးအဖွဲ့

နာယကအဖွဲ့တွင် တက္ကသိုလ်၏နာယကချုပ်၊ ဒုတိယနာယကချုပ်နှင့် သထပ ညွှန်ကြားရေးမှူးချုပ်တို့ ပါဝင်ရပါသည်။

ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးအဖွဲ့တွင် တက္ကသိုလ်မော်ကွန်းထိန်းဆရာတော်က ဥက္ကဋ္ဌ၊ တွဲဘက်ပါမောက္ခ၊ တွဲဘက်ဌာနမှူး တစ်ဦးဦးက အတွင်းရေးမှူး၊ လက်ထောက်မော်ကွန်းထိန်းက တွဲဘက်အတွင်းရေးမှူး(၁)၊ န·ပ·သ ညွှန်ကြားရေးမှူးက တွဲဘက်အတွင်းရေးမှူး(၂)၊ ပါမောက္ခ၊ ဌာနမှူးဆရာတော်များက ပြင်ပပညာရှင်များက အဖွဲ့ဝင်အဖြစ်ပါဝင်ကာ အဖွဲ့ဝင်(၁၁)ဦးဖြင့် ဖွဲ့စည်းစေခဲ့ပါသည်။

ထိုဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးအဖွဲ့တွင် မိမိ၏လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် (၂၆-၃-၂၀၀၈) (၂/၂၀၀၈) နေ့တွင် ကျင်းပသော တက္ကသိုလ်ပညာသင်ကြားရေးအဖွဲ့ အစည်းအဝေးမှ ဆုံးဖြတ်ချက်(၂)အရ ဆပ်ကော်မတီ၏ (၃)ဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါသည်-

(က) တက္ကသိုလ်ဘာသာပြန်အဖွဲ့

(ခ) စာပေစီစစ်ရေးအဖွဲ့

(ဂ) စာအုပ်စာပေထုတ်ဝေဖြန့်ချီရေးအဖွဲ့ တို့ဖြစ်ပါသည်။

တစ်ဖန် တက္ကသိုလ်အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁၁·၃·၂၀၀၈)နေ့စွဲပါ ရုံးအမိန့်စာအမှတ်(၅/၂၀၀၈) ထုတ်ပြန်ခဲ့ပါသည်။ ယင်းကို ဥက္ကဋ္ဌဆရာတော်က ဖွဲ့စည်းပုံစည်းမျဉ်း အခန်း(၁)အပိုဒ်(၂)၊ အပိုဒ်ခွဲ (က)(ခ)(ဂ)အရ ရုံးအမိန့်စာ (၁/၂၀၀၈)ဖြင့် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ဆပ်ကော်မတီကို ဖွဲ့စည်းပေးခဲ့ပါသည်-

(က) တက္ကသိုလ်ဘာသာပြန်အဖွဲ့

(၁) ဒေါက်တာဘဒ္ဒန္တကေတု

(၂) ဘဒ္ဒန္တကုသလ

(၃) ဘဒ္ဒန္တဇနက

(၄) ဦးကျော်ဇောနိုင်

(၅) ဒေါက်တာလှထွန်း

(၆) ဒေါက်တာခင်အေး

(၇) ဦးဖေအောင်(ခ)ဦးဖေညွှန့်

(ခ) စာပေစီစစ်ရေးအဖွဲ့

(၁) ဘဒ္ဒန္တဇောတိက

(၂) ဘဒ္ဒန္တသီလဝံသာဘိဝံသ

(၃) ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ

(၄) ဒေါက်တာဘဒ္ဒန္တထေရိန္ဒ

(၅) ဘဒ္ဒန္တက္ခေမာဘာသ



www.burmeseclassic.com

www.burmeseclassic.com



(၆) ဒေါက်တာဘဒ္ဒန္တကေတု
(၇) ဘဒ္ဒန္တသုမန
(၈) ဦးမြင့်စိုး
(၉) ဦးကိုကိုမြိုင်
(၁၀)ဦးစံသင်းလှိုင်

(ဂ) စာအုပ်ထုတ်ဝေရေးအဖွဲ့

(၁) ဘဒ္ဒန္တပညာဝံသ
(၂) ဘဒ္ဒန္တနန္ဒသေနာလင်္ကာရ
(၃) ဘဒ္ဒန္တအာစာရ
(၄) ဘဒ္ဒန္တနရိန္ဒ
(၅) ဘဒ္ဒန္တကောလိယ
(၆) ဦးမြင့်ဇော်ဝင်း
(၇) ဦးသက်ထွန်း
(၈) ဦးစိုးမင်းထွန်း
(၉) ဦးကိုကိုမြိုင်

ဤကဲ့သို့သောအဖွဲ့ အသီးသီးဖွဲ့စည်းပြီး တက္ကသိုလ်ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးအဖွဲ့ အစည်းအဝေးများထိုင်ပြီး စာပေစီစစ်ရေးအဖွဲ့က စာအုပ်ထုတ်ဝေနိုင်ရေးအတွက် M.A ပထမပတ် ကျမ်းစာများကို စီစစ်နိုင်ရန် တာဝန်ပေးခဲ့ပါသည်၊ စာပေစီစစ်ရေးအဖွဲ့က အစည်းအဝေးထိုင်ပြီး ကျမ်းစာ(၃)အုပ်ကို ပထမရွေးချယ်စီစစ်ပြီး အဖွဲ့သို့ တင်ပြခဲ့ပါသည်။

အဖွဲ့မှ စာအုပ်ထုတ်ဝေဖြန့်ချီရေးအတွက် ငွေကြေးပြဿနာပေါ်လာခဲ့ပြန်ပါသည်။ သို့အတွက် ကျွန်ုပ်ကပင် တာဝန်ယူ၍ သူငယ်ချင်းမိတ်ဆွေဖြစ်သော အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစံငြိမ်း+ဒေါ်သိန်းဝင်း တို့ထံ အကူအညီတောင်း အလှူခံပေးရပါသည်။ သူတို့မိသားစုက စေတနာထက်သန်စွာဖြင့် တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေနိုင်ရေးအတွက် ပထမ သိန်း(၂၅)၊ နောက် သိန်း(၅၀)၊ သိန်း(၁၀၀)အထိ တဖြည်းဖြည်း ရန်ပုံငွေစိုက်ပေးမည်ဟု တာဝန်ယူခဲ့ကြပါသည်။

ထိုသို့ ဦးစံငြိမ်းတို့မိသားစုက တာဝန်ယူခဲ့သဖြင့် တက္ကသိုလ်ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးအဖွဲ့သည် အောက်ပါကျမ်းစာများကို အဆင့်လိုက်



(ပြည်သူ့အကျိုးပြုနှင့်ပညာရှင်သုတေသီအကျိုးပြု) ကျမ်းစာများအဖြစ် ထုတ်ဝေနိုင်ခဲ့ပါသည်။

၁။ အရှင်သုမန၊ မိတ်ဆွေကောင်းမှချမ်းသာရ
၂။ အရှင်ဇောတိက၊ ရသေ့ကျင့်ဝတ် ရသေ့ဓလေ့
၃။ အရှင်ပဏ္ဍိတာဘိဝံသ၊ မင်္ဂလသုတ်ပျို့ဋီကာ
၄။ အရှင်သုမန၊ ကြောက်မက်ဖွယ်ကောင်းသော အာဃာတ

ဤဆက်လက်ထုတ်ဝေနိုင်ရေးနှင့် သင့်တော်သောကျမ်းစာကို အင်္ဂလိပ်ဘာသာပြန်ဆိုနိုင်ရေး ကမ္ဘာသို့ဖြန့်ချီနိုင်သော (Buddhist persepet) စာစောင် (၃)လတစ်ကြိမ် ထုတ်ဝေနိုင်ရေးတို့အတွက်လည်း ကြိုးစားဆောင်ရွက်လျက်ရှိနေပါသည်။

ဤသို့လျှင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပြင်ဆင်ဖြည့်စွက်ချက်(၂၀၀၁)၊ အခန်း(၄)၊ အပိုဒ်(၁၀)ပါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်သည် ကမ္ဘာ့နိုင်ငံများရှိ ဗုဒ္ဓဘာသာဆိုင်ရာ တက္ကသိုလ်များ၏ အဆင့်အတန်းမီသော တက္ကသိုလ်ဖြစ်စေရမည် ဟူသော စည်းကမ်းနှင့်အညီ ကမ္ဘာ့တက္ကသိုလ်များ အဆင့်မီ တက္ကသိုလ်ဖြစ်ရေးကို ဤတက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးအဖွဲ့က အထောက်အကူပြုပြီး ဆက်လက်ချီတက် လုပ်ဆောင်သွားမည်ဟု ယုံကြည်မိပါတော့သည်။

■ **ဦးကိုကိုမြိုင်**

(ပါမောက္ခ/တွဲဘက်ဌာနမှူး)
သုတ္တန္တပိဋကမဟာဌာန(ရန်ကုန်)

www.burmeseclassic.com



# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်နှင့်
## ပြည်ပထေရဝါဒဗုဒ္ဓဘာသာ အထူးသင်တန်း

**ထေရဝါဒမြန်မာနိုင်ငံတော်**

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာထွန်းကားသော နိုင်ငံများအနက် ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံ တစ်နိုင်ငံဖြစ်သည်။ သီရိလင်္ကာ၊ လော၊ ကမ္ဘောဒီးယား၊ ထိုင်း၊ မြန်မာ ဟူသော ထေရဝါဒဗုဒ္ဓဘာသာ ငါးနိုင်ငံတွင် ပရိယတ္တိ၊ ပဋိပတ္တိ သာသနာတော်နှစ်ရပ် ထွန်းကားပြည့်စုံသော နိုင်ငံလည်း ဖြစ်ပါသည်။

ထိုပြင် ထေရဝါဒဗုဒ္ဓသာသနာတော်၏ တည်ရှိရာ စာပေမှာလည်း မြန်မာနိုင်ငံ၌ အသန့်ရှင်းဆုံးနှင့် အခိုင်မာဆုံးအဖြစ် ရာစုနှစ်များစွာ တည်ရှိနေသည်ကို သမိုင်းပညာရှင်များ လက်ခံအတည်ပြုခဲ့ကြပေသည်။ မြန်မာနိုင်ငံတော်၌ ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီး ထွန်းကားနေခြင်းမှာလည်း ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရမင်းများနှင့် ပြည်သူပြည်သားများ၏ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့အားပေးမှု သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများ၏ သာသနာတော်အတွက် ကြိုးကြိုးစားစား ဟန်ချက်ညီညီ ဆောင်ရွက်မှုတို့ကြောင့် ဖြစ်ပါသည်။

**ပဋိပတ္တိကျင့်စဉ်မှန်**

ထေရဝါဒဗုဒ္ဓဘာသာကို လက်တွေ့ကျကျ လေ့လာ လိုကြသော နိုင်ငံခြားသားများသည် မြန်မာနိုင်ငံသို့ အဆက်မပြတ်လာရောက်ကြပြီး ရဟန်းခံခြင်း၊ ဝိပဿနာတရားအားထုတ်ခြင်းဖြင့် ပဋိပတ္တိသာသနာတော်မြတ်ကို လက်တွေ့လေ့လာ ကျင့်သုံးလျက်ရှိကြပါသည်။ ပဋိပတ္တိအရသာကို သုံးဆောင်ခံစားကြရသော နိုင်ငံခြားသားအချို့သည် ဗုဒ္ဓမြတ်စွာ သာသနာတော်ကို စွဲမြဲစွာလက်ခံယုံကြည်မှု သဒ္ဓါတရားရရှိကြပါသည်။ နိုင်ငံခြားသားအချို့က ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ သာသနာတော် ကိုးကွယ်မှုဆိုင်ရာ ယဉ်ကျေးမှုကို ကျယ်ကျယ်ပြန့်ပြန့် သိလိုကြပါသည်။ သို့ဖြစ်ရာ သာသနာတော်နှင့် မြန်မာ့ယဉ်ကျေးမှု၏ မြစ်ဖျားခံရာ ပရိယတ္တိစာပေများကိုလည်း လေ့လာသင်ယူလိုကြပါသည်။

**ပရိယတ္တိစာပေသင်ကြားနည်း**

မြန်မာနိုင်ငံ၏ ပရိယတ္တိစာပေသင်ကြားနည်းစနစ်သည် ပုဂံခေတ်အဆက်ဆက်ကို ဖြတ်သန်းလာခဲ့ကာ အဋ္ဌကထာ၊ ဋီကာနည်းများကို အခြေခံထားသည့် မြန်မာ့နည်း မြန်မာ့ဟန် နည်းစနစ်ဖြစ်ပါသည်။ ယင်းစနစ်၏အချုပ်မှာ "မန္တလေးစာသင်နည်းနှင့် ပခုက္ကူစာသင်နည်း" ဖြစ်ပါသည်။ ခေတ်အဆက်ဆက် ပညာရှင်များ၏ ကြိုးပမ်းမှုများဖြင့် ယောဇနာ၊ ဂဏ္ဌိ၊ နိဿယ၊ ဋီကာ၊ ဗျာကရဏ်း၊ အရကောက်ကျမ်းများ ပေါ်ထွန်းခဲ့သည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ယင်းသို့ ခေတ်အဆက်ဆက် လက်ဆင့်ကမ်း သယ်ယူလာခဲ့သော ပရိယတ္တိစာပေသင်ကြားမှုနည်းစနစ်များကို အရိုးပေါ်အရွက်မဖုံးစေရအောင် ပရိယတ္တိပညာသင်ကြားရေး မူလေးချက်ကို ချမှတ်၍ ခေတ်နှင့်အညီ ပြုပြင်လေ့လာ သင်ယူစေခဲ့ကြပါသည်။ ဤပညာရေးစနစ်အရ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများကို တည်ထောင်ဖွင့်လှစ်ခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**

၄င်းအပြင် နိုင်ငံတော်အစိုးရသည် ယင်းသို့ ကမ္ဘာ့နိုင်ငံများက လိုလိုလားလား အမြတ်တနိုး လေ့လာနေကြသော မြန်မာနိုင်ငံရှိ ထေရဝါဒဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး၏ ပြည်တွင်းပြည်ပ တိုးတက်ထွန်းကားပြန့်ပွားရေးကို ရှေးရှုပြီး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနကို တိုးချဲ့ဖွင့်လှစ်၍ ထေရဝါဒဗုဒ္ဓမြတ်စွာ သာသနာတော်ကို အားပေးဆောင်ရွက်လျက်ရှိပါသည်။

**နိုင်ငံခြားသားပညာသင်များ**

ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံ၏ ပရိယတ္တိစာပေများကို လေ့လာသင်ယူလိုကြောင်း သက်ဆိုင်ရာအစိုးရများမှတစ်ဆင့် မြန်မာနိုင်ငံတော်အစိုးရသို့ ဆက်သွယ်လာကြပါသည်။ မြန်မာနိုင်ငံတော်အစိုးရသည် ယင်းပုဂ္ဂိုလ်များကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနသို့ လွှဲအပ်၍ ပရိယတ္တိစာပေများကို သင်ယူစေရန် တာဝန်ပေးအပ်ခဲ့ပါသည်။

**ကြီးကြပ်ရေးကော်မတီ**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်သင်တန်းများသို့ တိုက်ရိုက်မဝင်ရောက်နိုင်သော နိုင်ငံခြားသား ပညာသင်များအတွက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော်အမှူးရှိသော တာဝန်ရှိဆရာတော်များနှင့် ပညာရှင်များ၊ ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်စေလျက် "ပြည်ပထေရဝါဒဗုဒ္ဓသာသနာလေ့လာရေးအထူးသင်တန်းကြီးကြပ်ကော်မတီ" ကို (၃၀-၆-၉၃)နေ့တွင် ဖွဲ့စည်း၍ တာဝန်ပေးအပ်ခဲ့ပါသည်။ ယင်းကော်မတီက(၁၇-၁၂-၉၃)နေ့တွင် ပြုလုပ်သော အစည်းအဝေး၌ နိုင်ငံခြားသားပညာသင်များပညာသင်ကြားနိုင်ရန် သင်ရိုးညွှန်းတမ်းရေးဆွဲ၍ အတည်ပြုခဲ့ကြပါသည်။

**သင်တန်းသားနှစ်မျိုး**

ပြည်ပနိုင်ငံများမှ ပရိယတ္တိပညာ သင်ကြားရန်ရောက်ကြသော သင်တန်းသားများသည် -

(က)ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံမှ သင်တန်းသား၊

(ခ) မဟာယာနဗုဒ္ဓဘာသာနိုင်ငံမှ သင်တန်းသား ဟူ၍ နှစ်မျိုးရှိပါသည်။

ယင်းသင်တန်းသားများသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ နေထိုင်ခွင့် ရရှိကြပါသည်။ သို့သော် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၏ စည်းမျဉ်းစည်းကမ်းအတိုင်း ထေရဝါဒဗုဒ္ဓဘာသာ ရဟန်း၊ သာမဏေအဖြစ်ခံယူလျက် ထေရဝါဒဗုဒ္ဓဘာသာ ရဟန်းသာမဏေများ၏ ထုံးတမ်းစဉ်လာ ကျင့်စဉ်များနှင့်အညီ နေထိုင်ကြရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ပြည်ပသင်တန်းသားများအနက်မှ တရုတ်နိုင်ငံသား မဟာယာနဗုဒ္ဓဘာသာရဟန်းတော်(၇)ပါးနှင့် ရုရှား(ဆိုဗီယက်)နိုင်ငံသား(၁၁)ဦး၊ ကိုးရီးယားနိုင်ငံသား(၄)ဦး၊ ဂျပန်နိုင်ငံသား(၁)ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား(၂)ဦးတို့အား ထေရဝါဒဗုဒ္ဓဘာသာ ဝိနည်းတရားတော်နှင့်အညီ ရဟန်းသာမဏေအဖြစ်သို့ သွတ်သွင်းချီးမြှင့်ပေးခဲ့ပါသည်။ ၄င်း ပြည်ပသင်တန်းသား ရဟန်းသာမဏေများ သာသနာ့တက္ကသိုလ်၌ နေထိုင်စဉ်အတွင်း လိုအပ်သောပစ္စည်းလေးပါးကို သာသနာထွန်းကားပြန့်ပွားရေးဦးစီးဌာနက ထောက်ပံ့ လှူဒါန်းပေးပါသည်။

**ပြည်ပထေရဝါဒ ဗုဒ္ဓဘာသာအထူးသင်တန်း**

ယင်းသင်တန်းသားများသည် ပြည်ပထေရဝါဒဗုဒ္ဓဘာသာ လေ့လာသင်ကြားရေး အထူးသင်တန်းကြီးကြပ်မှုကော်မတီက ရေးဆွဲအတည်ပြုပေးခဲ့သော သင်ရိုးညွှန်းတမ်းအတိုင်း ပညာရပ်များကို လေ့လာသင်ယူရပါသည်။ သင်တန်းကာလမှာ ပထမနှစ်၊ ဒုတိယနှစ်ဟူ၍ (၂)နှစ် တက်ရောက်သင်ကြားရပါသည်။

**ဘာသာရပ်**

(က)ပထမနှစ်သင်တန်း ပထမပိုင်း၌ -

(၁) မြန်မာစာပေဘာသာ၊

(၂) ပါဠိစာပေဘာသာတို့ကို သင်ယူရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(ခ) ပထမနှစ်သင်တန်း ဒုတိယပိုင်း၌ -

(၁) ဝိနယဘာသာ၊

(၂) ပါဠိစာပေဘာသာ၊

(၃) မြန်မာစာပေဘာသာ၊

(၄) အင်္ဂလိပ်စာပေ(မြန်မာ့ယဉ်ကျေးမှု) ဘာသာ

(၅) သာသနာ့သမိုင်းဘာသာ တို့ကို သင်ယူကြရပါသည်။

(ဂ) ဒုတိယနှစ်သင်တန်း၌ -

(၁) ဝိနယဘာသာ၊

(၂) အဘိဓမ္မဘာသာ၊

(၃) ပါဠိစာပေဘာသာ၊

(၄) မြန်မာစာပေဘာသာ၊

(၅) အင်္ဂလိပ်စာပေဘာသာတို့ကို သင်ယူကြရပါသည်။

၂-နှစ်သင်တန်းရေးဖြေအောင်မြင်ပြီးသူများအား တတိယနှစ်၊ စတုတ္ထနှစ်သင်တန်းများကို တက်ရောက်သင်ယူစေပါသည်။

**ဘွဲ့လက်မှတ်အပ်နှင်းခြင်း**

ပထမနှစ်တက်ရောက်ပြီးသူအား သင်တန်းလေ့လာသူအဖြစ် လက်မှတ်ပေးအပ်ပြီး ဒုတိယနှစ်သင်တန်းအောင်မြင်ပြီးသူအား ဒီပလိုမာ (DIPLOMA OF BUDDHISM) လက်မှတ် ပေးအပ်ပါသည်။

တတိယနှစ်နှင့် စတုတ္ထနှစ်အောင်မြင်ပြီးသူအား ဗုဒ္ဓဘာသာအဆင့်မြင့် ဒီပလိုမာ DIPLOMA OF BUDDHISM (ADVENCE COURSE) လက်မှတ်ပေးအပ်ပါသည်။

**ပဋိပတ်လုပ်ငန်း**

နှစ်စဉ်ကျောင်းပိတ်ချိန်တွင် သင့်လျော်ရာကမ္မဋ္ဌာန်းဌာန၌ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနအစီအစဉ်ဖြင့် (၁၀)ရက်ထက်မနည်း ပဋိပတ်လုပ်ငန်းများကို လက်တွေ့အားထုတ်ကြရပါသည်။

**ထေရဝါဒဗုဒ္ဓဘာသာအထူးသင်တန်း အသီးအပွင့်များ**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပြည်ပထေရဝါဒဗုဒ္ဓဘာသာအထူးသင်တန်းသို့ ၁၃၅၃-၅၄ (၁၉၉၂)ခု၊ ပညာသင်နှစ်မှ ၁၃၆၅-၆၆ (၂၀၀၄)ခု၊ ပညာသင်နှစ်အထိ (၁၂)နှစ်တာကာလအတွင်း ရုရှား(ဆိုဗီယက်)နိုင်ငံသား ရဟန်းသာမဏေ(၁၁)ပါး၊ တရုတ်နိုင်ငံသား ရဟန်းတော်(၈)ပါး၊ ကိုးရီးယားနိုင်ငံသားရဟန်းသာမဏေ(၄)ပါး၊ လာအိုနိုင်ငံသား ရဟန်းတော်(၁၂)ပါး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ရဟန်းတော်(၂)ပါး၊ ဂျပန်နိုင်ငံသား ရဟန်းတော်(၁)ပါး၊ သီရိလင်္ကာနိုင်ငံသား ရဟန်းတော်(၈)ပါးအားဖြင့် သင်တန်းသား ရဟန်းသာမဏေပေါင်း (၄၆)ပါး ကြွရောက်ပညာသင်ကြား ဆည်းပူးတော်မူခဲ့ကြပါသည်။

ယင်းတို့အနက် (၂)နှစ် ဒီပလိုမာလက်မှတ်ရ ရဟန်းသာမဏေ (၂၃)ပါး၊ လေးနှစ် အဆင့်မြင့် ဒီပလိုမာလက်မှတ်ရ ရဟန်းသာမဏေ (၁၂)ပါး ပေါ်ထွန်းသီးပွင့်ခဲ့ပါသည်။ ထိုအရှင်မြတ်များသည် အမိနိုင်ငံအသီးသီးသို့ ပြန်ရောက်သည့်အခါ ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားအားထုတ်ကြမည်သာ ဖြစ်ပါသည်။ သို့ဖြစ်၍ "ပြည်ပထေရဝါဒဗုဒ္ဓဘာသာ အထူးသင်တန်း"သည် ပြည်ပနိုင်ငံများ၌ ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး ထွန်းကားပြန့်ပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် သင်တန်းဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

၁၃၆၆-၆၇ (၂၀၀၅)ခု၊ ပညာသင်နှစ်တွင် မရမ်းကုန်းမြို့နယ်၊ စွယ်တော်မြတ်စေတီအနီး၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီး ပေါ်ပေါက်လာသောအခါ အဆင့်မီသော သင်တန်းသားများအား ယင်းတက္ကသိုလ်ကြီးသို့ ကူးပြောင်းတက်ရောက် သင်ယူစေခြင်းဖြင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၏ "ပြည်ပထေရဝါဒဗုဒ္ဓဘာသာအထူးသင်တန်း" ကို အဆုံးသတ်ခဲ့ရလေသည်။

■ တက္ကသိလာ ပညာနွယ်

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com




## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

# ဇီဝကဆေးခန်း၏ အခန်းကဏ္ဍ

ဇီဝကဆေးခန်း၏ နိဒါန်းကိုပြောရမည်ဆိုပါက ၂၀၀၈ခုနှစ်၊ နာဂစ်မုန်တိုင်းတိုက်ခတ်သွားချိန်မှ အစပြုပါသည်။ နာဂစ်အလွန်ပြုလုပ်ခဲ့ကြသော ကယ်ဆယ်ရေးလုပ်ငန်းများတွင် မိမိတို့သည် သက်ဆိုင်ရာဒေသများသို့ အလှူရှင်များနှင့်အတူတကွ ဆင်းကြရပါသည်။ ထိုအချိန်က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)တွင် နာဂစ်မုန်တိုင်းဒဏ်ခံရသောဒေသများနှင့် တိုက်ရိုက်သက်ဆိုင်နေသူများမှာ စာရေးသူနှင့် ဦးမာနိတတို့ ဖြစ်သည်။ မိမိက လပွတ္တာမြို့နယ် (ယခု မော်လမြိုင်ကျွန်းမြို့နယ်)၊ ဦးမာနိတက ငပုတောမြို့နယ် (ယခု လပွတ္တာမြို့နယ်)ဇာတိ ဖြစ်ကြသည်။

မိမိသည် ဓမ္မဗျူဟာသာသနာ့မာမကအဖွဲ့၊ ဘားအောက်ဆရာတော်ကြီး၏ တပည့်များနှင့် ဇာတိဖြစ်သော မော်လမြိုင်ကျွန်းမြို့နယ်၊ လှိုင်းဘုန်းရွာနှင့် အနီး ပတ်ဝန်းကျင်ဒေသများသို့ သွားရောက်ကူညီပေးပါသည်။ ဦးမာနိတက ဝေါဆရာတော်ဦးသုမင်္ဂလ၊ ဦးဝိစိတ္တ(ကိုရီးယား)တို့ ဦးဆောင်သော အလှူရှင်အဖွဲ့နှင့်အတူ ငပုတောမြို့နယ်၊ ဘုန်းတော်ပြည့်ရွာနှင့် အနီး ပတ်ဝန်းကျင်ဒေသများသို့ ကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးကြပါသည်။

နှစ်လလောက်ကြာသောအခါ ကယ်ဆယ်ရေးလုပ်ငန်းမှာ အရှိန်ပိုရလာသည်။ ပြည်တွင်းပြည်ပ အလှူရှင်များ၏ ကူညီမှုပံ့ပိုးမှု ပိုများလာသဖြင့် နာဂစ်ဒေသသို့မကြာခဏဆင်းကြရသည်။ အကူအညီမရသေးမီက ကူညီမည့်သူကို ရှာရဖွေရသဖြင့် ကိုယ်စိတ်ပင်ပန်းကြရသည်။ လှူစရာပေါ်လာတော့လည်း ရောက်အောင်ပို့ပေးဖို့ တာဝန်ရှိလာပြန်ရာ သွားရလာရစီမံရသော ဒုက္ခက မသေးလှပါ။ ထိုအချိန်က နာဂစ်ဒေသရှိရေများမှာ ငန်နေသေးသဖြင့်ရေသန့်ရဖို့ အလွန်ခက်ခဲလှ၏။ မိုးထဲလေထဲ၌ သွားလာရတာလည်း မလွယ်လှပေ။ ဒုက္ခရောက်သူများကို ကူညီကယ်ဆယ်ပေးနေရင်း ကိုယ့်အတွက်လည်း ဂရုစိုက်ရပါသည်။ သို့တိုင်အောင် အထက်လှန်အောက်လျှောဖြစ်လို့ ဆေးကုသမှု ခံခဲ့ရသေး၏။ ဦးမာနိတက မိမိထက်ပိုဆိုးပါသည်။ မသန့်ရှင်းသောရေနှင့် ခရီးပန်းမှုဒဏ်များကို သူက ပိုပြီးခံခဲ့ရသည်။ ခရီးပင်ပန်းမှုဒဏ်အပြင်



www.burmeseclassic.com

www.burmeseclassic.com



အဖျားကတစ်ငွေ့ငွေ့၊ အစာအိမ်ကလည်းသိပ်မကောင်း၊ နဂိုက အသဲရောင်အသားဝါဘီပိုး အခံကရှိနေသူဖြစ်သဖြင့် အသဲရောင်လာပြီး ကင်ဆာဝေဒနာရှင်အဖြစ်သို့ ရောက်သွားခဲ့သည်။ နောက်ဆုံးမျှော်လင့်ချက်အဖြစ် စင်္ကာပူသို့သွားပြီး ဆေးကုသမှုကိုခံယူသည့်တိုင်အောင် ပြန်ပြီးနလန်မထူနိုင်တော့ဘဲ (၃-၁၀-၂၀၀၇) တွင်အသက်ပါ ပေးဆပ်လိုက်ရသည်။ ဤသို့ဖြင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၌ ဇီဝကဆေးခန်းဖြစ်ပေါ်လာဖို့ရန် အကြောင်းဖန်လာခဲ့ပါသည်။

## အသဲရောင်အသားဝါဘီးပိုး ကာကွယ်ဆေး ထိုးခြင်းလှုပ်ရှားမှုပုံရိပ်

အာရုတော်ဝင်ဆေးရုံ၌ ဆေးကုသမှုခံယူနေသော ဦးမာနိတကိစ္စကို ကူညီဆောင်ရွက်နေစဉ် မိမိသည် ရန်ကင်းမှ ဒါယိကာမကြီးဒေါ်တိုးတိုးထွန်းနှင့် သိကျွမ်းခဲ့ရသည်။ စိုးရိမ်တတ်သူ ဒေါ်တိုးတိုးထွန်းက အသဲရောင်အသားဝါဘီပိုးရှိမရှိ မိမိကိုလာမေးပါသည်။ ဘီပိုးရှိလျှင် ဦးမာနိတကဲ့သို့မဖြစ်အောင် ဆင်ခြင်နေဖို့၊ ဘီပိုးမရှိလျှင်လည်း ဘီပိုးကာကွယ်ဆေးထိုးပြီးမှ ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လုပ်ဖို့တိုက်တွန်းလာသည်။ မှတ်မှတ်ရရ အထက်တန်းကျောင်းသားဘဝက တစ်ကြိမ်၊ အစိုးရပထမကြီးတန်းရောက်တုံးက တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ် အသဲရောင်အသားဝါဖြစ်ခဲ့ဖူး၏။ ဘီပိုးကြောင့် အသဲရောင်ခြင်း အသားဝါခြင်းဟုတ်,မဟုတ် မသိခဲ့ပါ။ ယခင်ကဖြစ်ခဲ့ဖူးသော သမိုင်းရှိခဲ့သဖြင့် အသဲရောင်အသားဝါဘီပိုးစစ်ဖို့ လိုအပ်လာပြီဟု ချက်ချင်းဆုံးဖြတ်လိုက်ပြီး ဘီပိုးစစ်ရန် ပြင်ဆင်လိုက်ပါသည်။

ဘီပိုးစစ်ဖို့အတွက်စီစဉ်ပေးသူ ဒေါ်တိုးတိုးထွန်းက ယခင်ကတည်းကကြည်ညိုရင်းစွဲရှိသူ ဦးသုမင်္ဂလ(ဝေါဆရာတော်)နှင့်အတူမိမိကို ဘောက်ထော်ဘုတာရုံလမ်းထဲက 'စေတနာ'အမည်ရှိသောဆေးခန်းသို့ ပင့်ဆောင်သွားခဲ့၏။ ထိုဆေးခန်း၌ ဒေါက်တာလှမျိုးနိုင်နှင့် စတင် သိကျွမ်းခဲ့ရပါသည်။ သင်္ကန်းရုံပြီးကြွလာသော မိမိတို့နှစ်ပါးကို ဖူးတွေ့ရတာ ကြည်နူးမှုဖြစ်ရကြောင်း ဆရာက နှုတ်ကထုတ်ဖော်လျှောက်ထားပြီး လာရင်းကိစ္စကို မေးမြန်းပါသည်။ နာဂစ်မုန်တိုင်းမှစတင်ပြီး ဦးမာနိတ ဆေးရုံပေါ်သို့ရောက်သည့်အထိ(ထိုစဉ်က ဦးမာနိတ မပျံလွန်သေးပါ) ဒေါ်တိုးတိုးထွန်းက ရှင်းပြပါသည်။ ဤနှစ်ပါးကလည်း ကယ်ဆယ်ရေးဆင်းနေကြဆဲဖြစ်သဖြင့် မဖြစ်သင့်တာမဖြစ်ရအောင် ဘီပိုးရှိ,မရှိ အရင်သိထားဖို့လိုကြောင်း၊ ဘီပိုးမရှိပါက တပါတည်း ကာကွယ်ဆေးထိုးဖို့ စီစဉ်ပေးစေလိုကြောင်း ပြောပြပါသည်။ ဒေါ်တိုးတိုးထွန်း၏ဆန္ဒမှာ တစ်ပါးကို ဘယ်လောက်ကုန်ကျမည်၊ ကုန်ကျမှုကိုတွက်ဆပြီး နောက်ထပ်ငါးပါးဆယ်ပါးစသည်ဖြင့် သူတတ်နိုင်သရွေ့ လှူဖို့စီစဉ်ခြင်းဖြစ်သည်။ ဆရာကလည်း ပရဟိတစိတ်ဝင်စားသူဖြစ်သဖြင့် ဘီပိုးလည်းစစ်ပေးမည်၊ စီပိုးလည်းစစ်ပေးမည်။ ယခုနှစ်ပါးလုံး ပိုးမရှိပါက ကာကွယ်ဆေးအတွက် သူကိုယ်တိုင်လှူပါမည်၊ နောက်ထပ်ငါးပါးလောက် ဘီပိုးစစ်လိုပါက သာသနာ့တက္ကသိုလ်အထိလိုက်ပြီး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တစ်ဆက်တည်းလျှောက်ပါသည်။ ထိုနေ့ညက သွေးဖောက်ထားခဲ့ပြီး နှစ်ဦးသား တက္ကသိုလ်သို့ ပြန်ခဲ့ပြီးနောက် ထွက်လာမည့်အဖြေကို စောင့်ခဲ့ကြပါသည်။ ထိုစဉ်က ဦးမာနိတအခြေအနေမှာ မျှော်လင့်ချက်အလွန်နည်းနေပြီဖြစ်ကြောင်းသိရှိထားပြီဖြစ်ရာ မိမိ၏ခေါင်းထဲတွင် သံဃာအားလုံး ဘီပိုးရှိ,မရှိ သိထားသင့်သည်၊ ဘီပိုးမရှိလျှင် ကာကွယ်ဆေး ထိုးထားသင့်သည်၊ ဘီပိုးရှိခဲ့ပါက နေထိုင်စားသောက်ရမည့်စနစ်ကို ကြိုတင်သိထားသင့်သည်၊ တက္ကသိုလ်သံဃာများကို အသဲရောင်အသားဝါဖြစ်ခြင်းအတွက် ပညာပေးသင့်သည်ဟူသော အသိသည် ထဲထဲဝင်ဝင်ကိန်းနေခဲ့ပါသည်။

နောက်နေ့မနက်ပိုင်းတွင် နှစ်ပါးလုံး ဘီပိုး စီပိုးမရှိကြောင်းအဖြေထွက်လာသဖြင့် ညပိုင်းတွင် ကာကွယ်ဆေးထိုးဖို့ စေတနာဆေးခန်းသို့ ပြန်သွားခဲ့ကြသည်။ ဆေးခန်းရောက်လျှင် ဆရာက ကာကွယ်ဆေးထိုးရမည့်အစီအစဉ်များကို အသေးစိတ်ရှင်းပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com






နောက်ထပ် သွေးစစ်လိုသောသံဃာများရှိပါက သွေးစစ်ခ (၁၀၀၀)ကျပ်နှင့် သံဃာတော်များအတွက် ကိုရီးယားနိုင်ငံထုတ်ဘီပိုးကာကွယ်ဆေး(၇၀၀၀)ကျပ်နှုန်းဖြင့် ဆေးကုမ္ပဏီတစ်ခုနှင့်ညှိနှိုင်းထားကြောင်း လျှောက်ထားပါသည်။ ထိုအခါ ဒေါ်တိုးတိုးထွန်းက သူတတ်နိုင်သလောက် နောက်ထပ်ဦးဇင်းများကို ဆေးစစ်ပေးဖို့စီစဉ်ပါသည်။ မိမိကတော့ သာသနာ့တက္ကသိုလ်၌ သွေးစစ်ခနှင့် ဆေးသုံးလုံးဖိုး(၂၂၀၀၀)တတ်နိုင်သောရဟန်းတော်များကို ကာကွယ်ဆေးထိုးရန် တစ်ဆောင်ဝင် တစ်ဆောင်ထွက် လိုက်လံနှိုးဆော်ပေးခဲ့ပါသည်။ အပါး(၄၀)လောက်က သွေးစစ်ရန်၊ ကာကွယ်ဆေးထိုးရန်သဘောတူသဖြင့် ဒေါက်တာလှမျိုးနိုင်ထံ အကြောင်းပြန်လိုက်ပါသည်။ ထိုအတောအတွင်း ဦးမာနိတရွာအတွက် ကယ်ဆယ်ရေးပစ္စည်း လှူဒါန်းသူသည့် စိတ်ထားဖြူစင်ပါရမီရှင်အဖွဲ့မှ အမျိုးဘာသာသာသနာစိတ်ရှိသူ ဒါယိကာမကြီး ဒေါ်ခင်ညိုညိုနှင့် ဆေးတနာရှင်အချို့ကို အာရှတော်ဝင်ဆေးရုံပေါ်၌ တွေ့ဆုံခဲ့ပါသည်။ ကျန်းမာရေးကိစ္စကို စကားဝိုင်းထဲတွင် ပြောနေကြသဖြင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ ဘီပိုးကာကွယ်ဆေးထိုးဖို့ စီမံဆောင်ရွက်လိုသောဆန္ဒကို ပြောပြပါသည်။ အခြေအနေအရ ကျောင်းသားသံဃာတော်ကိုးဆယ်ရာခိုင်နှုန်းလောက်က အသဲရောင်ဘီပိုး ကာကွယ်ဆေး ထိုးလိုသောဆန္ဒရှိသော်လည်း လောလောဆယ်တွင် နဝကမ္မအဆင်မပြေကြသဖြင့် အချိန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောပြပေးလိုက်ပါသည်။ သူတို့အားလုံးက 'အရှင်ဘုရား… ကာကွယ်ဆေးထိုးလိုသောသံဃာများကို ကြိုတင်နှိုးဆော်ထားပါဘုရား၊ တပည့်တော်တို့အဖွဲ့လည်း အဆင်ပြေအောင် ဝိုင်းပြီးစီစဉ်ပေးပါမည်ဘုရား' ဟု အားပေးစကား ပြောကြပါသည်။

## သံဃာ့ဘုန်းကံ ထွန်းတောက်ပြီ

မိမိသည် ကာကွယ်ဆေးအတွက် လိုအပ်သောငွေများရှာဖွေရန်အတွက် ပလ္လင်ပေါ်တက်ပြီး ဟောသော ဓမ္မကထိကလည်း မလုပ်တတ်၊ ကိုယ်လုပ်ချင်သည့်ကိစ္စကို အများသိသွားအောင် ကလောင်သွားဖြင့် ဂျာနယ်များပေါ်တွင် ရေးသားဖော်ပြတတ်သူလည်း မဟုတ်။ လုပ်ချင်သောစိတ် ထက်သန်နေသည်မှတစ်ပါး မည်သို့ ပြုလုပ်ရမည်ကို ဟုတ်တိပတ်တိမသိခဲ့ပေ။ သို့သော် 'ငါ့မှာ ဘုန်းကံမရှိရင်တောင် တက္ကသိုလ်သံဃာတွေမှာ ဘုန်းကံရှိမှာပဲ' ဟုတွေးပြီး သံဃာ့ဂုဏ်တော်များကို အဖန်ဖန်အားကိုးမိပါသည်။ သံဃာတော်အားလုံး၏ ကျန်းမာရေးအတွက် ကာကွယ်ဆေးထိုးသင့်သည့်အချက်ကိုသာ နှုတ်ဖြင့်ပညာပေးလှုံ့ဆော်နေရပါသည်။ နှစ်ရက်သုံးရက်လောက်ကြာသောအခါ ဒေါက်တာလှမျိုးနိုင်ထံမှ ဦးအုန်းသော်၊ ဒေါ်အေးမွန်(သမီး)အိကေခိုင် မိသားစုက ဆေးအလုံး(၅၀)လှူဒါန်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အပါး(၅၀)သွေးစစ်ဖို့ အမြန်စီစဉ်ပေးပါရန် ဖုန်းဆက်လာ၏။ ဤသို့ဤနှယ် သံဃာ့ဘုန်းကံ စတင်ထွန်းတောက်လာသဖြင့် အကြီးအကဲဆရာတော်များထံ အကြောင်းကြားပြီး မော်ကွန်းထိန်းရုံးဧည့်ခန်း၌ သွေးထုတ်ယူခြင်း၊ နောက်နေ့တွင် ကာကွယ်ဆေးထိုးခြင်းတို့ကို စတင်ပြုလုပ်နိုင်ခဲ့ပါသည်။ နောက်ပိုင်းတွင် တစ်ပတ်တစ်သုတ်၊ ဆယ်ရက်တစ်သုတ်စသည်ဖြင့် ဒေါက်တာလှမျိုးနိုင် မိသားစုနှင့်မောင်နှမတစ်စုက အပါး(၅၀)၊ စိတ်ထားဖြူစင်ပါရမီရှင်အဖွဲ့နှင့် မေတ္တာရှင်ရွှေပြည်သာဆရာတော်က အပါး(၅၀)လှူဒါန်းကြပါသည်။ ထိုအချိန်အတွင်းမှာပင် ဦးမာနိတပျံလွန်သွားသဖြင့် အသဲရောင်အသားဝါဘီပိုး



www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်ဆေးထိုးရေး လှုပ်ရှားမှုသည် ရဟန်းသံဃာများနှင့်အလှူရှင်များအကြားတွင် အရေးပေါ်အဆင့်သို့ ရောက်သွားသလိုဖြစ်ခဲ့ရပါသည်။ ထိုအခါ ဘီပိုးကာကွယ်ဆေးထိုးရေးလှုပ်ရှားမှုကို ရှေ့ဆက်လုပ်ဖို့ ဝေါဆရာတော် ဦးသုမင်္ဂလက အဆက်မပြတ်တွန်းအားပေးလာသည်။

## ကျန်းမာရေးဂျာနယ်များ၏ အရေးပါမှု

သာသနာ့တက္ကသိုလ်ထဲသို့ မေတ္တာရှင် ( ရွှေပြည်သာ) ကြွရောက်လှူဒါန်းစဉ် Health Digest ကျန်းမာရေးဂျာနယ်က မိမိနှင့်ကာကွယ်ဆေးထိုးသော သံဃာများ၊ အလှူရှင်များဖြစ်သော ရွှေပြည်သာဆရာတော်၊ ဒေါက်တာလှမျိုးနိုင်၊ ဒေါ်ခင်ညိုညိုတို့ကို အင်တာဗျူးလာလုပ်ပြီး သတင်းထည့်သွင်းပေးလိုက်ရာ အခမဲ့ဘီပိုးကာကွယ်ဆေး ထိုးခြင်းလုပ်ငန်းမှာ ပို၍လူသိများလာသည်။ ထို့ပြင် ဦးမာနိတအကြောင်းကို 'အချိန်မတိုင်မီကြွေလွင့်သွားသော သာသနာ့ကြယ်တစ်ပွင့်' ဟူသောအမည်ဖြင့် 'သျှင်မေညို' ရေးသားလိုက်သောဆောင်းပါးကလည်း ရဟန်းတော်များကို အသဲရောင်ဘီပိုးဘေးရန်မှ ကြိုတင်ကာကွယ်ထားဖို့အတွက် စုပေါင်းစီမံပေးဖို့ လိုအပ်နေပြီ ဖြစ်ကြောင်း တပ်လှန့်လိုက်သကဲ့သို့ဖြစ်သွားခဲ့သည်။ နောက်ပိုင်းတွင် ရွှေပြည်နန်းမိသားစုက(၁၈၂)ပါး၊ ရပ်နီးရပ်ဝေးမှ အခြားအလှူရှင်များက(၁၀)ပါးစာ စသည်ဖြင့် လှူဒါန်းခဲ့ကြပါသည်။ မလှူရသေးသော်လည်း နောက်ထပ်လှူမည့် အလှူရှင်များကလည်း လှူရန် ကြိုတင်လျှောက်ထားကြသဖြင့် တော်တော်အဆင်ပြေလာသည်။ ထိုအတောအတွင်း ဒေါက်တာလှမျိုးနိုင်၊ ဓမ္မစက္က ဦးမောင်မောင်၊ ဒေါ်တိုးတိုးထွန်း၊ ဒေါ်ဆွေဆွေ၊ ဒေါ်မြ၊ ဒေါ်လဲ့လဲ့ကျော်စသော ရန်ကင်းမိသားစုများနှင့် စိတ်ထားဖြူစင်ပါရမီရှင်အသင်းက တစ်နိုင်တစ်ပိုင် အလှူခံပေးကြပါသည်။

သာသနာ့တက္ကသိုလ်၌ ဘီပိုးကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို အခမဲ့စုပေါင်းကာကွယ်ဆေးထိုးခြင်းအသွင်ဖြင့် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုအကြောင်းကို ကျန်းမာရေးဂျာနယ်တချို့က ကုသိုလ်ဖြစ် ဖော်ပြပေးသဖြင့် သတင်းကြားသိရသူတို့က သာသနာ့တက္ကသိုလ်ရှိသံဃာတော်များအတွက် အခမဲ့ကာကွယ်ဆေး ထိုးဖြစ်နိုင်အောင် တစ်တပ်တစ်အားဝိုင်းဝန်းလှူဒါန်းခဲ့ကြပါသည်။ ရပ်နီးရပ်ဝေးအလှူရှင်များကလည်း မေးမြန်းစုံစမ်းပြီး လာရောက်လှူဒါန်းကြသည်မှာ လွန်စွာဝမ်းမြောက်ဖွယ်ကောင်းလှသည်။ အလှူရှင်ရရှိမှုအခြေအနေအရ တစ်သုတ်လျှင် အပါး၅၀ သတ်မှတ်ထားရာက လှူသူတိုးလာသောအခါများတွင်မူ အရေအတွက်ကိုလည်း အပါး ၈၀လောက်အထိတိုးပေးနိုင်ခဲ့သည်။ ဤသို့ဖြင့် သံဃာ(၃၀၀)ကျော်ကို ခြောက်လအတွင်း ကာကွယ်ဆေး ထိုးပေးနိုင်ခဲ့ပါသည်။ ထိုနှစ်က တောင်တန်းသာသနာပြုကြွရောက်ကြရသော စတုတ္ထနှစ်သံဃာများအတွက် သုံးလုံးမြောက်ဆေးထိုးရန် နီးစပ်ရာမြို့များတွင် ကြွရောက်ထိုးရမည်ဖြစ်သဖြင့် လိုအပ်သော နဝကမ္မများကို တစ်ပါတည်း လှူဒါန်းပေးခဲ့ပါသည်။ နောက်ဆုံးသုံးလုံးမြောက်ထိုးပြီး ၂-လအလွန်တွင် ဘီပိုးကာကွယ်နိုင်စွမ်းရည် (Anti-body)ပြန်စစ်ကြည့်ပြီး မအောင်သေးသောသံဃာများကို ထပ်မံထိုးပေးရပါသည်။ ရှားရှားပါးပါး နှစ်ပါးလောက်မှလွဲ၍ ကျန်သံဃာများအားလုံး ဘီပိုးကူးစက်မှုမရှိစေရန် အောင်မြင်စွာ ကာကွယ်ထားနိုင်ခဲ့ကြပါသည်။

## စုပေါင်းကာကွယ်ဆေးထိုးခြင်းအစ သာသနာ့တက္ကသိုလ်က

ဘီပိုးကာကွယ်ဆေးထိုးနိုင်ခဲ့ခြင်းအတွက် အမှတ်ရစရာများ ရှိခဲ့ပါသည်။ ထိုအထဲတွင် အသဲအထူးကုဆရာဝန်ကြီးဒေါက်တာဦးသံစစ်က အသဲရောင်အသားဝါဘီပိုး ကာကွယ်ဆေးထိုးခြင်းကို စုပေါင်းလုပ်ဆောင်သင့်ကြောင်း၊ ထိုသို့စုပေါင်းကာကွယ်ဆေးထိုးခြင်းကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) က စတင်ခဲ့ကြောင်း ကျန်းမာရေးဂျာနယ်တစ်ခုမှာ ထုတ်ဖော်ရေးသားခဲ့သည်။ အသဲအထူးကုသမားတော်ဆရာဝန်ကြီးတစ်ဦး၏မှတ်ချက်စကားသည် သံဃာတော်



www.burmeseclassic.com

www.burmeseclassic.com



များအတွက် အခမဲ့ဘီပိုးကာကွယ်ဆေးထိုးပေးရန် ဦးဆောင်ရွက်နေသူအားလုံးအတွက် ဆုလာဘ်တစ်ခု ထိုက်သည့်နှယ်ဖြစ်ခဲ့ပါသည်။ အမှတ်ရဖွယ်ရာ ကောက်တစ်ခုက သာသနာ့တက္ကသိုလ်ရှိသံဃာတော်များ အတွက် အခမဲ့ဘီပိုးကာကွယ်ဆေးထိုးနိုင်ရန် တက်ကြွ စွာဆောင်ရွက်ခဲ့သူ စိတ်ထားဖြူစင်ပါရမီရှင်အဖွဲ့မှ ဒါယိကာမကြီးဒေါ်ခင်ညိုညိုကို Health Degist ဂျာနယ်၌ ၂၀၀၈ခုနှစ် တစ်နှစ်တာကာလအတွင်း ကျန်းမာရေးအတွက်တက်တက်ကြွကြွဆောင်ရွက်ခဲ့သူ အမျိုးသမီးစာရင်းဝင်အဖြစ် ရွေးချယ်ဖော်ပြအသိအမှတ် ပြုခဲ့ခြင်းဖြစ်ပါသည်။ မိမိအတွက်အမှတ်ရစရာတစ်ခုမှာ ဘီပိုးကာကွယ်ဆေးထိုးခြင်းလုပ်ငန်း၏ အသီးအပွင့် အဖြစ် သံဃာတော်များအတွက် ဇီဝကဆေးခန်း ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

### ဆေးခန်းပေါ်ပေါက်ဖို့ရန် အကြောင်းဖန်

ဘီပိုးကာကွယ်ဆေးထိုးပေးရာတွင် စေတနာရှင် ဆရာဝန်များ အခါအားလျော်စွာ သာသနာ့တက္ကသိုလ် သို့ရောက်ရှိလာကြ၏။ တက္ကသိုလ်တွင် ဆေးခန်းရှိလျှင် ကုသိုလ်ဖြစ် လာရောက်ကုသပေးမည်ဖြစ်ကြောင်း ဆရာဝန်အချို့က လျှောက်ထားကြသည်။ သံဃာ များ၏ ကျန်းမာရေးအတွက်ဆောင်ရွက်ပေးလိုသော ဒါယကာ ဒါယိကာမတို့ကလည်း ဆေးခန်းဖြစ်မြောက် အောင်စီမံပေးလိုကြသည်။ ဤသို့ မိမိတို့တတ်ကျွမ်း သော ဆေးပညာဖြင့် ဆေးကုပေးလိုသော ဆရာဝန် တို့၏ မွန်မြတ်သောစေတနာနှင့် သံဃာတော်များကို ကျန်းကျန်းမာမာဖြင့် သာသနာပြုစေလိုသော ဒါယကာ ဒါယိကာမတို့၏ သဒ္ဓါတရားတို့ပေါင်းစပ်လိုက်သော အခါ ၂၀၀၉-ခုနှစ်တွင် သာသနာ့တက္ကသိုလ်၌ ဇီဝက ဆေးခန်းပေါ်ထွန်းလာဖို့ အကြောင်းဖန်လာခဲ့ပါသည်။

### ဇီဝကဆေးခန်း ဖွင့်လှစ်ပြီ

ဆေးခန်းဖြစ်မြောက်ရေးအတွက် (Nu life International)ကုမ္ပဏီမိသားစုမှ ဆယ်သိန်း၊ ဦးခင်မြင့်ဖြိုး+ ဒေါ်ခင်စုလွင်မိသားစုမှ ဆယ်သိန်း၊



ဦးကျော်မင်း+ဒေါ်သီသီလွင် (ရွှေပြည်နန်း)မိသားစုက ဆယ်သိန်း မတည်ပေးသည်ကို အခြားအလှူရှင်များက ဝိုင်းဝန်းဖြည့်စွက်၍ အကောင်အထည်ဖော်ခဲ့ကြပါ သည်။ ဆေးခန်းနေရာကို သာသနာ့တက္ကသိုလ်အကြီး အကဲဆရာတော်များက ဥတ္တရဆောင်အောက်ထပ်တွင် ဖွင့်လှစ်ရန် ရွေးချယ်သတ်မှတ်ပေးပါသည်။ ထိုအခန်း ကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမင်းထွန်းက သပ်သပ်ရပ်ရပ် ဖြစ်အောင်ကြွေပြားကပ်၊ ဆေးသုတ်၊ ပြင်ဆင်ပေးပါ သည်။ ဦးဝိစိတ္တ(ခေတ္တ၊ကိုရီးယား)က လေအေး ပေးစက်၊ ဗိုလ်ကြီးခင်မောင်ဦးမိသားစုက ဆေးခန်းသုံး ကုတင်၊ ခိုင်ခိုင်မော်(ဂူရှူး)နှင့် အခြားအလှူရှင်များ ကလည်း ဆေးခန်းသုံးပစ္စည်းများကို လိုအပ်သလို လှူဒါန်းပေးကြသဖြင့် ဇီဝကဆေးခန်းကို ၂၀၀၉-ခုနှစ် ဖေဖော်ဝါရီလ(၁၅)ရက်နေ့တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပါ သည်။ ဆေးခန်းကို တစ်ပတ် ၂-ရက်လောက်သာ ဖွင့်မည်ဟု မှန်းထားသော်လည်း ဆရာဝန်အရေအတွက် များလာသဖြင့် နေ့စဉ် ဖွင့်ထားနိုင်ခဲ့ပါသည်။

### ဇီဝကဆေးခန်း ဆေးပဒေသာပင်နှင့် အာစိဏ္ဏကံအလှူရှင်များ

ဇီဝကဆေးခန်းပေါ်လာပြီးနောက်ပိုင်းတွင် ဘီပိုး ကာကွယ်ဆေးအတွက် လှူဒါန်းမှုများ မရှိသလောက် လျော့နည်းသွားခဲ့သည်။ အလှူရှင်တို့၏စိတ်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ရရှိသောအလှူငွေနှင့် သံဃာအပါး(၄၀၀)လောက်အတွက် ဆေးဖိုးပြည်စုံပြီဟူ၍ မှတ်ယူထားခဲ့ကြဟန်တူပါသည်။ အမှန်အားဖြင့် ရရှိသောအလှူငွေသည်လည်း ထိုသံဃာတို့ အတွက်ပြည့်စုံလုံလောက်ပါသည်။ သို့သော် သာသနာ့တက္ကသိုလ်၌ ပညာသင်နှစ်စတင်တိုင်း သံဃာအပါး ၉၀-ခန့်သည် အသစ်အသစ်ဝင်ရောက်လာနေသဖြင့် ထိုသံဃာများအတွက် ဘီပိုးကာကွယ် ဆေးထိုးရန် လိုအပ်လျက်ပင်ရှိနေပါသည်။ ကံကောင်းသည်မှာ ဆေးခန်းဖွင့်ပြီးလေးလလောက်အကြာတွင် ကာကွယ်ဆေးရောင်းနေသော Shwin Chan ဆေးကုမ္ပဏီက ကာကွယ်ဆေးများကို ၄၇% လျှော့၍ ပြည်တွင်းလုပ်ကာကွယ်ဆေး ဈေးနှုန်းဖြင့်ရောင်းချပေးခဲ့သည်။ ထို့ကြောင့် ပိုလျှံလာသောနဝကမ္မတို့သည် သာသနာ့တက္ကသိုလ်သို့ ရောက်လာမည့် အနာဂတ်စာသင်သားများအတွက် အတိုင်းအတာတစ်ခုအထိ ဆေးပဒေသာပင်သဖွယ်ဖြစ်ခဲ့ပါသည်။ ယနေ့ဆိုလျှင် သံဃာအပါး(၅၄၀)ကျော်ကို ဘီပိုးကာကွယ်ဆေး သုံးကြိမ်စီ ထိုးထားခဲ့ပြီးဖြစ်သည်။

ဇီဝကဆေးခန်း ပေါ်ထွန်းလာသောအခါ ဆေးခန်းအပေါ်၌ အာရုံစိုက်မှုများပြားလာပြီး ဆရာတော်များ၊ အလှူရှင်များက ဆေးပဒေသာပင်များကို လှူဒါန်းစိုက်ပျိုးပေးကြပါသည်။ ထိုပဒေသာပင်နှစ်ပင်တို့ကို ပေါင်း၍ ဘဏ်တွင်အပ်နှံပြီး ဘီပိုးကာကွယ်ဆေးအတွက်ဖြစ်စေ ဆေးခန်းနေ့စဉ်သုံး ဆေးဖိုးအတွက်ဖြစ်စေ လိုလျှင်ထုတ်သုံး၊ ပိုလျှံလျှင် အပ်နှံသည့်စနစ်ဖြင့် ဇီဝကဆေးခန်းကို လည်ပတ်ထားနိုင်ခဲ့ပါသည်။ ၂၀၁၀-နှစ်ဦးမှစ၍ အာစိဏ္ဏကံကုသိုလ်အဖြစ် ဦးသုမင်္ဂလ(ဝေါဆရာတော်)က ငါးသောင်း၊ မြကေခိုင်မိသားစုက ငါးသောင်း လစဉ်လှူဒါန်းပေးကြပါသည်။ ယခုနှစ်တွင် ဦးဝိစိတ္တ(ခေတ္တ-ကိုရီးယား)ကလည်း လစဉ်သုံးသောင်း လှူဒါန်းပေးပါသည်။

**ဆရာဝန်များ၏ အရေးပါမှု**

ဇီဝကဆေးခန်းအရှည်တည်တံ့ရေးအတွက် အဓိကပံ့ပိုးပေးသူများမှာ အလှူရှင်တို့ဖြစ်သကဲ့သို့ ဇီဝကဆေးခန်း၏အသက်မှာ ဆရာဝန်များ၏ စေတနာနှင့်သဒ္ဓါတရား ဖြစ်ပါသည်။ ယနေ့အထိ စေတနာမပျက် သဒ္ဓါသက်သက်ဖြင့် သံဃာတော်များ၏ ကျန်းမာရေးကို မအားမလပ်သည့်ကြားမှအချိန်ပေး၍ မိမိတို့ တတ်ကျွမ်းသောပညာဖြင့် သာသနာ့တာဝန်များကို တစ်နိုင်တစ်ပိုင် ကူညီပံ့ပိုးပေးနေခြင်းဖြစ်သည်။ တောင်တန်းသို့ သာသနာပြုကြွရောက်မည့် သံဃာတော်များအတွက် တိုင်းရင်းဆေးသင်တန်းများပို့ချပေးရာတွင် ဇီဝကဆေးခန်း ဆရာဝန်များနှင့် ဆရာမခိုင်မြနွယ်က အနောက်တိုင်းဆေးများသုံးစွဲတတ်ရန်နှင့် ခန္ဓာဗေဒ၊ ရောဂါဗေဒ၊ ဗဟုသုတများကို ဖြန့်ဝေပေးကြပါသည်။ မောင်ဝိတ်ကုမ္ပဏီမှ အမေညီနှင့် ဇီဝကဆေးခန်းမှ လှူဒါန်းသောဆေးဝါးများကို တောင်တန်းသို့ကြွရောက်သည့်အခါ လိုအပ်သလို အသုံးပြုတတ်အောင် သင်ကြားပေးကြပါသည်။ တက္ကသိုလ်သံဃာများ၏ကျန်းမာရေးအရ ဘီပိုးစစ်ခြင်းအပြင် အဆုတ်ရောဂါတီဘီပိုးလည်း စစ်ပေးကြသည်။ အသဲရောင်ဘီပိုးရှိသောသံဃာများအတွက် အသဲကြံ့ခိုင်စေမည့် ဆေးဝါးများကို လိုအပ်သလို စီမံပေးကြသည်။ ခွဲစိတ်အထူးကု၊ မေ့ဆေးအထူးကုဆရာဝန်များက ခွဲစိတ်ရမည့် သံဃာများအတွက် ပြင်ပဆေးရုံများတွင် ကိုယ်တိုင်လိုက်ပါဆောင်ရွက်ပေးကြသည်။ ကျန်းမာရေးရာ သိလိုသည်များကို ဇီဝကဆေးခန်း၌ နေ့စဉ် ဆွေးနွေးမေးမြန်းနိုင်ကြသဖြင့် ကျန်းမာရေးလိုအပ်ချက်ကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းထားနိုင်ခဲ့ပါသည်။

**၂-နှစ်ကျော်ကာလ ဇီဝကဆေးခန်းအခြေအနေနှင့် အနာဂတ်**

ဘီပိုးကာကွယ်ဆေးထိုးခြင်းမှစတင်ခဲ့သော ဇီဝကဆေးခန်းသည် ယခုအခါ ၂-နှစ်ကျော်သက်တမ်းသို့ ရောက်ရှိနေပြီဖြစ်သည်။ ဇီဝကဆေးခန်းအဆင့်ကို သံဃာတော်များအတွက် အပြည့်အစုံ စီမံပေးနိုင်သောအဆင့်သို့ ရောက်ရန်ကား မမျှော်မှန်းနိုင်သေးပေ။ တက္ကသိုလ်အတွက်ရော တောင်တန်းသာသနာပြုလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



အတွက်ပါ လုပ်ကိုင်စရာ ဖြည့်စွက်စရာ လိုအပ်ချက်များစွာ ရှိနေဆဲဖြစ်သည်။ အကျိုးဆောင်နေသော ဆရာဒကာတို့က ပညာရေးကို ပဓာနထားသော ဤနေရာဌာန၌ ကျန်းမာရေးအတွက် မပြည့်စုံသည်မှာ နည်းစရာမဟုတ်ဟု ခံယူထားခဲ့ပါသည်။ သို့သော် ဇီဝကဆေးခန်းနှင့်ဆက်စပ်၍ ဘီပိုးကာကွယ်ဆေး ထိုးခြင်း၊ နေ့စဉ် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း သော လက်ရှိအခြေအနေရှိ လုပ်ကိုင်ဆောင်ရွက်နေမှု အားလုံးကို ဆက်လက် အကောင်အထည်ဖော်ခြင်းအားဖြင့် အဆင့်နိမ့်ကျမသွားရအောင် ကြိုးစားထိန်းသိမ်းထားမည်ဟု ကိုယ်စီကိုယ်ငှ အဓိဋ္ဌာန်ပြုထားကြပါသည်။ ထို့ပြင် လုပ်ငန်းသစ်များကို ထပ်မံတိုးချဲ့လျက် ပိုမိုတိုးတက်သောအခြေအနေသို့ ရောက်အောင် စွမ်းနိုင်သလောက် စီမံဆောင်ရွက်သွားမည်ဟုလည်း ဆန္ဒ ...ရှိကြပါသည်။ ထိုအချက်သည် ဇီဝကဆေးခန်း၏ အနာဂတ်အားမာန်(သို့မဟုတ်) ဇီဝကဆေးခန်း၏ ...အမြုတေဖြစ်ပေရာ ငွေရတုခေတ်မှသည် အမိတက္ကသိုလ် တည်ရှိနေသရွေ့ အောင်မြင်မှုမှတ်တိုင်များကို ဆက်လက်စိုက်ထူနေမည် ဖြစ်ပါသည်။

**■ အရှင်ထေရာသဘ**

ပြန့်ပွားကထိက

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

**ဇီဝကဆေးခန်း၌ နေ့အလိုက် ကျန်းမာရေးစောင့်ရှောက်ပေးသော ဆရာဝန်များ**

- (တနင်္ဂနွေ)
  ဒေါက်တာထွန်းထွန်းအောင်၊
  ဒေါက်တာအေးအေးထွန်း၊
- (တနင်္လာ)
  ဒေါက်တာလှမျိုးနိုင်၊
- (အင်္ဂါ)
  ဒေါက်တာမောင်မောင်ကျော်၊
  ဒေါက်တာမြင့်ဇော်ဦး၊
  ဒေါက်တာယဉ်ယဉ်ထွန်း၊
- (ဗုဒ္ဓဟူး)
  ဒေါက်တာဒေါ်ခင်ရဲတင့်၊
- (ကြာသပတေး)
  ဒေါက်တာဦးတင်အေး၊
- (သောကြာ)
  ဒေါက်တာမြတ်စန္ဒာကျော်၊
  ဒေါက်တာဦးဦးကျော်၊
- (စနေ)
  ဒေါက်တာစီစီဦး၊
  ဒေါက်တာစိုးမြတ်ထွန်း၊
  ဒေါက်တာမိုးဝင်းသန့်၊
  ဒေါက်တာနိုင်ထွန်း၊
  ဒေါက်တာသိန်းစိုးဦး







www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

## ထူးထူးခြားခြားလှူဒါန်းခဲ့သည့်အလှူရှင်များ

### မဟာဝုန်တောဓမ္မသာလာ

မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တသာရာဘိဝံသအား ဦးထိပ်ထား၍ ဒေါ်ညို (မောင်ဝိတ်နှင့် မိသားစုကုမ္ပဏီ)မှ အကုန်အကျခံကာ အမိုးသွပ်ပြားလဲလှယ်တပ်ဆင်ခြင်း၊ ကြွေပြားခင်းခြင်း၊ ဆေးသုတ်ခြင်းတို့ကို ပြုပြင်မွမ်းမံဆောင်ရွက်ခဲ့ပါသည်။



### မဟာဝုန်တောလုံခြုံရေးဂိတ်အဆောက်အဦး

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစံငြိမ်း+ဒေါ်သိန်းဝင်းမိသားစုမှ ငွေကျပ်သိန်း(၂၀) အကုန်အကျခံကာ မဟာဝုန်တောလုံခြုံရေးဂိတ် အဆောက်အဦအား ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**ဘေးခဲ့ငါးလှွတ်ကန်(၂)ခုတွင် ငါးစာကျွေးစင်(၂)စင် ပြုပြင်မွမ်းမံဆောက်လုပ်လှူဒါန်းခြင်း**

အလှူရှင် ဒေါက်တာမြင့်အောင်မှ ငါးကန် (၂)ကန်ရှိ ငါးစားကျွေးစင်(၂)စင်အား ပြုပြင်မွမ်းမံကာ အသစ်ပြုလုပ်လှူဒါန်းခဲ့ပါသည်။





**ဟံသာသီရိကုန်းမြေ စိန်ရတုကျောင်းဆောင်လှူဒါန်းခြင်း**

အိန္ဒိယနိုင်ငံ၊ ကုသိနာရုံဆရာတော်ကြီးနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်းလှူဒါန်းမှုဖြင့် ငွေကျပ်သိန်း(၆၀၀) အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။



**သိမ်တော်ကြီးနာရီစင်ပြုပြင်မွမ်းမံလှူဒါန်းခြင်း**

အိန္ဒိယနိုင်ငံ၊ ကုသိနာရုံဆရာတော်နှင့် တပည့် ဒါယကာ၊ ဒါယိကာမများ စုပေါင်းမတည်လှူဒါန်း၍ ဆရာရှင်အလှူရှင်များ စုပေါင်းမတည်လှူဒါန်းမှုဖြင့် ငွေကျပ်သိန်း(၆၀)ကုန်ကျခံကာ ပြုပြင်လှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။ ၃၀.၄.၂၀၁၁ ရက်နေ့တွင် ပြီးစီး အောင်မြင်ခဲ့ပါသည်။





www.burmeseclassic.com

www.burmeseclassic.com



## ရှင်ဥပဂုတ္တမထေရ်ဆောင်ပြုပြင်မွမ်းမံခြင်း

ရွှေလင်းယုန်ဆရာတော်အားအမှူးထား၍ တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်းလှူဒါန်းမှုဖြင့် ရှင်ဥပဂုတ္တမထေရ်ကျောင်းဆောင်ကို အသစ်ပြုပြင်မွမ်းမံ လှူဒါန်းခဲ့ပါသည်။



## မင်းကွန်းဆရာတော်ဘုရားကြီးရုပ်တုဆောင် မူလအလှူရှင်

(ဦးဘသင်)+ဒေါ်ပုလဲ သမီး-(မခင်အေးယု)၊ သား-မောင်ဇော်မင်း၊ အမှတ်(၁၄)၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မှ ကျပ်သိန်း(၂၀)မတည်၍ အလှူရှင်(၃၁)ဦးတို့က စုစုပေါင်းငွေကျပ်(၂၇၁၅၇၈၅/-)ဖြင့် (၁၉.၃.၁၉၉၄)နေ့တွင် တည်ဆောက်လှူဒါန်းခဲ့ပါသည်။



## ပြုပြင်မွမ်းမံအလှူရှင်

အင်ဒိုနီးရှားနိုင်ငံမှ မိဘများဖြစ်ကြသော Mr.SALIMIN ANGKASA & Mrs. SUPINA တို့အား အမှူးထား၍ သား၊ Mr. TONGARIODJO ANGKASA နှင့် ဇနီး၊ Mrs.HENNIYO ANGKASA, (Chairman of International Buddhist Centre , TAMAN ALAM LUMBINI) နှင့် ဓမ္မမိတ်ဆွေ ညီအစ်ကို မောင်နှမအလှူရှင်များက ငွေကျပ် ၈၃,၀၀၀၀၀/-မတည်လှူဒါန်း၍ မောင်ဝိတ်နှင့် မိသားစုကုမ္ပဏီလီမိတက်မှ ဂန္ဓကုဋီတိုက်အတွင်းရှိ အခင်းကျောက်ပြားခင်းခြင်းလုပ်ငန်းအတွက် ငွေကျပ် ၃၁,၀၀၀၀၀/-နှင့် ဆရာတော် ဦးသုမင်္ဂလ(ဝေါ)မှ မီးလိုင်း၊ မီးလုံး၊ မီးဆိုင်း တပ်ဆင်ခြင်းလုပ်ငန်းအတွက် ငွေကျပ် ၂၀၀၀၀၀/-လှူဒါန်းရရှိသဖြင့် စုစုပေါင်း လှူဒါန်းငွေကျပ် ၁၁၆,၀၀၀၀၀/-ဖြင့် (၂၈.၂.၂၀၀၉) ရက်နေ့တွင် ပြုပြင်မွမ်းမံပြီးစီးပါသည်။





www.burmeseclassic.com

www.burmeseclassic.com





## ကထိန်သင်္ကန်း

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် [illegible]သို့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဈေး၊ [illegible] ဈေးသား မိသားစုများမှ ကထိန်သင်္ကန်းကို [illegible]ပါအတိုင်း နှစ်စဉ်လှူဒါန်းလျက်ရှိပါသည်။

| [illegible] | ခုနှစ် | လှူဖွယ်ပစ္စည်းတန်ဖိုး |
|---|---|---|
| [illegible] | ၂၀၀၇ | ၄၄,၅၈၀၀၀ိ/- |
| [illegible] | ၂၀၀၈ | ၆၅,၀၀၀၀၀ိ/- |
| [illegible] | ၂၀၀၉ | ၉၆,၁၇၁၄၅ိ/- |
| [illegible] | ၂၀၁၀ | ၄၄,၆၆၅၀၀ိ/- |
| [illegible] | ၂၀၁၁ | |



## ဝါဆိုသင်္ကန်းအလှူရှင်

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် [illegible]သို့ ရန်ကုန်တိုင်းဒေသကြီး၊ မော်တော်ယာဉ် [illegible] ထိန်းသိမ်းရေးကော်မတီမှ ဝါဆိုသင်္ကန်း [illegible]ပါအတိုင်း နှစ်စဉ်လှူဒါန်းလျက်ရှိပါသည်။



| [illegible] | ခုနှစ် | လှူဖွယ်ပစ္စည်းတန်ဖိုး |
|---|---|---|
| [illegible] | ၂၀၀၇ | ၇၅,၅၆၀၀၀ိ/- |
| [illegible] | ၂၀၀၈ | ၈၄,၄၄၁၀၀ိ/- |
| [illegible] | ၂၀၀၉ | ၁၀၆,၉၉၀၀၀ိ/- |
| [illegible] | ၂၀၁၀ | ၁၀၉,၂၅၀၀၀ိ/- |
| [illegible] | ၂၀၁၁ | |



www.burmeseclassic.com

www.burmeseclassic.com



## ကွန်ပျူတာခန်းမ

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ကွန်ပျူတာခန်းမကို အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးစံငြိမ်း+ဒေါ်သိန်းဝင်းမိသားစုမှ ငွေကျပ်သိန်းပေါင်း(၂၅၀)ဖြင့် ဆောက်လုပ်လှူဒါန်း ခဲ့သည်။ ယခုအခါ ကွန်ပျူတာ (၂၃)လုံး၊ Slide Projector (၁)လုံး၊ Internet(၁)လုံးတပ်ဆင်အသုံးပြု နေပါသည်။ သင်တန်းသားသံဃာတော်များအတွက် ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်သင်ကြားခဲ့ရာ (၅)ကြိမ် အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီးဖြစ်ပါသည်။



## မဟောသဓစာအုပ်ဆိုင်

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မုခ်ပေါက်အနီးရှိ မဟောသဓစာအုပ်ဆိုင်ကို ဗိုလ်မှူးကြီး သိုက်ထွန်း(ငြိမ်း)+အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်နွဲ့နွဲ့ကြည် မိသားစုတို့မှ လှူဒါန်းပါသည်။ ၁၅.၁၀. ၂၀၀၉ နေ့တွင် ဖွင့်လှစ်ခဲ့ပြီး တက္ကသိုလ်ရှိ ဆရာတော် များ ရေးသားထုတ်ဝေသော စာအုပ်များ၊ ပြင်ပမှ နာမည်ကြီးဆရာတော်များ၏ စာအုပ်များ၊ ပြင်ပပညာရှင် များ၏စာအုပ်များ စသည်ဖြင့် စာအုပ်စာတမ်းများစွာကို ရောင်းချပေးလျက်ရှိသည်။ စာအုပ်ဝယ်ယူလိုသူများ၏ လိုအပ်သည်များကို တစ်နေရာတည်း၌ တစ်စုတစ်စည်း တည်းရနိုင်အောင် စီစဉ်ထားခြင်း ဖြစ်ပါသည်။




## တက္ကသိုလ်မုခ်ဦး

ကမ္ဘာအေးဘုရားလမ်းမှ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)သို့ အဝင်မုခ်ဦးကို ဦးရဲမြင့်+ဒေါ်ခင်မြင့်မြင့် မိသားစုမှ မတည်ပြီး မင်္ဂလာဈေး၊ ဈေးသူ၊ ဈေးသားများနှင့် ဓမ္မမိတ်ဆွေ များက စုပေါင်းလှူဒါန်းပါသည်။ ကျပ်(၅၆)သိန်း ကုန်ကျပြီး ၁.၁၁.၂၀၀၉ နေ့တွင် စည်ကားသိုက်မြိုက် စွာ ဖွင့်လှစ်ခဲ့ပါသည်။





www.burmeseclassic.com

[illegible]

| စဉ် | ပွင့်တော်မူသော မြတ်စွာဘုရား | ပွင့်တော်မူရာအပင် | ဗျာဒိတ်တော်ကျောက်စာ | အလှူရှင်အမည်စာရင်း | ပြုပြင်သည့်ကုန်ကျငွေ |
|---|---|---|---|---|---|
| ၁။ | တဏှင်္ကရာ | စရည်းပင်(ရှိ) | မွမ်းမံ (သေး) | ဦးစိုးမိုးအောင် ဇနီး ဒေါ်ဇင်ဇာနွယ်၊ အမှတ်(၁၇၉)၊ ဧရာ(၈)လမ်း၊ ည-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် | ၁,၆၀၀၀၀ ကျပ် |
| ၂။ | မေဓင်္ကရာ | သရက်ဖြူပင်(မရှိ) | အသစ်ပြုပြင်(သေး) | ၵဦးခင်မောင်အေး+ဒေါ်နွဲ့နွဲ့ကြည် မိသားစု၊အမှတ်(၂၃၇) ၃၉-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။ | ၃,၀၀၀၀၀ ကျပ် |
| ၃။ | သရဏင်္ကရာ | သခွတ်ပင်(မရှိ) | မွမ်းမံ (သေး) | ဆရာတော်ဦးထေရာသဘ၊ ရှမ်းဆောင်၊ အဆောင်မှူး၊ န·ပ·သ(ရန်ကုန်)နှင့် ဒါယကာ၊ ဒါယိကာများကောင်းမှု | ၁,၆၀၀၀၀ ကျပ် |
| ၄။ | ဒီပင်္ကရာ | ညောင်ကြတ်ပင်(မရှိ) | အသစ်ပြုလုပ်(အကြီး) | မိဘများအား အမျှူးထား၍ ဇင်ထက်အုပ်စုကုမ္ပဏီ မိသားစုများမှ ကောင်းမှု | ၄,၅၀၀၀၀ ကျပ် |
| ၅။ | ကောဏ္ဍညာ | နပဲပင်(ရှိ) | မွမ်းမံ(ကြီး) | နှစ်ဖက်သောမိဘများအား အမျှူးထား၍ ဦးခိုင်အောင် (ညွှန်ကြားရေးမှူးချုပ်၊ သထပ) ဇနီး ဒေါ်အေးသန်း မိသားစု ကောင်းမှု။ | ၂,၅၀၀၀၀ ကျပ် |
| ၆။ | မင်္ဂလ | ကံ့ကော်ပင်(ရှိ) | ။ | ကွယ်လွန်သူမိဘနှစ်ပါးနှင့် ခင်ပွန်း(ဦးခင်ညို)တို့အား ရည်စူး၍ ဒေါ်ဥမ္မာဦး မိသားစု ကောင်းမှု။ | ၂,၅၀၀၀၀ ကျပ် |
| ၇။ | သုမန | ကံ့ကော်ပင်(ရှိ) | ။ | ဦးအောင်နိုင်မြင့် ဇနီး ဒေါ်သီတာမောင်မောင် မိသားစု အမှတ်(၄၆-က)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ | ၂,၅၀၀၀၀ ကျပ် |
| စဉ် | အဆောင်/အဆောက်အအုံအမည် | အုတ်မြစ်ချသည့်နေ့ | လွှဲအပ်ရေစက်ချသည့်နေ့ | အဆောက်အဦးတန်ဖိုး | အလှူရှင်အမည်နှင့်နေရပ်လိပ်စာ |
|---|---|---|---|---|---|
| ၇ | မဟာဘွဲ့နှင်းမွှာရုံကြီး | သာသနာနှစ်(၂၅၃၃)<br>ကောဇာ(၁၂-၈-၅၁)<br>ခရစ်(၉-၁၁-၈၉) | ၂၅၃၆<br>၁၆-၄-၅၄<br>၁၅-၇-၉၂ | ၈၈၉၄၀၁ဝိ. ၇၅ါး | စုပေါင်းအလှူရှင်<br>အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး<br>ဗိုလ်ချုပ်ထွန်းကြည် ဦးဆောင်ကြပ်မတ်၍<br>ဆောက်လုပ်ပြီး လိုအပ်သောဝတ္ထုငွေများကို<br>စုပေါင်းစုဆောင်း၍ လှူဒါန်းပါသည်။ |
| ၈ | သိမ်တော်ကြီး | သာသနာနှစ်(၂၅၂၇)<br>ကောဇာ(၈-၄-၄၅)<br>ခရစ်(၁၇-၇-၈၃) | ၂၅၂၉<br>၂၁-၁၂-၄၇<br>၃၁-၃-၈၆ | ၁၉၉၇၈၆၈/- | စုပေါင်းအလှူရှင် |
| ၉ | တိနိဥပတ္တမှုရုံး(နှစ်ထပ်ဆောင်) | ဖော်ပြမထားပါ | ၁၃၅၂-ခုနှစ်<br>နတ်တော်လဆန်း(၈)ရက်<br>၂၄-၁၁-၁၉၉၀ | ဖော်ပြမထားပါ | မန္တလေးမြို့(၁၉)လမ်း၊<br>ရွှေလမင်းရွှေပန်တိမ်ဆရာကြီး<br>ရွှေလမင်းရွှေဆိုင်<br>ဦးသိန်းမောင်+ဒေါ်သန်းသားသမီးမြေးတစု<br>ကောင်းမှု |
| ၁၀ | စကြံန်စောင်းတန်း | ဖော်ပြမထားပါ | သာသနာနှစ်(၂၅၃<br>၄)<br>ကောဇာ(၈-၉-၅၂)<br>ခရစ်(၂၄-၁၁-၉၀) | ၂၂၀၀၀ဝိ/- | ကျောင်းအမကြီး ဒေါ်နီ<br>တိုက်အမှတ် ၃၈၇၊ ၈၄×၃၈ထောင့်<br>ရွာဟိုင်းဈေး၊ မန္တလေးမြို့ |
| ၁၁ | ကျိုက်လတ်မွေသာလာ | သာသနာနှစ်(၂၅၂၇)<br>ကောဇာ(၁၀-၁၂-၄၅)<br>ခရစ်(၁၁-၃-၈၄) | ၂၅၂၉<br>၂၁-၁၂-၄၇<br>၃၁-၃-၈၆ | ၁၅၀၀၀ဝိ/-<br><br>၇၇၈၉၃. ၅၅ါး<br><br>၁၅၇၇၆၉ိ. ၃၀ါး<br>———<br>၃၈၅၆၆၅. ၈၅ါး | ၁။ ကျိုက်လတ်မြို့တိပိဋကနိကာယသာသနာပြု<br>အကျိုးတော်ဆောင်များအဖွဲ့မှလှူဒါန်းငွေကျပ်<br>၂။ ရန်ကုန်တိုင်း ဥပဌာကအဖွဲ့မှ လှူဒါန်းငွေ ကျပ်<br><br>၃။ စုပေါင်းကျောင်းဆောင်အလှူရှင်များမှ<br>စုပေါင်း လှူငွေကျပ် |



www.burmeseclassic.com

www.burmeseclassic.com

၄

| စဉ် | အဆောင်/အဆောက်အအုံအမည် | အုတ်မြစ်ချသည့်နေ့ | လွှဲအပ်ရေစက်ချသည့်နေ့ | အဆောက်အဦးတန်ဖိုး | အလှူရှင်အမည်နှင့်နေရပ်လိပ်စာ |
|---|---|---|---|---|---|
| ၁၂ | ဆွမ်းစားကျောင်း(ဥတ္တရ) | သာသနာနှစ်(၂၅၂၇)<br>ကောဇာ(၁၀-၁၂-၄၅)<br>ခရစ်(၁၁-၃-၈၄) | ၂၅၂၉<br>၂၀-၁၂-၄၇<br>၃၁-၃-၈၆ | ၇၇၀၀၀၀/- | ဦးထုပ်နှင့်ဖိနပ်၊ကားကူရှင်လုပ်ကိုင်သူများနှင့် စုပေါင်း၍ စုပေါင်းဆောက်လုပ်လှူဒါန်းကြပါသည်။ |
| ၁၃ | (ဥတ္တရ)ဆွမ်းပြင်ဆောင်နှင့်စောင်းတန်း | သာသနာနှစ်(၂၅၂၇)<br>ကောဇာ(၁၀-၁၂-၄၅)<br>ခရစ်(၁၁-၃-၈၄) | ၂၅၂၉<br>၂၀-၁၂-၄၇<br>၃၁-၃-၈၆ | ၃၃၃၀၀၀/- | စုပေါင်းအလှူရှင် |
| ၁၄ | ဆွမ်းချက်ဆောင်(ဥတ္တရ) | သာသနာနှစ်(၂၅၂၇)<br>ကောဇာ(၁၀-၁၂-၄၅)<br>ခရစ်(၁၁-၃-၈၄) | ၂၅၂၉<br>၂၀-၁၂-၄၇<br>၃၁-၃-၈၆ | ၂၇၅၁၈၄ိ. ၆၀ါး | စုပေါင်းအလှူရှင် |



www.burmeseclassic.com

www.burmeseclassic.com







# ဦးဇာနည်ဝင်း
# ညွှန်ကြားရေးမှူးတာဝန်ထမ်းဆောင်စဉ်
# တိုးတက်မှုအခြေအနေများ











www.burmeseclassic.com

(၂၃-၉-၂၀၀၈) မှ (၁၇-၃-၂၀၁၁) ထိ
(တိုးတက်လာသော အဆောက်အအုံများနှင့် လုပ်ငန်းဆောင်ရွက်ချက်များ)

| စဉ် | အကြောင်းအရာ | စတင်ဆောင်ရွက်သည့်ရက် | ပြီးစီးသည့်ရက် | ကုန်ကျငွေ (ကျပ်) |
|---|---|---|---|---|
| ၁ | ဘွဲ့နှင်းရှေ့ ကြွေပြားခင်းခြင်း ၊ အလံတိုင်ခုံနှင့် စတီးအလံတိုင် ပြုလုပ် ခြင်း၊ မုခ်ဦးအဝင် ဆိုင်းဘုတ် (၂)ခု ပြုလုပ်ခြင်း၊ ရေတံခွန် ပြုလုပ်ခြင်း၊ မြက်ခင်းအတွင်း လျှောက်လမ်းကွန်ကရစ်ခင်းခြင်း၊ မီးတိုင်များစိုက်ထူခြင်း၊ဘွဲ့နှင်းအဝင် နာရီစင်မုခ်ဦး ဆေးသုတ်ခြင်း | ၁-၁၀-၂၀၀၈ | ၅-၁၂-၂၀၀၈ | ၂၂၄၄၇၈၃၄ |
| ၂ | မြက်ခင်းအတွင်း မြက်ကြမ်းများအစား ဂျပန်မြက်များ စိုက်ပျိုးခြင်း၊မြက်ခင်းပြင်အတွင်း လျှောက်လမ်းကွန်ကရစ်ပြုလုပ်ခြင်း၊မာဘယ်ကျောက်ပြားများ ခင်းကျင်းခြင်း | ၂၃-၅-၂၀၀၉ | ၆-၇-၂၀၀၉ | ၃၃၃၀၀၀၀ |
| ၃ | မြက်ခင်းပြင်အတွင်း ကျူးဘားအုန်းနှင့်အလှပန်းပင်များစိုက်ပျိုးခြင်း | ၁၃-၁၁-၂၀၀၉ | ၁၅-၁၁-၂၀၀၉ | ၃၅၀၀၀၀ |
| ၄ | မီးအလှဆင်ထားရှိခြင်း | ၅-၆-၂၀၁၀ | ၁၃-၆-၂၀၁၀ | ၈၇၀၀၀၀ |
| ၅ | ကွန်ကရစ်ရေမြောင်းဖုံးများ ပြုလုပ်ခြင်း | ၂-၂-၂၀၁၀ | ၂၈-၂-၂၀၁၀ | ၇၈၆၀၀၀ |
| ၆ | ဝန်ထမ်းအိမ်ယာ (၅)ခန်းတွဲ (၄)လိုင်း၊ (၆)ခန်းတွဲ (၄)လိုင်း၊(၂)ခန်းတွဲ အိမ်ယာ(၅)လိုင်း၊ လုံးချင်းအိမ်ယာ(၇)လုံး၊အရာရှိနှစ်ခန်းတွဲအိမ်ယာ(၃)လုံး ဆောက်လုပ်ခြင်း | ၂၂-၁၂-၂၀၀၈ | ၂၅-၂-၂၀၀၉ | ၁၆၀၀၀၀၀၀ |
| ၇ | ဘေးမဲ့ကန်ပတ်လည် ရုပ်တော်မူဘုရား(၅)ဆူနှင့် ကန်ထိပ်ဂန္ဓကုဋီတိုက်ဆောက်လုပ်ခြင်း | ၃-၃-၂၀၀၉ | ၁၀-၄-၂၀၀၉ | ၄၂၈၀၀၀၀ |



www.burmeseclassic.com

www.burmeseclassic.com



| | | | | |
|---|---|---|---|---|
| ၈ | မဟာဘောဓိကျောင်း မဟာအောင်မြေကုန်း သန့်ရှင်းရေးဆောင်ရွက်ခြင်း | - | - | - |

- ၂ -

| စဉ် | အကြောင်းအရာ | စတင်ဆောင်ရွက်သည့်ရက် | ပြီးစီးသည့်ရက် | ကုန်ကျငွေ (ကျပ်) |
|---|---|---|---|---|
| ၉ | မဟာသိမ်တော်ကြီးဘေး ကုဋီ(၃)ခန်းတွဲ ဆောက်လုပ်ခြင်း | ၁၇-၅-၂၀၀၉ | ၄-၆-၂၀၀၉ | ၁၆၇၈၂၀၀ |
| ၁၀ | တောင်၊မြောက်ရေစင်(၂)ခုပြန်လည်ပြုပြင်ဖာထေးခြင်း | ၅-၁-၂၀၀၉ | ၃၀-၁-၂၀၀၉ | ၆၅၃၀၀၀ |
| ၁၁ | ကွန်ပရက်ဆာ ရေစုပ်စက်အစား ရေမြှုပ်ပန့်များ ပြောင်းလဲတပ်ဆင်ခြင်း၊ ရေပိုက်လိုင်း များ သွယ်တန်းခြင်း၊ ရေမြှုပ်ပန့်ဖြင့် ရေပေးနိုင်ရေးဆောင်ရွက်ခြင်း | - | - | - |
| ၁၂ | (၄)လက္ခ ရေတွင်း (၂)တွင်း အသစ်တူးဖော်ခြင်း | ၃၀-၁၁-၂၀၀၉ | ၁-၃-၂၀၁၀ | ၁၄၀၀၀၀၀ |
| ၁၃ | မြောက်ဘက်ဆွမ်းစားကျောင်း သန့်စင်ခန်း ဆောက်လုပ်ခြင်း | ၂၆-၂-၂၀၀၉ | ၄-၄-၂၀၀၉ | ၄၆၇၀၀၀ |
| ၁၄ | ငါးလုံးတန်းနောက် တိုးချဲ့ခြင်း၊ ရေချိုးခန်း၊ အိမ်သာ သီးခြားပြုလုပ်ခြင်း၊ | ၁၂-၁၂-၂၀၀၉ | ၂-၃-၂၀၁၀ | ၂၂၅၀၀၀၀ |
| ၁၅ | နာယကသီတင်းသုံးဆောင်များအား ဆေးသုတ်ဆောင်ရွက်ခြင်း | ၈-၉-၂၀၀၉ | ၁၂-၁၂-၂၀၀၉ | ၂၉၆၀၀၀ |
| ၁၆ | နာယကဆောင်များ၏နောက်တွင် ရေစင်များ ဆောက်လုပ်ခြင်း | ၁၂-၁၂-၂၀၀၉ | ၂-၃-၂၀၁၀ | ၈၃၀၀၀၀ |
| ၁၇ | ပါမောက္ခချုပ်ဆောင်နောက် ရေစင် ဆောက်လုပ်ခြင်း၊ဘိုထိုင်တပ်ဆင်ခြင်း | ၄-၅-၂၀၁၀ | ၈-၆-၂၀၁၀ | ၁၁၀၀၀၀ |
| ၁၈ | ပါမောက္ခချုပ်ဆောင် အုတ်တံတိုင်းခတ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်း | ၁၆-၁၁-၂၀၁၀ | ၁၅-၁၂-၂၀၁၀ | ၁၃၄၀၀၀ |
| ၁၉ | နာယကဆောင်များ ဘိုထိုင် တပ်ဆင်ခြင်း၊ရေပန်းများတပ်ခြင်း၊ ကြွေပြားကပ်ခြင်း | ၁၂-၁၂-၂၀၀၉ | ၂-၃-၂၀၁၀ | ၅၆၀၀၀၀ |
| ၂၀ | မီး(၂)လိုင်းရရှိရေး ဆောင်ရွက်ခြင်း | ၁၆-၅-၂၀၀၉ | ၁၇-၈-၂၀၀၉ | ၇၀၀၀၀၀ |
| [illegible] | (မူလ) ရီပီသာ နှင့် ကားဂိုဒေါင် ဆောက်လုပ်ခြင်း | ၂၈-၃-၂၀၁၀ | ၂၉-၄-၂၀၁၀ | ၆၄၈၀၀၀ |



www.burmeseclassic.com

www.burmeseclassic.com



| | | | | |
|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၂[illegible] | [illegible] (ရှယ်[illegible]) ရေစင် ဆောက်လုပ်ခြင်း | ၁၀-၅-၂၀၁၀ | ၈-၆-၂၀၁၀ | ၄၂၀၀၀ဝ |

- ၃ -

| စဉ် | အကြောင်းအရာ | စတင်ဆောင်ရွက်သည့်ရက် | ပြီးစီးသည့်ရက် | ကုန်ကျငွေ (ကျပ်) |
|---|---|---|---|---|
| ၂၄ | စာသင်ဆောင်များ ဆေးသုတ်မွမ်းမံခြင်း | ၅-၆-၂၀၁၀ | ၂၇-၇-၂၀၁၀ | ၅၆၀၀၀၀ဝ |
| ၂၅ | ပဒေသရာဇာစာအုပ်ဆိုင်၊အိမ်သာနှင့်တောင်ဘက်ဆွမ်းစားကျောင်းသန့်စင်ခန်းဆောက်လုပ်ခြင်း | ၁၅-၂-၂၀၁၀ | ၄-၄-၂၀၁၀ | ၁၂၃၆၇၇၅ဝ |
| ၂၆ | ဘွဲ့နှင်းဘုရားခန်းနှင့်နောက်ခန်းနားနေခန်း ကြွေပြားခင်းဆောင်ရွက်ခြင်း | ၃၀-၈-၂၀၁၀ | ၂၅-၁၁-၂၀၁၀ | ၁၈၀၀၀၀၀ဝ |
| ၂၇ | ဘွဲ့နှင်းမျက်နှာကျက် ပြုပြင်ခြင်း | ၂၈-၆-၂၀၁၀ | ၁၂-၁၁-၂၀၁၀ | ၆၇၀၀၀၀ဝ |
| ၂၈ | ဘွဲ့နှင်းခန်းမဘေး သန့်စင်ခန်း(၃)လုံး ဆောက်လုပ်ခြင်း | ၈-၁၀-၂၀၁၀ | ၂၇-၁၀-၂၀၁၀ | ၂၈၀၀၀၀ဝ |
| ၂၉ | အဆောင်(၂၀)နောက်မှအပြင်လမ်းရေမြောင်းအထိ (၂)ပေအကျယ် ရေမြောင်းပေ(၁၄၀) အုတ်စီရေမြောင်းပြုလုပ်ခြင်း | ၂၅-၁၂-၂၀၁၀ | ၆-၂-၂၀၁၁ | ၅၆၀၀၀ဝ |
| ၃၀ | ၆၂ လမ်း၊၁၄ လမ်းအဝင် ရေမြောင်း ဖောက်လုပ်ခြင်း၊ ကွန်ကရစ် တံတား ဆောင်ရွက်ခြင်း | ၉-၈-၂၀၀၉ | ၁၀-၁၀-၂၀၀၉ | စည်ပင် |
| ၃၁ | ထေရာဝါသကျောင်းဆောင် ဆောက်လုပ်ခြင်း | ၂၅-၇-၂၀၁၀ | ၁၈-၁၂-၂၀၁၀ | ၄၅၀၀၀၀၀ဝ |
| ၃၂ | အဆောင်(၁၀)နှင့်(၁၁)ကြား ရေမြောင်း ပြုပြင်ခြင်း | ၂၃-၁၂-၂၀၁၀ | ၅-၁-၂၀၁၁ | ၁၃၀၄၀၀ဝ |
| ၃၃ | ဘာသာပြန်ခန်းတိုးချဲ့ခြင်းနှင့် သန့်စင်ခန်းဆောက်လုပ်ခြင်း | ၂-၁၁-၂၀၁၀ | ၁၇-၁၂-၂၀၁၀ | ၆၂၀၀၀၀ဝ |
| ၃၄ | ဘွဲ့နှင်းအတွက်လိုအပ်သော ဆက်တီထိုင်ခုံနှင့်လက်တင်မဲ့ထိုင်ခုံများပြုလုပ်ခြင်း | ၁၅-၅-၂၀၁၀ | ၁၈-၁၂-၂၀၁၀ | ၂၇၄၀၀၀ဝ |



www.burmeseclassic.com

www.burmeseclassic.com



| | | | | |
|---|---|---|---|---|
| ၃၅ | ကားရေဆေးခုံ ပြုလုပ်ခြင်း | ၂၅-၁-၂၀၁၁ | ၁၈-၂-၂၀၁၁ | ၉၆၀၀၀၀ |
| ၃၆ | ငါးလုံးတန်းရေစင်အနီးရှိ ရေစက်အား ဆေးသုတ်ခြင်း | ၆-၃-၂၀၁၀ | ၁၀-၃-၂၀၁၀ | ၂၇၀၀၀၀ |
| ၃၇ | မီးစက်အဆောက်အဦး ဆောက်လုပ်ခြင်း | ၉-၁၀-၂၀၁၀ | ၁၅-၁၁-၂၀၁၀ | ၁၇၀၀၀၀၀ |

- ၄ -

| စဉ် | အကြောင်းအရာ | စတင်ဆောင်ရွက်သည့်ရက် | ပြီးစီးသည့်ရက် | ကုန်ကျငွေ (ကျပ်) |
|---|---|---|---|---|
| ၃၈ | ဝေနေယျသုခရေချမ်းစင်နှင့်ရေကန်အဖုံး ဆောင်ရွက်ခြင်း | ၁၅-၉-၂၀၀၉ | ၁၅-၉-၂၀၀၉ | အလှူရှင် |
| ၃၉ | မော်ကွန်းထိန်းသီတင်းသုံးဆောင်နှင့်ပါရမီကွန်ပျူတာခန်းသို့ သွားသောလမ်းအား ကွန်ကရစ်လမ်းခင်းကျင်းခြင်း | ၂၈-၄-၂၀၁၀ | ၁၆-၅-၂၀၁၀ | ၂၂၅၆၀၀၀ |
| ၄၀ | ပိဋကတ်စာကြည့်တိုက် ဆေးသုတ်မွမ်းမံခြင်း | ၉-၁၀-၂၀၁၀ | ၃၀-၁၀-၂၀၁၀ | ၇၈၀၀၀၀ |
| ၄၁ | နွယ်ငွေဆောင်အနီး ကားဂိုဒေါင် ဆောက်လုပ်ထားရှိမှု | ၃၀-၁၁-၂၀၀၉ | ၈-၁၂-၂၀၀၉ | ၃၂၀၀၀၀ |
| ၄၂ | တောင်ဘက်နှင့်မြောက်ဘက်ဆွမ်းစားကျောင်းအနီး ကွန်ကရစ်လမ်းခင်းကျင်းခြင်း | ၂၁-၁-၂၀၁၁ | ၂၄-၂-၂၀၁၁ | ၂၆၇၈၀၀၀ |
| ၄၃ | မြောက်ဘက်ဆွမ်းစားကျောင်း လက်ဆေးကြွေခွက်များ ဆောင်ရွက်ခြင်း | ၂၂-၁-၂၀၁၁ | ၃၀-၁-၂၀၁၁ | ၇၂၅၀၀၀ |
| ၄၄ | တောင်ဘက်ဆွမ်းစားကျောင်း လက်ဆေးကြွေခွက်များ ဆောင်ရွက်ခြင်း | ၁-၂-၂၀၁၁ | ၉-၂-၂၀၁၁ | ၄၆၇၀၀၀ |
| | စုစုပေါင်း | | | ၄၁၂၉၄၆၇၈၄ |



www.burmeseclassic.com

www.burmeseclassic.com




# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

## ၂၅-နှစ်တာကာလအတွင်း တာဝန်ထမ်းဆောင်ပြီး/ထမ်းဆောင်ဆဲ

## သင်ကြား/စီမံဆရာများ၏

## အတ္ထုပ္ပတ္တိကဏ္ဍ

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
# (ရန်ကုန်)

# ပါမောက္ခချုပ်တာဝန် နှင့် ဒုတိယပါမောက္ခချုပ်
# တာဝန်ထမ်းဆောင်ပြီး/ထမ်းဆောင်ဆဲ
# ဆရာများ၏
# ထေရုပ္ပတ္တိအကျဉ်း



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)

## ပါမောက္ခချုပ်ဆရာတော်
## ဘဒ္ဒန္တတိလောက

ဘဒ္ဒန္တတိလောကသည် ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ပျဉ်းမကန်ကျေးရွာ၌ အဖ ဦးအုန်းညွန့်၊ အမိ ဒေါ်ရှိန်တို့မှ ၁၂၉၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်၊ စနေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။ မွေးချင်း (၇)ယောက်တွင် ဆဋ္ဌမမြောက်ဖြစ်ပြီး ငယ်နာမည်မှာ မောင်တက်ထွန်းတော် ဖြစ်ပါသည်။

ဘဒ္ဒန္တတိလောကသည် သက်တော်(၁၆)နှစ်အရွယ်တွင် ပျဉ်းမကန်ကျေးရွာ၊ တိုက်သစ်ကျောင်း၊ ဘုရားကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေ အဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။ ဘွဲ့တော်မှာ ရှင်တိလောက ဖြစ်ပါသည်။

ဘဒ္ဒန္တတိလောကသည် ၁၃၁၄ ခုနှစ်၊ တပေါင်းလဆန်း (၈)ရက်၊ စနေနေ့၊ နံနက် (၈:၀၀)နာရီ (၈)ဖဝါး (၁)ဗီလာ အချိန်တွင် ပျဉ်းမကန်ကျေးရွာ၊ တိုက်သစ်ကျောင်း၊ ဘုရားကြီးကျောင်းတိုက် ခဏ္ဍသိမ်၌ ပျဉ်းမကန်ကျေးရွာ၊ ရွှေကျောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာသီဟမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ပျဉ်းမကန်ကျေးရွာ၊ ဒေါ်ငွေရင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တတိလောကသည် သုံးခွမြို့နယ်၊ ပျဉ်းမကန်ကျေးရွာ၊ အလယ်တန်းကျောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးဘိုးကင်း(၄င်းကျောင်း၌ သတ္တမတန်းအထိ)၊ ပျဉ်းမကန်ကျေးရွာ၊ ရွှေကျောင်းဆရာတော် ဘဒ္ဒန္တပညာသီဟ (ပဝါရဏာဂိုဏ်းချုပ်ဆရာတော်)(အခြေခံ ဘာသာ၊ သာသနာ)၊ ဘဒ္ဒန္တစန္ဒောဘာသ (ပျဉ်းမကန်ဘုရားကြီး တိုက်သစ်ကျောင်း)၊ ဘဒ္ဒန္တသူရိယာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တသီလ၊ ဘဒ္ဒန္တကဝိန္ဒာဘိဝံသ(အဂ္ဂမဟာ ပဏ္ဍိတ)၊ ဘဒ္ဒန္တကောဏ္ဍညာဘိဝံသ(အလယ်တောရ စာချကျောင်း)၊ ဘဒ္ဒန္တစက္ကိန္ဒ၊ ဘဒ္ဒန္တပညိန္ဒာဘိဝံသ(အဂ္ဂ မဟာပဏ္ဍိတ)၊ ဘဒ္ဒန္တသီလာစာရာဘိဝံသ(မဟာအောင်မြေဘုံစံကျောင်း)၊ ဘဒ္ဒန္တကုသလာဘိဝံသနှင့် စာချ ဆရာတော်များ(မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်) တို့တွင် ပညာရင်နို့သောက်စို့၍ ပါဠိပထမပြန်စာမေးပွဲ ငယ်, လတ်, ကြီး၊ အစိုးရဓမ္မာစရိယ၊ ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာတန်းတို့ကို အောင်မြင်ခဲ့ပြီး သာသနဓဇသီရိပဝရ ဓမ္မာစရိယနှင့် B.A ဘွဲ့တို့ကိုရရှိခဲ့ပါသည်။

ဘဒ္ဒန္တတိလောကသည် ရန်ကုန်မြို့၊ ဗဟန်း မဟာအောင်မြေဘုံစံကျောင်းတိုက်၌ စာချဘုန်းကြီး၊ ကမာရွတ် ဆင်ရေးတွင်း သီရိမင်္ဂလာပျော်ဘွယ်ကျောင်း၌ ပါဠိတက္ကသိုလ်စာချကထိက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဖွင့်လှစ်သော နိုင်ငံတော်ဝိနည်းမှိုရ်သင်တန်းသို့ ရန်ကုန်အခြေခံဒေသမှ တက်ရောက်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ဝိနည်းဓရအဖွဲ့(၁)၌ သဘာပတိ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်၊ ဆင့်ပွားဝိနည်းမှိုရ် သင်တန်းမှူး၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်(၂)ကြိမ် (မရမ်းကုန်း)ပညာရေးအဖွဲ့ငယ် စသည်တို့၌ အားကြိုး မာန်တက် သာသနာအတွက် ကြိုးစားဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ ပါမောက္ခချုပ်တာဝန်ကို ၁၉-၄-၈၆ မှစ၍ ၈-၈-၈၈ အထိ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် သာသနာပြု ကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်တော်မူခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





### နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
### ပါမောက္ခချုပ်ဆရာတော်
## ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ

ဘဒ္ဒန္တပဏ္ဍိတာဘိဝံသသည် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်၊ ကျားတိုင်းကျေးရွာ၌ အဖဦးစံရီ အမိဒေါ်ငွေမြင့်တို့မှ ၁၃၀၄-ခုနှစ်၊ တပို့တွဲလဆန်း ၆-ရက်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်ပါသည်။ ငယ်မည်မှာ မောင်မြမောင်ဖြစ်ပါသည်။

ဆရာတော်ဘဒ္ဒန္တပဏ္ဍိတာဘိဝံသသည် သက်တော်(၁၃)နှစ်အရွယ်တွင် မန္တလေးတိုင်း မြင်းခြံမြို့နယ်၊ ကျားတိုင်းကျေးရွာ၊ စက်တော်ရာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တနန္ဒဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။ သက်တော်(၂၀)အရွယ်၊ ၁၃၂၅-ခုနှစ် ဝါခေါင်လဆုတ်(၁)ရက် နံနက်(၉း၁၀)နာရီအချိန်တွင် မန္တလေးတိုင်းဒေသကြီး အနောက်တောင်မြို့နယ် ရှမ်းဝိုင်းကျေးရွာ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ သက်တော်ရှည်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒာဘိဝံသ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့၊ ရုံတော်ကြီးရပ်ကွက် ဦးဘဘော်+ဒေါ်သိန်းရင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်သည် ငယ်စဉ်က မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ကျားတိုင်းကျေးရွာ၊ စက်တော်ရာကျောင်းဆရာတော်ထံတွင် အခြေခံပညာများဆည်းပူးခဲ့ပါသည်။ ထို့နောက် ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် မန္တလေးမြို့၊ မိုးကောင်းကျောင်းတိုက်၊ မော်လမြိုင်ကျွန်းအုပ်ကျောင်းဆရာတော်၊ ဘဒ္ဒန္တအာသဘာဘိဝံသနှင့် စာချဆရာတော်များ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဝါဆိုကျောင်းဆရာတော်၊ ဘဒ္ဒန္တအဂ္ဂိယ(အဂ္ဂမဟာပဏ္ဍိတ) နှင့်စာချဆရာတော်များ၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဆရာလောင်းရွေးချယ်ရေး ၆-လပတ် သင်တန်းဆရာများထံတွင် စာပေများ ဆက်လက်ဆည်းပူးခဲ့ပြီး ဗုဒ္ဓသာသနာအဖွဲ့ အဘိဓမ္မာ(ပ၊ဒု၊တ)အဆင့်နှင့် ဂုဏ်ထူးသုံးဆင့် အစိုးရ ပထမငယ်၊ လတ်၊ ကြီး၊ မန္တလေး သာသနဟိတအသင်းစာမေးပွဲ၊ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်၊ သာသနဓဇ ဓမ္မာစရိယ၊ သာသနဓဇသီရိပဝရဓမ္မာစရိယ၊ စေတိယင်္ဂဏအသင်း စာသင်တန်း၊ စာချတန်းများအောင်မြင်ခဲ့ ပြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်တို့ကို ရရှိခဲ့ပါသည်။

ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသသည် အမရပူရမဟာဂန္ဓာရုံကျောင်းတိုက်၌ ဂဏဝါစကဦးစီးအဖွဲ့၊ အနုနာယကကျောင်းဘုန်းကြီး၊ စာချ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဆရာ၊ နိုင်ငံတော်အစိုးရမှ ပေးအပ်သော ပညာရေးကိစ္စများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ပေးအပ်သော ပညာရေး၊ သာသနာရေးကိစ္စများ၊ ငါးနိုင်ငံ ပရိယတ္တိသင်ကြားမှုလေ့လာရေးခရီးအဖွဲ့ အဖွဲ့ဝင်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် သုတ္တန္တ ပိဋကမဟာဌာန ပါမောက္ခ၊ ဒုတိယပါမောက္ခချုပ်တာဝန်၊ ရန်ကုန်/မန္တလေး ပါမောက္ခချုပ်တာဝန်တို့ကို ၂၃-၄-၈၆ နေ့မှစ၍ အဆင့်ဆင့် တာဝန်တိုးမြှင့် ထမ်းဆောင်ခဲ့ပြီး ဗုဒ္ဓသာသနာတော်မြတ် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး အတွက် သာသနာပြုကုသိုလ်ထူး ဆည်းပူးပြုလုပ် အားထုတ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
## ပါမောက္ခချုပ်ဆရာတော်
## ဘဒ္ဒန္တဝဏ္ဏိတ

ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတကို စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ မုံထူးကျေးရွာ ခမည်းတော် ဦး+မယ်တော် ဒေါ်တင်စိန်တို့မှ ကောဇာသက္ကရာဇ် ၁၃၀၄-ခုနှစ် တပေါင်းလဆုတ် (၄)ရက်၊ ဗုဒ္ဓဟူးနေ့ ဖွားမြင်တော်မူသည်။ မွေးချင်း(၈)ယောက်တွင် ဒုတိယမြောက် သားရတနာဖြစ်၍ ငယ်နာမည်မှာ င်းမောင် ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် ဘုတလင်မြို့နယ်၊ မုံထူးကျေးရွာ၊ ရွာဦးကျောင်းတွင် မိဘနှစ်ပါး ၏ နုဂ္ဂဟဖြင့် ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တဝိလာသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ် ရောက်ခဲ့သည်။ တော်မှာ ရှင်ပဏ္ဍိတဖြစ်သည်။ ၁၃၂၄-ခုနှစ်၊ နယုန်လဆုတ် (၁၄)ရက်၊ တနင်္ဂနွေနေ့၊ နံနက် (၈)နာရီ မိနစ်အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ရွှေလွန်ရပ်ကွက် ဦးချို+ဒေါ်စောမြမိသားစုတို့၏ နုဂ္ဂဟဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇)ရပ်ကွက်၊ မုံရွာကျောင်း၊ အာဒိကာရုံကျောင်းတိုက် တော် ဘဒ္ဒန္တဝိလာသကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ မုံထူးကျေးရွာ၊ ရွာဦးကျောင်း တော် ဘဒ္ဒန္တဝိလာသ၊ မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်ဆရာတော်များ၊ ဧရာဝတီတိုင်းဒေသကြီး၊ မနုဖြူမြို့ င်ပေါ်ကျောင်းကျောင်းတိုက် ဆရာတော်များထံတွင် စာပေကျမ်းဂန်များ ဆည်းပူးလေ့လာခဲ့ပါသည်။ ခဲ့သော စာမေးပွဲများမှာ သာသနဓဇဓမ္မာစရိယဘွဲ့၊ B.A(English) ဘွဲ့၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့၊ ပဏ္ဍိတဘွဲ့တို့ကို ရရှိခဲ့ပါသည်။

သာသနာရေးဆောင်ရွက်ချက်များမှာ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြို့နယ်နှင့်တိုင်း ရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ဂဏဝါစက၊ တိပိဋကစာမေးပွဲ ကော်စာမ၊ ဧရာဝတီ၊ စစ်ကိုင်း၊ မန္တလေး တိုင်းဒေသကြီးများ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဆရာ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၊ ဌာနမှူး တော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့တွင် ဒုတိယပါမောက္ခချုပ်တာဝန်၊ ပါမောက္ခချုပ် များကို ၁-၁၂-၈၉ နေ့မှစ၍ ၁-၁၂-၂၀၀၇ နေ့အထိ ထမ်းဆောင်ခဲ့ပါသည်။

ယခုအခါ ဆရာတော်သည် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရတနာကန်ကလေး ကျောင်းတွင် သဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
## ပါမောက္ခချုပ်ဆရာတော်
## ဒေါက်တာဘဒ္ဒန္တအာဒိစ္စဝံသ

ဒေါက်တာဘဒ္ဒန္တအာဒိစ္စဝံသသည် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ဇီးချောင်းကျေးရွာ အဖ ဦးတိုး အမိ ဒေါ်အေးမြတို့မှ ၁၃၁၀-ခုနှစ်၊ နယုန်လဆုတ် (၈)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဒေါက်တာဘဒ္ဒန္တအာဒိစ္စဝံသည် သက်တော် (၁၂)နှစ်အရွယ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ် ဇီးချောင်းကျေးရွာ၊ တိလောကဂုရုကျောင်းဆရာတော် ဘဒ္ဒန္တနာယကမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး ၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ သက်တော်(၂၀)အရွယ်၊ ၁၃၂၉-ခုနှစ် တန်ဆောင်မုန်းလဆန်း (၈)ရက် နံနက်(၈း၁၅)နာရီ၊ အချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ် သောတာပန်ကျေးရွာ တိလောကဂုရုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာယကမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီးမြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ဘွဲ့တော်မှာ အရှင် အာဒိစ္စဖြစ်ပါသည်။

ဒေါက်တာဘဒ္ဒန္တအာဒိစ္စဝံသသည် ဦးနာယက၊ တိလောကဂုရု ဘ/ကမူလတန်းကျောင်း၊ ဦးဣန္ဒာ မြသီတာချောင်း၊ ဦးသုပညိန္ဒာဘိဝံသ(ဒုဥက္ကဋ္ဌ) ပထမ မဟာဂန္ဓာရုံပါဠိတက္ကသိုလ်၊ စစ်ကိုင်းတောင်ရိုး ဦးတေဇနိယ (တိုက်အုပ်ဆရာတော်) ဝါဆိုကျောင်း၊ ဝါဆိုကျောင်းဘုံကျောတိုက်၊ တောင်ပြင်၊ မန္တလေးမြို့ တို့ထံတွင် အခြေခံ ကျမ်းစာများကို သင်ယူတတ်မြောက်ခဲ့ပါသည်။ ဆရာတော်သည် ရဟန်းဖြစ်ပြီးနောက် ဦးစန္ဒိမာ၊ သီတာရုံစာသင် တိုက်၊ တောင်ငူမြို့။ ဦးဉာဏဝရာဘိဝံသ၊ ညောင်ကန်တိုက်၊ မန္တလေးမြို့။ ဦးတေဇနိယ၊ ဝါဆိုကျောင်း၊ ဘုံကျော တိုက်၊ မန္တလေးမြို့။ ဦးသုစိတ္တ၊ သုစိတ္တာရုံစာသင်တိုက်၊ ကမာရွတ်၊ ရန်ကုန်။ နာလန္ဒာတက္ကသိုလ်၊ ဒေလီတက္ကသိုလ် အိန္ဒိယနိုင်ငံတို့တွင် ပညာများဆည်းပူးခဲ့ပြီး ပါဠိပထမပြန်စာမေးပွဲ ငယ်၊ လတ်၊ ကြီး၊ သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ ဝိနွှာဘွဲ့၊ B.A(Eco), M.A(Pali), M.Phil, Ph.D(India) ဘွဲ့တို့ကို ရရှိခဲ့ပြီး နိုင်ငံတော်မှ ဆပ်ကပ် သော မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်တို့ကို အလှူခံရရှိတော်မူ ပါသည်။

ဒေါက်တာဘဒ္ဒန္တအာဒိစ္စဝံသသည် တွဲဖက် ခေါင်တိုင်အလယ်တန်းကျောင်း၊ ခေါင်တိုင်စာသင်တိုက် ကျောက်ဆစ်ရွာဦးကျောင်း(ညနေသင်တန်း)၊ သုစိတ္တာရုံစာသင်တိုက်တို့၌ လောကီလောကုတ္တရာစာပေများ သင်ကြားခဲ့ပြီး အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ဝင်အဖြစ် သာသနာ့တာဝန်များထမ်းဆောင်ခဲ့သည်။ ယခုအခါ ဆရာတော်သည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာပြုတက္ကသိုလ်၊ ပရိယတ္တိဌာန၊ ဌာနမှူးတာဝန်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ပါမောက္ခချုပ်တာဝန်များကို (၁၈·၇·၀၈)နေ့မှစ၍ ယနေ့ထိ သာသနာပြုလုပ်ငန်းများကို ပူးတွဲထမ်းဆောင်လျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com





## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
## ဒုတိယပါမောက္ခချုပ်ဆရာတော်
## ဘဒ္ဒန္တတိလောကာဘိဝံသ

ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသကို ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ညောင်ပင်သာကျေးရွာ၊ ဒေးတော် ဦးဘဖေ+မယ်တော်ဒေါ်စောစိန်တို့မှ ၁၃၀၀ ပြည့်နှစ်၊ တပေါင်းလဆန်း(၁)ရက်၊ စနေနေ့တွင် မီးရှူးသန့်စင်ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ဇလွန်မြို့နယ်၊ ညောင်ပင်သာကျောင်းဆရာတော် ဘဒ္ဒန္တကုန္တဝံသ မဟာထေရ် မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ အသက် ၁၅-နှစ်အရွယ်တွင် ရှင်သာမဏေ အဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

၁၃၂၀-ခုနှစ်၊ ကဆုန်လဆန်း(၁၀)ရက်နေ့ နံနက် ၇း၄၅ နာရီ ၁၅-ဗ၀ါး၊ ၁ ဗီလာအချိန်တွင် ဇလွန်မြို့နယ်၊ ညောင်ပင်သာကျေးရွာ၊ ညောင်ပင်သာကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ဇလွန်မြို့နယ်၊ ပကွဲကျေးရွာ၊ ပကွဲကျောင်း ဆရာတော် ဘဒ္ဒန္တစန္ဒာဝရ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ဇလွန်မြို့နယ်၊ ညောင်ပင်သာကျေးရွာ ဦးမျက်ပြူး+ ဒေါ်သိန်းရင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်လောင်းလျာသည် ဇလွန်မြို့နယ်၊ ညောင်ပင်သာကျောင်းဆရာတော် ဘဒ္ဒန္တကုန္တဝံသ၊ မြင်းခြံမြို့ ကိုးဆောင်တိုက်ဆရာတော် ဘဒ္ဒန္တသောဘိတ၊ မန္တလေးမြို့ ချမ်းသာကြီးတိုက်ဆရာတော်ဘဒ္ဒန္တနန္ဒမဉ္ဇူ တို့ထံတော်မှ ပညာရင်နို့သောက်စို့ခဲ့ပြီး အစိုးရစာမေးပွဲ၊ အမျိုးသားစာမေးပွဲများ၌ အဆင့်မြင့်မြင့်ဖြင့် အောင်မြင်ခဲ့ပါသည်။ ရရှိခဲ့သော ဘွဲ့များမှာ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ သကျသီဟဓမ္မာစရိယ၊ ပထမကျော်ဓမ္မာစရိယ(အမျိုးသား) တို့ဖြစ်ပါသည်။ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်အနေဖြင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်း ရရှိခဲ့ပါသည်။

ဆရာတော်သည် မြင်းခြံမြို့ ကိုးဆောင်တိုက် ဂဏဝါစက၊ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် တာဝန်ခံစာချတိုက်အုပ်၊ မြို့နယ်ဝိနည်းဓိုရ်၊ မြို့နယ်သံဃနာယကဒုတိယဥက္ကဋ္ဌ၊ မြို့နယ်ပါဠိပထမပြန် ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ၊ မဟာန ပညာရေးအဖွဲ့ငယ်၏ အထူးတာဝန်ပေးချက်များ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင်၊ ဒုတိယဥက္ကဋ္ဌ စသည့် တာဝန်တို့ကို ထမ်းဆောင်သည့်အပြင် ဤနိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်) အဘိဓမ္မပိဋကမဟာဌာန ပါမောက္ခ/ဌာနမှူးတာဝန်ကို(၁၈·၄·၁၉၈၆) မှ (၇·၇·၁၉၈၉) အထိ ထမ်းဆောင်ခဲ့ပြီး (၁၂·၁၁·၁၉၈၈) နေ့တွင် ဒုတိယပါမောက္ခချုပ်တာဝန်ကိုပါ တိုးမြှင့်ပူးတွဲ ထမ်းဆောင်ခဲ့ ပါသည်။

ယခုအခါ ဆရာတော်သည် အင်းစိန်မြို့၊ ရွာမပရိယတ္တိစာသင်တိုက်၌ ပဓာနနာယကအဖြစ်ဖြင့် တာဝန်ယူ လျက် ပရိယတ်၊ ပဋိပတ်သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူလျက်ရှိပါသည်။

ဆရာတော်သည်-ပရိတ်ဋီကာ၊ သမိုင်းတာဝန်ကျေပွန်ပါစေ၊ ခရီးပန်းတိုင်နှင့်အင်္ဂုတ္တိုရ်မြန်မာပြန်၊ စနစ် ဟောင်း၊ စနစ်သစ် မူ၊ ငယ်,လတ်,ကြီး အဖြေစုံ (၇) ကျမ်း၊ မာတိကာဓာတုကထာ၊ ယမက၊ပဋ္ဌာန်း၊ အဘိဓမ္မာ၊ သဒ္ဒါလက်ဆောင်ကျမ်းများ၊ ပဋ္ဌာန်းပို့ချစဉ်၊ အဋ္ဌသာလိနီအဖြေစုံ စသော ကျမ်းပေါင်း ၂၀-ကျော်ကို ရေးသားပြုစုတော်မူခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
## ဒုတိယပါမောက္ခချုပ်ဆရာတော်
## ဘဒ္ဒန္တဥတ္တမ

ဘဒ္ဒန္တဥတ္တမကို မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဖူလုံကျေးရွာ၊ အဖ ဦးဘဦး အမိ ဒေါ်ဖွားမြင့်တို့မှ ၁၃၁၁-ခုနှစ် ကဆုန်လဆန်း ၁၂-ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တဥတ္တမသည် သက်တော် ၁၃-နှစ်အရွယ်တွင် မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ ဖူလုံကျေးရွာ ရေလည်ရံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသြဘာသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မကွေးတိုင်း၊ ရေစကြိုမြို့နယ် ဖူလုံကျေးရွာ ဦးထွန်းရှိန်+ဒေါ်သိန်းခင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။ ဘွဲ့တော်အရှင်မှာ ရှင်ဥတ္တမဖြစ်ပါသည်။

ဘဒ္ဒန္တဥတ္တမသည် ၁၃၃၀-ခုနှစ်၊ တပို့တွဲလဆုတ် ၈-ရက် နေ့လယ်(၁း၃၀)နာရီ (၆)ဖဝါး အချိန်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ လမိုင်းရပ်ကွက်၊ ကျောင်းသစ်ကျောင်းတိုက် ခဏ္ဍသိမ်၌ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဖူလုံကျေးရွာ ရေလည်ရံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသြဘာသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ဂျမ်းတိုက်ကျေးရွာ ဦးကျော်တင်နှင့် မောင်နှမတစ်စုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။ ဘွဲ့တော်မှာ အရှင်ဥတ္တမဖြစ်ပါသည်။

ဘဒ္ဒန္တဥတ္တမသည် ဘဒ္ဒန္တသြဘာသ၊ ဘဒ္ဒန္တပညာဒီပ(ရေလည်ရံ ကျောင်းဆရာတော်)၊ ဘဒ္ဒန္တဝိမလ ဘဒ္ဒန္တနာဝိန္ဒ(ပန်းအိုင်းယွန်းကျောင်းဆရာတော်)တို့ထံတွင် အခြေခံကျမ်းစာများကို သင်ယူတတ်မြောက်ခဲ့ပါသည်။ ထို့နောက် ရဟန်းအဖြစ်သို့ရောက်ပြီးသော် စစ်ကိုင်းမြို့၊ ပဋ္ဌာန်းသိပ္ပံဆရာတော် ဘဒ္ဒန္တကုန္တက၊ ဧယျာသိန် ပါဠိတက္ကသိုလ်ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ ဘဒ္ဒန္တပညာသိရီ၊ ဘဒ္ဒန္တသံဝရ၊ ရန်ကုန်မြို့၊ သရက်တိုက် သာသနာ့ဝံသကျောင်းဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသ၊ ဘဒ္ဒန္တသီလဝံသ၊ ရေကူး သံဃတက္ကသိုလ်ဆရာတော် ဘဒ္ဒန္တယသောသိတ၊ ဘဒ္ဒန္တအာဒိစ္စမထေရ်မြတ်တို့ထံတွင် အထက်တန်းပညာရပ်များကို သင်ယူခဲ့ပြီး ပါဠိပထမပြန် စာမေးပွဲ ငယ်၊ လတ်၊ ကြီး၊ အစိုးရဓမ္မာစရိယစာချတန်း၊ အစိုးရအဘိဓမ္မာစာမေးပွဲနှင့် ဂုဏ်ထူးဆောင်ဋီကာကျော် ပ၊ ဒု၊ တ အဆင့်၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ နိုင်ငံတော်အစိုးရ ဂုဏ်ထူးဆောင် ဋီကာကျော်စာမေးပွဲ တစ်နိုင်ငံလုံးတတိယဂုဏ်ထူးရွှေတံဆိပ်၊ ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် မှ ဘီ•အေ(ဒဿနိက)၊ မဟာဂန္ထဝါစက အဂ္ဂမဟာဂန္ထဝါစကတို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တဥတ္တမသည် ရန်ကုန်တိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ ဂဏဝါစကအဖြစ် တာဝန်ယူဆောင်ရွက်ခြင်း၊ မန္တလေး၊ စစ်ကိုင်း၊ ဧရာဝတီ၊ မကွေးတိုင်းဒေသကြီးများ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းတို့မှ ကျောင်းအုပ်နှင့် သင်တန်းပြဆရာတော်များအား မွမ်းမံသင်တန်းများ ပို့ချပေးခြင်း၊ ရေကူး သံဃတက္ကသိုလ် သာသနာပြုသင်တန်းကျောင်း၌ ကထိကအဖြစ်ဆောင်ရွက်ခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)တွင် ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၊ ဌာနမှူးတာဝန်၊ ဒုတိယပါမောက္ခချုပ်တာဝန်များကို ၂၈-၇-၁၉၈၉ နေ့မှ ၁၅-၇-၂၀၀၈ နေ့အထိ အဆင့်ဆင့်တိုးမြှင့် ထမ်းဆောင်တော်မူခဲ့ပါသည်။

ယခုအခါ ဆရာတော်သည် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အောင်မြေ၀တီ ကျောင်းတိုက်၌ ပဓာနနာယကဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
## ဒုတိယပါမောက္ခချုပ်(စီမံရေးရာ)ဆရာတော်
## ဘဒ္ဒန္တကုမာရ

ဘဒ္ဒန္တကုမာရသည် ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ တောစွန်းကျေးရွာ၊ အဖ ဦးကျော်စိန် +အမိ ခင်လှတို့မှ မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်သည်။ မွေးချင်း(၇)ယောက်အနက် ပထမဆုံး ရတနာဖြစ်ပြီး ငယ်မည်မှာ မောင်ခင်စိုးဖြစ်သည်။

သက်တော် (၈)နှစ်အရွယ်တွင် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၊ တောစွန်းရပ်၊ တောစွန်း ကျောင်းဆရာတော် ဘဒ္ဒန္တအရိယဝံသမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ၍ ရှင်သာမဏေ အဖြစ်ရောက်ရှိတော်မူသည်။ ဘွဲ့တော်မှာ အရှင်ကုမာရဖြစ်သည်။ သက်တော်(၂၀)အရွယ် -ခုနှစ် တန်ခူးလဆုတ်(၃)ရက်၊ တနင်္လာနေ့ နံနက် (၈း၂၅)နာရီ (၉)ဖဝါး (၁)ဖီလာအချိန်တွင် ရန်ကုန်တိုင်း ကြီး၊ တောစွန်းကျေးရွာ မြောက်ကျောင်းဆရာတော် ဘဒ္ဒန္တအရိယဝံသမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ နှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူပါသည်။

ဆရာတော်သည် ဆရာကြီးဦးရွှေမောင်နှင့် ဘဒ္ဒန္တသာသနမဟာထေရ်မြတ်တို့ထံတွင် ပရိယတ်အခြေခံ စာများကို သင်ယူခဲ့ပါသည်။ ဘဒ္ဒန္တကုသလသာမီဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)မဟာဗောဓိကျောင်းတိုက်၊ မြို့၊ ဘဒ္ဒန္တသြဘာသ၊ ညောင်တုန်းကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ဘဒ္ဒန္တနန္ဒိယ(တိုက်အုပ်)၊ ဘဒ္ဒန္တပဏ္ဍိတ မဟာပဏ္ဍိတ)၊ ဘဒ္ဒန္တပညိန္ဒ(အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တနေမိန္ဒ(တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာ တ)၊ ဘဒ္ဒန္တကေလာသ (ဓမ္မာစရိယ၊ ဂဏဝါစက၊ ဘီအေ(ဂုဏ်ထူး) အဂ္ဂမဟာပဏ္ဍိတ)၊ မဟာဝိသုတာရာမ ပခုက္ကူမြို့တွင် ပရိယတ် အထက်တန်းစာပေများကို သင်ယူတော်မူခဲ့ပါသည်။

ဆရာတော်သည် အဘိဓမ္မာစာမေးပွဲ(သုံးဆင့်လုံး)၊ ဝိသုဒ္ဓိမဂ်စာမေးပွဲ(ပဲခူးတိုင်း၊ပထမ)၊ ပါဠိပထမပြန် ပွဲ၊ စာချတန်းစာမေးပွဲ(တတိယ) သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိအောင်မြင်တော်မူ၍ နိုင်ငံတော်အစိုးရမှ ဂန္ထဝါစကပဏ္ဍိတဘွဲ့၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တို့ကို ချီးမြှင့်ဆက်ကပ်လှူဒါန်း ကို ခံယူတော်မူရပါသည်။

ဆရာတော်သည် မဟာဗောဓိကျောင်းတိုက်၊ သုံးခွမြို့၌ ဂဏဝါစကတာဝန်၊ မဟာဝိသုတာရာမ ပါဠိမြန်မာ အဘိဓာန်နှင့် ပါဠိပဒ ပိဋကကျမ်းညွှန်း ကျမ်းပြုအဖွဲ့၊ အဖွဲ့ဝင်၊ သုံးခွမြို့နယ် သံဃနာယကအဖွဲ့ ဝင်၊ ပထမပြန်စာမေးပွဲ သုံးခွစာဖြေဌာန ကြီးကြပ်ရေးအဖွဲ့၊ အတွင်းရေးမှူး၊ သာသနာရေးဦးစီးဌာန ရေးအဖွဲ့ငယ်၊ (ပထမပြန်၊ ဓမ္မာစရိယ) အတွင်းရေးမှူး၊ ဒုတိယအကြိမ်၊ သံဃသမ္မုတိရသံဃကိုယ်စားလှယ်၊ တော်သံဃဗဟိုဝန်ဆောင်အဖွဲ့၊ အဖွဲ့ဝင်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် မော်ကွန်းထိန်း ဌာနစုမှူးတာဝန်၊ ဝိနယပိဋကမဟာဌာန ကထိကတာဝန်၊ မော်ကွန်းထိန်းဌာနတွင် မော်ကွန်းထိန်းတာဝန်၊ ပါမောက္ခချုပ်တာဝန်) အဖြစ် တာဝန်များ ၁၈-၄-၈၆ နေ့မှစ၍ အဆင့်ဆင့် တိုးမြှင့်ဆောင်ရွက်တော်မူခဲ့ သည်။

ဆရာတော်သည် သာသနာပြုခရီးစဉ်များအနေဖြင့် ၁၉၉၀-ခုနှစ်တွင် ဗုဒ္ဓဘာသာချစ်ကြည်ရေးနှင့် သင်ကြားမှုလေ့လာရေးအတွက် နီပေါ၊ အိန္ဒိယ၊ ဂျပန်၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံတို့တွင် တစ်လနှင့် ငါးရက်၊ -ခုနှစ်တွင် ပညာသင်ကြားမှုလေ့လာရေးအတွက် ထိုင်းငံတွင်(၉)ရက်၊ ၂၀၀၅-ခုနှစ်၊ ပညာသင်ကြားမှု ရေးအတွက် အိန္ဒိယနိုင်ငံတွင် ကြွရောက်သာသနာပြုတော်မူခဲ့ပါသည်။ ၂၀၁၁-ခုနှစ် ဧပြီလ (၂၃)ရက်နေ့ ထိုင်းနိုင်ငံအစိုးရမှ မဟာချူလာလောင်ကွန်တက္ကသိုလ်တွင် ချီးမြှင့်ဆက်ကပ်သည် "ဗုဒ္ဓဂုဏူပကာရ" ပြုဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ဖြင့် ဆက်ကပ်ခြင်းကို ခံယူတော်မူပါသည်။

ဆရာတော်သည် ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်တွင် ပဓာနနာယက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ဒုတိယပါမောက္ခချုပ်(စီမံ)တာဝန်တို့ကို ယနေ့တိုင် ဆောင်တော်မူလျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
## ဒုတိယပါမောက္ခချုပ်(သင်ကြားရေးရာ)ဆရာတော်
## ဘဒ္ဒန္တဇောတိက

ဆရာတော် ဘဒ္ဒန္တဇောတိကကို ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့နယ်၊ နောင်ဘိုကြီးကျေးရွာ၊ ခမည်းတော် ဦးထွန်းသင်+မယ်တော်ဒေါ်ငြိမ်းခင်တို့မှ ၁၃၁၃-ခုနှစ်၊ ဝါဆိုလဆန်း(၇)ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့နယ်၊ နောင်ဘိုကြီးကျေးရွာ ဝေဠုဝန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုမာရ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

၁၃၃၂-ခုနှစ်၊ တပေါင်းလဆုတ် (၁၅)ရက်၊ သောကြာနေ့ နံနက် ၈း၀၀ နာရီ အချိန်တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ တည်းကုန်းရပ်ကွက်၊ ပြည်ကျောင်းတိုက်၊ ခဏ္ဍသိမ်၌ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ မုရောင်းကျေးရွာ၊ ထားဝယ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေသရ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ကရင်ပြည်နယ်၊ ဘားအံမြို့၊ ဇီးတောရပ်ကွက် ဦးလင်းနေ+ဒေါ်သန်းနုမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်လောင်းလျာသည် ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့နယ်၊ နောင်ဘိုကြီးကျေးရွာ ဝေဠုဝန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုမာရ၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပြည်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒိမာ၊ မြောင်းမြမြို့ ပန္နောတာရုံတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိက၊ ထားဝယ်မြို့ ဃောသိတာရုံကျောင်းတိုကဆရာတော် ဘဒ္ဒန္တဃောသိတာဘိဝံသ၊ မန္တလေးမြို့ အနောက်ပြင် တောင်ထီးလင်းတိုက်၊ ဇောတိကာရုံအုတ်ကျောင်းဆရာတော် ဘဒ္ဒန္တဝဇီရဗုဒ္ဓိ တို့ထံတော်၌ ပညာရင်နို့ သောက်စို့ခဲ့ပြီး အမြင့်ဆုံးအောင်မြင်ခဲ့သော စာမေးပွဲများမှာ ပါဠိပထမပြန်နှင့် ဓမ္မာစရိယစာမေးပွဲ၌ ပထမကြီး၊ အစိုးရဓမ္မာစရိယ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်စာမေးပွဲ၌ မဟာဓမ္မာစရိယစာမေးပွဲတို့ ဖြစ်ပါသည်။ ရရှိခဲ့သော ဘွဲ့များမှာ သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့တို့ဖြစ်ပါသည်။ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်အနေဖြင့် မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်း ရရှိခဲ့ပါသည်။

ဆရာတော်သည် ဤနိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) စာကြည့်တိုက်ဌာနန၌ ဌာနမှူး အဖြစ် ၁၉၈၉-၁၉၉၀ အထိ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အဘိဓမ္မပိဋကမဟာဌာန၌ ၁၉၉၀-ခုနှစ်မှစ၍ ယနေ့တိုင်အောင် နည်းပြ၊ ကထိက၊ ပါမောက္ခအဖြစ် အဆင့်ဆင့် တာဝန်ထမ်းဆောင်ပြီး/ထမ်းဆောင်ဆဲ ဖြစ်ပါသည်။ ထို့ပြင် ၂၀၀၇ ခုနှစ်မှစ၍ ယခုတိုင် ဒုတိယပါမောက္ခချုပ်(သင်ကြား) တာဝန်ကိုပါ တိုးမြှင့်ပူးတွဲ ထမ်းဆောင်လျက် ရှိပါသည်။

ထို့ပြင် ဆရာတော်သည် ဇာတိရပ်ရွာ၌ ကလေးသူငယ်များအား ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ် ပို့ချခြင်း၊ ဇောပညာပါရမီရန်ပုံငွေကို ဖွဲ့စည်းတည်ထောင်၍ မွေးရပ်မြေရှိ ပညာသင်ကျောင်းသား/သူတို့အား ပညာသင်စရိတ် ထောက်ပံ့လှူဒါန်းခြင်းစသည့် သာသနာ့အကျိုးပြုလုပ်ငန်းများကိုလည်း ပြုလုပ်ဆောင်ရွက်လျက် ရှိပါသည်။ ဆရာတော်သည် ဓမ္မအတွေးအမြင်ဆောင်းပါးများ၊ ရသေ့ကျင့်ဝတ်ရသေ့ဓလေ့အမည်ရှိ ဘွဲ့ယူကျမ်းများ တို့ကို ရေးသားပြုစု ထုတ်ဝေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
# (ရန်ကုန်)

# ဝိနယပိဋကမဟာဌာန၌
# တာဝန်ထမ်းဆောင်ပြီး/ထမ်းဆောင်ဆဲ
# ဆရာများ၏
# အတ္ထုပ္ပတ္တိအကျဉ်း



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဝိနယပိဋကမဟာဌာန

**ပါမောက္ခ/ဌာနမှူးဆရာတော်**

## ဘဒ္ဒန္တအဘယာလင်္ကာရ

ဆရာတော်ဘဒ္ဒန္တအဘယာလင်္ကာရကို ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ မန်ကျည်းပေါက်ကုန်းကျေးရွာ ခမည်းတော် ဦးကျော်ငြိမ်း+ မယ်တော် ဒေါ်သိန်းဟန်တို့မှ ၁၃၀၇-ခုနှစ်၊ ဝါခေါင်လဆန်း ၁၁-ရက် (၁၉၊ ၈၊ ၁၉၄၅)၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်းနှစ်ယောက်ရှိရာတွင် အငယ်ဆုံးဖြစ်သည်။

ရွှေတောင်မြို့နယ်၊ မန်ကျေးပေါက်ကုန်းကျေးရွာ၊ သိပ္ပံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုမာရမဟာထေရ် မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရွှေတောင်မြို့နယ်၊ မန်ကျေးပေါက်ကုန်းကျေးရွာ၊ ခမည်းတော် ဦးကျော်ငြိမ်း+ မယ်တော် ဒေါ်သိန်းဟန်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့တော်မှာ ရှင်အဘယ ဖြစ်သည်။

၁၃၂၇-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄-ရက်၊ (၇-၁၁-၁၉၆၅) တနင်္ဂနွေနေ့၊ နံနက် ၈-နာရီ ၁၀-မိနစ်အချိန်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ညောင်လေးပင်ရပ်ကွက်၊ ဓမ္မဝိနယဝါဒီကျောင်း၊ ဗဒ္ဓသိမ်တော်၌ မြောင်းမြမြို့နယ်၊ ပဇ္ဇောတာရုံကျောင်းတိုက် ဘဒ္ဒန္တဉာဏိက မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြောင်းမြမြို့နေ၊ ဦးကရွှေပီးယား+ ဒေါ်သိန်းမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ရွှေတောင်မြို့နယ်၊ မန်ကျေးပေါက်ကုန်းကျေးရွာ၊ သိပ္ပံကျောင်းတိုက်၊ ပြည်မြို့နယ်၊ ဝိသုဒ္ဓါရုံ ဗာရာဏသီ ကျောင်းတိုက်၊ မြောင်းမြမြို့နယ်၊ ပဇ္ဇောတာရုံကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မဟာဂန္ဓာရုံ ကျောင်းတိုက်တို့၌ ပရိယတ္တိစာပေများသင်ယူခဲ့ပြီး သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့၊ ဒီဃနိကာယပါဠိပါရဂူဘွဲ့နှင့် ဝိနယပါဠိပါရဂူဘွဲ့တို့ကို ရရှိခဲ့သည်။

ဆရာတော်သည် အိမ်မဲမြို့၌ အောင်သိပ္ပံပရိယတ္တိစာသင်တိုက်ဖွင့်လှစ်၍ တပည့်သံဃာတော်များအား စာပေပို့ချပေးခြင်း၊ မြို့နယ်ဝိနည်းဓိုရ်တာဝန်ယူ၍ သာသနာရေးကိစ္စများကို ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ထို့အပြင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ဝိနယပိဋကမဟာဌာန၌ ၁၉၈၆-ခုနှစ်မှ ၁၉၉၁-ခုနှစ်အထိ နာယက (ပါမောက္ခ)တာဝန်ယူ၍ သင်ကြားရေးကိစ္စများကိုလည်း ဆောင်ရွက်ခဲ့သည်။ ထို့အပြင် အစိုးရဓမ္မာစရိယ ပါဠိဂုဏ်ထူးတန်းအတွက် ပါဠိပါရဂူလမ်းညွှန်ကျမ်းကိုလည်း ရေးသားပြုစုခဲ့သည်။

ဆရာတော်သည် ယခုအခါ အင်္ဂလန်နိုင်ငံ၊ ဘာမင်ဂန်မြို့၌ သီတင်းသုံးနေထိုင်၍ သာသနာရေးကိစ္စ များကို ဆောင်ရွက်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

ဝိနယပိဋကမဟာဌာန

**ပါမောက္ခ/ဌာနမှူးဆရာတော်**

## ဘဒ္ဒန္တသီလဝံသာဘိဝံသ

ဘဒ္ဒန္တသီလဝံသာဘိဝံသကို ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ကျောက်ချောင်း အရှေ့ယေရွာ၊ ဦးစိန်ဗိုလ်ဦး+ ဒေါ်စိန်မြတ်အေးတို့မှ သက္ကရာဇ် ၁၃၁၄-ခု၊ နတ်တော်လပြည့်ကျော် ၁၁-ရက်၊ သောကြာနေ့၊ နံနက် ၉-နာရီ အချိန်တွင် ဖွားမြင်တော်မူခဲ့ပါသည်။

အသက် ၁၀-နှစ်အရွယ်တွင် ရမ်းဗြဲမြို့နယ်၊ ကျောင်းစဉ်ကျောင်း၊ အနောက်ရွာရိပ်သာဆရာတော် ဦးဂုဏဝံသကို ဥပဇ္ဈာယ်ပြု၍ ကုန်ဘောင်ရွာ၊ ဦးကြီး ဦးရွှေကျော်ဦး+ ဒေါ်စောပုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေပြုခဲ့ပါသည်။ ဘွဲ့တော်မှာ ရှင်သီလဝံသဖြစ်ပါသည်။

၁၃၃၅-ခု၊ နယုန်လဆန်း ၃-ရက်၊ နံနက် ၈-နာရီ ၃၀-မိနစ်အချိန်တွင် တာမွေမြို့နယ်၊ ဆုထူးပန်ကျောင်း ခဏ္ဍသိမ်၌ ဘုရားကြီးတိုက်ဆရာတော် ဦးအာစိဏ္ဏကို ဥပဇ္ဈာယ်ပြု၍၊ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ ဆရာဝန် ဦးထွန်းမင်း+ ဒေါ်သန်းတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။

ရမ်းဗြဲမြို့နယ်၊ ကျောင်းစဉ်ကျောင်းရိပ်သာဆရာတော် ဦးသီလာစာရ၊ ဦးဂုဏဝံသ၊ ကျောက်ဖြူမြို့၊ ဘုရားကြီးကျောင်းတိုက်ဆရာတော် ဦးပဏ္ဍဝ၊ ဦးပဏ္ဍဝ၊ စစ်ကိုင်း ရွှေဟင်္သာတိုက်သစ် အဘိဓဇဆရာတော်ကြီး နှင့် ဦးသီရိသုမန၊ ဦးဝရိန္ဒ၊ ပဌာန်းသိပ္ပံဆရာတော်ကြီး၊ ပဌမဂန္ဓာရုံဆရာတော်ကြီး၊ သုဗောဓာရုံဆရာတော် ဦးနန္ဒမာလာဘိဝံသ၊ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်ဆရာတော်၊ ဦးသိရိန္ဒာဘိဝံသ၊ ဦးဥဇ္ဇောတိကာဘိဝံသ၊ မန္တလေးမြို့၊ ဝိသုဒ္ဓါရုံတိုက်သစ် ဦးအဂ္ဂဉာဏာဘိဝံသ၊ မစိုးရိမ်တိုက် ဦးကောဝိဒါဘိဝံသ တို့ထံတွင် ပညာသင်ကြားခဲ့ပါသည်။

သကျသီဟ, စေတိယင်္ဂဏ, အစိုးရစာချတန်းစာမေးပွဲများကို အောင်မြင်၍၊ သ, စ, အ,သိရီပဝရ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ-ဘွဲ့တံဆိပ်တော်များကို ရရှိခဲ့ပါသည်။

ကျောက်ဖြူမြို့၊ ဘုရားကြီးကျောင်းတိုက်၌ စာပေများပို့ချခဲ့ပြီး၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၌ ဖွင့်လှစ်စအချိန်ကပင် ဝိနယပိဋကမဟာဌာန၌ နယဒေသက (၂၈· ၄· ၈၆- ၂၈· ၇· ၈၉) အဘိဓမ္မပိဋက မဟာဌာန၌ ဂဏဝါစက (၂၈·၇·၈၉-၂၁·၁၁·၈၉)၊ ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌ ဌာနမှူး (၂၁·၁၁·၈၉-၁၇·၁၁·၉၀)၊ ဝိနယပိဋကမဟာဌာန၌ ပါမောက္ခ,ဌာနမှူး (၁၇·၁၁·၉၀ ဆောင်ရွက်ဆဲ) တာဝန်များကို ထမ်းဆောင်ပြီး, ထမ်းဆောင်လျက်ရှိပါသည်။ ထို့အပြင်လည်း ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၌ အောင်မြေရတနာကျောင်းတိုက်ကို တည်ထောင်ကာ စာသင်သား များစွာတို့အား စာပေပို့ချလျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဝိနယပိဋကမဟာဌာန
**ကထိကဆရာတော်**
## ဘဒ္ဒန္တဇဝနာဘိဝံသ

ဆရာတော် ဘဒ္ဒန္တဇဝနာဘိဝံသကို စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ မကျီးဘုတ်ကျေးရွာ၊ ခမည်းတော် ဦးကျော်မြ+ မယ်တော် ဒေါ်ငွေသာတို့မှ သက္ကရာဇ် ၁၃၁၁-ခုနှစ်၊ နယုန်လဆန်း ၁၃-ရက်၊ [illegible]နေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်းသုံးယောက်တွင် ပထမသားရတနာဖြစ်သည်။ ငယ်မည်မှာ မောင်ညိုကြီးဖြစ်သည်။

အသက် ၁၄-နှစ်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မကျီးဘုတ်ကျေးရွာ၊ ကံသာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတိလောကမထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဇဝနဖြစ်သည်။ အသက်နှစ်ဆယ်အရွယ် ၁၃၃၁-ခုနှစ်၊ ကဆုန်လဆုတ် ၄-ရက်၊ နံနက် ၇-နာရီ ၃၀-မိနစ်အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကျိုက္ကလားပါဠိကျောင်းတိုက် ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဦးဟန်စိန်+ ဒေါ်ပုကြီး မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ခဲ့သည်။ ဘွဲ့တော်မှာ အရှင်ဇဝနဖြစ်သည်။

ဆရာတော်သည် ဘဒ္ဒန္တတိလောက (မြောင်မြို့၊ ကံသာကျောင်းဆရာတော်) ဝွေးချိုတိုက်၊ မအူပင်အုန်း ကျောင်း ဆရာတော်၊ မြတောင်တိုက် သမ္ဘုတဆရာတော်၊ ရွှေဝါဝင်းကျောင်းဆရာတော်၊ ရန်ကုန် ဒေဝသာဂရ သိမ်ကုန်းကျောင်း ဆရာတော်၊ ရန်ကုန် အင်းလျားကန်ဖျားကျောင်းဆရာတော်တို့၏ထံတွင် အခြေခံနှင့် အထက်တန်း ကျမ်းစာ ပညာရပ်များကို သင်ယူတတ်မြောက်ခဲ့သည်။

အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီးနှင့် ဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊ သကျသီဟ ဓမ္မာစရိယ၊ ဘီအေတန်းများကို အောင်မြင်ခဲ့ပြီး၊ သာသနဓဇဓမ္မာစရိယ၊ သဒ္ဓမ္မပါလဓမ္မာစရိယ၊ စေတိယင်္ဂဏ ဓမ္မာစရိယ၊ သကျသီဟဓမ္မာစရိယ၊ ဘီအေဘွဲ့များနှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့များကို ရရှိခဲ့သည်။

ဆရာတော်သည် ဒေဝသာဂရသိမ်ကုန်းကျောင်းတိုက်၊ မော်လမြိုင်ကျောင်းတိုက်၊ အင်းလျားကန်ဖျားကျောင်း တိုက်တို့၌ ပရိယတ္တိစာပေများကို ပို့ချခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဝိနယပိဋကမဟာဌာန၌ ဂဏဝါစက(ကထိက)တာဝန်ကို (၃၀-၅-၁၉၈၆)နေ့မှ(၇· ၆· ၁၉၈၇)နေ့အထိ ဆောင်ရွက်ခဲ့ပါသည်။

ယခုအခါ ဇဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အင်းလျားကန်ဖျားတိုက်သစ်၌ ပရိယတ္တိစာပေများကို ပို့ချပြီး သီတင်းသုံးနေထိုင်လျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဝိနယပိဋကမဟာဌာန
## ကထိကဆရာတော်
## ဘဒ္ဒန္တပညာသာမိ

ဆရာတော် ဘဒ္ဒန္တပညာသာမိကို တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ဇဟာကျေးရွာ၊ ခမည်းတော် ဦးဖေခင်+ မယ်တော် ဒေါ်မြညိမ်းတို့မှ ၁၃၁၁-ခုနှစ်၊ တပို့တွဲလဆန်း ၉-ရက် (၂၆·၁·၁၉၅၀)၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်းငါးယောက်ရှိရာတွင် ဒုတိယမြောက် သားရတနာဖြစ်သည်။

သက်တော် ၁၃-နှစ်အရွယ်တွင် ထားဝယ်မြို့နယ်၊ ဇဟာကျေးရွာ၊ ဇဟာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ထားဝယ်မြို့နယ်၊ ဇဟာကျေးရွာ၊ ခမည်းတော် ဦးဖေခင်+ မယ်တော် ဒေါ်မြညိမ်းတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့တော်မှာ ရှင်ပညာသာမိဖြစ်သည်။

၁၃၃၁-ခုနှစ်၊ တပေါင်းလဆန်း ၁၅-ရက်(၂၂· ၃· ၁၉၇၀)၊ တနင်္ဂနွေနေ့၊ နံနက် ၆-နာရီ ၅၃-မိနစ်အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မဟာဗောဓိကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ပဒ္ဓေါတာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိကမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့၊ ၉-ရက်ကွက်နေ ဦးညွန့်တင်+ ဒေါ်တုပ် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ရှင်ရဟန်းဖြစ်ပြီးနောက် ထားဝယ်မြို့နယ်၊ ဇဟာကျေးရွာ၊ ဇဟာကျောင်းတိုက်ဆရာတော်၊ ထားဝယ်မြို့ ပဒ္ဓေါတာရာမကျောင်းတိုက်ဆရာတော်၊ ထားဝယ်မြို့ ဃောသိတာရာမကျောင်းတိုက်ဆရာတော်၊ မြောင်းမြမြို့-ပဒ္ဓေါတာရာမကျောင်းတိုက်ဆရာတော်၊ မန္တလေးမြို့၊ အနောက်ပြင် အဘယာရာမကျောင်းတိုက်ဆရာတော်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ဆရာတော်များ၏ အထံတော်၌ ပရိယတ္တိစာပေများကို သင်ယူခဲ့ပြီး အစိုးရဓမ္မာစရိယနှင့် မြန်မာဂုဏ်ထူးတန်းတို့ကို အောင်မြင်ခဲ့၍ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်၊ နိုင်ငံတော်အစိုးရမှ ဆက်ကပ်သော မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တို့ကိုလည်း ရရှိခဲ့သည်။

ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်းတိုက်၌ ဂဏဝါစက(စာချ)တာဝန်နှင့် တိပိဋကပါဠိမြန်မာအဘိဓာန်ပါဠိပဒပိဋကကျမ်းညွှန်း ကျမ်းပြုအဖွဲ့ အဖွဲ့ဝင်တာဝန်ကိုလည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဝိနယပိဋကမဟာဌာန၌ နယဒေသက(နည်းပြ)တာဝန်နှင့် ဂဏဝါစက(ကထိက)တာဝန်တို့ကိုလည်းကောင်း ဆောင်ရွက်ခဲ့သည်။

ဆရာတော်သည် ယခုအခါ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဃောသိတာရာမကျောင်းတိုက်၌ ဂဏဝါစက(စာချ)တာဝန်ယူ၍ သင်ကြားရေးကိစ္စများကို ဆောင်ရွက်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဝိနယပိဋကမဟာဌာန

## ကထိကဆရာတော်

## ဘဒ္ဒန္တစန္ဒဝရ

ဆရာတော် ဘဒ္ဒန္တစန္ဒဝရကို ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်(ယခုလပ္ပတ္တာမြို့နယ်)၊ ကမ်းနီကျေးရွာ၌ ခမည်းတော် ဦးအောင်ရိန်+မယ်တော် ဒေါ်တင်ဟန်တို့မှ ၁၃၁၅-ခုနှစ်၊ တပေါင်းလဆန်း၁၂-ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်းခြောက်ယောက်တို့တွင် တတိယမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်စိုးမြင့်အောင် ဖြစ်ပါသည်။

၁၁-နှစ်သားအရွယ်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကမ်းနီရွာကျောင်းဆရာတော် ဘဒ္ဒန္တဥာဏဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့တော်မှာ ရှင်စန္ဒဝရဖြစ်သည်။ ၁၃၃၅-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၅)ရက်၊ နံနက် (၈း၃၅)အချိန်တွင် မြောင်းမြမြို့၊ အောင်ဆန်းလမ်းနေ ဒေါ်စိန်တင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြောင်းမြမြို့၊ ဇေယျမေဒနီကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ပထမ ဇေယျမေဒနီဆရာတော် ဘဒ္ဒန္တပဏ္ဍိတမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်သည် ကမ်းနီရွာကျောင်း၊ ဇေယျမေဒနီကျောင်းတိုက်(မြောင်းမြမြို့)၊ မဟာဗောဓိမြိုင်ကျောင်းတိုက် (မြောင်းမြမြို့)၊ မဟာဂန္ဓာရုံကျောင်းတိုက် (အမရပူရမြို့၊ မန္တလေး)၊ မဟာဗောဓိကျောင်းတိုက် (မန္တလေး)၊ ရွှေဟင်္သာတောရကျောင်းတိုက်(ညောင်တုန်းမြို့၊ ဧရာဝတီတိုင်း)၊ မဟာစည်သာသနာ့ရိပ်သာ (ရန်ကုန်)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)တို့၌ ပညာသင်ယူခဲ့ပြီး သာသနပါလဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ, M.A(Buddhism)ဘွဲ့တို့ကို ရရှိတော်မူပြီး နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းသော မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်း ရရှိတော်မူပါသည်။

ဆရာတော်သည် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဘီအိုစီပိဋကတ်တိုက်ကျောင်း ပဓာနနာယက ဆရာတော်ဖြစ်တော်မူပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဝိနယပိဋကမဟာဌာန၌ နည်းပြတာဝန်ကို (၂၈·၇·၁၉၈၉) မှ (၃·၁၂·၁၉၉၄)အထိ ထမ်းဆောင်တော်မူခဲ့ပြီး (၄· ၁၂· ၁၉၉၄)မှ ယခုအချိန်ထိ ဝိနယပိဋကမဟာဌာန၌ ကထိကတာဝန်ကို တိုးမြှင့်ထမ်းဆောင်တော်မူလျက် သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဝိနယပိဋကမဟာဌာန

## ကထိကဆရာတော်

## ဘဒ္ဒန္တနန္ဒသေနာလင်္ကာရ

ဆရာတော် ဘဒ္ဒန္တနန္ဒသေနာလင်္ကာရကို ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ကုန်းတန်းရွာ၌ ခမည်းတော် ဦးစောအောင်+မယ်တော် ဒေါ်စိန်လှခိုင်တို့မှ သက္ကရာဇ် ၁၃၁၉-ခုနှစ်၊ တန်ခူးလဆန်း ၁၄-ရက်၊ စနေနေ့တွင် ဖွားမြင်တော်မူခဲ့သည်။ မွေးချင်းငါးယောက်တို့တွင် ဒုတိယမြောက် သားရတနာ ဖြစ်သည်။

ဆရာတော်လောင်းလျာသည် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကုန်းတန်းရွာကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့မည်မှာ ရှင်နန္ဒသေနဖြစ်သည်။ ၁၃၄၀-ပြည့်နှစ် ဝါဆိုလဆန်း ၅-ရက်၊ တနင်္ဂနွေနေ့၊ နံနက် ၇း ၃၀-နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့၊ တောင်ပိုင်းရပ်၊ ရွှေမင်းသမီး ဆေးလိပ်ခုံပိုင်ရှင် ဦးကျော်ဖံ+ဒေါ်မြမြတို့၏ ပစ္စယာနုဂ္ဂဟဖြင့် အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသကို ဥပဇ္ဈာယ်ပြု၍ ရေသဖန်းကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ မန္တလေးမြို့-မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တို့၌ ပညာသင်ကြားခဲ့ပြီး၊ ပရိယတ္တိသာသနာလင်္ကာရဘွဲ့၊ သာသနဓဇ ဓမ္မာစရိယဘွဲ့၊ မဟာဓမ္မာစရိယ M.A ဘွဲ့တို့ကို ရရှိခဲ့သည်။ နိုင်ငံတော်အစိုးရမှ ဆက်ကပ်သော မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ ကိုလည်း ရရှိခဲ့သည်။ ဓမ္မပါရဂူဘွဲ့အတွက် ကျမ်းပြုဆဲဖြစ်သည်။

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်း၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်တို့တွင် စာပေပို့ချခဲ့ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဝိနယပိဋကမဟာဌာန၌ (၁၆· ၆· ၁၉၉၀)မှစ၍ နယဒေသကတာဝန်ကိုလည်းကောင်း၊ (၇· ၁· ၂၀၀၂)မှစ၍ ကထိကတာဝန်ကိုလည်းကောင်း ထမ်းဆောင်ခဲ့၊ ထမ်းဆောင်ဆဲဖြစ်သည်။ ဘာသာရေး အနှစ်သာရများ စာစဉ် (၁-၂-၃)စာအုပ်များရေးသားပြီး ၂၀၀၃-ခုနှစ်တွင် ဓမ္မဗိမာန် ဓမ္မစာပေ ပထမဆု၊ ဆန်းလွင်ဓမ္မစာပေ ပထမဆုတို့ကို ရရှိခဲ့သည်။ ဒဂုံတောင်ပိုင်း၊ (၂၀)ရပ်ကွက်၊ မဟာအောင်မြေကန်ဦးကျောင်းတိုက်၏ ပဓာနနာယကတာဝန်၊ မြို့နယ်ဝိနိစ္ဆယတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဝိနယပိဋကမဟာဌာန

## ကထိကဆရာတော်

## ဘဒ္ဒန္တကောဏ္ဍည

ဆရာတော် ဘဒ္ဒန္တကောဏ္ဍညကို စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ မူးသာကုန်းကျေးရွာ၌ ခမည်းတော် ဦးခင်အောင်+ မယ်တော် ဒေါ်ခင်မြတို့မှ သက္ကရာဇ် ၁၃၃၀-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁-ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူခဲ့သည်။ မစိန်ကြည်၊ မစိန်ဦး၊ မောင်ရွှေထွန်း၊ မစိန်ရင်၊ မစိန်တင်၊ မောင်ဝင်းဗိုလ်အားဖြင့် မောင်နှမချင်းခြောက်ယောက်တို့တွင် ဆဋ္ဌမမြောက်သားရတနာဖြစ်သည်။

ရေဦးမြို့နယ်၊ မူးသာကုန်းကျေးရွာ၊ မူးသာကုန်းကျောင်းဆရာတော် ဘဒ္ဒန္တရေဝတမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ကောဏ္ဍည ဖြစ်သည်။

၁၃၅၁-ခုနှစ်၊ တန်ခူးလဆန်း ၁၅-ရက်၊ ကြာသပတေးနေ့၊ နံနက် ၈း ၀၀-နာရီအချိန်တွင် ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ကမာဖရုံကျေးရွာ၊ ဦးအောင်သိန်း+ ဒေါ်ပုလေးမိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဒိုက်ဦးမြို့နယ်၊ ကမာဖရုံကျေးရွာ၊ ကမာဖရုံကျောင်းတိုက်ရှိ ခဏ္ဍသိမ်၌ ကမာဖရုံကျေးရွာ၊ စက်ရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

မူးသာကုန်းကျေးရွာ၊ မူးသာကုန်းကျောင်း၊ မန္တလေးမြို့၊ မဟာသန္တာရုံကျောင်းတိုက်၊ မစိုးရိမ်တိုက်သစ်၊ ...မြို့၊ မြသိန်းတန်ကျောင်း၊ ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ် ကျောင်းတိုက်တို့၌ ပညာဆည်းပူးခဲ့ပြီး ...အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)သို့တက်ရောက်ကာ သာသနတက္ကသီလ ...ရိယ B.A (Buddhism)ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A(Buddhism)ဘွဲ့တို့ကို ရယူခဲ့ပြီး ...ထိန်းဌာန၌ သင်ကြားရေးရာဌာနစုမှူးတာဝန်၊ ဝိနယပိဋကမဟာဌာန၌ နယဒေသကတာဝန်၊ ကထိက ...နှင့် မြို့ရွာများသို့ ကြွရောက်ကာ တရားဟောပြောပြသခြင်း၊ အင်္ဂလိပ်စာနှင့်တွဲဖက်၍ ဗုဒ္ဓဘာသာယဉ်ကျေးမှု ...န်း ဖွင့်လှစ်သင်ကြားပေးခြင်းတို့ကို ပြုလုပ်လျက် သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဝိနယပိဋကမဟာဌာန
**ကထိကဆရာတော်**
**ဘဒ္ဒန္တဇနိန္ဒ**

ဆရာတော် ဘဒ္ဒန္တဇနိန္ဒကို ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သက္ကယ်ကျွန်းကျေးရွာ ခမည်းတော် ဦးကျော့ကြီး +မယ်တော် ဒေါ်ယဉ်တင်နုတို့မှ သက္ကရာဇ် ၁၃၂၈-ခုနှစ်၊ နတ်တော်လဆန်း ၁၅-ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့သည်။ မွေးချင်းခြောက်ယောက်တို့တွင် ဒုတိယမြောက်သားရတနာဖြစ်သည်။

ဆရာတော်လောင်းလျာသည် သက္ကယ်ကျွန်းကျောင်းတွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ယင်းကျောင်းဆရာတော်ဘဒ္ဒန္တကုန္ဒာစာရမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဥပဇ္ဈာယ်ဆရာတော်က ရှင်ဇနိန္ဒဟု ဘွဲ့မည်ပေးခဲ့သည်။

၁၃၄၈-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁-ရက်၊ တနင်္ဂနွေနေ့ နံနက် ၇း၄၀ နာရီ၊ ၁၁-ဖဝါး၊ ၁-ဇီလာအချိန်တွင် ပုသိမ်မြို့၊ မရမ်းချိုရပ်ကွက် ဦးဘိုကြီး+ ဒေါ်ဖွားနု မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပုသိမ်မြို့၊ အမှတ် (၃)ရပ်ကွက်၊ ပစ္ဆိမာရုံကျောင်း ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တဇာဂရိယထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် သက္ကယ်ကျွန်းကျောင်းဆရာတော်၊ ပုသိမ်မြို့၊ ပစ္ဆိမာရုံကျောင်းဆရာတော်နှင့် စာချဆရာတော်များ၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရစာသင်တိုက်ဆရာတော်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) သင်ကြားစီမံဆရာတော်များထံ၌ ပညာသင်ကြားခဲ့ပြီး ငယ်,လတ်,ကြီး၊ ဓမ္မာစရိယ၊ သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ပုသိမ်မြို့၊ ပစ္ဆိမာရုံကျောင်းတိုက်တွင် စာချတာဝန်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်) တွင် (၂၈. ၁. ၉၆)ခုနှစ်၌ ရခိုင်ပြည်နယ် ဝိဇ္ဇာလယကျောင်းဆောင် လက်ထောက်အဆောင်မှူးတာဝန်၊ (၇. ၆. ၉၇)ခုနှစ်၌ ကယားပြည်နယ်ဝိဇ္ဇာလယကျောင်းဆောင် အဆောင်မှူးတာဝန်တို့ကို အသီးသီးဆောင်ရွက်ခဲ့ပြီး ဝိနယပိဋကမဟာဌာန၌ နယဒေသကတာဝန်(၁၁.၁.၁၉၉၇)၊ ကထိကတာဝန်များကိုလည်း ထမ်းဆောင်ခဲ့ပါသည်။ ယခုအခါ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့၊ ကမ်းနားကျောင်း၌ သာသနာ့တာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဝိနယပိဋကမဟာဌာန

## ကထိကဆရာတော်
## ဘဒ္ဒန္တတေဇိန္ဒ

ဆရာတော် ဘဒ္ဒန္တတေဇိန္ဒကို ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ဇင်ချောင်းအုပ်စု၊ တောင်ရင်းကျေးရွာ နေ ဒည်းတော် ဦးထွန်းကျော်အောင်+ မယ်တော် ဒေါ်ဦးမစိန်တို့မှ သက္ကရာဇ် ၁၃၃၀-ပြည့်နှစ်၊ သီတင်းကျွတ် လဆန်း ၇-ရက်၊ စနေနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း(၁၂)ယောက်တို့တွင် ဒုတိယ မြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်လှကျော်မောင်ဖြစ်သည်။

အသက် ၉-နှစ်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် တောင်ရင်းကျောင်းဆရာတော် ဘဒ္ဒန္တဇဝန ထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်တေဇိန္ဒဖြစ်သည်။ အသက် ၂၀-အရွယ် ၁၃၅၀-ပြည့်နှစ်၊ တပို့တွဲလဆန်း ၂-ရက်၊ အင်္ဂါနေ့နံနက် ၈း၅၅ နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့၊ ဇောမိကုန်းရပ်ကွက်၊ တေဇာရာမကျောင်းတိုက် ခဏ္ဍသိမ်၌ ဘူတာရပ်ကွက်၊ ဘုရားကြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကိတ္တိဝရမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဈေးရပ်ကွက်၊ သုခလမ်းနေ (ဦးထွန်းလှိုင်)+ ဒေါ်သိန်းနွဲ့၊ သမီး မလှလှဝင်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် တောင်ရင်းကျောင်းဆရာတော် ဘဒ္ဒန္တဇဝန၊ ကုန်ဗွေကျောင်းဆရာတော် ဘဒ္ဒန္တဇနိတ၊ ကျောက်ဖြူမြို့၊ ဘုရားကြီးကျောင်းတိုက် ဘဒ္ဒန္တပဏ္ဍဝ၊ ဘဒ္ဒန္တသီလဝံသာဘိဝံသ၊ ဘဒ္ဒန္တသုမင်္ဂလ၊ တိုက်ကြီးမြို့ တေဇာရာမကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ၊ ညောင်တုန်းမြို့၊ ရွှေဟင်္သာ တောရကျောင်းတိုက် ဘဒ္ဒန္တ ...သာဘိဝံသ၊ ဘဒ္ဒန္တကုသလာဘိဝံသ၊ ဘဒ္ဒန္တပညာဇောတ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်( ရန်ကုန်) ...ကွာချုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသစသော သင်ကြား/စီမံဆရာတော်များ၊ ဆရာကြီးဦးစံတင်စသော ...ရှင်ဆရာကြီးများ၏ အထံတွင် စာပေများ သင်ယူတတ်မြောက်ခဲ့သည်။ အစိုးရ ငယ်လတ်ကြီးနှင့် ...ဓမ္မာစရိယ ...ကထိက၊ သီလက္ခန် ၂-ကျမ်း အောင်မြင်ပြီး သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism)၊ သာသန ...သီလမဟာဓမ္မာစရိယ M.A (Buddhism)ဘွဲ့များကို ရရှိခဲ့ပါသည်။

တိုက်ကြီးမြို့၊ တေဇာရာမကျောင်းတိုက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အောင်မြေရတနာကျောင်းတိုက် ...၌ မူ,ငယ်,လတ် စာဝါများကို ပို့ချခဲ့သည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဝိနယ ပိဋကမဟာဌာနတွင် ပထမနှစ်၊ ဒုတိယနှစ်နှင့် မဟာဓမ္မာစရိယပထမနှစ် သင်တန်းများကို ပို့ချပြီး စတုတ္ထနှစ် ...-**"ပါရာဇိကကဏ္ဍအဋ္ဌကထာဂန္ထာရုဏ္ဍကထာလေ့လာ သုံးသပ်ချက်"**၊ မဟာကျမ်း **"အရှင်အာနန္ဒာ၏ ...ဆိုက်သောအတိတ်ဘဝများ"**တို့ကို ပြုစုရေးသား တင်သွင်းခဲ့သည်။ ယခုအချိန်တွင် ဓမ္မပါရဂူ ကျမ်း **'THE ...LE OF METTA IN SOCIAL DEVELOPMENT"** ကို ပြုစုရေးသားနေသည်။

ဆရာတော်သည် (၁၈·၈·၁၉၉၇)နေ့တွင် ကယားပြည်နယ်ဝိဇ္ဇာလယကျောင်းဆောင်၏ လ/ထ အဆောင် ...တာဝန်နှင့် (၂၅·၁·၁၉၉၈)နေ့တွင် ဝိနယပိဋကမဟာဌာန၏ နယဒေသက (နည်းပြ)တာဝန်တို့ကို စတင် ဆောင်ရွက်ခဲ့ပြီး (၂၇· ၆· ၂၀၀၄)နေ့မှစ၍ အဆောင်မှူးတာဝန်နှင့် (၂၃· ၉· ၂၀၀၆)နေ့မှစ၍ ဝိနယပိဋက မဟာဌာန၏ ဂဏာဝါစက(ကထိက)တာဝန်တို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဝိနယပိဋကမဟာဌာန
**ကထိကဆရာတော်**
**ဘဒ္ဒန္တစန္ဒိမာ**

ဆရာတော်ဘဒ္ဒန္တစန္ဒိမာကို စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ တဲကြီးကုန်းကျေးရွာ၊ ခမည်းတော် ဦးသင်းကြိုင်+မယ်တော် ဒေါ်တင်သိန်းတို့မှ သက္ကရာဇ် ၁၃၃၂-ခုနှစ်၊ နယုန်လဆန်း ၁၂-ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။ ကိုဋ္ဌေးမောင်၊ ကိုဋ္ဌေးဝင်း၊ ကိုဋ္ဌေးမင်း၊ ကိုဋ္ဌေးလှ၊ မဋ္ဌေးမြိုင်၊ မဋ္ဌေးရင်၊ မဋ္ဌေးနု၊ ကိုဋ္ဌေးညို၊ ကိုဋ္ဌေးညွန့်၊ မမြင့်မြင့်သန်းအားဖြင့် မွေးချင်း (၁၀)ယောက်တွင် အဋ္ဌမမြောက်သားရတနာဖြစ်၍ ငယ်မည်မှာ မောင်ဋ္ဌေးညို ဖြစ်သည်။

ဆရာတော်လောင်းလျာသည် မုံရွာမြို့နယ်၊ တဲကြီးကုန်းကျေးရွာ၊ တောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့တော်မှာ ရှင်စန္ဒိမာ ဖြစ်သည်။

ရှင်စန္ဒိမာသည် ၁၃၅၁-ခုနှစ်၊ နတ်တော်လဆန်း ၁၂-ရက်၊ စနေနေ့ ညနေ ၄း၀၀-နာရီ ၄၅-မိနစ် အချိန်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ လယ်တီကွင်းရပ်ကွက်၊ ဦးခင်မောင်+ ဒေါ်ခင်ရွှေမိသားစု တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဟင်္သာတမြို့နယ်၊ လယ်တီကွင်းရပ်ကွက်၊ အမတဒါယီကျောင်းတိုက် ခဏ္ဍသီမ်၌ ပိတောက်ကုန်းကျေးရွာ၊ ပိတောက်ကုန်းကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍာစာရမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

အရှင်စန္ဒိမာသည် ပိတောက်ကုန်းကျေးရွာ၊ ပိတောက်ကုန်းကျောင်း၊ ပုသိမ်မြို့၊ မြောင်းမြကျောင်း ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရအခြေပြုမူလတန်း ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)သို့တက်ရောက်ကာ သာသနာ့တက္ကသိုလ် ဓမ္မာစရိယ B.A (Buddhism)ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism)ဘွဲ့တို့ကို ရယူခဲ့ပြီး ဝိနယပိဋကမဟာဌာန၌ (၆· ၆· ၂၀၀၂)နေ့တွင် နယဒေသကတာဝန်၊ (၁၀- ၉· ၂၀၀၉)နေ့တွင် ကထိကတာဝန် ကို ထမ်းဆောင်လျက် အနယ်နယ်အရပ်ရပ်သို့ကြွရောက်ပြီး တရားဓမ္မများဟောကြားကာ သာသနာပြု တော်မူလျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





### နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
### ဝိနယပိဋကမဟာဌာန
## နည်းပြဆရာတော်
## ဘဒ္ဒန္တဝိမလ

ဆရာတော် ဘဒ္ဒန္တဝိမလကို ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ မရမ်းချောင်းရပ်ကွက်၌ [illegible]တော် ဦးထွန်းဟန်+မယ်တော် ဒေါ်စိန်ပုံတို့မှ ၁၃၁၁-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃-ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်းနှစ်ယောက်တွင် သားဦးရတနာဖြစ်သည်။

၁၁-နှစ်သားအရွယ်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဝါးခယ်မမြို့နယ်၊ ကျွန်းကုန်းကျေးရွာ၊ ရွှေကျင်တိုက်သစ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မိကမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဝိမလဖြစ်သည်။ ၁၃၃၁-ခုနှစ်၊ ကဆုန်လဆုတ် ၅-ရက်၊ နံနက် (၈း ၁၅)နာရီ အချိန်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ညောင်လေးပင်ရပ်ကွက်၊ ပဓ္ဓောတာရုံကျောင်းတိုက် [illegible]သိမ်တော်၌ ဆရာတော် ဘဒ္ဒန္တဉာဏိကမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ညောင်လေးပင်ရပ်ကွက်၊ ဒေါ်သိန်းကြည် [illegible]တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် ဘဒ္ဒန္တစိန္တာမယာဘိဝံသ (ဝါးခယ်မ၊ သာသနဟိတကာရီဆရာတော်)၊ ဘဒ္ဒန္တဉာဏိက (မြောင်းမြ၊ ပဓ္ဓောတာရုံဆရာတော်)၊ ဘဒ္ဒန္တဓမ္မိက (ရွှေကျင်ကျောင်းသစ်ဆရာတော်)တို့၏ထံတွင် အခြေခံနှင့် အဆက်တန်းပညာရပ်များကို သင်ယူတတ်မြောက်ခဲ့သည်။ အစိုးရဓမ္မာစရိယနှင့် ပါဠိဂုဏ်ထူးတန်းများကို အောင်မြင်ပြီး သာသနဓဇဓမ္မာစရိယ၊ ဒီဃနိကာယပါဠိပါရဂူဘွဲ့များကို ရရှိခဲ့သည်။

ဆရာတော်သည် စာသင်သားငယ်များအား စာဝါပို့ချခြင်း၊ “ငြိမ်းချမ်းသာသနာ” ဟူသော အမည်ဖြင့် မြို့ကျေးလက်များတွင် သာသနာပြုဟောပြောခြင်း၊ ပါဠိမိသားစုဖွဲ့ရန် ပါဠိစာစောင်ထုတ်ဝေခြင်း၊ ဝါးခယ်မမြို့နယ်၊ [illegible]ည်းခိုရ်အဖြစ်ဆောင်ရွက်ခြင်း၊ မြို့နယ်ပညာရေးအဖွဲ့များ၌ပါဝင်ခဲ့ခြင်း၊ ဓမ္မာစရိယစာသင်သားများကို [illegible]န့်လက်ခံပြီး အထူးပို့ချသင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဝိနယပိဋကမဟာဌာန၌ နည်းပြတာဝန်ကို (၉. ၉. ၁၉၈၆)နေ့မှ (၁၈. ၆. ၁၉၈၈)အထိ ဆောင်ရွက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

ဝိနယပိဋကမဟာဌာန၊

**နည်းပြဆရာတော်**

**ဘဒ္ဒန္တခေမာစာရ**

ဆရာတော် ဘဒ္ဒန္တခေမာစာရကို ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ရမ်းသစ်ကြီးကျေးရွာ ခမည်းတော် ဦးဖိုးပွင့်+ မယ်တော် ဒေါ်အေးပွင့်စိန်တို့မှ သက္ကရာဇ် ၁၃၁၆-ခုနှစ်၊ တော်သလင်းလဆုတ် (၁)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်းလေးယောက်တို့တွင် ဒုတိယမြောက်သားရတနာဖြစ်၍ ငယ်မည်မှာ မောင်အောင်ထွန်းစံ ဖြစ်သည်။

သက်တော် ၁၂-နှစ်အရွယ်တွင် ရမ်းသစ်ကြီးကျေးရွာ၊ ဦးမောင်ပု+ ဒေါ်မစောဖြူ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရမ်းသစ်ကြီးကျေးရွာ၊ ရမ်းသစ်ကြီး အညာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမောက္ခကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်၊ ဘွဲ့မည်မှာ ရှင်ခေမာစရဖြစ်သည်။ ၁၃၃၅-ခုနှစ် တပေါင်းလဆုတ် ၈-ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၈း၄၅)မိနစ်အချိန်တွင် ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ် နန့်ရင်းကျေးရွာ၊ ဦးရုံးချို+ ဒေါ်ခင်မေ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် နန့်ရင်းကျေးရွာ၊ အလယ်ကျောင်းတိုက် ခဏ္ဍသိမ်တွင် မဇ္ဈိမာရာမစာသင်တိုက် ဆရာတော်ဘဒ္ဒန္တတိလောက (အဘိဓဇမဟာရဋ္ဌဂုရု)မထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ရမ်းသစ်ကြီး အညာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိမောက္ခ၊ မိုးကောင်းမြို့ မဇ္ဈိမာရာမစာသင်တိုက် ဆရာတော် ဘဒ္ဒန္တတိလောကနှင့် စာချဆရာတော်များ၊ ပဲခူးမြို့၊ သာသနာ့ မဏ္ဍိုင်ကျောင်းတိုက် ဆရာတော်နှင့် စာချဆရာတော်များ၊ မြစ်ကြီးနားမြို့၊ ခေမာသီဝံကျောင်းတိုက် ဆရာတော်နှင့် စာချဆရာတော်များ၊ သုံးခွမြို့၊ ဟံသာဝတီကျောင်းတိုက်ဆရာတော်၊ မင်းကွန်းတိပိဋကနိကာယကျောင်း၊ ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရ ဘိဝံသနှင့် ဆရာတော်များထံတွင် ပညာသင်ကြားခဲ့ပြီး သာသနဓဇဓမ္မာစရိယ၊ သာသနာနုဂ္ဂဟဓမ္မာစရိယ (သံတွဲမြို့)၊ သာသနဇောတိပါလဓမ္မာစရိယ (သထုံမြို့)၊ ဥဘတောဝိဘင်္ဂဓေ တက္ကသီလမဟာဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့ပါသည်။

မြစ်ကြီးနားမြို့၊ ခေမာသီဝံကျောင်းတိုက်၊ မိုးကောင်းမြို့၊ မဟာတိလောကာရာမစာသင် တိုက်နှင့် သာသနာ့ ရိပ်သာ၊ သုံးခွမြို့၊ ဟံသာဝတီကျောင်းတိုက်၊ ပြည်မြို့၊ သီရိမင်္ဂလာကျောင်းတိုက်တို့၌ စာချခြင်း တရားဟောခြင်း တာဝန်များကို ထမ်းဆောင်ခဲ့သည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်၊ ဝိနယပိဋက မဟာဌာန၌ နယဒေသကတာဝန်ကို (၂၅-၁၁-၁၉၉၂)မှ (၁၉၉၅)ထိ ထမ်းဆောင်ခြင်းဖြင့် ဗုဒ္ဓသာသနာတော်မြတ် သန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်တော်မူခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဝိနယပိဋကမဟာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တနန္ဒဝံသ**

ဆရာတော် ဘဒ္ဒန္တနန္ဒဝံသကို တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ သပြေချောင်းကျေးရွာ၌ ခမည်းတော် ဦးဘိုးညွန့်+ မယ်တော် ဒေါ်စီအိုတို့မှ ၁၃၂၀-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆-ရက်၊ စနေနေ့တွင် ဖွားမြင်တော်မူသည်။ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သပြေချောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေပြုခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၉-ရပ်ကွက်၊ ဝိဇ္ဇောတာရုံကျောင်းတိုက်၊ ဓမ္မသီဂီသိမ်၌ ဝိဇ္ဇောတာရုံ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိဇ္ဇောတ(အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြု၍ ရန်ကင်းမြို့နယ်၊ ဒါးမီးရပ်ကွက်၊ ဦးရွှေတင်+ ဒေါ်ခင်ပုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ၁၃၄၁-ခုနှစ်၊ နယုန်လဆန်း ၂-ရက်၊ အင်္ဂါနေ့၊ နံနက် ၇း ၂၀-နာရီအချိန်တွင် ရဟန်းအဖြစ်သို့ရောက်ခဲ့သည်။

ထားဝယ်မြို့နယ် သပြေချောင်းရွာကျောင်း၊ ရန်ကုန်မြို့ ဝိဇ္ဇောတာရုံစာသင်တိုက်၊ ပဲခူးမြို့ သာသနာ့မဏ္ဍိုင်စာသင်တိုက်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)တို့၌ ပညာသင်ယူခဲ့ပြီး သာသနဓဇဓမ္မာစရိယ သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့တို့ကို ရရှိခဲ့သည်။

၁၉၉၁-နှစ်မှစ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းဌာန ဌာနစုမှူးတာဝန်၊ ဝိနယပိဋကမဟာဌာန၌ နယဒေသက(နည်းပြ)တာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။ ဆရာတော်သည် ယခုအခါ ထားဝယ်မြို့၊ သပြေချောင်းကျောင်း၌ သာသနာ့တာဝန်တို့ကို ထမ်းဆောင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဝိနယပိဋကမဟာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တဥက္ကံသ**

ဆရာတော် ဘဒ္ဒန္တဥက္ကံသကို ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ဝဲကြီးကျေးရွာ၌ ခမည်းတော် ဦးမောင်+မယ်တော် ဒေါ်တင်မြတို့မှ ၁၃၃၀-ခုနှစ်၊ နတ်တော်လဆုတ် ၁၁-ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်းခြောက်ယောက်ရှိရာတွင် ပထမသားရတနာဖြစ်၍ ငယ်မည်မှာ မောင်အောင်ဝင်းနိုင်ဖြစ်သည်။ ဆရာတော်လောင်းလျာသည် အုတ်တွင်းမြို့နယ်၊ ဝဲကြီးကျေးရွာကျောင်းတွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် အုတ်တွင်းမြို့နယ်၊ စော်ဘွားကျေးရွာကျောင်းဆရာတော် ဘဒ္ဒန္တဇာဂရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဥပဇ္ဈာယ်ဆရာတော်က ရှင်ဥက္ကံသ ဟု ဘွဲ့အမည်ပေးခဲ့သည်။

၁၃၅၀-ခုနှစ်၊ တပေါင်းလဆန်း ၁၅-ရက်၊ စနေနေ့၊ နံနက် ၁၀-နာရီ ၄-မိနစ်အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်ရပ်ကွက်၊ ဦးမောင်+ဒေါ်နှင်းရွှေ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇-ရပ်ကွက်၊ စိတ္တသုခကျောင်း၊ ခဏ္ဍသိမ်တော်၌ ကော့မှူးမြို့နယ်၊ ဝါးဘလောက်သောက်ကျေးရွာ၊ မူလရွာလယ်ကျောင်းဆရာတော်ဘဒ္ဒန္တပညောဘာသထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ဝဲကြီးရွာကျောင်းဆရာတော်၊ ရန်ကုန်မြို့၊ ဝိဇ္ဇောတာရုံစာသင်တိုက်၊ ဆရာတော်နှင့် စာချဆရာတော်များ၊ ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ သင်ကြားစီမံ ဆရာတော်များထံ၌ ပညာသင်ယူခဲ့ပြီး မူ,ငယ်,လတ်,ကြီး ဓမ္မာစရိယနှင့် သာသနတက္ကသီလဓမ္မာစရိယ, သာသနတက္ကသီလ မဟာဓမ္မာစရိယတန်းတို့ကို အောင်မြင်ခဲ့ပါသည်။

ဆရာတော်သည် စာသင်တိုက်၌ စာဝါသင်ယူပို့ချခြင်းတာဝန်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဝိနယပိဋကမဟာဌာန၌ နယဒေသက (နည်းပြ)တာဝန်ကို (၂၀· ၁· ၉၇)နေ့တွင် စတင်ထမ်းဆောင်ပြီး သာသနာတော်မြတ် သန့်ရှင်းတည့်တံ့ပြန့်ပွားရေး လုပ်ငန်းတို့ကို ကြိုးပမ်းဆောင်ရွက်တော်မူခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

ဝိနယပိဋကမဟာဌာန၊

## နည်းပြဆရာတော်

## ဘဒ္ဒန္တပါရမီ

ဆရာတော် ဘဒ္ဒန္တပါရမီကို ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ နတ်လှကျေးရွာ ခမည်းတော် ဦးအောင်ထွန်းဖြူ+ မယ်တော် ဒေါ်မယ်စိန်တို့မှ သက္ကရာဇ် ၁၃၃၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်၊ မွေးချင်းခြောက်ယောက်တို့တွင် အငယ်ဆုံးသားရတနာဖြစ်၍ ငယ်မည်မှာ မောင်ဟံသိန်း ဖြစ်သည်။

ဆရာတော်လောင်းလျာသည် အသက် (၁၁)နှစ်အရွယ်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် နတ်လှကျောင်း ဆရာတော်ဦးဝါသဝိနှကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်၊ ဘွဲ့မည်မှာ ရှင်ပါရမီဖြစ်သည်။ ၁၃၅၃-ခုနှစ်၊ ကဆုန်လဆုတ် ၈-ရက်၊ တနင်္ဂနွေနေ့၊ နံနက် ၈-နာရီ၊ ၈-ဖဝါး၊ ၁-ချက်တီးအချိန်တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အနောက်ပိုင်းရပ်ကွက်၊ ဦးမောင်သာဇံ+ ဒေါ်ညွှန်းစိန်ဖြူ ဇနီးမောင်နှံတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကျောက်ဖြူမြို့၊ မြို့မအလယ်ကျောင်း ခဏ္ဍသိမ်တွင် စစ်တောကျေးရွာ၊ စစ်တောရွာဦးကျောင်းဆရာတော် ဦးပညာသာမိမထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ နတ်လှကျောင်းဆရာတော် ဦးဝါသဝိနှ၊ ကျောက်ဖြူမြို့၊ မြို့မအလယ်ကျောင်း စာသင်တိုက် ဆရာတော် ဘဒ္ဒန္တပညာဝံသ၊ ရန်ကုန်မြို့၊ ကျောက်ကုန်းတောရမေဒိနီကျောင်း ဆရာတော် ဦးဉာဏဗလ၊ ဆရာတော်ဦးကောဝိဒ၊ ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ သင်ကြား/စီမံ ဆရာတော်များနှင့် ပညာရှင်ဆရာကြီးများထံတွင် ပညာသင်ကြားခဲ့သည်။

အစိုးရပထမပြန် မူ,ငယ်,လတ်,ကြီးတန်းများ၊ ကျောက်ဖြူမြို့၊ ဓမ္မရက္ခိတစာမေးပွဲ မူ,ငယ်,လတ် (ပထမ),ကြီး (ဒုတိယ)တန်းများ၊ ကျောက်ဖြူမြို့၊ ယပ်လှဲနိကာယစာမေးပွဲ မူ,ငယ်,လတ် (တတိယ), ကြီး (ပထမ)တန်းများ၊ သံတွဲမြို့၊ သာသနနုဂ္ဂဟစာမေးပွဲ ငယ်,လတ် (ပထမ)တန်းများနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)မှ သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism)ဘွဲ့များ ဖြစ်ပါသည်။

ဆရာတော်သည် ပရိယတ္တိစာပေများ သင်ကြားပို့ချပေးခြင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ သင်ကြားပေးခြင်း၊ ဗုဒ္ဓဘာသာဆိုင်ရာ ဆောင်းပါးများရေးသားခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်၊ ဝိနယပိဋကမဟာဌာန၌ နယဒေသကတာဝန်ကို (၆- ၆- ၂၀၀၁)မှထမ်းဆောင်ခြင်းဖြင့် ဗုဒ္ဓသာသနာတော်မြတ် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဝိနယပိဋကမဟာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တဇနက**

ဆရာတော် ဘဒ္ဒန္တဇနကကို ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ညောင်ပင်သာရွာ၌ ခမည်းတော် ဦးထွန်းရွှေ+ မယ်တော် ဒေါ်ထားတို့မှ ၁၃၂၉-ခုနှစ်၊ နတ်တော်လဆန်း ၁၂-ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်ခဲ့သည်။ ညောင်ပင်သာ ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေပြုခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဇနကဖြစ်သည်။

၁၃၄၉-ခုနှစ်၊ ကဆုန်လဆန်း ၁၃-ရက် တနင်္ဂနွေနေ့၊ နံနက် ၉း ၄၅-နာရီအချိန်တွင် ညောင်ပင်သာရွာ နန္ဒာရာမပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသီလာစာရမထေရ်ကို ဥပဇ္ဈာယ်ပြု၍ ညောင်ပင်သာရွာနေ ဦးမြ သောင်း+ ဒေါ်ပိန် (ခ)ဒေါ်တင်မေ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် နန္ဒာရာမပရိယတ္တိစာသင်တိုက် ခဏ္ဍသိမ်တော်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ညောင်ပင်သာရွာ၊ နန္ဒာရာမပရိယတ္တိစာသင်တိုက်၊ ရန်ကင်း၊ ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ ပဲခူးမြို့၊ ကြခတ်ဝိုင်းကျောင်းတိုက်၊ မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်၊ ရန်ကုန်မြို့၊ အင်းစိန်ရွာမပရိယတ္တိ စာသင်တိုက်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)တို့၌ ပညာသင်ယူခဲ့ပြီး ပဌမပြန် ပထမကြီးတန်း သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism) ဘွဲ့တို့ကို ရရှိခဲ့သည်။

မဟာဓမ္မာစရိယဘွဲ့အတွက် သင်တန်းနှစ်နှစ် အောင်မြင်ပြီးနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဝိနယပိဋကမဟာဌာန၌ နယဒေသက(နည်းပြ)တာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဝိနယပိဋကမဟာဌာန
## နည်းပြဆရာတော်
## ဘဒ္ဒန္တကုဏ္ဍာစက္က

ဆရာတော် ဘဒ္ဒန္တကုဏ္ဍာစက္ကကို မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ဝမ်းသာကျေးရွာ၌ ခမည်းတော် ဦးကြည်မောင်+ မယ်တော် ဒေါ်ထွေးတင်တို့မှ သက္ကရာဇ် ၁၃၃၆-ခုနှစ်၊ ပြာသိုလ်လပြည့်ကျော် ၇-ရက်၊ အင်္ဂါနေ့နေ့၊ နေ့လည် ၁၂-နာရီအချိန်တွင် ဖွားမြင်တော်မူသည်။ မွေးချင်း(၉)ယောက်တွင် ဆဋ္ဌမမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်အောင်မြင့်ဖြစ်သည်။

ဆရာတော်လောင်းလျာသည် ဝမ်းသာတိုက်ကျောင်းတွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ယင်းကျောင်း ဆရာတော် ဘဒ္ဒန္တဥယျမွေကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဥပဇ္ဈာယ်ဆရာတော်က ရှင်ကုဏ္ဍာစက္ကဟု ဘွဲ့အမည်ပေးခဲ့သည်။

၁၃၅၆-ခုနှစ်၊ တပို့တွဲလဆန်း ၁၀-ရက်၊ ကြာသပတေးနေ့ နံနက် ၈း ၂၀-မိနစ်၊ ၁၀-စက္ကန့်၊ ၁၆-အင်္ဂါ၊ ၁-ဗီလာအချိန်တွင် မိတ္ထီလာမြို့၊ မင်းရပ်နေ၊ ဦးကျော်ဝင်း+ဒေါ်တင်တင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မိတ္ထီလာမြို့၊ မြို့ရှေ့ကျောင်းတိုက် ခဏ္ဍသိမ်တွင် ဆရာတော် ဘဒ္ဒန္တဝိမလမထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် ဝမ်းသာကျောင်းတိုက်ဆရာတော်၊ မိတ္ထီလာမြို့၊ ရွှေဘုံသာစာသင်တိုက် ဆရာတော်နှင့် စာချဆရာတော်များ၊ မန္တလေးမြို့၊ ပေါက်မြိုင်တိုက်ဆရာတော်၊ နန္ဒိသေနာရာမဆရာတော်၊ ဘုရားကြီးတိုက် ဆင်မင်းကျောင်းဆရာတော်၊ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ သင်ကြားစီမံဆရာတော်များထံ၌ ပညာသင်ယူခဲ့ပြီး အစိုးရ မူ,ငယ်,လတ်,ကြီး, နိကာယ် ဝိနယဝိဒူ၊ ဓမ္မာစရိယမြန်မာဂုဏ်ထူး သာသနာ့တက္ကသီလ ဓမ္မာစရိယတန်း၊ သာသနတက္ကသီလ မဟာဓမ္မာစရိယတန်းတို့ကို အောင်မြင်ခဲ့ပြီး ဝိနယဝိဒူ၊ သိရီပဝရဓမ္မာစရိယ၊ တက္ကသီလဓမ္မာစရိယ, B.A(Buddhism)၊ တက္ကသီလမဟာဓမ္မာစရိယ, M.A(Buddhism) ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ရေးသားခဲ့သောကျမ်းများမှာ သီလက္ခန္ဓဝဂ္ဂ၊ ပေါဋ္ဌပါဒသုတ်လာ 'အဟေတုကသညုပ္ပါဒနိရောဓ ကထာဝတ္ထုနာ လေ့လာချက်စာတမ်း၊ အနတ္တလက္ခဏသုတ်လေ့လာချက်စာတမ်း(စုပေါင်း)နှင့် 'ဆဗ္ဗဂ္ဂီများ' ကျမ်းတို့ဖြစ်သည်။

ဆရာတော်သည် ရွှေဘုံသာစာသင်တိုက်တွင် စာချတာဝန်ကို (၅)နှစ်မျှထမ်းဆောင်ခဲ့ပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ဝိနယပိဋကမဟာဌာန၌ နယဒေသကတာဝန်ကို (၂၀· ၅· ၂၀၀၄)နေ့တွင် စတင်ထမ်းဆောင်ခဲ့ပြီး ယနေ့အချိန်ထိ တက္ကသိုလ်၌ပင် စာပေပို့ချသောအားဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

ဝိနယပိဋကမဟာဌာန

**နည်းပြဆရာတော်**

## ဘဒ္ဒန္တသြဘာသ

ဆရာတော် ဘဒ္ဒန္တသြဘာသကို မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ ရွှေအိုး ၂-ရပ်ကွက် ခမည်းတော် ဦးချမ်းအေး+မယ်တော် ဒေါ်မြင့်မြင့်သိန်းတို့မှ သက္ကရာဇ် ၁၃၃၆-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃-ရက်၊ (၁- ၁၂- ၁၉၇၄) တနင်္ဂနွေနေ့၊ နံနက် ၇-နာရီအချိန်တွင် ဖွားမြင်တော်မူသည်။ မွေးချင်းနှစ်ယောက်တွင် အငယ်ဆုံးဖြစ်သည်။

ဆရာတော်လောင်းလျာသည် ၁၃၄၇-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈-ရက်၊ (၂၀-၁၁-၁၉၈၅) ဗုဒ္ဓဟူးနေ့၊ နံနက်ပိုင်းတွင် တောင်တွင်းကြီးမြို့၊ မိုးထိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနရိန္ဒမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ တောင်တွင်းကြီးမြို့၊ မောင်းတိုင် ၁-ရပ်ကွက်နေ ဒေါ်ဒေါ်အုန်း (သမီး) ဆရာမဒေါ်ခင်မိုးလွင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ၁၃၅၆-ခုနှစ်၊ နှစ်ဦးတန်ခူးလပြည့်ကျော် ၈-ရက်၊ (၃- ၅- ၁၉၉၄)၊ အင်္ဂါနေ့ နံနက် ၇-နာရီ ၂၅-မိနစ် အချိန်တွင် တောင်တွင်းကြီးမြို့၊ ရွှေအိုး ၁-ရပ်ကွက်၊ ရွှေအင်းတောင်စေတီတော် ပရိဝုဏ်အတွင်းရှိ ခဏ္ဍသိမ်တော်၌ တောင်တွင်းကြီးမြို့၊ ကျောင်းတော်ကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာသိရီ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ တောင်တွင်းကြီးမြို့၊ ရွှေအိုး ၁-ရပ်ကွက်နေ ဦးခင်မောင်မြင့် + ဒေါ်လုံမ(ခ) ဒေါ်ယဉ်ယဉ်ထွေးမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

တောင်တွင်းကြီးမြို့၊ မိုးထိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနရိန္ဒ၊ ကျောင်းတော်ကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာသိရီ၊ စွယ်တော်စဉ်ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝဇိရ၊ သဲကုန်းမြို့ မိုးကောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝေပုလ္လ၊ တိုက်အုပ် (ယခု တောင်တွင်းကြီးမြို့၊ ကန်တော်မင်းပရိယတ္တိစာသင်တိုက် ပဓာနနာယက) ဆရာတော် ဘဒ္ဒန္တသုစိတ္တ၊ အင်းစိန်မြို့၊ ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တနန္ဒဝံသ၊ ဘဒ္ဒန္တတိလောကာဘိဝံသနှင့် စာချဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ်ဆရာတော်၊ ဒုတိယပါမောက္ခချုပ်ဆရာတော်စသော ဆရာတော်များနှင့် ပြင်ပ ပညာရှင်ဆရာကြီးများထံ၌ ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့သည်။

ဗုဒ္ဓနိုင်ငံတော်(ပထမတွဲ)လေ့လာသုံးသပ်ချက်(ဓမ္မာစရိယဘွဲ့ယူစာတမ်း)၊ အနတ္တလက္ခဏသုတ်လေ့လာသုံးသပ်ချက်(မဟာဓမ္မာစရိယစုပေါင်းစာတမ်း)၊ ပရိဝါပါဠိတော် ကမ္မဝဂ်ကိုလေ့လာခြင်း(မဟာဓမ္မာစရိယဘွဲ့ယူကျမ်း) တို့ကို ရေးသားပြုစုခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့၊ သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism) ဘွဲ့နှင့် သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့တို့ကို ရရှိခဲ့သည်။

ယခုအခါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဝိနယပိဋကမဟာဌာန၌ နယဒေသက(နည်းပြ)တာဝန်ယူ၍ သင်ကြားရေးကိစ္စများကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဝိနယပိဋကမဟာဌာန
## နည်းပြဆရာတော်
## ဘဒ္ဒန္တဇာဂရ

ဆရာတော်ဘဒ္ဒန္တဇာဂရကို ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ စလင်ပေါ်ကျေးရွာ ခမည်းတော် ဦးသေသိန်းအောင်+ မယ်တော် ဒေါ်ဖြူယဉ်ဦးတို့မှ သက္ကရာဇ် ၁၃၃၇-ခုနှစ်၊ နယုန်လဆုတ် (၈)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်းကိုးယောက်တို့တွင် တတိယမြောက်သားရတနာဖြစ်၍ ငယ်မည်မှာ မောင်စံလှ ဖြစ်သည်။

ဆရာတော်လောင်းလျာသည် သက်တော် ၁၁-နှစ်အရွယ်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကျောက်ဖြူမြို့နယ်၊ ပင်လယ်နားကျေးရွာ၊ ပင်လယ်နားကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကလျာဏကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့မည်မှာ ရှင်ဇာဂရဖြစ်သည်။ ၁၃၅၇-ခုနှစ်၊ တန်ခူးလဆုတ် ၇-ရက်၊ အင်္ဂါနေ့၊ နံနက် ၈း ၃၅-မိနစ်အချိန်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ ဦးကျော်ဝင်း+ ဒေါ်တင့်တင့်စိုး မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ခေမာသီဝံစာသင်တိုက် ခဏ္ဍသိမ်တွင် ခေမာသီဝံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသမထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ဇရပ်ပြင်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တဇဝန(မဟာဂန္ထဝါစကပဏ္ဍိတ)၊ ကံ့ကော်ရွာမဆရာတော် ဘဒ္ဒန္တအရိယဝံသ၊ မြစ်ကြီးနားမြို့၊ ခေမာသီဝံစာသင်တိုက်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ၊ ဘဒ္ဒန္တကဿပဝံသ(အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် စာချဆရာတော်များ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မင်္ဂလာသုခပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဉာဏမဥ္ဇူ၊ ဘဒ္ဒန္တနန္ဒဝံသနှင့် စာချဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) နာယကချုပ်ဆရာတော်နှင့် သင်ကြားစီမံဆရာတော်များ ပြင်ပပညာရှင် လူပုဂ္ဂိုလ်များထံတွင် ပညာသင်ကြားခဲ့သည်။

ဘူဝါဒီဂိုဏ်းလေ့လာသုံးသပ်ချက် (ဓမ္မာစရိယဘွဲ့ယူစာတမ်း)၊ ဇောဓိရာဇကုမာရသုတ်လေ့လာသုံးသပ်ချက် (မဟာဓမ္မာစရိယ စုပေါင်းစာတမ်း)၊ ငါးပါးသီလနှင့် လောကငြိမ်းချမ်းရေး (မဟာဓမ္မာစရိယဘွဲ့ယူကျမ်း)တို့ကို ရေးသားပြုစုခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism)တို့ကို ရရှိခဲ့သည်။

ဆရာတော်သည် ရန်ကုန်မြို့၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ သင်တန်းနည်းပြတာဝန်ကို ၁၃၆၉-မှ ၁၃၇၀-ခုနှစ်ထိ ထမ်းဆောင်ခဲ့သည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဝိနယပိဋကမဟာဌာန၌ နယဒေသကတာဝန်ကို (၂၇·၅·၂၀၀၆)မှ စတင် ထမ်းဆောင်တော်မူခဲ့ပြီး ယခုအချိန်ထိ နယဒေသက (နည်းပြ) တာဝန်ဖြင့် သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဝိနယပိဋကမဟာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တအရိယဝံသ**

ဆရာတော် ဘဒ္ဒန္တအရိယဝံသကို တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ညောင်ဇင်ကျေးရွာ ခမည်းတော် ဦးကြီးမြင့်+ မယ်တော် ဒေါ်လှမြင့်တို့မှ ၁၃၃၇-ခုနှစ်၊ ပြာသိုလ်လပြည့်ကျော် ၁၀-ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။ မောင်အောင်မြင့်၊ မစန္ဒာအေး၊ မညိုညိုဝင်း၊ မောင်သန်းထိုက်စိုး မောင်နိုင်လင်းကျော်၊ မောင်လင်းထက်အောင်အားဖြင့် မွေးချင်းခြောက်ယောက်တွင် သားဦးရတနာဖြစ်၍ ငယ်နာမည်မှာ မောင်အောင်မြင့် ဖြစ်သည်။

ဆရာတော်လောင်းလျာသည် ထားဝယ်မြို့နယ်၊ ညောင်ဇင်ကျေးရွာ၊ ညောင်ဇင်ကျောင်း ကြီးကျောင်းတွင် ဆရာတော် ဘဒ္ဒန္တကေသရမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့တော်မှာ ရှင်အရိယဝံသ ဖြစ်သည်။

၁၃၅၇-ခု၊ တပေါင်းလဆန်း ၁၂-ရက် သောကြာနေ့၊ ညနေ ၄-နာရီ ၅၅-မိနစ်အချိန်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ထားဝယ်မြို့နယ်၊ ညောင်ဇင်ကျေးရွာ၊ ညောင်ဇင်ကျောင်းကြီးဆရာတော် ဘဒ္ဒန္တကေသရ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ညောင်ဇင်ကျေးရွာ၊ ညောင်ဇင်ကျောင်းကြီးဆရာတော် ဘဒ္ဒန္တတေဇိန္ဒ၊ ထားဝယ်မြို့၊ ဇေယျဝတီ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒဝံသ၊ ဘဒ္ဒန္တသူရိယ၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ စသောဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)သင်ကြား/စီမံ ဆရာတော်များနှင့်ပညာရှင်လူပုဂ္ဂိုလ်များထံ၌ ပညာဆည်းပူးခဲ့သည်။

အစိုးရပထမပြန် အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းနှင့် သာသန တက္ကသီလဓမ္မာစရိယတန်း၊ သာသတက္ကသီလမဟာဓမ္မာစရိယတန်းတို့ကို အောင်မြင်ပြီး သာသနတက္ကသီလ ဓမ္မာစရိယ B.A (Buddhism)ဘွဲ့ကိုရရှိခဲ့သည်။ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Thesis)ကို တင်သွင်းပြီး ဝိနယပိဋကမဟာဌာန၌ (၂၁.၁၂.၂၀၀၀၇)နေ့မှ စတင်၍ နယဒေသက(နည်းပြ)တာဝန်ကို လည်းကောင်း၊ ချင်းပြည်နယ်ဆောင်၌ လက်ထောက်အဆောင်မှူးတာဝန်ကိုလည်းကောင်း ထမ်းဆောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
## ဝိနယပိဋကမဟာဌာန
## နည်းပြဆရာတော်
## ဘဒ္ဒန္တဝိလာသ

ဆရာတော်ဘဒ္ဒန္တဝိလာသကို မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ရှမ်းကိုင်းကျေးရွာ ခမည်းတော် ဦးတင်ဆွေ+ မယ်တော် ဒေါ်အေးရှင်တို့မှ ၁၃၄၂-ခုနှစ်၊ နယုန်လပြည့်ကျော် (၇)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသည်။ မောင်ဝင်းကျော်စွာ၊ မလှဲ့လှဲ့ခိုင်၊ မောင်တင်လင်းအောင်အားဖြင့် မွေးချင်း (၃)ယောက်တွင် သားဦး ရတနာဖြစ်၍ ငယ်မည်မှာ မောင်ဝင်းကျော်စွာဖြစ်သည်။

ဆရာတော်လောင်းလျာသည် တောင်တွင်းကြီးမြို့နယ်၊ ရှမ်းကိုင်းကျေးရွာ၊ နှစ်ဆင့်ကျောင်းတွင် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကေဝလ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ရှင်ဝိလာသသည် ၁၃၆၁-ခုနှစ်၊ တန်ခူးလပြည့်ကျော် (၅)ရက်၊ တနင်္ဂနွေနေ့နံနက် (၇း၃၀)အချိန်တွင် ရန်ကုန်မြို့၊ တာမွေမြို့နယ် ဦးမြတ်မင်း+ ဒေါ်ဌေးဌေးစိန်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့၊ ရေဝေရပ်ကွက်၊ အောင်ချမ်းသာဘုရားကြီးကျောင်းတိုက်ရှိ ခဏ္ဍသိမ်၌ နှစ်ဆင့်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကေဝလမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

အရှင်ဝိလာသသည် ရှမ်းကိုင်းကျေးရွာ နှစ်ဆင့်ကျောင်းတိုက်၊ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်၊ သာယာဝတီမြို့ အောင်ချမ်းသာဘုရားကြီးကျောင်းတိုက်၊ ကျိုက်ထို ဇောတိကာရုံပရိယတ္တိစာသင်တိုက်၊ သန်လျင်မြို့ [illegible]င်းကျောင်းပထမပြန်စာသင်တိုက်၊ မရမ်းကုန်းမြို့ ကလေးဝတောရပရိယတ္တိစာသင်တိုက်တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရအခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့ပါသည်။

ထို့နောက် ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်သို့ တက်ရောက်ကာ သာသနတက္ကသီလ ဓမ္မာစရိယ B.A (Buddhism)ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism)ဘွဲ့တို့ကို ရယူခဲ့ပြီး ဝိနယပိဋကမဟာဌာန၌ ၁၄·၇·၂၀၀၈ နေ့မှစတင်၍ နယဒေသကတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ထို့ပြင် တရားဓမ္မများဟောပြောပြသခြင်း၊ အင်္ဂလိပ်စာနှင့်တွဲဖက်၍ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများကို ဖွင့်လှစ် သင်ကြားပေးခြင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဖြစ်မြောက်ရန် စီစဉ်ဆောင်ရွက်ခြင်းအားဖြင့် သာသနာ့ တာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဝိနယပိဋကမဟာဌာန
**တွဲဖက်ပါမောက္ခ**

## ဆရာကြီး ဦးငွေရ

ဆရာကြီး ဦးငွေရကို ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဉယျာဉ်ရွာ၌ အဖ ဦးဘိုးဟန်- အမိဒေါ်လှစိန်တို့မှ ၁၂၉၄-ခု၊ တန်းခူးလဆန်း ၂-ရက်၊ တနင်္လာနေ့တွင် ဖွားမြင်ခဲ့သည်။ မိဘများ၏ ပစ္စယာနုဂ္ဂဟဖြင့် ဉယျာဉ်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ သာမဏေဘောင်သို့ ရောက်ခဲ့သည်။ သက်တော် ၂၀-အရွယ်တွင် ရဟန်းဘောင်သို့ရောက်၍ ၂၆-နှစ်အရွယ်တွင် သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့ရရှိခဲ့သည်။

ရန်ကုန်တက္ကသိုလ်မှ M.A မဟာဝိဇ္ဇာဘွဲ့ရရှိပြီး ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန နည်းပြ, ကထိက တာဝန်များအပြင် အဝေးသင်တက္ကသိုလ် မြန်မာစာပေဌာန၊ ဌာနမှူးတာဝန်၊ စာပေးစာယူသိပ္ပံဌာန-ဌာနမှူးတာဝန်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဆရာဖြစ်သင်တန်း ၆-လပတ်၊ ၃-လပတ်သင်တန်းတို့၌ သင်တန်းပြ ဆရာတာဝန်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဝိနယပိဋကမဟာဌာန၌ တွဲဖက်ပါမောက္ခ တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဆရာကြီးသည် အမျိုးဘာသာ သာသနာနှင့်နိုင်ငံတော်မှ ပေးအပ်သောတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်မှုကြောင့် ၁၃၅၁-ခုနှစ်တွင် နိုင်ငံတော်မှ ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်မှုကို ခံယူခဲ့ရသည်။ ၁၉၈၆-ခုနှစ်မှစ၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ ရာသက်ပန် အသင်းဝင်အဖြစ် ခံယူကာ ဘာသာရေး လုပ်ငန်းများကို ကြိုးစားဆောင်ရွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

ဝိနယပိဋကမဟာဌာန

**တွဲဖက်ပါမောက္ခ**

**ဆရာကြီး ဦးမောင်မောင်လေး**

ဆရာကြီး ဦးမောင်မောင်လေးကို မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ညောင်တွင်းရွာ၌ အဖဦးဘညွန့်+အမိ ဒေါ်ထွန်းမေ တို့မှ ၁၂၈၉-ခု၊ သီတင်းကျွတ်လဆန်း ၄-ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်ခဲ့သည်။ ညောင်တွင်းရွာဘုန်းတော်ကြီးကျောင်း၊ ပခုက္ကူမြို့၊ မဟာဝိသုဒ္ဓါရာမတိုက်၊ အမရပူရမြို့၊ မဟာဂန္ဓာရုံတိုက်တို့၌ ပညာသင်ကြားခဲ့သည်။

ပထမပြန်စာမေးပွဲ၌ အလတ်တန်းတွင် တစ်နိုင်ငံလုံးဒုတိယ၊ ပထမကြီးတန်းတွင် ပထမကျော်၊ ဓမ္မာစရိယအခန်းတွင် ကိုးကျမ်းလုံးကို နှစ်ချင်းပေါက်အောင်မြင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ် ဥပဒေဝိဇ္ဇာဘွဲ့ (B.A.,R.L.)၊ ပြည်သူ့ဝန်ထမ်းကောင်းလက်မှတ်များကို ရရှိခဲ့သည်။

ဆရာကြီးသည် စာပေလက်ထောက်တာဝန်၊ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(၁၉၆၃-၆၆)စာပေစိစစ်ရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့တွင် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၂၀၀၄-ခုနှစ်တွင် နိုင်ငံတော်မှချီးမြှင့်သော မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်၊ ဂျပန်သာသနာပြုဆရာတော် ဘဒ္ဒဝေပုလ္လ၏ ဗုဒ္ဓစာပေဆု၊ ဓမ္မဗိမာန် တစ်သက်တာ စာပေဆုတို့ကို လက်ခံရရှိခဲ့သည်။

၁။ ဗုဒ္ဓ၏ ကိုယ်တွေ့ဝတ္ထုများ(၁-၂-၃)။ ၂။ ပိဋကတ်အနှစ်ချုပ် ဒီဃနိကာယ်။ ၃။ ပိဋကတ်အနှစ်ချုပ် မဇ္ဈိမနိကာယ်။ ၄။ ပိဋကတ်အနှစ်ချုပ် သံယုတ္တနိကာယ်။ ၅။ ပိဋကတ်အနှစ်ချုပ် အင်္ဂုတ္တရနိကာယ်။ ၆။ ပိဋကတ် အနှစ်ချုပ် သုတ္တနိပါတ်။ ၇။ မြစ်မခပရိတ်ကြီးလက်စွဲ။ ၈။ အနှစ်ချုပ်ဗုဒ္ဓဝါဒ။ ၉။ ဗုဒ္ဓဝါဒအခြေပြ။ ၁၀။ ဗုဒ္ဓ၏ ဓမ္မအမြုတေ များ။ ၁၁။ ပရိတ်ကြီး ၁၁-သုတ်အနှစ်ချုပ်။ ၁၂။ ထူးထူးခြားခြား ဗုဒ္ဓနှင့်တွေ့ခဲ့ရသည့် ကိုယ်ထူးများ။ ၁၃။ အရှင်မောဂ္ဂလာန်၏ တန်ခိုးဣဒ္ဓိပါဒ်များ။ ၁၄။ မြတ်ဗုဒ္ဓလက်ထက် ပါရမီရှင်အမျိုးသမီးများ။ ၁၅။ ပါရမီ ဆယ်ပါး။ ၁၆။ တရားဦးဒေသနာ။ ၁၇။ သီလက္ခန်အဋ္ဌကထာ မြန်မာပြန်။ ၁၈။ မဟာဝဂ္ဂအဋ္ဌကထာ မြန်မာပြန်။ ၁၉။ ပါထိကဝဂ်အဋ္ဌကထာ မြန်မာပြန်ကျမ်းတို့ကို ပြုစုခဲ့သည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဝိနယပိဋကမဟာဌာန၌ တွဲဖက်ပါမောက္ခတာဝန်ကို ၁၉-၈-၁၉၉၁ မှ ၂၀၀၆-ခုနှစ်တိုင်အောင် ထမ်းဆောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
## ဝိနယပိဋကမဟာဌာန
## **တွဲဖက်ပါမောက္ခ**
## **ဆရာကြီး ဦးမြင့်စိုး**

ဆရာကြီး ဦးမြင့်စိုးသည် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ မြောက်ပိုင်းရပ်ကွက်နေ ဦးကျော်ထွန်း+ဒေါ်မမကြီးတို့မှ ၁၂၉၄-ခု၊ တပို့တွဲလဆန်း ၈-ရက်၊ (၁၉၃၃-ခုနှစ်၊ ဖေဖဝါရီလ(၂)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

အသက် ၅-နှစ်အရွယ်မှစ၍ ဖျာပုံမြို့၊ ဦးဘိုးထွန်းကျောင်းတွင် ၄-တန်းထိ ပညာသင်ကြားခဲ့ပြီး ၉-နှစ်သားအရွယ်မှစ၍ သာသနာ့ဘောင်သို့ ဝင်ရောက်ကာ ဗုဒ္ဓစာပေပရိယတ်များကို လေ့လာသင်ကြားခဲ့ပါသည်။ အစိုးရ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ပါဠိပါရဂူ၊ ဝိနယပါရဂူ၊ စေတိယင်္ဂဏ (၂)ကျမ်းစွဲ၊ သကျသီဟစာချတန်း ၂-ကျမ်းစွဲ အောင်မြင်ခဲ့ပါသည်။

ဗုဒ္ဓသာသနာပြုအဖွဲ့၊ သာသနာရေးဦးစီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူးအထိ အဘိဓာန်လုပ်ငန်း၊ တာဝန်ခံစာပြင်(အယ်ဒီတာ)လုပ်ငန်း၊ စာမူစိစစ်ရေးလုပ်ငန်း၊ တိပိဋကဓရရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူးတာဝန်၊ တိပိဋကဓရစာမေးပွဲလုပ်ငန်း၊ ဓမ္မာစရိယနှင့်ပထမပြန်၊ အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်၊ နိကာယ်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲလုပ်ငန်းများနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ပညာရေး သာသနာရေးဆိုင်ရာလုပ်ငန်းများ စသည်ကို တက်တက်ကြွကြွ တာဝန်ကျေပွန်စွာ ဆောင်ရွက်ခဲ့ပါသည်။

ဆဋ္ဌသံဂါယနာဝင် သာသနာပြုလက်မှတ်များဖြစ်သော ဆဋ္ဌသံဂီတိကာရကလက်မှတ်နှင့် သုတ်ပါထေယျလက်မှတ်(၁၃၁၈/၁၉၅၆)၊ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့၊ သံယုတ္တနိကာယ ပါဠိပါရဂူဘွဲ့၊ ဝိနယပါရဂူဘွဲ့၊ အဘိဝံသဘွဲ့များ(၁၉၅၇)နှင့် စံပြလုပ်သား (တတိယဆင့်-၁၉၇၂)၊ ပြည်သူ့ဝန်ထမ်းဘွဲ့ တံဆိပ်(၁၉၈၄)၊ နိုင်ငံတော်အေးချမ်းသာယာရေးဘွဲ့တံဆိပ်(၁၉၈၄)၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးဘွဲ့တံဆိပ်(၁၉၈၆)၊ ပြည်သူ့ဝန်ထမ်းကောင်းဘွဲ့တံဆိပ် (၁၉၉၂)၊ မဟာမင်္ဂလသဒ္ဓမ္မဇောတိကဓဇ(၂၀၀၄) တို့ကို ရရှိခဲ့ပါသည်။

ဦးမြင့်စိုးသည် ဗုဒ္ဓမြတ်စွာသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဘာသာရေးအသင်းအဖွဲ့များ၌ ဓမ္မရေးရာကိစ္စများနှင့် သာသနာပြုကုသိုလ်ထူးများကို ဆည်းပူးအားထုတ်လျက်ရှိသည့်အပြင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဝိနယပိဋကမဟာဌာန၌ တွဲဖက်ပါမောက္ခ/ ဌာနမှူးတာဝန်ကို ၁.၆.၂၀၀ နေ့မှစ၍ ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
# (ရန်ကုန်)

# သုတ္တန္တပိဋကမဟာဌာန၌
# တာဝန်ထမ်းဆောင်ပြီး/ထမ်းဆောင်ဆဲ
# ဆရာများ၏
# အတ္ထုပ္ပတ္တိအကျဉ်း



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
သုတ္တန္တပိဋကမဟာဌာန
**ပါမောက္ခ/ဌာနမှူးဆရာတော်**
## ဘဒ္ဒန္တသုစိတ္တ

ဘဒ္ဒန္တသုစိတ္တကို ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ တူးချောင်းရွာ ခမည်းတော် ဦးချော+မယ်တော်ဒေါ်ကြည်တို့မှ ၁၃၁၄-ခုနှစ်၊ တပေါင်းလဆုတ်(၇)ရက်၊ သောကြာနေ့တွင် ဖွားမြင်တော်မူသည်။

ဘဒ္ဒန္တသုစိတ္တသည် တူးချောင်းရွာ၊ တူးချောင်းကျောင်းတွင် ဦးချော+ဒေါ်ကြည်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် တူးချောင်းကျောင်းဆရာတော် ဘဒ္ဒန္တသုမနမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်ခဲ့သည်။ ဘွဲ့အမည်မှာ ရှင်သုစိတ္တဖြစ်သည်။ ၁၃၃၄-ခုနှစ်၊ ကဆုန်လဆန်း(၁၃)ရက်၊ အင်္ဂါနေ့၊ နံနက်(၈း၀၀)နာရီတွင် ညောင်တုန်းမြို့၊ ၄-ရပ်ကွက်နေ ဒေါ်တော် မိသားစုတို့၏ပစ္စယာနုဂ္ဂဟဖြင့် ညောင်တုန်းမြို့၊ တူးချောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမနမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဘဒ္ဒန္တသုစိတ္တသည် တူးချောင်းဆရာတော် ဘဒ္ဒန္တသုမန။ ညောင်တုန်းမြို့၊ မဟာဝိသုတာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကဝိန္ဒ၊ ဘဒ္ဒန္တနန္ဒိယနှင့် ဂဏဝါစကစာချဆရာတော်များ။ ရန်ကုန်မြို့၊ ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ(အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တ အစ္ဆရိယာဘိဝံသ၊ ဘဒ္ဒန္တခေမိန္ဒသာမိ၊ ဘဒ္ဒန္တ နန္ဒောဘာသနှင့် ဂဏဝါစကစာချဆရာတော်များ။ ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ ပညာဆည်းပူးခဲ့ပါသည်။

ဘဒ္ဒန္တသုစိတ္တသည် သာသနဓဇဓမ္မာစရိယ၊ သုဓမ္မာပရိယတ္တိဓမ္မာစရိယ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ [illegible]ဘာဏက၊ ဒီဃနိကာယကောဝိဒ၊ ပိဋကတ္တယပါရဂူ၊ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့တို့ကို [illegible]တော်မူခဲ့ သည်။ နိုင်ငံတော်အစိုးရကလည်း မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ [illegible]တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဘဒ္ဒန္တသုစိတ္တသည် "လောကပါလတရားနှင့် လူသား"စသောစာအုပ်များ ရေးသားပြုစုခဲ့သည်။

ဘဒ္ဒန္တသုစိတ္တသည် တူးချောင်းကျောင်း၌ စာချတာဝန်၊ ခြောက်ထပ်ကြီးကျောင်းတိုက်၌ စာချတာဝန်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) သုတ္တန္တပိဋကမဟာဌာန၌ နယဒေသကတာဝန်၊ ကထိက တာဝန်၊ (ပါမောက္ခ၊ ဌာနမှူး)တာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

သုတ္တန္တပိဋကမဟာဌာန

## ပါမောက္ခ/ဌာနမှူးဆရာတော်

## ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ

ဘဒ္ဒန္တပဏ္ဍိတာဘိဝံသကို မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ရွာငယ်ရွာ၊ ခမည်းတော် ဦးဘဖံ+မယ်တော်ဒေါ်ရွှေစုတို့မှ ၁၃၁၃-ခုနှစ်၊ နတ်တော်လဆန်း(၃)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်။

ဘဒ္ဒန္တပဏ္ဍိတာဘိဝံသသည် ရွာငယ်ကျေးရွာ၊ အောင်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုသလ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ဦးဘဖံ+ဒေါ်ရွှေစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ ဖြစ်ခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ပဏ္ဍိတဖြစ်သည်။ ၁၃၃၃-ခုနှစ်၊ နယုန်လဆုတ်(၁၁)ရက်၊ စနေနေ့၊ နေ့လယ် (၁း၀၅)နာရီတွင် ရေစကြိုမြို့နယ်၊ ရွာငယ်ရွာနေ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရေစကြိုမြို့နယ်၊ တန်ခိုကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေလာသကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဘဒ္ဒန္တပဏ္ဍိတာဘိဝံသသည် အောင်သာကျောင်းဆရာတော် ဘဒ္ဒန္တကုသလ။ ကျောက်ဆည်မြို့၊ ပေါက်ကုန်းကျောင်းဆရာတော် ဘဒ္ဒန္တဝါသဝ။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ ချမ်းသာကြီးကျောင်းတိုက် မဟာနာယကဆရာတော် ဘဒ္ဒန္တနန္ဒိယသာရ(အဂ္ဂမဟာပဏ္ဍိတ)နှင့် စာချဆရာတော်များ။ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် ဓမ္မဒီပဆရာတော် ဘဒ္ဒန္တနာယကာဘိဝံသ။ ဓမ္မဝိနယရုံသီဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ။ ဓမ္မဒါယာဒဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ။ မစိုးရိမ်တိုက် ပိဋကကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒါဘိဝံသနှင့် ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ ပညာဆည်းပူးခဲ့ပါသည်။

ဘဒ္ဒန္တပဏ္ဍိတာဘိဝံသသည် သာသနဓဇဓမ္မာစရိယ၊ စေတိယင်္ဂဏပရိယတ္တိဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့တို့ကို ရရှိတော်မူခဲ့သည်။ နိုင်ငံတော်အစိုးရကလည်း မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဘဒ္ဒန္တပဏ္ဍိတာဘိဝံသသည် "မင်္ဂလသုတ် ပို့ချချက်ဒီပနီ (ပထမတွဲ)၊ မင်္ဂလသုတ်ပို့ချချက်ဒီပနီ (ဒုတိယတွဲ)၊ မင်္ဂလသုတ် နိဿယနှင့် ဖွင့်ဆိုချက်များကို ဝေဖန်သုံးသပ်ခြင်း" စာအုပ်များရေးသားပြုစုခဲ့သည်။

ဘဒ္ဒန္တပဏ္ဍိတာဘိဝံသသည် မစိုးရိမ်တိုက်သစ်၊ ဓမ္မဒီပကျောင်းတွင် စာပေပို့ချခြင်းနှင့် အုပ်ချုပ်ရေးတာဝန်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် မော်ကွန်းထိန်းဌာန၌ ဌာနစုမှူးတာဝန်၊ မြန်မာစာဌာန၌ နည်းပြ၊ ကထိကတာဝန်များကို ဆောင်ရွက်ခဲ့ပြီး၊ ယခုအခါ သုတ္တန္တပိဋကမဟာဌာန၌ (ပါမောက္ခ၊ ဌာနမှူး) တာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
သုတ္တန္တပိဋကမဟာဌာန
ကထိကဆရာတော်
**ဘဒ္ဒန္တပညိန္ဒ**

ဘဒ္ဒန္တပညိန္ဒကို မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ငါးသရောက်ကျေးရွာ ခမည်းတော်ဦးလှဒင်၊ မယ်တော် ဒေါ်သွယ်တို့မှ ၁၃၀၆-ခုနှစ်၊ နှောင်းတန်ခူးလဆုတ်(၂)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်။

ဘဒ္ဒန္တပညိန္ဒသည် ညောင်ဦးမြို့နယ်၊ ငါးသရောက်ကျေးရွာ၊ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် စံတော်မီကျောင်းဆရာတော် ဘဒ္ဒန္တသုမန မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်ခဲ့သည်။ ဘွဲ့အမည်မှာ ...ညိန္ဒဖြစ် သည်။

ဘဒ္ဒန္တပညိန္ဒသည် ၁၃၂၇-ခုနှစ်၊ ဦးတန်ခူးလဆုတ် (၁၂)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက်(၉း၂၀)နာရီအချိန်တွင် ...တိုင်း ဒေသကြီး၊ ဘိုကလေးမြို့နေ ဦးထွန်းဆိုင်+ဒေါ်ကျင်ရီ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဘိုကလေးမြို့ ...သာကျောင်း ဆရာတော်ဘဒ္ဒန္တသုန္ဒရမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ဘိုကလေးမြို့၊ သီဟာရာမကျောင်းတိုက် ...သိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဘဒ္ဒန္တပညိန္ဒသည် ညောင်ဦးမြို့နယ်၊ တောင်ဆင်းအုပ်စု၊ စံတော်မီကျောင်းဆရာတော် ဘဒ္ဒန္တသုန္ဒရ၊ ...သုမန။ မြင်းခြံမြို့၊ ကိုးဆောင်တိုက်၊ ပခုက္ကူကျောင်းသစ် ဆရာတော်ဘဒ္ဒန္တသောဘိတ(အဘိဓဇမဟာရဋ္ဌဂုရု)၊ ...အာစာရ၊ ဘဒ္ဒန္တသုမင်္ဂလာသာမိဘိဝံသစသော စာချဆရာတော်များ။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက် ...ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ(အဂ္ဂမဟာပဏ္ဍိတ)၊ တိုက်အုပ်ဆရာတော်ဘဒ္ဒန္တပညိန္ဒ(အဂ္ဂမဟာပဏ္ဍိတ)၊ ...အုပ်ဆရာတော်ဘဒ္ဒန္တသူရိယ စသောစာချဆရာတော်များထံ ပညာဆည်းပူးခဲ့ပါသည်။

ဘဒ္ဒန္တပညိန္ဒသည် သာသနဓဇဓမ္မာစရိယဘွဲ့၊ သဒ္ဓမ္မဝံသဓမ္မာစရိယဘွဲ့၊ ဝိနယာနုဂ္ဂဟဓမ္မာစရိယဘွဲ့တို့ကို ...သည်။

ဘဒ္ဒန္တပညိန္ဒသည် ပခုက္ကူမြို့၊ ပထမပြန်စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင်၊ မဟာဝိသုတာရာမ ဂဏဝါစက ...န်များကို ထမ်းဆောင်တော်မူခဲ့ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) သုတ္တန္တပိဋကမဟာဌာန၌ ...-၁၃၈၈)နေ့အထိ ကထိကတာဝန်များကို ထမ်းဆောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

သုတ္တန္တပိဋကမဟာဌာန

## ကထိကဆရာတော်

## ဘဒ္ဒန္တ ပဏ္ဏာဝါဘိဝံသ

ဘဒ္ဒန္တပဏ္ဏာဝါဘိဝံသကို ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကျိုက်မဲကျေးရွာ၌ ခမည်းတော် ဦးအောင်စိန် မယ်တော်ဒေါ်အေးတင်တို့မှ ၁၃၁၃-ခုနှစ်၊ ကဆုန်လဆန်း (၁၂)ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်။

ဘဒ္ဒန္တပဏ္ဏာဝါဘိဝံသသည် အသက်(၁၅)နှစ်အရွယ်တွင် သနပ်ပင်မြို့ ကျိုက်မဲကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂါစာရ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ ဖြစ်ခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ပဏ္ဏဝ ဖြစ်သည်။

၁၃၃၂-ခုနှစ်၊ တပေါင်းလဆုတ်(၂)ရက်၊ စနေနေ့၊ ညနေ(၅း၁၉)နာရီတွင် ပဲခူးမြို့၊ ညောင်ဝိုင်းရပ်နေ ရတနာကုန်သည် ဦးမောင်အုံး +ဒေါ်သန်းကြည် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကြခတ်ဝိုင်းကျောင်းဆရာတော် ဘဒ္ဒန္တဇောတိပါလမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ကြခတ်ဝိုင်းကျောင်းတိုက် ခဏ္ဍာသိမ်တော်၌ မြင့်မြတ်သော ရဟန်း အဖြစ်သို့ ရောက်တော်မူသည်။

ဘဒ္ဒန္တပဏ္ဏာဝါဘိဝံသသည် ပဲခူးမြို့၊ ကြခတ်ဝိုင်းကျောင်းတိုက်၊ ဆရာတော်ဘဒ္ဒန္တဇောတိပါလ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ၊ ဦးဥယျမ္မာဘိဝံသ၊ ဦးမုနိန္ဒာဘိဝံသ၊ ဦးသာသန၊ ဦးနန္ဒဝံသာဘိဝံသ၊ ဦးသီဟညာဏာဘိဝံသ၊ ဦးသီရိန္ဒ၊ ဦးဝါရိန္ဒတို့ထံတွင် ပညာဆည်းပူးခဲ့ပါသည်။

ဘဒ္ဒန္တပဏ္ဏာဝါဘိဝံသသည် သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့၊ ဝိနယာဓိကသိရီပဝရဓမ္မာစရိယ၊ သာသနကုံရ သိရီပဝရဓမ္မာစရိယ၊ နိကာယဝေပုလ္လဒီဃဘာဏက၊ နိကာယုဇ္ဇောတကဒီဃဘာဏက၊ (တိပိဋက) ဒီဃဘာဏက၊ ပိဋကတ္တယပါရဂူ၊ စေတိယင်္ဂဏဓမ္မာစရိယဂဏဝါစကဘွဲ့များကို ရရှိတော်မူခဲ့သည်။

ဘဒ္ဒန္တပဏ္ဏာဝါဘိဝံသသည် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) သုတ္တန္တပိဋကမဟာဌာန၌ ၂၃-၆-၁၉၈၆-ခုနှစ်မှ ၆-၆-၁၉၈၇-ခုနှစ်အထိ ကထိကတာဝန်ကို ထမ်းဆောင်တော်မူခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
သုတ္တန္တပိဋကမဟာဌာန
**ကထိကဆရာတော်**
**ဘဒ္ဒန္တ ကုသလ**

ဘဒ္ဒန္တကုသလကို မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ မြင်းစိုင်းရွာ၊ ခမည်းတော် ဦးစံကျော်+မယ်တော် ဒေါ်အေးသွယ်တို့မှ ၁၃၁၁-ခုနှစ်၊ တပေါင်းလဆန်း(၈)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသည်။

ဘဒ္ဒန္တကုသလသည် မြင်းစိုင်းရွာ၊ ဒက္ခိဏာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါသဝမထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဦးစံကျော်+ဒေါ်အေးသွယ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေဖြစ်ခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ကုသလဖြစ်သည်။ ၁၃၃၁-ခုနှစ်၊ နယုန်လဆန်း(၁၅)ရက်၊ သောကြာနေ့၊ နံနက်(၇း၃၆)နာရီတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့၊ ကျုံးလမ်းကြီးဝရွာနေ ဦးတင်+ဒေါ်တင်ကြည်သားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် အိမ်မဲမြို့နယ်၊ ကျုံကန်ရွာ၊ ကျုံကန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဝံသမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ကျုံးလမ်းကြီးဝရွာ ဥဒကုက္ခေပ သိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဘဒ္ဒန္တကုသလသည် မကွေးမြို့နယ် မြင်းစိုင်းကျေးရွာ ဒက္ခိဏာရုံကျောင်းဆရာတော် ဘဒ္ဒန္တဝါသဝ။ ဘောင်တွင်းကြီးမြို့၊ ရွှေမောခေါကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကောဏ္ဍညာဘိဝံသ(ဗဟိုဝန်ဆောင်)။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ ပဒ္ဓောရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိက(အဂ္ဂမဟာပဏ္ဍိတ)။ ဝါးခယ်မမြို့နယ်၊ ကျွန်းကုန်းရွာ၊ ဇေယျဝတီအနောက်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသ(အဂ္ဂမဟာပဏ္ဍိတ)။ ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တို့၌ ပညာဆည်းပူးခဲ့ပါသည်။

ဘဒ္ဒန္တကုသလသည် သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့တို့ကို ရရှိတော်မူခဲ့သည်။ နိုင်ငံတော်အစိုးရကလည်း မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဘဒ္ဒန္တကုသလသည် ''မြတ်ဗုဒ္ဓ၏လက္ခဏာတော်ကြီး'' စသောစာအုပ်များရေးသားပြုစုခဲ့သည်။

ဘဒ္ဒန္တကုသလသည် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)တွင် သုတ္တန္တပိဋကမဟာဌာန၌ (၃-၁၂-၉၄)ခုနှစ်မှစ၍ နယဒေသကတာဝန်ကို ဆောင်ရွက်ခဲ့ပြီး၊ ယခုအခါ ကထိကတာဝန်ကို ထမ်းဆောင်ရွက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

သုတ္တန္တပိဋကမဟာဌာန

**ကထိကဆရာတော်**

## ဘဒ္ဒန္တ အာစာရာဘိဝံသ

ဘဒ္ဒန္တအာစာရာဘိဝံသကို စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ကျေးပင်ထူးရွာ ခမည်းတော် ဦးဗိုး+မယ်တော်ဒေါ်ခင်ကြည်တို့မှ ၁၃၂၉-ခုနှစ်၊ ဝါခေါင်လဆုတ် (၉) ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။

ဘဒ္ဒန္တအာစာရာဘိဝံသသည် ဆားလင်းကြီးမြို့၊ ထူးပင်ကျေးရွာ၊ သီတာအေးရွာကျောင်းတွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သီတာအေးကျောင်းဆရာတော် ဘဒ္ဒန္တသာဂရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်ခဲ့သည်။ ဘွဲ့အမည်မှာ ရှင်အာစာရဖြစ်သည်။ ၁၃၄၉ ခုနှစ်၊ ကဆုန်လဆုတ် (၄) ရက်၊ သောကြာနေ့၊ နံနက်(၈း၄၅)နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၃/က-ရပ်ကွက်နေ ဦးထွန်းထွန်း+ဒေါ်ခင်စန်းမေ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မုံရွာမြို့၊ သဒ္ဓမ္မပဇ္ဇောတာရုံ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာဂဝံသကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် ၁၃၄၄-ခုနှစ်တွင် မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက် သဒ္ဓမ္မပဇ္ဇောတာရုံ ကျောင်းတိုက်၊ နာယကဆရာတော် ဘဒ္ဒန္တနာဂဝံသ(အဂ္ဂမဟာပဏ္ဍိတ)နှင့် စာချဆရာတော်များ၊ ၁၃၅၁-ခုနှစ်၊ ရန်ကုန်မြို့၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်တို့(ရန်ကုန်) ပါမောက္ခချုပ်အမှူးပြုသော သင်ကြား စီမံဆရာတော်များ၊ ပြင်ပပညာရှင် ဆရာကြီးများထံ ပညာဆည်းပူးခဲ့သည်။

ဆရာတော်သည် သာသနဓဇဓမ္မာစရိယဘွဲ့၊ သာမဏေကျော်ဘွဲ့၊ သာသနတက္ကသီလ ဓမ္မာစရိယဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့၊ အစိုးရ နိကာယ်စာမေးပွဲ၌ ဝိနယဝိဒူဘွဲ့၊ ဒီဃနိကာယဝိဒူဘွဲ့၊ မဇ္ဈိမနိကာယဝိဒူဘွဲ့၊ သံယုတ္တနိကာယဝိဒူဘွဲ့၊ အင်္ဂုတ္တရနိကာယဝိဒူဘွဲ့များ ရရှိခဲ့သည်။ တိပိဋကဓရစာမေးပွဲကြီး၌ ဥဘတောဝိဘင်္ဂဓရဘွဲ့၊ သထုံမြို့ သုဝဏ္ဏဘူမိစာမေးပွဲကြီး၌ သာသနဇောတိပါလဓမ္မာစရိယဘွဲ့၊ သာသနဟိတဂဏဝါစကဒုတိယစာချဘွဲ့၊ ပိဋကတ္တယပါရဂူဘွဲ့၊ အဘိဝံသဘွဲ့ တို့ကို ရရှိတော်မူခဲ့သည်။

ဆရာတော်သည် အဘိဓမ္မာပို့ချစဉ်ကျမ်း၊ အဘိဓမ္မာဗျူဟာကျမ်း၊ ဋီကာကျော် အမေးအဖြေကျမ်း ကြောင်းကျိုးပြ ပဋ္ဌာန်းတရားတော်၊ တတိယပါရာဇိကလေ့လာသုံးသပ်ချက်(ဘွဲ့ယူစာတမ်း)၊ မြင့်မြတ်သော ရဟန်းဘဝ (ဘွဲ့ယူကျမ်းစာ) စသောစာအုပ်များ ရေးသားခဲ့သည်။

ဆရာတော်သည် မုံရွာမြို့၊ သဒ္ဓမ္မဇောတာရုံကျောင်းတိုက်၌ စာချတာဝန်၊ ဗဟန်းမြို့နယ်၊ ဇေယျသိဒ္ဓိ စာသင်တိုက်၌ စာချနာယကတာဝန်၊ အစိုးရအဘိဓမ္မာ, ဝိသုဒ္ဓိမဂ်စာမေးပွဲကြီးများ၌ စာမေးပွဲတာဝန်၊ အသင်း စာမေးပွဲများ၌လည်း စာမေးပွဲတာဝန်၊ မင်္ဂလာဗျူဟာအသင်းကြီး၌ အဘိဓမ္မာသင်တန်းမှူးတာဝန်စသော တာဝန်များ ကို ဆောင်ရွက်ခဲ့ပြီး၊ အခါအားလျော်စွာ တရားဟောတရားပြခြင်းများနှင့်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ သုတ္တန္တပိဋကမဟာဌာနတွင် နည်းပြတာဝန်၊ ကထိကတာဝန်၊ မဟာဓမ္မာစရိယဘွဲ့ယူကျမ်းစာများ စစ်ဆေး ကြည့်ရှုကြပ်မတ်ပေးခြင်းစသော တာဝန်များနှင့်ပဲခူးတိုင်းဝိဇ္ဇာလယတိုက်ကျောင်းဆောင် အဆောင်မှူးတာဝန် ဆောင်ရွက်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
သုတ္တန္တပိဋကမဟာဌာန
**ကထိကဆရာတော်**
## ဘဒ္ဒန္တစန္ဒောဘာသ

ဘဒ္ဒန္တစန္ဒောဘာသကို စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ မန်ကျည်းကုန်းရွာ ခမည်းတော် ဦးဘဆင်+ မယ်တော်ဒေါ်ထွန်းမှီတို့မှ ၁၃၂၂-ခုနှစ်၊ တပို့တွဲလဆုတ်(၈)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။

ဘဒ္ဒန္တစန္ဒောဘာသသည် မန်ကျည်းကုန်းရွာ၊ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မန်ကျည်းကုန်းကျောင်း ဆရာတော်ဘဒ္ဒန္တကောသလ္လမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်ခဲ့သည်။ ဘွဲ့အမည်မှာ ရှင်စန္ဒောဘာသဖြစ်သည်။ ၁၃၄၁-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၄)ရက်၊ နံနက်(၈း၃၁)နာရီတွင် ဧရာဝတီတိုင်း ဒေသကြီး၊ ပုသိမ်မြို့၊ ကသဲတန်းရပ်နေ ဦးသောင်းညွန့်+ ဒေါ်ကျင်ရီမိသားစုတို့၏ပစ္စယာနုဂ္ဂဟဖြင့် မြောင်းမြမြို့နယ် ပါမြှင်းချောင်ရွာ၊ သုခိတာရုံကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တကောဏ္ဍညမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဘဒ္ဒန္တစန္ဒောဘာသသည် ယင်းမာပင်မြို့နယ်၊ မန်ကျည်းကုန်းရွာ၊ မန်ကျည်းကုန်းကျောင်းဆရာတော်၊ ဘဒ္ဒန္တကောသလ္လ။ မန္တလေးမြို့၊ စည်ပိုင်းကုန်းရွာ တပ်ဦးကျောင်းဆရာတော် ဘဒ္ဒန္တသောဘန။ မြောင်းမြမြို့၊ သုခိတာရုံကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဉာဏိက၊ ဘဒ္ဒန္တအာဘာယာလင်္ကာရ၊ ဘဒ္ဒန္တဝံသပါလ၊ ဘဒ္ဒန္တဝိမလနှင့် ဂဏဝါစက စာချဆရာတော်များ။ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ၊ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသနှင့် ဂဏဝါစကဆရာတော်များ။ ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော်နှင့် သင်ကြားစီမံဆရာတော်များ၊ ပြင်ပပညာရှင် ဆရာကြီးများထံ၌ ပညာဆည်းပူးခဲ့သည်။

ဘဒ္ဒန္တစန္ဒောဘာသသည် သာသနဓဇဓမ္မာစရိယဘွဲ့၊ သာသနတက္ကသီလဓမ္မာစရိယဘွဲ့၊ သာသနတက္ကသီလ ဓမ္မာစရိယဘွဲ့တို့ကို ရရှိတော်မူခဲ့သည်။ နိုင်ငံတော် အစိုးရကလည်း ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဘဒ္ဒန္တစန္ဒောဘာသသည် "တိတ္ထိဆရာကြီးခြောက်ဦးတို့၏ ဝါဒလေ့လာသုံးသပ်ချက်၊ မြတ်ဗုဒ္ဓ၏ ဆိုဆုံးမတ်ရေး လမ်းညွှန်ချက်"စသော စာအုပ်များ ရေးသားပြုစုခဲ့သည်။

ဘဒ္ဒန္တစန္ဒောဘာသသည် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်) သုတ္တန္တပိဋကမဟာဌာန၌ (၁၃၆၁-၁၃၇၇)ခုနှစ်မှစ၍ နယဒေသကတာဝန်ကို ထမ်းဆောင်ခဲ့ပြီး၊ ယခုအခါ ကထိကတာဝန်ကို ထမ်းဆောင်လျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
သုတ္တန္တပိဋကမဟာဌာန
**နည်းပြဆရာတော်**
## ဘဒ္ဒန္တဉာဏုတ္တရ

ဘဒ္ဒန္တဉာဏုတ္တရကို မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ရှမ်းကိုင်းရွာ၊ ခမည်းတော် ဦးချစ်မြ+ မယ်တော်ဒေါ်စောမြတို့မှ ၁၃၁၆-ခုနှစ်၊ ဝါခေါင်လဆုတ်(၃)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။

ဘဒ္ဒန္တဉာဏုတ္တရသည် ရှမ်းကိုင်းရွာ၊ ဦးလှကြိုင်+ဒေါ်သာရှင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် လေသာကျောင်း ဆရာတော်ကို ဘဒ္ဒန္တသောဘိတမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်ခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ဉာဏုတ္တရဖြစ်သည်။ ၁၃၃၅-ခုနှစ်၊ တပေါင်းလဆုတ်(၂)ရက်၊ စနေနေ့၊ နံနက်(၉း၀၀)နာရီတွင် သရက်မြို့၊ တောင်မင်းတည်းရပ်၊ ဦးဌေးမြင့်+ဒေါ်သန်းဌေးမိသားစုတို့၏ပစ္စယာနုဂ္ဂဟဖြင့် သရက်မြို့၊ အောင်မင်္ဂလာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကလျာဏမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြောက်တောရကျောင်းတိုက်၊ ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဘဒ္ဒန္တဉာဏုတ္တရသည် ဆရာတော်ဦးသောဘိတံအထံတွင် လောကီအခြေခံအင်္ဂလိပ်စာ၊ ဂဏန်းသင်္ချာ၊ လောကုတ္တရာအခြေခံပရိယတ္တိများနှင့် ဆရာကြီးဦးမြလှိုင်ထံတွင် မူလတန်းစာပေများ။ သရက်မြို့၊ အောင်မင်္ဂလာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေသရ၊ ဘဒ္ဒန္တကလျာဏ၊ ဘဒ္ဒန္တပညာစက္က။ အလင်းရောင်ဆရာတော် ဘဒ္ဒန္တကုသလ။ အမရပူမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသ၊ ဘဒ္ဒန္တစန္ဒောဘာသ၊ ဘဒ္ဒန္တမဟိန္ဒ၊ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ၊ ဘဒ္ဒန္တကုန္ဒောဘာသာဘိဝံသအမှူးပြုသော နာယကစာချဆရာတော်များ။ မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်မှ ဘဒ္ဒန္တသုမနာဘိဝံသ။ ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် တို့၌ ပညာဆည်းပူးခဲ့ရပါသည်။

ဘဒ္ဒန္တဉာဏုတ္တရသည် သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့၊ ဂျပန်ဘာသာ (ဒီပလိုမာ)ဘွဲ့တို့ကို ရရှိတော်မူခဲ့သည်။ နိုင်ငံတော်ကလည်း မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ကို ဆက်ကပ်လှူဒါန်းခဲ့ ပါသည်။

ဘဒ္ဒန္တဉာဏုတ္တရသည် "မြတ်ဗုဒ္ဓ၏အရဟံဂုဏ်တော် အတွဲ(၁၊ ၂)၊ ဆန္ဒနှင့် ဝီရိယ၊ စိတ်နှင့်ပညာ၊ ဘာမဆို သည်းခံ" စသောစာအုပ်များ ရေးသားပြုစုခဲ့သည်။ ဂျပန်ဘာသာဖြင့် သရဏဂုံသုံးပါးနှင့် ကိုယ်ကျင့်သီလ၊ မေတ္တာသုတ်တို့ကို ရေးသားထုတ်ဝေခဲ့သည်။

ဘဒ္ဒန္တဉာဏုတ္တရသည် အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်တွင် စာချတာဝန်၊ သရက်မြို့၊ အောင်မင်္ဂလာကျောင်းတိုက်တွင် စာချတာဝန်၊ ဂျပန်နိုင်ငံ တိုကျိုမြို့၊ ကွန်မြူနတီကောလိပ်ကျောင်း၌ အချိန်ပိုင်းနည်းပြတာဝန်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ သုတ္တန္တပိဋကမဟာဌာန၌ နယဒေသကတာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

ယခုအခါ ဘဒ္ဒန္တဉာဏုတ္တရသည် ဂျပန်နိုင်ငံ ခရိုမမြို့နယ်၊ ထိုင်းယောရွာ၊ ထေရဝါဒဓမ္မစာရီကျောင်းတိုက် ဂျောရှင်းဆန်းဝိပဿနာတရားရိပ်သာ၌ သီတင်းသုံးကာ သာသနာပြုလျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
သုတ္တန္တပိဋကမဟာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တကုက္ကုစ္စာစာရ**

ဘဒ္ဒန္တကုက္ကုစ္စာစာရကို ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ ရွာထောင်ကုန်းရွာ ခမည်းတော် ဦးညွန့်တင်+မယ်တော်ဒေါ်ကြင်ခတို့မှ ၁၃၁၄-ခုနှစ်၊ နတ်တော်လဆန်း(၉)ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။

ဘဒ္ဒန္တကုက္ကုစ္စာစာရသည် သဲကုန်းမြို့နယ်၊ ရွာထောင်ကုန်းရွာ၊ ဦးညွန့်တင်+ဒေါ်ကြင်ခတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မန္တလေးကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်ခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ကုက္ကုစ္စာစာရဖြစ်သည်။ ၁၃၃၄-ခုနှစ်၊ ပြာသိုလဆန်း(၁၀)ရက်၊ တနင်္ဂနွေနေ့၊ နံနက်(၉း၁၀)နာရီတွင် သဲကုန်းမြို့နယ်၊ ရွာထောင်ကုန်းရွာနေ ဦးညွန့်တင်+ဒေါ်ကြင်ခမိသားစုတို့၏ပစ္စယာနုဂ္ဂဟဖြင့် အင်းမမြို့၊ အင်းမကျောင်းကြီး ဆရာတော်ဘဒ္ဒန္တအာစာရကို ဥပဇ္ဈာယ်ပြု၍ သဲကုန်းမြို့နယ်၊ စာခွန်တိုင်ကျေးရွာ၊ ကျောင်းကြီးကျောင်းဒက္ခိဏာသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဘဒ္ဒန္တကုက္ကုစ္စာစာရသည် ပဲခူးတိုင်းဒေသကြီး၊ အင်းမမြို့၊ မန္တလေးကျောင်းဆရာတော် ဘဒ္ဒန္တစိတ္တရ။ ကံကျောင်းဆရာတော် ဘဒ္ဒန္တအာသဘ။ ပြည်မြို့၊ ဇေတဝိကာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇနိယ (အဂ္ဂမဟာပဏ္ဍိတ)။ ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်အမှူးပြုသော သင်ကြားပို့ချဆရာတော်များနှင့် ပြင်ပပညာရှင်ဆရာကြီးများထံ၌ ပညာဆည်းပူးခဲ့သည်။

ဘဒ္ဒန္တကုက္ကုစ္စာစာရသည် သာသနဓဇဓမ္မာစရိယ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ သာသနတက္က သီလမဟာဓမ္မာစရိယဘွဲ့တို့ကို ရရှိတော်မူခဲ့သည်။ နိုင်ငံတော်အစိုးရကလည်း ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဘဒ္ဒန္တကုက္ကုစ္စာစာရသည် “ဝိဝေကသုံးပါးကိုလေ့လာခြင်း၊ မေတ္တာစစ်နှင့် မေတ္တာတု၊ အချိန်မနှောင်းသေးပါ၊ အချစ်ဆုံးဘယ်သူလဲ၊ ပြန်လမ်းသာစေချင်” စသောစာအုပ်များ ရေးသားပြုစုခဲ့သည်။

ဘဒ္ဒန္တကုက္ကုစ္စာစာရသည် အင်းမမြို့၊ မန္တလေးကျောင်းတိုက်တွင် စာချတာဝန်ကို ထမ်းဆောင်ခဲ့ပြီး၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) သုတ္တန္တပိဋကမဟာဌာန၌ နယဒေသကတာဝန်ကို ထမ်းဆောင်လျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ အိမ်တော်ရာကျောင်းတိုက်၊ ကံကျောင်း၌ သီတင်းသုံးလျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
သုတ္တန္တပိဋကမဟာဌာန
**နည်းပြဆရာတော်**
## ဘဒ္ဒန္တပညာဝရ

ဘဒ္ဒန္တပညာဝရကို စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ ကျွဲကျရွာ၊ ခမည်းတော် ဦးသန်းမောင်+မယ်တော်ဒေါ်ခင်မေတို့မှ ၁၃၂၈-ခုနှစ်၊ ပထမဝါဆိုလဆုတ်(၁၂)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်။

ဘဒ္ဒန္တပညာဝရသည် ကျွဲကျရွာ၊ ဦးတင်မောင်+ဒေါ်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကျွဲကျကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မသာမိမထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်ခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ပညာဝရဖြစ်သည်။ ၁၃၄၇-ခုနှစ်၊ တန်ခူးလဆန်း(၁၅)ရက်၊ ကြာသပတေးနေ့၊ နံနက်(၇း၄၀)နာရီတွင် မုံရွာမြို့၊ ဘုရားကြီးရပ်နေ ဦးဘိဟွန်+ဒေါ်စိန်ရင်မိသားစုတို့၏ပစ္စယာနုဂ္ဂဟဖြင့် မုံရွာမြို့၊ သဒ္ဓမ္မပဇ္ဇောတာရုံ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာဂဝံသမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဘဒ္ဒန္တပညာဝရသည် မင်းကင်းမြို့နယ်၊ ကျွဲကျကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မသာမိ၊ ဘဒ္ဒန္တဇယန္တ။ မုံရွာမြို့၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တနာဂဝံသနှင့် စာချဆရာတော်များ။ မြင်းမူမြို့၊ စစ်ကိုင်းမြို့၊ မန္တလေးမြို့၊ ရန်ကုန်မြို့၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်များမှ စာချဆရာတော်များ။ ရွှေဘိုမြို့၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဆရာတော်ဘဒ္ဒန္တကုသလနှင့် သင်တန်းနည်းပြဆရာတော်များ။ ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အမှူးပြုသော သင်ကြားစီမံဆရာတော်များနှင့် ပြင်ပပညာရှင်ဆရာကြီးများထံ၌ ပညာဆည်းပူးခဲ့ပါသည်။

ဘဒ္ဒန္တပညာဝရသည် သာသနဓဇဓမ္မာစရိယ၊ သာသနတက္က သီလဓမ္မာစရိယဘွဲ့တို့ကို ရရှိတော်မူခဲ့သည်။

ဘဒ္ဒန္တပညာဝရသည် မုံရွာမြို့၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၌ စာချတာဝန်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်) သုတ္တန္တပိဋကမဟာဌာန၌ နယဒေသကတာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

သုတ္တန္တပိဋကမဟာဌာန

**နည်းပြဆရာတော်**

**ဘဒ္ဒန္တဇာနေယျ**

ဘဒ္ဒန္တဇာနေယျကို ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်၊ နောင်ပိန်ရွာ ခမည်းတော်ဦးသာထူး+မယ်တော်ဒေါ်ရွှေခင်တို့မှ ၁၃၂၈-ခုနှစ်၊ ဝါခေါင်လဆန်း(၁၄)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။

ဘဒ္ဒန္တဇာနေယျသည် နောင်ပိန်ရွာ ပုဗ္ဗာရုံကျောင်းတွင် ဦးဘ+ဒေါ်ကွယ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပုဗ္ဗာရုံဆရာတော်ကို ဘဒ္ဒန္တမုနိန္ဒမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်ခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ဇာနေယျဖြစ်သည်။ ၁၃၄၈-ခုနှစ်၊ ကဆုန်လဆန်း(၁၅)ရက်၊ သောကြာနေ့၊ နံနက်(၈း၄၂)နာရီတွင် ကျောက်မဲမြို့၊ နောင်ပိန်ရွာနေ ဦးဘ+ဒေါ်ကွယ်မိသားစုတို့၏ပစ္စယာနုဂ္ဂဟဖြင့် နောင်ပိန်ရွာ၊ ပုဗ္ဗာရုံကျောင်းတိုက်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်း အဖြစ်သို့ ရောက်တော်မူသည်။

ဘဒ္ဒန္တဇာနေယျသည် ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်၊ နောင်ပိန်ကျေးရွာ၊ ပုဗ္ဗာရုံကျောင်းဆရာတော်ဘဒ္ဒန္တမုနိန္ဒ။ ညောင်ရွှေမြို့နယ်၊ အင်းလေး၊ ဟဲယာရွာမရွှေဘုံသာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝေပုလ္လာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)နှင့် စာချဆရာတော်များ။ ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဉာဏဓဇ(အဂ္ဂမဟာပဏ္ဍိတ)နှင့်စာချဆရာတော်များ။ ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ၊ ဘဒ္ဒန္တဝဏ္ဏိတအမှူးပြုသော သင်ကြားစီမံ ဆရာတော်များ၊ မြို့ပညာရှင်ဆရာကြီးများထံ ပညာဆည်းပူးခဲ့ပါသည်။

ဘဒ္ဒန္တဇာနေယျသည် သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့တို့ကို ရရှိတော်မူခဲ့သည်။

ဘဒ္ဒန္တဇာနေယျသည် "အနတ္တဒီပနီ လေ့လာသုံးသပ်ချက်၊ မြန်မာနိုင်ငံ ပုဂံခေတ် ဗုဒ္ဓသာသနာ" စသော စာအုပ်များ ရေးသားပြုစုခဲ့သည်။

ဘဒ္ဒန္တဇာနေယျသည် ညောင်ရွှေမြို့နယ်၊ အင်းလေး၊ ဟဲယာရွာမ၊ ရွှေဘုံသာစာသင်တိုက်တွင်စာချတာဝန်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပိဋကတ်စာကြည့်တိုက်၌ ဌာနစုမှူးတာဝန်များကို ထမ်းဆောင်ပြီး ယခုအခါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) သုတ္တန္တပိဋကမဟာဌာန၌ နယဒေသကတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
သုတ္တန္တပိဋကမဟာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တကောမလ**

ဘဒ္ဒန္တကောမလကို မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကုလားတို့ရွာ ခမည်းတော် ဦးထွန်းဝင်း +မယ်တော် ဒေါ်မရှိန်တို့မှ ၁၃၃၀-ခုနှစ်၊ ဦးတန်ခူးလဆုတ်(၁၀)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသည်။

ဘဒ္ဒန္တကောမလသည် ချောင်းဆုံမြို့နယ်၊ ကုလားတို့ရွာ၊ ဝဏ္ဏာရာမကျောင်းဆရာတော် ဘဒ္ဒန္တနာဂိန္ဒ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ဦးသိန်း+ဒေါ်သောင်းရွှေတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ ဖြစ်ခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ကောမလ ဖြစ်သည်။ ၁၃၄၉-ခုနှစ်၊ နတ်တော်လဆုတ်(၁၅)ရက်၊ စနေနေ့၊ နံနက်(၉း၀၅) နာရီတွင် ချောင်းဆုံမြို့နယ်၊ အရှေ့ပိုင်းရပ်နေ ဦးစံပွင့်+ဒေါ်မြတင် မိသားစုတို့၏ပစ္စယာနုဂ္ဂဟဖြင့် ချောင်းဆုံမြို့နယ်၊ ကုလားတို့ရွာ၊ ဝဏ္ဏာရာမကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တနာဂိန္ဒ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဘဒ္ဒန္တကောမလသည် ချောင်းဆုံမြို့နယ်၊ ကုလားတို့ရွာ၊ ဝဏ္ဏာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာဂိန္ဒ (ပိဋကတ္တယပါရဂူ)။ ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တို့ ပါမောက္ခချုပ်ဆရာတော် အမှူးပြုသော၊ သင်ကြားစီမံဆရာတော်များ၊ ပြင်ပပညာရှင်ဆရာကြီးများထံ ပညာဆည်းပူးခဲ့ပါသည်။

ဘဒ္ဒန္တကောမလသည် သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့တို့ကို ရရှိတော်မူခဲ့သည်။

ဘဒ္ဒန္တကောမလသည် "ညောင်လွန့်တောရ(ဘုမ်ကျဉ်း)ဝိပဿနာကို လေ့လာခြင်း"စသော စာအုပ်များ ရေးသားပြုစုခဲ့သည်။

ဘဒ္ဒန္တကောမလသည် ချောင်းဆုံမြို့နယ်၊ ကုလားတို့ရွာ ဝဏ္ဏာရာမစာသင်တိုက်တွင် စာချတာဝန်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) သုတ္တန္တပိဋကမဟာဌာန၌ နယဒေသကတာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
သုတ္တန္တပိဋကမဟာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တရေဝတ**

ဘဒ္ဒန္တရေဝတကို စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ မင်းရွာ ခမည်းတော်ဦးကြိုင် မယ်တော် ဒေါ်ပွဲကြည်တို့မှ ၁၃၃၈-ခုနှစ်၊ တော်သလင်းလဆုတ် (၈) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသည်။

ဘဒ္ဒန္တရေဝတသည် ၁၃၅၂-ခုနှစ်တွင် မုံရွာမြို့နယ်၊ မင်းရွာတွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် အောင်ဇေယျကျောင်း ဆရာတော်ဘဒ္ဒန္တသောဘနမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်ခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ရေဝတဖြစ်သည်။ ၁၃၅၇-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၂) ရက်၊ အင်္ဂါနေ့ (၉း၁၆)နာရီတွင် မုံရွာမြို့နယ်၊ မင်းရွာနေ ဒေါ်ကို သမီးဒေါ်နှင်းအေးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မုံရွာမြို့နယ်၊ မအူရွာ၊ ရပ်တော်ရာ ကျောင်းတိုက် ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ အောင်ဇေယျကျောင်းတိုက် ခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဘဒ္ဒန္တရေဝတသည် မုံရွာမြို့၊ အရှေ့လယ်တီတိုက်၊ ဆရာတော်ဘဒ္ဒန္တကုဏ္ဍလ (အဂ္ဂမဟာပဏ္ဍိတ) နှင့် စာချဆရာတော်များ။ မုံရွာမြို့၊ အုတ်ကန်တောရစာသင်တိုက် ဆရာတော်ဘဒ္ဒန္တနန္ဒာဘာသနှင့် စာချဆရာတော်များ။ မုံရွာမြို့၊ မဟာဇေတိကာရာမကျောင်းတိုက် စတုတ္ထနာယကဆရာတော် ဘဒ္ဒန္တစန္ဒသိရီ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ပဉ္စမနာယကဆရာတော် ဘဒ္ဒန္တကဝိန္ဒ(အဘိဓဇမဟာရဋ္ဌဂုရု)နှင့် တိုက်အုပ်တိုက်ကြပ် စာချဆရာတော်များ။ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဓမ္မစေတီရွှေကျင်ကျောင်းတိုက်မှ ဆရာတော် ဦးပညာဝရနှင့် စာချဆရာတော်များ။ ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တို့၌ ပါမောက္ခချုပ်ဆရာတော် အမှူးပြုသော သင်ကြားစီမံဆရာတော်များနှင့် ပညာရှင်ဆရာကြီးများထံ ပညာဆည်းပူးခဲ့သည်။

ဘဒ္ဒန္တရေဝတသည် သာသနတက္ကသီလဓမ္မာစရိယဘွဲ့နှင့်၊ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့တို့ကို ရရှိတော်မူခဲ့သည်။

ဘဒ္ဒန္တရေဝတသည် "စာသင်သားတို့၏ ဘဝနှင့် အားမာန်၊ ကံကောင်းခြင်းကို သယ်ဆောင်လာသူ၊ အနုသာသနီ ပြာဋိဟာ လေ့လာချက်(ဘွဲ့ယူစာတမ်း)၊ မဟာသုတသောမပျို့အဖွင့်ကျမ်း(ဘွဲ့ယူကျမ်း)၊ ပျို့လင်္ကာ ခေတ်ဆစ် အဘိဓာန်သစ်၊ မိုးကောင်းကင်ကို ပိုင်ဆိုင်ကြသူများ၊ ရဟန်းသံဃာတော်များနှင့် ဆက်ဆံရေး ပညာ"စသောစာအုပ်များ ရေးသားခဲ့ပါသည်။

ဘဒ္ဒန္တရေဝတသည် ပိဋကတ်စာကြည့်တိုက်များဖြစ်မြောက်အောင် ဆောင်ရွက်ပေးခြင်း၊ တရားဟောခြင်း၊ စာချခြင်း၊ ယဉ်ကျေးမှုသင်တန်းပေးခြင်းစသော သာသနာ့တာဝန်များနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်) သုတ္တန္တပိဋကမဟာဌာန၌ နည်းပြ(နယဒေသက) တာဝန်နှင့် ပဲခူးအဆောင်၌ လက်ထောက် အဆောင်မှူးတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
သုတ္တန္တပိဋကမဟာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တပုညာစာရ**

ဘဒ္ဒန္တပုညာစာရကို တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ သင်းကျွန်းရွာ ခမည်းတော် ဦးမောင်သိန်း+မယ်တော်ဒေါ်မြသိန်းတို့မှ ၁၃၃၉-ခုနှစ်၊ သီတင်းကျွတ်လဆုတ်(၁၄)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော် မူသည်။

ဘဒ္ဒန္တပုညာစာရသည် သင်းကျွန်းရွာ၊ ဦးသောင်းလှိုင်+ဒေါ်ထွားခင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် သင်းကျွန်း ကျောင်းဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်ခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ပုညာစာရ ဖြစ်သည်။ ၁၃၅၉-ခုနှစ်၊ တပို့တွဲလဆုတ်(၁၄)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက်(၉း၀၀)နာရီတွင် မန္တလေးမြို့ ကျွဲဆည်ကန်ရပ်၊ ဦးမင်းဇော်+ဒေါ်မာမာဝင်းမိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် စစ်ကိုင်းမြို့၊ မြစကြာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကုဏ္ဍကာဘိဝံသမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော် မူသည်။

ဘဒ္ဒန္တပုညာစာရသည် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက် ဂဏဝါစက စာချဆရာတော်များ။ စစ်ကိုင်းမြို့၊ သောတာပန်ရပ်၊ မြစကြာကျောင်းတိုက်နာယကဆရာတော်နှင့် စာချဆရာတော်များ။ ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်အမှူးပြုသော သင်ကြားစီမံ ဆရာတော်များနှင့် ပြင်ပပညာရှင်ဆရာကြီးများထံ၌ ပညာဆည်းပူးခဲ့ပါသည်။

ဘဒ္ဒန္တပုညာစာရသည် ဝိနယာလင်္ကာရသာမဏေကျော်၊ မဟာဂန္ဓာရာမိကသာသနာလင်္ကာရ သာမဏေကျော်၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ အင်္ဂုတ္တရနိကာယဝိဒူ၊ သာသနဓဇဓမ္မာစရိယ၊ သာသန တက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့တို့ကို ရရှိတော်မူခဲ့သည်။

ဘဒ္ဒန္တပုညာစာရသည် "သ-သုံးမျိုးကိုလေ့လာသုံးသပ်ချက်(စာတမ်း)၊ နေမိငရဲခန်းပျို့ကို ဖွင့်ဆိုခြင်း (ပိုဒ်ရေ ၁-မှ ၅၀-အထိ)(ဘွဲ့ယူကျမ်းစာ)"စာအုပ်များကို ရေးသားပြုစုခဲ့သည်။

ဘဒ္ဒန္တပုညာစာရသည် စစ်ကိုင်းမြို့၊ မြစကြာကျောင်းတိုက်တွင် စာချတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ယခုအခါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) သုတ္တန္တပိဋကမဟာဌာန၌ နယဒေသကတာဝန်ကို ထမ်းဆောင် လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
သုတ္တန္တပိဋကမဟာဌာန
**တွဲဖက်ပါမောက္ခ**
**ဆရာကြီး ဦးကျော်လွင်**



ဦးကျော်လွင်ကို -ပဲခူးတိုင်းဒေသကြီး၊ ဟံသာဝတီခရိုင်၊ ကျောက်တန်းမြို့နယ်၊ ညောင်ဝိုင်းရွာ အဖ ဦးထွန်းကျော်+အမိ ဒေါ်စောပွင့်တို့မှ ၁၂၉၂-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်ခဲ့သည်။ ဦးကျော်လွင်သည် ညောင်ဝိုင်းဆရာတော်ဘဒ္ဒန္တဝေပုလ္လမထေရ်မြတ်အထံတွင် ရှင်သာမဏေပြုခဲ့သည်။ အသက် ၂၀-အရွယ်တွင် ရဟန်းဖြစ်ခဲ့ပြီး ဘွဲ့မှာ အရှင်ကေတုမာလာဖြစ်သည်။

ဦးကျော်လွင်သည် ခရမ်းမြို့၊ ကိုင်းကုန်းစာသင်တိုက်နှင့် မန္တလေးမြို့ စာသင်တိုက်ကြီးများ၌ လောကုတ္တရာစာပေများ သင်ယူဆည်းပူးလေ့လာခဲ့သည်။ ကိုရင်ဘဝဖြင့် ငယ်၊ လတ်၊ ကြီးတန်းများကို အောင်မြင်ခဲ့သည်။ ရဟန်းငါးဝါအရတွင် ပရိယတ္တိသာသနဟိတဓမ္မာစရိယဘွဲ့(မန္တလေးသကျသီဟ)၊ စေတိယင်္ဂဏ ပရိယတ္တိဓမ္မာစရိယ ဂဏဝါစကဘွဲ့(စေတိယင်္ဂဏ)၊ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့ (အစိုးရဓမ္မာစရိယ)ဘွဲ့များ ရရှိခဲ့သည်။ ဦးကျော်လွင်သည် လောကုတ္တရာစာပေသာမက လောကီစာပေများကိုပါ လိုက်စားဆည်းပူးရာ ဗောဓိဇ္ဇာဘွဲ့၊ အထက်တန်း ရွှေနေဘွဲ့များ ထပ်မံရရှိခဲ့သည်။

ဦးကျော်လွင်သည် ရဟန်း ရှစ်ဝါအရတွင် ရန်ကုန်မြို့စမ်းချောင်းမြို့နယ် ဥယျာဉ်ကျောင်းတိုက်၌ ကျောင်းထိုင်ဘုန်းကြီးအဖြစ် ၇-နှစ် သီတင်းသုံးခဲ့သည်။ မန္တလေးရဟန်းပျိုအဖွဲ့ ဥက္ကဋ္ဌချုပ်နှင့် စာသင်စာချတရား ဟောအလုပ်များကို ပြုလုပ်ခဲ့သည်။ အသက်(၃၄)နှစ်အရွယ်တွင် လူဝတ်လဲခဲ့သည်။ ဝိုင်အမ်ဘီအေ အသင်း ကြီးတာဝန်၊ ရတနာမွန်မဂ္ဂဇင်း ထုတ်ဝေခြင်းတာဝန်၊ ဦးဉာဏကျောင်းတွင် အလွတ်သင်ဆရာ၊ နတ်မောက် သက်မှ အထက်တန်းကျောင်း၌ အထက်တန်း မြန်မာစာပြဆရာ၊ ဗုဒ္ဓသာသနာအဖွဲ့ချုပ်၌ အုပ်ချုပ်ရေးအရာရှိ၊ သာသနာရေးဦးစီးဌာန၌ ဌာနစုမှူးမှ ညွှန်ကြားရေးမှူး တာဝန်၊ ခေတ္တညွှန်ကြားရေးမှူးချုပ် တာဝန်များ ထမ်းဆောင် ခဲ့သည်။ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် ပထမဆုံးတာဝန်ယူ ထမ်းဆောင်ရသူဖြစ်သည်။

ဆရာကြီးဦးကျော်လွင်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများပေါ်ပေါက်လာအောင်လည်း ကြိုးမာန်တက်ဆောင်ရွက်ခဲ့သူဖြစ်သည်။ ၁၃၆၃-ခုနှစ်တွင် ကျောက်တန်းမြို့တွင် ဗုဒ္ဓနည်းကျ နှစ်ဖက်လှ ဝိပဿနာရိပ်သာကိုလည်း တည်ထောင်ခဲ့သည်။ ဘဝတစ်သက်တာလုံး၊ စာသင်ယူခြင်း၊ စာချခြင်း၊ စာရေးခြင်း၊ စာဟောခြင်း၊ တရားပြခြင်းဖြင့် အချိန်များကို ကုန်လွန်စေခဲ့သည်။

အမျိုးဘာသာသာသနာအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော ဆရာကြီး ဦးကျော်လွင်သည် ၁၃၆၃-ခုနှစ် တပို့တွဲလဆန်း (၆)ရက် အင်္ဂါနေ့ (၁၈-၂-၂၀၀၂) ခုနှစ်နေ့တွင် ကျောက်တန်းမြို့ရှိ ဗုဒ္ဓနည်းကျနှစ်ဖက်လှ ဝိပဿနာရိပ်သာ ကျောင်း၌ ကွယ်လွန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
သုတ္တန္တပိဋကမဟာဌာန
**တွဲဖက်ပါမောက္ခ**
**ဆရာကြီး ဦးငွေးလှိုင်(ဓမ္မာစရိယ ဦးငွေးလှိုင်)**

ဦးငွေးလှိုင်ကို စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ညောင်ကန်ကျေးရွာအုပ်စု၊ မောင်းထောင်၊ ညောင်ကန်နှစ်ရွာအလယ်ရှိ ရေကန်စုရွာ၌ အဖဦးဖိုးကဲ+အမိဒေါ်ပြော့တို့မှ ၁၂၉၃-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၄)ရက်၊ တနင်္လာနေ့ ညနေ(၃)နာရီအချိန်တွင် ဖွားမြင်သည်။

ဦးငွေးလှိုင်သည် ငါးနှစ်သားအရွယ်မှစတင်၍ မောင်းထောင်ယွန်းဆက်တိုက်၌ နက္ခတ်ပညာ၊ ဗေဒင်ပညာတို့ကို သင်ယူပြီး ၁၂-အရွယ်တွင် ရှင်သာမဏေပြုခဲ့သည်။ ၁၇-နှစ်အရွယ် မုံရွာမြို့၊ မဟာဇောတိကာရာမတိုက်၊ ၁၉-နှစ်အရွယ် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်တို့တွင် ပိဋကတ်စာပေများ ဆည်းပူးခဲ့သည်။

ဦးငွေးလှိုင်သည် ငယ်၊ လတ်၊ ကြီး သာသနဓဇသိရီပဝရဓမ္မာစရိယတန်းတို့ကို အောင်မြင်ခဲ့သည်။

ဦးငွေးလှိုင်သည် စာအုပ်ပေါင်း ၂၀ကျော် ရေးသားပြုစုခဲ့သည်။ ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ၊ သီဟိုဠ်ခေတ် စံတော်ဝင်အရိယာများ၊ ချမ်းမြေ့စွာဘဝနေနည်း၊ ဓမ္မဒူတ(ပ၊ ဒု၊ တ တွဲ)၊ ကမ္ဘာကို ချုပ်ကိုင်မည့်သုံးရတနာသုံးပါးကျေးဇူး၊ အနာဂါမ်ဆရာသက်ကြီး၊ မေတ္တာဝါဒ၊ ခရီးဖော်၊ ကမ္ဘာလှည့်တရား၊ ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာကြီး၊ ဝေဘူဆရာတော်ဘုရားကြီး၏ သန္ဒိဋ္ဌိကတရားတော်များ(ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်သုံးဘာသာဖြင့်)၊ လူသေလူဖြစ်သလော၊ စေတီရုပ်ပွား သမိုင်းအကျဉ်း၊ တောင်တန်းတရား၊ မေတ္တာခရီးသည်ကြီး(ပတွဲ၊ ဒုတွဲ)၊ ဒဿနပါရဂူကျမ်း၊ ဓမ္မစကြာကျမ်း၊ ခြေတော်ရာသမိုင်း၊ ဂရုဓမ်အဖွင့်ကျမ်းစသည်တို့ဖြစ်ကြသည်။

ဦးငွေးလှိုင်သည် အသက်(၅၀)အရွယ်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) သုတ္တန္တပိဋကမဟာဌာနတွင် တွဲဖက်ပါမောက္ခ (၂)နှစ် တာဝန်ထမ်းဆောင်ခဲ့သည်။ နိုင်ငံတော်မှ ဆရာကြီးအား မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ချီးမြှင့်ခဲ့သည်။

ဆဋ္ဌသံဂါယနာတင်ပွဲကြီး၌ အသက်အငယ်အဆုံးပါဠိပညာရှင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ သာသနာရေး ဦးစီးဌာနတွင် ၁၅-နှစ်၊ တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းပြုစုရေးအဖွဲ့တွင် အယ်ဒီတာ၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့သာသနာပြု သင်္ကိသုခကျောင်းတော်၌ ဗုဒ္ဓစာပေဆိုင်ရာအင်္ဂလိပ်စာ နည်းပြ၊ အပြည်ပြည်ဆိုင်ရာ သဒ္ဓမ္မဇောတိက ဖောင်ဒေးရှင်းအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး မြေဇင်းတောရနည်းဖြင့် သမထကမ္မဋ္ဌာန်းနည်းကို ပြသ၍ တရားစခန်း ဖွင့်ခြင်းများ၊ စစ်တကောင်းဗုဒ္ဓဘာသာအဖွဲ့နာယကအဖြစ်တာဝန်ယူ၍ ရှင်ပြုပွဲများ၊ တရားထိုင်ပွဲများ ကျင်းပပြုလုပ်ခဲ့သည်။

ဆရာကြီးသည် အမျိုး၊ ဘာသာ၊ သာသနာအကျိုးများကို ဆောင်ရွက်နေရင်း ၂၀၀၄-ခုနှစ်၊ မတ်လ ၁၀-ရက်၊ ကြာသပတေးနေ့ (၁၃၆၆-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆-ရက်)နေ့၌ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ၁၉/စ၊ မြစံပယ်လမ်းနေအိမ်တွင် ကွယ်လွန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
သုတ္တန္တပိဋကမဟာဌာန
**တွဲဖက်ပါမောက္ခ**
**ဆရာကြီး ဦးသိန်းအောင်**(ဦးသိန်းအောင်-ဗာရာဏသီ)

ဦးသိန်းအောင်ကို စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ သပြေသာကျေးရွာ၌ အဖဦးမြဲ+အမိဒေါ်ချိတ်မိ တို့မှ ၁၉၃၄-ခုနှစ်၊ အောက်တိုဘာလ(၁၂)ရက်၊ စနေနေ့၊ နေ့(၀၁း၃၀)နာရီတွင် ဖွားမြင်ခဲ့သည်။

ဦးသိန်းအောင်သည် ငယ်စဉ်က ဒီပဲယင်းမြို့နယ်၊ ဖောင်တော်ဦးကျောင်းဆရာတော်နှင့် ရေဦးမြို့နယ် သန်းတော ဇောတိကကျောင်းဆရာတော်ထံတို့တွင် ပိဋကအခြေခံစာပေများ သင်ယူခဲ့သည်။ မန္တလေးမြို့၊ သောဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ကျောင်း၌ ပိဋကစာပေ၊ ရန်ကုန်လုပ်သားကောလိပ်၌ အဆင့်မြင့်ပညာ၊ ရန်ကုန်တက္ကသိုလ်၌ ဘွဲ့လွန်ပညာ၊ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့၊ ဆန်စကရစ်တက္ကသိုလ်၌ သက္ကတပညာတို့ သင်ယူခဲ့သည်။ ဦးသိန်းအောင်သည် သာသနဓဇဓမ္မာစရိယဘွဲ့၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတဓမ္မာစရိယဘွဲ့၊ သောဝိဓမ္မာဘွဲ့ (မြန်မာစာ)(ရန်ကုန်)၊ သက္ကတဒီပလိုမာ(ဗာရာဏသီ)၊ တိုင်းရင်းဆေးစာမေးပွဲများကိုလည်း အောင်မြင်ခဲ့သည်။

ဦးသိန်းအောင်သည် ပိဋကစာပေများ ပို့ချခြင်းများအပြင် ၁၉၆၇-ခုနှစ်တွင် သာသနာရေးဦးစီးဌာနတွင် စာစု အယ်ဒီတာ တာဝန်ထမ်းဆောင်ပြီး (ယင်းအချိန်က ဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲအက်ဥပဒေကို ရုပ်သိမ်းထား၍) ပထမပြန်စာမေးပွဲများကို လျှို့ဝှက်ဆောင်ရွက်ခဲ့သည်။ သာသနာရေးဦးစီးဌာနတွင် ပါဠိမြန်မာ အဘိဓာန်စာစုအယ်ဒီတာအဖြစ်မှ ဒုတိယညွှန်ကြားရေးမှူးအဆင့်အထိ (၂၇)နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ ဆဋ္ဌသင်္ဂါယနာ တိပိဋကပါဠိမြန်မာအဘိဓာန်ကို ကိုယ်တိုင်ရေးခြင်း၊ တည်းဖြတ်ခြင်း၊ ပုံနှိပ်ခြင်းလုပ်ငန်းများ၊ သာသနာ့ရောင်ခြည်စာတည်းဖွဲ့ ဥက္ကဋ္ဌ၊ ရှေးဟောင်းကျမ်းစာများကို ပြန်လည်ရိုက်နှိပ်ရာတွင် စာတည်းအဖြစ် တာဝန်ယူခဲ့သည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များဖွင့်လှစ်ရန် စီစဉ်သောအခါ တက္ကသိုလ်စည်းမျဉ်းများ ရေးဆွဲပေးခဲ့ခြင်း၊ သာသနာ့တက္ကသိုလ် ဆရာလောင်းများအား သင်တန်းပို့ချခြင်း၊ တွဲဖက်အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခြင်း၊ ဗုဒ္ဓဘာသာလက်စွဲကျမ်းစာများ ရေးသားခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဦးစီးကျင်းပသော ဝိသုဒ္ဓိမဂ်နှင့် အဘိဓမ္မာဆရာဖြစ်သင်တန်း နှစ်ကြိမ် သင်ကြားပေးခဲ့သည်။ တောင်တန်းသာသနာပြုလုပ်ငန်း၊ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေးများတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်မှ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ပေးအပ်ရာတွင် အတွင်းရေးမှူးအဖြစ် လုပ်ငန်းတာဝန်များ ဆောင်ရွက်ခဲ့သည်။ ၁၉၉၅-ခုနှစ်တွင် သာသနာရေးဦးစီးဌာနမှ အငြိမ်းစားယူခဲ့ပြီး ၁၉၉၆-၉၈-ခုနှစ်များတွင် အိန္ဒိယနိုင်ငံ အီဂတ်ပူရီမြို့၊ ဂိုအင်ဂါကမ္ဘာ့ဌာန်းရိပ်သာတွင် ပိဋကတ်ကျမ်းစာများကို ဆဋ္ဌမူအတိုင်း တည်းဖြတ်ပေးခဲ့ရသည်။ အိန္ဒိယမှ ပြန်ရောက်သောအခါ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် အကြံပေးအရာရှိ တာဝန်ထမ်းဆောင်ခဲ့သည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွင်လည်း သုတ္တန္တပိဋကမဟာဌာန၌ တွဲဖက်ပါမောက္ခတာဝန်များကို ထမ်းဆောင်ခဲ့သည်။

ယခုအခါ ဆရာကြီးသည် သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ပိဋကတ်ဘာသာပြန်ဌာနတွင် ပိဋကတ်ပါဠိတော်များကို အင်္ဂလိပ်ဘာသာပြန်ဆိုရာ၌ ဓမ္မရေးရာအတိုင်ပင်ခံအဖြစ် ဆောင်ရွက်လျက်ရှိပြီး ပိဋကတ်ကျမ်းစာများ မြန်မာပြန်ဆိုခြင်း၊ သံယုတ်သင်တန်းများပို့ချပေးရင်း အမျိုးဘာသာသာသနာ အကျိုးကို ဆောင်ရွက်ရင်းဖြင့် အမှတ် (၇၀၆) သမိန်ဗရမ်းလမ်း၊ ၃၅-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း နေအိမ်တွင် မိသားစုနှင့်အတူ နေထိုင်လျက်သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

သုတ္တန္တပိဋကမဟာဌာန

**တွဲဖက်ပါမောက္ခ**

## ဆရာကြီး ဦးအောင်ခိုင် (၂)

ဦးအောင်ခိုင်ကို မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ မြို့မရပ်၌ အဖဦးပေါ်ထွန်း+အမိဒေါ်ချစ်စံတို့မှ ၁၂၉၃-ခုနှစ်၊ တန်ခူးလဆုတ်(၈)ရက်၊ တနင်္ဂနွေနေ့၊ ညနေ(၆)နာရီတွင် ဖွားမြင်ခဲ့သည်။

ဦးအောင်ခိုင်သည် ဂန့်ဂေါမြို့ အစိုးရအထက်တန်းကျောင်း၊ ဖျာပုံမြို့ တိုင်းရင်းမြန်မာအလယ်တန်းကျောင်း၊ ဗုဒ္ဓဘာသာမိန်းကလေးကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ လောကုတ္တရာစာပေများကိုလည်း ဆည်းပူးခဲ့ရာ ငယ်၊ လတ်၊ ကြီး၊အောင်မြင်ခဲ့ပြီး ၁၃၁၅-ခုနှစ်တွင် သာသနဓဇသီရိပဝရဓမ္မာစရိယ၊ သိရောမဏိဘွဲ့ကို ရရှိခဲ့သည်။ ၁၃၂၉-ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကိုအောင်မြင်ခဲ့သည်။

ဦးအောင်ခိုင်သည် အလယ်တန်းပြဆရာ၊ အလယ်တန်းကျောင်းအုပ်၊ အထက်တန်းပြဆရာ အဖြစ်တာဝန်များ ထမ်းဆောင်ခဲ့ပြီး၊ ၁၉၈၁-ခုနှစ်တွင် မြန်မာစာသင်ရိုးပြုစုရေးအဖွဲ့ဝင်တာဝန်၊ ၁၉၈၂-မှ ၁၉၉၂-ခုအထိ သာသနာရေး ဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ ဘာသာရေးစာပေစိစစ်ရေးဌာန၌ ဌာနစိတ်မှူး၊ ဌာနစုမှူး တာဝန်များကို ထမ်းဆောင် ခဲ့သည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် သုတ္တန္တပိဋကမဟာဌာန၌ တွဲဖက် ပါမောက္ခတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ဦးအောင်ခိုင်သည် နိုင်ငံတော်မှ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့ကို ချီးမြှင့်ခြင်းခံရသည်။

ဦးအောင်ခိုင်သည်          နှစ်တွင် အမှတ် ၂၉၉၊ နတ်သျှင်နောင်လမ်း၊ ၃၅-ရပ်ကွက်၊ ဒဂုံမြို့သစ် မြောက်ပိုင်း နေအိမ်တွင် ကွယ်လွန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

သုတ္တန္တပိဋကမဟာဌာန

**တွဲဖက်ပါမောက္ခ**

## ဆရာကြီး ဦးကိုကိုမြိုင်

ဆရာကြီး ဦးကိုကိုမြိုင်ကို ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကျောက်တိုင်ရွာတွင် အဖ ဦးညစ်+ အမိခေါ်သိမ်းနုတို့မှ (၁၇-၄-၄၃) ၁၃၀၃-ခုနှစ် တန်ခူးလပြည့်ကျော်(၇)ရက် ကြာသပတေးနေ့တွင် မွေးဖွားခဲ့သည်။

ဆရာကြီးသည် ငယ်စဉ်က ညောင်ပင်သာရွာ၊ အလယ်တန်း ဘ·ကကျောင်း။ ဖြူးမြို့၊ ဒက္ခိဏာရုံစာသင်တိုက်။ ရန်ကုန်မြို့၊ ကမ္ဘာအေးသံဃာ့တက္ကသိုလ်။ အထက(၁)လသာ။ လုပ်သားများကောလိပ်တို့၌ လောကုတ်၊ လောကီပညာရပ်များကို သင်ယူခဲ့ရာ သာသနဓဇဓမ္မာစရိယဘွဲ့၊ ဘီဒီတီဘွဲ့၊ ဘီအေ(မြန်မာစာ)ဘွဲ့တို့ကို ရရှိခဲ့သည်။

ဆရာကြီးသည် ပညာရေးဌာနတွင် မူလတန်းပြ၊ မူလတန်းကျောင်းအုပ်၊ အလယ်တန်းပြ၊ သာသနာရေးဦးစီးဌာနတွင် လက်ထောက်ကျမ်းပြုမှူး၊ ပါဠိသုတေသနဌာနကြီးတွင် လက်ထောက်သုတေသနအရာရှိ၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးတာဝန်ထိ ထမ်းဆောင်ခဲ့သည်။

ဆရာကြီးသည် အမျိုးဘာသာအတွက် စာအုပ်ပေါင်း(၁၀၀)ကျော်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပြဌာန်းကျမ်းစာအုပ်(၈)အုပ်၊ ပြည်တွင်းသာသနာပြုသင်တန်း ပြဌာန်းကျမ်းစာအုပ်(၅)အုပ်တို့ကို ရေးသားပြုစုခဲ့ပါသည်။ နိုင်ငံတော်မှ ၂၀၀၃-ခုနှစ်တွင် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ကို ချီးမြှင့်ပေးအပ်ခြင်း ခံရသည်။

ဆရာကြီးသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ၉-၇-၉၂-ခုနှစ်မှ စတင်၍ နိုင်ငံခြားသားများ စာသင်ဌာနတွင် မြန်မာစာပြတာဝန်၊ မြန်မာစာဌာန၌ တွဲဖက်ကထိကတာဝန်၊ ဗုဒ္ဓဒေသနာ ပြန့်ပွားရေး ပညာဌာန၌ တွဲဖက်ဌာနမှူးတာဝန်၊ သုတ္တန္တပိဋကမဟာဌာန၌ တွဲဖက်ပါမောက္ခ တာဝန်တို့ကို ထိုမှပြောင်းရွှေ့ တာဝန် ထမ်းဆောင်ခဲ့သည်။

ထိုသို့ ဌာနအသီးအသီးတာဝန်ထမ်းဆောင်ရင်း နိုင်ငံခြားပညာသင်ဌာနအတွက် သူငယ်တန်းဖတ်စာ၊ အင်္ဂလိပ်ဘာသာပြန်စာမူ၊ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာနတွင် တာဝန်ထမ်းဆောင်စဉ် သာသနတက္ကသီလ ဓမ္မာစရိယတန်းအတွက်(ပထမ)နှစ် ပြဌာန်းကျမ်းစာဖြစ်သော- "ပြည်ပသို့ ဗုဒ္ဓသာသနာ ပြန့်ပွားအောင် ကြိုးပမ်းသူများ" စာအုပ်၊ သာသနတက္ကသီလဓမ္မာစရိယတန်း(ဒုတိယ)နှစ်အတွက် "ပြည်ထောင်စုတိုင်းရင်းသား ယဉ်ကျေးမှုဓလေ့များ အပိုင်း(၁) (၂)"၊ လူသားတို့ ကိုးကွယ်ရာဘာသာကြီးများ၏ အယူဝါဒများ သုံးသပ်ချက်၊ သုတ္တန္တပိဋကမဟာဌာန၊ သာသနတက္ကသီလဓမ္မာစရိယတန်း(ဒုတိယ)နှစ်အတွက် "ဗုဒ္ဓ၏ဓမ္မ အမြင်များကို ခေတ်အမြင်ဖြင့် လေ့လာသုံးသပ်ခြင်း၊ ဗြဟ္မဇာလသုတ် အပိုင်း(၁)၊ တတိယနှစ်အတွက် သာမညဖလ၊ အမ္ဗဋ္ဌအပိုင်း(၂)၊ စတုတ္ထနှစ်အတွက် သောဏဒဏ္ဍသုတ်မှ တေဝိဇ္ဇသုတ်အထိ အပိုင်း(၃)"၊ ဓမ္မာစရိယတန်းပထမနှစ်အတွက် "ဗုဒ္ဓ၏ဓမ္မအမြင်များကို ခေတ်အမြင်ဖြင့် လေ့လာသုံးသပ် အကဲဖြတ်ခြင်း အပိုင်း(၁)၊ (သုတ်မဟာဝါ၊ မူလပဏ္ဏာသ)။ ဒုတိယနှစ်အတွက် သုတ်ပါထေယျ၊ မဇ္ဈိမပဏ္ဏာသ၊ ဥပရိပဏ္ဏာသအပိုင်း(၂)၊ စုစုပေါင်း(၈)အုပ်ကို ရေးသားပြုစုခဲ့ပေးခဲ့သည်။ ထို့ပြင် ဆရာကြီးသည် ဤတက္ကသိုလ်၌ ပါရဂူ(Ph.D) စည်းမျဉ်းဖြစ်ပေါ်ရေးအတွက်လည်း ကြိုးစားခဲ့သည်။

ယခုအခါ ကျမ်းကျင်ပညာရှင်တာဝန်နှင့် သုတ္တန္တပိဋကမဟာဌာန၌ တွဲဖက်ပါမောက္ခတာဝန်အဖြစ် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြုကုသိုလ်ထူးများကို ဆည်းပူးအားထုတ်လျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
# (ရန်ကုန်)

# အဘိဓမ္မပိဋကမဟာဌာန၌
# တာဝန်ထမ်းဆောင်ပြီး/ထမ်းဆောင်ဆဲ
# ဆရာများ၏
# အတ္ထုပ္ပတ္တိအကျဉ်း

www.burmeseclassic.com

www.burmeseclassic.com





## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
## အဘိဓမ္မပိဋကမဟာဌာန
## ပါမောက္ခ/ဌာနမှူးဆရာတော်
## ဘဒ္ဒန္တတိလောကာဘိဝံသ

ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသကို ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ညောင်ပင်သာကျေးရွာ၊ ခမည်းတော် ဦးဘဖေ+မယ်တော်ဒေါ်စောစိန်တို့မှ ၁၃၀၀ ပြည့်နှစ်၊ တပေါင်းလဆန်း(၁)ရက်၊ စနေနေ့တွင် ရှုးသန့်စင်ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ဇလွန်မြို့နယ်၊ ညောင်ပင်သာကျောင်းဆရာတော် ဘဒ္ဒန္တကုန္ဒဝံသ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ အသက် ၁၅-နှစ်အရွယ်တွင် ရှင်သာမဏေ အဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

၁၃၂၀-ခုနှစ်၊ ကဆုန်လဆန်း(၁၀)ရက်နေ့ နံနက် ၇း၄၅ နာရီ ၁၅-ဖဝါး၊ ၁ ဗီလာအချိန်တွင် ဇလွန်မြို့နယ်၊ ညောင်ပင်သာကျေးရွာ၊ ညောင်ပင်သာကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ဇလွန်မြို့နယ်၊ ပကွဲကျေးရွာ၊ ပကွဲကျောင်း ဆရာတော် ဘဒ္ဒန္တစန္ဒာဝရ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ဇလွန်မြို့နယ်၊ ညောင်ပင်သာကျေးရွာ ဦးမျက်ပြူး+ ဒေါ်သိန်းရင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်လောင်းလျာသည် ဇလွန်မြို့နယ်၊ ညောင်ပင်သာကျောင်းဆရာတော် ဘဒ္ဒန္တကုန္ဒဝံသ၊ မြင်းခြံမြို့ ကိုးဆောင်တိုက်ဆရာတော် ဘဒ္ဒန္တသောဘိတ၊ မန္တလေးမြို့ ချမ်းသာကြီးတိုက်ဆရာတော်ဘဒ္ဒန္တနန္ဒမဥ္ဇူ တို့ထံတော်မှ ညောင်ရင်နို့သောက်စို့ခဲ့ပြီး အစိုးရစာမေးပွဲ၊ အမျိုးသားစာမေးပွဲများ၌ အဆင့်မြင့်မြင့်ဖြင့် အောင်မြင်ခဲ့ပါသည်။ ကျင်းပသော ဘွဲ့များမှာ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ သက္ကျသီဟဓမ္မာစရိယ၊ ပထမကျော်ဓမ္မာစရိယ(အမျိုးသား) ဖြစ်ပါသည်။ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်အနေဖြင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်း ရရှိခဲ့ပါသည်။

ဆရာတော်သည် မြင်းခြံမြို့ ကိုးဆောင်တိုက် ဂဏဝါစက၊ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် တာဝန်ခံစာချတိုက်အုပ်၊ မြို့နယ်ဝိနည်းဓိုရ်၊ မြို့နယ်သံဃနာယကဒုတိယဥက္ကဋ္ဌ၊ မြို့နယ်ပါဠိပထမပြန် ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ၊ မဟာန ပညာရေးအဖွဲ့ငယ်၏ အထူးတာဝန်ပေးချက်များ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက် အမှုတော်ဆောင်၊ ဒုတိယဥက္ကဋ္ဌ စသည့် တာဝန်တို့ကို ထမ်းဆောင်သည့်အပြင် ဤနိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်) အဘိဓမ္မပိဋကမဟာဌာန ပါမောက္ခ/ဌာနမှူးတာဝန်ကို(၁၈.၄.၁၉၈၆) မှ (၇.၇.၁၉၈၉) အထိ ထမ်းဆောင်ခဲ့ပြီး (၁၂.၁၁.၁၉၈၈) နေ့တွင် ဒုတိယပါမောက္ခချုပ်တာဝန်ကိုပါ တိုးမြှင့်ပူးတွဲ ထမ်းဆောင်ခဲ့ ပါသည်။

ယခုအခါ ဆရာတော်သည် အင်းစိန်မြို့၊ ရွာမပရိယတ္တိစာသင်တိုက်၌ ပဓာနနာယကအဖြစ်ဖြင့် တာဝန်ယူ ရွက် ပရိယတ်၊ ပဋိပတ်သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူလျက်ရှိပါသည်။

ဆရာတော်သည်-ပရိတ်ဋီကာ၊ သမိုင်းတာဝန်ကျေပွန်ပါစေ၊ ခရီးပန်းတိုင်နှင့်အင်္ဂုတ္တိုရ်မြန်မာပြန်၊ စနစ် ဆောင်း စနစ်သစ် မူ၊ ငယ်,လတ်,ကြီး အဖြေစုံ (၇) ကျမ်း၊ မာတိကာဓာတုကထာ၊ ယမက၊ပဋ္ဌာန်း၊ အဘိဓမ္မာ၊ ကျမ်းတက်ဆောင်ကျမ်းများ၊ ပဋ္ဌာန်းပို့ချစဉ်၊ အဋ္ဌသာလိနီအဖြေစုံ စသော ကျမ်းပေါင်း ၂၀-ကျော်ကို ရေးသားပြုစုတော်မူခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
အဘိဓမ္မပိဋကမဟာဌာန
**ပါမောက္ခ/ဌာနမှူးဆရာတော်**
**ဘဒ္ဒန္တဂန္ဓမာလာဘိဝံသ**

ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာဘိဝံသကို စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ကံကြီးကုန်းကျေးရွာ ခမည်းတော် ဦးဘရင်+ မယ်တော်ဒေါ်လှတို့မှ သက္ကရာဇ် ၁၃၀၁-ခုနှစ်၊ ဝါခေါင်လဆန်း ၇-ရက် တနင်္လာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် စစ်ကိုင်းမြို့နယ်၊ ကံကြီးကုန်းကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တရေဝတ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ အဒေါ်ဖြစ်သူ ဒေါ်မ၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ အသက် ၉-နှစ်အရွယ်တွင် ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

၁၃၂၀-ခုနှစ်၊ တပေါင်းလပြည့်နေ့၊ တနင်္လာနေ့ နေ့လည် (၁:၀၀) နာရီ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ကတောကျေးရွာ၊ ဒက္ခိဏာရာမကျောင်းတိုက် ခဏ္ဍသိမ်၌ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ရွှေကျင်သာသနာပိုင်ဆရာတော် ဘဒ္ဒန္တစန္ဒာဘိဝံသ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့ ပြောင်းပြာရပ်ကွက် ဒေါ်ဖွားစိန် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်လောင်းလျာသည် စစ်ကိုင်းမြို့နယ်၊ ကံကြီးကုန်းကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တရေဝတ မြောင်မြို့နယ်၊ ကသစ်ကုန်းရွာ၊ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တတေဇ၊ ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်၊ စစ်ကိုင်းမြို့၊ သုဗောဓာရုံဆရာတော် ဘဒ္ဒန္တနာရဒ၊ စစ်ကိုင်းတောင် ဝိပဿနာချောင်ဆရာတော် ဘဒ္ဒန္တဓမ္မာဘာသ၊ မန္တလေးမြို့ ချမ်းသာကြီးတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒမဉ္ဇူ၊ ရန်ကုန်မြို့ မဟာစည်သာသနာ့ ရိပ်သာဆရာတော် ဘဒ္ဒန္တသောဘန၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် ဘဒ္ဒန္တသုန္ဒရ၊ ဘဒ္ဒန္တတေဇနိယ တို့အထံမှ ပညာရင်နို့သောက်စို့ခဲ့ပြီး ၁၃၁၄ခုနှစ်၌ ပထမဆုံးကျင်းပခဲ့သော အဘိဓမ္မာစာမေးပွဲတွင် ၁၂၊ ၁၃နှစ် အရွယ်မျှဖြင့် အဘိဓမ္မာစာမေးပွဲ ၃-ဆင့်လုံးအောင်မြင်ခဲ့သည်။ အမြင့်ဆုံးအောင်မြင်ခဲ့သည့် စာမေးပွဲများမှာ သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ သာမဏေ သကျသီဟ၊ မော်လမြိုင်မြို့၊ သုသမာစာရ အငယ်တန်း၊ အလတ်တန်း၊ B.Sc (Chemistry) စာမေးပွဲတို့ဖြစ်သည်။ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်အနေဖြင့် မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

ဆရာတော်သည် ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် စာကြည့်တိုက်မှူး(၁၉၈၆) သုတ္တန္တပိဋကမဟာဌာန ကထိက(၁၉၈၆)၊ ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန ပါမောက္ခ (၁၉၉၀)၊ အဘိဓမ္မပိဋက မဟာဌာန ပါမောက္ခ/ဌာနမှူး(၁၉၉၂-၂၀၀၃) ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဂဏဝါစက၊ အခြေခံ မူလတန်းကျင်းပရေး အတွင်းရေမှူး၊ အဘိဓမ္မာဝိသုဒ္ဓိမဂ်စာမေးပွဲကျင်းပရေးအဖွဲ့ အတွင်းရေးမှူး၊ ပထမပြန် စာစစ်အဖွဲ့ဝင်၊ ဗဟန်းမြို့နယ် ဝိနည်းခိုရ် တာဝန်တို့ကို ထမ်းဆောင်ခဲ့ပါသည်။ ဒုလ္လဘကျင့်စဉ်ကျမ်း၊ ဘဝအောင်မြင်ရေး၊ ပဋ္ဌာနနယမဉ္ဇရီ၊ စာသင်သားလက်စွဲ ဓာတုဗေဒကဗျာများစသည့် ကျမ်းစာအုပ်များကို ရေးသားပြုစုခဲ့ပါသည်။

ယခုအခါ ဆရာတော်သည် ဗဟန်းမြို့နယ်၊ အလယ်တောရစာသင်တိုက်ကို တာဝန်ယူ အုပ်ချုပ်ကာ သာသနာပြုလျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
အဘိဓမ္မပိဋကမဟာဌာန
**ပါမောက္ခ/ဌာနမှူးဆရာတော်**
**ဘဒ္ဒန္တဇောတိက**

ဆရာတော် ဘဒ္ဒန္တဇောတိကကို ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ နောင်ဘိုကြီးကျေးရွာ၊ ခမည်းတော် ဦးထွန်းသင်+မယ်တော်ဒေါ်ငြိမ်းခင်တို့မှ ၁၃၁၃-ခုနှစ်၊ ဝါဆိုလဆန်း(၇)ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ နောင်ဘိုကြီးကျေးရွာ ဝေဠုဝန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုမာရ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

၁၃၃၂-ခုနှစ်၊ တပေါင်းလဆုတ် (၁၅)ရက်၊ သောကြာနေ့ နံနက် ၈း၀၀ နာရီ အချိန်တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ တည်းကုန်းရပ်ကွက်၊ ပြည်ကျောင်းတိုက်၊ ခဏ္ဍသိမ်၌ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ နှရောင်းကျေးရွာ၊ ထားဝယ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေသရ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ကရင်ပြည်နယ်၊ ဘားအံမြို့၊ ဇီးတောရပ်ကွက် ဦးလင်းနေ+ဒေါ်သန်းနုမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်လောင်းလျာသည် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ နောင်ဘိုကြီးကျေးရွာ ဝေဠုဝန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုမာရ၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပြည်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒိမာ၊ မြောင်းမြမြို့ ရွှေဘာရုံတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိက၊ ထားဝယ်မြို့ ဃောသိတာရုံကျောင်းတိုကဆရာတော် ဘဒ္ဒန္တဃောသိတာ ဘိဝံသ၊ မန္တလေးမြို့ အနောက်ပြင် တောင်ထီးလင်းတိုက်၊ ဇောတိကာရုံအုတ်ကျောင်းဆရာတော် ဘဒ္ဒန္တဝဇီရဗုဒ္ဓိ ထိုးဆံတော်၌ ပညာရင်နို့ သောက်စို့ခဲ့ပြီး အမြင့်ဆုံးအောင်မြင်ခဲ့သော စာမေးပွဲများမှာ ပါဠိပထမပြန်နှင့် ဓမ္မာစရိယစာမေးပွဲ၌ ပထမကြီး၊ အစိုးရဓမ္မာစရိယ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်စာမေးပွဲ၌ မဟာ ဓမ္မာစရိယစာမေးပွဲတို့ ဖြစ်ပါသည်။ ရရှိခဲ့သော ဘွဲ့များမှာ သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလမဟာ ဓမ္မာစရိယ M.A (Buddhism) ဘွဲ့တို့ဖြစ်ပါသည်။ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်အနေဖြင့် မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်း ရရှိခဲ့ပါသည်။

ဆရာတော်သည် ဤနိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) စာကြည့်တိုက်ဌာန၌ ဌာနစုမှူး အဖြစ် ၁၉၈၉-၁၉၉၀ အထိ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အဘိဓမ္မပိဋကမဟာဌာန၌ ၁၉၉၀-ခုနှစ်မှစ၍ လက်ထောက်ကထိက၊ နည်းပြ၊ ကထိက၊ ပါမောက္ခအဖြစ် အဆင့်ဆင့် တာဝန်ထမ်းဆောင်ပြီး/ထမ်းဆောင်ဆဲ ဖြစ်ပါသည်။ ထို့ပြင် ၂၀၀၇ ခုနှစ်မှစ၍ ဒုတိယပါမောက္ခချုပ်(သင်ကြား) တာဝန်ကိုပါ တိုးမြှင့်ပူးတွဲ ထမ်းဆောင်လျက် ရှိပါသည်။

ထို့ပြင် ဆရာတော်သည် ဇာတိရပ်ရွာ၌ ကလေးသူငယ်များအား ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ် ခြင်း၊ ဇောပညာပါရမီရန်ပုံငွေကို ဖွဲ့စည်းတည်ထောင်၍ မွေးရပ်မြေရှိ ပညာသင်ကျောင်းသား/သူတို့အား ပညာသင်စရိတ် ထောက်ပံ့လှူဒါန်းခြင်းစသည့် သာသနာ့အကျိုးပြုလုပ်ငန်းများကိုလည်း ပြုလုပ်ဆောင်ရွက်လျက် ရှိသည်။ ဆရာတော်သည် ဓမ္မအတွေးအမြင်ဆောင်းပါးများ၊ ရသေ့ကျင့်ဝတ်ရသေ့ဝေ့အမည်ရှိ ဘွဲ့ယူကျမ်းစာ ကိုလည်း ရေးသားပြုစု ထုတ်ဝေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
အဘိဓမ္မပိဋကမဟာဌာန
ကထိကဆရာတော်

## ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ

ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသကို ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ အစယ်ကျေးရွာ၊ ခမည်းတော်ဦးထွန်းမောင်+မယ်တော်ဒေါ်ခင်ရီတို့မှ ၁၃၁၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၃)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် မြန်အောင်မြို့နယ်၊ အစယ်ကျေးရွာ ဒက္ခိဏာရာမကျောင်း ဆရာတော် ဘဒ္ဒန္တသီဟ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ အသက် ၁၀-နှစ် အရွယ်တွင် ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

၁၃၃၃-ခုနှစ်၊ ကဆုန်လဆန်း (၁)ရက်နေ့ ကြာသပတေးနေ့ နံနက် ၈း၄၅ နာရီ အချိန်တွင် ဧရာဝတီတိုင်း၊ မြန်အောင်မြို့နယ်၊ အစယ်ကျေးရွာ ဒက္ခိဏာရာမကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ဆရာတော်ဘဒ္ဒန္တသီဟ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ဧရာဝတီတိုင်းဒေသကြီး၊ ထူးကြီးမြို့၊ ဒေါ်ညိုကြီး မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်လောင်းလျာသည် မြန်အောင်မြို့နယ်၊ အစယ်ကျေးရွာ ဒက္ခိဏာရာမကျောင်းဆရာတော် ဘဒ္ဒန္တသီဟ၊ ဓနုဖြူမြို့ တောင်ပေါ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒရံသီ၊ မန္တလေးမြို့ မင်္ဂလာဗိမာန် အုတ်ကျောင်းဆရာတော် ဘဒ္ဒန္တပညာသိရီဘိဝံသ၊ ရန်ကုန်မြို့ မြေနီကုန်းဗာကရားတောရဆရာတော် ဘဒ္ဒန္တနာဂဝံသာဘိဝံသ၊ မင်းကွန်းဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊ ရန်ကုန်မြို့ စမ်းချောင်း လင်းလွန်းပင်ကျောင်းဆရာတော် ဘဒ္ဒန္တဝိဓွံသနာဘိဝံသ စသောဆရာတော်တို့အထံတော်မှ ပညာရင်နို့သောက်စို့ခဲ့ပြီး ပထမကြီး(ပထမကျော်)၊ သာသနဓဇဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊ ဥဘတောဝိဘင်္ဂဓရ(ဓမ္မတ္ထဂုဏ်ထူး)ဘွဲ့တံဆိပ်တို့ကို ရရှိခဲ့ပါသည်။

ဆရာတော်သည် ကျောင်းထိုင်ဆရာတော်အဖြစ်ဖြင့် ဒကာဒကာမများအား တရားဟော ပြောပြသခြင်း၊ ပရိယတ္တိစာသင်တိုက်တည်ထောင်ကာ စာပေပို့ချခြင်း၊ ထူးကြီးမြို့ ဇေတဝန်ကျောင်းတိုက် ပဓာနနာယက၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ အထောက်အကူပြု ကော်မတီအကျိုးတော်ဆောင် တာဝန်တို့ကို ထမ်းဆောင်ခဲ့သည့်အပြင် ဤနိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အဘိဓမ္မပိဋကမဟာဌာန၌ ဂဏဝါစက (ကထိက) တာဝန်ကို (၂၃·၄·၁၉၈၆) မှ (၃·၆·၁၉၈၈)အထိ ထမ်းဆောင်ခဲ့ပါသည်။

ယခုအခါ ဆရာတော်သည် ဧရာဝတီတိုင်းဒေသကြီး၊ ထူးကြီးမြို့ ဇေတဝန်ကျောင်းတိုက် ပဓာနနာယက အဖြစ်ဖြင့် ပရိယတ်၊ ပဋိပတ် သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
အဘိဓမ္မပိဋကမဟာဌာန

**ကထိကဆရာတော်**

**ဘဒ္ဒန္တပဏ္ဍိတ**

ဘဒ္ဒန္တပဏ္ဍိတကို ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်အရှေ့မြို့နယ်၊ (ယခု-ကန်ကြီးထောင့်မြို့နယ်) တိုက်နယ် ရှမ်းရွာကျေးရွာ၌ ခမည်းတော် ဦးစန်းကြည် + မယ်တော် ဒေါ်ခင်သောင်းတို့မှ ၁၃၂၉-ခုနှစ်၊ တပေါင်းလဆုတ် (၁၅)ရက်၊ (၂၈-၃-၁၉၆၈)၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။

၁၃၄၅-ခုနှစ်၊ တပေါင်းလဆန်း(၁၅)ရက်နေ့တွင် မိဘကိုးဘွားတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှမ်းရွာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကဝိကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။

၁၃၄၉-ခုနှစ်၊ သီတင်းကျွတ်လဆုတ်(၁၁)ရက်၊ တနင်္ဂနွေနေ့၊ နံနက်(၈)နာရီ၊ (၂၅)မိနစ်တွင် ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက်၊ ညောင်ပင်သာလမ်းနေ ဒေါ်သန်းရီမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ပုသိမ်မြို့ နိဂြောဓါရုံ ညောင်ပင်သာပရိယတ္တိစာသင်တိုက် ခဏ္ဍသိမ်တော်၌ ပုသိမ်မြို့ လေးမျက်နှာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ရှမ်းရွာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကဝိ ဘဒ္ဒန္တဝိသုဒ္ဓ၊ ပုသိမ်မြို့ နိဂြောဓါရုံညောင်ပင်သာ ပရိယတ္တိ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝိသုတ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဆရာတော် အစရှိသော သင်ကြား/စီမံဆရာတော်များ၊ ပညာရှင်ဆရာကြီးများတို့အထံ၌ ပညာသင်ကြားခဲ့ပြီး သာသန တက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့တံဆိပ်တို့ကို ရရှိခဲ့ပါသည်။ ယခုအခါ တက္ကသီလ ပါရဂူတန်းကို ဆက်လက်တက်ရောက် သင်ယူနေသည်။

၁၃၄၈-ခုနှစ် မှ ၁၃၅၂-ခုနှစ်အထိ ပုသိမ်မြို့၊ နိဂြောဓါရုံညောင်ပင်သာပရိယတ္တိစာသင်တိုက်၌ စာပေ ပို့ချခြင်း၊ ၁၃၆၀ပြည့်နှစ်မှ ၁၃၆၆-ခုနှစ်အထိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၌ နည်းပြ ဆရာတော်အဖြစ်လည်းကောင်း၊ ၁၃၆၇-ခုနှစ်မှ ယနေ့တိုင်အောင် ကထိကဆရာတော်အဖြစ်ဖြင့်လည်းကောင်း တာဝန်ယူ၍ စာပေများပို့ချခြင်းစသော သာသနာ့တာဝန်များကို ထမ်းဆောင်သည့်အပြင် ၁၃၆၃-ခုနှစ်မှစ၍ ယနေ့တိုင်အောင် လူပုဂ္ဂိုလ်တို့အား အဘိဓမ္မာသင်တန်း၊ ဝိသုဒ္ဓိမဂ်သင်တန်းစသော ဗုဒ္ဓစာပေသင်တန်းများပို့ ချပေးလျက်ရှိသည်။

ဘွဲ့ယူကျမ်းစာအဖြစ်-ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအတွက် မြန်မာစာပေ၏အခန်းကဏ္ဍ(ပုဂံ၊ ပင်းယ) ဝိသုဒ္ဓိမဂ်မြန်မာပြန်ပို့ချချက် (ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ)၊ ဋီကာကျော်မြန်မာပြန်ပို့ချချက် (ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ)တို့ကို ရေးသားခဲ့ပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၌ ပညာရေးဆိုင်ရာကိစ္စများဆောင်ရွက်လျက်ရှိသည့်အပြင် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲ ဗဟိုအဖွဲ့ဝင်အဖြစ် ဆောင်ရွက် ခြင်း၊ ရန်ကုန်မြို့၌ လူပုဂ္ဂိုလ်တို့အား အဘိဓမ္မာတရားတော်ပြန့်ပွားရေးနှင့် ဝိသုဒ္ဓိမဂ်ကျင့်စဉ်တရားတော်များ ပြန့်ပွားရေးအတွက် သင်တန်းများပို့ချပေးခြင်း၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပရိယတ္တိစာသင်တိုက်အဖြစ် ဗုဒ္ဓဘုမိကျောင်းတိုက်ကိုလည်းကောင်း၊ ဒဂုံမြို့နယ်၌ ပဋိပတ္တိတရားတိုက်အဖြစ် ပညာဘာဝနာဓမ္မရိပ်သာကျောင်း ကိုလည်းကောင်း၊ တည်ထောင်ခြင်းစသော သာသနာရေးဆိုင်ရာ လုပ်ငန်းဆောင်တာများကို ထမ်းဆောင်သည့်အပြင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ဆိုင်ရာ ဝိနည်းဓိုရ်ဆရာတော်အဖြစ်လည်း ဆောင်ရွက်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
အဘိဓမ္မပိဋကမဟာဌာန
**ကထိကဆရာတော်**
**ဘဒ္ဒန္တအရိယဝံသ**

ဆရာတော် ဘဒ္ဒန္တအရိယဝံသ ကို ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ထိမ်ထိုကျေးရွာ ခမည်းတော် ဦးမန်းမြသွယ်+မယ်တော်ဒေါ်နန်းအေးမိုး တို့မှ ၁၃၃၃ ခုနှစ်၊ ပြာသိုလဆန်း(၁၂)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ထိမ်ထိုကျေးရွာ၊ ထိမ်ထို ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝဏ္ဏ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးနှင့် ဦးအုံးမောင်+ ဒေါ်မတင်ကြည်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေ အဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

၁၃၅၆-ခုနှစ်၊ ဦးတန်ခူးလဆုတ် ၃-ရက် ကြာသပတေးနေ့ ညနေ ၄း၃၅ နာရီ အချိန်တွင် ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့ မြို့မသာသနာ့ရိပ်သာကျောင်း၊ ခဏ္ဍသိမ်၌ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့ မြို့မသာသနာ့ရိပ်သာကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့၊ ပြည်တော်သာ ၂-လမ်းနေ ဦးစိုးဝင်း+ ဒေါ်ခင့်မြင့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်လောင်းလျာသည် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ထိမ်ထိုကျေးရွာ၊ ထိမ်ထို ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏ၊ ခလယ်တံခွန်တိုင် ဓီးဖြူကုန်းကျောင်းဆရာတော် ဘဒ္ဒန္တသောဘန၊ လှိုင်မြို့ အောင်ရတနာဝင်းရော်ဆရာတော် ဘဒ္ဒန္တဇနကဝရ၊ နန္ဒာရွှေဘုံကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ၊ ဘုံကျော် ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသ၊ ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းဆရာတော် ဘဒ္ဒန္တပညာဇောတ၊ တာမွေမြို့နယ် ဆူးထူးပန်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသနှင့် သင်ကြား/စီမံဆရာတော်များ၊ ပညာရှင်ဆရာကြီးများ အထံတော်မှ ပညာရင်နို့ သောက်စို့ခဲ့ပြီး ပါဠိပထမပြန် စာမေးပွဲ၌ ပထမကြီး၊ သာမဏေသကျသီဟ ဒုတိယ အဆင့်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်စာမေးပွဲ၌ သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလ မဟာဓမ္မာစရိယစာမေးပွဲတို့ကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism)၊ သာသန တက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့တို့ကို ရရှိခဲ့သည်။ ဆရာတော်သည် ချမ်းသာကို ရှာဖွေခြင်း လေ့လာသုံးသပ်ချက်စာတမ်း၊ ဓုတင်အကြောင်း သိကောင်းစရာ သုတေသနစာတမ်း (စုပေါင်း)၊ ငရဲအကြောင်း သိကောင်းစရာအမည်ရှိ ဘွဲ့ယူကျမ်းစာတို့ကို ရေးသာပြုစုခဲ့ပါသည်။

ဆရာတော်သည် ဤနိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) အဘိဓမ္မပိဋကမဟာဌာန၌ ၂၀၀၂ မှစ၍ ယနေ့တိုင်အောင် နည်းပြ၊ ကထိက အဆင့်ဆင့်ထမ်းဆောင်လျက်ရှိပြီး ကျမ်းပြုသင်တန်းသားများ ၏ ကျမ်းစာများကို အတွင်းစာစစ်အဖြစ် စစ်ဆေးတည်းဖြတ်ခြင်း၊ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် လှာကဒါကျေးရွာ၊ ဖားပြကျေးရွာတို့၌ အခြေခံဗုဒ္ဓသာသနာပြုသင်တန်းကို နှစ်စဉ်ဖွင့်လှစ်ပြီး သာသနာ့တာဝန် များကို ထမ်းဆောင်လျက်ရှိပါသည်။ ယခုအခါ ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၌ Ph.D ဘွဲ့ရရှိရန် ပညာသင်ယူလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
အဘိဓမ္မပိဋကမဟာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တစန္ဒာဝရ**

ဘဒ္ဒန္တစန္ဒာဝရသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ နွားပင်ကြီးကျေးရွာ၌ ခမည်းတော် ဦးချစ်မောင်+မယ်တော် ဒေါ်မိသန်းတို့မှ ၁၃၁၀-ခုနှစ် နှောင်းတန်ခူးလဆန်း(၈)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် ဘုတလင်မြို့နယ် နွားပင်ကြီးကျေးရွာ နွားပင်ကြီးကျောင်းတိုက် ဆရာတော် ဦးဗုဒ္ဓိသုဒ္ဓမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်လောင်းလျာသည် ၁၃၃၀-ခုနှစ်၊ ဝါဆိုလဆန်း(၇)ရက်၊ တနင်္လာနေ့ နံနက်(၆း၄၅)နာရီ အချိန်တွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဈေးချိုရပ်ကွက် ဈေးချိုဘုရားဝင်းအတွင်းရှိ ခဏ္ဍသိမ်၌ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဈေးချိုရပ်ကွက် ရွှေကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တပဏ္ဍိတ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ အမရပူရမြို့ ဈေးချိုရပ်ကွက် ဒေါ်အုန်းဆင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်သည် အမရပူရမြို့ ရွှေကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ ဘဒ္ဒန္တဉာဏရံသီ၊ ဘဒ္ဒန္တ ...ရိယာဘိဝံသ၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ၊ ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၊ ဘဒ္ဒန္တ...ယကာဘိဝံသ၊ မန္တလေးမြို့ မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော် ဘဒ္ဒန္တသာသနနှင့် ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်နှင့် သင်ကြား/စီမံဆရာတော်များ ပညာရှင် ဆရာကြီးများထံ၌ ပညာသင်ကြားခဲ့ပြီး သာသနဓဇသီရိပဝရဓမ္မာစရိယဘွဲ့တံဆိပ်တော်ကို ရရှိခဲ့ပါသည်။

ဆရာတော်သည် ဤနိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အဘိဓမ္မပိဋကမဟာဌာန၌ နည်းပြ ရာထူးကို (၇·၇·၁၉၈၇) မှ (၂၉·၆·၁၉၈၈) အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
အဘိဓမ္မာပိဋကမဟာဌာန

**နည်းပြဆရာတော်**

**ဘဒ္ဒန္တဝိဇယ**

ဘဒ္ဒန္တဝိဇယသည် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ ခေါင်တိုင်ကျေးရွာ၌ ခမည်းတော် ဦးတင်နီ+မယ်တော် ဒေါ်ချစ်နွယ်တို့မှ ၁၃၁၂-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၃)ရက်၊ ဗုဒ္ဓဟူးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

အသက် ၁၂-နှစ်အရွယ်တွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်၊ ဥဒေါင်းတောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုမာရမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

ဆရာတော်လောင်းလျာသည် ၁၃၃၂-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၀)ရက် တနင်္ဂနွေနေ့ နံနက်(၁၀:၀၀)နာရီ အချိန်တွင် ညောင်ရွှေမြို့နယ်၊ ဥဒေါင်းတောင်ကျောင်းတိုက် ဥဒကုက္ခေပသိမ်၌ ဥဒေါင်းတောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုမာရမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့ ဝင်းရပ်(၁)ရပ်ကွက် ဦးဘစိန်+ဒေါ်လှစိန်တို့ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်လောင်းလျာသည် အင်းလေး ခေါင်တိုင်ကျောင်းဆရာတော်၊ မော်လမြိုင် တောင်ပေါက်ကျောင်းတိုက်ဆရာတော်၊ ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက်ဆရာတော်၊ အင်းလေးမိုင်းသောက် ပထမပြန်စာသင်တိုက်ဆရာတော်နှင့် ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် နာယကချုပ်ဆရာတော်အမှူးပြုသော သင်ကြား/စီမံဆရာတော်များ၊ ပညာရှင်ဆရာကြီးများထံ၌ ပညာသင်ကြားခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့ ရရှိခဲ့ပါသည်။

ဆရာတော်သည် ဤနိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အဘိဓမ္မာပိဋကမဟာဌာန နည်းပြတာဝန်ကို (၁၉၈၉) ပညာသင်နှစ် မှ (၁၉၉၀)အထိ ပညာသင်နှစ်အထိ ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
အဘိဓမ္မပိဋကမဟာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တမာနိတာဘိဝံသ**

ဘဒ္ဒန္တမာနိတာဘိဝံသကို မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ပန်းစွာကျေးရွာ၌ ခမည်းတော် ဦးစိန်ထွန်း မယ်တော် ဒေါ်အေးမြတို့မှ ၁၃၁၇-ခုနှစ်၊ နတ္တော်လဆန်း(၈)ရက်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဘုရားကြီးကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။

၁၃၃၇-ခုနှစ်၊ တန်ခူးလပြည့်နေ့၊ နံနက်(၈)နာရီအချိန်တွင် ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့နယ်၊ နောင်မွန်ကျေးရွာ၊ ဦးဘသိန်း+ဒေါ်သန်းနုမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ကျောင်းဟွေ့ကျောင်း ခဏ္ဍသိမ်တော်၌ ဆရာတော် ဘဒ္ဒန္တကုဏ္ဍဝံသ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်လောင်းလျာသည် မြိုင်မြို့နယ်၊ ပန်စွာရွာ၊ ဘုရားကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုဏ္ဍဝံသ၊ ရွာမြို့၊ မဟာဇောတိကာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒသိရီ (အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်သြဝါဒစရိယ) ရန်ကုန်မြို့၊ ဗဟန်း မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဝါသဝါဘိဝံသ(သ· အ·ဓမ္မာစရိယ)၊ ဘဒ္ဒန္တကောဏ္ဍည (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာန တွဲ့ဖက် အကျိုးတော်ဆောင်)၊ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက)၊ တောင်ကြီးမြို့၊ သိမ်တောင်ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဆန္ဒာဓိက (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်သြဝါဒစရိယ)၊ မန္တလေးမြို့၊ မဟာဓမ္မိကာရာမတိုက်အုပ်ဆရာတော် ဘဒ္ဒန္တနရိန္ဒ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ပါဠိပါရဂူ)၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ သာသနာ့အလင်းရောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇောတိက (သီရိပဝရဓမ္မာစရိယ၊ ဒီဃနိကာယကောဝိဒ) ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်နှင့် သင်ကြား/ စီမံဆရာတော်များအထံမှ ပညာရင်နို့ သောက်စို့ခဲ့ပြီး ပထမပြန်နှင့်ဓမ္မာစရိယစာမေးပွဲ၌ ပထမကြီး၊ အစိုးရဓမ္မာစရိယ၊ စေတိယင်္ဂယစာမေးပွဲ၌ စေတိယင်္ဂပရိယတ္တိဓမ္မာစရိယ (ဒုတိယ)၊ ရှမ်းပြည်နယ် ဝိနယာဒိနုဂ္ဂဟ ဓမ္မာစရိယ(ပထမ)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်စာမေးပွဲ၌ မဟာဓမ္မာစရိယစာမေးပွဲတို့ကို အောင်မြင်ခဲ့ပြီး သာသနဓဇဓမ္မာစရိယ၊ စေတိယင်္ဂဏပရိယတ္တိဓမ္မာစရိယဂဏဝါစက၊ ဝိနယာဒိနုဂ္ဂဟဓမ္မာစရိယ ဘွဲ့တို့ ရရှိခဲ့သည်။ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်အဖြစ် ထို့ပြင် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိခဲ့သည်။

ဆရာတော်သည် ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်ရှိ သာသနဝံသကျောင်းကို ၁၃၅၂-ခုနှစ်တွင် ပဓာနနာယကအဖြစ် တာဝန်ယူအုပ်ချုပ်တော်မူလျက် စာသင်သားသံဃာများစွာတို့အား ပရိယတ္တိစာပေများကို သင်ကြားပေး တော်မူလျက်ရှိပြီး ၂၈-၇-၁၉၈၉ ရက်နေ့မှစ၍ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) အဘိဓမ္မပိဋက မဟာဌာန၌ နည်းပြ စာချတာဝန်ကိုယူ၍ ယနေ့တိုင် ထမ်းဆောင်နေဆဲဖြစ်ပါသည်။

ယခုအခါ ဆရာတော်သည် ဒေါပုံမြို့နယ်၊ သာသနဝံသကျောင်းတွင် ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ပါးကို ထမ်းဆောင်ကာ သာသနာပြုလျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

အဘိဓမ္မပိဋကမဟာဌာန

**နည်းပြဆရာတော်**

**ဘဒ္ဒန္တသောမာနန္ဒ**

ဆရာတော် ဘဒ္ဒန္တသောမာနန္ဒကို ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဥယျာဥ်ကျေးရွာ၌ ခမည်းတော် ဦးသန်းညွန့်+မယ်တော်ဒေါ်မြသင်တို့မှ ၁၃၁၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၉)ရက်၊ သောကြာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ကျောက်တန်းမြို့နယ်၊ ကြာကန်ကျေးရွာကြာကန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ကျောက်တန်းမြို့နယ်၊ ကြာကန်ကျေးရွာ ဦးထွန်းသိန်း+ဒေါ်မြင့်ကြည်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ အသက် ၁၅-နှစ်အရွယ်တွင် ရှင်သာမဏေ အဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

၁၃၃၆-ခုနှစ်၊ တန်ခူးလဆန်း(၁၀)ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၈း၁၀ နာရီ အချိန်တွင် ကျောက်တန်းမြို့နယ်၊ ................ကျောင်း၊ ခဏ္ဍသိမ်၌ ကျောက်တန်းမြို့နယ်၊ ရွေးနီးကျေးရွာ၊ ရွေးနီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုဇာတ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက် ဦးတောက်ထိန်ဝင်း+ဒေါ်စောရွှေ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်လောင်းလျာသည် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ငွေကြာရံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာနိတ၊ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဇောတိပါလ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသနှင့် စာချဆရာတော်များ၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောဝိဒါဘိဝံသနှင့် ဆရာတော်များ၊ မုံရွာမြို့ မဟာဇောတိကာရုံကျောင်းတိုက်ဆရာတော်များ၊ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်နှင့်သင်ကြား/စီမံဆရာတော်များ၊ ပညာရှင်ဆရာကြီးများ အထံတော်မှ ပညာရင်နို့ သောက်စို့ခဲ့ပြီး ပါဠိပထမပြန်စာမေးပွဲ၌ ပထမကြီး၊ ဓမ္မာစရိယစာမေးပွဲ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ စာမေးပွဲတို့ကို အောင်မြင်ခဲ့ပြီး သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့တို့ကို ရရှိခဲ့သည်။

ဆရာတော်သည် ဤနိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အဘိဓမ္မပိဋကမဟာဌာန၌ နည်းပြ တာဝန်ကို (၁၉၈၉-၁၉၉၃) ပညာသင်နှစ်အထိ ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
## အဘိဓမ္မပိဋကမဟာဌာန
## နည်းပြဆရာတော်
## ဘဒ္ဒန္တဓမ္မာနန္ဒာဘိဝံသ

ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒာဘိဝံသကို ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ၄-ရပ်ကွက် ...ည်းတော် ဦးလှမောင်+မယ်တော်ဒေါ်အုန်းကြည် တို့မှ ၁၃၁၂- ခုနှစ်၊ တပေါင်းလဆန်း(၁၀)ရက်၊ စနေနေ့တွင် ...သန့်စင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ပင်မှီကျေးရွာအုပ်စု၊ ကုန်းနီကျောင်းတိုက် ...တော်ဘဒ္ဒန္တပညာ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ အသက် ...-နှစ်အရွယ်တွင် ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

၁၃၃၂-ခုနှစ်၊ ပြာသိုလဆန်း (၁၃)ရက်နေ့ စနေနေ့ နံနက် ၁၀း၀၀ နာရီ အချိန်တွင် ရှမ်းပြည်နယ်၊ ...လောမြို့နယ်၊ ပင်မှီကျေးရွာအုပ်စု၊ ကုန်းနီကျောင်းတိုက် ခဏ္ဍသိမ်၌ ကုန်းလှကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ...သ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ၄-ရပ်ကွက်နေ ...နှစ်ပါးနှင့် ကုန်းနီရွာသူ/သားတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်လောင်းလျာသည် ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ပင်မှီကျေးရွာအုပ်စု ကုန်းနီကျောင်းတိုက် ...တော် ဘဒ္ဒန္တပညာ၊ ဘဒ္ဒန္တနန္ဒဝံသ၊ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ...ဓိက (အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ မန္တလေးမြို့ ဓမ္မိကာရာမတိုက် သာသနမာမက ...ကျောင်းဆရာတော် ဘဒ္ဒန္တနရိန္ဒ (အဂ္ဂမဟာပဏ္ဍိတ)စသော ဆရာတော်တို့အထံတော်မှ ပညာရင်နို့ သောက်စို့ခဲ့ပြီး ...ပြည်နယ်လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟစာမေးပွဲ ပထမငယ်တန်းမှဓမ္မာစရိယတန်းအထိ၊ မော်လမြိုင်မြို့ သုသမာစာရ ...မေးပွဲအလတ်တန်း၊ ပါဠိပထမပြန်စာမေးပွဲ၌ ပထမငယ်(ပထမ)၊ ပထမလတ်၊ပထမကြီး၊ နှင့်ဓမ္မာစရိယစာမေးပွဲ ...တိယင်္ဂဏာစာမေးပွဲတို့ကို အောင်မြင်ကာ သာသနဓဇသီရိပဝရဓမ္မာစရိယ(တတိယ)၊ စေတိယင်္ဂဏဓမ္မာစရိယ၊ ...ဘာယကောဝိဒ၊ ဝိနယာဒိနုဂ္ဂဟဝိသိဋ္ဌသိရီပရိယတ္တိဓမ္မာစရိယ၊သာသနတက္ကသီလမဟာဓမ္မာစရိယ, M.A ...hism) ဘွဲ့တံဆိပ်တို့ကို ရရှိခဲ့ပါသည်။

ဆရာတော်သည် တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက်၌ စာသင်သံဃာများအား စာပေ ... အဘိဓမ္မာသင်တန်း၊နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၊ဗုဒ္ဓဝင်သင်တန်းပို့ချခြင်းစသော သာသနာရေး ...ဆောင်ရွက်သည့်အပြင် ဤနိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) အဘိဓမ္မပိဋကမဟာဌာန၌ ...တာဝန်ကို ၁၉၉၂ မှ ၁၉၉၈ အထိ ထမ်းဆောင်ခဲ့ပါသည်။ ထို့နောက် ဆရာတော်သည် နီပေါနိုင်ငံ၊ ...ဥယျာဉ်၊ မြန်မာရွှေကျောင်းတော်ကြီး၌ (၆)နှစ်တိုင်တိုင် သီးတင်းသုံး၍ သာသနာပြုတော်မူခဲ့သည်။

ယခုအခါ ဆရာတော်သည် တောင်ကြီးမြို့၊ ကံသာရပ်၊ မဟာဓမ္မိကာရာမကျောင်းတိုက်၏ ပဓာနနာယက ...တော်အဖြစ်ဖြင့် တိုင်းရင်းသားစုံ သံဃာတော်တစ်ရာကျော်ထားရှိပြီး စာပေပရိယတ်ကျင့်ဝတ်များ သင်ကြား ...ချက် တစ်ဖက်မှာလည်း နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်တာဝန်ကိုလည်း ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
အဘိဓမ္မပိဋကမဟာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တပညာနန္ဒ**

ဆရာတော် ဘဒ္ဒန္တပညာနန္ဒ ကို စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ ကူတို့ကိုင်းကျေးရွာ ခမည်းတော် ဦးချမ်းလှ+မယ်တော် ဒေါ်ငွေးကြိုင် တို့မှ ၁၃၁၁ ခုနှစ်၊တပေါင်းလပြည့်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အရာတော်မြို့နယ်၊ကူတို့ကိုင်းကျေးရွာ သံဃသုခကာရီကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဇာဂရမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေ အဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

၁၃၃၁-ခုနှစ်၊ နယုန်လဆန်း ၁၀-ရက် တနင်္ဂနွေနေ့ နံနက် ၈း၀၀ နာရီ အချိန်တွင် အရာတော်မြို့နယ်၊ မကျည်းစောက်ကျေးရွာ ရွှေထီးပေါက်ကျောင်း ခဏ္ဍသိမ်၌ အရာတော်မြို့နယ် ရွှေထီးပေါက်ကျောင်းဆရာတော် ဘုရားကြီး ဘဒ္ဒန္တမာလာ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်လောင်းလျာသည် အရာတော်မြို့နယ်၊ ကူတို့ကိုင်းကျေးရွာ ကူတို့ကိုင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇာဂရ၊ သုခကာရီကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒ၊ မကျည်းစောက် ရွှေထီးပေါက်ကျောင်းဆရာတော် ဘုရားကြီး ဘဒ္ဒန္တမာလာ၊ မုံရွာမြို့ ဇောတိကာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒသိရီ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဇောတ၊ ရန်ကုန်မြို့ အလုံအောင်မင်္ဂလာကျောင်း ဆရာတော် ဘဒ္ဒန္တတေဇိန္ဒာဘိဝံသ၊ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် နာယကချုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသနှင့် သင်ကြား/စီမံဆရာတော်များ ပြင်ပညာရှင်ဆရာကြီးများ အထံတော်မှ ပညာရင်နို့ သောက်စို့ခဲ့ပြီး ပါဠိပထမပြန်နှင့်ဓမ္မာစရိယစာမေးပွဲ၌ ပထမကြီး၊ အစိုးရဓမ္မာစရိယ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်စာမေးပွဲ၌ သာသနတက္ကသီလမဟာဓမ္မာစရိယစာမေးပွဲတို့ကို အောင်မြင်ခဲ့ပြီး သာသနဓ ဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism)ဘွဲ့တို့ကို ရရှိခဲ့သည်။ မဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်တို့ကိုလည်း ရရှိခဲ့ပါသည်။

ဆရာတော်သည် ရန်ကုန်မြို့ အလုံအောင်မင်္ဂလာကျောင်းတိုက်၌ (၈)နှစ်တိုင်တိုင် ပိဋကတ်စာပေများ ပို့ချခြင်း၊ အလုံမြို့နယ် ဝိနည်းဓိုရ်အဖြစ်ဆောင်ရွက်ခဲ့ခြင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ ပို့ချခြင်း၊ ဝိုင်အမ်ဘီအေ မင်္ဂလာသင်တန်းပို့ချခြင်း၊ လှိုင်သာယာမြို့နယ် အမှတ်(၁၁)ရပ်ကွက် သာသနာ့ရောင်ခြည် စာသင်တိုက်ကို တည်ထောင်ခြင်းစသော သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်အပြင် ဤနိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အဘိဓမ္မပိဋကမဟာဌာန၌ ၁၉၉၄-ခုနှစ်မှစ၍ ယနေ့တိုင်အောင် နည်းပြတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
အဘိဓမ္မပိဋကမဟာဌာန

## နည်းပြဆရာတော်
## ဘဒ္ဒန္တစန္ဒောဘာသ

ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသကို ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ အင်းတာကျေးရွာ ခမည်းတော် ဦးအုန်းစံ + မယ်တော်ဒေါ်အေးကြည် တို့မှ ၁၃၂၄ ခုနှစ်၊ တန်ခူးလဆန်း(၂)ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ဓနုဖြူမြို့နယ်၊ ထုံးပုံကျေးရွာ၊ လယ်ပေါ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥပသောဘာသ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ဓနုဖြူမြို့နယ်၊ အင်းတာကျေးရွာ ဦးဘစိန်+ဒေါ်သဲနု မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ အသက် ၁၀-နှစ်အရွယ်တွင် ရှင်သာမဏေ အဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

၁၃၄၅-ခုနှစ်၊ တန်ခူးလဆန်း (၁၅)ရက်နေ့ ဗုဒ္ဓဟူးနေ့ နံနက် ၇း၃၆ နာရီ အချိန်တွင် ဓနုဖြူမြို့နယ်၊ ထုံးပုံကျေးရွာ၊ လယ်ပေါ်ကျောင်းတိုက် ခဏ္ဍသိမ်၌ ဓနုဖြူမြို့နယ်၊ ထုံးပုံကျေးရွာ၊ လယ်ပေါ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥပသောဘာသ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ဓနုဖြူမြို့နယ်၊ အင်းတာကျေးရွာ ဦးဘစိန်+ဒေါ်သဲနု မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်လောင်းလျာသည် ဓနုဖြူမြို့နယ်၊ ထုံးပုံကျေးရွာ၊ လယ်ပေါ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥပသောဘာသ၊ ဘဒ္ဒန္တသုန္ဒရ၊ ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သာသနာ့အလင်းရောင် ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ၊ ဇလွန်မြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောဘဏ၊ မန်းလျှင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရီ၊ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသနှင့် သင်ကြား/စီမံ ဆရာတော်များ၊ ပြည်ပညာရှင် ဆရာကြီးများ အထံတော်မှ ပညာရင်နို့သောက်စို့ခဲ့ပြီး ပါဠိပထမပြန်စာမေးပွဲ၌ ပထမကြီး၊ အဘိဓမ္မာစရိယ၊ သာသနတက္ကသီလဓမ္မာစရိယစာမေးပွဲ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ စာမေးပွဲတို့ကို အောင်မြင်တော်မူခဲ့ပြီး သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလဓမ္မာစရိယ, B.A (Buddhism) သာသနတက္ကသီလမဟာဓမ္မာစရိယ, M.A(Buddhism) ဘွဲ့တံဆိပ်တို့ကို ရရှိခဲ့ပါသည်။

ဆရာတော်သည် ဓနုဖြူမြို့နယ်၊ ထုံးပုံကျေးရွာ၊ လယ်ပေါ်ကျောင်းတိုက်၌ စာသင်သား သံဃာများအား စာပို့ချခြင်း၊ နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းများအပြင် ဤနိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အဘိဓမ္မပိဋကမဟာဌာန၌ နည်းပြတာဝန်ကို ၁၉၉၆ မှ ၂၀၀၄ ခုနှစ်အထိ ထမ်းဆောင်ခဲ့ပါသည်။

ယခုအခါ ဆရာတော်သည် ဓနုဖြူမြို့နယ်၊ ထုံးပုံကျေးရွာ လယ်ပေါ်ကျောင်းတိုက်၌ တိုက်အုပ်စာချ ဆရာတော်အဖြစ်ဖြင့် သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
အဘိဓမ္မပိဋကမဟာဌာန
**နည်းပြဆရာတော်**
## ဘဒ္ဒန္တအဂ္ဂဝံသ

ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ ကို မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ပျော်ဘွယ်လေးကျေးရွာ ခမည်းတော် ဦးသန်းအောင်+မယ်တော်ဒေါ်အုံးကြည်တို့မှ ၁၃၃၈ ခုနှစ်၊ဝါဆိုလပြည့်ကျော် (၈)ရက် တနင်္ဂနွေနေ့ နံနက် ၆း၀၀ နာရီအချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် မိတ္ထီလာမြို့နယ် သဲတောလေးရွာကျောင်းဆရာတော် ဘဒ္ဒန္တပညာစာရ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေ အဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

၁၃၅၈-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃-ရက် ဗုဒ္ဓဟူးနေ့ နံနက် ၈း၄၅ နာရီ အချိန်တွင် တောင်ငူမြို့ ပုဗ္ဗာရုံကျောင်း ခဏ္ဍသိမ်၌ ပဲခူးမြို့မကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒန မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်ငူမြို့ နဝဒေးရပ်နေ ဦးမြင့်သန်း+ဒေါ်ဝင်းမြင့်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်လောင်းလျာသည် မိတ္ထီလာမြို့နယ် သဲတောလေးရွာကျောင်းဆရာတော် ဘဒ္ဒန္တပညာစာရ၊ ပဲခူးမြို့မဆရာတော်ကြီး ဘဒ္ဒန္တကုဏ္ဍာစာရနှင့်စာချဆရာတော်များ၊ ပဲခူးမြို့နယ် သာယာကုန်းကျေးရွာ၊ ဓမ္မိကာရုံ တပ်ဦးကျောင်းဆရာတော် ဘဒ္ဒန္တကောသလ္လ၊ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အရှေ့ ဥယျာဉ်တိုက် မနောရမ္မပညာဒါန ကျောင်းဆရာတော် ဘဒ္ဒန္တဝါယမိန္ဒနှင့် နောင်တော်ဘဒ္ဒန္တပညာဇောတ၊ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ နှင့် သင်ကြား/ စီမံ ဆရာတော်များ၊ ပြင်ပပညာရှင် ဆရာကြီးများ အထံတော်မှ ပညာရင်နို့ သောက်စို့ခဲ့ပြီး ပါဠိပထမပြန်စာမေးပွဲ၌ ပထမကြီး၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်စာမေးပွဲ၌ သာသနတက္ကသီလဓမ္မာစရိယစာမေးပွဲ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ စာမေးပွဲတို့ကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ, B.A (Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာ စရိယ, M.A(Buddhism) ဘွဲ့တို့ကို ရရှိခဲ့သည်။

ဆရာတော်သည် ဤနိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အဘိဓမ္မပိဋကမဟာဌာန၌ ၁.၃.၂၀၀၃ မှစ၍ ယနေ့တိုင်အောင် နည်းပြတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

အဘိဓမ္မပိဋကမဟာဌာန

**နည်းပြဆရာတော်**

## ဘဒ္ဒန္တဝိဇ္ဇာနန္ဒ

ဆရာတော် ဘဒ္ဒန္တဝိဇ္ဇာနန္ဒ ကို ၁၃၄၁-ခုနှစ် သီတင်းကျွတ်လွှတ်(၁၂)ရက် ဗုဒ္ဓဟူးနေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့ ရွာမကျေးရွာ၌ ခမည်းတော် ဦးစိန်ထွန်း မယ်တော် ဒေါ်တင်မြကြိုင်မှ မီးရှူးသန့်စင် ဖွားမြင်တော်မူပါသည်။

၉-နှစ်သားအရွယ်၌ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် သန်လျင်မြို့နယ် ကရင်ဆိပ်စံပြကျေးရွာ၊ မင်္ဂလာရာမကျောင်းဆရာတော် ဘဒ္ဒန္တတေဇနိယကို ဥပဇ္ဈာယ်ပြု၍ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့ ရွာမကျေးရွာ ရွာမကျောင်း၌ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၁၃၆၁-ခုနှစ်၊ တန်ဆောင်မုန်းလွှတ်(၆)ရက် တနင်္ဂနွေနေ့ နံနက်(၉)နာရီ(၁၀)မိနစ် အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ် ကရင်ဆိပ်စံပြကျေးရွာ မင်္ဂလာရာမကျောင်းတိုက် ဓဏ္ဍာသိမ်၌ သုံးခွမြို့နယ် ကံမြင့်ကျေးရွာ ကံမြင့်ကျောင်း ဆရာတော်ဘုရားကြီး ဘဒ္ဒန္တစာရိတ္တ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ သန်လျင်မြို့နယ် ကရင်ဆိပ် စံပြကျေးရွာ ဦးခင်မောင်သိန်း၊ ဒေါ်မိုးစန္ဒာ သားသမီးတစ်စုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

အရှင်ဝိဇ္ဇာနန္ဒသည် သန်လျင်မြို့နယ်၊ ကရင်ဆိပ်စံပြကျေးရွာ၊ မင်္ဂလာရာမကျောင်းဆရာတော် ဘဒ္ဒန္တတေဇနိယ၊ ပဲနွယ်ကုန်းမြို့ သိမ်ကျောင်းဆရာတော် ဘဒ္ဒန္တကုမာရ၊ ဘဒ္ဒန္တဓမ္မာနန္ဒ၊ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ဓမ္မနာယကဆရာတော် ဘဒ္ဒန္တဇောတိပါလ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဥေယျဓမ္မာဘိဝံသ၊ ဘဒ္ဒန္တမုနိန္ဒာဘိဝံသ၊ ဘဒ္ဒန္တကုဝေရာဘိဝံသ စသော ဆရာတော်များ၊ ပဲခူးမြို့ ဟံသာကျောင်းဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ၊ သန်လျင်မြို့နယ် ခင်ချုပ်ရွာ မင်္ဂလာကန်ဦးပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တပညာသီရိ နှင့် စာချဆရာတော်များ၊ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ အမှူးပြုသော ကြီးကြပ်/စီမံ ဆရာတော်များ၊ ပညာရှင်ဆရာကြီးများထံ၌ ပညာရင်နို့ သောက်စို့ခဲ့ပြီး သာသနတက္ကသီလ ဓမ္မာစရိယ, B.A (Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ, M.A (Buddhism) ဘွဲ့တို့ကို ရရှိခဲ့သည်။

ယခုအခါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အဘိဓမ္မပိဋကမဟာဌာန၌ နည်းပြတာဝန်ကို (၁-၄-၂၀၀၆) မှ ယနေ့အချိန်အထိ ထမ်းဆောင်လျက်ရှိပြီး ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန လက်အောက်ရှိ ဘာသာပြန်ဌာန၌ သင်တန်းနည်းပြအဖြစ် ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
အဘိဓမ္မာပိဋကမဟာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တအရိယ**

ဆရာတော် ဘဒ္ဒန္တအရိယ ကို မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မာန်ကျည်းကုန်းကျေးရွာ ခမည်းတော် ဦးမောင်ငြိမ်+မယ်တော်ဒေါ်ဝင်းဆင့် တို့မှ ၁၃၄၃ ခုနှစ်၊တပို့တွဲလဆန်း(၇)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ရမည်းသင်းမြို့နယ်၊ သံဘိုကျေးရွာ၊ သံဘိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

၁၃၆၃-ခုနှစ်၊ ကဆုန်လဆန်း ၈-ရက် တနင်္ဂနွေနေ့ နံနက် ၈း၄၅ နာရီ အချိန်တွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၊ ဖားအင်း+သိုက်တောကျေးရွာ ဇမ္ဗူအေးကျောင်း ခဏ္ဍသိမ်၌ သာယာဝတီမြို့နယ်၊ ကုက္ကိုင်း ကျောင်းဆရာတော် ဘဒ္ဒန္တဒေဝိန္ဒ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ သာယာဝတီမြို့နယ်၊ ဖားအင်းကျေးရွာ ဦးမောင်မှတ်+ဒေါ်ကရင်မ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါ သည်။

ဆရာတော်လောင်းလျာသည် ရမည်းသင်းမြို့နယ်၊ မာန်ကျည်းကုန်းကျေးရွာ မာန်ကျည်းကုန်း ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇာဂရ၊ သံဘိုကျေးရွာ သံဘိုကျောင်းဆရာတော် ဘဒ္ဒန္တတေဇိန္ဒ၊ သာယာဝတီမြို့နယ်၊ ဖားအင်း+ သိုက်တောကျေးရွာ ဇမ္ဗူအေးကျောင်းဆရာတော် ဘဒ္ဒန္တနာယက၊ သာယာဝတီမြို့ ကျိုက်ထိုဇောတိကာရုံကျောင်း ဆရာတော် ဘဒ္ဒန္တလာဘ၊ မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ငြိမ်းချမ်းရိပ်မြုံ ဓမ္မာစရိယသင်တန်းကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒ၊ အင်းစိန်မြို့ ရတနာဗောဓိကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိကဗောဓိ၊ ပါဠိပါရဂူ ဦးမောင်ဝင်း ရန်ကင်းမြို့၊ကျောက်ကုန်းတောရမေဒိနီကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒဓဇ၊ ဘဒ္ဒန္တဉာဏဗလ၊ ပဲခူးတိုင်းဒေသကြီး သုံးဆယ်မြို့၊ သမာဓိခုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာ၊ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသနှင့်သင်ကြား/စီမံ ဆရာတော်များ ပြင်ပညာရှင် ဆရာကြီးများ အထံတော်မှ ပညာရင်နို့ သောက်စို့ခဲ့ပြီး ပါဠိပထမပြန်နှင့် ဓမ္မာစရိယစာမေးပွဲ၌ ပထမကြိမ် အစိုးရဓမ္မာစရိယ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်စာမေးပွဲ၌ သာသနတက္ကသီလမဟာဓမ္မာစရိယ စာမေးပွဲတို့ကို အောင်မြင်ခဲ့ပြီး သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism) ဘွဲ့တို့ကို ရရှိခဲ့သည်။ ဆရာတော်သည် အာမကဓညပဋိဂ္ဂဟဏသိက္ခာပုဒ်ကို လေ့လာခြင်း၊ အရှခံ အရှဉာဏ် (စုပေါင်း စာတမ်း)၊ ဗုဒ္ဓအလိုတော်ကျ အနိုင်ယူနည်းများ အမည်ရှိဘွဲ့ယူ ကျမ်းစာတို့ကို ရေးသားပြုစုတော်မူခဲ့ပါသည်။

ဆရာတော်သည် ဤနိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အဘိဓမ္မာပိဋကမဟာဌာန၌ ၂၀... မှ စ၍ ယနေ့တိုင်အောင် နည်းပြတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
အဘိဓမ္မပိဋကမဟာဌာန
**တွဲဖက်ပါမောက္ခ**
**ဦးကျော်ထွတ်**

ဦးကျော်ထွက်သည် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘလောက်တောစုရွာ အဘဦးစံအေး+အမိဒေါ်အေးခင်တို့မှ ၁၂၇၆-ခုနှစ်၊ ဝါခေါင်လဆန်း(၇)ရက်နေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ပညာအရည်အချင်းအနေအားဖြင့် သာသနဓဇသီရိပဝရဓမ္မာစရိယ၊ သကျသီဟဓမ္မာစရိယတို့ကို အောင်မြင်ခဲ့ပြီး သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်အနေဖြင့် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ဆိပ်ကို ရရှိခဲ့သည်။

သာသနာရေးဆိုင်ရာတာဝန်များဆောင်ရွက်ချက်အနေဖြင့် နှစ်ပေါင်း ၄၀-ကျော် မင်္ဂလာ သင်တန်းများ၊ အဘိဓမ္မာသင်တန်းများပို့ချခဲ့သည်။

ဤနိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အဘိဓမ္မပိဋကမဟာဌာန၌ တွဲဖက်ပါမောက္ခတာဝန်ကို ၁၉၉၀ မှ ၁၉၉၃ ခုနှစ်အထိ ထမ်းဆောင်ခဲ့ပါသည်။

ရေးသားပြုစုခဲ့သော ကျမ်းများမှာ-

၁။ မင်္ဂလာကဗျာများ
၂။ မင်္ဂလာမေတ္တာပို့များ
၃။ မင်္ဂလသုတ်လက်စွဲ
၄။ နည်းပြမင်္ဂလာ
၅။ ဝိုင်အမ်ဘီအေ အဘိဓမ္မာ(စေတသိက်ပိုင်း)
၆။ မဉ္ဇူသကပဋ္ဌာန်း
၇။ မဉ္ဇူသကပဋ္ဌိစ္စသမုပ္ပါဒ်ကျမ်း စာအုပ်များဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
## အဘိဓမ္မပိဋကမဟာဌာန
## တွဲဖက်ပါမောက္ခ
## ဦးအောင်ခိုင်

ဦးအောင်ခိုင်သည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ သင်္ဘောကျင်း ရေအိုးဇင်ရွာ အဘ ဦးမောင်စိန်+အမိဒေါ်ထွေးခင်တို့မှ ၁၂၉၀ ပြည့်နှစ်၊တန်ဆောင်မုန်းလဆန်း(၂)ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်သောသားရတနာဖြစ်ပါသည်။

မြောင်းမြမြို့၊ ပဉ္စောတာရုံတိုက် အဂ္ဂမဟာပဏ္ဍိတ ဒသမရွှေကျင်သာသနာပိုင်မြောင်းမြဆရာတော်၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယာဘိဝံသ၊ တောင်မြို့မဟာဂန္ဓာရုံကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ တောင်မြို့မဟာဂန္ဓာရုံဆရာတော်၊ စစ်ကိုင်းမြို့ ပဋ္ဌာန်းသိပ္ပံ ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍက တို့ထံတော်မှ ပညာသင်ယူခဲ့ပြီး လောကီပညာအရည်အချင်း ၁၀-တန်း၊ သာသနဓဇသီရိပဝရဓမ္မာစရိယ၊ ဆဋ္ဌသံဂီတိပဋိသမ္ဘိဒါမဂ္ဂဘာဏက စာမေးပွဲတို့ကို အောင်မြင်ခဲ့ပါသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်အနေဖြင့် သဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တို့ကို ရရှိခဲ့သည်။

ဆောင်ရွက်ပြီးဆောင်ရွက်ဆဲသာသနာရေးကိစ္စများမှာ မြောင်းမြပဉ္စောတာရုံပါဠိတက္ကသိုလ် ကထိက၊ သာသနာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်၊ စာချတန်း ပါဠိပါရဂူ ဂုဏ်ထူးတန်း၊ ပါဠိပထမပြန်တန်းဆိုင်ရာ ဘာသာရပ်များကို နေ့စဉ်နေ့တိုင်း ပို့ချပေးခြင်း၊ လူပုဂ္ဂိုလ်များအား သဒ္ဒါ၊ သဂြိုဟ်၊ ညဝါ၊ ဓမ္မပဒပို့ချပေးခြင်း၊ ပရိတ်တော်သင်တန်း၊ ယဉ်ကျေးမှုသင်တန်း၊ ဋီကာကျော်သင်တန်း၊ ဝိသုဒ္ဓိမဂ်သင်တန်း၊ သက်ကြီး အဘိဓမ္မာသင်တန်းများပို့ချပေးခြင်း၊ ဘာသာရေးဟောပြောပွဲများ၊ ဘာသာရေးဆောင်းပါးများကို အခါအားလျော်စွာ ဟောပြောရေးသားခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဗဟိုပညာရေးအဖွဲ့ဝင်တာဝန်တို့ကို ထမ်းဆောင်ခဲ့သည့်အပြင် ဤနိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အဘိဓမ္မပိဋကမဟာဌာန၌ တွဲဖက်ပါမောက္ခတာဝန်ကို ၁၉၉၄ မှ၂၀၀၇ ခုနှစ်အထိ ထမ်းဆောင်ခဲ့ပါသည်။

ရေးသားခဲ့သော ဆောင်းပါးစာတမ်းများ ၇၇-ပုဒ်ကျော်မျှရှိခဲ့ပြီး ပြုစုခဲ့သော ကျမ်းစာများမှာ-

၁။ ပရိတ်ကြီး ၁၁-သုတ်ပို့ချစဉ် မြန်မာပြန်ကျမ်း(၁၉၉၆)

၂။ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ် မှတ်စုအကျဉ်း (ပ၊ဒု၊တ)

၃။ ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်ပို့ချစဉ်ဘာသာပြန်

၄။ ဓမ္မာစရိယအခြေခံသင်တန်းနည်းပြကျမ်း(၁၉၉၂)

၅။ ဆိုရိုးစုံပြ ဓမ္မာစရိယကြေးမုံ (၁၃၆၂)

တို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
အဘိဓမ္မပိဋကမဟာဌာန
**တွဲဖက်ပါမောက္ခ**
**ဦးစံသင်းလှိုင်**

ဦးစံသင်းလှိုင်သည် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့၊ ရေလဲကျေးရွာအုပ်စု၊ ဒေါ်ငြိမ်းကုန်းရွာ အဘဦးတင်မောင်+ အမိဒေါ်တင်လှတို့မှ ၁၉၅၄၊ မတ်လ၊ ၃၀- ရက်နေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

၁၉၆၈ - ၁၉၇၅ အတွင်း သာသနာ့ဘောင်သို့ဝင်ရောက်ပြီး မြန်မာပြည် အထက်အောက်ပရိယတ္တိစာသင်တိုက်ကြီးများတွင် ပရိယတ္တိစာပေများကို လေ့လာသင်ယူပြီး ကခ်ါဝိတရဏီအဋ္ဌကထာကျော်ဘွဲ့ (ပဲခူး)၊ ဒိန္နသာဓိကပရိယတ္တိပထမကျော်ဘွဲ့ (ပဲခူး)၊ နိုင်ငံတော်အစိုးရပထမကျော်ဘွဲ့၊ သုသမာစာရပထမကျော်ဘွဲ့ (မော်လမြိုင်)၊ အစိုးရဓမ္မာစရိယဘွဲ့၊ စေတိယင်္ဂယဓမ္မာစရိယဘွဲ့၊ သကျသီဟဓမ္မာစရိယဘွဲ့၊ သုသမာစာရ ပိဋကတ္တယမဟာကောဝိဒဘွဲ့(မော်လမြိုင်) တို့ကို ရရှိခဲ့ပါသည်။

၁၉၈၆ မှစတင်ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၌ နည်းပြ၊ ကထိက၊ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် ဂဏဝါစကနာယက ပညာရေးတာဝန်ခံ၊ အင်းစိန်မြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်တာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။

BURMESE CLASSIC

၁၉၉၁ မှစတင်၍ သာသနာ့ဘောင်မှ လူ့ဘောင်သို့ပြောင်းရွှေ့ခဲ့ပြီး သာသနာရေးဝန်ကြီးဌာန အရာရှိများမွမ်းမံသင်တန်းနည်းပြ၊ လက်ထောက်ကျမ်းပြုမှူး၊ စာပေလက်ထောက်(၂)၊ ဦးစီးအရာရှိ၊ ရန်ကုန်တိုင်း သာသနာရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ သထပ ဒုတိယညွှန်ကြားရေးမှူး၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁)၊ ပြန်ကြားရေးဝန်ကြီးဌာန ဗီဒီယိုဆင်ဆာအဖွဲ့ဝင်၊ အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အခြေခံစိစစ်အကဲဖြတ်ရေးအဖွဲ့ဝင် တာဝန်များကို ထမ်းဆောင်လျက်ရှိသည့်အပြင် ဤနိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အဘိဓမ္မပိဋကမဟာဌာန၌ တွဲဖက်ပါမောက္ခတာဝန်ကို ၂၀၀၈ ခုနှစ်မှ ယနေ့တိုင်အောင် ထမ်းဆောင်လျက်ရှိပါသည်။

သုတေသနစာတမ်း၊ ဆောင်းပါးပေါင်း ၂၀၀ ကျော် ရေးသားခဲ့ပြီး မူ၊ ငယ်၊ လတ်၊ ကြီး ပဋ္ဌာန်းသင်ရိုးစာအုပ်များ၊ ဇာတ်သိဒ္ဓနာပေါင်းချုပ်စာအုပ်များ၊ သာသနာ့အမွေခံ၊ ဘဝသံသရာ စသော စာအုပ်များကို ရေးသားထုတ်ဝေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်

# (ရန်ကုန်)

BURMESE CLASSIC

# ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌

# တာဝန်ထမ်းဆောင်ပြီး/ထမ်းဆောင်ဆဲ

# ဆရာများ၏

# အတ္ထုပ္ပတ္တိအကျဉ်း



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန
**ပါမောက္ခ/ဌာနမှူးဆရာတော်**
**ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ**

ဆရာတော်ဘဒ္ဒန္တစန္ဒာဝရာဘိဝံသကို ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ မြစ်ဝကျေးရွာ ခမည်းတော် ဦးသာဟန် + မယ်တော်ဒေါ်မြတို့မှ သက္ကရာဇ် ၁၃၁၁-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅-ရက် အင်္ဂါနေ့တွင် မိဖုရားသန့်စင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ဇလွန်မြို့နယ်၊ မြစ်ဝကျေးရွာ၊ မြစ်ဝကျောင်းဆရာတော်ဘဒ္ဒန္တဝါသဝ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ အသက် ၁၁-နှစ်အရွယ်တွင် ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

၁၃၃၁-ခုနှစ်၊ ကဆုန်လဆန်း ၄-ရက်၊ စနေနေ့ ညနေ ၅:၃၀ နာရီ အချိန်တွင် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၊ သီလဝိသောဓနီသိမ်၌ ကြခတ်ဝိုင်းစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဇောတိပါလ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ပဲခူးမြို့၊ ဦးအောင်စိန်+ဒေါ်ရွှေရီ တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်လောင်းလျာသည် ဟင်္သာတမြို့၊ မိုးကောင်းကျောင်းတိုက်ဆရာတော်၊ ပြည်မြို့ ဇောတိကာရုံ စာသင်တိုက်ဆရာတော်၊ ပဲခူးမြို့ ကြခတ်ဝိုင်းစာသင်တိုက် ဆရာတော်နှင့် စာချဆရာတော်များ၊ မန္တလေးမြို့ ဓမ္မိုးရိမ်တိုက် စာချဆရာတော်များ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စာချဆရာတော်များ၊ မန္တလေးမြို့ ဘုရားကြီးတိုက် စာချဆရာတော်များ၊ သီရိလင်္ကာနိုင်ငံ Buddhist and Pali University မှ ပါမောက္ခဆရာကြီး များအထံမှ ပညာရင်နို့သောက်စို့ခဲ့ပြီး ပါဠိပထမပြန်စာမေးပွဲ၌ အမြင့်ဆုံးအောင်မြင်ခဲ့သည့် စာမေးပွဲများမှာ ပထမကြီး (ပထမကျော်)၊ သာသနဓဇဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊ သကျသီဟဓမ္မာစရိယ၊ M.A (Srilanka) စာမေးပွဲတို့ဖြစ်သည်။

ဆရာတော်သည် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခ၊ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် အဘိဓမ္မပိဋကမဟာဌာန နာယက(၁၉၈၉-၁၉၉၀)၊ ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန ပါမောက္ခ (၁၉၉၄-၁၉၉၈)၊ မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ် နာယက၊ ဇလွန်မြို့ လမိုင်းပရိယတ္တိစာသင်တိုက် နာယက (၁၉၇၅-၁၉၈၆)၊ ဇလွန်မြို့၊ သံဃနာယကအဖွဲ့ ဘွဲ့ဖက်အကျိုးတော်ဆောင်(ဒုတိယအကြိမ်)၊ မင်္ဂလာဒုံ ကျိုက်ကလော့စေတီတော်ဩဝါဒါစရိယ၊ မင်္ဂလာဒုံ ကျိုက်ကလော့ပရိယတ္တိစာသင်တိုက်နာယကတာဝန်တို့ကို ထမ်းဆောင်ခဲ့ပါသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်အနေဖြင့် မဟာဂန္ထဝါစကပဏ္ဍိတ(၂၀၀၁)ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူပြီး ရေးသားပြုစုတော်မူခဲ့သော ကျမ်းစာများမှာ-

၁။ ပဋိစ္စသမုပ္ပါဒ်နှင့် ဘဝအမြင်(၂၀၀၀)
၂။ မြတ်သော ရှာဖွေခြင်း(၂၀၀၁)
၃။ ပါဠိဝါကျတည်ဆောက်နည်းများ( ၁၉၉၆)
၄။ ပထမကြီးတန်းမြန်မာစာဖြေနည်းလမ်းညွှန်(ပ၊ဒု) (၁၉၈၇) တို့ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန
**ပါမောက္ခ/ဌာနမှူးဆရာတော်**
**ဒေါက်တာဘဒ္ဒန္တထေရိန္ဒ**

ဆရာတော်ဒေါက်တာဘဒ္ဒန္တထေရိန္ဒကို ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ဝင်းကဒတ်ကျေးရွာ၌ ခမည်းတော် ဦးရွှေ + မယ်တော်ဒေါ်မြသိန်းတို့မှ ၁၃၁၄-ခုနှစ်၊ ဦးတန်ခူးလဆုတ် ၃-ရက်၊ စနေနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဝင်းကဒတ်ကျေးရွာ၊ ကံသာကျောင်းဆရာတော် ဘဒ္ဒန္တဝိစက္ခဏမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ၁၃၃၄-ခုနှစ်၊ ကဆုန်လဆန်း ၁၁-ရက်၊ တနင်္ဂနွေနေ့၊ နံနက် ၇:၂၅ နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အင်းစိန်လမ်းနေ ဦးဆောင် + ဒေါ်မြစိန် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာ၊ ခဏ္ဍသိမ်တော်တွင် မဟာစည်ဆရာတော် ဘဒ္ဒန္တသောဘနမထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

BURMESE CLASSIC

ဆရာတော်သည် ဝေါမြို့နယ်၊ ဝင်းကဒတ်ရွာ၊ ကံသာကျောင်းဆရာတော် ဘဒ္ဒန္တဝိစက္ခဏ၊ ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာဇောတ(အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တသံဝရ(အဂ္ဂမဟာပဏ္ဍိတ)နှင့်စာချဆရာတော်များ၊ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ကျောင်းဆရာတော် ဘဒ္ဒန္တပရမနှင့် ဘဒ္ဒန္တနန္ဒောဘာသ၊ မစိုးရိမ်တိုက်, စာချဆရာတော် ဘဒ္ဒန္တ ကောဝိဒါဘိဝံသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော်နှင့် ပါမောက္ခ၊ ဌာနမှူး၊ ကထိက၊ နည်းပြဆရာတော်များ၊ ပြင်ပပညာရှင်ဆရာကြီးများထံတွင် စာပေများသင်ယူခဲ့ပါသည်။

ဆရာတော်သည် ဝိနယာဓိကပထမကျော်ဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့၊ ဝိနယပါဠိပါရဂူဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ ပိဋကတ္တယပါရဂူဘွဲ့၊ မဇ္ဈိမနိကာယဝိဒူဘွဲ့၊ မဟာဓမ္မာစရိယ (M.A. Buddhism) ဘွဲ့၊ သာသနတက္ကသီလဓမ္မပါရဂူ Ph. D. ဘွဲ့တို့ကို ရရှိတော်မူပါသည်။

ရေးသားပြုစုသော ကျမ်းစာများမှာ- "ဝိနည်းသာသနာနှင့် ရှင်ဥပါလိမထေရ်၊ ပါဠိစာပေလာ ကိန်းစာများကို လေ့လာခြင်း၊ ပါဠိဝါကျတည်ဆောက်နည်း(ပ၊ ဒု)၊ ဝါကျခွဲ အခြေခံသဘောတရားများ၊ ဝိနယပုစ္ဆာဝိသဇ္ဇနာကျမ်းလေ့လာချက်၊ သဒ္ဒနီတိသုတ္တမာလာနိဿယကို လေ့လာခြင်း၊ ဥပသမ္ပဒကံဆောင်ရာ၌ သိမှတ်ဖွယ်ရာများ"တို့ဖြစ်ပါသည်။

ဆရာတော်သည် ပိဋကတ်သုံးပုံမြန်မာပြန် (CD.Rom) အဖွဲ့ဝင်၊ တိပိဋကပါဠိမြန်မာအဘိဓာန်များ အင်္ဂလိပ်ဘာသာပြန်အဖွဲ့ ၄-၏ဥက္ကဋ္ဌ၊ တက္ကသိုလ်များ ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးအဖွဲ့ ဒု-ဥက္ကဋ္ဌနှင့် ပါဠိစာတည်းမှူး၊ Ph.D တန်းဖြစ်မြောက်ရေးကောမတီဝင်၊ အဘိဓမ္မာသင်တန်းပို့ချခြင်းတာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

ဆရာတော်သည် ၂၈-၇-၁၉၈၉ မှစ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ဝိနယပိဋကမဟာဌာန၌ နည်းပြတာဝန်ထမ်းဆောင်ခဲ့ပြီး ၇-၁၁-၁၉၉၂ ခုနှစ်တွင် ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌ နည်းပြတာဝန်၊ ၉-၂-၁၉၉၅-ခုနှစ်တွင် ကထိကတာဝန်၊ ၁၉-၁၁-၁၉၉၈-ခုနှစ်မှစ၍ ယနေ့တိုင် ဌာနမှူးတာဝန်နှင့် သန်လျင်မြို့၊ အောင်သုခပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကတာဝန်တို့ကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန

## ကထိကဆရာတော်
## ဘဒ္ဒန္တဝိသုတာဘိဝံသ

ဆရာတော်ဘဒ္ဒန္တဝိသုတာဘိဝံသကို မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ အုန်းတောမြောက်ရွာ၌ ခမည်းတော် ဦးဘကြူး+မယ်တော် ဒေါ်စောမေတို့မှ ၁၃၁၇-ခုနှစ်၊ တပို့တွဲလဆန်း ၁၁-ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော် မူပါသည်။

အသက် ၁၁-နှစ်အရွယ်တွင် ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တပညာသာရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပါသည်။

၁၃၃၈-ခုနှစ်၊ နယုန်လပြည့်ကျော် ၇-ရက်၊ သောကြာနေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ရွာသစ်ရွာ ဒေါ်စောမြနှင့် သမီး-ဒေါ်ကျင်ဆုံတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ မဟာဝိဇယာရာမတိုက်၊ ခဏ္ဍသိမ်တော်၌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။

ဆရာတော်သည် မကွေးတိုင်း၊ ရေစကြိုမြို့၊ သီရိမင်္ဂလာမြို့သာကျောင်းတိုက်၊ ပခုက္ကူမြို့၊ မဟာဝိဇယာရာမကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ကိုင်းကုန်းကျောင်းတိုက်၊ ပုဇွန်တောင်မြို့နယ်၊ မြသိန်းတန်ကျောင်းတိုက်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တို့မှ ဆရာတော်များ၊ ပညာရှင်များထံတွင် စာပေပရိယတ်များကို သင်ယူခဲ့ပါသည်။

ရရှိခဲ့သောဘွဲ့တံဆိပ်များမှာ-သာသနဓဇဓမ္မာစရိယဘွဲ့၊ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့၊ ဝိနယပါရဂူဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ မဟာဓမ္မာစရိယ (M.A. Buddhism) ဘွဲ့၊ M. A. (Srilanka) ဘွဲ့တို့ဖြစ်ပြီး ၁၃၆၅-ခုနှစ်တွင် မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ရရှိတော်မူပါသည်။

ဆရာတော်သည် "ရနိုင်ခဲသော ရဟန်းအဖြစ်"အမည်ရှိသော မဟာဓမ္မာစရိယဘွဲ့ယူကျမ်းစာကို *ရေးသားမူခဲ့ပါသည်။*

ဆရာတော်သည် ၁၁-၇-၁၉၉၀-ခုနှစ်မှ ၃၀-၄-၁၉၉၆ ခုနှစ်အထိ ပထမအကြိမ်၊ ၇-၇-၁၉၉၈-ခုနှစ်မှ ၉-၁၀-၂၀၀၀-ပြည့်နေ့အထိ ဒုတိယအကြိမ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ မော်ကွန်းထိန်းဌာန၌ သင်ကြားရေးရာဌာနစုမှူးတာဝန်၊ ၁၀-၁၀-၂၀၀၀-ပြည့်နှစ်စ၍ ယနေ့တိုင်အောင် ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌ ကထိကတာဝန်၊ ၃၁-၇-၂၀၀၄-ခုနှစ်မှ ၆-၃-၂၀၀၇-ခုနှစ်အထိ နီပေါနိုင်ငံ၊ လုမ္ဗိနီဒေသ၊ မြန်မာရွှေကျောင်းတော်ကြီး၏ နာယကဆရာတော်တာဝန်တို့ကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ဆရာတော်သည် ယခုအခါ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ဝါးရုံတောသာသနပါလပရိယတ္တိစာသင်တိုက်၌ ပဓာနနာယကတာဝန်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန၌ ကထိကတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန

**ကထိကဆရာတော်**

## ဘဒ္ဒန္တသြဘာသ

ဆရာတော် ဘဒ္ဒန္တသြဘာသကို ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ပျားမွတ်ကျေးရွာတွင် ခမည်းတော် ဦးလှရွှေ + မယ်တော် ဒေါ်သန်းရွှေတို့မှ ၁၃၃၇-ခုနှစ်၊ ဝါခေါင်လဆုတ် (၂)ရက်၊ တနင်္ဂနွေနေ့၊ နံနက် ၁၀-နာရီ၊ ၃၀-မိနစ်အချိန်တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် မော်လမြိုင်ကျွန်းမြို့၊ ပျားမွတ်ကျောင်းတွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပျားမွတ်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။

၁၃၄၆-ခုနှစ်၊ တပို့တွဲလဆန်း ၁၅-ရက်နေ့၊ နေ့ ၁-နာရီ ၅၀-မိနစ်အချိန်တွင် မော်လမြိုင်ကျွန်းမြို့နယ်၊ ပျားမွတ်ကျေးရွာ ဦးလှရွှေ + ဒေါ်သန်းရွှေ တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပျားမွတ်ကျောင်းခဏ္ဍသိမ်တွင် ယင်းကျောင်းဆရာတော် ဘဒ္ဒန္တသာဂရမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် ရှင်ရဟန်းဖြစ်ပြီးနောက် မြောင်းမြ ရွှေကျင်သာသနာပိုင်ဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ၊ ဂန္ထကာရက ဘဒ္ဒန္တကုမာရ၊ ဘဒ္ဒန္တဓမ္မိက၊ ဘဒ္ဒန္တဂုဏိသရ၊ ရွှေဟင်္သာတိုက်သစ်ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ၊ ဝိဇ္ဇောတာရုံဆရာတော် ဘဒ္ဒန္တဝိဇ္ဇောတ၊ ဟင်္သာတပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တအရိယာလင်္ကာရ(အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်များထံတွင် အထက်တန်းပညာရပ်များကို သင်ယူတတ်မြောက်ခဲ့ပါသည်။

အစိုးရဓမ္မာစရိယ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ရန်ကုန်တိုင်းဒေသကြီး) (ပထမ)တို့ကို အောင်မြင်ပြီး သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

ဆရာတော်သည် ရွှေဟင်္သာတိုက်သစ်၌ တိုက်အုပ် စာချကထိက၊ မြောင်းမြမြို့၊ တိုက်သစ်ပဇ္ဇောတာရုံ၌ စာချကထိက၊ ကျောက်ရေတွင်း ရတနာမာရ်အောင်ကျောင်းတိုက်၌ နာယကအဖြစ်ဖြင့် ဗုဒ္ဓအလိုတော်ကျ ထေရဝါဒ (မြန်၊ ကောင်း၊ သက်သာ) ဝိပဿနာတရားများကို ပြသခြင်းစသည်ဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းတို့ကို ကြိုးပမ်းဆောင်ရွက်တော်မူသည်။

ဆရာတော်သည် ၁၈-၄-၁၉၈၆-ခုနှစ်မှစ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် သုတ္တန္တပိဋကမဟာဌာန၌ နည်းပြတာဝန်၊ ၂၈-၇-၁၉၈၉-ခုနှစ်တွင် ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌ ကထိကတာဝန်တို့ကို ထမ်းဆောင်ခဲ့ပြီး ၂၀၀၇-ခုနှစ်တွင် တာဝန်မှအနားယူခဲ့ပါသည်။

ဆရာတော်သည် ၁၃၅၁-ခုနှစ်မှစ၍ ယနေ့တိုင် ဆရာတော်ကြီးများ၏ တာဝန်ပေးချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ရတနာမာရ်အောင်ကျောင်းတိုက်၌ နာယကအဖြစ်ဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူလျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန

## ကထိကဆရာတော်
## ဘဒ္ဒန္တစိန္တာဝရ

ဘဒ္ဒန္တစိန္တာဝရကို ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ရေလဲကျေးရွာ၌ ခမည်းတော် ဦးကျော်မြင့်၊ မယ်တော် ဒေါ်စန်းတို့မှ ၁၃၂၆-ခုနှစ်၊ တပို့တွဲလဆန်း ၁-ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။

၁၃၄၀-ခုနှစ်၊ နယုန်လဆန်း ၅-ရက်နေ့တွင် မိဘနှစ်ပါးနှင့် ဆွေမျိုးများ၏ ပစ္စယာနုဂ္ဂဟဖြင့် ရေလဲရွာမကျောင်းဆရာတော် ဘဒ္ဒန္တကလျာဏကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။

၁၃၄၆-ခုနှစ်၊ တပို့တွဲလဆုတ် ၂-ရက်နေ့တွင် ရေလဲကျေးရွာ၊ ရွာမရပ်ကွက်နေ ရဟန်းဒါယကာ ဦးချစ်စိန် + ရဟန်းဒါယိကာမ ဒေါ်စောဟန် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဓနုဖြူမြို့နယ်၊ ဥယျာဉ်ချောင်းကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် ရေလဲရွာမကျောင်းဆရာတော်၊ ဒလမြို့၊ လယ်ကိုင်းကျောင်းပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသနှင့် စာချဆရာတော် ဘဒ္ဒန္တနာယက၊ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသနှင့် စာချဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသနှင့် ပါမောက္ခ၊ ဌာနမှူး၊ ကထိက၊ နည်းပြ၊ ပြင်ပပညာရှင်ဆရာကြီးများအထံတွင် စာပေများ သင်ကြားခဲ့ပါသည်။

ဆရာတော်သည် သန္ဓိပုဒ်စစ်ကို သဒ္ဒါကျမ်းများနှင့် တိုက်ဆိုင်လေ့လာခြင်း စာတမ်းနှင့် သိမှတ်ဖွယ်ရာ ဓမ္မရတနာ ကျမ်းစာတို့ကို ရေးသားပြီး သာသနတက္ကသီလဓမ္မာစရိယ(B.A. Buddhism) ဘွဲ့နှင့် သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A. Buddhism) ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၊ ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန၌ ၁၉၉၈-ခုနှစ်မှ ၂၀၀၆-ခုနှစ်အထိ နည်းပြတာဝန်နှင့် ၂၀၀၆-ခုနှစ်မှ ယနေ့တိုင်အောင် ကထိကတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန

**နည်းပြဆရာတော်**

## ဘဒ္ဒန္တဂန္ဓသာရ

ဆရာတော် ဘဒ္ဒန္တဂန္ဓသာရကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ ဥက္ကံကျေးရွာ၌ ခမည်းတော် ဦးလှထွန်း + မယ်တော် ဒေါ်ချိုတို့မှ ၁၃၂၄-ခုနှစ်၊ တပေါင်းလဆန်း ၁၀-ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ သရက်ပင်ရွာ၊ သစ္စာတောရကျောင်း၌ ငါးပတ်ချောင်းဆရာတော် ဘဒ္ဒန္တကုမာရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ်သို့ ရောက်ခဲ့သည်။ ၁၃၄၄-ခုနှစ်၊ တပေါင်းလပြည့်နေ့ နံနက် ၈-နာရီ ၂၃ မိနစ်အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးရပ်ကွက် ဦးတင်အောင် + ဒေါ်သိန်းသိန်း မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဗဟန်းမြို့နယ်၊ ဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက်၊ သာသနာဘိသေကခဏ္ဍသိမ်၌ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသနှင့် ပါမောက္ခ၊ ဌာနမှူး၊ ကထိက၊ နည်းပြ၊ ပြင်ပပညာရှင် ဆရာကြီးများအထံတွင် စာပေများ သင်ကြားခဲ့ပါသည်။

ရေးသားပြုစုခဲ့သော ကျမ်းစာများမှာ- "ဗုဒ္ဓဘာသာသင်ခန်းစာလေ့လာချက်၊ အဋ္ဌသာလိနီအဋ္ဌကထာ၊ ရူပဝိဘတ္တိ ဧကကနိဒ္ဒေသဝဏ္ဏနာလေ့လာချက်၊ Meditation in Buddhist Daily Life "တို့ဖြစ်သည်။

ဆရာတော်သည် ၃၀-၅-၁၉၉၇-ခုနှစ်မှစ၍ ယနေ့တိုင်အောင် ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌ နည်းပြတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တအဂ္ဂါစိဏ္ဏ**

ဆရာတော်ဘဒ္ဒန္တအဂ္ဂါစိဏ္ဏကို ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ လိပ်ထူကျေးရွာ၌ ခမည်းတော် ဦးစံမြင့်+ မယ်တော်ဒေါ်ခင်အေးတို့မှ ၁၃၂၈-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၂)ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ဟင်္သာတမြို့နယ် လိပ်ထူကျေးရွာ အရှေ့ကျောင်းတွင် မိဘနှစ်ပါးနှင့် ဆွေမျိုးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ယင်းကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ် ရောက်ခဲ့သည်။

၁၃၄၈-ခုနှစ်၊ ဝါဆိုလဆန်း (၁၄)ရက်နေ့၊ နံနက်(၉)နာရီအချိန်တွင် လိပ်ထူကျေးရွာ၊ ဦးစံမြင့် + ဒေါ်ခင်အေး မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် လိပ်ထူကျေးရွာ အရှေ့ကျောင်း ခဏ္ဍသိမ်တွင် အရှေ့ကျောင်းဆရာတော်ဘဒ္ဒန္တပဏ္ဍာဝံသကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် ဟင်္သာတမြို့နယ်၊ လိပ်ထူကျေးရွာ၊ အရှေ့ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသ၊ မိုးကောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဓမ္မာစာရနှင့် စာချဆရာတော်များ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသနှင့် ပါမောက္ခ၊ ဌာနမှူး၊ ကထိက၊ နည်းပြ၊ ပြင်ပပညာရှင်ဆရာကြီးများအထံတွင် စာပေများ သင်ကြားခဲ့ပါသည်။

ရေးသားပြုစုတော်မူသောကျမ်းစာများနှင့် ရရှိတော်မူသောဘွဲ့တော်များမှာ "ပသေနဒီကောသလမင်းကြီးအကြောင်းကို လေ့လာခြင်း" ကျမ်းနှင့် သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism) ဘွဲ့နှင့် သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့တို့ဖြစ်၏။

ဆရာတော်သည် ၂၂-၉-၁၉၉၉ မှ ၂၀၀၄-ခုနှစ်အထိ ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌ နည်းပြတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ယခုအခါ ဟင်္သာတမြို့၊ မိုးကောင်းပရိယတ္တိစာသင်တိုက်၌ ပိဋကတ်စာပေများကို ပို့ချရင်း သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းတို့ကို ကြိုးပမ်းဆောင်ရွက်တော်မူပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန

**နည်းပြဆရာတော်**

## ဘဒ္ဒန္တသုမင်္ဂလ

ဘဒ္ဒန္တသုမင်္ဂလကို ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အဗျားငါးအိမ်စုကျေးရွာ၌ ခမည်းတော် ဦးဖြူ + မယ်တော် ဒေါ်မုန်းအေးတို့မှ ၁၃၂၇-ခုနှစ်၊ တပေါင်းလဆန်း ၁၃-ရက်၊ သောကြာနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အဗျားငါးအိမ်စုကျေးရွာ ဦးပြား + ဒေါ်တင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဝေါမြို့နယ်၊ အဗျားဗိုလ်တဲပရိယတ္တိစာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသီလာစာရမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။

၁၃၄၇-ခုနှစ်၊ တပေါင်းလဆန်း ၁၅-ရက်၊ အင်္ဂါနေ့ နံနက် ၈း၀၀ နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော် ပြည်သာယာရပ်ကွက်နေ ဦးစပ်ဝဏ္ဏ + ဒေါ်မြမြစိန် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းတောရမေဒိနီကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ယင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တခေမိန္ဒမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် အဗျားဗိုလ်တဲ ပရဟိတဆရာတော် ဘဒ္ဒန္တသီလာစာရ၊ ပဲခူးမြို့၊ ကြခတ်ဝိုင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇောတိပါလနှင့် စာချဆရာတော်များ၊ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဇောတနှင့် တိုက်အုပ်ဆရာတော်များ၊ ညောင်တုန်းမြို့၊ ရွှေဟင်္သာတော်ရဆရာတော် ဘဒ္ဒန္တဉာဏဝံသနှင့် စာချဆရာတော်များ၊ ပန်းဘဲတန်းမြို့၊ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ဆရာတော်နှင့် စာချဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသနှင့် ပါမောက္ခ၊ ဌာနမှူး၊ ကထိက၊ နည်းပြ၊ ပြင်ပပညာရှင် ဆရာကြီးများအထံတွင် စာပေများသင်ကြားခဲ့ပါသည်။

ဆရာတော်သည် "ဓမ္မပဒဂါထာနံပါတ် ၁၃-၁၄ လေ့လာသုံးသပ်ချက်၊ အင်္ဂုတ္တရ နိကာယ်လာ နီတိကထာ(လူမှုရေး၊ စီးပွားရေး) တို့ကို ရေးသားခဲ့ပြီး၊ သာသနတက္ကသီလဓမ္မာစရိယ B.A. (Buddhism) ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A. Buddhism) ဘွဲ့တို့ကို ရရှိတော်မူပါသည်။

ဆရာတော်သည် ၂၆-၁၁-၂၀၀၀-ခုနှစ်မှစ၍ ယနေ့တိုင်အောင် ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌ နည်းပြတာဝန်၊ အဗျားဗိုလ်တဲကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိရွာများမှ ကျောင်းသားကျောင်းသူများအတွက် ပရဟိတလုပ်ငန်းများ၊ နယ်လှည့်ဓမ္မကထိကအဖြစ်ဖြင့် သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန

## နည်းပြဆရာတော်
## ဘဒ္ဒန္တစန္ဒာသီရိ

ဆရာတော်ဘဒ္ဒန္တစန္ဒာသီရိကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ သရက်ကောင်းကျေးရွာ၌ ခမည်းတော် ဦးကျော်ရင် + မယ်တော် ဒေါ်ခင်ငြိမ်းတို့မှ ၁၃၃၀-ခုနှစ်၊ နတ်တော်လဆုတ် ၁၃-ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။

သက်တော် ၁၃-နှစ်အရွယ်တွင် ကန့်ဘလူမြို့နယ်၊ သရက်ကောင်းကျေးရွာ၊ မင်္ဂလာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာသာရကို ဥပဇ္ဈာယ်ပြု၍ ကန့်ဘလူမြို့နယ်၊ သရက်ကောင်း ကျေးရွာနေ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်သည် ၁၃၅၁-ခုနှစ်၊ နယုန်လဆန်း ၂-ရက်၊ အင်္ဂါနေ့၊ နံနက် ၈-နာရီ ၅၀-မိနစ်အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ခဏ္ဍသိမ်တော်၌ ယင်းကျောင်း ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ(တိပိဋကဓရ)မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဦးသန်းဖေ + ဒေါ်စောရင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်သည် ကန့်ဘလူမြို့နယ်၊ သရက်ကောင်းကျေးရွာ၊ မင်္ဂလာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာသာရ၊ မရမ်းကုန်းမြို့နယ်, တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်, ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရနှင့် စာချဆရာတော်များ၊ မေဒိနီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏဝံသနှင့် စာချဆရာတော်များ၊ ပဋ္ဌာနိကာယ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောသလ္လ(တိပိဋကဓရ၊ အဂ္ဂမဟာပဏ္ဍိတ)နှင့် စာချဆရာတော်များ၊ အလုံမြို့, အောင်စေတီဆရာတော် ဘဒ္ဒန္တမေဃိန္ဒ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသနှင့် ပါမောက္ခ၊ ဌာနမှူး၊ ကထိက၊ နည်းပြ၊ ပြင်ပပညာရှင် ဆရာကြီးများအထံတွင် စာပေများသင်ကြားခဲ့ပါသည်။

ရရှိတော်မူသောဘွဲ့မှာ "သာသနတက္ကသီလဓမ္မာစရိယ" B.A (Buddhism) ဘွဲ့ဖြစ်၏။

ဆရာတော်သည် ၉-၂-၁၉၉၉-ခုနှစ်မှ ၂၀၀၄-ခုနှစ်အထိ ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌ နည်းပြတာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တကဝိဇ**

ဘဒ္ဒန္တကဝိဇကို မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ယာကြီးကျေးရွာ၌ ခမည်းတော် ဦးမွေးကြူ+ မယ်တော် ဒေါ်စန်းရွှေတို့မှ ၁၃၂၈-ခုနှစ်၊ ပြာသိုလဆုတ် ၅-ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ယာကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။

၁၃၄၈-ခုနှစ်၊ တန်ခူးလဆန်း ၁၄-ရက်၊ တနင်္ဂနွေနေ့ နံနက် ၈း၀၀ နာရီ၊ ၉-ဖ၀ါး၊ ၁-ဗီလာအချိန်တွင် ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဦးခင်ရှိန် + ဒေါ်လှမြင့်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဇီးကုန်းကလေးရပ်ကွက်၊ ရတနာပုံ ကန်တော်ဦးကျောင်းတိုက် ခဏ္ဍသိမ်၌ ပြည်မြို့၊ ရွှေရွက်လှရပ်ကွက်၊ အောင်မင်္ဂလာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုန္ဒာစက္ကမထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် ဘဒ္ဒန္တနန္ဒဝံသ၊ ယာကြီးတောကျောင်းတိုက်၊ ဘဒ္ဒန္တကောဏ္ဍညနှင့် စာချဆရာတော်များ၊ မဟာရတနာရာမတိုက်၊ မကွေးမြို့၊ ဘဒ္ဒန္တကုသလနှင့် စာချဆရာတော်များ၊ မင်းဘူးကျောင်းတိုက်၊ ပြည်မြို့၊ ဘဒ္ဒန္တသောဘဏနှင့် စာချဆရာတော်များ၊ မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့၊ ဘဒ္ဒန္တသောဘဏနှင့် စာချဆရာတော်များ၊ ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဗဟန်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသနှင့် ပါမောက္ခ၊ ဌာနမှူး၊ ကထိက၊ နည်းပြ၊ ပြင်ပပညာရှင် ဆရာကြီးများအထံတွင် စာပေများ သင်ကြားခဲ့ပါသည်။

ဆရာတော်သည် "ဓမ္မပဒဂါထာနံပါတ် ၂၂-ကို လေ့လာသုံးသပ်ချက်၊ ပိဋကတ်တော်လာ ကြီးပွားရေးလမ်းညွှန်ချက်များ" ကျမ်းစာတို့ကို ရေးသားခဲ့ပြီး၊ သာသနတက္ကသီလဓမ္မာစရိယ B.A. (Buddhism) ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A. Buddhism) ဘွဲ့တို့ကို ရရှိတော်မူပါသည်။

ဆရာတော်သည်( - - )နေ့မှ စ၍ ယနေ့ထက်တိုင် ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌ နည်းပြတာဝန်ကို ထမ်းဆောင်တော်မူလျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တပညာဝံသ**

ဆရာတော်ဘဒ္ဒန္တပညာဝံသကို ရှမ်းပြည်နယ်၊ မိုးမိတ်မြို့နယ်၊ သစ်ဆိမ့်ကုန်းကျေးရွာ၌ ခမည်းတော် ဦးသန်းညွန့် + မယ်တော်ဒေါ်မြအေးတို့မှ ၁၃၃၈-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၈)ရက်၊ ကြာသပတေး နေ့တွင် ဖွားမြင်တော်မူသည်၊

ဆရာတော်လောင်းလျာသည် မိုးမိတ်မြို့နယ် သစ်ဆိမ့်ကုန်းကျေးရွာ ကျောင်းတိုက်တွင် မိဘနှစ်ပါးနှင့် ဆွေမျိုးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ယင်းကျောင်းဆရာတော် ဘဒ္ဒန္တမာဃကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ် ရောက်ခဲ့သည်၊

၁၃၅၈-ခုနှစ်၊ ကဆုန်လဆန်း (၁၂)ရက်နေ့နံနက် (၇)နာရီ (၇)ဖဝါး (၁၃)ဗီလာအချိန်တွင် သစ်ဆိမ့်ကုန်းကျေးရွာ ဦးပေ + ဒေါ်စန်းကြည် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သစ်ဆိမ့်ကုန်းကျောင်းတိုက် ဗဒ္ဓသိမ်တွင် မိုးမိတ်မြို့ ဟော်နန်းရပ်ကွက် ပုဗ္ဗာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇဝန္တကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် ရှမ်းပြည်နယ်၊ မိုးမိတ်မြို့နယ်၊ သစ်ဆိမ့်ကုန်းကျေးရွာ၊ သစ်ဆိမ့်ကုန်းကျောင်း ဆရာတော် ဘဒ္ဒန္တမာဃ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၁-ရပ်ကွက်၊ ဝါယာလက်စာသင်တိုက်၊ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍဝ၊ ဘဒ္ဒန္တဇယန္တ၊ ဘဒ္ဒန္တခေမာဝံသနှင့် စာချဆရာတော်များ၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်၊ ပဓာန နာယကဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသနှင့် စာချဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသနှင့် ပါမောက္ခ၊ ဌာနမှူး၊ ကထိက၊ နည်းပြ၊ ပြင်ပပညာရှင် ဆရာကြီးများအထံတွင် စာပေများ သင်ကြားခဲ့ပါသည်။

ရေးသားပြုစုတော်မူသောကျမ်းစာများနှင့် ရရှိတော်မူသောဘွဲ့များမှာ "အတ္တဟိတပရဟိတ ကျမ်းနှင့် သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism)၊ မဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့တို့ဖြစ်၏။

ဆရာတော်သည် သာသနာ့တက္ကသိုလ်(ရန်ကုန်)၌ ၁-၃-၂၀၀၃ ခုနှစ်မှစ၍ နည်းပြတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ယခုအခါ ပြည်ပတွင် သာသသနာပြုရင်း သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး လုပ်ငန်းတို့ကို ကြိုးပမ်းဆောင်ရွက်တော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန

**နည်းပြဆရာတော်**

**ဘဒ္ဒန္တတေဇောသာရ**

ဆရာတော်ဘဒ္ဒန္တတေဇောသာရကို စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ မြင်သာကုန်းကျေးရွာ၌ ခမည်းတော် ဦးဗလ + မယ်တော်ဒေါ်စိန်ဌေးတို့မှ ၁၃၃၆-ခုနှစ်၊ တပို့တွဲလဆန်း (၁၂) ရက်၊ စနေနေ့တွင် ဖွားမြင်တော်မူသည်၊

ဆရာတော်လောင်းလျာသည် ဆားလင်းကြီးမြို့ မြင်သာကုန်းကျေးရွာ မဟာဂန္ဓာရုံကျောင်းတွင် မိဘနှစ်ပါးနှင့် ဆွေမျိုးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ယင်းကျောင်းဆရာတော် ဘဒ္ဒန္တဇယန္တကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ်ရောက်ခဲ့သည်။ ၁၃၅၆-ခုနှစ်၊ ကဆုန် လဆန်း ၁၅ ရက်နေ့ နံနက် ၈ နာရီ ၃၇ ဖ၀ါး အချိန်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့ ဦးမြင့်ဦး + ဒေါ်တင်စိန် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဥပုသ်တော်ရပ်ကွက် ပဒ္ဓောတာရုံမှန်ကင်းကျောင်းတိုက် ခဏ္ဍသိမ်တွင် မှန်းကင်းရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော်သည် ဆားလင်းကြီးမြို့နယ်၊ မြင်သာကုန်းကျေးရွာ၊ မဟာဂန္ဓာရုံကျောင်း တိုက်ဆရာတော် ဘဒ္ဒန္တဓမ္မာဝုဓ၊ ဘဒ္ဒန္တဝရဏာလင်္ကာရနှင့် စာချဆရာတော်များ၊ မန္တလေးမြို့၊ မှန်ကင်းပဒ္ဓော တာရုံကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝိသုဒ္ဓ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသနှင့် ပါမောက္ခ၊ ဌာနမှူး၊ ကထိက၊ နည်းပြ၊ ပြင်ပပညာရှင် ဆရာကြီးများ အထံတွင် စာပေများသင်ကြားခဲ့ပါသည်။

ရရှိတော်မူသောဘွဲ့မှာ "သာသနတက္ကသီလဓမ္မာစရိယ" B.A (Buddhism) ဘွဲ့ဖြစ်၏။

ဆရာတော်သည် ၂၃-၉-၂၀၀၄ မှ ၂၀၀၇-ခုနှစ်အထိ ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်၊ ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌ နည်းပြတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ယခုအခါ မိမိဇာတိရွာ ၌ ပိဋကတ်စာပေများကို ပို့ချတော်မူရင်း သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းတို့ကို ကြိုးပမ်း ဆောင်ရွက်တော်မူလျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန

**နည်းပြဆရာတော်**
**ဘဒ္ဒန္တပါမောက္ခ**

ဘဒ္ဒန္တပါမောက္ခကို စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ထီးဆောင်းရွာ၌ ခမည်းတော် ဦးကြည် + မယ်တော် ဒေါ်လှမှတို့မှ ၁၃၃၅-ခုနှစ်၊ တပေါင်းလဆန်း ၅-ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ထီးဆောင်းရွာ၊ သိမ်ကျောင်းဆရာတော် ဘဒ္ဒန္တအာဒိစ္စာလင်္ကာရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။

၁၃၅၆-ခုနှစ်၊ တန်ခူးလဆုတ် ၃-ရက်၊ ကြာသပတေးနေ့၊ နံနက် ၈-နာရီ ၃၅-မိနစ်အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာရပ်ကွက်၊ ဦးကျော်ဦး + ဒေါ်စန်းစန်းလှိုင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မှော်ဘီမြို့နယ်၊ အင်းလျှက်ကျေးရွာ၊ သာသနာ့ဝန်ဆောင်ကျောင်းတိုက်၊ ဗဒ္ဓသိမ်၌ သာသနာ့ဝန်ဆောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုမာရမဟာမထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် မရမ်းကုန်းမြို့နယ်၊ ဝိဇ္ဇောတာရုံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝိဇ္ဇောတ၊ တိပိဋက မဟာဂန္ဓာရုံဆရာတော် ဘဒ္ဒန္တသုမင်္ဂလ၊ မြောင်းမြမြို့၊ တိုက်သစ်ပဇ္ဇောတာရုံဆရာတော် ဘဒ္ဒန္တဂုဏိဿရ၊ မှော်ဘီမြို့၊ သာသနာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တကုမာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသနှင့် ပါမောက္ခ၊ ဌာနမှူး၊ ကထိက၊ နည်းပြ၊ ပြင်ပပညာရှင် ဆရာကြီးများ အထံတွင် စာပေများသင်ကြားခဲ့ပါသည်။

ရေးသားပြုစုခဲ့သော ကျမ်းစာများမှာ- "အဇ္ဈေကစီဝရသိက္ခာပုဒ်လေ့လာသုံးသပ်ချက်၊ သာဓုနရတရားတော်ပါး၊ ဘဝလွတ်မြောက်ရေးလမ်းစဉ်"တို့ဖြစ်ပြီး၊ သာသနတက္ကသီလဓမ္မာစရိယ B.A. Buddhism) ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A. Buddhism) ဘွဲ့တို့ကို ရရှိတော်မူပါသည်။

ဆရာတော်သည် ၂၇-၁၁-၂၀၀၆-ခုနှစ်မှစ၍ ယနေ့တိုင်အောင် ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌ နည်းပြအဖြစ်ဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန

## နည်းပြဆရာတော်
## ဘဒ္ဒန္တကိတ္တိသာရ

ဘဒ္ဒန္တကိတ္တိသာရကို ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ထန်းပင်ကုန်းရွာ၌ ခမည်းတော် ဦးအေးသိန်း + မယ်တော် ဒေါ်မြင့်သန်းတို့မှ ၁၃၄၀-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅-ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း(၂)ယောက်တွင် ပထမမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်ကျော်ဌေး ဖြစ်သည်။

ဆရာတော်လောင်းလျာသည် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရွာသာကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသိရီဓမ္မကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်၍ ဘွဲ့မည်မှာ ရှင်ကိတ္တိသာရ ဖြစ်သည်။

၁၃၅၉-ခုနှစ်၊ တပေါင်းလဆန်း ၉-ရက်၊ သောကြာနေ့ နံနက် ၉-နာရီ ၂၅-မိနစ်အချိန်တွင် အင်္ဂပူမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာ ဦးအေးသိန်း + ဒေါ်မြင့်သန်း မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် အင်္ဂပူမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာ၊ ရွာသာကုန်းကျောင်းတိုက် ခဏ္ဍသိမ်တော်တွင် ယင်းကျောင်းဆရာတော် ဘဒ္ဒန္တသိရီဓမ္မကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် ရွာသာကုန်းကျောင်းဆရာတော် ဘဒ္ဒန္တသိရီဓမ္မ၊ ဟင်္သာတမြို့၊ ရွှေကျောင်းပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတ၊ မြောင်းမြမြို့၊ ဇေယျမေဒနီပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မပိယ၊ ဒဂုံမြောက်ပိုင်းမြို့၊ အောင်မြေရတနာပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသီလဝံသာဘိဝံသနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသနှင့် ပါမောက္ခ၊ ဌာနမှူး၊ ကထိက၊ နည်းပြ၊ ပြင်ပပညာရှင် ဆရာကြီးများ အထံတွင် စာပေများသင်ကြားခဲ့ပါသည်။

ရေးသားပြုစုခဲ့သော ကျမ်းစာများမှာ- "ပုညကိရိယာဝတ္ထုဆယ်ပါးကို လေ့လာခြင်း၊ မိဘနှင့်သားသမီး ဆက်ဆံရေး၊ ရင်ဝယ်ဆွဲရမည့် ပုလဲရတနာများ"တို့ဖြစ်ပြီး၊ သာသနတက္ကသီလဓမ္မာစရိယ B.A. (Buddhism) ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A. Buddhism) ဘွဲ့တို့ကို ရရှိတော်မူပါသည်။

ဆရာတော်သည် ၂၁-၂-၂၀၀၇-ခုနှစ်မှစ၍ ယနေ့တိုင် ဧရာဝတီဆောင် လက်ထောက်အဆောင်မှူး တာဝန်နှင့် ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌ နည်းပြတာဝန်တို့ကို ထမ်းဆောင်ရင်း ဗုဒ္ဓမြတ်စွာ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် သာသနာပြုကုသိုလ်ထူးများကို ဆည်းပူးပြုလုပ် အားထုတ်ဆောင်ရွက်လျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
## ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန
## တွဲဖက် ပါမောက္ခ
## ဆရာကြီး ဦးတင်လွင်

ဆရာကြီးဦးတင်လွင်ကို ၁၉၂၈-ခုနှစ်၊ ဒီဇင်ဘာလ ၂၉-ရက်နေ့တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ မိဘများမှာ ဦးရင်စု + ဒေါ်စိန်ဖော့ ဖြစ်ပါသည်။

အသက် ၄-နှစ်အရွယ်မှစ၍ ရန်ကုန်မြို့ လသာလမ်းနှင့် ကျုံးကြီးလမ်းဒေါင့်ရှိ ခရစ်ယာန်သာသနာပြုကျောင်း၊ ရန်ကုန်အစိုးရ **High School**၊ ဂျပန်စာသင်ကျောင်း၊ ဒေါက်တာဘမော်အစိုးရ စံပြအထက်တန်းကျောင်းတို့၌ အဋ္ဌမတန်းအထိ၊ ၁၉၄၆-ခုနှစ် ဗြိတိသျှခေတ်၌ ဒသမတန်းကို အောင်မြင်ခဲ့သည်။ ၁၉၄၇-ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ဥပစာအထက်တန်း၊ ဝိဇ္ဇာတန်း၌ ပါဠိဂုဏ်ထူးတန်း ဒုတိယတန်းကို ဒုတိယဆင့်ဖြင့် အောင်မြင်ပြီးနောက် ပါဠိဌာနတွင် နည်းပြတာဝန်၊ ယင်းနောက် မဟာဝိဇ္ဇာတန်းကို အောင်မြင်ပြီး လ/ထကထိကတာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။

၁၉၅၇-ခုနှစ်မှ ၁၉၆၂-ခုနှစ်အထိ လန်ဒန်တက္ကသိုလ်၊ အရှေ့တိုင်းပညာဌာန၌ မဟာဝိဇ္ဇာတန်းအတွက် ပညာသင်ယူခဲ့သည်။ ၁၉၆၃-မှ ၁၉၆၅-ခုနှစ်အထိ ပုသိမ်ကောလိပ်၌ ကထိကအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ပုသိမ်မှပြန်လာကာ ရန်ကုန်တက္ကသိုလ်၌ ဌာနမှူးတာဝန်ထမ်းဆောင်စဉ် မန္တလေးတက္ကသိုလ်၊ ပါဠိဌာနသို့ ပါမောက္ခအဖြစ်တာဝန်ပေးအပ်ခြင်းခံရ၍ ၁၉၆၉-မှ ၁၉၈၇-ခုနှစ်အထိ ၁၇-နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၉-ခုနှစ်တွင် ပါဠိပါမောက္ခအဖြစ်မှ အငြိမ်းစားယူခဲ့သည်။ ၁၉၈၈-၈၉ မှ ၂၀၀၀-၀၁ ခုနှစ်အထိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌ တွဲဖက်ဌာနမှူးတာဝန်၊ ၂၀၀၀-ပြည့်နှစ်မှ ၂၀၀၆-ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ပါဠိပါမောက္ခတာဝန် ထမ်းဆောင်ခဲ့ပြီး၊ ရန်ကုန်တက္ကသိုလ်၌ကား ၁၉၈၉-ခုနှစ်မှ ယနေ့ထိ အချိန်ပိုင်းပါမောက္ခအဖြစ်တာဝန်များ ထမ်းဆောင်ဆဲဖြစ်ပါသည်။

ရရှိခဲ့သောဘွဲ့များမှာ- B.A (Hons), M.A.(RU), M.A.(Lond.),B.C. Law Prize တို့ဖြစ်ပြီး၊ အင်္ဂလန်၊ ဒိန်းမတ်၊ ဂျာမနီ၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ၊ ဂျပန်၊ ထိုင်း၊ လာအိုနိုင်ငံများသို့ ပညာသင်ခြင်း၊ နိုင်ငံတော်တာဝန်ထမ်းဆောင်ခြင်း၊ သာသနာရေးတာဝန်ထမ်းဆောင်ခြင်းတို့အတွက် သွားရောက်ခဲ့ပါသည်။ ထို့ကြောင့် ၁၉၈၄-ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေစိုးမိုးရေးတံဆိပ်နှင့် ဝန်ထမ်းကောင်းတံဆိပ်၊ ၂၀၀၄-ခုနှစ်တွင် သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်၊ ၂၀၀၈-ခုနှစ်တွင် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးအဖြစ် ရွေးချယ်ခြင်းတို့ကို ခံရပါသည်။

The Working People's Daily သတင်းစာတွင် ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါး (၅၀)ကျော်ကို ရေးသားခဲ့ပါသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အေဝမ်းခြံ၌နေထိုင်လျက် ရန်ကုန်တက္ကသိုလ်၊ အရှေ့တိုင်းပညာဌာနတွင် ပါရဂူဘွဲ့ကြိုသင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများပို့ချပြီး မဟာသုတေသနကျမ်း၊ ပါရဂူကျမ်းတို့ကို ကြီးကြပ်ခြင်း၊ ပြင်ပစာစစ်အဖြစ်ဆောင်ရွက်ခြင်း၊ Referee အဖြစ်ဆောင်ရွက်ခြင်း၊ မန္တလေးတက္ကသိုလ်၊ အရှေ့တိုင်းပညာဌာနတွင် ပါရဂူဘွဲ့ကြိုများ၊ ပါရဂူကျမ်းခေါင်းစဉ်များ စစ်ဆေးရေးပညာရှင်အဖြစ် ယနေ့အထိ ဆောင်ရွက်နေဆဲဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန
**တွဲဖက် ပါမောက္ခ**
**ဆရာကြီး ဦးကျော်လှိုင်**

ဦးကျော်လှိုင်ကို ၁၉၄၁-ခု၊ အောက်တိုဘာလတွင် မိတ္ထီလာမြို့နယ်၊ ညောင်ပင်သာယာရွာ၌ မွေးဖွားခဲ့သည်။ မိဘများမှာ ဦးသာအောင် + ဒေါ်ယဉ်လှဖြစ်ပါသည်။ ၁၉၅၅-ခုနှစ်တွင် တောမရွာ၊ မူလတန်းကျောင်းမှ စတုတ္ထတန်းကို စကောလားရှစ်(ပညာသင်ဆု)ဖြင့် ဦးဆုံးအောင်မြင်ခဲ့သည်။ ၁၉၆၀-ခုနှစ်တွင် မိတ္ထီလာမြို့၊ အမှတ်(၁)တန်းမြင့်ကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။

၁၉၆၀-ခုနှစ်တွင် မန္တလေးတက္ကသိုလ်သို့တက်ရောက်၍ ပညာသင်ယူခဲ့သည်။ ၁၉၆၁-ခုနှစ်မှစ၍ ၁၉၆၃-ခုနှစ်အထိ ဥပစာ (က) (ခ)၊ ဝိဇ္ဇာ (က) (ပထမနှစ်ဂုဏ်ထူးတန်း) စာမေးပွဲတွင် ပါဠိနှင့် ဗုဒ္ဓကျမ်းစာ နှစ်ဘာသာဂုဏ်ထူးဖြင့် အထူးအောင်မြင်ခဲ့သည်။ ထိုသုံးနှစ်လုံးမှာ ဗုဒ္ဓကျမ်းစာဘာသာရပ်တွင် ထူးချွန်စွာ အောင်မြင်သဖြင့် ဗုဒ္ဓသာသနကောင်စီ (Buddhasàsana Council) ၏ ပညာသင်ဆု ရရှိခဲ့သည်။ ၁၉၆၅-ခုနှစ်တွင် ဝိဇ္ဇာဂုဏ်ထူး(ပါဠိ)ဘွဲ့ကို ဒုတိယတန်း၊ ပထမဆင့်ဖြင့် အောင်မြင်ခဲ့သည်။

၁၉၆၅-ခုနှစ်၊ ဒီဇင်ဘာလ ၂၄-ရက်နေ့မှစ၍ ရန်ကုန်တက္ကသိုလ်၊ ပါဠိဌာနတွင် နည်းပြဆရာအဖြစ် စတင်အမှုထမ်းခဲ့သည်။ ၁၉၇၃-ခု ဇူလိုင်လမှ ၁၉၇၅-ခုနှစ် ဒီဇင်ဘာလအထိ အိန္ဒိယနိုင်ငံ ဗာရာဏသီ ဟိန္ဒူတက္ကသိုလ် (Banaras Hindu University) မှ ပညာသင်ယူခဲ့သည်။ မဟာဝိဇ္ဇာ(သက္ကတ)ဘွဲ့ရသည်။ ၁၉၈၆-ခုနှစ် ၁၉၈၆-ခုနှစ်၊ ဇွန်လတွင် လက်ထောက်ကထိကဘဝဖြင့် အငြိမ်းစားယူပြီး တိပိဋကနိကာယ သာသနာပြုအဖွဲ့တွင် မော်ကွန်းထိန်းအဖြစ် ၂၀၀၂-ခုနှစ် အောက်တိုဘာလအထိ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၀-ခုနှစ်မှစ၍ ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ပိဋကတ်ဆိုင်ရာ ပါဠိစာပေ ဌာနတွင် တွဲဖက်ကထိကအဖြစ်လည်းကောင်း၊ တွဲဖက်ဌာနမှူး(ပါမောက္ခ)အဖြစ်လည်းကောင်း ၂၀၀၇-ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်းမြောက်ပိုင်း၌ နေထိုင်ရင်း စာပေရေးသားလျက်ရှိပါသည်။

ရေးသားပြုစုခဲ့သော စာအုပ်များစာရင်း

(၁) မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ပုတီးစိပ်နည်း (၂) မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ပဋိပတ်ကျင့်စဉ် (၃) မြတ်ဗုဒ္ဓပန်းဝတ်ရည်များ (၄) သေမင်းကျော့ကွင်းမှ လွတ်မြောက်ခြင်း (၅) သပြေကန် ဆရာတော် သို့မဟုတ်၊ အံ့ဖွယ်စွယ်စုံပုဂ္ဂိုလ်ထူး (၆) မေတ္တေယျဗုဒ္ဓဝင် (အနာဂတဝင်အဋ္ဌကထာ တည်းဖြတ်ချက်နှင့် အနာဂတဝင်ပါဠိ၊ အရိမေတ္တေယျဗုဒ္ဓဝင် (သက္ကတ-မြန်မာပြန်) (၇) နေ့စဉ်ဖတ်စရာ ဗုဒ္ဓဒေသနာ (ဘာသာပြန်စာမူ) (၈) ဝိမုတ္တိမဂ္ဂမြန်မာပြန် (စာမူ) (၉) Mçcchakatikam (ရွှံ့ရုပ်လှည်းကလေးပြဇာတ်ကို ဝသန္တသေနာအမည်ဖြင့် သက္ကတဘာသာမှ မြန်မာပြန်ဆိုထားသည်။) (၁၀) Svapnavàsavaddttam (ဝါသဝဒတ္တာ-အမည်ဖြင့် သက္ကတပြဇာတ်ကို မြန်မာပြန်ထားသည်။) (၁၁) Karpuramanjarã (ကပ္ပူရ မဉ္ဇရီ-အမည်ဖြင့် သက္ကတပြဇာတ်ကို မြန်မာပြန်ထားသည်။) (၁၂) သက္ကတသဒ္ဒါ (၁၃) ဟိတောပဒေသဖတ်စာ (၁၄) သီဟိုဠ်ပါဠိစာပေသမိုင်း (၁၅) ဝိမုတ္တိမဂ္ဂပါဠိ(တည်းဖြတ်မှု)



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန
**တွဲဖက် ပါမောက္ခ**
**ဆရာကြီး ဒေါက်တာလှထွန်း**

ဆရာကြီးဒေါက်တာလှထွန်းကို ၁၉၆၁-ခု၊ နိဝင်ဘာလတွင် ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဟာနုမန်ကျေးရွာ၌ မွေးဖွားခဲ့သည်။ မိဘများမှာ ဦးဟန်စ်လာလ် + ဒေါ်ပာဂ်ဒစီယာ ဖြစ်ပါသည်။ ၁၉၇၀-ခုနှစ်မှ ၁၉၇၃-ခုနှစ်အထိ ကျောက်တံခါးမြို့ ဟိန္ဒီစာသင်ကျောင်း၌ တတိယတန်း။ ၁၉၇၃-မှ ၁၉၇၅-ခုနှစ်အထိ ကျောက်တံခါးမြို့၊ အလယ်ကျောင်း(အ·မ·က)၌ ပထမတန်း။ ၁၉၇၅-မှ ၁၉၇၉-ခုနှစ်အထိ ကျောက်တံခါးမြို့၊ သနာတနဓမ္မရိပ်သာကျောင်း၌ အဋ္ဌမတန်း(သက္ကတ)။ ၁၉၇၉-ခုနှစ်မှ ၁၉၈၃-ခုနှစ်အထိ ရန်ကုန်မြို့၌ ဟိန္ဒီစာ/ အင်္ဂလိပ်စာသင်ယူခြင်း။ ၁၉၈၃-ခုနှစ်မှ ၁၉၈၅-ခုနှစ်အထိ အိန္ဒိယနိုင်ငံ၊ ဂျေးပူးမြို့၊ ဒါဒူးသက္ကတ ကောလိပ်၌ ၁၀-တန်း၊ ၁၁-တန်း(သက္ကတ)။ ၁၉၈၅-ခုနှစ်မှ ၁၉၈၈-ခုနှစ်အထိ ယင်းကောလိပ်၌ပင် B.A (သက္ကတ) ဘွဲ့။ ၁၉၈၈-ခုနှစ်မှ ၁၉၉၀-ခုနှစ်အထိ အိန္ဒိယနိုင်ငံ၊ ဘုံဘေမြို့၊ ဘုံဘေတက္ကသိုလ်၌ M.A (သက္ကတ)ဘွဲ့။ ၁၉၉၁-ခုနှစ်မှ ၁၉၉၄-ခုနှစ်အထိ ယင်းတက္ကသိုလ်ပင် Ph.D (သက္ကတ)ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

၂၀၀၀-ပြည့်နှစ်မှစ၍ ယနေ့တိုင်အောင် ရန်ကုန်တက္ကသိုလ်၊ အရှေ့တိုင်းပညာဌာန၌ အချိန်ပိုင်းကထိက။ ၂၀၀၅-ခုနှစ်မှစ၍ ယနေ့တိုင်အောင် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်(ရန်ကုန်)၌ အချိန်ပိုင်း ကထိက။ ၂၀၀၈-ခုနှစ်မှစ၍ ယနေ့တိုင်အောင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌ တွဲဖက်ပါမောက္ခအဖြစ်ဖြင့်လည်းကောင်း၊ ရန်ကုန်မြို့၊ သနာတနဓမ္မပါလက အဖွဲ့ချုပ်၌ သာသနာပြု/ စည်းရုံးရေးမှူးအဖြစ်ဖြင့်လည်းကောင်း သာသနာ့တာဝန်/ ပညာရေးတာဝန်/ လူမှုရေးတာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
# (ရန်ကုန်)
# ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာနှင့်
# တာဝန်ထမ်းဆောင်ပြီး/ထမ်းဆောင်ဆဲ
# ဆရာများ၏
# အတ္ထုပ္ပတ္တိအကျဉ်း



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)

ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၊

**ပါမောက္ခ/ဌာနမှူးဆရာတော်**

**ဘဒ္ဒန္တစန္ဒောဘာသ**

ဆရာတော်ဘဒ္ဒန္တစန္ဒောဘာသကို မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ဖွေးမိကျေးရွာ ခမည်းတော် ဦးမြမောင်+မယ်တော် ဒေါ်ပုတို့မှ သက္ကရာဇ် ၁၃၁၃-ခုနှစ်၊ ကဆုန်လဆန်း(၁၀)ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်၊ တစ်ဦးတည်းသော သားရတနာဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် ဖွေးမိဘုန်းတော်ကြီးကျောင်းတွင် ဖွေးမိကျေးရွာမှ ဦးသာဟန်+ဒေါ်လှရီ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ယင်းကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ် ရောက်ခဲ့သည်၊ ဥပဇ္ဈာယ်ဆရာတော်က ရှင်စန္ဒောဘာသ-ဟု ဘွဲ့အမည်ပေးခဲ့သည်။ ၁၃၃၃-ခုနှစ်၊ ကဆုန်လဆုတ်(၈)ရက်နေ့တွင် ရန်ကင်းမြို့နယ်၊ ကံဘဲ့ဘူတာရုံလမ်း၊ ဦးစံရာ+ဒေါ်ကြင်မြ၊ ဗဟန်း(၂)လမ်း၊ ဦးညွန့်စိန်+ဒေါ်ခင်ညွန့်မေ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မဟာဗောဓိကျောင်းတိုက် ခဏ္ဍသိမ်တွင် ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် ရန်ကင်းမြို့နယ်၊ မဟာဗောဓိစာသင်တိုက်၊ မြောင်းမြပဓ္ဓောတာရုံပါဠိတက္ကသိုလ် ဘဒ္ဒန္တဉာဏိန္ဒ၊ မော်လမြိုင်မြို့ မြစေတီပရိယတ္တိစာသင်တိုက် ဘဒ္ဒန္တဝိမလဗုဒ္ဓိနှင့် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သိရီဝေလာစာသင်တိုက် ဘဒ္ဒန္တကောသလ္လတို့ထံ ပညာသင်ကြားခဲ့ပါသည်။ ဆရာတော်သည် အစိုးရသာသနဓဇ ဓမ္မာစရိယဘွဲ့၊ ဥပဒေ(LL.B)ဘွဲ့နှင့် **အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ** ဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် တက္ကသိုလ်စတင် ဖွင့်လှစ်ချိန် ၁၈-၄-၁၉၈၆ မှစ၍ မော်ကွန်းထိန်းဌာန၊ ဌာနစုမှူး၊ သုတ္တန္တမဟာဌာနကထိက၊ ၂-၈-၁၉၈၉ မှစ၍ ပိဋကတ် ဆိုင်ရာမြန်မာစာပေဌာန ပါမောက္ခ၊ ဌာနမှူးအဖြစ်ဖြင့် ၂၁-၁၁-၁၉၉၃-ခုနှစ်အထိ အဆင့်ဆင့်တာဝန်ထမ်း ဆောင်ခဲ့ပါသည်။ ဆရာတော်သည် (၁၄)ဝါရပြီးချိန်မှစ၍ ဆရာစဉ်ဆက်ထိန်းသိမ်းစောင့်ရှောက်ခဲ့သော တောင်ဥက္ကလာပ ပါရမီကျောင်းတိုက် မဟာစန္ဒာရုံကျောင်းတွင် ပဓာနနာယကအဖြစ် တာဝန်ယူအုပ်ချုပ်တော်မူ လျက် စာသင်သားသံဃာများစွာတို့အား ပရိယတ္တိစာပေများကို ပို့ချသင်ကြားပေးတော်မူကာ သာသနတက္ကသီလ ဓမ္မာစရိယနှင့် သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့ရ စာသင်သားပေါင်းများစွာ ပေါ်ထွက်စေခဲ့သည်။

ဆရာတော်သည် တိပိဋကစရေးချယ်ရေးစာမေးပွဲတွင် စာထောက်စာမအဖြစ်ဖြင့်လည်းကောင်း၊ နိကာယ်စာမေးပွဲဗဟိုပညာရေးအဖွဲ့တွင် ဥက္ကဋ္ဌဆရာတော်အဖြစ်ဖြင့်လည်းကောင်း၊ တိုင်းဝိနည်းဓိုရ် အဖြစ်ဖြင့်လည်းကောင်း တာဝန်ယူလျက် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းတို့ကို ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့ပါသည်၊ ယခုအခါ ဆရာတော်သည် မဟာစန္ဒာရုံကျောင်းတွင် ဂန္ထဓုရ, ဝိပဿနာဓုရနှစ်ပါးကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၊
**ပါမောက္ခ/ဌာနမှူးဆရာတော်**
**ဘဒ္ဒန္တသာဂရဉာဏ**

ဆရာတော်ဘဒ္ဒန္တသာဂရဉာဏကို ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ပေါက်တူးတောင်ကျေးရွာ ခမည်းတော် ဦးဖိုးစောဖြူ+မယ်တော်ဒေါ်ဇာခိုင်တို့မှ သက္ကရာဇ် ၁၃၁၃-ခုနှစ်၊ သီတင်းကျွတ်လဆန်း(၅) ရက်၊ သောကြာနေ့တွင် ဖွားမြင်တော်မူသည်၊ မွေးချင်း(၆)ယောက်တို့တွင် သားဦးရတနာဖြစ်၍ ငယ်မည်မှာ မောင်စောအောင် ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် ပေါက်တူးတောင်ကျေးရွာ၊ ဇေယျာသုခကျောင်းတိုက်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ယင်းကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ် ရောက်ခဲ့သည်၊ ဥပဇ္ဈာယ် ဆရာတော်က ရှင်သာဂရဉာဏ-ဟု ဘွဲ့အမည်ပေးခဲ့သည်။ ၁၃၃၄-ခုနှစ်၊ ကဆုန်လပြည့်ကျော်(၉)ရက် နံနက်(၈)နာရီ မိနစ်(၄၀)အချိန်တွင် ပေါက်တူးတောင်ကျေးရွာ၊ ဦးဖိုးစိုး+ဒေါ်မမှုန်ဦး၊ ဒေါ်ဇာခိုင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဇေယျာသုခကျောင်း ခဏ္ဍသိမ်တွင် ဆရာတော်ဦးဣန္ဒြိယကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် ကျောက်ဖြူမြို့၊ ယပ်လှဲကျောင်း ဘဒ္ဒန္တနန္ဒိယ၊ စစ်တွေမြို့ သဒ္ဓမ္မဂရု(ပုသိမ်)ကျောင်း ဘဒ္ဒန္တဂရုဝံသ၊ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်း ဘဒ္ဒန္တဇောတိပါလနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဆရာတော်များထံ ပညာသင်ကြားခဲ့ပါသည်။ ဆရာတော်သည် အစိုးရသာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဝိနယပါရဂူ၊ (ဘုရားဖြူ)၊ ဒုတိယစာချ သုဝဏ္ဏဘူမိ၊ ဘီအေ(မြန်မာစာ အဓိက)ဘွဲ့နှင့် မဟာဂန္ဓဝါစကပဏ္ဍိတဘွဲ့ တို့ကို ရရှိခဲ့ပါသည်။

ဆရာတော်သည် ၂၈-၇-၁၉၈၉ ရက်နေ့မှစ၍ ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၌ နယဒေသကတာဝန်၊ ၃-၁၂-၁၉၉၄ ကထိကတာဝန်၊ ၂၂-၁၁-၁၉၉၅ နေ့မှစ၍ ပါမောက္ခ၊ ဌာနမှူးတာဝန်တို့ကို အဆင့်ဆင့်တာဝန်ယူခဲ့၏။ ဆရာတော်သည် ဝါတော်(၃၄)ဝါရပြီးချိန်တွင် ရန်ကုန်တိုင်းဒေသကြီးဒဂုံဆိပ်ကမ်းမြို့နယ်၊ ကမ္ဘာအေးကျောင်းတိုက်ကြီးကို အလှူခံ၍ ပဓာနနာယကအဖြစ် တာဝန်ယူ အုပ်ချုပ်တော်မူလျက် စာသင်သားသံဃာတော်များစွာတို့အား ပရိယတ္တိစာပေများကို ပို့ချသင်ကြား ပေးတော်မူကာ သာသနတက္ကသီလဓမ္မာစရိယဘွဲ့နှင့် သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့ရ စာသင်သား ပေါင်းများစွာ ပေါ်ထွက်စေခဲ့သည်။

ဆရာတော်ရေးသားပြုစုတော်မူသော ကျမ်းများမှာ-"ကိလေသာ"နှင့် "ဆုတောင်းခြင်းကို လေ့လာခြင်း"တို့ဖြစ်ပါသည်၊ ကျမ်းစာများ စစ်ဆေးကြီးကြပ်ခြင်း၊ စာများရေးသားခြင်းစသည်ဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းတို့ကို ကြိုးပမ်းဆောင်ရွက်တော်မူခဲ့ပါသည်၊ ဆရာတော်သည် ၉-၉-၂၀၀၈-ရက်နေ့ ပျံလွန်တော်မူသည်အထိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် တာဝန် ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၊
**ပါမောက္ခ/ဌာနမှူးဆရာတော်**
**ဘဒ္ဒန္တဣန္ဒောဘာသ**

ဆရာတော် ဘဒ္ဒန္တဣန္ဒောဘာသကို ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ဆပ်သွားကုန်းကျေးရွာ ခမည်းတော် ဦးအောင်သာ+မယ်တော်ဒေါ်ထွေးတို့မှ သက္ကရာဇ် ၁၃၁၅-ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၄)-ရက်၊ တနင်္ဂနွေနေ့ နံနက်(၁)နာရီအချိန်တွင် ဖွားမြင်တော်မူသည်၊ မွေးချင်း(၈)ယောက်တို့တွင် တတိယမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်အောင်မြင့် ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် ဝေါမြို့နယ်၊ ဆပ်သွားကုန်းကျေးရွာ ဦးရှိန်+ဒေါ်အိမိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ယင်းကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ် ရောက်ခဲ့သည်၊ ဥပဇ္ဈာယ် ဆရာတော်က ရှင်ဣန္ဒောဘာသ-ဟု ဘွဲ့အမည်ပေးခဲ့သည်။ ၁၃၃၄-ခုနှစ်၊ တန်ခူးလဆန်း(၁၀)ရက်၊ ကြာသပတေးနေ့၊ နံနက်(၇)နာရီ (၃၀)မိနစ်အချိန်တွင် ညောင်လေးပင်မြို့၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်ခင်ညွန့်၊ ဒေါ်ကြီးလေး,ဒေါ်သန်းတင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကမ္မဋ္ဌာန်းကျောင်း ခဏ္ဍသိမ်တွင် ဆရာတော် ဦးကေသရကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်၊ ဘဒ္ဒန္တတိလောကာဘိဝံသ၊ မန္တလေးမြို့ အနောက် ခင်မကန်တိုက်၊ မိုးတားကျောင်း ဘဒ္ဒန္တသူရိယာဘိဝံသနှင့် ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဆရာတော်များထံ ပညာသင်ကြားခဲ့ပါသည်။

ဆရာတော်သည် အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်"သဒ္ဓမ္မဝံသပါလဓမ္မာစရိယ"ဘွဲ့၊ အစိုးရ "သာသနဓဇဓမ္မာစရိယ"ဘွဲ့၊ "ဝိနယပါရဂူ"ဘွဲ့(ဘုရားဖြူ)၊"သာသနတက္ကသီလမဟာဓမ္မာစရိယ"ဘွဲ့နှင့် နိုင်ငံတော်မှဆက်ကပ်သော"မဟာဂန္ထဝါစကပဏ္ဍိတ"ဘွဲ့တံဆိပ်တော်တို့ကို ရရှိခဲ့၏။

ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)တွင် ၂၈-၇-၁၉၈၉ ရက်နေ့မှစ၍ အဘိဓမ္မပိဋကတ်မဟာဌာန၌ နယဒေသကတာဝန်၊ ၂၃-၁၁-၁၉၈၉ ရက်မှစ၍ ပဲခူးဆောင်အဆောင်မှူးတာဝန်၊ ၁၃-၆-၁၉၉၆ ရက်မှစ၍ ကထိကတာဝန်၊ ၁၈-၉-၂၀၀၈-ရက်နေ့မှစ၍ ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၌ ပါမောက္ခ၊ ဌာနမှူးတာဝန်တို့ကို အဆင့်ဆင့်တာဝန်ယူလျက် စာသင်သားသံဃာတော်များစွာတို့အား ပရိယတ္တိ စာပေများကို သင်ကြားပို့ချပေးတော်မူကာ ကျမ်းစာများ စစ်ဆေးကြီးကြပ်ခြင်း၊ အနယ်နယ်အရပ်ရပ်သို့ လှည့်လည်၍ တရားပြ, တရားဟောခြင်း၊ စာများရေးသားခြင်း စသည်ဖြင့် သာသနာတော်သန့်ရှင်း, တည်တံ့, ပြန့်ပွားရေး လုပ်ငန်းတို့ကို ကြိုးပမ်းဆောင်ရွက်တော်မူသည်။ သို့အတွက်ကြောင့်ပင် သာသနတက္ကသီလဓမ္မာစရိယဘွဲ့နှင့် သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့ရ စာသင်သားပေါင်းများစွာ ပေါ်ထွက်စေခဲ့သည်။

ယခုအခါ ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် သီတင်းသုံးလျက် ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၌ ဌာနမှူးတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၊

## ကထိကဆရာတော်

## ဘဒ္ဒန္တဝေပုလ္လ

ဆရာတော်ဘဒ္ဒန္တဝေပုလ္လကို မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ လွန်တောင်းကျေးရွာ ခမည်းတော် ဦးထွန်းသင်+မယ်တော်ဒေါ်ပိုင်တို့မှ သက္ကရာဇ် ၁၃၂၆-ခုနှစ်၊ နတ်တော်လဆန်း (၁၂)ရက် ဗုဒ္ဓဟူးနေ့ ညနေ(၄) နာရီအချိန်တွင် ဖွားမြင်တော်မူသည်။ မွေးချင်းနှစ်ယောက်တွင် ဒုတိယမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်ဝင်းညွန့်ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် မတ္တရာမြို့နယ်၊ လွန်တောင်းရွာ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် အလယ်ကျောင်းဆရာတော် ဘဒ္ဒန္တသုဇနကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်ရောက်ခဲ့သည်။

၁၃၄၆-ခုနှစ်၊ နယုန်လဆန်း (၁၁) ရက်၊ စနေနေ့ နံနက် (၇)နာရီ(၅၅)မိနစ်အချိန်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် လွန်တောင်းရွာ အလယ်ကျောင်း ခဏ္ဍသိမ်၌ မန္တလေးမြို့၊ အနောက်ခင်မကန်တိုက် မိုးတားကျောင်းဆရာတော် ဘဒ္ဒန္တသုဇနာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် မန္တလေးမြို့ အနောက်ခင်မကန်တိုက် မိုးတားကျောင်း ဘဒ္ဒန္တသုဇနာဘိဝံသ၊ ဘဒ္ဒန္တသူရိယာဘိဝံသ၊ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် ဘဒ္ဒန္တတိလောကာဘိဝံသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)နာယကချုပ်ဆရာတော်အမှူးပြုသော ဆရာတော်များနှင့် ပညာရှင်ဆရာကြီးများထံ ပညာသင်ယူခဲ့ပါသည်။ ဆရာတော်သည် သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့ တံဆိပ်တော်တို့ကို ရရှိခဲ့ပါသည်။

ဆရာတော်သည် ၂၄-၂-၉၆ နေ့မှစ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ပိဋကတ်ဆိုင်ရာ မြန်မာစာပေဌာန၌ နယဒေသကတာဝန်၊၂၆-၉-၂၀၀၈ နေ့မှစ၍ ကထိကတာဝန်၊ ၂၄-၂-၉၆မှ ၁၁-၇-၂၀၀၀ ထိ စစ်ကိုင်းတိုင်းဝိဇ္ဇာလယကျောင်းဆောင် အဆောင်မှူးတာဝန်တို့ကို တာဝန်ယူလျက် စာသင်သားသံဃာတော်များစွာတို့အား ပရိယတ္တိစာပေများကို ပို့ချသင်ကြားပေးတော်မူကာ သာသနတက္ကသီလဓမ္မာစရိယဘွဲ့ရ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့ရ စာသင်သားပေါင်းများစွာ ပေါ်ထွက်စေခဲ့သည်။

ရေးသားပြုစုတော်မူသော ကျမ်းစာများမှာ "ဓမ္မပဒကျမ်းလာ မြန်မာစကားပုံများ (လူမှုရေး) (ရိုက်ပြီး) ဓမ္မပဒကျမ်းလာ မြန်မာစကားပုံများ (အထွေထွေ) (ရိုက်ပြီး)တို့ ဖြစ်ပါသည်။

ဆရာတော်သည် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခရစ်နှစ် ၂၀၀၅-ခုနှစ်မှစ၍ အနယ်နယ် အရပ်ရပ်သို့ လှည့်လည်ကာ တရားပြသဟောကြားခြင်း၊ မဟာဓမ္မာစရိယ ဘွဲ့ယူကျမ်းစာများ ကြီးကြပ်စစ်ဆေးခြင်း စသည့် သာသနာ့တာဝန်တို့ကို ထမ်းဆောင်တော်မူ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၌ သီတင်းသုံးတော်မူလျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၊
**ကထိကဆရာတော်**
**ဘဒ္ဒန္တဝါသေဌ**

ဘဒ္ဒန္တဝါသေဌသည် မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ဝါးရှိကျေးရွာ၌ အဖ-ဦးရင်မောင်သန်း + အမိ ဒေါ်စိန်မှိုတို့မှ ၁၃၃၂-ခုနှစ်၊ ဝါဆိုလဆန်း(၅)ရက်၊ ဗုဒ္ဓဟူးနေ့တွင် မီးရှူးသန့်စင်ဖွားမြင်တော်မူသော သားဦးရတနာ ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် အသက်(၁၁)နှစ်အရွယ်တွင် မိဘနှစ်ပါးနှင့် ဆွေမျိုးများ၏ ပစ္စယာနုဂ္ဂဟဖြင့် ဝါးရှိရွာကျောင်းဆရာတော် ဘဒ္ဒန္တပညာဒီပကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပါသည်။ ၁၃၅၁-ခုနှစ်၊ သီတင်းကျွတ်လဆုတ်(၅)ရက်၊ ကြာသပတေးနေ့၊ နေ့လည်(၂း၁၅)နာရီအချိန်တွင် မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ဝါးရှိကျေးရွာ၊ ဝါးရှိကျောင်းတိုက်၊ ခဏ္ဍသိမ်၌ စည်ပင်သာရွာ၊ စည်ပင်သာကျောင်း ဆရာတော် ဘဒ္ဒန္တသီလာစာရမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍၊ အဘိုးအဖွားများဖြစ်ကြသော ဦးစောမောင်+ဒေါ်ထွေး မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်သည် ဝါးရှိရွာကျောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပ၊ မြွေရိုးကျောင်းဆရာတော် ဘဒ္ဒန္တက္ကန္တကနှင့် ပေါင်းတည်မြို့၊ သဒ္ဓမ္မဇောတိကာရုံကျောင်း၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက်၊ အင်းစိန်မြို့ ရွာမပရိယတ္တိစာသင်တိုက်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တို့၌ ပညာသင်ကြားခဲ့ပါသည်။

သာသနတက္ကသီလမဟာဓမ္မာစရိယ-M.A (Buddhism) ဘွဲ့ရရှိခဲ့ပါသည်။

ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၌ (၁၀-၉-၂၀၀၂)မှ စ၍ (၂၀-၂-၂၀၀၇)အထိ နယဒေသကတာဝန်ကိုလည်းကောင်း၊ (၂၀-၂-၂၀၀၇)မှ စ၍ ယနေ့အထိ ကထိကတာဝန်ကိုလည်းကောင်း၊ ချင်းပြည်နယ်ဝိဇ္ဇာယလကျောင်းဆောင် အဆောင်မှူးတာဝန်ကို လည်းကောင်း၊ သာသနတက္ကသီလမဟာဓမ္မာစရိယကျမ်းစာများကို ကြီးကြပ်စီစစ်ပေးခြင်း၊ သာသနတက္ကသီလ ဓမ္မာစရိယဘွဲ့ယူကျမ်းစာများကို အတွင်းစာစစ်အဖြစ်ဆောင်ရွက်ပေးခြင်း တာဝန်များကိုလည်းကောင်း ထမ်းဆောင်ခဲ့ရာ သာသနတက္ကသီလဓမ္မာစရိယဘွဲ့ရ စာသင်သားများ၊ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့ရ စာသင်များစွာ ပေါ်ထွန်းခဲ့သည်။

၂၀၀၂-ခုနှစ်မှစ၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက်၌ ပထမငယ်၊ ပထမလတ်၊ ပထမကြီးစာဝါများကို ပို့ချခဲ့ရာ ငယ်၊ လတ်၊ ကြီးအောင် စာသင်သားများစွာ ပေါ်ထွက်ခဲ့သည်။

ဆရာတော်သည် ဗုဒ္ဓအလိုကျ ကျေးဇူးဆပ်နည်းကျမ်းစာနှင့် နေနတ်နွယ် ကလောင်အမည်ဖြင့် ဗုဒ္ဓအလိုကျ ဖြစ်ပြီးရဟန်းခံနည်း၊ အောင်မြင်ချမ်းသာ ပုတီးစိပ်နည်း၊ ဒါနသည် ဘဝကို ချိုမြိန်စေ၏။ သီလသည် ဘဝကို မြင့်မားစေ၏ -စာအုပ်များကို ရေးသားဖြန့်ဝေထားပါသည်။

ယခုအခါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပိဋကတ်ဆိုင်ရာမြန်စာပေဌာန၌ ကထိက တာဝန်ကိုလည်းကောင်း၊ ချမ်းပြည်နယ် ဝိဇ္ဇာလယတိုက်ကျောင်းဆောင်၌ အဆောင်မှူးတာဝန်ကို လည်းကောင်း ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၊
**နည်းပြဆရာတော်**
**ဘဒ္ဒန္တတိလောက**

ဘဒ္ဒန္တတိလောကကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်၊ အထက်ကင်းရပ်ကွက်၌ အဖဦးဘသန်း+အမိဒေါ်ချီတို့မှ ၁၃၃၂-ခုနှစ်၊ တပို့တွဲလဆုတ်(၁၀)ရက်၊ စနေနေ့တွင် မီးရှူးသန့်စင်ဖွားမြင်တော်မူသည်။ မွေးချင်းခြောက်ယောက်တို့တွင် စတုတ္ထမြောက် သားရတနာဖြစ်သည်။

ဆရာတော်သည် သက်တော်(၁၀)နှစ်အရွယ်တွင် ကနီမြို့နယ်၊ အထက်ကင်းကျေးရွာ၊ ရွှေမုဋ္ဌော ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုစိတ္တမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ကနီမြို့နယ်၊ အထက်ကင်းကျေးရွာ ဦးဘသန်း+ဒေါ်ချီတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။ ဥပဇ္ဈာယ် ဆရာတော်က ရှင်တိလောကဟု ဘွဲ့အမည်ပေးခဲ့သည်။

၁၃၅၂-ခုနှစ်၊ ကဆုန်လဆန်း(၅)ရက် တနင်္ဂနွေနေ့ နံနက် (၀၇:၁၃)မိနစ်အချိန်တွင် ကနီမြို့နယ်၊ မိချောင်းတွင်းကျေးရွာ၊ မိချောင်းတွင်းကျောင်းဆရာတော် ဘဒ္ဒန္တနေယျမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ကနီမြို့နယ်၊ အထက်ကင်းကျေးရွာ ဦးဘသန်း+ဒေါ်ချီ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီးမြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ကနီမြို့နယ်၊ အထက်ကင်းကျေးရွာ ဆရာတော်ဘဒ္ဒန္တသုစိတ္တနှင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်အမှူးပြုသော ဆရာတော်များထံ ပညာသင်ကြားခဲ့ပါသည်။ ၁၃၅၆၀-ခုနှစ်တွင် "သာသနတက္ကသီလဓမ္မာစရိယ" ဘွဲ့ရရှိခဲ့ပါသည်။

၁၃၅၅/၅၆-ပညာသင်နှစ်တွင် "သာသနတက္ကသီလမဟာဓမ္မာစရိယ" ဘွဲ့ယူရန်အတွက် "မဟာလူသား ဗုဒ္ဓလေ့လာသုံးသပ်ချက်" စာတမ်းကို ရေးသားခဲ့ခြင်း၊ ဂါထာခြောက်ဆယ်ပျို့အဖွင့် (တတိယပိုင်း)မဟာဓမ္မာစရိယဘွဲ့အတွက်ကျမ်းပြုစုခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန ၌ ၂၄-၂-၁၉၉၆ နေ့မှစ၍ နယဒေသကတာဝန်ကိုလည်းကောင်း၊ ၂၈-၁-၁၉၉၆-ခုနှစ်မှစ၍ မန္တလေးတိုင်း ဝိဇ္ဇာလယကျောင်းဆောင်၌ အဆောင်မှူးတာဝန်ကိုလည်းကောင်း ထမ်းဆောင်ခဲ့ရာ "သာသနတက္ကသီလမဟာဓမ္မာစရိယ" ဘွဲ့ရ စာသင်သားများစွာ ပေါ်ထွက်ခဲ့သည်။

ဘဒ္ဒန္တတိလောကသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ပိဋကတ်ဆိုင်ရာ မြန်မာစာပေဌာန၌ ၂၂-၇-၂၀၀၁ အထိ နယဒေသကတာဝန်နှင့် အဆောင်မှူးတာဝန်များကို ထမ်းဆောင် လျက် ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်တော်မူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၊
**နည်းပြဆရာတော်**
**ဘဒ္ဒန္တစန္ဒာမဏိ**

ဆရာတော်ဘဒ္ဒန္တစန္ဒာမဏိကို ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ အထက်ရွာကျေးရွာ ခမည်းတော် ဦးရွှေကျော်+မယ်တော်ဒေါ်ဖွားတင်တို့မှ သက္ကရာဇ် ၁၃၃၅-ခုနှစ်၊ တန်ခူးလဆန်း (၁)ရက်အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်းနှစ်ယောက်တွင် ဒုတိယမြောက်သားရတနာ ဖြစ်၍ ငယ်မည်မှာ မောင်ဇော်တင့်ရွှေ ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ဝင်းကြီးကွက်သစ်ကျေးရွာ ဦးအောင်မြ+ဒေါ်အေးခင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ယင်းကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်ရောက်ခဲ့သည်။ ဥပဇ္ဈာယ်ဆရာတော်က ရှင်စန္ဒမဏိ-ဟု ဘွဲ့အမည်ပေးခဲ့သည်။ ၁၃၅၄-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၇)ရက်တနင်္ဂနွေနေ့ နံနက် ၉-နာရီ ၁၈-မိနစ်အချိန်တွင် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ ဈေးရပ်ကွက် ဦးတိန်းငါး+ဒေါ်ပုမိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မဟာဝိဇိတာရုံဆင်ဖြူကျွန်း ကျောင်းတိုက် ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်း အဖြစ်သို့ရောက်ခဲ့သည်။

ဆရာတော်သည် ကော့ကရိတ်၊ ဝင်းကြီးရပ်၊ ဇေယျသိဒ္ဓိခရမ်းကျောင်းဆရာတော် ဘဒ္ဒန္တပညောဘာသ၊ မော်ကင်း၊ ပဋ္ဌနိကာယသာသနာ့ဗိမာန်ဆရာတော် ဘဒ္ဒန္တကောသလ္လ၊ အင်းစိန်၊ ဇေယျသိဒ္ဓိ မဟာသွံသာရ ကျောင်းဆရာတော် ဘဒ္ဒန္တကုမာရနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အမှူးပြုသော ဆရာတော်များထံ ပညာသင်ကြားခဲ့ပါသည်။ စူဠအာဘိဓမ္မိက၊ ဝိနယာလင်္ကာရ (ထိုင်းနိုင်ငံ ချောက်မြို့)နှင့်"သာသနတက္ကသီလဓမ္မာစရိယ"ဘွဲ့ရရှိခဲ့ပါသည်။

ဆရာတော်သည် ၂-၆-၂၀၀၀ ရက်နေ့မှစ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၌ နယဒေသကအဖြစ်ဖြင့်လည်းကောင်း၊ ၂၀၀၁-ခုနှစ်မှစ၍ ရှမ်းပြည်နယ် ကျောင်းဆောင် လက်ထောက်အဆောင်မှူးအဖြစ်လည်းကောင်း တာဝန်ယူလျက် စာသင်သား သံဃာတော်များစွာ တို့အား ပရိယတ္တိစာပေများကို ပို့ချသင်ကြားပေးတော်မူကာ သာသနတက္ကသီလဓမ္မာစရိယဘွဲ့ရ စာသင်သား ပေါင်းများစွာပေါ်ထွက်စေခဲ့သည်။

ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွင်(ရန်ကုန်) ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၌ နယဒေသက(နည်းပြ)တာဝန်ကို (၆-၅-၂၀၀၃)နေ့အထိ ဗုဒ္ဓမြတ်စွာသာသနာတော်မြတ် သန့်ရှင်းတည်တံ့ပြန့်ပွား ရေးအတွက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးပြုလုပ်အားထုတ်တော်မူခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၊
**နည်းပြဆရာတော်**
## ဘဒ္ဒန္တဥတ္တရ

ဆရာတော် ဘဒ္ဒန္တဥတ္တရသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ရသစ်ကျေးရွာ၊ ခမည်းတော် ဦးလှမောင်+ မယ်တော် ဒေါ်ပုမတို့မှ သက္ကရာဇ် ၁၃၃၁-ခုနှစ်၊ တပို့တွဲလဆန်း ၂-ရက်၊ တနင်္ဂနွေနေ့၊ နံနက် ၆-နာရီ၊ မိနစ် ၃၀-အချိန်တွင် ဖွားမြင်တော်မူသည်။ မွေးချင်းခြောက်ယောက်တို့တွင် ဆဋ္ဌမမြောက် သားထွေးရတနာဖြစ်၍ ငယ်မည်မှာ မောင်အေး ဖြစ်သည်။

ဆရာတော်လောင်းလျာသည် အသက် ၁၀-နှစ်အရွယ်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် မော်လမြိုင်မြို့၊ ကင်ပွန်းချိုကျောင်းဆရာတော် ဘဒ္ဒန္တဇာဂရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဥပဇ္ဈာယ်ဆရာတော်က ရှင်ဥတ္တရဟု ဘွဲ့အမည်ပေးခဲ့သည်။ ၁၃၅၁-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၆-ရက်နေ့ နံနက် ၈-နာရီ ၃၀ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ၤန်းကျွန်းမြို့နေ ဦးအောင်ကြူး+ ဒေါ်ရင်ရင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သာသနာ့အလင်းရောင်ကျောင်း ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တဇောတိကကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် တောင်ကျောင်းဆရာတော်ဘဒ္ဒန္တစန္ဒိမာ၊ ကင်ပွန်းချိုကျောင်းဆရာတော် ဘဒ္ဒန္တဇာဂရ၊ သာသနာ့အလင်းရောင်ကျောင်းဆရာတော် ဘဒ္ဒန္တဇောတိက၊ ကျောက်ကုန်းတောရ မေဒနီကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒဓဇနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မှ သင်ကြားစီမံဆရာတော်များထံ အထက်တန်းစာပေများ သင်ကြားပြီး သာသနဓဇဓမ္မာစရိယဘွဲ့၊ သာသနတက္ကသီလဓမ္မာစရိယဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့တံဆိပ်တော်များကို ရရှိခဲ့ပါသည်။

၁၃၆၂-ခုနှစ်တွင် အဆိုပါတက္ကသိုလ်တွင် ပိဋကတ်ဆိုင်ရာ မြန်မာစာပေဌာန၌ နယဒေသက(နည်းပြ) အဖြစ်လည်းကောင်း၊ မကွေးတိုင်းကျောင်းဆောင် လက်ထောက်အဆောင်မှူး အဖြစ်လည်းကောင်း တာဝန်ယူလျက် သင်တန်းသား သံဃာတော်များအား ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူကာ သာသနတက္ကသီလ ဓမ္မာစရိယဘွဲ့ရ စာသင်သားပေါင်းများစွာ ပေါ်ထွက်စေခဲ့သည်။

သာသနတက္ကသီလဓမ္မာစရိယဘွဲ့အတွက် "အဓိပတိဓမ္မကို လေ့လာခြင်း" စာတမ်းနှင့် သာသန တက္ကသီလမဟာဓမ္မာစရိယဘွဲ့အတွက် "ဗုဒ္ဓသာသနာပြန့်ပွားရေးအတွက် မြန်မာစာပေ၏အခန်းကဏ္ဍ (ညောင်ရမ်းခေတ်)"ကျမ်းစာတို့ကို ရေးသားပြုစုခဲ့သည်။

၁၃၆၆-ခုနှစ်အထိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၊ ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၌ သင်တန်းသားသံဃာတော်အရှင်မြတ်တို့အား စာပေပရိယတ္တိများကို သင်ကြားပို့ချကာ သာသနာ့တာဝန်များကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည်။

ယခုအခါ မော်လမြိုင်မြို့၊ ဘုန်းကြီးသင်ပညာရေးကျောင်း၌ စာပေပရိယတ္တိများကို သင်ကြားပို့ချပြီး သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၊
**နည်းပြဆရာတော်**
**ဘဒ္ဒန္တဝိဝေကာနန္ဒ**

ဆရာတော် ဘဒ္ဒန္တဝိဝေကာနန္ဒသည် ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ မင်းပြင်ရွာ၊ ခမည်းတော် ဦးထွန်းရွှေ + မယ်တော် ဒေါ်မေနုတို့မှ သက္ကရာဇ် ၁၃၂၆-ခုနှစ်၊ ပထမဝါဆိုလပြည်ကျော် (၁၄)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူခဲ့ပါသည်။ မွေးချင်း ၇-ယောက်တို့တွင် ဒုတိယမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်ရဲဝင်းထွန်း ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် အသက်(၁၇)နှစ်အရွယ်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မင်းပြင်ရွာ၊ သဒ္ဓမ္မဇောတိကာရုံကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒမာလာကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ဝိဝေကာနန္ဒ ဖြစ်သည်။ ၁၃၄၆-ခုနှစ်၊ နယုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၊ နေ့လည် (၁)နာရီ (၃၅)မိနစ်အချိန်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ယင်းကျောင်းခဏ္ဍသိမ်တွင် ဆင်နားချောင်းရွာ၊ ဓမ္မိကာရုံကျောင်းဆရာတော် ဘဒ္ဒန္တကဝိန္ဒာစာရထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ၃၊ ၄၊ ၂၀၀၂ ရက်နေ့မှစ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၌ နယဒေသက(နည်းပြ)အဖြစ်နှင့် ရန်ကုန်တိုင်းကျောင်းဆောင် အဆောင်မှူးတာဝန်တို့ကို ထမ်းဆောင်လျက် သင်တန်းသားသံဃာတော်များအား ပရိယတ္တိစာပေများ သင်ကြားပို့ချတော်မူကာ သာသနတက္ကသီလဓမ္မာစရိယဘွဲ့ရ စာသင်သားပေါင်းများစွာ ပေါ်ထွက်စေခဲ့သည်။

ဆရာတော်သည် သာသနတက္ကသီလဓမ္မာစရိယဘွဲ့အတွက် "ဘေဒါနုဝတ္တကသိက္ခာပုဒ် လေ့လာသုံးသပ်ချက်"စာတမ်းနှင့် သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့အတွက် "ရခိုင်ပြည်နယ်၏ ဗုဒ္ဓသာသနာ" ကျမ်းစာတို့ကို ရေးသားပြုစုခဲ့သည်။ ၁၃၅၉-ခုနှစ်မှစ၍ မဟာစည်ဝိပဿနာတရားနှင့် လယ်တီဆရာတော် ဝိပဿနာတို့ကို လေ့လာရှုမှတ်ပြီး နှစ်စဉ် (၁၀)ရက်တရားစခန်းပွဲကို ဟိုင်းကြီးကျွန်းမြို့၊ သဒ္ဓမ္မဇောတိကာရုံ ကျောင်း၌ ကျင်းပပြုလုပ်ခြင်း၊ အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ကာ တရားပြ၊ တရားဟောခြင်း၊ စာတမ်းများစစ်ဆေးခြင်းစသည်ဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းတို့ကို ကြိုးပမ်း ဆောင်ရွက်တော်မူနေပါသည်။

ယခုအခါ ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၌ အဆောင်မှူး တာဝန်နှင့် ပိဋကတ်ဆိုင်ရာ မြန်မာစာပေဌာန၌ နယဒေသက(နည်းပြ)တာဝန်တို့ကို ထမ်းဆောင်လျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၊
**နည်းပြဆရာတော်**
**ဘဒ္ဒန္တကန္တာစက္က**

ဆရာတော်ဘဒ္ဒန္တကန္တာစက္ကကို ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ကညင်ကွင်းခြံတန်းကျေးရွာ၊ ခမည်းတော် ဦးသောင်းရွှေ၊ မယ်တော် ဒေါ်ကျင်အေးတို့မှ သက္ကရာဇ် ၁၃၃၇-ခု၊ တပို့တွဲလပြည့်ကျော် (၈)ရက်၊ (၂၂-၂-၁၉၇၆) တနင်္ဂနွေနေ့၊ နံနက်(၄)နာရီအချိန်တွင် ဖွားမြင်တော်မူသည်။ မွေးချင်း ၅-ယောက်တို့တွင် စတုတ္ထမြောက် သားရတနာဖြစ်သည်။ ငယ်မည်မှာ မောင်အောင်မြင့်သိန်း ဖြစ်သည်။

ဆရာတော်လောင်းလျာသည် ဇလွန်မြို့၊ အနောက်ဇင်ပြွန်းကုန်းကျောင်းတွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ယင်းကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ် ရောက်ခဲ့သည်။ ဥပဇ္ဈာယ်ဆရာတော်က ရှင်ကန္တာစက္ကဟု ဘွဲ့အမည်ပေးခဲ့သည်။ ၁၃၅၇-ခုနှစ်၊ တပေါင်းလဆုတ်(၆)ရက်နေ့၊ နံနက်(၇)နာရီ (၄၀)မိနစ်(၃၀)စက္ကန့်အချိန်တွင် ဇလွန်မြို့နယ်၊ ကညင်ကွင်းခြံတန်းရွာ နေမဖြစ်သူ ဦးတင်ရွှေ+ဒေါ်မြစန်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် အနောက်ဇင်ပြွန်းကုန်းကျောင်း ခဏ္ဍသိတွင် အနောက်ဇင်ပြွန်းကုန်းကျောင်းဆရာတော် ဦးပညိန္ဒကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ခဲ့သည်။

သာမဏေဝတ်ပြီးသည်မှ အနောက်ဇင်ပြွန်းကုန်းကျောင်းဆရာတော် ဦးသူရိယ၊ ဦးဝိလာသ၊ ဇလွန်မြို့ လယ်ဦးကျောင်းဆရာတော် ဦးဝိသာရဒ၊ ဓနုဖြူမြို့ သာသနာ့ရောင်ခြည်ကျောင်းဆရာတော် ဦးဣန္ဒက၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီဝါဆိုကျောင်းဆရာတော် ဘဒ္ဒန္တအဆ္ဂိယ၊ မတ္တရာသုဓွေးကျောင်းဆရာတော် ဘဒ္ဒန္တမာနိတသိရီဘိဝံသနှင့် ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော် အမှူးပြုသော သင်ကြားစီမံဆရာတော်များထံတွင် ပရိယတ္တိပညာရပ်များ ဆည်းပူးခဲ့ပါသည်။ အစိုးရအခြေပြု မူလတန်း၊ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းများနှင့် မြို့နယ်စာမေးပွဲများ၊ အသင်းစာမေးပွဲများနှင့် တက္ကသိုလ် တတိယနှစ်၊ စတုတ္ထနှစ်၊ မဟာပထမနှစ်သင်တန်းများကို ဂုဏ်ထူးဝေဆာ ထူးချွန်စွာအောင်မြင်ခဲ့ပါသည်။

ဆရာတော်သည် ၂၀-၂-၂၀၀၇ မှစ၍ ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် ပိဋကတ်ဆိုင်ရာ မြန်မာစာပေဌာန၌ နယဒေသက(နည်းပြ)အဖြစ်လည်းကောင်း၊ ၂၀၀၈-ခုနှစ်မှစ၍ ရန်ကုန်တိုင်းကျောင်းဆောင် လက်ထောက်အဆောင်မှူးအဖြစ်လည်းကောင်း တာဝန်ယူလျက် စာသင်သားသံဃာတော်များစွာတို့အား ပရိယတ္တိစာပေများကို ပို့ချသင်ကြားပေးတော်မူကာ သာသနတက္ကသီလဓမ္မာစရိယဘွဲ့ရ စာသင်သားပေါင်းများစွာ ပေါ်ထွက်စေခဲ့သည်။ ဆရာတော်သည် ဓမ္မရံသီ၊ ဓမ္မရတနာမဂ္ဂဇင်းတို့တွင် ထေရဝါဒဆိုင်ရာ ဆောင်းပါးများကို အရှင်ကန္တာစက္က(ဇလွန်)အမည်ဖြင့် လစဉ်ရေးသားတော်မူရင်း အခြားရေးသားပြုစုသော ကျမ်းစာများမှာ "ကရဏ ကာရကနှင့်ကရဏသာဓနကို လေ့လာခြင်း၊ မဟာသုတသောမပျို့ကို ဖွင့်ဆိုခြင်း (ပထမပိုင်း)၊ ဘဝလွတ်မြောက်ရေးလမ်းစဉ်၊ လိမ္မာယဉ်ကျေး ပြည့်ရင်သွေး၊ ထေရဝါဒအလင်းတန်း ထေရဝါဒယဉ်ကျေးမှု၊ ဖယ်ရှားပါ တွယ်ထားပါ"တို့ ဖြစ်သည်။

ဆရာတော်သည် ၀၃၆၀-ခုနှစ်မှ စ၍ ဇာတိ ကညင်ကွင်းရွာ၊ ဥသျှစ်ကွင်းရွာ၊ အနောက်ဇင်ပြွန်းကုန်းရွာ သင်တန်းဌာနတို့တွင် သင်တန်းသားဦးရေ ၁၀၀-မှ ၃၀၀ ကျော်တို့အား သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းတို့ကို ကြိုးပမ်းတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၊
**နည်းပြဆရာတော်**
**ဘဒ္ဒန္တဉာဏဓဇ**

ဆရာတော် ဘဒ္ဒန္တဉာဏဓဇကို ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လမာန်ချောင်းကျေးရွာ၊ ခမည်းတော် ဦးရွှေမြအောင်+မယ်တော် ဒေါ်စောတင်ဦးတို့မှ သက္ကရာဇ် ၁၃၄၁-ခုနှစ်၊ တပေါင်းလဆန်း ၁၃-ရက်၊ အင်္ဂါနေ့ နံနက် ၉-နာရီအချိန်တွင် ဖွားမြင်တော်မူသည်၊ မွေးချင်းငါးယောက်တို့တွင် တတိယမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်သန်းရွှေမောင် ဖြစ်သည်။

ဆရာတော်လောင်းလျာသည် လမာန်ချောင်းကျောင်းတွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ယင်းကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဥပဇ္ဈာယ်ဆရာတော်က ရှင်ဉာဏဓဇ ဟုဘွဲ့အမည်ပေးခဲ့သည်။ ၁၃၆၂-ခုနှစ်၊ နယုန်လဆုတ် ၁၁-ရက် နံနက် ၉-နာရီအချိန်တွင် မိဘနှစ်ပါးနှင့် ဆွေမျိုးများ၏ ပစ္စယာနုဂ္ဂဟဖြင့် လမာန်ချောင်းကျောင်း ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တပဏ္ဍဝံသကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်သည် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ င/လပွေ့ကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မ ထံ၌ မူ/ငယ်/လတ်/ကြီး ဆိုင်ရာစာပေများ သင်ကြားခဲ့ပြီး ရန်ကုန်မြို့၊ အောင်မြေရတနာကျောင်းဆရာတော် ဘဒ္ဒန္တသီလဝံသာဘိဝံသထံ၌ ဓမ္မာစရိယဆိုင်ရာစာပေများ သင်ကြားကာ ၁၃၆၃-ခုနှစ်တွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားခဲ့သည်။

ဆရာတော်သည် အစိုးရသာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ စာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့၊ သာသနတက္ကသီလဓမ္မာစရိယဘွဲ့၊ (သာသနတက္ကသီလမဟာဓမ္မာစရိယ၊ ကျမ်းပြုဆဲ)တို့ကို ရရှိခဲ့သည်။

၁၃၇၀-(၂၅-၉-၂၀၀၈)ခုနှစ်တွင် ယင်းတက္ကသိုလ်၌ ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာနတွင် နယဒေသက (နည်းပြ)တာဝန် ပေးအပ်ခြင်းခံရပြီး သာသနတက္ကသီလဓမ္မာစရိယ(ဒုတိယနှစ်၊ တတိယနှစ်)တန်း သင်တန်းသား သံဃာတော်များအား ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးလျက် သာသနာ့တာဝန်များကို အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိသည်။

သာသနတက္ကသီလဓမ္မာစရိယဘွဲ့အတွက် "အဓေယျကပဋိဂ္ဂဟဏသိက္ခာပုဒ်ကို လေ့လာခြင်း" စာတမ်းနှင့် သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့အတွက် "မဟာသုတသောမဇာတ်ကို ဖွင့်ဆိုခြင်း (ပဌမပိုင်း)" ကျမ်းစာများကို ရေးသားခဲ့သည်။

ယခုအခါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ပိဋကတ်ဆိုင်ရာ မြန်မာစာပေဌာန၌ နယဒေသက(နည်းပြ)တာဝန်ကို ထမ်းဆောင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
## ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန
## **တွဲဖက်ပါမောက္ခ**
## **ဆရာကြီး ဦးစံတင်**

ဆရာကြီးဦးစံတင်ကို တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ပိန္နဲတောရပ် အဖ ဦးလူညို+အမိ ဒေါ်ပိုတို့မှ ကောဇာသက္ကရာဇ်-၁၂၉၃-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၈)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သည်။ မွေးချင်း ငါးယောက်တို့တွင် ဒုတိယမြောက် သားရတနာဖြစ်ပါသည်။

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ရန်ကုန်တက္ကသိုလ်၌ ပညာသင်ကြားခဲ့ရာ ဝိဇ္ဇာဂုဏ်ထူးတန်း၊ မဟာဝိဇ္ဇာဂုဏ်ထူးတန်းတို့ကို အောင်မြင်ခဲ့ပါသည်။

ဆရာကြီးသည် ရန်ကုန်ပညာရေးတက္ကသိုလ် မြန်မာစာဌာနတွင် လက်ထောက်ကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် မြန်မာစာကထိကအဖြစ် ရာထူးတိုးမြှင့်ခြင်းခံရပြီး၊ မေမြို့ရှိ စစ်တက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ ပုသိမ်ကောလိပ်တို့တွင် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့သည်။ ဆရာကြီးသည် ရှုရှားပြည်၊ လီနင်ဂရက်တက္ကသိုလ်၌ မြန်မာစာ ပါမောက္ခအဖြစ် (၂)နှစ်တာဝန်ထမ်းဆောင်ပြီး နိုင်ငံဂုဏ်, အမျိုးဂုဏ်ကို ဆောင်နိုင်ခဲ့သည်။

ဆရာကြီးသည် မြန်မာနှင့်အင်္ဂလိပ်သတင်းစာများ၊ မဂ္ဂဇင်းဂျာနယ်များတွင် ဆောင်းပါးများ ရေးသား ခဲ့ပါသည်။

ဆရာကြီးသည် ဤကဲ့သို့ လောကီတက္ကသိုလ်များတွင် မေတ္တာ,စေတနာ,ဝါသနာ အပြည့်အဝဖြင့် အချိန်ပြည့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ပြီးနောက် အငြိမ်းစားယူကာ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်တွင် (၁၉၈၉)ခုနှစ်မှစ၍ စာပေများပို့ ချပေးခြင်း၊ ဘွဲ့ယူကျမ်းစာများ ကြီးကြပ်စစ်ဆေးပေးခြင်း၊ တက္ကသိုလ်ကြီးများ ရေရှည်တည်တံ့တိုးတက်ရေးတွင် စိတ်ရောကိုယ်ပါ အားကြိုးမာန်တက် ဆောင်ရွက်ပေးခြင်း စသည့် ဘာသာ သာသနာအကျိုးများကိုလည်း ၂၀၀၇-ခုနှစ်အထိ ပြုလုပ်ခဲ့ပါသည်။

တစ်ဖက်မှာလည်း ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ယုဂန္ဓရကျောင်းတိုက်တွင် ဥပုသ်နေ့များနှင့် အခါအခွင့်သင့်သောနေ့များမှာ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယကိုယူလျက် ဝိပဿနာတရားများ ဟောကြားပြသခဲ့ပါသည်။

ဆရာကြီးအား နိုင်ငံတော်အစိုးရမှ မဟာသဒ္ဓမ္မဇောတိက-ဘွဲ့တံဆိပ်တော်ကို အပ်နှင်းခဲ့ပါသည်။ ယခုအခါ ဆရာကြီးသည် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မအူပင်လမ်း၊ အိမ်အမှတ် (၁၈)တွင် နေထိုင်လျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)

ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန

**တွဲဖက်ပါမောက္ခ**

## ဆရာကြီး ဒေါက်တာခင်အေး

ဆရာကြီး ဒေါက်တာခင်အေးကို ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ကျုံတနီးကျေးရွာ အဖ ဦးရာမ+အမိ ဒေါ်စောတင်တို့မှ -၁၉၄၂-ခုနှစ်၊ ဇန်နဝါရီလ(၂)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သည်။ မွေးချင်းနှစ်ယောက်တွင် ဒုတိယမြောက် သားရတနာဖြစ်ပါသည်။

၁၉၆၃-ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာအထွေထွေဂုဏ်ထူးဘွဲ့ကို ပထမတန်းဂုဏ်ထူးဖြင့် လည်းကောင်း၊ ၁၉၆၉-ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကို ဂုဏ်ထူးဖြင့်လည်းကောင်း အောင်မြင်ရရှိသည်၊ ၂၀၀၂-ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်ပါရဂူ(D.Litt)ဘွဲ့ ချီးမြှင့်သည်။

၁၉၆၃-ခုနှစ်တွင် ပုသိမ်ကောလိပ်၊ မြန်မာစာဌာန၌ နည်းပြအဖြစ် စတင်အမှုထမ်းသည်။ ရန်ကုန်တက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်တို့တွင် အမှုထမ်းခဲ့ပြီး ၂၀၀၆-ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန ပါမောက္ခ ဌာနမှူးအဖြစ်မှ အငြိမ်းစားယူသည်။ ၁၉၉၇-ခုနှစ် မှ ၁၉၉၉-ခုနှစ်အထိ ဂျပန်နိုင်ငံ အိုဆာကာ နိုင်ငံခြားဘာသာသင်တက္ကသိုလ်သို့ ဧည့်ပါမောက္ခအဖြစ် သွားရောက် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ မြန်မာစာအဖွဲ့၊ အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၁၉၅၇-ခုနှစ်မှစ၍ စာနယ်ဇင်းများတွင် ဆောင်းပါးများ၊ ရသစာတမ်းများ ရေးသားခဲ့သည်။ ယခုအထိ ဆောင်းပါး ၂၀၀၀-ခန့်၊ စာအုပ် ၄၀ ကျော်၊ သုတေသနစာတမ်း ၃၀-ကျော်ရေးသား ပြုစုပြီးဖြစ်သည်။ ပထဆုံးစာအုပ်မှာ စကားပြေသဘောတရား စကားပြေအတတ်ပညာ(၁၉၇၉) ဖြစ်သည်။ ၁၉၈၇-ခုနှစ်တွင် မြန်မာစကား မြန်မာစာရုပ်ပုံလွှာ စာမူဖြင့် စာပေဗိမာန်ဆု(သုတပဒေသာ ဝိဇ္ဇာပထမဆု) ၂၀၀၂-ခုနှစ်တွင် နှစ်လေးဆယ် ဘဝမှတ်တိုင်များ စာအုပ်ဖြင့် အမျိုးသားစာပေဆု (စာပဒေသာဆု) ရခဲ့သည်။ ၂၀၀၇-ခုနှစ်တွင် နိုင်ငံတော်က ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်သည်။ ၂၀၀၉-ခုနှစ်တွင် ဘာသာအမြင် စာပေအမြင် စာအုပ်ဖြင့် အမျိုးသားစာပေဆု(စာပဒေသာ)ဆု ရခဲ့သည်။

မြန်မာနိုင်ငံ သုတေသနဆွေးနွေးပွဲ၏ ဘာသာစာပေယဉ်ကျေးမှု သုတေသနစာတမ်းဖတ်ပွဲများ၊ စာပေဗိမာန် စာတမ်းဖတ်ပွဲများ၊ ရန်ကုန်တက္ကသိုလ် ရွှေရတု၊ စိန်ရတုစာတမ်းဖတ်ပွဲများ၊ သမိုင်းသုတေသနဦးစီးဌာန၏ နိုင်ငံတကာဆွေးနွေးပွဲများ၊ သုတဘဏ်စာတမ်းဖတ်ပွဲစသည်တို့တွင် စာတမ်းများဖတ်ခဲ့သည်။

ယခုအခါ ဆရာကြီးသည် ရန်ကုန်တက္ကသိုလ်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တို့တွင် သင်တန်းများ ပို့ချပေးခြင်း၊ ပါရဂူကျမ်းများ ကြီးကြပ်စစ်ဆေးပေးခြင်း၊ အနုပညာတက္ကသိုလ်များ(ရန်ကုန်)တွင် ပညာရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခြင်း၊ ပြန်ကြားရေး၊ ယဉ်ကျေးမှု၊ သာသနာရေးဝန်ကြီးဌာနများနှင့် မြင်ပစာပေနှင့်ပညာရပ်အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ပေးခြင်းတို့ဖြင့် ပညာရေးနှင့်စာပေအလုပ်များကို လုပ်ဆောင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန
**တွဲဖက်ကထိက**
## ဆရာကြီး ဦးဝင်းကြိုင်

ဆရာကြီးဦးဝင်းကြိုင်းကို ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ မြန်အောင်မြို့နယ်၊ ဆန်နီချောင်ရွာ အဖ ဦးဘိုးရင်+အမိ ဒေါ်မဲ(ခ)ဒေါ်မြညွန့်တို့မှ ကောဇာသက္ကရာဇ်-၁၂၈၆-ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၅)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သည်။ မွေးချင်းခြောက်ယောက်တို့တွင် ပဋ္ဌမမြောက် သားရတနာဖြစ်ပါသည်။

ဆရာကြီးသည် သာသနဓဇသိရီပဝရဓမ္မာစရိယသိရောမဏိနှင့် လောကီဘက်တွင်လည်း တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးနောက် ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ပညာသင်ကြားခဲ့ရာ B.A (B.Litt)နှင့် R.LPart(B) ဘွဲ့များ ရသည်အထိ အောင်မြင်ခဲ့ပါသည်။

ဆရာကြီးသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာနတွင် ၁၉၉၁-ခုနှစ်မှစ၍ တွဲဖက်ကထိကအဖြစ်ဖြင့် ၂၀၀၇-ခုနှစ် အထိတမ်းဆောင်ခဲ့၏၊ ထို့အပြင်မူလတန်း၊ အလယ်တန်း၊ အထက်တန်းပြ ဆရာအဖြစ်လည်းကောင်း၊ လူငယ်ရေးရာညကျောင်း အထက်တန်းပြဆရာ အဖြစ်လည်းကောင်း၊ ဘွဲ့လွန်အလုပ်ဝင်ခွင့် သင်တန်းပြ ဆရာအဖြစ်လည်းကောင်း၊ ၁၉၇၄-ခု ရွေးကောက်ပွဲကော်မရှင်ကော်မတီဝင်အဖြစ်လည်းကောင်း၊ မြို့နယ်ပြည်သူ့ကောင်စီဝင်အဖြစ်လည်းကောင်း၊ ပဌမပြန်စာမေးပွဲကြီးကြပ်ရေး အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မြို့နယ်မြန်မာစာအဖွဲ့ အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

ဆရာကြီး ရေးသားခဲ့သောကျမ်းစာများမှာ (၁) သမ္မာဒိဋ္ဌိကထာကျမ်း။ (၂) တက္ကသိုလ်ဝင်တန်း မြန်မာစာဂုဏ်ထူးရ စံပြအဖြေများ။ (၃) တက္ကသိုလ်ဝင်တန်း မြန်မာသဒ္ဒါလေ့ကျင့်ခန်းများ။ (၄) မြန်မာသဒ္ဒါအခြေပြုကျမ်း၊ (၅) တက္ကသိုလ်အဆင့်မြန်မာစာအနှစ်ချုပ်ရေးနည်း။ (၆) န·ပ·သ အတန်းစုံအတွက် ကဗျာရေးဖွဲ့နည်း။ (၇) ညောင်ရမ်းကြီး သမီးကျောက်စာပို့ချချက်။ (၈) တောင်ဂူနီဘုရားကျောက်စာပို့ချချက်။ (၉) အခြေခံပဋ္ဌာန်းတရားတော်။ (၁၀) ပဋ္ဌာန်းဝိပဿနာ ၂၄-ပစ္စည်း၊ (ရိုက်ဆဲ)နှင့်။ (၁၂) သာသနာတော်ဆိုင်ရာ ဆောင်ပါးများ တို့ဖြစ်သည်။ ဆရာကြီးအား နိုင်ငံတော်အစိုးရမှ မဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ကို အပ်နှင်းခဲ့ပါသည်။

ယခုအခါ ဆရာကြီးသည် မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၁၂၂)နေအိမ်၌ နေလျက် စန္ဒိမာပညာရည်ချွန်ဆု ချီးမြှင့်ရေး ဆောင်ရွက်ခြင်း၊ သက်ကြီး အာစရိယပူဇော်ပွဲ နာယကအဖြစ်ဆောင်ရွက်ခြင်း၊ သမိုင်းမြို့မပရိယတ္တိစာသင်တိုက် သာသနနုဂ္ဂဟအသင်း နာယကအဖြစ် ဆောင်ရွက်ခြင်း၊ ရန်ကုန် အောင်သိဒ္ဓိနယ်လှည့် သာသနာပြုအဖွဲ့၌ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ဖြင့် အမျိုးဘာသာ သာသနာရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
(ရန်ကုန်)

# ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၌
# တာဝန်ထမ်းဆောင်ပြီး/ထမ်းဆောင်ဆဲ
# ဆရာများ၏
# အတ္ထုပ္ပတ္တိအကျဉ်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန
**ပါမောက္ခ/ဌာနမှူးဆရာတော်**
**ဘဒ္ဒန္တနာယက**



ဆရာတော်ဘဒ္ဒန္တနာယကကို မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ ခြောက်ပင်ကျေးရွာ၊ ခမည်းတော် ဦးစိန်ထွန်း+မယ်တော် ဒေါ်ရှင်တို့မှ ၁၃၁၂-ခုနှစ်၊ ဝါဆိုလဆန်း(၁၀)ရက်၊ စနေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ ခြောက်ပင်ကျေးရွာ၊တိုက်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယနုဂ္ဂဟကို ခံယူကာ အသက် ၁၂-နှစ်အရွယ်တွင် ရှင်သာမဏေဖြစ်တော်မူခဲ့သည်။

၁၃၃၁-ခုနှစ်၊ တန်ဆောင်မုန်လဆန်း(၁၅)ရက်နေ့ တနင်္ဂနွေနေ့ နံနက် ၈း၁၂ နာရီအချိန်တွင် မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ ခြောက်ပင်ကျေးရွာ တိုက်ကျောင်းတိုက် ခဏ္ဍသိမ်၌ မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၊ ခြောက်ပင်ကျေးရွာ တိုက်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝဏ္ဏိတမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ခြောက်ပင်ကျေးရွာ ဦးအောင်စန်း+ဒေါ်ခင်ပို မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ ခြောက်ပင်ကျေးရွာ တိုက်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတ၊ မြို့မစာသင်တိုက်ဆရာတော်၊ ပျော်ဘွယ်ကျောင်းဆရာတော်၊ ပဒ္ဓောတာရုံဆရာတော်၊ ဗြဟ္မနိမ္မိတာရုံဆရာတော်တို့အထံတော်၌ ပညာဆည်းပူးခဲ့ပြီး ပါဠိပဋ္ဌမပြန်စာမေးပွဲ ပထမကြီး၊ သာသနဓဇ ဓမ္မာစရိယ၊ အခြေခံပညာအထက်တန်းတက္ကသိုလ် B.A,H.G.P,R.L စာမေးပွဲတို့ကို အောင်မြင် တော်မူခဲ့သည်။

ဆရာတော်သည် ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် အဘိဓမ္မပိဋကမဟာဌာန၌ ဂဏဝါစက (ကထိက)တာဝန်ကို (၁၉၈၆ မှ ၁၉၈၈)ထိလည်းကောင်း၊ ၁၉၈၈-ခုနှစ်တွင် ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန၌ ဂဏဝါစက(ကထိက)တာဝန်ကိုလည်းကောင်း ထမ်းဆောင်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၌ ဌာနမှူးတာဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။

ယခုအခါ ဆရာတော်သည် ဇဟန်းမြို့နယ်၊ ဗြဟ္မနိမ္မိတာရုံကျောင်းတိုက်၌ ပဓာနနာယက ဆရာတော်အဖြစ်ဖြင့် သာသနာ့တာဝန်များကိုထမ်းဆောင်တော်မူလျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန
**ပါမောက္ခ/ဌာနမှူးဆရာတော်**
**ဘဒ္ဒန္တတေဇနိယ**

ဆရာတော်ဘဒ္ဒန္တတေဇနိယသည် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ နောင်ဘိုကျေးရွာ ခမည်းတော် ဦးညိမ်း+မယ်တော် ဒေါ်ညွန့်တင်တို့မှ ၁၃၂၁-ခုနှစ်၊ နတ်တော်လပြည့်ကျော်(၁၂)ရက်၊ စနေနေ့တွင် ဖွားမြင်တော်မူသော တစ်ဦးတည်းသော သားရတနာဖြစ်သည်။ ငယ်မည်မှာ မောင်တင်ရွှေ ဖြစ်သည်။

ဆရာတော်လောင်းလျာသည် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ နန်းခဲရပ်ကွက်၊ သဒ္ဓမ္မဇောတိကာရာမကျောင်း ဆရာတော်ဘဒ္ဒန္တဝိဇယမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်တေဇနိယဖြစ်သည်။

ရှင်တေဇနိယသည် ၁၃၄၀-ခုနှစ်၊ တပေါင်းလဆုတ်(၁၁)ရက်နေ့၊ ညနေ(၄း၄၅)နာရီအချိန်တွင် သထုံမြို့နယ်၊ နောင်ဘိုကျေးရွာ ဦးညိမ်း+ဒေါ်ညွန့်တင်မိသားစုတို့၏ပစ္စယာနုဂ္ဂဟကို ခံယူ၍ သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက် ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တဝိဇယမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော် မူခဲ့သည်။

အရှင်တေဇနိယသည် သထုံမြို့၊ သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက်၊ ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ ဓမ္မာစရိယ စသော စာမေးပွဲများကို အောင်မြင်ခဲ့သည်။ ရရှိသော ဘွဲ့များမှာ သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ သထုံမြို့ သုဝဏ္ဏဘူမိစာမေးပွဲမှ ပိဋကတ္တယပါရဂူ၊ တက္ကသိုလ်စာပေးစာယူသင်တန်း (ရန်ကုန်)မှ ဘီအေတို့ဖြစ်သည်။ ထို့ပြင် ၂၀၀၇ခုနှစ်၊ စက်တင်ဘာလ ၂၉ရက်နေ့မှ ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ ၂၇ရက်နေ့အထိ အင်္ဂလန်နိုင်ငံသို့ ပညာတော်သင် သွားရောက်ခဲ့ပြီး M.A(TESOL) ဘွဲ့ကိုလည်း ရရှိတော်မူခဲ့သည်။

ဆရာတော်သည် သထုံမြို့၊ သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက်၌ မူ၊ ငယ်၊ လတ်၊ ကြီးစာဝါများကို ပို့ချတော်မူခဲ့ပြီး ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၌ ၁၂၊ ၁၂၊ ၉၂- နေ့မှ စတင်၍ နယဒေသကတာဝန်၊ ၁၄၊ ၁၀၊ ၂၀၀၀-နေ့မှစတင်၍ ဂဏာဝါစက (ကထိက)တာဝန်၊ ၁၈၊ ၉၊ ၂၀၀၁-နေ့မှစ၍ ပါမောက္ခဌာနမှူးတာဝန်တို့ကို ထမ်းဆောင်တော်မူခဲ့သည်။

ယခုအခါ ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန ပါမောက္ခဌာနမှူးတာဝန်ကို ထမ်းဆောင်နေဆဲဖြစ်ပါသည်။

ဆရာတော်ရေးသားပြုစုတော်မူသောကျမ်းစာမှာ- Vocabulary Level and Vocabulary Learning Strategies Among First-year Students at a University in South Myanmar ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန
**ကထိက(ဌာနမှူးတာဝန်)ဆရာတော်**
**ဒေါက်တာ ဘဒ္ဒန္တ ဉာဏောဘာသ**

ဆရာတော်ဘဒ္ဒန္တဉာဏောဘာသကို မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ သဲအိမ်ကျေးရွာ ခမည်းတော် ဦးချစ်မြိုင်+မယ်တော် ဒေါ်သောင်းငွေညွန့်တို့မှ ၁၃၃၀-ခုနှစ်၊ တပို့တွဲလဆန်း(၁၅)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။ မရီရီစိန်၊ မောင်စောထွန်းအားဖြင့် မွေးချင်း(၂)ယောက်တွင် ဒုတိယမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်စောထွန်း ဖြစ်သည်။

ဆရာတော်လောင်းလျာသည် ပေါင်မြို့နယ်၊ သဲအိမ်ကျေးရွာ ဓမ္မာမကကျောင်းဆရာတော် ဘဒ္ဒန္တသုန္ဒရမထေရ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဉာဏောဘာသဖြစ်သည်။

ရှင်ဉာဏောဘာသသည် ၁၃၅၀-ခုနှစ် နတ်တော်လဆန်း(၁၅)ရက်နေ့၊ နံနက်(၈း၁၅)နာရီအချိန်တွင် ရန်ကုန်တိုင်း၊ သုဝဏ္ဏမြို့၊ စုပေါင်းရပ်ကွက်နေ ဦးတင်ဝင်း+ဒေါ်သိန်းသိန်းဦး မိသားစုတို့၏ပစ္စယာနုဂ္ဂဟဖြင့် ဘာန်းမြို့နယ်၊ ဗြဟ္မနိမ္မိတာရုံကျောင်းတိုက် ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တသဟမ္ပတိမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

အရှင်ဉာဏောဘာသသည် မုဒုံမြို့ ကန်ကြီးဓမ္မစေတီကျောင်းဆရာတော်၊ မော်လမြိုင်မြို့ ခရိမ်လေး ကျောင်းဆရာတော်၊ ပုသိမ်မြို့ မြောင်းမြကျောင်းဆရာတော်၊ ဟင်္သာတမြို့ မိုးကောင်းကျောင်းဆရာတော်၊ ဘာန်းမြို့နယ်၊ ဗြဟ္မနိမ္မိတာရုံကျောင်းဆရာတော်တို့ အထံတော်တွင် ပညာဆည်းပူးခဲ့ပြီး အစိုးရစာမေးပွဲ ငယ်၊ လတ်၊ ကြီးနှင့် အခြခံပညာအထက်တန်းစာမေးပွဲတို့ကို အောင်မြင်ခဲ့သည်။ ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၌ သာသနတက္ကသီလဓမ္မာစရိယစာမေးပွဲများနှင့် မဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလ ဓမ္မာစရိယ B.A(Buddhism) ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A. (Buddhism)တို့ကို ရရှိခဲ့သည်။ ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၊ ပိဋကတ် ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၌ ၁၃၅၈-၅၉ ပညာသင်နှစ်မှစ၍ နယဒေသကတာဝန်၊ ချင်းပြည်နယ် ကျောင်းဆောင်၌ အဆောင်မှူးတာဝန်တို့ကို ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၀-၀၁ ပညာသင်နှစ်တွင် အစိုးရပညာ သင်ဆုဖြင့် အိန္ဒိယနိုင်ငံ ဗာရာဏသီ တက္ကသိုလ်သို့ တက်ရောက်ခဲ့ပြီး ပါရဂူ(Ph.D.)ဘွဲ့ကို ရရှိခဲ့သည်။

ထို့နောက် ၂၀၀၇ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ အင်္ဂလိပ်စာပေဌာန၌ ပါမောက္ခဌာနမှူးတာဝန်ကိုလည်း ထမ်းဆောင်ခဲ့သည်။ ပါမောက္ခဌာနမှူးတာဝန်ကို ထမ်းဆောင်ရင်း နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၌ ကွန်ပျူတာဌာနဖြစ်ပေါ်လာအောင် ဆောင်ရွက်တော်မူခဲ့သည်။

ရေးသားခဲ့သော ကျမ်းစာများမှာ - နှောင်းဖြစ်စာတမ်း လေ့လာချက်စာတမ်းနှင့်
- ဘုန်းတော်ကြီးသင်ပညာရေး အကျိုးသက်ရောက်မှု တို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

## ကထိကဆရာတော်
## ဘဒ္ဒန္တကေလာသ

ဆရာတော် ဘဒ္ဒန္တ ကေလာသကို ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ကလိန်တောင်ကျေး ရွာ၌ ခမည်းတော် ဦးစောထွန်း+မယ်တော် ဒေါ်အေးညွန့်တို့မှ သက္ကရာဇ် ၁၃၂၁-ခုနှစ်၊ တန်ခူးလဆုတ် (၁၂)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း (၄)ယောက်တို့တွင် တစ်ဦးတည်းသော သားရတနာဖြစ်၍ ငယ်နာမည်မှာ မောင်ကျော်စိန်ဖြစ်ပါသည်။

ဆရာတော် လောင်းလျာသည် ကလိန်တောင်ကျောင်းတွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ကလိန်တောင် ကျောင်းဆရာတော် ဘဒ္ဒန္တဂန္ဓမာကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ကေလာသဖြစ်သည်။ ၁၃၄၂-ခုနှစ်၊ ကဆုန်လဆုတ် (၆)ရက်၊ နံနက်(၇)နာရီ (၃၀)မိနစ်အချိန်တွင် ဇရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ဦးကျင်လှိုင်+ ဒေါ်တင်ကြည် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် လပွတ္တာမြို့နယ်၊ ဂန့်အိတ်ကျေးရွာ၊ ဂန့်အိတ်ကျောင်း ဆရာတော် ဘဒ္ဒန္တကုသလကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော် ဘဒ္ဒန္တ ကေလာသ သည် ကလိန်တောင်ကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တဂန္ဓမာ၊ ဘဒ္ဒန္တပညာသိရီ၊ တောင်ကုတ်မြို့နယ်၊ တန်းလွဲရွာမကျောင်းဆရာတော် ဘဒ္ဒန္တပညာဗုဒ္ဓိ(ပုံလွန်)၊ ဘဒ္ဒန္တ ကောဝိဒ(ယခုရွာမဆရာတော်)၊ ဘဒ္ဒန္တပညာဇောတ၊ ရွာမရွာဆရာကြီး၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)၊ ပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူး စသော သင်ကြား/စီမံ ဆရာတော်များ ပြင်ပပညာရှင်ဆရာကြီးများထံတွင် လောကီ၊ လောကုတ္တရာ ဂန္ထန္တရကျမ်းဂန်များကို သင်ကြားခဲ့ပါသည်။ အောင်မြင်ခဲ့သော စာမေးပွဲများမှာ သာသနပါလဓမ္မာစရိယ၊ သာသနဓဇဓမ္မာ စရိယ၊ ဝိနယပါရဂူ(ဘုရားဖြူ)နှင့် B.A (ဒဿနိက)တို့ဖြစ်ပါသည်။

သာသနာရေး ဆောင်ရွက်ချက်များမှာ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရကျောင်းတိုက်၊ လပွတ္တာမြို့၊ ဓမ္မဇေယျကျောင်းတိုက်၊ ရွှေပြည်သာမြို့၊ အောင်ဆန်းတောရစာသင်တိုက်တို့၌ စာပေများ ပို့ချခဲ့သည်။ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဝိနယပိဋက မဟာဌာန၊ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာနတို့၌ ကထိက တာဝန်ဖြင့် စာပေများပို့ချခဲ့သည်။ ၁၃၄၀-ခုနှစ်မှစ၍ ဗုဒ္ဓဓမ္မလောကစာစောင်၌ ဆောင်းပါးများ ရေးသားခဲ့သည်။ ယခုအခါ အမေရိကန်နိုင်ငံတွင် သီတင်းသုံးကာ သာသနာပြုလျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
## ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန
## ကထိကဆရာတော်
## ဘဒ္ဒန္တဥတ္တမသာရ

ဆရာတော်ဘဒ္ဒန္တဥတ္တမသာရကို မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ တောင်ပို့သာကျေးရွာ၌ ဖခင်ကြီးတော် ဦးဗိုလ်ရှင်+မယ်တော် ဒေါ်စံမေတို့မှ သက္ကရာဇ် ၁၃၂၀-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉-ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်သည် ၁၃၄၀-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅-ရက်၊ သောကြာနေ့ နံနက် ၈-နာရီ ၃၅-မိနစ် အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ပွဲကုန်းခဏ္ဍသိမ်၌ မဟာဂန္ဓာရုံ နာယကချုပ်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇနကာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍၊ မန္တလေးမြို့၊ ဆိုင်းတန်းရပ်ကွက်၊ ဒေါ်ရှမ်း၊ ဒေါ်တင်အေး၊ သားသမီးတစ်စုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်ဘဒ္ဒန္တဥတ္တမသည် မြင်းခြံမြို့နယ်၊ တောင်ပို့သာကျောင်းဆရာတော် ဘဒ္ဒန္တသုမန၊ ထနောင်းတိုင်၊ ဆွန်းကျောင်းဆရာတော် ဘဒ္ဒန္တဇနိန္ဒ၊ ရှားတော၊ ကျောင်းသစ်ကျောင်း ဘဒ္ဒန္တကုန္ဒာစက္က၊ အမရပူရမြို့၊ မဟာဂန္ဓာရုံ ကျောင်းတိုက်၊ ဘာသာဋီကာကျမ်းပြုဆရာတော်အရှင်ဇနကာဘိဝံသနှင့် နာယကချုပ်ဆရာတော် ဘဒ္ဒန္တဇနေ့ာဘာသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ စသော ဂဏဝါစက စာချဆရာတော်များ၊ ပဲခူးမြို့၊ ကြခတ်ဝိုင်း ကျောင်းတိုက်ဆရာတော်နှင့် စာချဆရာတော်များ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဇယမေဒနီဝါဆိုဆရာတော် ကြီး ဘဒ္ဒန္တအဂ္ဂိယ (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ရွှေကျင်သာသနာပိုင်)၊ ဘဒ္ဒန္တအရိယဉာဏာ ဘိဝံသ၊ ဘဒ္ဒန္တပညာသိရီဘိဝံသ၊ ဘဒ္ဒန္တကောဏ္ဍညာဘိဝံသ၊ ဘဒ္ဒန္တသြဒါတသိရီဘိဝံသ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသနှင့် ပါမောက္ခ၊ ဌာနမှူး၊ ကထိက၊ နည်းပြဒေသကများ၊ ပြင်ပပညာရှင်ဆရာကြီးများထံတွင် လောကီ၊ လောကုတ္တရာနှင့် ဂန္ထန္တရကျမ်းဂန်များကို သင်ကြား ခဲ့လာခဲ့ပါသည်။

အောင်မြင်ခဲ့သော စာမေးပွဲများမှာ သာသနာ့ဓဇဓမ္မာစရိယဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မစရိယဘွဲ့(M.A Buddhism), M.A (University of Kelaniya in Srilanka) နှင့် နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းသော မဟာဂန္ထ ဝါစကပဏ္ဍိတဘွဲ့တို့ဖြစ်ပါသည်။

သာသနာရေးဆောင်ရွက်ချက်များမှာ စစ်ကိုင်းတိုင်းဝိဇ္ဇာလယကျောင်းဆောင်၏ အဆောင်မှူးတာဝန်၊ သုတ္တန္တပိဋကမဟာဌာန၊ နယဒေသကတာဝန်တို့ကို ထမ်းဆောင်တော်မူသည်။ ၄င်းနောက် ထိုင်းနိုင်ငံ၊ သီရိလင်္ကာ နိုင်ငံတို့သို့ ပညာသင်သွားရောက်ပြီး ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာနသို့ ပြောင်းရွှေ့၍ ကထိကတာဝန်တို့ကို ထမ်းဆောင်တော်မူခဲ့ပါသည်။

ယခုအခါ ဆရာတော်သည် မလေးရှားနိုင်ငံ၊ ကွာလာလာမ်ပူမြို့တွင် သီတင်းသုံးနေထိုင်ကာ ပြည်တွင်း ပြည်ပ သာသနာပြုတော်မူလျက်ရှိပါသည်။

ဆရာတော်ရေးသားပြုစုသောကျမ်းစာမှာ ပုဗ္ဗာရုံကျောင်းအမကြီး၏ဘဝနှင့် သာသနာရေးဆောင်ရွက် ချက်များ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





### နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
### ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန
## ကထိကဆရာတော်
## ဘဒ္ဒန္တဝဏ္ဏိတ(မုဒုံ)

ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတကို မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ဘလောက်ကျေးရွာ၊ ခမည်းတော် ဦးရွှေရင်+မယ်တော် ဒေါ်မွေးအုံတို့မှ သက္ကရာဇ် ၁၃၃၈-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၄)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း(၈)ယောက်အနက် တတိယမြောက်သားရတနာဖြစ်၍ ငယ်နာမည်မှာ မောင်ဝင်းရွှေဖြစ်ပါသည်။

ဆရာတော်သည် သက်တော် (၂၂)နှစ်အရွယ် မုဒုံမြို့၊ ကျောင်းသစ်ရပ်ကွက်၊ ကျောင်းသစ်ပရိယတ္တိစာသင်တိုက်တွင် မုဒုံမြို့၊ ကျောင်းသစ်ရပ်ကွက်၊ ခမည်းတော် ဦးရွှေရင်+မယ်တော် ဒေါ်မွေးအုံမိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကျောင်းသစ်ကျောင်း ဆရာတော် ဘဒ္ဒန္တသာဂရကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ အရှင်ဝဏ္ဏိတဖြစ်ပါသည်။

ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတသည် မုဒုံမြို့၊ ကျောင်းသစ်ကျောင်းဆရာတော် ဘဒ္ဒန္တသာဂရနှင့် စာချဆရာတော်များ၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့၊ ကျိုက်ကစံရွှေကျင်တိုက်ဆရာတော် ဘဒ္ဒန္တသုစိန္တာဘိဝံသနှင့် စာချဆရာတော်များ၊ မန္တလေးမြို့ ဘုရားကြီးတိုက်၊ ဒေါနခြံအုတ်ကျောင်းဆရာတော် ဘဒ္ဒန္တဝဏ္ဏသရနှင့် စာချဆရာတော်များ၊ မုဒုံမြို့၊ ကွမ်တုံရပ်၊ ကွမ်တုံအစိုးရမူလတန်းကျောင်းဆရာကြီး ဦးတာပု စသော ဆရာတို့ထံတွင် လောကီလောကုတ္တရာစာပေများကို ဆည်းပူး လေ့လာခဲ့သည်။

အောင်မြင်ခဲ့သောစာမေးပွဲများမှာ B.Sc (Maths)၊ သာသနဓဇဓမ္မာစရိယ၊ သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ သာသနဓဇဒက္ခိဏာရာမိကဓမ္မာစရိယ၊ ဝိနယပါရဂူ၊ ဝိနယပါဠိပါရဂူ၊ ပိဋကတ္တယပါရဂူတို့ ဖြစ်ပါသည်။

သာသနာရေးဆောင်ရွက်ချက်များမှာ မုဒုံမြို့ကျောင်းသစ် ပရိယတ္တိစာသင်တိုက်၊ မန္တလေးမြို့၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊ ဒေါနခြံအုတ်ကျောင်းတို့၌ စာပေများပို့ချခဲ့ပြီး၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၌ ကထိကတာဝန် စာပေများကို သင်ကြားပို့ချခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

**ကထိကဆရာတော်**

## ဒေါက်တာအရှင်ကေတု

ဒေါက်တာအရှင်ကေတုကို ရေနံချောင်းမြို့နယ် ဝက်လွတ်ကျေးရွာအုပ်စု ကုန်းသောင်ကျေးရွာ ဦးချစ်မောင်+ဒေါ်ခင်စုတို့က ၁၃၂၉-ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၂-ရက်(၃၀၊၁၀၊၁၉၆၇) တနင်္လာနေ့တွင် ဖွားမြင်သည်။ ငယ်နာမည်မှာ မောင်ကျော်ဌေးဖြစ်၍ မွေးချင်းခုနစ်ယောက်တွင် စတုတ္ထမြောက် ဖြစ်သည်။

ငယ်စဉ်က ကုန်းသောင်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စမဟာထေရ်၊ ရေနံချောင်းမြို့၊ မဟာဓမ္မိကာရာမ မွှာယ်ရုံကျောင်းတိုက် ပဓာနနာယကဆရာတော်ဘုရားကြီး ဘဒ္ဒန္တဓမ္မိကမဟာထေရ်မြတ်နှင့် ဆရာတော် ဦးဝါယမ၊ ဦးဝါသဝ၊ ဦးပညာသီရိ၊ ဦးပဏ္ဍိတာဓဇ၊ ဦးပဏ္ဍိတတို့ အထံတွင် ပညာသင်ကြားခဲ့သည်။

၁၃၄၈-ခု၊ တပို့တွဲလပြည့်နေ့တွင် ရေနံချောင်းမြို့၊ မြို့မတောင်ရပ်၊ စေတနာပွဲရုံ ဦးစိန်ဝင်း+ဒေါ်စောနှဲ့တို့၏ ဒွေယာနုဂ္ဂဟကိုခံယူ၍ သမ္မာန်တင်ကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇာဂရမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြုလျက် ရေနံချောင်းမြို့၊ မဟာဓမ္မိကာရာမစမွှာယ်ရုံကျောင်းတိုက်အတွင်းရှိ ခဏ္ဍသိမ်၌ ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

၁၉၈၉-၁၉၉၀ ပညာသင်နှစ်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၌ ပထမဦးဆုံးအကြိမ် ဖွင့်လှစ်သည့် သာသနတက္ကသီလဓမ္မာစရိယတန်းသို့ စတင်တက်ရောက်ခဲ့ပြီး ၁၉၉၂-၁၉၉၃ ပညာသင်နှစ်တွင် သာသနတက္ကသီလဓမ္မာစရိယB.A(Buddhism)ဘွဲ့ကို ရရှိခဲ့သည်။ ၁၉၉၃-၁၉၉၄ ပညာသင်နှစ်တွင် အဘိဓမ္မာဘာသာရပ်အထူးပြုဖြင့် မဟာဓမ္မာစရိယတန်း၌ပညာသင်ကြားခဲ့ပြီး ၁၉၉၄-၁၉၉၅ ပညာသင်နှစ်တွင် မဟာဓမ္မာစရိယတန်းဒုတိယပိုင်းရေးဖြေစာမေးပွဲ၌ ဘာသာစုံဂုဏ်ထူးဖြင့် ပထမရရှိအောင်မြင်၍ ပထမဆုံးအကြိမ် ချီးမြှင့်သည့် ဇေယျာမောင်ဆုနှင့် ဒေါ်ခင်ကြည်ဆုတို့ကို ရရှိခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌ နည်းပြအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၉-ခုနှစ်တွင် သာသနဓဇဓမ္မာစရိယဘွဲ့ကိုလည်းကောင်း၊ ၂၀၀၀-ခုနှစ်တွင် သာသနတက္ကသီလမဟာဓမ္မာစရိယM.A(Buddhism)ဘွဲ့ကိုလည်းကောင်း ရရှိပြီး တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ နိုင်ငံခြားပညာတော်သင်အဖြစ် ရွေးချယ်ခံရ၍ သာသနာရေးဝန်ကြီးဌာန၏ အထောက်အပံ့ဖြင့် ဆက်လက်ပညာသင်ကြားခဲ့ရာ ၂၀၀၁-ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ ကေလနိယတက္ကသိုလ်မှ M.A ဘွဲ့ကိုလည်းကောင်း၊ ၂၀၀၈ -ခုနှစ်တွင် အိန္ဒိယနိုင်ငံ M.A ကိုလည်းကောင်း၊ ၂၀၀၈-ခုနှစ်တွင် အိန္ဒိယနိုင်ငံ Banaras Hindu University မှ Ph.D ဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။

၂၀၀၈-ခုနှစ်တွင် မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး ကထိကအဖြစ် ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌ တာဝန်ထမ်းဆောင်သည်။ ၂၀၀၉-ခုနှစ် ဇွန်လမှ ၂၀၁၁-ခုနှစ် ဇန်နဝါရီလအထိ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၌လည်း ယာယီဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၀-ခုနှစ်မှစ၍ ဓမ္မပါရဂူသင်တန်းဦးစီးကော်မတီဝင်အဖြစ် ဆောင်ရွက်ရင်း ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌ ကထိကအဖြစ် တာဝန်ထမ်းလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

**နည်းပြဆရာတော်**

## ဘဒ္ဒန္တပညာသာမိ

ဆရာတော် ဘဒ္ဒန္တပညာသာမိကို ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ကုန်းကလေးကျေးရွာ၌ ခမည်းတော် ဦးချစ် + မယ်တော် ဒေါ်ရီတို့မှ ၁၃၂၃-ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၉)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း (၇)ယောက်တွင် ပဉ္စမမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်မြင့်သိန်း ဖြစ်သည်။

ဆရာတော်လောင်းလျာသည် သက်တော် (၁၇)အရွယ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/ခရပ်ကွက်၊ အရိယဝံသကျောင်းဆရာတော် ဘဒ္ဒန္တသန္တိန္ဒြိယမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ပညာသာမိ ဖြစ်သည်။

ရှင်ပညာသာမိသည် ၁၃၄၂ ခုနှစ်၊ တပေါင်းလဆန်း (၇)ရက်၊ ကြာသပတေးနေ့၊ နံနက် (၇:၃၅)နာရီ အချိန်တွင် ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ မယ်ဇလီကျေးရွာ၊ သိရီဝိဇိတာရုံကျောင်း ဗဒ္ဓသိမ်၌ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/ခရပ်ကွက်၊ အရိယဝံသကျောင်းဆရာတော် ဘဒ္ဒန္တသန္တိန္ဒြိယ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ အရှင်ပညာသာမိ ဖြစ်သည်။

အရှင်ပညာသာမိသည် ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/ခရပ်ကွက်၊ အရိယဝံသကျောင်း ဆရာတော် ဘဒ္ဒန္တသန္တိန္ဒြိယ၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဝိဇ္ဇောတာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိဇ္ဇောတနှင့် စာချဆရာတော်များ၊ ကျောက်ကုန်းတောရ မေဒိနီကျောင်းတိုက် စာချဆရာတော်များအထံ၌ ပညာသင်ယူခဲ့ပြီး အစိုးရပထမပြန် အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့သည်။ B.A. (Burmese)ဘွဲ့ကိုလည်း ရရှိခဲ့သည်။ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်သို့ တက်ရောက်ပညာသင်ယူခဲ့ပြီး သာသနတက္ကသီလမ္ဗောစရိယစာမေးပွဲများနှင့် မဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ B.A. (Buddhism)ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Thesis)၊ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၊ ကေလနိယတက္ကသိုလ် M.A ဘွဲ့တို့ကို ရရှိခဲ့သည်။

ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၊ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၌ ၁၃-၃-၉၇ မှ ၁၈-၆-၉၈ ထိ နယဒေသကတာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။ ဆရာတော်သည် နယဒေသက တာဝန်ကို ထမ်းဆောင်ရင်း ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ဆ/ခရပ်ကွက်၊အရိယဝံသကျောင်း၌ နှစ်စဉ် နွေရာသီ(၁၀)ရက်တရားစခန်းနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုတစ်လသင်တန်းတို့ကို ဖွင့်လှစ်သင်ကြား ပေးခဲ့သည်။

ရေးသားခဲ့သော ကျမ်းစာမှာ - အဋ္ဌသာလိနီအဋ္ဌကထာ၊ အကုသလဓမ္မဒွေသဝါရကထာ အဗျာကတပဒ အဟေတုက ကုသလဝိပါကဝဏ္ဏနာစာတမ်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

## နည်းပြဆရာတော်
## ဘဒ္ဒန္တဇဝန

ဆရာတော် ဘဒ္ဒန္တဇဝနကို မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ညောင်ဝန်းကျေးရွာ၌ ခမည်းတော် ဦးမြဟန်+မယ်တော် ဒေါ်ခင်လှတို့မှ ၁၃၃၂-ခုနှစ်၊ ဝါဆိုလဆန်း (၁၁)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း (၄)ယောက်တို့တွင် တတိယမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်ဇော်မင်းအောင် ဖြစ်သည်။

ဆရာတော်လောင်းလျာသည် အသက် (၁၂)အရွယ်တွင် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ညောင်ဝန်းကျေးရွာ၊ ညောင်ဝန်းကျောင်းဆရာတော် ဘဒ္ဒန္တဝါသဝမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ညောင်ဝန်းကျေးရွာနေ ဦးပြန့်+ဒေါ်စန်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဇဝန ဖြစ်သည်။

ရှင်ဇဝနသည် ၁၃၅၁ ခုနှစ်၊ တန်ခူးလဆန်း (၁၀)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၈း၃၀)နာရီ အချိန်တွင် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ငါန်းကျကျေးရွာ၊ ငါန်းကျကျောင်း ခဏ္ဍသိမ်၌ ညောင်ဝန်းကျောင်းဆရာတော် ဘဒ္ဒန္တဝါသဝမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ အရှင်သောဘိတ ဖြစ်သည်။

အရှင်ဇဝနသည် ညောင်ဝန်းကျောင်းဆရာတော် ဘဒ္ဒန္တဝါသဝ၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မဟာရတနာရာမစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကောဏ္ဍည (တိပိဋကဓရ)နှင့် စာချဆရာတော်များအထံ၌ ပညာသင်ယူခဲ့ပြီး အစိုးရပထမပြန် အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့သည်။ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်သို့ တက်ရောက်ကာ သာသနတက္ကသီလ ဓမ္မာစရိယစာမေးပွဲ၊ သာသနတက္ကသီလမဟာဓမ္မာစရိယစာမေးပွဲတို့ကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလ ဓမ္မာစရိယ B.A(Buddhism) ဘွဲ့ကို ရရှိခဲ့သည်။

ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၊ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၌ နည်းပြဆရာတော်ကို ၁၃၅၉-၆၀ ပညာသင်နှစ် မှ ၁၃၆၁-၆၂ပညာသင်နှစ်အထိ ထမ်းဆောင်ခဲ့ပြီး သာသနာရေး ကိစ္စတို့ကို ဆောင်ရွက်တော်မူခဲ့သည်။

ရေးသားခဲ့သော ကျမ်းစာမှာ - သီလက္ခန်ဘာသာဋီကာ(စတုတ္ထအုပ်)လေ့လာသုံးသပ်ချက်စာတမ်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန
**နည်းပြဆရာတော်**
## ဘဒ္ဒန္တ သောဘိတ

ဆရာတော် ဘဒ္ဒန္တသောဘိတကို တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ တီတွတ်ပြင်ကျေးရွာ၌ ခမည်းတော် ဦးလင်းဆွေ+မယ်တော် ဒေါ်ခင်ရှားတို့မှ ၁၃၂၇-ခုနှစ်၊ တန်ခူးလဆန်း (၁၁)ရက်၊ သောကြာနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း (၃)ယောက်တွင် တတိယမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်သက်နိုင် ဖြစ်သည်။

ဆရာတော်လောင်းလျာသည် သက်တော် (၁၀)အရွယ်တွင် တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်း မြို့နယ်၊ ပန်းတောရပ်ကွက်၊ ကွမ်းအုံမော်ကျောင်း ဆရာတော် ဘဒ္ဒန္တဝရမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်သောဘိတ ဖြစ်သည်။

ရှင်သောဘိတသည် ၁၃၄၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၇)ရက်၊ အင်္ဂါနေ့၊ နံနက် (၇း၃၀)နာရီ အချိန်တွင် တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ပန်းတောရပ်ကွက်၊ ကွမ်းအုံမော်ကျောင်း ခဏ္ဍသိမ်၌ ငယ်ဆရာတော် ဘဒ္ဒန္တဝရမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ တီတွတ်ပြင်ကျေးရွာ ဦးကြည်ရန်+ဒေါ်မယ်စိန် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ် သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ အရှင်သောဘိတ ဖြစ်သည်။

အရှင်သောဘိတသည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဃောသိတာရာမပါဠိတက္ကသိုလ် စာချ ဆရာတော်များ၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ နေရှင်နယ်ကုန်း တိုက်သစ်ပဓ္ဓောတာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဂုဏိသရနှင့် စာချဆရာတော်များအထံ၌ ပညာသင်ယူခဲ့ပြီး အစိုးရပထမပြန် အခြေပြုမူလ တန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့သည်။ B. S.c (Physics)ဘွဲ့ကိုလည်း ရရှိခဲ့သည်။ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ သာသနတက္ကသီလဓမ္မာစရိယစာမေးပွဲ၊ မဟာဓမ္မာစရိယ စာမေးပွဲတို့ကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယB.A(Buddhism) ဘွဲ့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တသောဘိတသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၊ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ် စာပေဌာန၌ ၁၃၈၀-၈၁ ပညာသင်နှစ်မှ ၁၃၈၁-၈၂ ပညာသင်နှစ်အထိ နယဒေသကတာဝန်ကို ထမ်းဆောင် တော်မူခဲ့ပါသည်။

ရေးသားခဲ့သောကျမ်းစာမှာ- ဈာနဓမ္မကို လေ့လာသုံးသပ်ခြင်းစာတမ်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

**နည်းပြဆရာတော်**

**ဘဒ္ဒန္တခေမိန္ဒ**

ဆရာတော်ဘဒ္ဒန္တခေမိန္ဒကို စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ တောကျောင်းကျေးရွာ ခမည်းတော် ဦးသာမောင်+မယ်တော် ဒေါ်တင်လှတို့မှ ၁၃၃၃-ခုနှစ်၊ ပြာသိုလဆန်း (၁၁)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသည်။ မောင်ကျောင်နိုင်၊ မောင်ဇော်နိုင်အားဖြင့် မွေးချင်း(၂)ယောက်တွင် ပထမမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်ကျော်နိုင် ဖြစ်သည်။

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ တောကျောင်းကျေးရွာ ရွှေတောကျောင်း ဆရာတော်ဘဒ္ဒန္တလာဘဂ္ဂမထေရ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ခေမိန္ဒဖြစ်သည်။

ရှင်ခေမိန္ဒသည် ၁၃၅၃-ခုနှစ် တပေါင်းလဆန်း(၈)ရက် ဗုဒ္ဓဟူးနေ့ နေ့လည်(၁း၀၀)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက် ဦးခင်ဝင်း+ဒေါ်လှကွန့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရွှေတောကျောင်းတိုက် ခဏ္ဍသိမ်၌ ရွာသစ်ကျေးရွာ သာဘုံကျောင်းဆရာတော် ဘဒ္ဒန္တကိတ္တိ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

အရှင်ခေမိန္ဒသည် တောကျောင်းကျေးရွာ ရွှေတောကျောင်းတိုက်၊ မိုးကုတ်မြို့ သတိပဋ္ဌာန်ကျောင်းတိုက်၊ ဘုံသီတာကျောင်းတိုက်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)တို့၌ ပညာဆည်းပူးခဲ့ပြီး အခြေခံပညာ အဆက်တန်း၊ မူ၊ ငယ်၊ လတ်၊ ကြီးနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ အတန်းစဉ်စာမေးပွဲတို့ကို အောင်မြင်ခဲ့သည်။ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ သာသနတက္ကသီလဓမ္မာစရိယစာမေးပွဲများ၊ ဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ပြီး သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism)ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့၊ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၊ ကေလနိယတက္ကသိုလ်မှ M.A ဘွဲ့တို့ကို ရရှိခဲ့သည်။

ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၌ နယဒေသကတာဝန်ကို ၁၃၆၀-၆၁ ပညာသင်နှစ်မှ ၁၃၆၆-၆၇ ပညာသင်နှစ်ထိ ထမ်းဆောင်ခဲ့သည်။

ဆရာတော်သည် နယဒေသကတာဝန်၊ ချင်းပြည်နယ်ဝိဇ္ဇာလယကျောင်းဆောင်၏ အဆောင်မှူးတာဝန်တို့ကို ထမ်းဆောင်ရင်း ဒကာ၊ ဒကာမများအား အဘိဓမ္မာသင်တန်းများပို့ချခြင်းတို့ဖြင့် သာသနာတော်အတွက် ဆောင်ရွက်တော်မူခဲ့ပြီး ယခုအခါ အမေရိကန်နိုင်ငံ၌ သီတင်းသုံးတော်မူကာ သာသနာပြုလျက်ရှိပါသည်။

ရေးသားခဲ့သော ကျမ်းစာများမှာ -

- ဓမ္မပဒဂါထာအမှတ်(၁၆)ကို လေ့လာသုံးသပ်ခြင်း၊
- သိင်္ဂါလသုတ်လာ လူ့ကျင့်ဝတ်များ တို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

**နည်းပြဆရာတော်**
**ဘဒ္ဒန္တဉာဏဝံသ**

ဆရာတော်ဘဒ္ဒန္တဉာဏဝံသကို ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကော့ဗိန်းကျေးရွာ၊ ခမည်းတော် ဦးနိုင်မောင်အေး + မယ်တော် ဒေါ်ခွေးမတို့မှ ၁၃၂၈- ခုနှစ်၊ ပြာသိုလ်လပြည့်ကျော် ( ၁၃ ) ရက်၊ အင်္ဂါနေ့ အချိန်တွင် ဖွားမြင်တော်မူသည်။ တစ်ဦးတည်းသော သားရတနာဖြစ်၍ ငယ်မည်မှာ မောင်မင်းစိုးဝင်း ဖြစ်သည်။

ဆရာတော်လောင်းလျာသည် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကော့ကရိတ်မြို့နယ်၊ ကော့ဗိန်းကျေးရွာ၊ ဝါးတောကျောင်းဆရာတော်ဘဒ္ဒန္တကောလိတကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဉာဏဝံသဖြစ်သည်။ ၁၃၄၀- ခုနှစ်၊ တန်ခူးလပြည့်ကျော် ( ၁၄ ) ရက်၊ ကြာသပတေးနေ့၊ ညနေ (၄း၃၈) မိနစ်အချိန်၊ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကော့ကရိတ်မြို့နယ်၊ ကော့ဗိန်းကျေးရွာ၊ ဝါးတောကျောင်း ဆရာတော်ဘဒ္ဒန္တကောလိတကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကော့ဗိန်းကျေးရွာ၊ ဝါးတော်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောလိတ၊ ကတိုးကျောင်းဆရာတော် ဘဒ္ဒန္တအာဒိစ္စ၊ ကျိုက်သီမွန်ကျောင်းဆရာတော် ဘဒ္ဒန္တဝေပုလ္လ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခချုပ်ဆရာတော်အမှူးပြုသော သင်ကြား/စီမံဆရာတော်တို့ထံ၌ ပရိယတ်စာပေများ သင်ယူလေ့လာခဲ့သည်။

ဆရာတော်သည် သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလဓမ္မာစရိယ၊ B.A ( Buddhism) သာသနတက္ကသီလမဟာဓမ္မာစရိယ,M.A ( Buddhism ) ဘွဲ့ကို ရရှိတော်မူခဲ့ပြီး "မြန်မာနိုင်ငံသို့ ခရစ်ယန်ဘာသာ ရောက်ရှိပြန့်ပွားပုံ လေ့လာသုံးသပ်ချက်" "မွန်လူမျိုးတို့၏ စာပေယဉ်ကျေးမှုနှင့်ဘာသာတရား" ကျမ်းစာတို့ကို ရေးသားတော်မူခဲ့သည်။

ဆရာတော်သည် ၁၉၉၈-ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပိဋကတ်စာကြည့်တိုက်ဌာန၌ ဌာနစုမှူးတာဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။ ယခုအခါ အင်္ဂလန်နိုင်ငံ၌ သီတင်းသုံးတော်မူလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
## ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန
## နည်းပြဆရာတော်
## ဘဒ္ဒန္တဉာဏ

ဆရာတော်ဘဒ္ဒန္တဉာဏကို စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ ကွဲကူးကျေးရွာ ခမည်းတော် ဦးလှဖေ+မယ်တော် ဒေါ်ထွေးတင်တို့မှ ၁၃၂၉-ခုနှစ်၊ တပေါင်းလဆန်း (၁၄)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။ မမြသီ၊ ကိုကျော်တင့်၊ မရွှေသီ၊ ကိုကျော်လွင်၊ မမြလွင်၊ မမြခိုင်အားဖြင့် မွေးချင်း (၆)ယောက်တွင် စတုတ္ထမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်ကျော်လွင် ဖြစ်သည်။

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ ဆိပ်သာကျေးရွာ ဆိပ်သာကျောင်းတွင် ဆိပ်သာကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဉာဏဖြစ်သည်။

ရှင်ဉာဏသည် ၁၃၄၉-ခုနှစ် တပို့တွဲလဆန်း(၈)ရက် တနင်္လာနေ့၊ နံနက်(၈း၅၀)နာရီအချိန်တွင် ရန်ကုန်တိုင်း ဒေသကြီး၊ သာကေတမြို့နယ်၊ ၉-ရပ်ကွက် ဦးဝင်းမောင်+ဒေါ်စန်းမြင့် မိသားစုတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ၉-ရပ်ကွက် သီမာရုံကျောင်းတိုက် ခဏ္ဍသိမ်၌ ဆရာတော်ဘဒ္ဒန္တ နန္ဒောဘာသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

အရှင်ဉာဏသည် ရန်ကုန်မြို့ သီတာရုံကျောင်းတိုက်၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ပဋ္ဌာနရုံကျောင်းတိုက်၊ ကမ္ဘာ့ဗုဒ္ဓဝိပဿနာဗိမာန်ကျောင်းနှင့် ပဲခူးမြို့ ကြခတ်ဝင်းကျောင်းတိုက်တို့၌ ပညာဆည်းပူးခဲ့ပြီး အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့သည်။ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၌ သာသနတက္ကသီလဓမ္မာစရိယစာမေးပွဲများ၊ မဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ပြီး သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism)ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့ တို့ကို ရရှိခဲ့သည်။

ဆရာတော်သည် ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၌ နယဒေသကတာဝန်ကို ၁၃၆၁-၆၂ ပညာသင်နှစ်မှ ၁၃၆၂-၆၃ ပညာသင်နှစ်အထိ ထမ်းဆောင်ခဲ့သည်။

ဆရာတော်သည် နယဒေသကတာဝန်နှင့် လက်ထောက်အဆောင်မှူးတာဝန်တို့ကို ထမ်းဆောင်ရင်း သင်္ဃန်းကျွန်းမြို့နယ် ဝါဆိုကျောင်း၊ မရမ်းကုန်းမြို့နယ် မဏိရတနာသီလရှင်ကျောင်းများ၌ ပရိယတ္တိစာဝါများ ပို့ချခြင်း၊ ဇာတိရွာနှင့် အခြားဒေသတို့၌ ဝိပဿနာ(၁၀)ရက်စခန်းများ နှစ်စဉ်ဖွင့်လှစ်ခြင်း၊ တရားဟောခြင်းတို့ဖြင့် သာသနာတော်အတွက် ဆောင်ရွက်တော်မူခဲ့သည်။

ရေးသားခဲ့သော ကျမ်းစာများမှာ -

- အဋ္ဌသာလိနီအဋ္ဌကထာ နိဒါနကထာလေ့လာသုံးသပ်ချက်၊
- မြတ်ဗုဒ္ဓအလိုတော်ကျ အလှူရှင်နှင့်အလှူခံ တို့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

**နည်းပြဆရာတော်**

**ဘဒ္ဒန္တကုဝေရ**

ဆရာတော်ဘဒ္ဒန္တကုဝေရကို ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ နောင်မြလွဲကျေးရွာ ခမည်းတော် ဦးငွေးရင်+မယ်တော်ဒေါ်နုယဉ်တို့မှ ၁၃၃၃-ခုနှစ်၊ ပြာသိုလဆန်း (၁၅)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ နောင်မြလွဲကျေးရွာ နောင်မြလွဲကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသီရိမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။

ရှင်ကုဝေရသည် ၁၃၅၃-ခုနှစ် ကဆုန်လပြည့် စနေနေ့ နံနက် (၉း၄၈)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ်။ ရဲရိပ်သာရပ်ကွက်၊ သီရိမင်္ဂလာကျောင်း၊ ဗိုလ်တထောင် ဘုရားကြီးကျောင်းတိုက် ခဏ္ဍသိမ်၌ သီရိမင်္ဂလာကျောင်းဆရာတော် ဘဒ္ဒန္တသုရိယမဟာထေရ်မြတ်ကို ဥပဇ္ဈာယ် ပြု၍ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင် မြို့နယ် ဦးအောင်မြင့်+ဒေါ်မြင့်မြင့် မိသားစုတို့၏ပစ္စယာနုဂ္ဂဟကို ခံယူ၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်လောင်းလျာသည် နောင်မြလွဲကျေးရွာ နောင်မြလွဲကျောင်း၊ သီရိမင်္ဂလာကျောင်း၊ ရန်ကုန်မြို့ ဝိဇ္ဇောတာရုံစာသင်တိုက်၊ အင်းစိန်မြို့ ရွာမပရိယတ္တိစာသင်တိုက်တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရအခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ အင်းစိန်ဝိနယာဓိက ပထမကြီးတန်း၊ အင်းစိန် သဒ္ဓမ္မပါလ ပထမကြီး၊ သာမဏေကျော် ပထမဆင့်တို့ကို အောင်မြင်ခဲ့သည်။ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ သာသနတက္ကသီလဓမ္မာစရိယစာမေးပွဲများ၊ မဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ပြီး သာသနတက္ကသီဓမ္မာစရိယ B.A(Buddhism) ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism)ဘွဲ့တို့ကို ရရှိခဲ့သည်။

ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၌ နယဒေသက တာဝန်ကို ၁၃၆၁-၆၂ ပညာသင်နှစ်မှ ၁၃၆၂-၁၃၆၃ ပညာသင်နှစ်အထိ ထမ်းဆောင်ခဲ့သည်။ ယင်းတာဝန်များကို ထမ်းဆောင်စဉ် ရကုန်တိုင်း၊ ဆိပ်ကမ်းမြို့နယ်၊ ရဲရိပ်သာရပ်ကွက်၊ သီရိမင်္ဂလာကျောင်း၌ စာသင်သားသံဃာများအား စာပေပို့ချခြင်း၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ အင်္ဂလိပ်စာပို့ချခြင်း၊ တို့ဖြင့် သာသနာပြုလုပ်ငန်းတို့ကို ဆောင်ရွက်တော်မူခဲ့သည်။

ယခုအခါ ဆရာတော်သည် အိန္ဒိယနိုင်ငံ၊ ပုနေးမြို့ ပုနေးတက္ကသိုလ်၌ Ph.D ဘွဲ့ အတွက် လေ့လာသင်ကြားလျက်ရှိသည်။

ရေးသားပြုစုတော်မူသော ကျမ်းစာများမှာ-

- အဘိဓမ္မပိဋက ရူပကဏ္ဍ လေ့လာသုံးသပ်ချက်၊
- ပုထုဇဉ်ဘဝ တို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တကုသလ**

ဆရာတော်ဘဒ္ဒန္တကုသလကို မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကုန်းသာကျေးရွာ၌ မွေးရပ် ဖခင် ဦးထွေးမောင်+မယ်တော် ဒေါ်အုန်းရင်တို့မှ ၁၃၃၅-ခုနှစ်၊ ပြာသိုလဆန်း(၄)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း(၁၁)ယောက်တွင် (၈)ယောက်မြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်ဇော်နိုင်ဝင်းဖြစ်သည်။

ဆရာတော်လောင်းလျာသည် သက်တော် ၁၀-နှစ်အရွယ်တွင် တောင်တွင်းကြီးမြို့နယ်၊ ကုန်းသာကျေးရွာ ကုန်းသာကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတကို ဥပဇ္ဈာယ်ပြု၍ ဦးတင်+ဒေါ်တင်တို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ကုသလဖြစ်သည်။

ရှင်ကုသလသည် ၁၃၅၄-ခုနှစ် တပေါင်းလဆန်း(၁၄)ရက် နံနက်(၉)နာရီ(၃)မိနစ်၊ ၉-ဖဝါးအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးရပ်ကွက်၊ ပိတောက်ပင်းလမ်း၊ အမှတ်-၁၃ နေ ဒေါ်သိန်းညွန့် မိသားစုတို့၏ပစ္စယာနုဂ္ဂဟဖြင့် ကြည့်မြင်တိုင်မြို့နယ်၊ နတ်စင်လမ်း၊ ပြည်လုံးချမ်းသာကျောင်းတိုက် ခဏ္ဍသိမ်တွင် ကုန်းသာကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

အရှင်ကုသလသည် တောင်တွင်းကြီးမြို့နယ်၊ ကုန်းသာရွာ၊ ကုန်းသာကျောင်းတိုက်၊ ကရင်ပြည်နယ် ဘားအံမြို့ ပြည်နယ်ကမ္မဋ္ဌာန်းကျောင်းတိုက်၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ်၊ ကန်သာယာဓမ္မာအေးကျောင်းတိုက်၊ မဟာပညာဗလကျောင်း၊ တိုက်ကြီးမြို့နယ်၊ သဒ္ဓမ္မ(ပြည်)ဇောတိကာရုံကျောင်းတိုက်၊ ကမာရွတ်မြို့နယ်၊ သုစိတ္တာရုံ ပရိယတ္တိစာသင်တိုက်၊ ဗဟန်းမြို့နယ်၊ ရွှေဟင်္သာတောရ သီရိမင်္ဂလာစံကျောင်း တို့၌ ပညာဆည်းပူးခဲ့ပြီး အခြေပြု မူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့သည်။ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၌ သာသနတက္ကသီလဓမ္မာစရိယစာမေးပွဲ၊ မဟာဓမ္မာစရိယစာမေးပွဲတို့ကို အောင်မြင်ခဲ့ပြီး B.A(Buddhism) ဘွဲ့ကို ရရှိခဲ့သည်။ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A(Thesis) ရေးသားနေစဉ် ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်ထိ အစိုးရပညာတော်သင်ဆုဖြင့် တောင်ကိုရီးယားနိုင်ငံ Geumgang University ၌ Diploma in korean, B.A (Buddhist Studies, Korea),နှင့် TOEIC စာမေးပွဲတို့ကို အောင်မြင်ခဲ့သည်။

ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၌ (၂-၆-၂၀၀၀)နေ့မှစ၍ မော်ကွန်း ထိန်း ဌာန၌ စီမံရေးရာဌာနစုမှူးတာဝန်၊ ၁၃၆၂-၆၃ ပညာသင်နှစ်မှစ၍ ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၌ နယဒေသကတာဝန် ၊ (၂၆-၁၁-၂၂)နေ့မှစ၍ လက်ထောက်အဆောင်မှူး တာဝန် ထို့နောက် အဆောင်မှူးတာဝန် တို့ကို ထမ်းဆောင်ခဲ့ပါသည်။

ယခုအခါ ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၌ နယဒေသကတာဝန်ကို ဆက်လက်ထမ်းဆောင်ရင်း သာသနာရေးကိစ္စတို့ကို ဆောင်ရွက်တော်မူလျက်ရှိသည်။

ရေးသားပြုစုတော်မူသော ကျမ်းစာများမှာ - မဟာဝင်ဝတ္ထုလေ့လာသုံးသပ်ချက်
- ဥပါလိသုတ်တော်ကို လေ့လာခြင်းတို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

## နည်းပြဆရာတော်
## ဘဒ္ဒန္တရာဝိက

ဆရာတော်ဘဒ္ဒန္တရာဝိကကိုမွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကွမ်လှာကျေးရွာ ခမည်းတော် ဦးနိုင်ပြည်+မယ်တော် ဒေါ်မိခင်တို့မှ ၁၃၃၁-ခုနှစ်၊ တပို့တွဲလဆုတ်(၄)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသည်။ အကို(၂)ယောက်၊ အမ(၁)ယောက်၊ ညီ(၁)ယောက်၊ ညီမ(၃)ယောက်အားဖြင့် မွေးချင်း(၈)ယောက်တွင် စတုတ္ထမြောက်သားရတနာဖြစ်၍ ငယ်မည်မှာ မောင်ကွန်ဗလိုင်(သားငယ်) ဖြစ်သည်။

ဆရာတော်လောင်းလျာသည် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကွမ်လှာကျေးရွာ ဓမ္မာဘိရတကျောင်း၊ ဆရာတော်ဘဒ္ဒန္တရာမညကေလာသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ရာဝိကဖြစ်သည်။

ရှင်ရာဝိကသည် ၁၃၅၂ခုနှစ် ဝါခေါင်လဆန်း(၈)ရက် တနင်္ဂနွေနေ့၊ နံနက်(၁၀း၅)နာရီအချိန်တွင် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကွမ်လှာကျေးရွာ ဦးနိုင်ပြည်+ဒေါ်မိခင် မိသားစုတို့၏ပစ္စယာနုဂ္ဂဟဖြင့် ဓမ္မာဘိရတကျောင်းတိုက် ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒဓမ္မသာရမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

အရှင်ရာဝိကသည် မော်လမြိုင်မြို့၊ မဟာရင်ကျောင်းတိုက်၊ မုဒုံမြို့ အသောကာရာမကျောင်းတိုက်၊ ဖာပွန်းမြို့ ကျိုက်သီမွန်ပါဠိသက္ကသိုလ်ကျောင်းတိုက်တို့၌ ပညာဆည်းပူးခဲ့ပြီး အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ အစိုးရဓမ္မာစရိယတန်းတို့ကို အောင်မြင်ခဲ့သည်။ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ သာသနတက္ကသိုလဓမ္မာစရိယစာမေးပွဲများ၊ မဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ပြီး သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism) ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၊ ကေလနိယတက္ကသိုလ်မှ M.A ဘွဲ့တို့ကို ရရှိခဲ့သည်။

ဆရာတော်သည် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၌ ၁၃၆၂-၆၃ ပညာသင်နှစ်မှ ၁၃၆၅-၆၆ ပညာသင်နှစ်အထိ နယဒေသကတာဝန်နှင့် မန္တလေးဆောင် အဆောင်မှူးတာဝန်တို့ကိုလည်း ထမ်းဆောင်ခဲ့သည်။

ဆရာတော်သည် နယဒေသကတာဝန်ကို ထမ်းဆောင်ရင်း မုဒုံမြို့၊ အသောကာရာမကျောင်း၌ တပည့်ရဟန်းသာမဏေတို့အား စာဝါများပို့ချပေးခြင်း၊ ယဉ်ကျေးမှုသင်တန်းများ ပို့ချပေးခြင်းဖြင့် သာသနာတော်အတွက် ဆောင်ရွက်တော်မူခဲ့သည်။ ယခုအခါ အမေရိကန်နိုင်ငံတွင် သီတင်းသုံးကာ သာသနာပြုလျက်ရှိပါသည်။

ရေးသားပြုစုတော်မူသော ကျမ်းစာများမှာ

- သုဝဏ္ဏဘူမိဒေသ သုတေသနစာတမ်း၊
- သုဝဏ္ဏဘူမိခေတ်သာသနာကျမ်းတို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

## နည်းပြဆရာတော်
## ဘဒ္ဒန္တဓမ္မာလောက

ဘဒ္ဒန္တဓမ္မာလောကကို စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ အာလောင်ကျေးရွာ၊ ခမည်းတော် ဦးသန်းအောင်+မယ်တော် ဒေါ်တင်မြတို့မှ သက္ကရာဇ် ၁၃၃၃-ခုနှစ်၊ တန်ဆောင်မုန်း လဆန်း (၅)ရက်၊ စနေနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း (၁၂)ယောက်တို့တွင် စတုတ္ထမြောက် သားရတနာဖြစ်၍ ငယ်နာမည်မှာ မောင်မောင်သန်းဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတောင်ရိုး၊ ရှစ်မျက်နှာချောင်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ရှစ်မျက်နှာချောင် ဆရာတော်ဘဒ္ဒန္တရေဝတကို ဥပဇ္ဈာယ်ပြု၍ (၉)နှစ်သားအရွယ်တွင် ရှင်သာမဏေအဖြစ် ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဓမ္မာလောကဖြစ်သည်။ ၁၃၅၅-ခုနှစ်၊ ဝါခေါင်လဆုတ် (၇)ရက်၊ နံနက် (၇) နာရီ(၃၉)မိနစ်အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ဦးကြည်သန်း+ ဒေါ်သိန်းသိန်းအေး (သမီး) အိသူဇာသန်းမိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် မဟာနာယကချုပ်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဘဒ္ဒန္တဓမ္မာလောကသည် စစ်ကိုင်းတောင်ရိုး ရှစ်မျက်နှာချောင် ဆရာတော် ဘဒ္ဒန္တရေဝတ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ဘဒ္ဒန္တစန္ဒောဘာသ၊ ဘဒ္ဒန္တကုသဏ္ဍာဘိဝံသစသော မဟာနာယက၊ နာယက၊ အနုနာယက၊ ဂဏဝါစက စာချဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူး၊ ကထိက၊ နယဒေသက စသော သင်ကြား/စီမံဆရာတော်များနှင့် ပြင်ပပညာရှင် ဆရာကြီးများ၊ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၊ ကေလနိယတက္ကသိုလ်မှ ပါမောက္ခများထံ လောကီ၊ လောကုတ္တရာ ဂန္ထရကျမ်းဂန်များကို သင်ကြားခဲ့ပါသည်။

အောင်မြင်ခဲ့သော စာမေးပွဲများမှာ စစ်ကိုင်းမြို့နယ်လုံးဆိုင်ရာ သာသနာလင်္ကာရ အကြီးတန်း၊ မန္တလေး၊ သာမဏေသကျသီဟ ပထမဆင့်၊ ဒုတိယဆင့်၊ အစိုးရစာမေးပွဲ ပထမကြီးတန်း၊ နိကာယ်စာမေးပွဲ ဝိနယဝိဒူဘွဲ့၊ သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism), သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism), M.A (University of Kelaniya in Sri Lanka) တို့ဖြစ်ပါသည်။

သာသနာရေးဆောင်ရွက်ချက်များမှာ ၁၃၆၃-၆၄ ပညာသင်နှစ်မှ ၁၃၆၉-၇၀ ပညာသင်နှစ်အထိ ၇-နှစ်ခန့် ရခိုင်ပြည်နယ်ဝိဇ္ဇာလယကျောင်းဆောင်၏ လက်ထောက်အဆောင်မှူးမှသည် အဆောင်မှူးတာဝန် ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန၊ နယဒေသသက တာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။ ၄င်းနောက် သီရိလင်္ကာနိုင်ငံသို့ ပညာသင်သွားရောက်ခဲ့ပြီး၊ ယခုအခါ ၁၃၇၂-၇၃ ပညာသင်နှစ်မှစ၍ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၊ နယဒေသကအဖြစ် တာဝန်ထမ်းဆောင်လျှက်ရှိပါသည်။

ရေးသားပြုစုတော်မူသော ကျမ်းစာများမှာ - ဓမ္မပဒဂါထာနံပါတ် ၂၄ လေ့လာသုံးသပ်ချက်စာတမ်း
- သမဏသာရုပ္ပ
- သံယုတ္တနိကာယ်လာ အရှင်သာရိပုတ္တရာ ဟောကြားတော်မူသော ဒေသနာတော်များ တို့ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တဝိစိတ္တ**

ဆရာတော်ဘဒ္ဒန္တဝိစိတ္တကို ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ အုပ်ဝင်းကျေးရွာ၌ ခမည်းတော် ဦးတင်မောင်+ မယ်တော် ဒေါ်ခင်ထွေးတို့မှ ၁၃၃၆-ခုနှစ်၊ ပြာသိုလဆန်း(၄)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း(၇)ယောက်တွင် တတိယမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်လေးဝင်းဖြစ်သည်။

ဆရာတော်လောင်းလျာသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ သီရိဇေယျာကျောင်းဆရာတော် ဘဒ္ဒန္တသီလာစာရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဝိစိတ္တဖြစ်သည်။

ရှင်ဝိစိတ္တသည် ၁၃၅၆-ခုနှစ် တန်ဆောင်မုန်းလဆန်း(၃)ရက် စနေနေ့၊ ညနေ(၄း၁၁)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ (၄)ရပ်ကွက်နေ ဦးဖူးညို+ဒေါ်ခင်မြိုင် မိသားစုတို့၏ပစ္စယာနုဂ္ဂဟဖြင့် ခရမ်းမြို့၊ ကိုင်းကုန်းကျောင်းတိုက် ခဏ္ဍသိမ်၌ ဆရာတော်ဘဒ္ဒန္တကေလာသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

အရှင်ဝိစိတ္တသည် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းဓမ္မာလင်္ကာရကျောင်းတိုက်၊ ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက်၊ ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်တို့၌ ပညာဆည်းပူးခဲ့ပြီး အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့သည်။

ထို့နောက် ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်သို့ တက်ရောက်ကာ သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism) ဘွဲ့ကို အောင်မြင်ခဲ့ပြီး ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၌ ၂၊ ၃၊ ၂၀၀၁- နေ့မှ စတင်၍ နယဒေသကတာဝန်ကို ထမ်းဆောင်ခဲ့သည်။ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A(Thesis) ရေးသားနေစဉ် ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်ထိ အစိုးရပညာတော်သင်ဆုဖြင့် တောင်ကိုရီးယားနိုင်ငံ Geumgang University တွင် ကျောင်းတက်ကာ ကိုရီးယားဗုဒ္ဓဘာသာနှင့် ဘာသာစကားတို့ကို လေ့လာခဲ့သည်။

ယခုအခါ ဆရာတော်သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ အိမ်တော်ရာတိုက်၊ သီရိဇေယျာကျောင်း၏ ပဓာနနာယကတာဝန်၊ တောင်ကိုရီးယားနိုင်ငံ၊ ဒယ်ဂူးမြို့တွင်လည်း စိတ္တသုခမြန်မာကျောင်း ပဓာနနာယကတာဝန်တို့ကို ထမ်းဆောင်ရင်း၊ တရားဟောတရားပြ၊ စာရေး စာချ၊ http://www.venvicitta.com,http;// cafe. naver.com/ cittasukha ဟူသောအင်တာနက်စာမျက်နှာမှ ဓမ္မစာပေများကို ဖြန့်ဝေလျက် သာသနာပြုတော်မူပါသည်။

ရေးသားပြုစုတော်မူသော ကျမ်းစာများမှာ
- သာသနသမ္ဘတ္တိဒီပနီ လေ့လာသုံးသပ်ချက်၊
- မချစ်မမုန်း အကောင်းဆုံး
- မှန်ကြည့်လိုက်ပါ
- မဟာယာနဗုဒ္ဓဘာသာကို လေ့လာခြင်း တို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တဝဏ္ဏာသိရီ**



ဆရာတော်ဘဒ္ဒန္တဝဏ္ဏာသိရီကို စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ မန်ကျည်းဖြူကျေးရွာ၌ အဖေ်းတော် ဦးသီဥာဏ်+မယ်တော် ဒေါ်ရွှေသတို့မှ ၁၃၃၃-ခုနှစ်၊ တပေါင်းလဆန်း(၃)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသည်။ မမာမာအေး၊ မောင်ဝင်းအောင်၊ မောင်ချစ်ရွှေ၊ မတင်ရီ-အားဖြင့် မွေးချင်း(၄)ယောက်တွင် ဒုတိယမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်ဝင်းအောင်ဖြစ်သည်။

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ မန်ကျည်းဖြူကျေးရွာ ရှေ့လမြောက်ကျောင်း ဆရာတော်ဘဒ္ဒန္တဉာဏိန္ဒကို ဥပဇ္ဈာယ်ပြု၍ မန်ကျည်းဖြူကျေးရွာနေ ဦးသန်း+ဒေါ်ရွှေမြတို့၏ ဒါယကာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဝဏ္ဏာသိရီဖြစ်သည်။

ရှင်ဝဏ္ဏာသိရီသည် ၁၃၅၃-ခုနှစ် နတ်တော်လဆုတ်(၄)ရက် ဗုဒ္ဓဟူးနေ့၊ နံနက်(၈း၀၀)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်းရပ်ကွက်နေ ဒေါ်ကျင်လှိုင်မိသားစု တို့၏ ဒါယကာနုဂ္ဂဟဖြင့် စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်းရပ်ကွက် ဘီးလင်းကျောင်းတိုက် ခဏ္ဍသိမ်၌ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ သောတာပန်ကျေးရွာ၊ ပါဠိကာရီသုံးခွကျောင်းဆရာတော် ဘဒ္ဒန္တ ဃောသဓာဘိဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

အရှင်ဝဏ္ဏာသိရီသည် ဘဒ္ဒန္တဝရသာမီဘိဝံသ၊ ဘဒ္ဒန္တမဟောသဓာဘိဝံသ၊ ဘဒ္ဒန္တသဒ္ဓမ္မာဘိဝံသ၊ ဘဒ္ဒန္တမဏ္ဍလပဏ္ဍိတ၊ စစ်ကိုင်းမြို့၊ ဇေယျသိမ်ကျောင်းတိုက်၊ ဘဒ္ဒန္တပညာသိရီ၊ ဘဒ္ဒန္တသံဝရ၊ ပဌာန်းသိပ္ပံဆရာတော် ဘဒ္ဒန္တတရဏပဏ္ဍိတ၊ ရန်ကုန်မြို့၊ ဘီးလင်းတိုက်သစ်ဆရာတော်ဘဒ္ဒန္တပဥ္ဇောဘာသ၊ ပါဠိဂုဏ်ထူးဆရာကြီး ဦးအောင်ခိုင်တို့ထံ၌ ပညာဆည်းပူးခဲ့ပြီး အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းနှင့် အစိုးရစာချတန်းတို့ကို အောင်မြင်ခဲ့သည်။ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ သာသနတက္ကသီလ ဓမ္မာစရိယစာမေးပွဲများ၊ မဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ပြီး သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism) ဘွဲ့ M.A (University of Kelaniya in Sri Lanka) ဘွဲ့တို့ကိုကို ရရှိခဲ့သည်။

ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၌ ၁၆၊ ၉၊ ၂၀၀၁- နေ့မှ စတင်၍ နယဒေသက တာဝန်၊ မန္တလေးတိုင်း ဝိဇ္ဇာလယကျောင်းဆောင်၌ လက်ထောက် အဆောင်မှူးတာဝန်တို့ကို ထမ်းဆောင်တော်မူခဲ့သည်။ ယခုအခါ သီရိလင်္ကာနိုင်ငံ၌ Ph.D ဘွဲ့အတွက် သုတေသန ကျမ်းစာများ ရေးသားပြုစုလျက်ရှိပါသည်။

ရေးသားပြုစုတော်မူသော ကျမ်းစာများမှာ -

- ကိုယ်ကျင့်အဘိဓမ္မာ လေ့လာသုံးသပ်ချက် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန
**နည်းပြဆရာတော်**
## ဘဒ္ဒန္တကောသလ္လ

ဘဒ္ဒန္တကောသလ္လကို ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံရွာမကျေးရွာ၊ ခမည်းတော် ဦးစိန်သောင်း+မယ်တော် ဒေါ်ငြိမ်းငြိမ်းတို့မှ သက္ကရာဇ် ၁၃၃၇-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၁၄)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း (၃)ယောက်တွင် ဒုတိယမြောက်သား ရတနာဖြစ်၍ ငယ်နာမည်မှာ မောင်စိုးနိုင်ဖြစ်ပါသည်။

ဘဒ္ဒန္တကောသလ္လ လောင်းလျာသည် ဥက္ကံရွာမကျောင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီး မြို့နယ်၊ အနောက်ချောင်းကျိုးရပ်ကွက်၊ ဦးကျော်အောင်+ဒေါ်နုနုယဉ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဥက္ကံ ရွာမကျေးရွာ၊ ကံကလေးကျောင်းဆရာတော် ဘဒ္ဒန္တကေတုမာလာကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ကောသလ္လဖြစ်သည်။ ၁၃၅၇-ခုနှစ်၊ ကဆုန်လဆန်း (၉)ရက်၊ တနင်္ဂနွေနေ့၊ နံနက် (၉)နာရီ (၁၀)မိနစ်အချိန်တွင် ဦးကျော်အောင်+ဒေါ်နုနုယဉ် မိသားစု တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဥက္ကံရွာမကျေးရွာ၊ ကံကလေးကျောင်းဆရာတော် ဘဒ္ဒန္တကေတုမာလာကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဘဒ္ဒန္တကောသလ္လသည် ဥက္ကံရွာမကျေးရွာ၊ ကံကလေးကျောင်းဆရာတော်ဘဒ္ဒန္တကေတုမာလာ၊ ဥက္ကံမြို့ ရွှေဟင်္သာပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကုမာရ ဟင်္သာတမြို့၊ အတွင်းပတ္တမြား ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဦးအရိယနှင့် စာချဆရာတော်များ၊ အင်းစိန်မြို့၊ ရွာမ ပရိယတ္တိစာသင်တိုက် ဘဒ္ဒန္တနန္ဒဝံသ၊ ဘဒ္ဒန္တတိလောကာဘိဝံသနှင့် စာချဆရာတော်များ၊ ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဆရာတော်အမှူးပြုသော သင်ကြား/စီမံ ဆရာတော်များနှင့် ပြင်ပပညာရှင်ဆရာကြီးများထံ လောကီ၊ လောကုတ္တရာ ဂန္ထန္တရကျမ်းဂန်များကို သင်ကြားလေ့လာခဲ့ပါသည်။ အောင်မြင်ခဲ့သော စာမေးပွဲများမှာ သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism)၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A (Buddhism)၊ M.A (သီရိလင်္ကာ) တို့ဖြစ်ပါသည်။

သာသနာရေးဆောင်ရွက်ချက်များအဖြစ် ချင်းပြည်နယ် ဝိဇ္ဇာလယကျောင်းဆောင်၏ အဆောင်မှူးတာဝန်၊ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၏ နယဒေသ(နည်းပြ)တာဝန်တို့ကို ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

## နည်းပြဆရာတော်
## ဘဒ္ဒန္တကောဏ္ဍည

ဆရာတော်ဘဒ္ဒန္တကို မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ကြာပန်းကျေးရွာ၌ ခမည်းတော် ဦးလယ်ကူး+ မယ်တော် ဒေါ်အုန်းမေတို့မှ သက္ကရာဇ် ၁၃၄၄-ခု၊ နတ်တော်လဆန်း ၁၃-ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူပါသည်။

ဆရာတော်သည် ၁၃၅၄-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇-ရက်၊ စနေနေ့ညနေ ၅-နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးတောင်ရပ်ကွက်၊ ငါးထပ်ကြီးကျောင်းတိုက်၊ အဘယာဘိဓေယျ သိမ်၌ ငါးထပ်ကြီး ကြောင်လိန်ကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တနရိန္ဒမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ခေမာလမ်း၊ အမှတ်-၄၂၊ ဦးငွေအောင်+ဒေါ်ငွေငွေမိသားစုတို့၏ ဒွာယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော် ဘဒ္ဒန္တကောဏ္ဍညသည် ဗဟန်းလိပ်ပြာကန်တိုက်၊ မနောမယကျောင်း၊ ဦးကုမာရ။ သထုံမြို့၊ ကြာပန်းကျောင်း၊ ဘဒ္ဒန္တကုသလ။ ပုသိမ်မြို့၊ တိုက်ကြီးကျောင်း ဘဒ္ဒန္တသုမန။ ပုသိမ်မြို့၊ မြောင်းမြကျောင်း၊ ဘဒ္ဒန္တဝဏ္ဏိတ။ သထုံမြို့၊ ဝေဠုဝန်ကျောင်း၊ ဦးခေမာစာရ။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခ ချုပ်ဆရာတော်၊ သင်ကြား၊ စီမံဆရာတော်များနှင့် ပြင်ပပညာရှင်ဆရာကြီးများထံ၌ လောကီ၊ လောကုတ္တရာ ဂန္ထန္တရ ကျမ်းဂန်များကို လေ့လာဆည်းပူးခဲ့ပါသည်။

အောင်မြင်ခဲ့သော စာမေးပွဲများမှာ သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism)၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A(Buddhism) ဘွဲ့တို့ဖြစ်ပါသည်။

သာသနာရေးဆောင်ရွက်ချက်များမှာ မန္တလေးတိုင်းဝိဇ္ဇာလယကျောင်းဆောင်၊ လ/ထ အဆောင်မှူးတာဝန်၊ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၊ နယဒေသကတာဝန်တို့ကို ထမ်းဆောင်ခဲ့ပါသည်။

ဆရာတော်ရေးသားပြုစုသော ကျမ်းများမှာ "ပဋိက္ကူလ ရှုမှတ်ဖွယ်စာတမ်း" ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တသူရဓမ္မ**

ဆရာတော်ဘဒ္ဒန္တသူရဓမ္မကို ရှမ်းပြည်နယ်၊ ပင်လုံမြို့၊ ပွေးလုံကျေးရွာ ခမည်းတော် ဦးတကီ+မယ်တော် ဒေါ်ခန့်တို့မှ ၁၃၃၇-ခုနှစ်၊ တော်သလင်းလဆန်း(၁)ရက်၊ သောကြာနေ့တွင် ဖွားမြင်တော်မူသည်။ မနန်းဆွေ၊ ခွန်ကျော်သန်း၊ မနန်းလီအားဖြင့် မွေးချင်း(၃)ယောက်တွင် ဒုတိယမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်ခွန်ကျော်သန်း ဖြစ်သည်။

ဆရာတော်လောင်းလျာသည် ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီရပ်ကွက်၊ ဓမ္မသီဂီကျောင်းတွင် ဓမ္မသီဂီကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်သူရဓမ္မဖြစ်သည်။

ရှင်သူရဓမ္မသည် ၁၃၅၇-ခုနှစ် တန်ခူးလပြည့်ကျော်(၈)ရက် စနေနေ့၊ ညနေ(၄း၄၀)နာရီအချိန်တွင် ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီရပ်ကွက် ဦးမောင်စိန်+ဒေါ်ခင်အေး မိသားစုတို့၏ပစ္စယာနုဂ္ဂဟဖြင့် ဓမ္မသီဂီကျောင်းတိုက် ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တဥတ္တမသာရမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

အရှင်သူရဓမ္မသည် ကျောက်တန်းမြို့ ဓမ္မသီဂီကျောင်းတိုက်၊ ခရမ်းမြို့ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ သန်လျင်မြို့ မဟာမဇ္ဈိမာရုံကျောင်းတိုက်တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရအခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ သာသနမူလသမ္ဘတ္တိစာမေးပွဲ ပထမကြီး(ဒုတိယ)၊ ယမက(ဒု-တ)အုပ်တို့ကို အာဂုံ+ရေးဖြေနှစ်မျိုးဖြင့် အောင်မြင်ခဲ့သည်။

ထို့နောက် ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်သို့ တက်ရောက်ကာ သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism) ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့တို့ကို ရယူခဲ့ပြီး ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၌ ၆-၃-၂၀၀၃ နေ့မှ စတင်၍ နယဒေသကတာဝန်ကို ထမ်းဆောင်ခဲ့သည်။

ဆရာတော်သည် နယဒေသကတာဝန်ကို ထမ်းဆောင်ရင်း ပဋိပတ္တိပြသခြင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများပို့ချခြင်းတို့ဖြင့် သာသနာတော်အတွက် ဆောင်ရွက်တော်မူခဲ့သည်။ ယခုအခါ ကျောင်းတိုက်၌ ပဓာနနာယကအဖြစ်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

ရေးသားပြုစုတော်မူသော ကျမ်းစာများမှာ-

- သင်္ဂြိုဟ်ဗားကရား နိဿယကို လေ့လာခြင်း၊
- မိမိကိုယ်သာ အားကိုးရာ တို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

## နည်းပြဆရာတော်
## ဘဒ္ဒန္တမာနိတ

ဆရာတော်ဘဒ္ဒန္တမာနိတကို ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အုတ်တွင်းကျေးရွာ ခမည်းတော် ဦးတင်မောင်+မယ်တော် ဒေါ်မြင့်မြင့်အေးတို့မှ ၁၃၃၉-ခုနှစ်၊ နတ်တော်လဆန်း(၁၂)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်။ မခင်မာညို၊ မောင်မိုးမြင့်၊ မောင်မြင့်ကျော်အားဖြင့် မွေးချင်း(၃)ယောက်တွင် ဒုတိယမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်ဗိုမြင့် ဖြစ်သည်။

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အုတ်တွင်းကျေးရွာ ကန်သုံးဆင့်ကျောင်း တွင် ကန်သုံးဆင့်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်မာနိတဖြစ်သည်။

ရှင်မာနိတသည် ၁၃၆၀-ခုနှစ် ကဆုန်လဆန်း(၃)ရက် အင်္ဂါနေ့၊ နံနက်(၈း၀၀)နာရီအချိန်တွင် ငပုတောမြို့နယ်၊ ဆားဖိုကျေးရွာ ဦးလှရွှေ+ဒေါ်သောင်းကြည် မိသားစုတို့၏ပစ္စယာနုဂ္ဂဟဖြင့် ကန်သုံးဆင့်ကျောင်းတိုက် ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တကောဝိဒမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

အရှင်မာနိတသည် အုတ်တွင်းရွာ ကန်သုံးဆင့်ကျောင်းတိုက်၊ ပုသိမ်မြို့ ရွှေတောင်ကျောင်းတိုက်၊ ပုသိမ်မြို့ မဟာဝိသုဒ္ဓါရာမမောင်းထောင်ကျောင်းတိုက်နှင့် ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက်တို့၌ ပညာဆည်းပူးခဲ့ပြီး အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့သည်။ ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၌ သာသနတက္ကသီလဓမ္မာစရိယစာမေးပွဲများ၊ မဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ပြီး သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism) ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့တို့ကို ရရှိခဲ့သည်။

ဆရာတော်သည် ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၌ ၁-၂-၂၀၀၃ နေ့မှ စတင်၍ နယဒေသကတာဝန်ကို ထမ်းဆောင်ခဲ့သည်။

ဆရာတော်သည် နယဒေသကတာဝန်နှင့် အဆောင်မှူးတာဝန်တို့ကို ထမ်းဆောင်ရင်း ဇာတိရွာ၌ ဘာသာရေးဆိုင်ရာ စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်း၊ ယဉ်ကျေးမှုသင်တန်းများ ပို့ချပေးခြင်းဖြင့် သာသနာ့ဘောင်အတွက် ဆောင်ရွက်တော်မူခဲ့သည်။ ၁၃၇၀-ခုနှစ်တွင် ပျံတော်မူခဲ့သည်။

ရေးသားပြုစုတော်မူသော ကျမ်းစာများမှာ -

- ဒုတိယကုန်းဘောင်ခေတ်သာသနာ့သမိုင်းလေ့လာချက်၊
- တိက၊ စတုက္ကနိပါတ်တော်လာ နီတိကထာများတို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တဉာဏဓဇ**

ဆရာတော်ဘဒ္ဒန္တဉာဏဓဇကို မန္တလေးတိုင်းဒေသကြီး၊ သူငွေးကုန်းကျေးရွာ၌ ခမည်းတော် ဦးပေါ်မြိုင်+ မယ်တော် ဒေါ်ရွှေကြည်တို့မှ ၁၃၄၀-ခုနှစ်၊ တော်သလင်းလဆုတ် (၃)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း (၆)ယောက်တို့တွင် ဒုတိယမြောက် သားရတနာဖြစ်၍ ငယ်နာမည်မှာ မောင်ဆန်းလင်း ဖြစ်သည်။

ဆရာတော်လောင်းလျာသည် အသက် (၁၀)နှစ်အရွယ်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သူငွေးကုန်းကျောင်းဆရာတော် ဘဒ္ဒန္တကောဏ္ဍညကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဉာဏဓဇဖြစ်သည်။ ၁၃၅၉-ခုနှစ်၊ နယုန်လဆုတ် (၁)ရက်၊ တနင်္ဂနွေနေ့၊ နံနက် (၈း၀၀) အချိန်တွင် မန္တလေးတိုင်း၊ တပ်ကုန်းမြို့နယ်၊ သူငွေးကုန်းကျေးရွာ၊ သူငွေးကုန်းကျောင်းတိုက်၊ နိဗ္ဗာနသောပါဏ သိမ်၌ မန္တလေးတိုင်း၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ ငွေတောင်တောရကျောင်းတိုက်၊ ဆရာတော် ဘဒ္ဒန္တနန္ဒဝံသကို ဥပဇ္ဈာယ်ပြု၍ မန္တလေးတိုင်း၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ ဦးထွန်းပေါ်+ဒေါ်ကျင်ရွှေမိသား စုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် ရမည်းသင်းမြို့နယ်၊ စံပြသိမ်းကုန်းကျေးရွာ၊ မုဋ္ဌလိန္ဒာပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသောပါက၊ ရမည်းသင်းမြို့၊ ရန်အောင်မင်းကျောင်းပရိယတ္တိစာသင်တိုက်၊ ဆရာတော်ဘဒ္ဒန္တနန္ဒာဘာသ၊ ပဲခူးမြို့၊ ကြခတ်ဝိုင်းကျောင်းတိုက်၊ ဆရာတော်ဘဒ္ဒန္တဇောတိပါလ (အဘိဓဇမဟာရဋ္ဌဂုရု)၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူး၊ ကထိက၊ နည်းပြဆရာတော်များထံတို့တွင် ပညာသင်ယူခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism)ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့တို့ကို ရရှိတော်မူခဲ့သည်။

ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပိဋကတ်စာကြည့်တိုက်ဌာန၌ ဌာနစုမှူးတာဝန်ကို ၂၀၀၄ - ခုနှစ်မှ ၂၀၀၇-ခုနှစ်အထိ ထမ်းဆောင်ခဲ့ပြီး ၂၁-၁၂-၂၀၀၇ ရက်နေ့မှစ၍ ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။

ယခုအခါ အိန္ဒိယနိုင်ငံတွင် Ph.D အတွက် ပညာဆည်းပူးလျက်ရှိပါသည်။

ရေးသားပြုစုတော်မူသောကျမ်းစာများမှာ-

- "ကမ္မကာရကကိုလေ့လာခြင်း"၊
- ရဟန်းတော်များအတွက် ကြောက်မက်ဖွယ်အန္တရာယ်" တို့ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

**နည်းပြဆရာတော်**

**ဘဒ္ဒန္တပညာစာရ**

ဆရာတော် ဘဒ္ဒန္တပညာစာရကို စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်၊ သံဘိုကျေးရွာ၊ ခမည်းတော် ဦးထွန်းအေး+ မယ်တော် ဒေါ်ကျင်မြိုင်တို့မှ သက္ကရာဇ် ၁၃၄၃-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈-ရက်၊ သောကြာနေ့ ည ၉-နာရီအချိန်တွင် ဖွားမြင်တော်မူသည်။ မွေးချင်း ၈-ယောက်တို့တွင် အထွေးဆုံးသားရတနာဖြစ်၍ ငယ်မည်မှာ မောင်မောင်ဖြစ်သည်။

ဆရာတော်လောင်းလျာသည် ခင်ဦးမြို့၊ သံဘိုရွာ၊ ဒက္ခိဏာရာမကျောင်းတိုက်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ယင်းကျောင်းဆရာတော် ဘဒ္ဒန္တကုန္ဒောဘာသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ် ရောက်ခဲ့သည်။ ဘွဲ့မည်မှာ ရှင်ပညာစာရဖြစ်သည်။ ၁၃၆၃-ခုနှစ်၊ ကဆုန်လဆန်း ၁၁-ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၈-နာရီ ၁၅-မိနစ် အချိန်တွင် ပြေကြလေးရွာ၊ ဦးထွန်းကြွယ်+ ဒေါ်ကျင်လှတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သုံးဆယ်မြို့၊ ပြေကြလေးကျေးရွာ ဘုရားကြီးကျောင်းတိုက် အတွင်းရှိ ခဏ္ဍသိမ်တော်တွင် သာယာဝတီမြို့၊ ကျိုက်ထို ဓာတိကာရုံပရိယတ္တိစာသင် တိုက် ပဓာနနာယက၊ မြို့နယ်ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တလာဘမထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်း အဖြစ်သို့ရောက်ခဲ့သည်။

ဆရာတော်သည် ၁၆- ၉- ၂၀၀၇-ခုနှစ်မှစ၍ ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၌ နယဒေသက(နည်းပြ)အဖြစ် တာဝန်ယူလျက် စာသင်သားသံဃာတော်များ အားတို့အား ပရိယတ္တိစာပေများကို ပို့ချသင်ကြားပေးတော်မူကာ သာသနတက္ကသီလဓမ္မာစရိယဘွဲ့ရ စာသင်များ စွာ ပေါ်ထွက်စေခဲ့သည်။

ဆရာတော်သည် ၁၃၆၂-ခုနှစ်မှစ၍ ရန်ကုန်တိုင်း၊ ဥက္ကံမြို့ အရှေ့ဘက်၊ ကောက်ကွေးတန်း၊ ကုလားကုန်း၊ ဗျာစာအင်းသင်တန်းဌာနတို့တွင် သင်တန်းသားဦးရေ ၁၀၀-မှ ၃၀၀-ကျော်တို့အား ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်း၊ ဓမ္မစကြာဝတ်အသင်းများ တည်ထောင်ခြင်းတို့ကိုပြု၍ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းတို့ကို ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် ၁၆-၉-၂၀၀၇-မှစ၍ ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၌ နယဒေသက(နည်းပြ)အဖြစ် တာဝန်ယူခဲ့ပြီး ယခုအခါ အိန္ဒိယနိုင်ငံ၊ ချနိုင်းမြို့တွင် Ph.D ဒေါက်တာဘွဲ့အတွက် ကျမ်းစာများပြုစုလျက်ရှိပါသည်။

ရေးသားပြုစုသော ကျမ်းစာများမှာ -"မဟာစည်ဆရာတော်၏ အရိယာဝါသတရားတော်လေ့လာသုံးသပ်ချက်(၁၉၉၀)၊ ယုဂနဒ္ဓလေ့လာသုံးသပ်ချက်၊ အမြတ်ဆုံးကုန်ခြင်း" တို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တပရမ**

ဆရာတော်ဘဒ္ဒန္တပရမကို မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ကူရှည်ရွာမကျေးရွာ ခမည်းတော် ဦးအုန်းမောင်+မယ်တော် ဒေါ်စောလှတို့မှ ၁၃၃၉-ခုနှစ်၊ ဝါဆိုလဆန်း(၁၄)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်။ မစန်းဝင်းမှီ၊ မောင်မြတ်စံအားဖြင့် မွေးချင်း(၂)ယောက်တွင် ဒုတိယမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်မြတ်စံဖြစ်သည်။

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ကူရှည်ရွာမကျေးရွာ၊ ရေသီတာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝရပတိကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ပရမဖြစ်သည်။

ရှင်ပရမသည် ၁၃၅၉-ခုနှစ် နတ်တော်လဆန်း(၈)ရက် နံနက်(၇း၃၀)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၂၇)လမ်းနေ၊ ဦးသန်းညွန့်တင်+ဒေါ်ခင်မာဝင်း မိသားစု တို့၏ပစ္စယာနုဂ္ဂဟဖြင့် ရန်ကုန်တိုင်း ဒေသကြီး၊ လမ်းမတော်မြို့နယ်၊ သရက်တောတိုက်၊ ရေလယ်ကလေး ကျောင်းတိုက် ခဏ္ဍာသိမ်၌ ရေလယ် ကလေးကျောင်း ဆရာတော် ဘဒ္ဒန္တကောဏ္ဍညာဘိဝံသ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

အရှင်ပရမသည် ကူရှည်ရွာမကျေးရွာ၊ ရေသီတာကျောင်းတိုက်၊ ရန်ကုန်မြို့၊ သရက်တောတိုက်၊ ရေလယ်ကလေးကျောင်းတိုက်၊ တာမွေမြို့၊ ဆုထူးပန်ရွှေကျင်ကျောင်းတိုက်နှင့်ဗဟန်းမြို့၊ ညောင်တုန်းကျောင်းတိုက်တို့၌ ပညာဆည်းပူးခဲ့ပြီး အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့သည်။ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ သာသနတက္ကသီလဓမ္မာစရိယစာမေးပွဲများ၊ မဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ပြီး သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism) ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့တို့ကို ရရှိခဲ့သည်။

ဆရာတော်သည် ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဝိနယပိဋကမဟာဌာန၌ ၂၀၊ ၂ ၂၀၀၇-နေ့မှ စတင်၍ နယဒေသကတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ၂၁-၁၂-၂၀၀၇ ရက်နေ့မှစ၍ ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာနသို့ ပြောင်းရွှေ့ကာ ယနေ့တိုင် တာဝန်ထမ်းဆောင်လျက်ရှိသည်။

ဆရာတော်သည် နယဒေသကတာဝန်ကို ထမ်းဆောင်ရင်း ကျေးရွာဒေသတို့၌ အင်္ဂလိပ်စာသင်တန်းများ ဖွင့်လှစ်သင်ကြားခြင်း၊ ယဉ်ကျေးမှုသင်တန်းများ ပို့ချပေးခြင်းဖြင့် သာသနာတော်အတွက် ဆောင်ရွက်တော်မူခဲ့သည်။

ရေးသားပြုစုတော်မူသော ကျမ်းစာများမှာ -

- “တစ်ဘဝ၌တူမြဲတရားသုံးပါးကိုလေ့လာခြင်း”
- “အရွယ်နှင့်တာဝန်” တို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

**နည်းပြဆရာတော်**

**ဘဒ္ဒန္တဇနက**

ဆရာတော်ဘဒ္ဒန္တဇနကကို မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ လက်ာဒီပကျေးရွာ ခမည်းတော် ဦးဘိုးသောင်း+မယ်တော် ဒေါ်ငြိမ်းတို့မှ ၁၃၃၇-ခုနှစ်၊ နတ်တော်လပြည့်ကျော်(၁၃)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း(၁၁) ယောက်တွင် သတ္တမမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်ဇော်ဝင်းလွင် ဖြစ်သည်။

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ လက်ာဒီပရွာ၊ ရွှေလေးဆူကျောင်းတွင် ရွှေလေးဆူဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဇနကဖြစ်သည်။

ရှင်ဇနကသည် ၁၃၅၈-ခုနှစ် ကဆုန်လဆန်း(၁၃)ရက် ကြာသပတေးနေ့၊ နံနက်(၉း၃၀)နာရီအချိန်တွင် မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ် ဦးရွှေခြံ+ဒေါ်ညွန့်ညွန့် မိသားစုတို့၏ပစ္စယာနုဂ္ဂဟဖြင့် မန္တလေးမြို့ မုန်ကင်းပဠောတာရုံကျောင်းတိုက် ခဏ္ဍသိမ်၌ မုန်ကင်းရိပ်သာဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

အရှင်ဇနကသည် လက်ာဒီပရွာ ရွှေလေးဆူကျောင်းတိုက်၊ မန္တလေးမြို့ မုန်ကင်းပဠောတာရုံကျောင်းတိုက်၊ အင်းစိန်မြို့ ရွာမပရိယတ္တိစာသင်တိုက်တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရအခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ သဒ္ဓမ္မပဠောတကပထမငယ်၊ ပထမလတ်၊ အင်းစိန်ဝိနယာဓိက ပထမကြီးတန်း တို့ကို အောင်မြင်ခဲ့သည်။ ထို့ပြင် ဆူးလေအဘိဓမ္မာစာမေးပွဲတို့ကို အောင်မြင်ပြီး စူဠအာဘိဓမ္မိက အဂ္ဂဝိသာရဒ ဉာဏ ဘွဲ့ကို ရရှိခဲ့သည်။ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ သာသနတက္ကသီလဓမ္မာစရိယ စာမေးပွဲများ၊ မဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ပြီး သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism) ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့တို့ကို ရရှိခဲ့သည်။

ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၌ ဧည့်ဒေသကတာဝန်၊ ကွန်ပျူတာသင်တန်း နည်းပြတာဝန်တို့ကို ၂၀-၁၂-၂၀၀၇ နေ့မှ စတင်၍ ယနေ့တိုင် ထမ်းဆောင်လျက်သည်။ ယင်းတာဝန်များကို ထမ်းဆောင်ရင်း မိမိဇာတိဖြစ်သော လက်ာဒီပရွာ၌ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများနှင့်တွဲဘက်၍ ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်းတို့ကို နှစ်စဉ် ကိုယ်တိုင် သင်ကြားပေးခြင်းအားဖြင့် သာသနာတော်အတွက် ဆောင်ရွက်တော်မူလျက်ရှိသည်။

ရေးသားပြုစုတော်မူသော ကျမ်းစာများမှာ -

- ဓမ္မပဒဂါထာအမှတ်(၆၁) လေ့လာသုံးသပ်ချက်၊
- ပဓာနိယင်္ဂတရားငါးပါးလေ့လာသုံးသပ်ချက်၊
  (ဘဝလွတ်မြောက်ရေးလမ်းစဉ်၊)
- အဋ္ဌဝကသုတ်တော်ကို လေ့လာခြင်းတို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန
**နည်းပြဆရာတော်**
## ဘဒ္ဒန္တ ဥတ္တရာနန္ဒ

ဆရာတော်ဘဒ္ဒန္တဥတ္တရာနန္ဒကို မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ အင်းလယ်ကျေးရွာ ခမည်းတော် ဦးတင်ရွှေ+မယ်တော် ဒေါ်ဝိုင်းပုတို့မှ ၁၃၄၁-ခုနှစ်၊ ကဆုန်လဆန်း(၄)ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း(၄)ယောက်တွင် ပထမမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်မြင့်ဦးဖြစ်သည်။

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ သာသနာ့အလင်းရောင်ကျောင်းတွင် ဩဝါဒါစရိယဆရာတော်ဘဒ္ဒန္တကဝိဓဇကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဥတ္တရာနန္ဒဖြစ်သည်။

ရှင်ဥတ္တရာနန္ဒသည် ၁၃၆၀-ခုနှစ် တန်ဆောင်မုန်းလဆန်း(၆)ရက် တနင်္ဂနွေနေ့၊ နံနက်(၈)နာရီအချိန်တွင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ အမှတ်(၈၈)နေ ဦးကျော်သိန်း+ဒေါ်သန်းသန်းမိသားစုနှင့် မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟဖြင့် သင်္ကန်းကျွန်းမြို့နယ်၊ ရွှေနားပန်ကျောင်းတိုက် ခဏ္ဍသိမ်၌ ဖက်ပင်အိုင် စာသင်တိုက် ဆရာတော် ဘဒ္ဒန္တဂန္ဓမာဘိဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

အရှင်ဥတ္တရာနန္ဒသည် သရက်မြို့နယ်၊ အင်းလယ်ကျေးရွာ၊ ရွာဦးကျောင်းဆရာတော်ဘဒ္ဒန္တကောသလ္လ၊ သရက်မြို့၊ အလင်းရောင်ကျောင်းတိုက်၊ ဆရာတော်ဘဒ္ဒန္တကဝိဓဇနှင့် ဘဒ္ဒန္တကုသလ။ ပဲခူးမြို့၊ ကြခတ်ဝိုင်း ကျောင်းတိုက်၊ ဘဒ္ဒန္တဇောတိပါလနှင့် တိုက်အုပ်နာယက၊ စာချဆရာတော်များ၊ တာမွေမြို့၊ ဆုထူးပန်ကျောင်းတိုက်၊ ဘဒ္ဒန္တသလ္လာပဏ္ဍိတနှင့် တိုက်အုပ်နာကစာချဆရာတော်များ။ သင်္ကန်းကျွန်းမြို့၊ ဖက်ပင်အိုင်ကျောင်းတိုက်၊ ဘဒ္ဒန္တဂန္ဓမာဘိဝံသနှင့် တိုက်အုပ်နာယက စာချဆရာတော်များ။ အင်းစိန်မြို့၊ ရွှေရင်အေးမဟာစည်သာသနာ့ရိပ်သာ၊ ဆရာတော်ဘဒ္ဒန္တပညာနန္ဒ။ ကော့မှူးမြို့၊ ငြိမ်းအေးချမ်းသာကျောင်းတိုက်၊ ဘဒ္ဒန္တခေမာနန္ဒတို့အထံ၌ ပညာ ဆည်းပူးခဲ့ပြီး အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့ ပါသည်။

ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ သာသနတက္ကသီလဓမ္မာစရိယစာမေးပွဲများ၊ မဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ပြီး သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism)ဘွဲ့ကို ရယူခဲ့သည်။ ဆရာတော်သည် မဟာဓမ္မာစရိယဘွဲ့ယူကျမ်းစာကို ပြုစုရင်းဖြင့် ပိဋကတ်ဆိုင်ရာ အင်္ဂလိပ် စာပေဌာန၌ ၁၉-၆၊ ၂၀၀၈- နေ့မှစတင်၍ နယဒေသကတာဝန်နှင့် ကရင်ပြည်နယ် ဝိဇ္ဇာလယကျောင်းဆောင်၏ လက်ထောက် အဆောင်မှူးတာဝန်တို့ကို ယနေ့တိုင်ထမ်းဆောင်လျက်ရှိသည်။

ဆရာတော်သည် နယဒေသကတာဝန်ကို ထမ်းဆောင်ရင်း တရားဓမ္မများဟောပြောပြသခြင်း၊ သထုံမြို့နယ်၊ ကြာပန်းကျေးရွာ၌ အင်္ဂလိပ်စာသင်တန်းနှင့် ယဉ်ကျေးမှုသင်တန်းများ ပို့ချပေးခြင်း၊ မိမိ၏ဇာတိရွာ၌ ယဉ်ကျေးမှု သင်တန်းများ ပို့ချပေးခြင်းဖြင့် သာသနာတော်အတွက် ဆောင်ရွက်တော်မူခဲ့ပါသည်။

ရေးသားပြုစုတော်မူသော ကျမ်းစာများမှာ -

- စတုတ္ထသံဂါယနာ လေ့လာချက်စာတမ်း၊
- အရှုခံနှင့် အရှုဉာဏ်၊
- မဟာသုတသောမပျို့ကို ဖွင့်ဆိုခြင်း(စတုတ္ထပိုင်း) ကျမ်းတို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

## နည်းပြဆရာတော်
## ဘဒ္ဒန္တဝိမလ

ဆရာတော် ဘဒ္ဒန္တဝိမလကို ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ကျောက်ချောင်းကျေးရွာ၌ ခမည်းတော် ဦးတင်ထွေး+မယ်တော် ဒေါ်စောခင်တို့မှ ၁၃၄၀-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၈)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း (၅)ယောက်တွင် တတိယမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်အောင်မိုး ဖြစ်သည်။

ဆရာတော်လောင်းလျာသည် သက်တော် (၈)နှစ် အရွယ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ကျောက်ချောင်းကျေးရွာ၊ ဓမ္မရက္ခိတကျောင်း ဆရာတော်ဘဒ္ဒန္တဝဏ္ဏိတမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ကျောက်ချောင်းကျေးရွာ ဦးတင်ခ+ဒေါ်သိန်းတင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဝိမလ ဖြစ်သည်။

ရှင်ဝိမလသည် ၁၃၆၀-ခုနှစ်၊ နတ်တော်လဆန်း (၈)ရက်၊ ကြာသပတေးနေ့၊ နံနက် (၈း၄၅)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ကျောင်းတိုက် ခဏ္ဍသိမ်၌ ရန်ကုန်တိုင်းဒေသကြီး၊ ကလာ တောင်ညွန့်မြို့နယ်၊ အသီတိကျောင်းတိုက် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တမာဃမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်နေ ဦးကြည်ရှိန်+ဒေါ်အမာတူ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ် သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ အရှင်ဝိမလ ဖြစ်သည်။

အရှင်ဝိမလသည် ကျောက်ချောင်းကျေးရွာ ဓမ္မရက္ခိတကျောင်းဆရာတော် ဘဒ္ဒန္တဝဏ္ဏိတ၊ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ ပြည်လုံးပေါ်ဘုရားကြီးစာသင်တိုက် ဆရာတော် ဘဒ္ဒန္တနန္ဒဝံသနှင့် စာချဆရာတော်များ၊ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ တောင်ညိုစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကောမလနှင့် စာချဆရာတော်များ ညောင်တုန်းမြို့ ရွှေဟသာ်တောရပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကုန္ဒဝံသနှင့် စာချဆရာတော်များ အထံ၌ ပညာသင်ယူခဲ့ပြီး အစိုးရပထမပြန် အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း တို့ကို အောင်မြင်ခဲ့သည်။

ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ သာသနတက္ကသီလဓမ္မာစရိယစာမေးပွဲများ၊ ဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ပြီး သာသနတက္ကသီလဓမ္မာစရိယ B.A. (Buddhism)ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A. (Buddhism)ဘွဲ့ တို့ကို ရရှိခဲ့သည်။

ဆရာတော်သည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့နယ်၊ ၁၀၅-မိုင် သာသနာပြုဌာန၌ နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုတာဝန်ကို ၂၀၀၆ ခုနှစ် ၁၂-လပိုင်းမှ ၂၀၀၉ ခုနှစ် ၅-လပိုင်းအထိ ထမ်းဆောင်ခဲ့ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၊ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၌ ၂၀-၅-၂၀၀၉ မှ ယနေ့အချိန်အထိ နယဒေသကတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။

ရေးသားပြုစုတော်မူသော ကျမ်းစာများမှာ -

- ဗုဒ္ဓနိုင်ငံတော်ကျမ်းစာကို ခေတ်လေ့လာနည်းဖြင့်လေ့လာခြင်း၊
- အဂတိတရားလေးပါးကိုလေ့လာခြင်း တို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)

ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

**တွဲဖက်ပါမောက္ခဆရာကြီး**

**ဒေါက်တာသိန်းလှိုင်**

ဒေါက်တာသိန်းလှိုင်ကို ရခိုင်တိုင်းရင်းသားများဖြစ်ကြသော ဦးသာထွန်း(ယစ်မျိုးဝန်)+ဒေါ်စိန်ဖွားတို့က ၁၉၃၇-ခုနှစ်၊ မတ်လ ၁၉-ရက်၊ သောကြာနေ့တွင် ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့၌ ဖွားမြင်သည်။ စစ်ပြီးကာလ ၁၉၄၇-ခုနှစ်မှစ၍ ရန်ကုန်မြို့ရှိ စိန့်ပြန်း၊ ဒိုင်အိုစီစင်ယောကျ်ားလေးကျောင်းတို့တွင် စတင်ပညာသင်ယူခဲ့ပြီး ၁၉၅၃-ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည်။

၁၉၅၃-ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ပညာသင်ကြားခဲ့ပြီး ၁၉၅၆-ခုနှစ်တွင် ဩစတေးလျနိုင်ငံ University New South Wales ၌ သတ္တုတူးဖေါ်ရေးအင်ဂျီနီယာဘာသာရပ်ကို လက်တွေ့လေ့လာသင်ကြားပြီး ရန်ကုန်စက်မှုတက္ကသိုလ်မှ ဘွဲ့များလည်း ရရှိခဲ့သည်။ ၁၉၆၆-ခုနှစ်မှစ၍ ရန်ကုန်စက်မှုတက္ကသိုလ် သတ္တုတူးဖေါ်ရေးအင်ဂျင်နီယာဌာနတွင် ဆရာအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၆၈-ခုနှစ်တွင် ဂျာမနီနိုင်ငံ T.U. Berkademie Freiberg တက္ကသိုလ်၌ ပညာသင်ယူ၍ သတ္တုတူးဖေါ်ရေးအင်ဂျင်နီယာဘာသာရပ်တွင် ပါရဂူဘွဲ့ရရှိခဲ့သည်။ ရန်ကုန်စက်မှုတက္ကသိုလ် သတ္တုတူးဖေါ်ရေးအင်ဂျင်နီယာဌာနတွင် ၁၉၈၈-ခုနှစ်မှ ၁၉၉၂-ခုနှစ်အထိ တွဲဖက်ပါမောက္ခအဖြစ်လည်းကောင်း၊ ၁၉၉၂-ခုနှစ်မှ ၁၉၉၇-ခုနှစ် အငြိမ်းစားယူသည်အထိ ပါမောက္ခ၊ ဌာနမှူး အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

သတ္တုတူးဖေါ်ရေးအင်ဂျင်နီယာဌာန၌ တာဝန်ထမ်းဆောင်နေစဉ် ရန်ကုန်စက်မှုတက္ကသိုလ် ဗုဒ္ဓဘာသာမိသားစုတွင် ၁၉၇၅-ခုနှစ်မှစ၍ သွေးလှူရှင်စည်းရုံးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ၁၉၈၀-ခုနှစ်မှစ၍ ၁၉၉၇ အထိ ဥက္ကဋ္ဌ၊ ၁၉၇၅-မှ ၁၉၉၇ အထိ ရန်ကုန်စက်မှုတက္ကသိုလ်ရခိုင်ကျောင်းသားများစာပေနှင့်ယဉ်ကျေးမှုဥက္ကဋ္ဌ၊ ၁၉၈၆-မှ ၁၉၉၃ အထိ ရန်ကုန်တက္ကသိုလ်များဗုဒ္ဓဘာသာအသင်းကြီး၏(နောက်ဆုံး)ဥက္ကဋ္ဌ၊ ၁၉၉၃-မှ ၁၉၉၇ အထိ ရန်ကုန်တက္ကသိုလ်များတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းကြီး၏ ဥက္ကဋ္ဌ၊ ၁၉၈၂-မှ ၁၉၉၃ အထိ မင်းကွန်းဆရာတော်ကြီးဦးဆောင်သော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ(ရန်ကုန်/မန္တလေး)ဆောက်လုပ်လှူဒါန်းရေး ဗဟိုကော်မတီကြီး၏အဖွဲ့ဝင်နှင့် ဘဏ္ဍာရေး၊ ဆောက်လုပ်ရေးဆပ်ကော်မတီတို့တွင် အဖွဲ့ဝင်၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များနှင့် ရန်ကုန်တိုင်း ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဆရာဖြစ်သင်တန်းများ စတင်ဖွင့်လှစ်ချိန်က သင်တန်းပြဆရာ၊ ၁၉၈၈-မှ ၁၉၉၇ အထိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၊ တွဲဖက်ပါမောက္ခ၊ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဝင်၊ ၁၉၉၅-ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းသည့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကြီး၏ ဗဟိုကော်မတီဝင်အဖြစ်နှင့် ရာသက်ပန်အဖွဲ့ဝင်စသော တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ယခုအခါ ရန်ကုန်၊ မန္တလေး၊ နိုင်ငံခြားဘာသာသင်တက္ကသိုလ်များ၏ ဂျာမန်ဘာသာသင်ကြားရေးဘုတ်အဖွဲ့တွင် တာဝန်ယူဆောင်ရွက်ရင်း ဇနီး ဒေါ်ခင်ခင်ချို(ဌာနခွဲမှူး၊ စွမ်းအင်)၊ သမီးကြီးဒေါ်စိန်ရွှေဦး (နိုင်ငံခြားဘာသာသင် တက္ကသိုလ်၊ မန္တလေး)၊ သမီးငယ် မအေးမိုးသွယ်(ရန်ကုန် ဆေးဝါးဘာသာရပ်တက္ကသိုလ်) တို့နှင့်အတူ အမှတ် ၃၇၊ မင်္ဂလာလမ်း၊ စမ်းချောင်းတွင် နေထိုင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

**တွဲဖက်ပါမောက္ခဆရာကြီး**
**ဒေါက်တာမျိုးမြင့်**

ဒေါက်တာမျိုးမြင့်ကို ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့၌ အဖဦးသိန်းမောင်+အမိဒေါ်သန်းတင်တို့က ၁၃၀၅-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁)ရက် (၂၆၊ ၂၊ ၁၉၄၅)၊ ကြာသပတေးနေ့တွင် ဖွားမြင်သည်။

လသာ(၁) အစိုးရအထက်တန်းကျောင်း၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ ဩစတေးလျနိုင်ငံ မောနက်ရှ် တက္ကသိုလ်၊ အမေရိကန်ပြည်ထောင်စု ကောနဲလ်တက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့သည်။

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် မှ ဝိဇ္ဇာ(ဂုဏ်ထူး)၊ ဩစတေးလျနိုင်ငံ မောနက်ရှ်တက္ကသိုလ်မှ မဟာဝိဇ္ဇာ၊ အမေရိကန်ပြည်ထောင်စု ကောနဲလ်တက္ကသိုလ်မှ ပါရဂူဘွဲ့တို့ကို ရရှိခဲ့သည်။

၁၉၆၈-ခုနှစ်မှ စ၍ ၁၉၇၈-ခုနှစ်အထိ လန်းစဉ်ပါတီဌာနချုပ်၊ နိုင်ငံတကာရေးရာဌာန၊ စာပြု၊ စာပြုတာဝန်ခံ၊ ၁၉၇၈-ခုနှစ်မှ ၁၉၉၇-ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်၊ မုံရွာ ဒီဂရီကောလိပ်၊ မန္တလေးတက္ကသိုလ် သမိုင်းဌာန၌ နည်းပြ၊ လက်ထောက်ကထိက၊ ကထိကတာဝန်များကိုလည်းကောင်း၊ ၁၉၉၇-ခုနှစ်မှ ၂၀၀၀-ခုနှစ်အထိ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၌ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ၂၀၀၀-ခုနှစ်မှ ၂၀၀၅-ခုနှစ်အထိ ညွှန်ကြားရေးမှူးချုပ်၊ ၂၀၀၅-ခုနှစ်မှ ၂၀၁၀-အထိ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၌ ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ခဲ့သည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၌ ၁၉၉၈-ခုနှစ်မှ ၂၀၀၀-ခုနှစ်အထိ တွဲဖက်ပါမောက္ခတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ယခုအခါ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ဧည့်ပါမောက္ခအဖြစ် ဆောင်ရွက်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

**တွဲဖက်ပါမောက္ခဆရာကြီး**
**ဦးရဲမြင့်**

ဦးရဲမြင့်ကို ၁၉၄၂-ခုနှစ် ဇန်နဝါရီလ ၁၄-ရက်နေ့တွင် အဖဦးလှဖေ+အမိဒေါ်အေးရင်တို့က မကွေးတိုင်း၊ တောင်တွင်းကြီးမြို့၊ ရွှေအိုးရပ်၌ ဖွားမြင်သည်။

အခြေခံမူလတန်းပညာရပ်ကို တောင်တွင်းကြီးမြို့တွင်လည်းကောင်း၊ အလယ်တန်းနှင့်အထက်တန်းပညာရပ်ကို ရေနံချောင်းမြို့တွင်လည်းကောင်း၊ အဆင့်မြင့် ပညာရပ်များကို မကွေးကောလိပ်နှင့် ရန်ကုန်တက္ကသိုလ်တို့၌လည်းကောင်း M Sc ဘွဲ့ရသည်အထိ သင်ယူခဲ့သည်။

သာသနာရေးဝန်ကြီးဌာနတွင် ဗုဒ္ဓဘာသာအခြေခံအင်္ဂလိပ်စကားပြောနည်းပြ အဖြစ်လည်းကောင်း၊ ၂၀၀၃-ခုနှစ်မှ ၂၀၀၇-ခုနှစ်အထိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၌ တွဲဖက်ပါမောက္ခအဖြစ်လည်းကောင်း၊ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း ဘာသာသာသနာအတွက် ထမ်းရွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

## တွဲဖက်ပါမောက္ခဆရာကြီး
## ဒေါက်တာမြင့်လှိုင်

ဒေါက်တာမြင့်လှိုင်ကို ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့၊ ဈေးပိုင်ရပ်၌ အဖဦးဘမောင်+အမိဒေါ်အေးကျင်တို့က ၁၉၄၇-ခုနှစ်၊ စတင်ဘာလ ၂၈-ရက်နေ့တွင် ဖွားမြင်သည်။

ကွမ်းခြံကုန်းမြို့၊ အမျိုးသားအထက်တန်းကျောင်း (ယခု အ-ထ-က ၂ ကွမ်းခြံကုန်း)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ ဝီနိုင်းအင်္ဂလိပ်စာအကယ်ဒမီနှင့် လန်ဒန်မြို့ စိန့်ဂျော့(ဂျ်) ကောလိပ်တို့တွင် ပညာသင်ကြားခဲ့သည်။ စိန့်ဂျော့(ဂျ်) ကောလိပ်မှ Ph D(E,Litt)ဘွဲ့ကို ရရှိခဲ့သည်။

ပါတီသုတေသနဌာနကြီး(၁၉၇၂-၁၉၈၀)ပညာ့ဗိမာန်အင်္ဂလိပ်စာစင်တာ၊ ကွမ်းခြံကုန်မြို့(၁၉၇၆-၁၉၈၆)၊ ဝီနိုင်းအင်္ဂလိပ်စာအကယ်ဒမီ၊ ထိုင်းနိုင်ငံ(၁၉၈၆-၁၉၈၈)၊ မြန်မာ့ရီဗျူးအင်္ဂလိပ်မဂ္ဂဇင်းတိုက်နှင့် အင်္ဂလိပ်စာစင်တာ(၁၉၈၉-၁၉၉၆) Forever Group Ltd. ကွန်ပျူတာအင်္ဂလိပ်စာဌာန(၁၉၉၆-၁၉၉၈)၊ နေလပညာရေးနှင့်ပညာဗိမာန်(PBM) ပညာရေးသမဝါယမလီမိတက်များတွင် အချိန်ပိုင်းအင်္ဂလိပ်စာဆရာ (၁၉၉၆-၂၀၀၂)၊ သာသနာရေးဝန်ကြီးဌာန၊ ပထသတက္ကသိုလ်၊ အင်္ဂလိပ်စာဌာန(၁၉၉၈-၂၀၀၃) နှင့် ရန်ကုန်မြို့ ကုန်သည်ကြီးများဘိုတယ်တွင် အင်္ဂလိပ်စာပြဆရာအဖြစ် ၂၀၀၃-မှ-၂၀၀၅ -ခုနှစ်အထိ လုပ်ကိုင်ခဲ့သည်။

၂၀၀၇ -ခုနှစ်မှ စ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၌ တွဲဖက်ပါမောက္ခတာဝန်ကို ဆောင်ရွက်ရင်း မွေးရပ်ဇာတိဖြစ်သော ကွမ်းခြံကုန်းမြို့၌ Kungyangone Buddhist College ကိုလည်း တည်ထောင်ခဲ့သည်။ ၂၀၀၉-ခုနှစ် ဇွန်လ၁၈-ရက်နေ့တွင် ကွယ်လွန်သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

## တွဲဖက်ပါမောက္ခဆရာကြီး
## ဦးဖေအောင်

ဆရာကြီး ဦးဖေအောင်(ခ)ဦးဖေညွန့်သည် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၌ အဖ ဦးစော အမိ ဒေါ်မမကြီးတို့မှ ၁၉၄၅-ခု၊ စက်တင်ဘာလ၊ ၂၈-ရက်နေ့တွင်ဖွားမြင်ပါသည်။

ငယ်စဉ်က(၁၉၅၃ မှ ၁၉၆၂ အထိ) United Christian High School (ယခု-အထက(၄) အလုံ)တွင် ၁၀-တန်းအထိ ပညာသင်ကြားခဲ့ပါသည်။ ၁၉၆၄ ခုနှစ်တွင် ပညာရေးတက္ကသိုလ်(ရန်ကုန်)တွင် ပညာသင်ကြားခဲ့ပြီး ၁၉၆၉-ခုနှစ်တွင် B.Ed(Teaching of English) ဖြင့် ဘွဲ့ရခဲ့ပါသည်။

ဆရာကြီးသည် ၁၉၆၉ မှ ၁၉၈၃ ခုနှစ်အထိ အစိုးရအထက်တန်းကျောင်းများတွင်လည်းကောင်း၊ မြန်မာနိုင်ငံစာစစ်အဖွဲ့တွင်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၈၃-မှ ယနေ့အထိ ပြင်ပတွင် ကိုယ်ပိုင်နည်းပြသင်တန်းဖွင့်၍ အင်္ဂလိပ်စာသင်ကြားပို့ချခဲ့သည်။ ၂၀၀၉-ခုနှစ် စက်တင်ဘာလ ၆-ရက်မှစ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် စတင်တာဝန်ထမ်းဆောင်သည်။ ယခု ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ် ရှင်စောပုဘုရားလမ်း၊ အမှတ်(၂၃)တွင် နေထိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

## တွဲဖက်ကထိကဆရာကြီး
## ဦးအောင်သိန်းညွန့်

ဦးအောင်သိန်းညွန့်ကို ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့နယ်၊ ရွာသာကုန်းကျေးရွာ၌ အဖဦးဘလှိုင်+အမိ ဒေါ်မယ်မျှင်တို့က ၁၉၅၂-ခုနှစ်၊ ဒီဇင်ဘာလ ၁၇-ရက်တွင် ဖွားမြင်သည်။ ငယ်စဉ်က ရွာသာညွန့်ဆရာတော် ဦးသုဓာတထံတွင် အခြေခံပိဋကတ်စာပေများကို သင်ကြား၍ ရွာသာညွန့် အ-မ-က၊ ညောင်တုန်း အ-လ-က တို့၌ ပညာသင်ကြားခဲ့သည်။

၁၉၆၉-၁၉၇၀-၁၉၇၁-ခုနှစ်များတွင် ညောင်တုန်းမြို့၊ ရွှေဟသ်ာတောရပါဠိတက္ကသိုလ်၌ ပညာသင်ကြားလျက် ရှင်သာမဏေဘဝဖြင့် အစိုးရပထမကျော်နှင့် ဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့သည်။ ၁၉၇၈-ခုနှစ်တွင် ရန်ကုန်ပညာရေးတက္ကသိုလ်မှ အင်္ဂလိပ်ဘာသာအဓိကဖြင့် ဘီအေဘွဲ့ ရရှိခဲ့သည်။ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီ၌ ပြတိုက်ထိန်းသိမ်းရေးမှူးပညာကိုလည်း သင်ယူခဲ့သည်။

၁၉၇၉-ခုနှစ်မှစ၍ သာသနာဦးစီးဌာနသို့ရောက်ရှိ၍ လက်ထောက်ကျမ်းပြုမှူး၊ လက်ထောက်သုတေသနပြုမှူး၊ လက်ထောက်စာကြည့်တိုက်မှူး၊ သုတေသနမှူးတာဝန်တို့ကိုထမ်းဆောင်ခဲ့ပြီး သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၌ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးတာဝန်များကို အဆင့်ဆင့် ထမ်းဆောင်ခဲ့သည်။

၁၉၉၃-မှ ၁၉၉၈-အထိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၌ တွဲဖက်ကထိကတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ၁၉၉၉-၂၀၀၀ ပညာသင်နှစ်တွင် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ညွှန်ကြားရေးမှူး(စီမံ)တာဝန်ကို ထမ်းရွက်ရင်း ပါဠိဘာသာရပ်ကို သင်ကြားပို့ချခဲ့သည်။ ယခုအခါ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၌ ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

**တွဲဖက်ကထိကဆရာကြီး**

## ဦးမြတ်ကိုကို

ဦးမြတ်ကိုကို ကို ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်၌ အဖဦးကြည် + အမိ ဒေါ်သန်းသန်းတို့မှ ၁၉၆၉-ခု၊ ဧပြီလ ၂၅-ရက် ကြာသပတေးနေ့တွင် ဖွားမြင်သည်။

မြစ်ကြီးနားမြို့ အ-ထ-က(၂)တွင် သတ္တမတန်းအထိ၊ ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် အ-ထ-က(၁) တွင် ဒသမတန်းအထိ၊ ရန်ကုန် အဝေးသင်တက္ကသိုလ်တွင် B.Sc (Math) ဘွဲ့ရသည်အထိ ပညာသင်ကြားခဲ့သည်။

ဘွဲ့ရပြီးနောက် ဆရာဦးမိုးဟိန်း(သားဂျာနယ်ကျော်)၏ အထံ၌ အင်္ဂလိပ်ဘာသာစကားနှင့် စာပေကို လေ့လာခဲ့သည်။ ဆရာဦးမိုးဟန်း၏ တိုက်တွန်းချက်ကြောင့်ပင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၌ တွဲဖက်ကထိကတာဝန်ကို ၂၀၀၆ -ခုနှစ်မှစ၍ ၂၀၁၁-ခု ဇန်နဝါရီလအထိ ထမ်းဆောင်ခဲ့သည်။

အလွတ်သင်ကျောင်းများ၌ အင်္ဂလိပ်စာသင်တန်းများကို ပို့ချရင်း အမျိုးဘာသာ သာသနာအကျိုးကိုလည်း ဆောင်ရွက်သည်။ နေရပ်လိပ်စာမှာ အမှတ် ၇၄-သုနန္ဒာ ၂-လမ်း၊ ထ-ရပ်ကွက်၊ မြောက်ဥက္ကလာပ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

## တွဲဖက်ကထိကဆရာကြီး
## ဦးစောမြအောင်

ဦးစောမြအောင်ကို ရခိုင်ပြည်နယ်၊ မင်းပြားမြို့၌ ဖခင်ဦးဦးစောမြ+မိခင်ဒေါ်ဖြူမတို့မှ ၁၉၈၆-ခုနှစ်၊ ဇွန်လ ၁-ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ ငယ်စဉ်က အ-မ-က (၁) မင်းပြား၌ စတင်ပညာသင်ကြားခဲ့ပြီး အ-ထ-က (၂) စစ်တွေမှ ဒသမတန်းကို အောင်မြင်ခဲ့သည်။

၁၉၉၂-ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ B.Sc (Hons) Geology ဘွဲ့နှင့် ၂၀၀၅-ခုနှစ်တွင် M.A.(TEFL) ဘွဲ့ကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ၁၉၉၉-ခုနှစ်တွင် Dip.in B Dh ၊ ၂၀၀၂-ခုနှစ်တွင် B.A(B Dh) ၊ ၂၀၀၅-ခုနှစ်တွင် M.A(B Dh) ဘွဲ့ကိုလည်းကောင်း ရရှိခဲ့ပြီး Ph D ဘွဲ့အတွက် သုတေသနပြုလျက်ရှိသည်။

၁၉၉၂-ခုနှစ်မှစ၍ အင်္ဂလိပ်စာ အလွတ်နည်းပြဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။ သုတေသနစာတမ်းများနှင့် ဆောင်းပါးပေါင်း(၂၀)ကျော်ကိုလည်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့ပြီး ဘာသာပြန်လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

၂၀၀၉-ခုနှစ် ဇွန်လမှစ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၌ တွဲဖက်ကထိကတာဝန်ကို ဆောင်ရွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

## ဆရာကြီး ဦးမိုးဟိန်း

ဦးမိုးဟိန်းကို ဂျာနယ်ကျော် ဦးချစ်မောင်+ဂျာနယ်ကျော် ဒေါ်မမလေးတို့က ရန်ကုန်မြို့ ရေကျော်ရပ်၌ ၁၉၄၂-ခုနှစ် ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ဖွားမြင်သည်။

ငယ်စဉ်က ရန်ကုန်မြို့ စိန့်ဥ္စန်း ကွန်ဗင့်ကျောင်း၊ အိန္ဒိယနိုင်ငံ ဒါဂျီလင် နော့သ်ပွိုင့် St. Joseph's College ရန်ကုန်မြို့ စိန်ပေါလ်ကျောင်း၊ မေမြို့ St. Albert's High School တို့တွင် ပညာသင်ကြားခဲ့ပြီး 'လှ' အလွတ်သင်ကျောင်းမှ (၁၀)တန်း စာမေးပွဲအောင်ခဲ့သည်။

၁၉၆၃-ခုနှစ်တွင် သမိုင်းအဓိကဖြင့် ဝိဇ္ဇာဘွဲ့ရရှိပြီးနောက် ၁၉၇၄-ခုနှစ်တွင် မဟာဝိဇ္ဇာ နောက်ဆုံးနှစ် ရေးဖြေ စာမေးပွဲကို အောင်မြင်ခဲ့သည်။ ၁၉၇၃-၇၅-ခုနှစ်များတွင် ရန်ကုန်တက္ကသိုလ် သမိုင်းဌာန၏ တာဝန်ပေးချက်အရ သက်ကြီးတက္ကသိုလ်တွင် အချိန်ပိုင်းနည်းပြအဖြစ် ထမ်းဆောင်ခဲ့သည်။ ၁၉၇၅-ခုနှစ်တွင် အင်ဒိုနီးရှား သံရုံး(စီးပွားရေးဌာန)တွင် အဆင့် (၁) လက်ထောက်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၅၅)နှစ်အရွယ်တွင် မိမိဆန္ဒဖြင့် အလုပ်ထွက်၍ စာရေးဆရာနှင့် ပညာဒါနအင်္ဂလိပ်စာပြဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၌ ၂၀၀၂-ခုနှစ်မှ ၂၀၀၆-ခုနှစ်အထိ ပညာဒါန အင်္ဂလိပ်စာပြဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၃၊ ၉၊ ၂၀၁၀ တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ကြည်ကြည်နုနှင့် သား မောင်မိုးသန့်၊ သမီး ဟိန်းဟိန်းမြတ်ကို တို့ ကျန်ရစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

**နည်းပြဆရာကြီး**
**ဦးခင်မောင်ဌေး**

ဦးခင်မောင်ဌေးကို စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ကံပြားပေကုန်းကျေးရွာ၌ အဖ ဦးတုတ်ကြီး၊ အမိ ဒေါ်သန်းလှတို့မှ ၁၃၃၁-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၄)ရက်၊ (၃·၇·၁၉၆၉) ကြာသပတေးနေ့ နံနက် (၃း၀၀)နာရီ အချိန်တွင် ဖွားမြင်ခဲ့သည်။ မွေးချင်းသား (၄)ယောက်တို့တွင် တတိယမြောက်သား ဖြစ်ပါသည်။

အသက် (၁၃)နှစ်အရွယ်တွင် သာမဏေဝတ်၍သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့သည်။ ဒုသမတန်းအထိ ပညာသင်ကြားခဲ့သည်။ သက္ကရာဇ် ၁၃၅၂-ခု၊ နတ်တော်လဆန်း (၅)ရက်နေ့ နံနက် (၈)နာရီ (၅)မိနစ်အချိန်တွင် ဓမ္မဝတီကျောင်း ခဏ္ဍသိမ်တွင် ဆရာတော်ဦးစန္ဒောဘာသကို ဥပဇ္ဈာယ်ပြု၍ ဦးသိန်း+ဒေါ်တင်ရီတို့၏ ဒါယကာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ ရဟန်းဘဝဖြင့် သာသနဓဇဓမ္မာစရိယဘွဲ့နှင့် သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism)ဘွဲ့ ရရှိခဲ့သည်။ ထို့နောက် လူဝတ်လဲ၍ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ပြည်ပသာသနာပြုဌာနခွဲ ကျမ်းပြုဌာနစု၌ စာပေလ/ထ-၃ အဖြစ် ၂၀၀၉-ခုနှစ်၊ စက်တင်ဘာလ (၈)ရက်နေ့အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ သာသနာရေးဝန်ကြီးဌာန၏ ဦးဆောင်ကြီးကြပ်မှု၊ စင်္ကာပူနိုင်ငံ မဟာကရုဏာအသင်း၏ ပံ့ပိုးကူညီမှုဖြင့် ဖွင့်လှစ်ခဲ့သော အင်္ဂလိပ်စာ ကျွမ်းကျင်မှုသင်တန်း(Intermediate)၌ ပထမရရှိခဲ့သည်။

ဦးခင်မောင်ဌေးသည် ဓမ္မစာစောင်များ၌ ဝတ္ထုတို/ရှည်နှင့် ဆောင်းပါးများကို ရေးသားခဲ့သည်။ ဆုထူးပန် မွေစာစောင်၌ အယ်ဒီတာအဖြစ် (၂၀၁၀)ခုနှစ်မှ စတင်ပြီးထမ်းဆောင်ခဲ့သည်။ သာသနာရေးဦးစီးဌာနက ကျင်းပသော အဘိဓမ္မာ (ရိုးရိုး/ဂုဏ်ထူးဆောင်) စာမေးပွဲဖြေဆိုမည့်သူများကို အဘိဓမ္မာသင်တန်း၌ အဘိဓမ္မာများကို ပို့ချသင်ကြားပေးခြင်းစသော ပရဟိတသာသနာပြုလုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာဌာန၌ နည်းပြ တာဝန်ဖြင့် ၂၀၀၉-ခုနှစ်၊ ဇွန်လမှ ယနေ့အချိန်ထိ သင်ကြားပေးလျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
# (ရန်ကုန်)
# ဗုဒ္ဓဒေသနာပြန့်ပွားရေးဌာန၌
# တာဝန်ထမ်းဆောင်ပြီး/ထမ်းဆောင်ဆဲ
# ဆရာများ၏
# အတ္ထုပ္ပတ္တိအကျဉ်း



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
**ဌာနမှူး/ပါမောက္ခဆရာတော်**
**ဘဒ္ဒန္တသုမန**

ဆရာတော် ဘဒ္ဒန္တသုမနကို ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ မျောက်တောင်ကျေးရွာနေ ခမည်းတော် ဦးမာန်အောင်ချေ+မယ်တော်ဒေါ်လွမ်းသာမေတို့မှ ၁၃၁၇-ခုနှစ်၊ ပြာသိုလဆန်း ၁၄-ရက်၊ (၁၇-၁-၁၉၅၆) သောကြာနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း ၆-ယောက်အနက် ဒုတိယမြောက် သားရတနာဖြစ်သည်။

ဆရာတော်သည် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ မျောက်တောင်ကျေးရွာ မျောက်တောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမလယ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မျောက်တောင်ကျေးရွာနေ ခမည်းတော် ဦးမာန်အောင်ချေ +မယ်တော် ဒေါ်လွမ်းသာမေတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့တော်မှာ ရှင်သုမနဖြစ်သည်။ ဆရာတော်သည် ၁၃၃၇-ခုနှစ်၊ ကဆုန်လဆန်း(၁၄)ရက်၊ နံနက် (၇)နာရီ (၄၀)မိနစ် အချိန်တွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ မျောက်တောင်ကျေးရွာ မျောက်တောင်ကျောင်း ဓမ္မာသိမ်တော်၌ ကျောက်တော်မြို့နယ်၊ ရှမ်းရွာရပ်ကွက်၊ ရှမ်းရွာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥတ္တမ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် ဦးမာန်အောင်ချေ +မယ်တော် ဒေါ်လွမ်းသာမေတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ရှင်ရဟန်းဖြစ်ပြီးနောက် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ မျောက်တောင်ကျောင်း၊ စစ်တွေမြို့၊ ဆုတောင်းပြည့်ကျောင်းတိုက်၊ ရန်ကုန်မြို့ ကျောက်ကုန်းတောရ မေဒိနီကျောင်းတိုက်တို့၌ ငယ်၊လတ်၊ကြီး၊စာချတန်း စာဝါများကို သင်ယူခဲ့ပြီး၊ အမှတ်စဉ်(၂)၊ ရန်ကုန်တိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)သို့လည်းကောင်း တက်ရောက် ပညာဆည်းပူးခဲ့ပါသည်။ ဆရာတော်သည် သာသနဓဇဓမ္မာစရိယဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ, M.A (Buddhism) ဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။ နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းသော မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တို့ကို ရရှိခဲ့သည်။

ဆရာတော်သည် လောကလူသားတို့ ကြောက်မက်ဖွယ်ကောင်းသောအာဃာတ (မဟာဓမ္မာစရိယဘွဲ့ယူကျမ်း)၊ ဆုတောင်းတိုင်းပြည့်စေချင်သည်၊ မူလမင်းကွန်းအလုပ်ပေးတရားတော်၊ ထင်ရှားကျော်ကြား မူလမင်းကွန်းဆရာတော်များဟူသော ကျမ်းများကို ရေးသားပြုစုခဲ့သည်။

ဆရာတော်သည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မင်္ဂလာဇေယျကျောင်းတိုက်၌ စာချတာဝန်၊ အုံမြို့နယ်၊ မူလမင်းကွန်းကျောင်းတိုက်၌ တရားဟော၊ တရားပြတာဝန်၊ သာကေတမြို့နယ်၊ မူလမင်းကွန်းခန္ဓရိပ်သာကျောင်းတိုက်၌ တရားဟော၊ တရားပြတာဝန်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဒီဇာကတ်စာကြည့်တိုက်ဌာန၌ ဌာနစုမှူးတာဝန်တို့ကို ဆောင်ရွက်ခဲ့သည်။

ယခုအခါ ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ၄-၂-၁၉၉၃ ခုနှစ်မှစတင်၍ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ ဌာနမှူး(ပါမောက္ခ)တာဝန်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း သင်တန်းနည်းပြတာဝန်၊ တောင်တန်းသာသနာပြုသင်တန်း သင်တန်းနည်းပြတာဝန်တို့ကို ထမ်းဆောင်တော်မူလျက် ဗုဒ္ဓမြတ်စွာသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန

**ကထိကဆရာတော်**

## ဘဒ္ဒန္တ ဓမ္မာနန္ဒာစာရ

ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒာစာရကို ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပြင်ရေကြီးကျေးရွာနေ ခမည်းတော် ဦးညိုကြီး + မယ်တော် ဒေါ်လှငြိမ်းတို့မှ ၁၃၁၄-ခုနှစ်၊ နတ်တော်လဆုတ် ၁၂-ရက်၊ (၁၃.၁၂.၁၉၅၂) စနေနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်သည် ညောင်လေးပင်မြို့နယ်၊ ပြင်ရေကြီးကျေးရွာ၊ သရက်တောကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ညောင်လေးပင်မြို့နယ်၊ ပြင်ရေကြီးကျေးရွာနေ ခမည်းတော် ဦးညိုကြီး + မယ်တော် ဒေါ်လှငြိမ်းတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဓမ္မာနန္ဒာစာရ ဖြစ်သည်။

ဆရာတော်သည် ၁၃၃၃-ခုနှစ်၊ နှောင်းတံခူးလဆုတ်(၁၁)ရက်၊ တနင်္ဂနွေနေ့၊ နံနက် (၉း၀၅)နာရီ အချိန်တွင် ညောင်လေးပင်မြို့နယ်၊ ပြင်ရေကြီးကျေးရွာ၊ သရက်တောကျောင်းတိုက် ခဏ္ဍသိမ်၌ ပဲခူးမြို့နယ်၊ ပန်းခြံကုန်းရပ်ကွက်၊ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဇောတ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ ပြင်ရေကြီးကျေးရွာနေ ခမည်းတော် ဦးညိုကြီး+မယ်တော် ဒေါ်လှငြိမ်း မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ရှင်ရဟန်းဖြစ်ပြီးနောက် ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဇောတနှင့် တိုက်အုပ်ဘဒ္ဒန္တသံဝရ၊ ဘဒ္ဒန္တပညာသီဟ၊ တိုက်ကြပ်-ဘဒ္ဒန္တဇာနေယျ၊ ဘဒ္ဒန္တဉာဏိန္ဒ စသောစာချဆရာတော်များ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ကျောင်း အသောကဆရာတော်နှင့် စာချဆရာတော်များ၊ မန္တလေးမြို့ မစိုးရိမ်တိုက်ဟောင်း-ဘဒ္ဒန္တကောဝိဒ၊ မစိုးရိမ်တိုက်သစ် ဘဒ္ဒန္တသီရိန္ဒစသော ဆရာတော်များထံတွင် အထက်တန်းပညာရပ်များကို သင်ယူတတ်မြောက်ခဲ့ပါသည်။

ဆရာတော်သည် အစိုးရပဋ္ဌမပြန်စာမေးပွဲ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းနှင့်သာသန ဓဇဓမ္မာစရိယတန်း၊ ပဲခူးမြို့၊ ဝိနယတံခွန်စာမေးပွဲ သာမဏေရသီလသိက္ခာတန်း၊ ပါတိမောက္ခသီလသိက္ခာတန်း ဝိနယာဓိကစာမေးပွဲ ငယ်၊ လတ်၊ ကြီး၊ သဒ္ဓမ္မောဒယစာမေးပွဲ ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယတန်း၊ သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိ စာမေးပွဲ (၇)ဆင့် (ပါဠိဘာသာ)၊ အစိုးရပဋ္ဌမပြန်စာမေးပွဲ ပထမငယ်တန်း၊ ပထမလတ်တန်း ပထမကြီးတန်း၊ သာသနဓဇဓမ္မာစရိယတန်းနှင့် ပါဠိပါရဂူတန်းတို့ကို အောင်မြင်ခဲ့သည်။

ဆရာတော်သည် သာသနဟိတဂဏဝါစကဓမ္မာစရိယဘွဲ့၊ ပိဋကတ္တယပါရဂူဘွဲ့၊ သာသနဓဇဓမ္မာ စရိယဘွဲ့၊ သာသနဓဇဓမ္မာစရိယဒီဃနိကာယပါဠိပါရဂူဘွဲ့တို့ကို ရရှိခဲ့သည်။

ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ၂၈-၇-၁၉၈၉-ခုနှစ်မှစတင်၍ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ နယဒေသက(နည်းပြ)တာဝန်၊ ဂဏဝါစက(ကထိက)တာဝန်၊ ရန်ကုန်တိုင်း ဝိဇ္ဇာလယကျောင်းဆောင် အဆောင်မှူးတာဝန်တို့ကို ဆောင်ရွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
**ကထိကဆရာတော်**
**ဘဒ္ဒန္တ ဉာဏဝံသ**

ဆရာတော် ဘဒ္ဒန္တဉာဏဝံသကို စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ဝွေးပင်ကျင်းကျေးရွာနေ ခမည်းတော် ဦးဘရင် + မယ်တော် ဒေါ်မိတင်တို့မှ ၁၃၂၂-ခုနှစ်၊ တန်ခူးလဆန်း ၁၀-ရက်၊ (၅.၄.၁၉၆၀) အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း ၁၁-ယောက်အနက် နဝမမြောက် သားရတနာဖြစ်သည်။

ဆရာတော်သည် ဘုတလင်မြို့နယ်၊ ဝွေးပင်ကျင်းကျေးရွာ၊ ဝွေးပင်ကျင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိဇယ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ဘုတလင်မြို့နယ်၊ ဝွေးပင်ကျင်းကျေးရွာနေ ခမည်းတော် ဦးဘရင် + မယ်တော် ဒေါ်မိတင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ၁၃၄၂-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆-ရက် ( ၄- ၅- ၁၉၈၀ ) တနင်္ဂနွေနေ့ နံနက် ၈-နာရီ ၂၀-မိနစ် အချိန်တွင် ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့၊ မောင်းထောင်ကျောင်းတိုက် ခဏ္ဍသိမ်တော်၌ သုံးဆယ်မြို့၊ မောင်းထောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒိမာ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ သုံးဆယ်မြို့၊ ခံရွေးတန်းရပ်ကွက်နေ ဦးခင်မြင့်+ဒေါ်တင်အေး မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ဘုတလင်၊ ဝွေးပင်ကျောင်း၊ သုံးဆယ်မြို့၊ မောင်းထောင်ကျောင်းတိုက်တို့၌ ငယ်၊လတ်၊ ကြီး၊စာချတန်းစာဝါများကို သင်ယူခဲ့ပြီး၊ ရန်ကုန်တိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းကို လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) သာသနတက္ကသီလဓမ္မာစရိယတန်းနှင့် သာသန တက္ကသီလမဟာဓမ္မာစရိယတန်းတို့ကိုလည်းကောင်း တက်ရောက်အောင်မြင်ခဲ့သည်။ ဆရာတော်သည် သာသန တက္ကသီလဓမ္မာစရိယ, B.A (Buddhism)ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ, M.A (Buddhism)ဘွဲ့တို့ကို ရရှိခဲ့ပါသည်။ နိုင်ငံတော်မှဆက်ကပ်လှူဒါန်းသော ဂန္ထဝါစကပဏ္ဍိတဘွဲ့နှင့် မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တို့ကို ရရှိခဲ့သည်။

ဆရာတော်သည် မြန်မာစာမိတ်ဖွဲ့ (ဒုတိယတွဲ) လေ့လာသုံးသပ်ချက် (ဓမ္မာစရိယဘွဲ့ယူစာတမ်း)၊ အဆုံဝါသနာနှင့်ဝိပါကဝဋ် (မဟာဓမ္မာစရိယစုပေါင်းစာတမ်း)၊ မိဘဂုဏ်ရည် (မဟာဓမ္မာစရိယဘွဲ့ယူကျမ်း) တို့ကို ရေးသားပြုစုခဲ့သည်။

ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ၂၄-၂- ၁၉၉၆ ခုနှစ်စတင်၍ ခေါ်ကွန်းထိန်းဌာန၌ စီမံရေးရာ ဌာနစုမှူးတာဝန်၊ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ နယဒေသက(နည်းပြ)တာဝန်၊ ဒီပေါ်နိုင်ငံ၊ လုမ္ဗိနီ ဥယျာဉ်၊ မြန်မာရွှေကျောင်းတော်ကြီး၌ ကျောင်းထိုင်ဆရာတော်တာဝန်တို့ကို ဆောင်ရွက်ခဲ့သည်။

ယခုအခါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ ကထာဝါစက(ကထိက)တာဝန်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း သင်တန်းနည်းပြ တာဝန်တို့ကို ထမ်းဆောင်ကာ ဗုဒ္ဓမြတ်စွာသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြု ရည်ရွယ်ချက်ကို ဆည်းပူးပြုလုပ် အားထုတ်ဆောင်ရွက်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန

**ကထိကဆရာတော်**

**ဘဒ္ဒန္တထေရာသဘ**

ဆရာတော် ဘဒ္ဒန္တထေရာသဘကို ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ လှိုင်းဘုန်းကျေးရွာနေ ခမည်းတော် ဦးစိန်မောင်+မယ်တော် ဒေါ်ဘီတို့မှ ၁၃၂၉-ခုနှစ်၊ ဝါဆိုလဆန်း ၉-ရက်၊ စနေနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်သည် ၁၃၄၈-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၆)ရက်၊ (၂၀.၃.၁၉၈၇) သောကြာနေ့ နံနက် (၇)နာရီ (၁၉)မိနစ်အချိန်တွင် မော်လမြိုင်ကျွန်းမြို့နယ်၊ လှိုင်းဘုန်းကျေးရွာနေ ဓမ္မိစ္ဆိတာရုံ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏုတ္တရ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မော်လမြိုင်ကျွန်းမြို့နယ်၊ လှိုင်းဘုန်းကျေးရွာနေ ဦးအုန်းကျော်+ဒေါ်ချက်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ရှင်ရဟန်းဖြစ်ပြီးနောက် ဓနုဖြူမြို့၊ ပါဠိတက္ကသိုလ် တောင်ပေါ်ကျောင်းတိုက်၊ ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်၊ ပုသိမ် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တို့တွင် ပညာသင်ယူတတ်မြောက်ခဲ့ပါသည်။ အစိုးရအဘိဓမ္မာစာမေးပွဲ သီး၊ဏီနှစ်ကျမ်းစွဲနှင့် ဆရာတော်သည် သာသနဓဇ ဓမ္မာစရိယဘွဲ့၊ B.A(Philosophy)ဘွဲ့၊ သာသနတက္ကသီလဓမ္မာစရိယ,B.A (Buddhism)ဘွဲ့၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ,M.A (Buddhism)ဘွဲ့နှင့် M.A (Buddha-Dhamma)ဘွဲ့တို့ကို အောင်မြင်ရရှိခဲ့သည်။

ဆရာတော်သည် ၂၀၀၁-ခုနှစ်မှစ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ရှမ်းပြည်နယ် ဝိဇ္ဇာလယကျောင်းဆောင်တွင် အဆောင်မှူးတာဝန်ကိုလည်းကောင်း၊ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာနတွင် နည်းပြတာဝန်ကို (၂၀၀၁ မှ ၂၀၀၅)အထိလည်းကောင်း၊ ကထိကတာဝန်ကို ၂၀၀၅ ခုနှစ်မှလည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

ဆရာတော်ရေးသားပြုစုသောကျမ်းများမှာ ပါဠိကြိယာဝိဘတ်များကို ခေတ်သစ်နည်းဖြင့်လေ့လာခြင်း၊ ကံကိုဉာဏ်ကဖြတ်မှ နိဗ္ဗာန်ရမှာ၊ ဉာဏ်မပါရင် ကံကခြယ်လှယ်သွားလိမ့်မယ်၊ သင်္ခါရတရားနှင့်သိက္ခာသုံးပါး ဆက်စပ်မှုကိုလေ့လာခြင်း တို့ဖြစ်သည်။ ယခုအခါ သာသနတက္ကသီလဓမ္မပါရဂူ (Ph.D) ဘွဲ့အတွက် Two Types of Liberation from the Determination of Kammic Forces) ဟူသောခေါင်းစဉ်ဖြင့် ကျမ်းပြုလျက်ရှိပါသည်။

ယခုအခါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ရှမ်းပြည်နယ်ဝိဇ္ဇာလယကျောင်းဆောင်၌ သီတင်းသုံးလျက် အဆောင်မှူးတာဝန်နှင့် ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ ကထိကတာဝန်ကို ထမ်းဆောင်လျက် သာသနာပြုလျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တပညာသီဟ**

ဆရာတော် ဘဒ္ဒန္တပညာသီဟကို မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ နှောပင်ကျေးရွာနေ ခမည်းတော် ဦးဆပ်ဖူး + မယ်တော် ဒေါ်စန်းညွန့်တို့မှ ၁၃၂၇ -ခုနှစ်၊ ပြာသိုလဆန်း ၈-ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်သည် မြိုင်မြို့နယ်၊ နှောပင်ကျေးရွာ၊ ရွာဦးကျောင်း သာသနသိရီပဘာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေတုမာလာ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြိုင်မြို့နယ်၊ နှောပင်ကျေးရွာနေ ခမည်းတော် ဦးဆပ်ဖူး + မယ်တော် ဒေါ်စန်းညွန့်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ၁၃၄၇-ခုနှစ်၊ နယုန်လဆန်း(၄)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၉)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၅-ရပ်ကွက်၊ ဝိဇ္ဇာရေကျောင်း၊ ၆-ဝိုင်း၊ မြို့ဦးကျောင်းတိုက်၊ ဟောဝိဇယ သိမ်၌ မူလဥပဇ္ဈာယ်ဆရာတော် ဘဒ္ဒန္တကေတုမာလာ မဟာထေရ်မြတ်ကိုပင် ဥပဇ္ဈာယ်ပြု၍ တောင်ဥက္ကလာပမြို့၊ ၅-ရပ်ကွက်၊ ဦးကျော်ရင်+ဒေါ်ကျင်သွယ်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

အရှင်ပညာသီဟသည် ရှင်ရဟန်းဖြစ်ပြီးနောက် မွန်ပြည်နယ်၊ ရေးမြို့၊ အစင်ကျေးရွာ တောင်စွန်းဆရာတော်ဘဒ္ဒန္တသီဟာသန-စသောဆရာတော်များ၊ ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏဓဇတနှင့် တိုက်အုပ်ဘဒ္ဒန္တသံဝရ၊ ဘဒ္ဒန္တပညာသီဟ စသောစာချဆရာတော်များနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ သင်ကြားစီမံဆရာတော်များနှင့် ပညာရှင်ဆရာကြီးများထံတွင်အထက်တန်း ပညာရပ်များကို သင်ယူတတ်မြောက်ခဲ့ပါသည်။

အစိုးရ ငယ်၊လတ်၊ကြီး၊ ဓမ္မာစရိယတန်းပဲခူးမြို့ဝိနယာဓိကစာမေးပွဲ စာချတန်း၊ သဒ္ဓမ္မောဒယစာမေးပွဲ ငယ်,လတ်,ကြီး,စာချတန်း၊ သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိစာမေးပွဲ မဟာဝေယျာကရဏိကတန်း၊ အဘိဓမ္မိကတန်း၊ ဝိနယရေတန်းနှင့် သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီမဟာဓမ္မာစရိယတန်း စာမေးပွဲများ အောင်မြင်ခဲ့ပြီး၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ ဝိနယာဓိကသီရိပဝရဓမ္မာစရိယ၊ သဒ္ဓမ္မောဒယဓမ္မာစရိယ၊ သဒ္ဓမ္မပါလဓမ္မာစရိယ(ဒုတိယစာချ)၊ သာသနတက္ကသီလဓမ္မာစရိယ,B.A (Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ,M.A (Buddhism)ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၌ ၂၄-၂-၁၉၉၆ ခုနှစ်မှစတင်၍ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ နယဒေသက(နည်းပြ)တာဝန်၊ ရှမ်းပြည်နယ်ဝိဇ္ဇာလယကျောင်းဆောင် အဆောင်မှူးတာဝန်တို့ကို ဆောင်ရွက်ခဲ့သည်။

ယခုအခါ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ နှောပင်ကျေးရွာ ရွာဦးကျောင်း သာသနသိရီပဘာ ကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူ၍ ဗုဒ္ဓမြတ်စွာသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးပြုလုပ်အားထုတ်ဆောင်ရွက်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တဝရဉာဏ**

ဆရာတော် ဘဒ္ဒန္တဝရဉာဏကို စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ မော်တောကျေးရွာနေ ခမည်းတော် ဦးဘကြိုင်+မယ်တော် ဒေါ်မိအိုတို့မှ ၁၃၂၉-ခုနှစ်၊ တပေါင်းလဆန်း ၈-ရက်၊ (၆. ၃. ၁၉၆၈) ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း ၈-ယောက်ရှိရာတွင် တတိယမြောက် သားရတနာ ဖြစ်သည်။

ဆရာတော်သည် ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ မဟာဇေယျကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇိနာနန္ဒ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ အရာတော်မြို့နယ်၊ မော်တောကျေးရွာနေ ခမည်းတော် ဦးဘကြိုင် +မယ်တော် ဒေါ်မိအိုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ၁၃၄၉-ခုနှစ်၊ နယုန်လဆုတ်(၁၃)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၇)နာရီ(၄၉)မိနစ် အချိန်တွင် မင်းလှမြို့နယ်၊ စစ်ကြီးတန်းရပ်ကွက်၊ မဟာဇေယျကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇိနာနန္ဒ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မင်းလှမြို့နယ်၊ စစ်ကြီးတန်းရပ်ကွက်၊ ဦးသိန်းရွှေ+ဒေါ်ကြင်မြိုင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် မင်းလှ မဟာဇေယျကျောင်း၊ ပြည်မြို့ ဇောတိကာရုံစာသင်တိုက်၊ ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်တို့၌ အစိုးရပထမပြန် ငယ်၊ လတ်၊ ကြီး၊ စာချတန်းစာဝါများကို သင်ယူတတ်မြောက်ခဲ့ပါသည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၌ သာသနတက္ကသီလဓမ္မာစရိယတန်း၊ သာသနတက္ကသီလမဟာဓမ္မာစရိယတန်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဗုဒ္ဓဓမ္မ M.Aတန်းတို့ကို တက်ရောက်အောင်မြင်ခဲ့သည်။ ဆရာတော်သည် သာသနတက္ကသီလဓမ္မာစရိယ, B.A (Buddhism)ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ, M.A (Buddhism)ဘွဲ့နှင့် M.A (Buddha-Dhamma)ဘွဲ့တို့ကို ရရှိခဲ့သည်။

ဆရာတော်သည် ဓမ္မောပဒေသကျမ်း (ဓမ္မာစရိယဘွဲ့ယူစာတမ်း)၊ ဝါသနာနှင့်စရိုက် (မဟာဓမ္မာစရိယစုပေါင်းစာတမ်း)၊ အရှေ့တောင်အာရှနိုင်ငံများ၌ ဗုဒ္ဓဘာသာအခြေအနေ(မဟာဓမ္မာစရိယဘွဲ့ယူကျမ်း)၊ The Four Guardian ကျမ်း၊ Meditationsကျမ်းတို့ကို ရေးသားပြုစုခဲ့သည်။

ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ၂၄-၂-၁၉၉၆-ခုနှစ်မှ စတင်၍ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ နယဒေသက(နည်းပြ)တာဝန်၊ သုတ္တန္တပိဋကမဟာဌာန၌ နယဒေသက (နည်းပြ) တာဝန်၊ တနင်္သာရီတိုင်းဝိဇ္ဇာလယကျောင်းဆောင် အဆောင်မှူးတာဝန်တို့ကို ဆောင်ရွက်ခဲ့သည်။

ယခုအခါ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ သီတင်းသုံးနေထိုင်တော်မူ၍ ပဋိပတ္တိမဟာဌာနတာဝန်၊ သမထဌာနတာဝန်၊ ဝိပဿနာဌာနတာဝန်တို့ကို ထမ်းဆောင်ကာ ဗုဒ္ဓမြတ်စွာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြု ကုသိုလ်ထူးကို ဆည်းပူးပြုလုပ်အားထုတ်ဆောင်ရွက်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တဝိသုတ**

ဆရာတော် ဝိသုတကို မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ထုံးပေါက်တော်ကျေးရွာနေ ခမည်းတော် ဦးမန်း+မယ်တော် ဒေါ်ကျွတ်တို့မှ ၁၃၂၉-ခုနှစ်၊ ပြာသိုလဆုတ် ၃-ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သည်။ မွေးချင်း ၆-ယောက်ရှိရာတွင် စတုတ္ထမြောက် သားရတနာဖြစ်သည်။ ငယ်နာမည်မှာ မောင်မျိုးဝင်းဖြစ်သည်။

ဆရာတော်သည် အသက် ၁၁ နှစ်အရွယ်တွင် မကွေးမြို့နယ်၊ ထုံးပေါက်တော်ကျေးရွာ၊ ရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တသုမင်္ဂလမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မကွေးမြို့နယ်၊ ထုံးပေါက်တော်ကျေးရွာနေ ဒေါ်သောင်း၊ ဒေါ်ညွန့်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ၁၃၄၉-ခုနှစ်၊ နတ်တော်လဆန်း (၇)ရက်၊ တနင်္ဂနွေနေ့၊ နံနက် (၉း၂၅)နာရီ အချိန်တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ ဇေတဝကာရုံကျောင်းတိုက် ခဏ္ဍသိမ်၌ ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ ဇေတဝကာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တရေဝတမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ပြည်မြို့၊ ဆံတော်ရပ်ကွက် ဦးမြင့်+ ဒေါ်လှမြင့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

အရှင်ဝိသုတသည် ပြည်မြို့၊ ဇေတဝကာရုံကျောင်းတိုက် ဆရာတော်ဦးကုဏ္ဍလဇောတိ၊ ဦးသုတာလင်္ကာရ၊ ဦးသူရိယ၊ ဦးသြဘာသ၊ ဦးဥက္ကံသတို့အထံ၌ ငယ်၊ လတ်၊ ကြီး၊ စာချတန်းစာဝါများကို သင်ယူတတ်မြောက်ခဲ့ပါသည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၌ သာသနတက္ကသီလဓမ္မာစရိယတန်းများ၊ သာသနတက္ကသီလမဟာဓမ္မာစရိယတန်းများတို့ကို တက်ရောက်အောင်မြင်ခဲ့ပြီး သာသနတက္ကသီလ ဓမ္မာစရိယ B.A (Buddhism)ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ- M.A (Buddhism)ဘွဲ့တို့ကို ရရှိခဲ့သည်။

ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ ၂၄-၂-၁၉၉၆ ခုနှစ်မှစတင်၍ နယဒေသက(နည်းပြ)တာဝန်၊ ကယားပြည်နယ်ဝိဇ္ဇာလယကျောင်းဆောင် အဆောင်မှူးတာဝန်တို့ကို ဆောင်ရွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန

**နည်းပြဆရာတော်**

**ဘဒ္ဒန္တကောဝိဒ**

ဆရာတော် ဘဒ္ဒန္တကောဝိဒကို စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ အောင်သာယာကျေးရွာနေ ခမည်းတော် ဦးဗလ+မယ်တော်ဒေါ်မိနီတို့မှ ၁၃၃၁-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈-ရက်၊(၁၇- ၁၁- ၁၉၆၉) တနင်္လာနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း ၅-ယောက်ရှိရာတွင် ပဥ္စမမြောက် သားရတနာဖြစ်သည်။

ဆရာတော်သည် ဒီပဲယင်းမြို့နယ်၊ အောင်သာယာကျေးရွာ အောင်ဇေယျာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇဝန္တမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ အောင်သာယာကျေးရွာနေ ခမည်းတော် ဦးဗလ + မယ်တော် ဒေါ်မိနီတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့တော်မှာ ရှင်ကောဝိဒ ဖြစ်သည်။ ဆရာတော်သည် ၁၃၅၁-ခုနှစ်၊ တပို့တွဲလဆန်း (၇)ရက် (၁-၂-၁၉၉၀) ကြာသပတေးနေ့၊ နေ့လည် (၁)နာရီ အချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ မောင်းထောင်ကျေးရွာ၊ မြတ်ကွမ်းတောင်ကျောင်း သာသနာ့သောဘိတဃီခဏ္ဍသိမ်တော်၌ ဘုတလင်မြို့နယ်၊ မောင်းထောင်ကျေးရွာ၊ အုဋ္ဌတိုက်ကျောင်းဆရာတော် ဘဒ္ဒန္တဝါသဝမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မောင်းထောင်ကျေးရွာ ဦးစောဖေ+ဒေါ်ခင်မိ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ဘုတလင်မြို့နယ်၊ မောင်းထောင်ကျေးရွာ၊ မြတ်ကွမ်းတောင်ကျောင်း၊ မန္တလေးမြို့၊ ဓမ္မိကာရာမတိုက်၊ ဘုရားကြီးတိုက်၊ ရန်ကုန် မ/ဥက္ကလာ၊ မာန်အောင်တိုက်တို့၌ အစိုးရပဌမပြန်စာမေးပွဲ ငယ်၊ လတ်၊ ကြီး၊ စာချတန်းစာဝါများကို သင်ယူတတ်မြောက်ခဲ့ပါသည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) သာသနတက္ကသီလဓမ္မာစရိယတန်းနှင့် သာသနတက္ကသီလမဟာဓမ္မာစရိယတန်းတို့ကိုလည်း တက်ရောက် အောင်မြင်ခဲ့သည်။ ဆရာတော်သည် သာသနတက္ကသီလဓမ္မာစရိယ, B.A (Buddhism)ဘွဲ့၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ, M.A (Buddhism)ဘွဲ့တို့ကို ရရှိခဲ့သည်။

ဆရာတော်သည် ပရိတ်တန်ခိုး ပရိတ်အကျိုး လေ့လာသုံးသပ်ချက် (ဓမ္မာစရိယဘွဲ့ယူစာတမ်း)၊ အဂတိ (မဟာဓမ္မာစရိယစုပေါင်းစာတမ်း)၊ လူမှုရေးလမ်းညွှန်ချက်များ (မဟာဓမ္မာစရိယဘွဲ့ယူကျမ်း)တို့ကို ရေးသား ပြုစုခဲ့သည်။ ဆရာတော်သည် ဘုတလင်မြို့နယ်၊ မောင်းထောင်ကျေးရွာ၊ မြတ်ကွမ်းတောင်ကျောင်းတိုက်၌ စာချတာဝန်၊ တောင်တန်းသာသနာပြုသင်တန်း သင်တန်းနည်းပြတာဝန်၊ ဒီပဲယင်းမြို့နယ်၊ အောင်သာယာကျေးရွာ၊ အောင်ဇေယျာဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ အတွင်းရေးမှူးတာဝန်တို့ကို ဆောင်ရွက်ခဲ့သည်။

ယခုအခါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ၂၈-၉-၂၀၀၂-ခုနှစ်မှစတင်၍ ဗုဒ္ဓဒေသနာ ပြန့်ပွားရေးပညာဌာန၌ နယဒေသက(နည်းပြ)တာဝန်၊ ရှမ်းပြည်နယ် ဝိဇ္ဇာလယကျောင်းဆောင် လ/ထအဆောင်မှူး တာဝန်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း နယဒေသက(နည်းပြ)တာဝန်၊ ဒီပဲယင်းမြို့နယ်၊ အောင်သာယာကျေးရွာ၊ အောင်ဇေယျာဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျောင်းအုပ် တာဝန်တို့ကို ထမ်းဆောင်၍ ဗုဒ္ဓမြတ်စွာသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြု ကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်ဆောင်ရွက်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တအာစယ**

ဆရာတော် ဘဒ္ဒန္တအာစယကို မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်၊ အညာပန်းပလွန်းကျေးရွာနေ ခမည်းတော် ဦးအောင်တင်+မယ်တော် ဒေါ်မေကြည်တို့မှ ၁၃၃၅-ခုနှစ်၊ တန်ခူးလဆုတ် ၁၂-ရက်၊ (၂၉-၄-၁၉၇၃) တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်သည် ဆောမြို့နယ်၊ အညာပန်းပလွန်းကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တအရိယဝံသ ဟောထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် ဦးအောင်တင်+မယ်တော် ဒေါ်မေကြည်တို့၏ ပစ္စယာနုဂ္ဂဟ ကိုခံယူပြီး ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ၁၃၅၄-ခုနှစ်၊ ဝါဆိုလဆန်း ၁၅-ရက်၊ တနင်္ဂနွေနေ့၊ နံနက် ၇-နာရီအချိန်တွင် မန္တလေးမြို့၊ အနောက်တောင်မြို့နယ်၊ ဧရာဝတီမြစ်၊ ဥဒကုက္ခေပသိမ်၌ မန္တလေးမြို့၊ မိုးကောင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇောတိက (အဘိဓဇမဟာရဋ္ဌဂုရု) မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်တိုင်းဒေသကြီး၊ ရေမ်းကုန်းမြို့နယ်နေ သာသနာရေးဒုတိယဝန်ကြီး(ငြိမ်း) ဦးအောင်ခင်+ ဒေါ်ယဉ်ယဉ်ညွန့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ရှင်ရဟန်းဖြစ်ပြီးနောက် အညာပန်းပလွန်းကျေးရွာ ရွာဦးကျောင်း၊ မန္တလေးမြို့ မြတောင်တိုက် ယောကျောင်း ဆရာတော်နှင့် နာယကစာချဆရာတော်များထံ၌လည်းကောင်း၊ မိုးကောင်းတိုက်၊ မစိုးရိမ်တိုက်၊ မဟာဝိသုဒ္ဓါရုံ တိုက် တို့၌လည်းကောင်း အစိုးရပဋ္ဌမပြန်စာမေးပွဲ ငယ်၊ လတ်၊ ကြီး၊ စာချတန်းစာဝါများကို သင်ယူတတ်မြောက် ခဲ့ပါသည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၌ သာသနတက္ကသီလဓမ္မာစရိယတန်း၊ သာသနတက္က သီလမဟာဓမ္မာစရိယတန်းတို့ကို တက်ရောက်အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ, B.A (Buddhism) ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ, M.A (Buddhism)ဘွဲ့တို့ကို ရရှိခဲ့သည်။

ဆရာတော်သည် သိပ္ပံအဘိဓမ္မာ (ပထမတွဲ) လေ့လာသုံးသပ်ချက် (ဓမ္မာစရိယဘွဲ့ယူစာတမ်း)၊ ထေရဝါဒ သာသနာပြုလုပ်ငန်း (မဟာဓမ္မာစရိယစုပေါင်းစာတမ်း)၊ ဒုကနိပါတ်ဇာတ်တော်လာ နီတိကထာများ (မဟာ ဓမ္မာစရိယဘွဲ့ယူကျမ်း)တို့ကို ရေးသားပြုစုခဲ့သည်။

ဆရာတော်သည် ၂၈၊ ၉၊ ၂၀၀၂-ခုနှစ်မှစတင်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဆော်ကွန်းထိန်းဌာန၌ ဌာနစုမှူးတာဝန်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း နယဒေသက (နည်းပြ)တာဝန်နှင့် ၂၀၀၅-၂၀၀၇-ခုနှစ်တွင် နီပေါနိုင်ငံ၊ လုမ္ဗိနီဥယျာဉ်၊ မြန်မာရွှေကျောင်းတော်ကြီး၌ ဆက်ထောက်ကျောင်းထိုင်ဆရာတော်တာဝန်တို့ကို ဆောင်ရွက်ခဲ့သည်။

ယခုအခါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ ၂၀၀၇- ခုနှစ်မှစတင်၍ နယဒေသက (နည်းပြ)တာဝန်၊ ရခိုင်ပြည်နယ်ဝိဇ္ဇာလယကျောင်းဆောင် အဆောင်မှူးတာဝန်တို့ကို ထမ်းဆောင်ကာ ဗုဒ္ဓမြတ်စွာသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြု ကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်ဆောင်ရွက်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တမာဃဝ**

ဆရာတော် ဘဒ္ဒန္တမာဃဝကို မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ချောင်းတောင်ဘက်ကျေးရွာနေ ခမည်းတော် ဦးကြည်ခင် + မယ်တော် ဒေါ်မြင့်သန်းတို့မှ ၁၃၃၈-ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၄-ရက်၊ (၂၁- ၁၀- ၁၉၇၆) ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း ၇-ယောက်ရှိရာတွင် ပထမဆုံးသော သားရတနာဖြစ်သည်။

ဆရာတော်သည် ရေစကြိုမြို့နယ်၊ သဲအင်းကျေးရွာ မြင်တင်ကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍိယ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရေစကြိုမြို့နယ်၊ ချောင်းတောင်ဘက်ကျေးရွာနေ ခမည်းတော် ဦးကြည်ခင် + မယ်တော် ဒေါ်မြင့်သန်းတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့တော်မှာ ရှင်မာဃဝ ဖြစ်သည်။ ဆရာတော်သည် ၁၃၅၈-ခုနှစ်၊ နယုန်လဆန်း ၂-ရက်၊(၁၈၊ ၅၊ ၁၉၉၆) စနေနေ့၊ နံနက် ၈-နာရီ (၂)မိနစ်အချိန်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ကျွန်းတောရပ်ကွက်၊ ဝေဠုဝတီကမ္မဋ္ဌာန်းကျောင်း ခဏ္ဍသိမ်၌ မြောင်းမြမြို့နယ်၊ ကျွန်းတောရပ်ကွက်၊ ဝေဠုဝတီကမ္မဋ္ဌာန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသိရိန္ဒာစာရ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက် ဦးမောင်ရီ+ဒေါ်သဇင်ဦး မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် သဲအင်းရွာ မြင်ထင်ကျောင်းတိုက်၊ လပွတ္တာမြို့ ကိုးနဝင်းပရိယတ္တိစာသင်တိုက်၊ မြောင်းမြမြို့ ဝေဠုဝတီကမ္မဋ္ဌာန်းကျောင်းတိုက်၊ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားကြီးတိုက်တို့၌ ငယ်၊ လတ်၊ ကြီး၊ စာချတန်းစာဝါများကို သင်ယူတတ်မြောက်ခဲ့ပါသည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၌ သာသနတက္ကသီလဓမ္မာစရိယတန်းများ၊ သာသနတက္ကသီလမဟာဓမ္မာစရိယတန်းများတို့ကို တက်ရောက်အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ,B.A (Buddhism) ဘွဲ့၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ,M.A (Buddhism)ဘွဲ့တို့ကို ရရှိခဲ့သည်။

ဆရာတော်သည် ဓမ္မပဒဂါထာ(၂၉)လေ့လာခြင်း (ဓမ္မာစရိယဘွဲ့ယူစာတမ်း)၊ ကံကိုဉာဏ်နှင့်ဖြတ်မှ နိဗ္ဗာန်ရမယ်၊ ဉာဏ်မပါရင် ကံကခြယ်လှယ်သွားလိမ့်မယ်(မဟာဓမ္မာစရိယစုပေါင်းစာတမ်း)၊ သမ္ဗုတ္တိစက်လေးပါး နှင့် လောကကြီးပွားရေး(မဟာဓမ္မာစရိယဘွဲ့ယူကျမ်း)တို့ကို ရေးသားပြုစုခဲ့သည်။

ဆရာတော်သည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ကိုးနဝင်းပရိယတ္တိစာသင်တိုက်သစ်ကျောင်း၌ စာချတာဝန်၊ မြောင်းမြမြို့နယ်၊ ဝေဠုဝတီကမ္မဋ္ဌာန်းကျောင်းတိုက်၌ စာချတာဝန်တို့ကို ဆောင်ရွက်ခဲ့သည်။

ယခုအခါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ ၂၆-၉-၂၀၀၃-ခုနှစ်မှစတင်၍ နယဒေသက (နည်းပြ)တာဝန်၊ တနင်္သာရီတိုင်း ဝိဇ္ဇာလယကျောင်းဆောင် အဆောင်မှူး တာဝန်တို့ကို ထမ်းဆောင်ကာ ဗုဒ္ဓမြတ်စွာသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြု ကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်ဆောင်ရွက်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
နည်းပြဆရာတော်
## ဘဒ္ဒန္တနန္ဒသာမိ

ဆရာတော် ဘဒ္ဒန္တနန္ဒသာမိကို ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်၊ ၈-ရပ်ကွက်၌ ခမည်းတော် ဦးဆန်းထွန်း + မယ်တော် ဒေါ်အေးခမ်းတို့မှ ၁၃၄၂-ခုနှစ်၊ နတ်တော်လဆုတ် ၁၄-ရက်၊ (၅- ၁- ၁၉၈၁) စနေနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း ၉-ယောက်ရှိရာတွင် နဝမမြောက် သားရတနာဖြစ်သည်။

ဆရာတော်သည် ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်၊ ၈-ရပ်ကွက် သီရိမင်္ဂလာကန်မင်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝိစာရ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်၊ ၈-ရပ်ကွက်၌ ခမည်းတော် ဦးဆန်းထွန်း + မယ်တော် ဒေါ်အေးခမ်းတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ၁၃၆၃-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၁၅)ရက်၊ စနေနေ့၊ နံနက် (၈:၀၀)နာရီ (၈)ဖဝါး (၁)ဒီလာအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အောင်မြေဘုံသာကျောင်းတိုက် ခဏ္ဍသိမ်၌ မရမ်းကုန်းမြို့နယ်၊ အောင်မြေဘုံသာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုန္ဒရ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့၊ ဦးစိုင်းကျော်လှ+ဒေါ်မေကြူမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ရှင်ရဟန်းဖြစ်ပြီးနောက် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက် ဘဒ္ဒန္တ ဣန္ဒာလောက(အဂ္ဂမဟာပဏ္ဍိတ)နှင့် စာချဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ်ဆရာတော်နှင့် သင်ကြားစီမံဆရာတော်များ၊ ပြင်ပပညာရှင်ဆရာကြီးများထံမှ အထက်တန်းပညာရပ်များကို သင်ကြားတတ်မြောက်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ,B.A (Buddhism)ဘွဲ့ကို ရရှိခဲ့သည်။

ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ၂၀-၂-၂၀၀၇-ခုနှစ်တွင် ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ နယဒေသက(နည်းပြ)တာဝန်၊ ရေဝတီတိုင်း ဝိဇ္ဇာလယကျောင်းဆောင် လ/ထ အဆောင်မှူးတာဝန်တို့ကို ဆောင်ရွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
**တွဲဖက်ပါမောက္ခ**
**ဆရာကြီး ဦးကိုလေး**

ဆရာကြီးဦးကိုလေးသည် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ တကောင်းကျေးရွာ၌ ဦးဘကောင်း+ဒေါ်တင်တို့မှ ၁၉၁၃-ခုနှစ်၊ ဩဂုတ်လ၊ (၂၃)ရက်နေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဆရာကြီးသည် ၁၉၂၃-၁၉၂၉- ခုနှစ်တွင် စစ်ကိုင်းမြို့ အစိုးရအထက်တန်းကျောင်း၊ ၁၉၂၉ - ၁၉၃၁- ခုနှစ်တွင် မန္တလေးမြို့၊ ဥပစာကောလိပ်ကျောင်း၊ ၁၉၃၁ - ၁၉၃၄- ခုနှစ်တွင် ရန်ကုန်မြို့၊ တက္ကသိုလ်ကောလိပ်ကျောင်း၊ ၁၉၃၆ - ၁၉၄၁- ခုနှစ်တွင် လန်ဒန်တက္ကသိုလ်။ ၁၉၅၀ - ခုနှစ်တွင် ကော်နဲတက္ကသိုလ်၊ ၁၉၅၇ - ခုနှစ်တွင် ကိုလံဘီယတက္ကသိုလ်တို့သို့ တက်ရောက်ပညာသင်ယူခဲ့သည်။

ဆရာကြီး ရရှိခဲ့သော ဘွဲ့များမှာ B.Sc(Hous) ရန်ကုန်။ M.Sc, London. Association of Institute of Chemistry, London. Diploma of Imperial College, London. တို့ဖြစ်ပါသည်။ ၁၉၅၈-ခုနှစ်တွင် နိုင်ငံတော်ကပေးအပ်သော ဝဏ္ဏကျော်ထင် ဂုဏ်ထူးဆောင်ဘွဲ့ကို ရရှိခဲ့ပါသည်။

ဆရာကြီးသည် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ရာတွင် ၁၉၄၂-၁၉၄၅ ခုနှစ်တွင် စိုက်ပျိုးရေးဌာန၊ B.A.s Class II စိုက်ပျိုးရေးတက္ကသိုလ်၌ ကထိကတာဝန်၊ ၁၉၄၆-၁၉၄၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ကထိကတာဝန်၊ ၁၉၄၇-၅၉ ခုနှစ်တွင် မန္တလေးတက္ကသိုလ်ကျောင်း၊ ကျောင်းအုပ်ကြီးတာဝန်၊ ၁၉၅၉-၁၉၆၃ ခုနှစ်တွင် မန္တလေး၊ သီခြားတက္ကသိုလ်၊ ဒုတိယအဓိပတိတာဝန်တို့ကို အသီးသီးထမ်းဆောင်ခဲ့ပါသည်။

ဆရာကြီးဦးကိုလေးသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ ဌာနမှူးတာဝန်ကို ၁၉၈၉ -ခုနှစ်၊ အောက်တိုဘာလမှ စတင်၍ ၁-၇-၁၉၉၆-နေ့တိုင် ထမ်းဆောင်ခဲ့ပြီး ဗုဒ္ဓမြတ်စွာသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြုကုသိုလ်ထူးကို တတ်စွမ်းသမျှ ဆည်းပူးအားထုတ်သွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
**တွဲဖက်ပါမောက္ခ**
**ဆရာကြီးဦးကျော်ဇောနိုင်**

ဆရာကြီး ဦးကျော်ဇောနိုင်သည် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ဒိုင်းဝန်ကွင်းရပ်ကွက်၌ အဖ ဦးစံချောင်း - အမိ ဒေါ်မြဆင့်တို့မှ ၁၉၄၀-ခုနှစ်၊ ဇန်နဝါရီလ ၃-ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်သည်။

၁၉၆၆ - ခုနှစ်တွင် မော်လမြိုင်မြို့ St Patrick's Institute ကျောင်းမှ တက္ကသိုလ်ဝင်တန်းကို အောင်မြင်ခဲ့သည်။ ၁၉၆၈ - ၆၉ ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်သို့တက်ရောက်၍ ပညာသင်ယူခဲ့သည်။

- ၁၉၇၂ - ခုနှစ်တွင် ရန်ကုန်၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာဥပဒေဘွဲ့၊
- ၁၉၇၃ - ၇၄- ခုနှစ်တွင် ဝိဇ္ဇာ(သမိုင်း)၊ ၁၉၇၄-၇၅ ခုနှစ်တွင် ဥပဒေဝိဇ္ဇာဘွဲ့၊
- ၁၉၇၉-၈၀ ခုနှစ်တွင် မဟာဥပဒေဘွဲ့များရရှိခဲ့သည်။
- ၁၉၉၉-၂၀၀၀ ခုနှစ်တွင် I P Fellowship (State Alumni) ရရှိခဲ့သည်။

၁၉၇၅ ခုနှစ်တွင်၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ဥပဒေပညာဌာနတွင် နည်းပြတာဝန်ဖြင့် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၂-ခုနှစ်တွင် လက်ထောက်ကထိကတာဝန်၊ ၁၉၈၈-ခုနှစ်တွင် ကထိက/ အဆောင်မှူးတာဝန်၊ ၁၉၉၅-ခုနှစ်တွင် ဌာနမှူး၊ တွဲဖက်ပါမောက္ခတာဝန်တို့ကို အသီးသီးထမ်းဆောင်ခဲ့သည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြောက်မြို့နယ်၊ ဦးထွန်းမြင့်လမ်း ၂၉-ရပ်ကွက်တွင် နေထိုင်ရင်း နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ တွဲဖက်ပါမောက္ခတာဝန်နှင့် သာသနတက္ကသီလမ္မပါရဂူသင်တန်း ဦးစီးကော်မတီအဖွဲ့ဝင်တာဝန်တို့ကို ဗုဒ္ဓမြတ်စွာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
ဧည့်ပါမောက္ခ

## ဆရာကြီးဒေါက်တာသိန်းဇံ(နန္ဒာသိန်းဇံ)

ဆရာကြီး ဦးသိန်းဇံသည် ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ အဖဦးညီကွန်း+အမိဒေါ်ပာန်တင်တို့မှ ၁၉၄၈- ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက် သောကြာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်သည်။

ဆရာကြီးသည် ပေါင်းတည်မြို့ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းကို အောင်မြင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်သို့တက်ရောက်၍ ပညာသင်ယူခဲ့သည်။

ဆရာကြီးသည် ၁၉၇၃-ခုနှစ်တွင် 'ဘဝအဓိပ္ပါယ်နှင့် ဘဝသစ္စာ' ဟူသော ကျမ်းကိုတင်သွင်း၍ ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာ(ဒဿနိကဗေဒ) ဘွဲ့ကို ရရှိခဲ့သည်။ ၂၀၀၅-ခုနှစ်တွင် The Nature of Pure Fact In Satipaṭṭhāna Vipassanā ဟူသောကျမ်းကို ရေးသားတင်သွင်း၍ ရန်ကုန် တက္ကသိုလ်၊ ဒဿနိကဗေဒဌာနမှ Ph.D ဘွဲ့ကို ရရှိခဲ့ပါသည်။

ဆရာကြီးသည် ရန်ကုန်တက္ကသိုလ်၊ ဒဿနိကဗေဒဌာနတွင် ပါမောက္ခ၊ ဌာနမှူးတာဝန်ကို ထမ်းဆောင်ခဲ့သည်။

ဆရာကြီး ဦးသိန်းဇံသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ ၁၉၉၉ -ခုနှစ်၊ ဇူလိုင်လ(၂၃)မှစတင်၍ ဧည့်ပါမောက္ခတာဝန်၊ သာသနတက္ကသီလမ္ဘပါရဂူသင်တန်း ဦးစီးကော်မတီအဖွဲ့ဝင်တာဝန်တို့ကို ထမ်းဆောင်ပြီး ယနေ့တိုင် ဗုဒ္ဓမြတ်စွာသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြုကုသိုလ်ထူးကို ဆက်လက်ဆည်းပူးအားထုတ်လျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
**တွဲဖက်ကထိက**
## ဆရာကြီးဦးရဲအောင်

ဆရာဦးရဲအောင်သည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် အလယ်ပိုင်းရပ်ကွက် ဦးကျော်ရှိန် + ဒေါ်စော တို့မှ ၁၉၄၄-ခုနှစ်၊ အောက်တိုဘာ (၂၉)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဆရာကြီးသည် မူလတန်းပညာကို ကျောက်တန်းမြို့၊ အလယ်ပိုင်းရပ်ကွက်၊ ရုံးလမ်း၊ မူလတန်းကျောင်း တွင် သင်ယူခဲ့ပါသည်။

အလယ်တန်းနှင့် အထက်တန်းပညာရပ်ကို ကျောက်တန်းမြို့ ဆင်ကန်ရပ်ကွက် အစိုးရအထက်တန်း ကျောင်းတွင် သင်ယူခဲ့ပါသည်။ တက္ကသိုလ်ပညာကို ရန်ကုန်တက္ကသိုလ်တွင် သင်ယူခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့(ဒဿနိကဗေဒ)ကို ရရှိခဲ့သည်။

ဆရာကြီးသည် ကုန်သွယ်လယ်ယာတွင် (၁)နှစ်၊ ပညာရေးဌာန အခြေခံပညာကျောင်းများတွင် မူလတန်း ဆရာ၊ မူလတန်းကျောင်းအုပ်နှင့် အလယ်တန်းပြဆရာများအဖြစ် နှစ်ပေါင်း(၃၀)ကျော် တာဝန်ထမ်းဆောင်ခဲ့ ပါသည်။

ဆရာကြီးဦးရဲအောင်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဗုဒ္ဓဒေသနာပြန့်ပွားရေး ပညာဌာန၌ တွဲဖက်ဂဏဝါစကတာဝန်ကို ၂၈-၁၁-၁၉၉၂-နေ့ကစ၍ ထမ်းဆောင်ခဲ့ပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ တွဲဖက်ဂဏဝါစက တာဝန်ကို ( )နေ့မှ စ၍ ( ) အထိ ဗုဒ္ဓမြတ်စွာသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် သာသနာပြုကုသိုလ်ထူးကို တတ်အားသမျှ ဆည်းပူးပြုလုပ်အားထုတ်သွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
## ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
## တွဲဖက်ကထိက
## ဆရာကြီးဦးခင်မောင်အေး

ဆရာကြီးဦးခင်မောင်အေးသည် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၊ ကြာအေးကျေးရွာ ဦးစာ+ဒေါ်စိန်ရင်တို့မှ ၁၂၈၈ -ခုနှစ်၊ တန်ခူးလဆန်း(၁၃)ရက်၊ သောကြာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

အခြေခံပညာရပ်များနှင့် အထက်တန်းပညာရပ်များကို ရေကြည်မြို့နယ်၊ တစောင်းရိုးကျေးရွာ၊ ဘုန်းတော်ကြီးကျောင်း၊ အသုတ်မြို့ ကျွန်းတောကျောင်း၊ သာယာဝတီခရိုင် မင်းလှမြို့ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်း၊ ဆရာကြီးမွန်ဓာတုနှင့် အေဗွီကောလိပ်ကျောင်းတို့တွင် သင်ယူခဲ့ပါသည်။

ဆရာကြီးသည် အစိုးရပထမပြန် ပထမလတ်တန်း (၁၉၅၀)ကို အောင်မြင်ခဲ့ပြီး၊ ဘီအေ၊ ဘီအီးဒီ (B.A, B.Ed) ဘွဲ့တို့ ရရှိခဲ့ပါသည်။

နိုင်ငံတော်အစိုးရ၊ ပညာရေးဌာနတွင် အထက်တန်းပြဆရာ(S.A.T)အဖြစ်လည်းကောင်း၊ နိုင်ငံရေးတက္ကသိုလ်သဘောတရားဌာနတွင် လက်ထောက်ကထိကအဖြစ်လည်းကောင်း နိုင်ငံတာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

ဆရာကြီးဦးခင်မောင်အေးသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ တွဲဖက်ဂဏဝါစကတာဝန်ကို( )နေ့မှစ၍ ဗုဒ္ဓမြတ်စွာသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးပြုလုပ်အားထုတ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
# (ရန်ကုန်)
# ပိဋကတ်တိုက်ဌာန၌
# တာဝန်ထမ်းဆောင်ပြီး/ထမ်းဆောင်ဆဲ
# ဆရာများ၏
# အတ္ထုပ္ပတ္တိအကျဉ်း



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

ပိဋကတ်တိုက်ဌာန

## ပိဋကတ်တိုက်မှူးဆရာတော်

## ဘဒ္ဒန္တဥတ္တရ

ဆရာတော်ဘဒ္ဒန္တဥတ္တရကို ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ပန်းတင်ကျွန်းကျေးရွာ၌ ခမည်းတော် ဦးစိန်ဝင်းဦး မယ်တော် ဒေါ်လုပှန်တို့မှ ၁၃၀၁-ခုနှစ်၊ ဝါခေါင်လဆန်း (၆)ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း (၅)ယောက်တို့တွင် ပထမမြောက် သားရတနာဖြစ်၍ ငယ်နာမည်မှာ မောင်ထွန်းခင်ဖြစ်သည်။

ဆရာတော်လောင်းလျာသည် အသက် (၁၂)နှစ်အရွယ်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပန်းတင်ကျွန်းကျေးရွာ၊ အရှေ့ဘက်ကျောင်း၊ ဝိဇ္ဇာလင်္ကာရကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မသာရာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဥတ္တရဖြစ်သည်။ ၁၃၂၂-ခုနှစ်၊ ကဆုန်လဆန်း (၁၂)ရက်၊ ကြာသပတေးနေ့၊ နံနက် (၈း၃၇) အချိန်တွင် ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ပန်းတင်ကျွန်းကျေးရွာ၊ အရှေ့ဘက်ကျောင်း၊ ဝိဇ္ဇာလင်္ကာရကျောင်း၊ ခဏ္ဍသိမ်၌ ရခိုင်ပြည်နယ်၊ တောင်ကုတ် မြို့နယ်၊ ပန်းတင်ကျွန်းကျေးရွာ၊ ကောကိုင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇဝနကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် တောင်ကုတ်မြို့နယ်၊ ပန်းတင်ကျွန်းကျေးရွာ၊ ဝိဇ္ဇာလင်္ကာရကျောင်းဆရာတော်၊ ဘဒ္ဒန္တဓမ္မသာရာဘိဝံသ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကုက္ကိုင်းရပ်၊ တေဇိန္ဒာရာမကျောင်း ဆရာတော် ဘဒ္ဒန္တသုဇာတစသော စာချဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူး၊ ကထိက၊ နည်းပြဆရာတော်များထံတို့တွင် ပညာသင်ယူခဲ့ပြီး အစိုးရပထမကျော်ဘွဲ့၊ နိကာယဇ္ဈေတကသဓီတဒီဃဘာဏက၊ သာသနဓဇဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ ပိဋကတ္တယပါရဂူ၊ B.A ဘွဲ့တို့ကို ရရှိတော်မူခဲ့သည်။

ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အဘိဓမ္မပိဋကမဟာဌာန၌

၁၈-၄-၁၉၈၆ နေ့မှ ၆-၈-၁၉၈၅ အထိဂဏဝါစကတာဝန်၊

စာကြည့်တိုက်ဌာန၌ ၆-၈-၁၉၈၆ နေ့မှ ၂၈-၇-၁၉၉၃ အထိ ဌာနစုမှူးတာဝန်၊

၂၈-၇-၁၉၈၉ နေ့မှ ၂၈-၇-၁၉၉၀ အထိ လ/ထ ပိဋကတ်တိုက်မှူးတာဝန်တို့ကို ထမ်းဆောင်ခဲ့ပါသည်။

ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပိဋကတ်စာကြည့်တိုက်ဌာန၌ ပိဋကတ်တိုက်မှူးတာဝန်ကို ၁၉၉၃-ခုနှစ်မှစ၍ ၂၀၀၀-ခုနှစ်အထိ ထမ်းဆောင်တော်မူခဲ့၍ ယခုအခါ တေဇိန္ဒာရာမကျောင်းတိုက်၌ သာသနာပြု ကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်တော်မူလျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်တိုက်ဌာန

## လက်ထောက်ပိဋကတ်တိုက်မှူးဆရာတော်
## ဘဒ္ဒန္တဝိဇေက

ဘဒ္ဒန္တဝိဇေကသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ဆည်ဝရွာ၌ အဖ ဦးစံရင်+အမိ ဒေါ်သိန်းရတို့မှ ၁၃၁၅-ခုနှစ်၊ နယုန်လဆုတ် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်ခဲ့ပြီး စတုတ္ထမြောက် သားရတနာဖြစ်ပါသည်။

အသက် (၇)နှစ်အရွယ်တွင် ဘုတလင်မြို့နယ်၊ ဆည်ဝရွာကျောင်းဆရာတော် ဦးဇာဂရ၊ ဦးပဏ္ဍိတတို့ ထံတော်၌ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဝိနည်း၊ ပရိတ်ကြီးစသော အခြေခံကျမ်းစာများကို သင်ယူခဲ့သည်။

သက်တော် (၁၀)နှစ်တွင် ဆည်ဝကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေပြုခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဝိဇေက ဖြစ်သည်။ ၁၃၃၅-ခုနှစ်၊ ကဆုန်လဆန်း(၁၂) ရက်၊ စနေနေ့၊ နေ့လည်(၁)နာရီအချိန်တွင် ဆည်ဝကျောင်းခဏ္ဍသိမ်၌ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘောင်တိုက် သာသနမာမကကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒဝံသကို ဥပဇ္ဈာယ်ပြု၍ ဘုတလင်မြို့၊ မန်းညွှန့်အေးရွာ၊ ဦးလှတင်+ဒေါ်စိန်ပိုမိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆည်ဝကျောင်းဆရာတော်များနှင့် မန္တလေးမြို့၊ သာသနမာမကကျောင်းဆရာတော် ဦးနန္ဒဝံသ၊ ဦးဉာဏာလင်္ကာရာဘိဝံသ၊ ရွှေလင်းယုန်ဆရာတော် ဦးအာစိဏ္ဏာလင်္ကာရ၊ တောင်ကြီးစွန်းလွန်းဆရာတော် ဦးအဂ္ဂဓမ္မာဘိဝံသ၊ ကျောက်မဲ စိန္တာမုနိဆရာတော် ဦးဂုဏာလင်္ကာရာဘိဝံသ၊ ပဲခူးကြခတ်ဝိုင်းဆရာတော်၊ ရန်ကုန် ဝိသုဒ္ဓါရုံဆရာတော်၊ ဆုထူးပန်ဆရာတော်၊ ငွေကြာရံဆရာတော်စသည်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းနှင့် သာသနာ့တက္ကသိုလ်ဆရာဖြစ်သင်တန်း ဆရာတော်များထံ၌ အထက်တန်း ပညာရပ်များ သင်ယူခဲ့သည်။

သာသနဓဇဓမ္မာစရိယ၊ ပရိယတ္တိဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တို့ကို ရရှိခဲ့သည်။

ဇာတိမြေ၌လည်းကောင်း၊ ငွေကြာရံစာသင်တိုက်၌လည်းကောင်း၊ မင်္ဂလာဒုံကြံခင်းစု၌ ပွင့်ဦးစာသင်တိုက် တည်ထောင်၍လည်းကောင်း ပရိယတ္တိစာပေများပို့ချခြင်း၊ တရားဟောခြင်း၊ အစိုးရစာမေးပွဲများနှင့် သာသနာ့တက္ကသိုလ်စာမေးပွဲများ ကြီးကြပ်ရေးနှင့် စာစစ်အဖွဲ့ဝင်၊ သာသနာရေးဆောင်းပါးများနှင့် ကျမ်းစာရေးသားပြုစုခြင်း၊ သာသနာ့တက္ကသိုလ်(ရန်ကုန်)၏ မော်ကွန်းထိန်းဌာန၌ ဌာနစုမှူးတာဝန်ကို ၁၈-၄-၁၉၈၆ နေ့မှ ၂၈-၇-၁၉၈၉ နေ့အထိလည်းကောင်း၊ ပိဋကတ်တိုက်ဌာန၌ ပင်မဌာနစုမှူးတာဝန်ကို ၂၈-၇-၁၉၈၉ နေ့မှ ၉-၂-၁၉၉၅ ခုနှစ်အထိလည်းကောင်း၊ လက်ထောက်ပိဋကတ်တိုက်မှူးတာဝန်ကို ၉-၂-၁၉၉၅ နေ့မှ ယနေ့အထိလည်းကောင်း ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်တိုက်ဌာန
**ဌာနစုမှူးဆရာတော်**
**ဘဒ္ဒန္တဉတ္တရသီရိ**

ဆရာတော် ဘဒ္ဒန္တဉတ္တရသီရိကို မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ရတနာကျေးရွာ၌ ခမည်းတော် ဦးရွှေကျိုင်+မယ်တော် ဒေါ်ငွေတင်တို့မှ ၁၃၁၅ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၁)ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း(၄)ယောက်တို့တွင် တတိယမြောက် သားရတနာဖြစ်၍ ငယ်နာမည်မှာ မောင်အောင်ဘု ဖြစ်သည်။

ဆရာတော်လောင်းလျာသည် အသက် (၁၆)နှစ်အရွယ်တွင် မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ရတနာကျေးရွာ၊ ဦးရွှေကျိုင်+ဒေါ်ငွေတင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ် ရတနာကျေးရွာ မင်္ဂလာသာရဒီပကျောင်းတိုက်၊ ဆရာတော် ဘဒ္ဒန္တပညာဇောတမဟာထေရ်မြတ်ကို ဉပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဉတ္တရသီရိဖြစ်သည်။

၁၃၃၅-ခုနှစ်၊ နယုန်လဆန်း(၆)ရက်၊ ကြာသပတေးနေ့၊ နံနက်( ၈း၁၅)အချိန်တွင် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကော့ခပုံကျေးရွာ၊ ဘင်လှိုင်ကျောင်းတိုက် ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တရေဝတမထေရ်မြတ်ကို ဉပဇ္ဈာယ်ပြု၍ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ရတနာကျေးရွာ၊ ဦးရွှေကျိုင်+ဒေါ်ငွေတင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် မင်္ဂလာသာရဒီပကျောင်းဆရာတော်ဘဒ္ဒန္တပညာဇောတ ဘင်လှိုင်ကျောင်းဆရာတော် ဘဒ္ဒန္တရေဝတ၊ ကတိုးမဟာရင်ကျောင်းဆရာတော် ဘဒ္ဒန္တအာဒိစ္စ၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ၊ မင်းကွန်းတိပိဋကနိကာယကျောင်းဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊ ကျိုက်သီမွန်ကျောင်း ဆရာတော် ဘဒ္ဒန္တတိဿနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ်ဆရာတော်အမှူး ပြုသော ပါမောက္ခ၊ ဌာနမှူး၊ ကထိက၊ နည်းပြဆရာတို့အထံ၌ ပညာသင်ယူခဲ့ပြီး သာသနဇောတိကဓဇဝရဓမ္မာစရိယ၊ အစိုးရတိပိဋကဒီဃဘာဏက၊ နိကာယယုဇ္ဈောတက ဒီဃဘာဏက၊ နိကာယယုဇ္ဈောတကဓမ္မာစရိယ၊ သဒ္ဓမ္မ ဇောတကဓမ္မာစရိယဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပိဋကတ်တိုက်ဌာန၌ ဌာနစုမှူး တာဝန်ကို ၂၃-၄-၁၉၈၆ ခုနှစ်မှစ၍ ၁၉၉၀-ခုနှစ်အထိ ထမ်းဆောင်တော်မူခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

ပိဋကတ်တိုက်ဌာန

## ဌာနစုမှူးဆရာတော်

## ဘဒ္ဒန္တပညာဝံသ

ဆရာတော်ဘဒ္ဒန္တပညာဝံသကို မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ရွယ်ငယ်ကျေးရွာ၊ ခမည်းတော် ဦးဘလွင် + မယ်တော် ဒေါ်ငွေမြတို့မှ သက္ကရာဇ် ၁၃၂၆- ခုနှစ်၊ တပို့တွဲလဆန်း (၁၃) ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်းသုံးယောက်တို့တွင် ဒုတိယမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်မြင့်ရွှေ ဖြစ်သည်။

ဆရာတော်လောင်းလျာသည် ရေစကြိုမြို့၊ မဟာဝိစိတ္တာရာမကျောင်းတွင် မိဘများ၏ ပစ္စယာနုဂ္ဂဟဖြင့် ယင်းကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ် ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ပညာဝံသ ဖြစ်သည်။ ၁၃၄၇- ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ( ၅) ရက်၊ နေ့လည် ( ၁း ၁၀ ) မိနစ်အချိန် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ရွာငယ်ကျေးရွာ၊ မိဘများ၏ ပစ္စယာနုဂ္ဂဟဖြင့် မန္တလေးတိုင်း ဒေသကြီး၊ အမရပူရမြို့နယ်၊ စာတော်ကျေးရွာ၊ စာတော်ဗိုလ်ကျောင်း၊ ခဏ္ဍသိမ်တော်တွင် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ကျေးရွာ၊ မိုးကုတ်သိမ်ကျောင်း၊ မဟာဂန္ဓာရုံကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒောဘာသမထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် ရေစကြိုမြို့နယ်၊ ရွာငယ်ကျေးရွာ၊ မဟာဝိစိတ္တာရာမကျောင်းဆရာတော် ဘဒ္ဒန္တအင်္ဂရ၊ အမရပူရမြို့နယ်၊ အတော်ရွာ၊ သော်ကကျောင်းဆရာတော် ဘဒ္ဒန္တသုဇာတ၊ ဗိုလ်ကျောင်းဆရာတော် ဘဒ္ဒန္တသံဝရ၊ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ စိတ္တရရွာ၊ ဓမ္မာရုံကျောင်းဆရာတော် ဘဒ္ဒန္တဝါယမ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ်ဆရာတော်အမှူးပြုသော သင်ကြား/ စီမံဆရာတော်တို့ထံ၌ ပရိယတ်စာပေများ သင်ယူလေ့လာခဲ့သည်။

ဆရာတော်သည် သာသနတက္ကသီလဓမ္မာစရိယ၊ B.A ( Buddhism ) သာသနတက္ကသီလမဟာ ဓမ္မာစရိယ M.A ( Buddhism ) ဘွဲ့တို့ကို ရရှိတော်မူခဲ့ပြီး ဓာတ်ကမ္မဋ္ဌာန်းကျမ်း လေ့လာသုံးသပ်ချက်၊ အတ္တဟိတ ပရဟိတ၊ ရနိုင်ခဲသော လူ့ဘဝ ” ကျမ်းစာအုပ်တို့ကို ရေးသားတော်မူခဲ့သည်။

ဆရာတော်သည် အမရပူရမြို့နယ်၊ စာတော်ရွာ၊ သော်ကကျောင်း၌ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများ ပို့ချခြင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မင်္ဂလာစံကျောင်း၌ ပိဋကတ်အခြေခံ စာပေများ ပို့ချပေးခြင်းဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းတို့ကို ကြိုးပမ်းဆောင်ရွက်တော် မူသည်။

ဆရာတော်သည် (၂-၆-၂၀၀၀) ခုနှစ်မှစ၍ ပိဋကတ်စာကြည့်တိုက်ဌာန၊ ဌာနစုမှူးတာဝန်၊ စစ်ကိုင်းတိုင်း ဒီနာလယကျောင်းဆောင် လက်ထောက်အဆောင်မှူးတာဝန်တို့ကို ထမ်းဆောင်ခဲ့ပြီး ယခုအခါ ဒလမြို့၊ မင်္ဂလာ စံကျောင်း၌ သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူလျက် ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်တိုက်ဌာန

## ဌာနစုမှူးဆရာတော်
## ဘဒ္ဒန္တကောလိယ

ဘဒ္ဒန္တကောလိယကို ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ်၊ ကျောက်တစ်လုံးမြို့နယ်ခွဲ၊ ဝင်းယကျေးရွာ၌ ခမည်းတော် ဦးခွန်တောင်+မယ်တော် ဒေါ်နန်းအောင်တို့မှ ၁၃၃၆-ခုနှစ်၊ နတ်တော်လဆန်း(၁၀) ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်းခုနစ်ယောက်တို့တွင် တတိယမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ ခွန်ခဲအောင်ဖြစ်သည်။

(၈)နှစ်သားအရွယ်တွင် ရှမ်းပြည်တောင်ပိုင်း၊ တောင်ကြီးမြို့နယ်၊ကျောက်တစ်လုံးမြို့နယ်ခွဲ၊ ဝင်းယကျေးရွာ၊ သိရီမင်္ဂလာဝင်းယကျောင်း၌ သိရီမင်္ဂလာဝင်းယကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မောဘာသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့တော်မှာ ရှင်ကောလိယ ဖြစ်သည်။ ၁၃၅၆-ခုနှစ်၊ ကဆုန်လဆန်း (၁၅)ရက် အင်္ဂါနေ့ နေ့လည် (၁း၀၀) နာရီအချိန်တွင် ဝင်းယကျေးရွာ၊ သိရီမင်္ဂလာဝင်းယကျောင်းတိုက်ရှိ ခဏ္ဍသိမ်တော်၌ ဘဒ္ဒန္တ ဓမ္မောဘာသကိုပင် ဥပဇ္ဈာယ်ပြု၍ ဝင်းယကျေးရွာနေ ဦးခွန်သန်း+ဒေါ်နန်းစွမ်း မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တကောလိယသည် ဘဒ္ဒန္တဓမ္မောဘာသ (သိရီမင်္ဂလာဝင်းယကျောင်းတိုက်)၊ ဘဒ္ဒန္တမဟာသေန (မဟာဗောဓိမြိုင်ကျောင်းတိုက်၊မြောင်းမြမြို့)၊ ဘဒ္ဒန္တအရိယာလင်္ကာရ (သဒ္ဓမ္မဝါစီဟသ်ာတကျောင်းတိုက်၊ မ/ဥက္ကလာ၊ ရန်ကုန်)၊ ဘဒ္ဒန္တဇာဂရာဘိဝံသ (နာဂလိုဏ်ဂူကျောင်းတိုက်၊မရမ်းကုန်း၊ရန်ကုန်)၊ ဘဒ္ဒန္တ ဂုဏိဿရ (တိုက်သစ်ပဋ္ဌာနတာရုံကျောင်းတိုက်၊မြောင်းမြမြို့)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသအမှူးပြုသော ပါမောက္ခ ဌာနမှူး စသော သင်ကြား/စီမံ ဆရာတော်များနှင့် ပြင်ပပညာရှင်ဆရာကြီးတို့အထံတွင် ပညာသင်ယူခဲ့သည်။

ဘဒ္ဒန္တကောလိယသည် အစိုးရအခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ မ/ဥက္ကလာပမြို့နယ် ဝိနယာဓိကစာမေးပွဲ (ပထမလတ်တန်း၊ဂုဏ်ထူး)၊မ/ဥက္ကလာပမြို့နယ် ပရိယတ္တိဟိတကာရီစာမေးပွဲ (ပထမလတ်တန်း၊တတိယ)တို့ကို အောင်မြင်တော်မူပြီး ၁၃၆၅-ခုနှစ်တွင် သာသနတက္ကသီလဓမ္မာစရိယ၊ B.A(Buddhism)ဘွဲ့၊ ၁၃၆၉-ခုနှစ်တွင် သာသနတက္ကသီလမဟာဓမ္မာစရိယ၊ M.A(Buddhism) ဘွဲ့တို့ကို ရရှိတော်မူသည်။

ရေးသားပြုစုခဲ့သော ကျမ်းများမှာ "ဓမ္မပဒဂါထာအမှတ် ၅၈-၅၉ လေ့လာသုံးသပ်ချက်"၊ "ကိစ္စဟူသရွေ့ မင်္ဂတားဖိုလ်တားဟု မှတ်ပါ"(စုပေါင်းစာတမ်း)၊ "အမျိုးသမီးဘဝနှင့်ဗုဒ္ဓအမြင်" တို့ ဖြစ်ပြီး မြိုင်နန်းမြေ-ရဝေသျှင် ဟူသော ကလောင်အမည်ဖြင့် ဘာသာရေးဆိုင်ရာ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို့ကိုလည်း ရေးသားလျက်ရှိသည်။

ဘဒ္ဒန္တ ကောလိယသည် ၁၃၆၆-ခုနှစ်မှစ၍ ယခုချိန်ထိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပိဋကတ်စာကြည့်တိုက်ဌာန၌ ဌာနစုမှူးတာဝန်နှင့် မွန်ပြည်နယ်အဆောင်၏ လက်ထောက်အဆောင်မှူး တာဝန်တို့ကို ထမ်းဆောင်တော်မူလျက် သာသနာ့အကျိုး သယ်ပိုးဆောင်ရွက်လျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်တိုက်ဌာန

## ဌာနစုမှူးဆရာတော်
## ဘဒ္ဒန္တသီလပိယ

ဘဒ္ဒန္တသီလပိယသည် ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ဂုံမင်းအနောက်ကျေးရွာ၌ ခမည်းတော် ဦးထွန်းကြည် + မယ်တော် ဒေါ်မြညွန့်တို့မှ ၁၃၃၇-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၅)ရက်၊ သောကြာနေ့တွင် ဖွားမြင်သည်။ မွေးချင်း (၇)ယောက်တွင် ပဋ္ဌမမြောက် သားရတနာ ဖြစ်ပါသည်။ ငယ်နာမည်မှာ မောင်သန်းထွန်း ဖြစ်ပါသည်။

အသက် (၁၃)နှစ်အရွယ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ဂုံမင်းအနောက်ကျေးရွာ၊ ဂုံမင်းအနောက်ကျောင်းဆရာတော် ဘဒ္ဒန္တပညောဘာသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယနုဂ္ဂဟဖြင့် သာမဏေပြုသည်။ ဘွဲ့အမည်မှာ ရှင်သီလပိယ ဖြစ်ပါသည်။

၁၃၅၇-ခုနှစ်၊ နတ်တော်လဆုတ်(၈)ရက်၊ ကြာသပတေးနေ့၊ နံနက် (၇း၀၀) အချိန်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့၊ မြို့မ (၆)ရပ်ကွက်၊ မြို့ဦးကျောင်း သာသနာလင်္ကာရဓမ္မာသိမ်၌ ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ တောကျောင်းဆရာတော် ဘဒ္ဒန္တလက္ခဏကို ဥပဇ္ဈာယ်ပြု၍ ပန်းတနော်မြို့နေ ဦးတင်လှိုင်+ ဒေါ်ကြည်ကြည်ငွေးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဘဒ္ဒန္တသီလပိယအား ပညာသင်ကြားပေးခဲ့သော ဆရာတော်များမှာ ပန်းတနော်မြို့နယ်၊ ဂုံမင်းအနောက်ကျောင်းဆရာတော်၊ ပန်းတနော်မြို့၊ မြတောင်စာသင်တိုက်မှ ဘဒ္ဒန္တဝိမလညာဏ၊ ဘဒ္ဒန္တကုမာရအမှူးပြုသော စာချ ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ်ဆရာတော်အမှူးပြုသော သင်ကြား၊ စီမံဆရာတော်များ၊ ပြင်ပပညာရှင်ဆရာကြီးများ ဖြစ်ကြပါသည်။

ရရှိခဲ့သောဘွဲ့ဒီဂရီများမှာ သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism) သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A (Buddhism) ဖြစ်ပါသည်။ ရေးသားပြုစုခဲ့သော စာတမ်းနှင့်ကျမ်းများမှာ "သောတာဒ္ဒန္တ သုတ်လေ့လာချက်နှင့် အက္ခဏသုတ် လေ့လာချက်" များဖြစ်ပါသည်။

ဆောင်ရွက်ချက်များမှာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၌ ပိဋကတ်တိုက်ဌာန၊ ဌာနစုမှူး တာဝန်ကို ၁၇.၇.၂၀၀၄ နေ့တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၊ ပိဋကတ်တိုက်ဌာန၌ ဌာနစုမှူးတာဝန်ကို ဗုဒ္ဓမြတ်စွာ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်တော် မူခဲ့ပါသည်။

ယခုအခါ ဘဒ္ဒန္တသီလပိယသည် ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ မြတောင်စာသင်တိုက်၌ စာချတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်တိုက်ဌာန
**ဌာနစုမှူးဆရာတော်**
**ဘဒ္ဒန္တခေမာသိရီလင်္ကာရ**

ဆရာတော်ဘဒ္ဒန္တခေမာသိရီလင်္ကာရကို မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ကျောင်းရွာကျေးရွာ၌ ခမည်းတော် ဦးဘိုးနီ+ မယ်တော် ဒေါ်မြရီတို့မှ ၁၃၃၈- ခုနှစ်၊ နယုန်လဆန်း( ၃ ) ရက်၊ တနင်္လာနေ့ တွင် ဖွားမြင်တော်မူသည်။ မွေးချင်း(၇)ယောက်တို့တွင် အထွေးဆုံး သားရတနာဖြစ်၍ ငယ်နာမည်မှာ မောင်ဇေထိုက်ဖြစ်သည်။

ဆရာတော်လောင်းလျာသည် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ကျုံပျော်မြို့နယ်၊ အထောင်ကျေးရွာ၊သီရိရတနာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသိရိန္ဒ မထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ခေမာသိရီဖြစ်သည်။ ၁၃၅၉- ခုနှစ်၊ ကဆုန်လပြည့်ကျော် ( ၁၂ ) ရက်၊ တနင်္လာနေ့၊ နံနက် ( ၈း၄၅ ) အချိန်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ တာကလေးရပ်ကွက်နေ ဦးကျော်ညွန့်+ဒေါ်ရည်ရည်ဝင်း မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဟင်္သာတမြို့နယ်၊ တာကလေးရပ်ကွက် မိုးကောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာစာရမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ အထောင်ကျေးရွာ၊ သီရိရတနာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသိရိန္ဒ၊ မန်းကြာရွာ ဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တပညောဘာသ၊ ဟင်္သာတမြို့နယ်၊မိုးကောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာစာရ၊ မန္တလေးမြို့၊ မှန်ကင်းပဓ္ဓောတာရုံဆရာတော် ဘဒ္ဒန္တကုဏ္ဍိကာဘိဝံသ၊ တိပိဋကမဟာဂန္ဓာရုံဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ(Ph.D)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ်ဆရာတော်အမှူးပြုသော သင်ကြား/စီမံဆရာတော်တို့ထံ၌ ပရိယတ်စာပေများ သင်ယူလေ့လာခဲ့သည်။

ဆရာတော်သည် ဂဏဝါစကသာမဏေကျော်ဘွဲ့ (၁၃၅၇)၊ ဝိနယဝိဒူဘွဲ့ (၁၃၅၇) သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A( Buddhism )ဘွဲ့တို့ကို ရရှိတော်မူခဲ့ပြီး "ရာဇာဂိုဏ်းပါဠိသက္ကတနိုင်းယှဉ်ချက်၊ ဇနီးမောင်နှံများအတွက် သိမှတ်ဖွယ်ရာဒေသနာများ " ကျမ်းစာတို့ ကို ရေးသားတော်မူခဲ့သည်။

ဆရာတော်သည် ( ၁၆.၃.၂၀၀၅ ) ခုနှစ်မှ ၂၀၀၈-ခုနှစ်အထိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပိဋကတ်စာကြည့်တိုက်ဌာန၌ ဌာနစုမှူးတာဝန်ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဝိဇ္ဇာလယကျောင်းဆောင်လက်ထောက်အဆောင်မှူးတာဝန်ကိုလည်းကောင်း ထမ်းဆောင်တော်မူခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်တိုက်ဌာန

## ဌာနစုမှူးဆရာတော်
## ဘဒ္ဒန္တအာဒိစ္စ

ဆရာတော်ဘဒ္ဒန္တအာဒိစ္စကို ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ထီးပနန်းရွာတွင် ခမည်းတော် ဦးကြည်ဝင်း+မယ်တော် ဒေါ်ခင်သန်းတို့မှ ၁၃၄၂-ခုနှစ်၊ နတ်တော်လဆုတ် ၁၃-ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း (၇)ယောက်တို့တွင် သားဦး ဖြစ်သည်။

သက်တော် (၁၀)နှစ် အရွယ်တွင် ထီးပနန်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒာဝရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၃၆၃-ခုနှစ်၊ ကဆုန်လဆုတ် ၂-ရက်နေ့၊ နံနက် (၈း၄၀)အချိန်တွင် ပန်းတနော်မြို့၊ မြတောင်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝိမလညာနကို ဥပဇ္ဈာယ်ပြု၍ ဝါးခယ်မမြို့၊ စာရေးကုန်းရပ်ကွက်နေ ဦးဝင်းကျော်+ဒေါ်မူမူဝင်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ပညာသင်ကြားခဲ့ရာ ဆရာတော်များမှာ ထီးပနန်းကျောင်းဆရာတော်။ ဝါးခယ်မမြို့၊ ရွာလယ်ကျောင်းသစ်စာသင်တိုက်ဆရာတော်ဘဒ္ဒန္တဓမ္မသာမိ။ ပန်းတနော်မြို့၊ မြတောင်စာသင်တိုက်မှ ဘဒ္ဒန္တကုမာရ (ဂဏဝါစက၊ ဂန္ထကာရက) အမှူးပြုသော စာချဆရာတော်များ။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခ၊ ဌာနမှူး၊ ကထိက၊ နည်းပြဆရာတော်များ ဖြစ်သည်။

ရရှိခဲ့သောဘွဲ့ဒီဂရီမှာ သာသနတက္ကသီလ ဓမ္မာစရိယ B.A (Buddhism) ဖြစ်သည်။

ရေးသားပြုစုခဲ့သော စာတမ်းနှင့်ကျမ်းမှာ စူဠသီလပါဠိတော်ပါဠိတသိက္ခာပုဒ်ကို လေ့လာခြင်း၊ အနာထပိဏ်မိသားစုအကြောင်းလေ့လာခြင်းတို့ ဖြစ်သည်။

ဆရာတော်သည် ပန်းတနော်မြို့၊ မြတောင်စာသင်တိုက်၊ ဝါးခယ်မမြို့၊ ရွာလယ်ကျောင်းသစ်စာသင်တိုက်တို့၌ စာပေပို့ချခြင်း၊ သထုံမြို့၊ ကြာပန်းကျေးရွာ၊ နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၌ ကွန်ပျူတာ သင်ကြားပို့ချခဲ့ခြင်းဖြင့် သာသနာတော်အတွက် အားကြိုးမာန်တက် ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပိဋကတ်စာကြည့်တိုက်၌ ၊ ဌာနစုမှူးတာဝန်ကို ၂၅·၇·၂၀၀၈ နေ့မှ ယနေ့အထိ၊ ကချင်ပြည်နယ်ဆောင်၊ လက်ထောက်အဆောင်မှူး တာဝန်ကို ၂၅· ၁၂· ၂၀၀၈ နေ့မှ ယနေ့အထိ ဆောင်ရွက်တော်မူလျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်တိုက်ဌာန

**ဌာနစုမှူးဆရာတော်**
**ဘဒ္ဒန္တအဂ္ဂသိရီ**

ဆရာတော်ဘဒ္ဒန္တအဂ္ဂသိရီကို စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ အုန်းဒင်ကျေးရွာ၊ ခမည်းတော် ဦးပြော့ + မယ်တော် ဒေါ်ဌေးလှတို့မှ သက္ကရာဇ် ၁၃၄၀- ခုနှစ်၊ နယုန်လပြည့်ကျော် ( ၂ ) ရက်၊ တနင်္ဂနွေနေ့၊ နံနက် ( ၃ ) နာရီအချိန်တွင် ဖွားမြင်တော်မူသည်။ မွေးချင်းခုနစ်ယောက်တို့တွင် တတိယမြောက် သားရတနာ ဖြစ်၍ ငယ်မည်မှာ မောင်အေးမင်းဖြစ်သည်။

ဆရာတော်လောင်းလျာသည် ဒီပဲယင်းမြို့၊ အုန်းတောကျောင်းတွင် ဦးစိန်ကျော + ဒေါ်ခင်ယုံမိသားစု တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ယင်းကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ် ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်အဂ္ဂသိရီဖြစ်သည်။ ၁၃၆၁- ခုနှစ်၊ တန်ခူးလပြည့်ကျော် ( ၅ ) ရက်၊ တနင်္ဂနွေနေ့၊ နံနက် ( ၈း ၃၀ ) မိနစ်အချိန် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ( ၃ ) ရပ်ကွက်၊ ဦးဘမြိုင် + ဒေါ်ခင်ယု မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ကျောက်တန်းကျေးရွာ၊ မဟာဗောဓိ စာသင်တိုက်၊ ခဏ္ဍသိမ် တော်တွင် ယင်းကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍဝံသမထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် ဒီပဲယင်းမြို့နယ်၊ အုန်းဒင်ကျေးရွာ၊ မဟာသုခဝတီကျောင်းဆရာတော် ဘဒ္ဒန္တမေဓာဝီ၊ ပဲခူးမြို့နယ်၊ ကျောက်တန်းကျေးရွာ၊ မဟာဗောဓိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တပါမောက္ခ၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မင်္ဂလာသိရီအုဋ်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒောဘာသာဘိဝံသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ်ဆရာတော်အမှူးပြုသော သင်ကြား/စီမံဆရာတော် တို့ထံ၌ ပရိယတ်စာပေများ သင်ယူလေ့လာခဲ့သည်။

ဆရာတော်သည် သာသနတက္ကသီလဓမ္မာစရိယ၊ B.A ( Buddhism ) ဘွဲ့ကို ရရှိတော်မူခဲ့ပြီး "ပိသုဏဝါစာသိက္ခာပုဒ်ကို လေ့လာခြင်း၊ ယုဂနဒ္ဓလေ့လာ သုံးသပ်ချက်၊ ဓုတ္တသုံးမျိုး" ကျမ်းစာတို့ကို ရေးသား တော်မူခဲ့သည်။

ဆရာတော်သည် ၁၃၇၀- မှစ၍ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ပဏ္ဍိတာရာမရွှေတောင်ကုန်း သာသနာ့ရိပ်သာတွင် သင်တန်းသားဦးရေ ၆၀၀ ကျော်တို့အား ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ ဝိုင်းဝန်းပို့ချ ဖွင့်လှစ်၍ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းတို့ကို ကြိုးပမ်းဆောင်ရွက်တော်မူသည်။

ဆရာတော်သည် ( ၂၈- ၁၁- ၂၀၀၈ ) ခုနှစ်မှစ၍ ယခုချိန်အထိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပိဋကတ်စာကြည့်တိုက်ဌာန၌ ဌာနစုမှူး အဖြစ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်း ဝိဇ္ဇာလယကျောင်း ဆောင် လက်ထောက်အဆောင်မှူး အဖြစ်ဖြင့်လည်းကောင်း သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူလျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်တိုက်ဌာန

**ဌာနစုမှူးဆရာတော်**
**ဘဒ္ဒန္တရဋ္ဌပါလ**



ဆရာတော်ဘဒ္ဒန္တရဋ္ဌပါလကို ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ခြံကျယ်ကျေးရွာ၊ ခမည်းတော် ဦးလပြည့်အောင် + မယ်တော် ဒေါ်ကြာမဦးတို့မှ သက္ကရာဇ် ၁၃၃၅- ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၄) ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် ( ၁၁ ) နာရီအချိန်တွင် ဖွားမြင်တော်မူသည်။ မွေးချင်းငါးယောက်တို့တွင် သားဦးရတနာဖြစ်၍ ငယ်မည်မှာ မောင်ဘဦးဖြစ်သည်။

ဆရာတော်လောင်းလျာသည် အသက် (၁၄) နှစ်အရွယ်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ခြံကျယ်ရွာဦးကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ရဋ္ဌပါလ ဖြစ်သည်။ ၁၃၅၅- ခုနှစ်၊ ကဆုန်လဆန်း (၁၅) ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် ( ၈း၄၅ ) မိနစ်အချိန် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁) ရပ်ကွက်၊ ဦးမျိုးအောင် + ဒေါ်ကျင်ရီမိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မဟာဝိဇိတာရုံဗွဲ့စုံကျောင်း၊ ခဏ္ဍသိမ်တော်တွင် ချောင်တွင်းကုန်းကျောင်း ဆရာတော် ဘဒ္ဒန္တဝိလာသ မထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် ခြံကျယ်ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တကုမာရ၊ စစ်တွေမြို့၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဟိုဌာန၊ ခေမာမဏ္ဍိုင်ကျောင်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော စာချဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ( ရန်ကုန် ) ပါမောက္ခချုပ်ဆရာတော် အမှူးပြုသော သင်ကြား / စီမံ ဆရာတော်များထံ၌ ပညာဆည်းပူးသင်ယူခဲ့ပြီး အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ သာသနတက္ကသီလဓမ္မာစရိယ၊ B.A ( Buddhism ) အတန်းတို့ကို အောင်မြင်တော်မူခဲ့ပြီး ဒုလ္လဘကျင့်စဉ်လေ့လာသုံးသပ်ချက်၊ သီဟသေနာပတိသုတ်လေ့လာသုံးသပ်ချက် စုပေါင်းစာတမ်း၊ ခမိတိုင်းရင်းသားများ၏ ယုံကြည်ကိုးကွယ်မှုနှင့် ဓလေ့ထုံးစံများ အမည်ရှိသောကျမ်းစာတို့ကို ရေးသားတော်မူခဲ့သည်။

ဆရာတော်သည် ( ၆- ၉- ၂၀၀၉ ) ခုနှစ်မှစ၍ ယနေ့အထိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပိဋကတ်စာကြည့်တိုက်ဌာန၌ ဌာနစုမှူးအဖြစ်ဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူလျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်တိုက်ဌာန
**ဌာနစုမှူးဆရာတော်**
**ဘဒ္ဒန္တသြဘာသ**

ဆရာတော်ဘဒ္ဒန္တသြဘာသကို မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ နိုင်လုံကျေးရွာ၌ ခမည်းတော် ဦးစံလှိုင်+မယ်တော်ဒေါ်စောရင်တို့မှ သက္ကရာဇ် ၁၃၃၈- ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၄)ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။ မွေးချင်း(၇)ယောက်တို့တွင် ပထမမြောက် သားရတနာဖြစ်၍ ငယ်နာမည်မှာ မောင်မွန်ထော ဖြစ်သည်။

ဆရာတော်လောင်းလျာသည် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ နိုင်လုံကျေးရွာ၊ ဝိသုဒ္ဓါရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမေဓာဝီ မထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်သြဘာသ ဖြစ်သည်။ ၁၃၅၉-ခုနှစ်၊ ကဆုန်လဆန်း(၅) ရက်၊ တနင်္ဂနွေနေ့၊ နံနက်(၉း၂၉)အချိန်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မုဒုံမြို့နယ်၊ နိုင်လုံကျေးရွာ၊ ဝိသုဒ္ဓါရုံကျောင်းတိုက် ဗဒ္ဓသိမ်တော်၌ မုဒုံမြို့နယ်၊ နိုင်လုံကျေးရွာ၊ ဝိသုဒ္ဓါရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမေဓာဝီ မထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် နိုင်လုံကျေးရွာ၊ ဝိသုဒ္ဓါရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမေဓာဝီ၊ မုဒုံမြို့ အသောကာရာမ မွန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမင်္ဂလာဘိဝံသ(ဓမ္မာစရိယ၊ဝိနယပါဠိပါရဂူ)၊ ဘဒ္ဒန္တဝရဉာဏ(သာသနဓဇ သိရီပဝရဓမ္မာစရိယ)၊ ဘဒ္ဒန္တတိသ(သာသနဓဇဓမ္မာစရိယ၊B.A Buddhism)၊ ဘဒ္ဒန္တဝိသုဒ္ဓ(B.A Buddhism)၊ ဘဒ္ဒန္တရာဝိက(သာသနဓဇဓမ္မာစရိယ၊M.A Buddhism)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ်ဆရာတော်အမှူးပြုသော သင်ကြား/စီမံဆရာတော်တို့ထံ၌ ပရိယတ်စာပေများ သင်ယူလေ့လာခဲ့သည်။

ဆရာတော်သည် သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism)ဘွဲ့ကို ရရှိတော်မူခဲ့သည်။

ဆရာတော်သည် ၂၀၀၈-ခုနှစ်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပိဋကတ်စာကြည့်တိုက်ဌာန၌ ဌာနစုမှူးတာဝန်ကို ထမ်းဆောင်တော်မူခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်တိုက်ဌာန
**ဌာနစုမှူးဆရာတော်**
**ဘဒ္ဒန္တဥတ္တရမာလာ**

ဆရာတော်ဘဒ္ဒန္တဥတ္တရမာလာကို ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ ( ၃ ) ရပ်ကွက်၊ ခမည်းတော် ဦးဖိုးထွေး + မယ်တော် ဒေါ်တင်ဝေတို့မှ သက္ကရာဇ် ၁၃၄၃-ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၇) ရက်၊ တနင်္ဂနွေနေ့၊ နံနက် ( ၄ ) နာရီအချိန်တွင် ဖွားမြင်တော်မူသည်။ မွေးချင်းခုနစ်ယောက်တို့တွင် စတုတ္ထမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင်အောင်ကျော်ဆန်းဖြစ်သည်။

ဆရာတော်လောင်းလျာသည် တိုက်ကြီးမြို့နယ်၊ ကျုံတကင်းကျေးရွာ စိတ္တသုခကျောင်းတွင် အဖျောက်မြို့နေ ဦးတင်အေး + ဒေါ်မြိမိသားစု တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ယင်းကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ် ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဥတ္တရမာလာ ဖြစ်သည်။ ၁၃၆၃- ခုနှစ်၊ ဝါဆိုလဆန်း (၆) ရက်၊ ကြာသပတေးနေ့၊ နံနက် ( ၉း၀၀ ) အချိန် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ( ၇ ) ရပ်ကွက်၊ ခိုင်ရွှေဝါလမ်းနေ ဦးခိုင်ညွန့် + ဒေါ်စန်းမြင့်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဆော်ဘွားကြီးကုန်းရပ်ကွက်၊ မြတ်သန္တာစာသင်တိုက်၊ ဝိသုံဂါမသိမ်တော်တွင် ယင်းကျောင်းဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသမထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဆရာတော်သည် ရန်ကုန်တိုင်းဒေသကြီး၊ သုခမြိုင်ရပ်ကွက်၊ အောင်ချမ်းသာပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘသ၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသနှင့် စာချဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ်ဆရာတော်အမှူးပြုသော သင်ကြား/ စီမံဆရာတော်တို့ထံ၌ ပရိယတ်စာပေများ သင်ယူလေ့လာခဲ့သည်။

ဆရာတော်သည် သာသနတက္ကသီလဓမ္မာစရိယ၊ B.A ( Buddhism ) ဘွဲ့ကို ရရှိတော်မူခဲ့ပြီး ဝိနယအကောဓာကဒီပနီကျမ်းလာ သီမာကထာလေ့လာသုံးသပ်ချက်၊ ယုဂနဒ္ဓလေ့လာသုံးသပ်ချက်၊ ဗာလပဏ္ဍိတသုတ်လေ့လာချက် ” ကျမ်းစာတို့ကို ရေးသားတော်မူခဲ့သည်။

ဆရာတော်သည် ၁၃၇၀- မှစ၍ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အောင်ချမ်းသာပညာဒါနကျောင်းတွင် သင်တန်းသားဦးရေ ၁၀၀ ကျော်တို့အား ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၊ အင်္ဂလိပ်စာသင်တန်းနှင့် အခြေခံကွန်ပျူတာသင်တန်းများကို ဦးဆောင်ပို့ချ ဖွင့်လှစ်၍ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းတို့ကို ကြိုးပမ်းဆောင်ရွက်တော်မူသည်။

ဆရာတော်သည် ( ၁- ၄- ၂၀၁၀ ) ခုနှစ်မှစ၍ ယခုချိန်အထိ နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ် (ရန်ကုန်) ပိဋကတ်စာကြည့်တိုက်ဌာန၌ ဌာနစုမှူး အဖြစ်ဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူလျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်တိုက်ဌာန
**တွဲဖက်ပိဋကတ်တိုက်မှူး**
**ဦးတင်ဦး**

ဦးတင်ဦးကို အဖဦးကြည်+အမိဒေါ်အေးကြည်တို့မှ ၁၁-၇-၁၉၂၅ ခုနှစ်တွင် တွံတေးမြို့နယ်၊ ပျော်ဘွယ်ကြီးရွာတွင် မွေးဖွားသည်။

ပညာအရည်အချင်းမှာ ဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ၊ စာကြည့်တိုက်ပညာဒီပလိုမာ(ဆစ်ဒနီမြို့)တို့ဖြစ်ပါသည်။ ဆရာဦးတင်ဦးသည် သာသနာရေးဦးစီးဌာနမှ တွဲ-ညွှန်မှူးအဖြစ်မှ ၈.၈. ၈၈ တွင် အငြိမ်းစားယူခဲ့သည်။ ယခုအခါ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ဝင်အဖြစ် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တက္ကသိုလ်၊ စာကြည့်တိုက်နှင့် သုတေသနဌာန၌လည်း ဂုဏ်ထူးဆောင် ပါမောက္ခအဖြစ် သင်ကြားပို့ချနေပါသည်။

တိပိဋကနိကာယသာသနာပြုအဖွဲ့ရန်ကုန်၏ စာအုပ်စာပေ၊ မော်ကွန်းအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရရှိခဲ့သော ဘွဲ့တံဆိပ်များမှာ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်(၁၉၈၇)၊ ၄.၁.၈၇လွတ်မြောက်ရေးတံဆိပ် (၁၇.၁၁.၇၉)၊ မော်ကွန်းဝင်ဒုတိယဆင့်( ၁၉၈၁) တို့ဖြစ်ပါသည်။

၁၉၃၆ -၁၉၄၀ ကျောင်းသားဘဝ မြို့မယောကျာ်းလေးအထက်တန်း၊ ရန်ကုန်မြို့၊ မြို့မကျောင်း ရဲတပ်ဖွဲ့၊ ရဲညွှန့် အဖြစ် ဆောင်ရွက်ခဲ့ပါသည်။

၁၉၇၄ -၇၈ ရန်ကုန်တိုင်းဒေသကြီး၊ ပြည်သူ့ကောင်စီတရားရေးအဖွဲ့ဝင်၊ ၁၉၇၈-၈၁ ရန်ကုန်တိုင်း ပြည်သူ့ကောင်စီအချိန်ပြည့် တရားသူကြီး။ ၁၉၄၅-ခုနှစ်တွင် ဂျပန်ခေတ် ဗိုလ်သင်တန်း (ပဌမပတ်) တက်ရောက်ခဲ့ပြီး၊ ဖက်ဆစ်တော်လှန်ရေးကာလတွင် အင်းစိန်ခရိုင်၊ လမုတန်းကျေးရွာ၊ အလိန်လယ်မင်းကျေးရွာ၊ ကုန်းကလေးကျေးရွာများတွင် တာဝန်များ ထမ်းဆောင်ခဲ့ပါသည်။ ထန်းတပင်မြို့ကို တော်လှန်ရေးနေ့တွင် တိုက်ခိုက်သိမ်းယူနိုင်ခဲ့သည်။ ဗိုလ်သောင်းတပ်စုဝင်ဖြစ်ပြီး၊ ထိုင်း (၄) မင်းလှစည်သူဝင်ဖြစ်ပါသည်။

ရန်ကုန်မြို့သိမ်း၊ တိုက်ပွဲတွင် ကိုယ်တိုင်ပါဝင်၍ ကူညီပံ့ပိုးခဲ့ကြရပါသည်။ ဂျပန်ခေတ် ၁၉၄၅-ပဌမပတ်ဗိုလ်သင်တန်းတက်ရောက်ခဲ့စဉ်က တပ်ဖွဲ့မှူး၊ ဗိုလ်မှူးကြီးသိမ်းငွေ(ယခင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပညာရေးဌာနကြီးမှူး) (ဗိုလ်ချုပ်တင်ဦး(မျက်မှန်ကြီး) ကွယ်လွန်) ဗိုလ်မှူးကြီးအုန်းကျော်၊ ဒုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ (အငြိမ်းစား) ဗိုလ်မှူးကြီးကျော်ခိုင်၊ ဒုဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန(အငြိမ်းစား) ဦးလုဝင်း၊ ညွှန်ကြားရေးမှူး (အဆင့်မြင့်) ပညာရေးဦးစီးဌာန၊ (အငြိမ်းစား)

တော်လှန်ရေးကာလတွင် ထန်းတပင်မြို့နယ်ဒေသတွင် ဗိုလ်မှူးကြီးကျော်ခိုင်နှင့်အတူ တိုက်ပွဲပေါင်း (၁၃)ပွဲခန့်ကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီး ကျန်းမာရေးအခြေအနေ ဖက်ခွက်နာကြောင့် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ခြင်း မပြုနိုင်ခဲ့ပါ။ ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ပညာသင်ယူနေစဉ် ဗိုလ်မှူးကြီး စိုလှိုင်(ရှမ်း)နှင့်တွေ့ဆုံမေးမြန်းရာ၌လည်း တပ်မတော်ဖွဲ့စည်းပုံအခြေနေအရ ပညာရေး သာသနာရေးကိစ္စများကိုသာ ဆောင်ရွက်ခဲ့ပါသည်။ ရန်ကုန်တိုင်း၊ ပြည်သူ့ကောင်စီတရားရေးအဖွဲ့ဝင် အချိန်ပြည့် တရားသူကြီးဘဝတွင် မော်ကွန်းဝင် ဒုတိယအဆင့် ချီးမြှင့်ခြင်း ခံရပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပိဋကတ်စာကြည့်တိုက်ဌာနတွင် တွဲဖက် စာကြည့်တိုက်မှူးတာဝန်ကို ၁၉၈၆-ခုနှစ်မှစ၍ ၁၉၉၃-ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
# (ရန်ကုန်)
# မော်ကွန်းထိန်းဌာန၌
# တာဝန်ထမ်းဆောင်ပြီး/ထမ်းဆောင်ဆဲ
# ဆရာများ၏
# အတ္ထုပ္ပတ္တိအကျဉ်း



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

မော်ကွန်းထိန်းဌာန

## မော်ကွန်းထိန်းဆရာတော်

## ဘဒ္ဒန္တကုမာရ

ဆရာတော် ဘဒ္ဒန္တကုမာရ ကို ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဘုန်ရှေကုန်းရပ်ကွက်၌ ခမည်းတော် ဦးသောင် + မယ်တော် ဒေါ်မြတွန့် တို့မှ ၁၃၀၂ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၁၂)ရက်၊ တနင်္လာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်တော်မူသည်။ မွေးချင်း(၅)ယောက်တွင် အတိဇာတ သားဦးရတနာဖြစ်ပြီး ငယ်နာမည်မှာ မောင်ကျင်သောင်း ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် ရန်ကုန် တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အုတ်ဖိုရပ်ကွက်၊ မြသိန်းတန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောသလ္လမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ အင်းစိန်မြို့နယ်၊ ဘုန်ရှေကုန်းရပ်ကွက်၊ ခမည်းတော်, မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ကုမာရ ဖြစ်ပါသည်။

ရှင်ကုမာရသည် ၁၃၂၁ ခုနှစ်၊ တန်ခူးလဆန်း(၁၃)ရက်၊ နံနက် (၆း၃၀း)နာရီ အချိန်တွင် အင်းစိန်မြို့နယ်၊ ဘုန်ရှေကုန်းရပ်ကွက်နေ၊ ဦးသောင် + ဒေါ်မြတွန့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်၊ ခဏ္ဍာသိမ်၌ ၄င်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တကုမာရသည် အင်းစိန်မြို့နယ်၊ အုတ်ဖိုရပ်ကွက်၊ မြသိန်းတန်ကျောင်းတိုက်။ ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်။ ခရမ်းမြို့၊ ကိုင်းကုန်းကျောင်းတိုက်တို့၌ ပညာရင်နို့ သောက်စို့ခဲ့ပြီး အစိုးရပထမပြန်စာမေးပွဲ ပထမငယ်တန်း၊ ပထမလတ်တန်း(ပထမ)၊ ပထမကြီးတန်း(ပထမကျော်)၊ အစိုးရဓမ္မာစရိယစာချတန်း(ဒုတိယ)တို့ကို အောင်မြင်တော်မူခဲ့ပြီး ပထမကျော်၊ နိုင်ငံတော်အစိုးရ သာသနဓဇဓမ္မာစရိယ ဘွဲ့ကိုရရှိခဲ့ပါသည်။ ထို့အပြင် လောကီအတန်းပညာများကိုလည်း သင်ကြားတတ်မြောက်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှ သချာၤအဓိကဖြင့် B.Sc ဘွဲ့ကိုလည်း ရရှိခဲ့ပါသည်။ ၄င်းအပြင် နိုင်ငံတော်အစိုးရမှ ဆက်ကပ်သော မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ တို့ကိုလည်း အလှူခံရရှိခဲ့ပါသည်။

ဘဒ္ဒန္တကုမာရသည် အုတ်ဖိုကျောင်း၌ ကျောင်းသား,ကျောင်းသူများအား လောကီ,လောကုတ္တရာစာပေပညာများကို သင်ကြားပို့ချပေးခြင်း၊ ဒုလ္လဘရဟန်းခံပွဲများ၊ ဝတ်ဆောက်တည်ပွဲများ၊ ဂိုဏ်းဝိနယစာပြန်ပွဲများ၊ ပဋ္ဌာန်းပွဲများကျင်းပပေးခြင်း၊ တရားဟောခြင်း၊ အင်းစိန်မြို့နယ် နာယက၊ တိုင်းဝန်ဆောင်၊ ဗဟိုဝန်ဆောင်နှင့် ပညာရေးအဖွဲ့ငယ်၊ မြန်မာစာ၊ အင်္ဂလိပ်စာပေများ ပို့ချပေးခြင်းနှင့် စာမေးပွဲ ဗဟိုပညာရေးအဖွဲ့တို့၌ တာဝန်ထမ်းဆောင်ခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ အဘိဓမ္မပိဋကမဟာဌာန၌ (၂၃-၃-၈၆)ရက်နေ့ မှ (၂၉-၇-၈၉) ရက်နေ့အထိ တွဲဖက်-ပါမောက္ခတာဝန် နှင့် မော်ကွန်းထိန်းဌာန၌ မော်ကွန်းထိန်းတာဝန် တို့ကိုထမ်းဆောင်ခဲ့ပြီး ဗုဒ္ဓမြတ်စွာသာသနာတော်မြတ် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
မော်ကွန်းထိန်းဌာန

## မော်ကွန်းထိန်းဆရာတော်
## ဒေါက်တာဘဒ္ဒန္တပညာဝံသ

ဆရာတော် ဘဒ္ဒန္တပညာဝံသကို ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံ-ရှမ်းစုကျေးရွာ၌ ခမည်းတော် ဦးရွှေဝိုင်း + မယ်တော် ဒေါ်ဝိုင်းစိန်တို့မှ ၁၃၁၃ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၂)ရက်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက်(၁၁)နှစ်သားအရွယ်တွင် တိုက်ကြီးမြို့နယ်၊ ရှမ်းစုကျေးရွာ၊ ရှမ်းစုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပုည မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်, မယ်တော်တို့နှင့် ရန်ကုန်မြို့၊ ကမာရွတ်၊ လှည်းတန်း (၆)လမ်းနေ ဒေါ်ကျင်ဥတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ပညာဝံသ ဖြစ်ပါသည်။

ရှင်ပညာဝံသသည် ၁၃၃၂ ခုနှစ်၊ နှောင်းတန်ခူးလဆုတ်(၃)ရက်၊ အင်္ဂါနေ့တွင် တိုက်ကြီးမြို့နယ်၊ ရှမ်းစုကျေးရွာ ဒေါ်စိန်အိနှင့် ရန်ကုန်မြို့၊ ကမာရွတ်၊ လှည်းတန်း(၃)လမ်းနေ ဒေါ်လှမြိုင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ တိုက်ကြီးမြို့နယ်၊ ရှမ်းစုကျေးရွာ၊ ရှမ်းစုကျောင်းတိုက်၊ ခဏ္ဍသိမ်၌ တိုက်ကြီးမြို့၊ သဒ္ဓမ္မဇောတိကာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏဝံသ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တပညာဝံသသည် ရှမ်းစုကျေးရွာ၊ ရှမ်းစုကျောင်းတိုက်၊ တိုက်ကြီးမြို့၊ သဒ္ဓမ္မဇောတိကာရုံကျောင်းတိုက်။ ရန်ကုန်မြို့၊ အလုံပါဠိတက္ကသိုလ်အောင်မင်္ဂလာတိုက်သစ်။ မန္တလေးမြို့၊ ဒက္ခိဏာ ရာမဘုရားကြီးတိုက်တို့၌ ပညာသင်ယူခဲ့ပြီး အစိုးရ ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယတန်းတို့ကို အောင်မြင်တော်မူခဲ့ပြီး သာသနဟိတကာရီဓမ္မာစရိယဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)၌ အထက်တန်းပညာရပ်များကို လေ့လာဆည်းပူးခဲ့ပြီး တက္ကသီလမဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ကာ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့၊ သာသနတက္ကသီလဓမ္မပါရဂူ (Ph.D.) ဘွဲ့တို့ကို ရရှိခဲ့ပါသည်။ ၎င်းအပြင် နိုင်ငံတော်အစိုးရမှဆက်ကပ်သော မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တို့ကိုလည်း အလှူခံရရှိခဲ့ပါသည်။

ဒေါက်တာဘဒ္ဒန္တပညာဝံသသည် တိုက်ကြီးမြို့၊သဒ္ဓမ္မဇောတိကာရုံစာသင်တိုက်၌ စာချတာဝန်၊ မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၌ ဒက္ခိဏာရာမိကဂဏဝါစကအဖွဲ့ဝင်နှင့် တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ဝင်၊ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ကြီးကြပ်ရေးတာဝန်နှင့် စာစစ်တာဝန်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ မော်ကွန်းထိန်းဌာန၌ (၂၈-၇-၈၇)နေ့တွင် ဌာနစုမှူးတာဝန်၊ (၂၅-၅-၉၄)ရက်နေ့တွင် လ/ထ မော်ကွန်းထိန်းတာဝန်၊ (၂၈-၂-၀၉)ရက်နေ့တွင် မော်ကွန်းထိန်းတာဝန်တို့ကို အဆင့်ဆင့်ထမ်းဆောင်ခဲ့ပြီး ဗုဒ္ဓမြတ်စွာသာသနာတော်မြတ် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြု ကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်လျက်ရှိပါသည်။

ရေးသားပြုစုခဲ့သော ကျမ်းများမှာ - မိထွေးတော်ဂေါတမီနှင့် ဘိက္ခုနီသာသနာကျမ်း၊
- မျက်မှောက်ခေတ် ထေရဝါဒဗုဒ္ဓသာသနာ(မြန်မာနိုင်ငံ) နှင့် ဘိက္ခုနီသာသနာကျမ်း တို့ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

မော်ကွန်းထိန်းဌာန

## လက်ထောက်မော်ကွန်းထိန်းဆရာတော်

## ဘဒ္ဒန္တနာရဒါဘိဝံသ

ဆရာတော် ဘဒ္ဒန္တနာရဒကို မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ပုခန်းကြီးကျေးရွာ၌ ခမည်းတော် ဦးစိန်+မယ်တော် ဒေါ်လှမူတို့မှ ၁၃၃၅ ခုနှစ်၊ တပို့တွဲလဆန်း (၃) ရက်၊ စနေနေ့တွင် မီးရှူးသန့်စင်ဖွားမြင်တော်မူသည်။ မွေးချင်း (၉)ယောက်တွင် ဆဋ္ဌမမြောက် သားရတနာဖြစ်ပြီး ငယ်နာမည်မှာ မောင်တင်ငွေဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ပုခန်းကြီးကျေးရွာ၊ ဝန်မင်းကျောင်းသစ်ဆရာတော် ဘဒ္ဒန္တဉာဏဝံသ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ ပုခန်းကြီးကျေးရွာ၊ ခမည်းတော်, မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်နာရဒ ဖြစ်ပါသည်။

ရှင်နာရဒသည် ၁၃၃၆ ခုနှစ်၊ ကဆုန်လဆန်း (၁၅)ရက်၊ ဗုဒ္ဓဟူးနေ့၊ ညနေ (၅း၀၄)နာရီ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ၁၂-ရပ်ကွက်နေ၊ ဦးဘလှ + ဒေါ်မြသွင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ လမ်းမတော်မြို့နယ်၊ သာသနောဒယကျောင်း၊ သရက်တောကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သီရိမင်္ဂလာကျောင်း၊ မာရ်အောင် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုသလသာမိ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တနာရဒသည် ရေစကြိုမြို့နယ်၊ ပုခန်းကြီးကျေးရွာ၊ ဝန်မင်းကြီးကျောင်းတိုက်။ မြင်းခြံမြို့၊ ရွှေဘုံသာကျောင်းတိုက်။ မန္တလေးမြို့၊ တောင်ထီးလင်းတိုက်။ ရန်ကုန်မြို့၊ သာသနောဒယကျောင်း၊ သရက်တောကျောင်းတိုက်။ ဗဟန်းမြို့နယ်၊ မဟာစည်သာသနာ့ရိပ်သာတို့၌ ပညာရင်နို့ သောက်စို့ခဲ့ပြီး အစိုးရပထမပြန်စာမေးပွဲ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ အစိုးရဓမ္မာစရိယစာချတန်း(ဒုတိယ)၊ မြင်းခြံမြို့၊ နှစ်ကျိပ်ရှစ်ဆူ ဝိနယစာမေးပွဲ၌ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း(ပထမ)၊ သထုံမြို့၊ ပိဋကတ္တယပါရဂူစာမေးပွဲ၌ မဟာဝေယျာကရဏကတန်း၊ မြောက်ဥက္ကလာ စိန်ပန်းစာမေးပွဲ ဓမ္မာစရိယတန်းတို့ကို အောင်မြင်တော်မူခဲ့ပြီး ဝိနယပါရဂူဘွဲ့၊ စိန်ပန်းပရိယတ္တိဓမ္မာစရိယဘွဲ့၊ နိုင်ငံတော်အစိုးရ သာသနဓဇဓမ္မာစရိယဘွဲ့၊ ကျောင်းထိုင်ဘုန်းကြီးသာသနာပြုလက်မှတ်တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တနာရဒါဘိဝံသသည် ရန်ကုန်မြို့၊ သာသနောဒယကျောင်း၌ စာချကထိက၊ တိပိဋကစာမေးပွဲ၌ စာထောက်စာမ၊ မြို့နယ်စာမေးပွဲ၌ ကြီးကြပ်ရေးတာဝန်၊ ယဉ်ကျေးမှုသင်တန်း၊ သင်တန်းမှူးတာဝန်ခံ၊ မြောက်ဥက္ကလာပမြို့နယ်၊ သီရိမင်္ဂလာကျောင်း၌ တိုက်အုပ်နှင့်စာချ၊ နွယ်နီဓမ္မာရုံ၌ ယဉ်ကျေးမှုသင်တန်း တာဝန်ခံ၊ အစိုးရဓမ္မာစရိယစာမေးပွဲ၌ ကြီးကြပ်ရေးတာဝန်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ မော်ကွန်းထိန်းဌာန၌ (၁၈-၄-၈၆)ရက်နေ့တွင် ဌာနစုမှူးတာဝန်၊ အဘိဓမ္မပိဋကမဟာဌာန၌ (၁၂-၁၀-၈၈) ရက်နေ့တွင် နယဒေသကတာဝန်၊ မော်ကွန်းထိန်းဌာန၌ (၂၈-၇-၈၉)ရက်နေ့မှ (၂၈-၄-၉၃) ရက်နေ့အထိ လက်ထောက်မော်ကွန်းထိန်းတာဝန် တို့ကိုထမ်းဆောင်ခဲ့ပြီး ဗုဒ္ဓမြတ်စွာသာသနာတော်မြတ် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

မော်ကွန်းထိန်းဌာန

## လက်ထောက်မော်ကွန်းထိန်းဆရာတော်

## ဘဒ္ဒန္တနရိန္ဒ

ဆရာတော် ဘဒ္ဒန္တနရိန္ဒ ကို ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ဝွေးပင်ဆိပ်ကျေးရွာ၌ ခမည်းတော် ဦးတင်လှ+မယ်တော် ဒေါ်ကြင်ဥတို့မှ ၁၃၂၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၄) ရက်၊ စနေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။ မွေးချင်း(၉)ယောက်တွင် စတုတ္ထမြောက် သားရတနာဖြစ်ပြီး ငယ်နာမည်မှာ မောင်တင်ကျော်ဦး ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ကျောင်းစုကျေးရွာ၊ ကျောင်းစု ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနရသီဟ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြောင်းမြမြို့၊ ကျွန်းတောရပ်ကွက်၊ ဒေါ်အေးတင်(အဘွား)၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်နရိန္ဒ ဖြစ်ပါသည်။

ရှင်နရိန္ဒသည် ၁၃၄၆ ခုနှစ်၊ ကဆုန်လဆန်း(၁၄)ရက်၊ နံနက်(၈း၀၀)နာရီ အချိန်တွင် မြောင်းမြမြို့၊ မြောက်ပိုင်းရပ်ကွက် ဒေါ်တင်စိန်ဦး၊ ဒေါ်တင်လှိုင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြောင်းမြမြို့၊ ဇေယျမေဒနီကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ၄င်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မပိယ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တနရိန္ဒသည် မြောင်းမြမြို့၊ ဇေယျမေဒနီစာသင်တိုက်၊ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေးမြို့၊ မိုးကောင်းတိုက်တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရပထမပြန်စာမေးပွဲ ပထမငယ်(ပါဠိ) ပထမလတ်(ပါဠိ)၊ ပထမကြီးတန်း။ အိမ်မဲမြို့၊ ငါးမြို့နယ်လုံးဆိုင်ရာ သာသနပါလစာမေးပွဲ အလတ်တန်း၊ အကြီးတန်း၊ အကျော်တန်း။ မော်လမြိုင်ကျွန်းမြို့၊ ဝိနယပါလစာမေးပွဲ ဝိနယအလတ်တန်း၊ အကျော်တန်းနှင့် ရန်ကုန်မြို့ ဝိုင်အမ်ဘီအေ အသင်းကြီးမှ ကြီးမှူးကျင်းပသော မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲတွင် ပထမဆင့် (ခရိုင်ဆု)၊ ဒုတိယဆင့် (ခရိုင်ပထမဆု)၊ တတိယဆင့်တို့ကို အောင်မြင်တော်မူခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)၌ အထက်တန်းပညာရပ်များကို လေ့လာဆည်းပူးခဲ့ပြီး တက္ကသီလဓမ္မာစရိယ၊ မဟာဓမ္မာစရိယ စာမေးပွဲများကို အောင်မြင်ခဲ့ကာ သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism)ဘွဲ့၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တနရိန္ဒသည် မြောင်းမြမြို့ မိခင်ဇေယျမေဒနီစာသင်တိုက်၌ ငယ်,လတ်,ကြီးဆိုင်ရာ စာဝါများ ပို့ချပေးခြင်း၊ ကျောင်းပိတ်ရက်များတွင် ဇာတိကျေးရွာ၌ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၊ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲဆိုင်ရာသင်တန်းများ ပို့ချပေးခြင်း၊ ဘာသာရေးစာစောင်များနှင့် ကျောင်းတိုက်အထိမ်းအမှတ် စာစောင်မဂ္ဂဇင်းများ၌ ဆောင်းပါး၊ ကဗျာစာညွှန်းများ ရေးသားခြင်း၊ စာအုပ်အဖြစ် စီစဉ်ရိုက်နှိပ်ပေးခြင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ မော်ကွန်းထိန်းဌာန၌ (၂၅-၅-၉၉ )နေ့တွင် ဌာနစုမှူးတာဝန်၊ (၆-၉-၂၀၀၉)ရက်နေ့တွင် လ/ထ မော်ကွန်းထိန်းတာဝန်တို့ကို အဆင့်ဆင့်ထမ်းဆောင်ခဲ့ပြီး ဗုဒ္ဓမြတ်စွာသာသနာတော်မြတ် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်လျက်ရှိပါသည်။

ရေးသားပြုစုခဲ့သော ကျမ်းများမှာ - ဖြဟ္မဇာလသုတ် နိဂုံးပိုင်း လေ့လာသုံးသပ်ချက်

\- မြန်မာစကား၌ရှိသော ပါဠိဆိုရိုးများ တို့ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

မော်ကွန်းထိန်းဌာန

**ဌာနစုမှူးဆရာတော်**

**ဘဒ္ဒန္တဇောတိက**

ဆရာတော် ဘဒ္ဒန္တဇောတိက ကို စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ ကံတွင်းကျေးရွာ၌ ခမည်းတော် ဦးသန်းရှိန် + မယ်တော် ဒေါ်မယ်ဆင်တို့မှ ၁၃၃၃ ခုနှစ်၊ ကဆုန်လဆန်း(၃)ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။ မွေးချင်း(၅)ယောက်တွင် အတိဇာတ သားဦးရတနာ ဖြစ်ပြီး ငယ်နာမည်မှာ မောင်ထွန်းခင် ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ တရားကျေးရွာ၊ အသောကာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇဝန မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ဆားလင်းကြီးမြို့နယ်၊ ကံတွင်းကျေးရွာ၊ ခမည်းတော်, မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ဇောတိက ဖြစ်ပါသည်။

ရှင်ဇောတိကသည် ၁၃၃၃ ခုနှစ်၊ ကဆုန်လဆန်း(၃)ရက်၊ အင်္ဂါနေ့၊ နံနက်(၈း၃၃)နာရီ အချိန်တွင် ဆားလင်းကြီးမြို့နယ်၊ ကံတွင်းကျေးရွာနေ၊ ဦးသန်းရှိန် + ဒေါ်မယ်ဆင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ဆားလင်းကြီးမြို့နယ်၊ တရားကျေးရွာ၊ အသောကာရာမကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ၄င်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇဝန မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တဇောတိကသည် ဆားလင်းကြီးမြို့နယ်၊ တရားကျေးရွာ၊ အသောကာရာမကျောင်းတိုက်။ မုံရွာမြို့၊ မဟာဇောတိကာရာမကျောင်းတိုက်။ မန္တလေးမြို့၊ ချမ်းသာကြီးကျောင်းတိုက်။ စမ်းမြဝတီ စာသင်တိုက်တို့၌ ပညာရင်နို့ သောက်စို့ခဲ့ပြီး အစိုးရ ပထမပြန်စာမေးပွဲ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းနှင့် B.A (Eco), H.G.P,RL(1st)yr စာမေးပွဲတို့ကို အောင်မြင်တော်မူခဲ့ပါသည်။

ဘဒ္ဒန္တဇောတိကသည် ပရိယတ္တိစာမေးပွဲ တွဲဖက်အကျိုးတော်ဆောင်တာဝန်၊ စမ်းမြဝတီစာသင်တိုက်၊ ဒုတိယနာယကတာဝန်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ မော်ကွန်းထိန်းဌာန၌(၅-၄-၈၆) နေ့မှ (၂၈-၃-၈၈)အထိ ဌာနစုမှူးတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ဗုဒ္ဓမြတ်စွာသာသနာတော်မြတ် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် သာသနာပြု ကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

မော်ကွန်းထိန်းဌာန

**ဌာနစုမှူးဆရာတော်**

**ဘဒ္ဒန္တကောဝိဒဝရ**

ဆရာတော် ဘဒ္ဒန္တကောဝိဒဝရကို ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သပြုကျေးရွာ၌ ခမည်းတော် ဦးဘိုသိုး + မယ်တော် ဒေါ်စိန်ရှင်တို့မှ ၁၃၁၃ ခုနှစ်၊ နယုန်လဆန်း (၁၄) ရက်၊ တနင်္လာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။ မွေးချင်း(၄)ယောက်တွင် တတိယမြောက် သားရတနာဖြစ်ပြီး ငယ်နာမည်မှာ မောင်ခင်စိုး ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သပြုကျေးရွာ၊ ဇရပ်ကျောင်းတိုက်၊ ဆရာတော် ဘဒ္ဒန္တရေဝတမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ကဝမြို့နယ်၊ သပြုကျေးရွာ၊ ခမည်းတော်, မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ကောဝိဒဝရ ဖြစ်ပါသည်။

ရှင်ကောဝိဒဝရသည် ၁၃၃၃ ခုနှစ်၊ ကဆုန်လဆန်း(၃)ရက်၊ အင်္ဂါနေ့၊ နံနက် (၈း၀၀)နာရီ အချိန်တွင် ကဝမြို့နယ်၊ သပြုကျေးရွာနေ၊ ဦးထွန်းလှ + ဒေါ်သစ် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ကဝမြို့နယ်၊ သပြုကျေးရွာ၊ ဇရပ်ကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ၄င်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တရေဝတ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တကောဝိဒဝရသည် ကဝမြို့နယ်၊ သပြုကျေးရွာ၊ ဇရပ်ကျောင်းတိုက်။ ပဲခူးမြို့၊ ကြခတ်ဝိုင်းကျောင်းတိုက်။ ဒေဝသာဂရသိမ်ကုန်းကျောင်းတိုက်။ ရန်ကုန်မြို့၊ ကျောက်ကုန်းတောရမေဒိနီကျောင်းတိုက်တို့တွင် ပညာရင်နို့ သောက်စို့ခဲ့ပြီး အစိုးရပါဠိပထမပြန် ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ ဓမ္မာစရိယတန်းတို့ကို အောင်မြင်ခဲ့ကာ ပါဝစနဝိဘာဝီမေဒိနီဓမ္မာစရိယဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တကောဝိဒဝရသည် ရန်ကုန်မြို့၊ မေဒိနီကျောင်းတိုက်၌ ပရိယတ္တိစာပေများ ပို့ချပေးခြင်း၊ ဓမ္မကထိကအဖြစ်ဖြင့် တရားဒေသနာတော်များ ဟောကြားပေးခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ မော်ကွန်းထိန်းဌာန၌ (၅-၄-၈၆)နေ့မှ (၁၅-၇-၈၉)အထိ ဌာနစုမှူးတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြု ကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
မော်ကွန်းထိန်းဌာန

## ဌာနစုမှူးဆရာတော်
## ဘဒ္ဒန္တသုမင်္ဂလ

ဆရာတော် ဘဒ္ဒန္တသုမင်္ဂလကို ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ နားကံကျေးရွာ၌ ခမည်းတော် ဦးဘစန်း + မယ်တော် ဒေါ်စိန်ဖြူတို့မှ ၁၃၁၄ ခုနှစ်၊ ဝါဆိုလဆန်း (၁၂) ရက်၊ သောကြာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။ မွေးချင်း(၅)ယောက်တွင် တတိယမြောက် သားရတနာဖြစ်ပြီး ငယ်နာမည်မှာ မောင်စိုးမင်း ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ နားကံကျေးရွာ၊ ညောင်ပင်ဈေး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဇာတမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ နားကံကျေးရွာ၊ ဦးအောင်လှ+ဒေါ်စိန် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ သည်။ ဘွဲ့အမည်မှာ ရှင်သုမင်္ဂလ ဖြစ်ပါသည်။

ရှင်သုမင်္ဂလသည် ၁၃၃၄ ခုနှစ်၊ ဝါဆိုလဆန်း (၅)ရက်၊ စနေနေ့၊ နံနက် (၈း၃၀)နာရီ အချိန်တွင် ရန်ကုန်မြို့၊ လသာမြို့နယ်၊ ဦးစံတင် + ဒေါ်မေကြည်၊ "အေးရိပ်သာ"ဆေးကုခန်း မိသားစုတို့၏ ပစ္စယာနုဂ္ဂဟ ကိုခံယူကာ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရွှေလှေကြီးကျေးရွာ၊ ရွှေလှေကြီးကျောင်းတိုက်၊ ခဏ္ဍ သိမ်၌ ၄င်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တရေဝတမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တသုမင်္ဂလသည် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ နားကံကျေးရွာ၊ ညောင်ပင်ဈေးကျောင်းတိုက်။ သထုံမြို့၊ ဓမ္မမေဒနီကျောင်းတိုက်။ ရန်ကုန်မြို့၊ ကျောက်ကုန်းတောရမေဒိနီကျောင်းတိုက်တို့၌ ပညာရင်နို့ သောက်စို့ခဲ့ပြီး အစိုးရပထမပြန်စာမေးပွဲ အခြေပြု မူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ ကျောင်းထိုင်သင်တန်း၊ အမှတ်စဉ်(၁)နှင့် ဓမ္မာစရိယတန်းတို့ကို အောင်မြင်တော်မူခဲ့ကာ သာသနဓဇဓမ္မာစရိယ ဘွဲ့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တသုမင်္ဂလသည် မေဒိနီကျောင်းတိုက်၌ စာချဘုန်းကြီးအဖြစ် ဆောင်ရွက်ခြင်း၊ ပထမပြန်စာမေးပွဲ စာစစ်အဖြစ် ဆောင်ရွက်ခြင်း၊ မြို့နယ်ဝိနည်းဓိုရ်အဖြစ် ဆောင်ရွက်ခြင်း၊ တရားဟောခြင်းနှင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)၏ မော်ကွန်းထိန်းဌာန၌ (၁၈-၄-၈၆)နေ့မှ (၂၈-၅-၉၂)အထိ ဌာနစုမှူးတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ဗုဒ္ဓမြတ်စွာသာသနာတော်မြတ် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်ခဲ့ပါသည်။

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

မော်ကွန်းထိန်းဌာန

## ဌာနစုမှူးဆရာတော်

## ဘဒ္ဒန္တကုက္ကန္ဒဝံသ

ဆရာတော် ဘဒ္ဒန္တကုက္ကန္ဒဝံသ ကို တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မင်းရပ်ကျေးရွာ၌ ခမည်းတော် ဦးသီးဆိုင် + မယ်တော် ဒေါ်အင်ပိုတို့မှ ၁၃၁၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၃)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။ မွေးချင်း(၆)ယောက်တွင် အတိဇာတ သားဦးရတနာဖြစ်ပြီး ငယ်နာမည်မှာ မောင်ထွန်းခင် ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မင်းရပ်ကျေးရွာ၊ ဆီးပင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဝံသမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ တနင်္သာရီတိုင်း၊ လောင်းလုံမြို့နယ်၊ မင်းရပ်ကျေးရွာ၊ ခမည်းတော်,မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ကုက္ကန္ဒဝံသ ဖြစ်ပါသည်။

ရှင်ကုက္ကန္ဒဝံသသည် ၁၃၃၄ ခုနှစ်၊ ကဆုန်လဆန်း(၁၅)ရက်၊ ကြာသပတေးနေ့၊ နံနက်(၈း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ချင်းချောင်းရိပ်သာရပ်ကွက်နေ၊ ဦးကြီးမြင့်+ဒေါ်ကျင်ကွေ၊ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ ကံသာကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ၄င်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဇောတ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တကုက္ကန္ဒဝံသသည် တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မင်းရပ်ကျေးရွာ၊ ဆီးပင်ကျောင်းတိုက်။ ဇေယျဝတီကျောင်းတိုက်။ ရွှေဟင်္သာကျောင်းတိုက်။ မြောင်းမြပဓာနတာရုံကျောင်းတိုက်။ မဟာဝိသုတာရာမကျောင်းတိုက်။ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်။ ကံယုံကျောင်းတိုက်တို့၌ ပညာရင်နို့သောက်စို့ခဲ့ပြီး အစိုးရပထမပြန်စာမေးပွဲ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ အစိုးရဓမ္မာစရိယတန်းတို့ကို အောင်မြင်တော်မူခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ပါမောက္ခချုပ်ဆရာတော်အမှူးရှိသော သင်ကြားစီမံဆရာတော်များ၊ ပြင်ပပညာရှင်ဆရာကြီးများအထံတွင် အထက်တန်းပညာရပ်များကို လေ့လာဆည်းပူးခဲ့ပြီး တက္ကသီလမဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ပါသည်။

ဘဒ္ဒန္တကုက္ကန္ဒဝံသသည် ပရိယတ္တိစာပေများ ပို့ချပေးခြင်း၊ အဘိဓမ္မာသင်တန်း၊ ယဉ်ကျေးမှုသင်တန်းများ ပို့ချပေးခြင်းနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ မော်ကွန်းထိန်းဌာန၌ ဌာနစုမှူးတာဝန်ကို (၁၈-၈-၈၉)ရက်နေ့မှ (၁၁-၆-၉၀)ရက်နေ့အထိ ထမ်းဆောင်ခဲ့ပြီး ဗုဒ္ဓမြတ်စွာသာသနာတော်မြတ် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြု ကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
မော်ကွန်းထိန်းဌာန
**ဌာနစုမှူးဆရာတော်**
**ဘဒ္ဒန္တစန္ဒိမာဘိဝံသ**



ဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသကို မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ဆပ်ပြာကျေးရွာ၌ ခမည်းတော် ဦးလုံး + မယ်တော် ဒေါ်ပျိုလေးတို့မှ ၁၃၃၃ ခုနှစ်၊ တပေါင်းလဆန်း (၆)ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။ မွေးချင်း(၇)ယောက်တွင် အတိဇာတ သားဦးရတနာဖြစ်ပြီး ငယ်နာမည်မှာ မောင်စံညွန့် ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ကျောက်ထောင်ကျေးရွာ၊ ကျောက်ထောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇဝနမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မင်းလှမြို့နယ်၊ ဆပ်ပြာကျေးရွာ၊ ဦးဖိုးခန့် + ဒေါ်ငွေသင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်စန္ဒိမာ ဖြစ်ပါသည်။

ရှင်စန္ဒိမာသည် ၁၃၃၃ ခုနှစ်၊ တန်ခူးလဆုတ် (၃)ရက်၊ တနင်္ဂနွေ နေ့၊ နံနက် (၉:၀၀) နာရီ အချိန်တွင် မင်းလှမြို့၊ ကျောက်ထောင်ရပ်ကွက်နေ၊ ဦးစံဘိုး + ဒေါ်ကျင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ အမှတ်-၂ ရပ်ကွက်၊ သာသနဝံသကျောင်းတိုက်၊ ခဏ္ဍသိမ်၌ မဟာဝိသုတာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥတ္တမဝံသ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ဘွဲ့အမည်မှာ အရှင်စန္ဒိမာဘိဝံသ ဖြစ်ပါသည်။

ဘဒ္ဒန္တစန္ဒိမာဘိဝံသသည် မင်းလှမြို့နယ်၊ ကျောက်ထောင်ကျေးရွာ၊ ကျောက်ထောင်ကျောင်းတိုက်၌ ပညာရင်နို့သောက်စို့ခဲ့ပြီး အစိုးရ ပထမပြန်စာမေးပွဲ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ အစိုးရဓမ္မာစရိယတန်းတို့ကို အောင်မြင်တော်မူခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့၊ အဘိဓမ္မာဂုဏ်ထူးဆောင်ဘွဲ့ (မကွေးတိုင်း)၊ သာသနဟိတကာရီလင်္ကာရဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ပါမောက္ခချုပ်ဆရာတော်အမှူးရှိသော သင်ကြားစီမံဆရာတော်များ၊ ဖြင့်ပပညာရှင် ဆရာကြီးများအထံတွင် အထက်တန်းပညာရပ်များကို လေ့လာဆည်းပူးခဲ့ပြီး တက္ကသီလမဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ကာ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တစန္ဒိမာဘိဝံသသည် ပရိယတ္တိစာပေများ ပို့ချပေးခြင်း၊ အဘိဓမ္မာသင်တန်း၊ ယဉ်ကျေးမှုသင်တန်းများ ပို့ချပေးခြင်းနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ မော်ကွန်းထိန်းဌာန၌ ဌာနစုမှူးတာဝန်ကို (၂၀-၁၂-၉၃)ရက်နေ့မှ (၁-၁-၉၇)ရက်နေ့အထိ ထမ်းဆောင်ခဲ့ပြီး ဗုဒ္ဓမြတ်စွာသာသနာတော်မြတ် သန့်ရှင်းစည်တည် ပြန့်ပွားရေးအတွက် သာသနာပြု ကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်လျက်ရှိပါသည်။

ရေးသားပြုစုခဲ့သောကျမ်းမှာ ပိဋကတ်တော်လာ သာသနာပြု လမ်းညွှန်ချက်များ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

မော်ကွန်းထိန်းဌာန

**ဌာနစုမှူးဆရာတော်**

**ဘဒ္ဒန္တဝါယာမ**

ဆရာတော် ဘဒ္ဒန္တဝါယာမ ကို ရှမ်းပြည်နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းနန်းကျေးရွာ၌ ခမည်းတော် ဦးသူရိန် + မယ်တော် ဒေါ်နန်းခမ်းတို့မှ ၁၃၂၀ ခုနှစ်၊ တပေါင်းလဆုတ် (၂)ရက်၊ ဗုဒ္ဓဟူးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။ မွေးချင်း (၆)ယောက်တွင် တတိယ မြောက်သားရတနာဖြစ်ပြီး ငယ်နာမည်မှာ မောင်စိုင်းအွမ် ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် ရှမ်းပြည်နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းနန်းကျေးရွာ၊ မိုင်းနန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တရာဇိန္ဒမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရှမ်းပြည်နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းနန်းကျေးရွာ၊ ခမည်းတော်, မယ်တော် တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ဝါယာမ ဖြစ်ပါသည်။

ရှင်ဝါယာမသည် ၁၃၄၀ ခုနှစ်၊ တပို့တွဲလဆန်း(၁၅)ရက်၊ နံနက်(၈း၃၀)နာရီ အချိန်တွင် ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့နယ်၊ နောင်မွန်ဆိုင်လဲကျေးရွာနေ၊ ဦးဆရာလူ + ဒေါ်နန်းနွန် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့နယ်၊ မွေတော်ဝမ်းနောက်ရပ်ကွက်၊ ကန်ကြီးပရိယတ္တိစာသင်တိုက် ဥဒကုက္ခေပစဏ္ဍာသိမ်၌ ၄င်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တဝါယာမသည် ရှမ်းပြည်နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းနန်းကျေးရွာ၊ မိုင်းနန်းကျောင်းတိုက်။ ကျောင်းတိုက်တို့၌ ပညာရင်နို့ သောက်စို့ခဲ့ပြီး အစိုးရ ပထမပြန်စာမေးပွဲ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ အစိုးရဓမ္မာစရိယတန်းတို့ကို အောင်မြင်တော်မူခဲ့ပြီး သာသနဓဇဓမ္မာစရိယ ဘွဲ့ကို ရရှိခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ပါမောက္ခချုပ်ဆရာတော် အမှူးရှိသော သင်ကြားစီမံဆရာတော်များ၊ ပြင်ပပညာရှင် ဆရာကြီးများအထံတွင် အထက်တန်းပညာရပ်များကို လေ့လာဆည်းပူးခဲ့ပြီး တက္ကသီလမဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ကာ သာသနတက္ကသီလမဟာ ဓမ္မာစရိယ M.A (Buddhism) ဘွဲ့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တဝါယာမသည် ပရိယတ္တိစာပေများ ပို့ချပေးခြင်း၊ အဘိဓမ္မာသင်တန်း၊ ယဉ်ကျေးမှုသင်တန်းများ ပို့ချပေးခြင်းနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ မော်ကွန်းထိန်းဌာန၌ ဌာနစုမှူးတာဝန်ကို (၂၇-၁-၉၅)ရက်နေ့မှ (၁၁-၄-၉၅)ရက်နေ့အထိ ထမ်းဆောင်ခဲ့ပြီး ဗုဒ္ဓမြတ်စွာသာသနာတော်မြတ် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြု ကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်လျက်ရှိပါသည်။

ရေးသားပြုစုခဲ့သောကျမ်းမှာ မျက်မှောက်ခေတ်ဗုဒ္ဓသာသနာတော်နှင့် အနာဂတ်အလားအလာများ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
မော်ကွန်းထိန်းဌာန

## ဌာနစုမှူးဆရာတော်
## ဘဒ္ဒန္တအမတောဘာသ

ဆရာတော် ဘဒ္ဒန္တအမတောဘာသ ကို မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ပစ္စဥ်းတိုင်ကျေးရွာ၌ ခမည်းတော် ဦးအောင်သောင်း + မယ်တော် ဒေါ်မတုတ်တို့မှ ၁၃၂၆ ခုနှစ်၊ ဝါခေါင်လဆုတ် (၁၀)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။ မွေးချင်း (၄)ယောက်တွင် ဒုတိယမြောက် သားရတနာဖြစ်ပြီး ငယ်နာမည်မှာ မောင်အေးကြိုင် ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ပစ္စဥ်းတိုင်ကျေးရွာ၊ ပစ္စဥ်းတိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောဏ္ဍည မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ အောင်လံမြို့နယ်၊ ပစ္စဥ်းတိုင်ကျေးရွာ၊ ဦးမြင့်မောင် + ဒေါ်မပု မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်အမတောဘာသ ဖြစ်ပါသည်။

ရှင်အမတောဘာသသည် ၁၃၄၅ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၁၅)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ နဝင်းရပ်ကွက်နေ၊ ဦးရွှေ + ဒေါ်စန်းရီ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ပြည်မြို့၊ ဝိသုဒ္ဓါရုံ အရာဏသီကျောင်းတိုက်၊ ခဏ္ဍာသိမ်၌ ၄င်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာနန္ဒပဏ္ဍိတာဘိဝံသ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တအမတောဘာသသည် အောင်လံမြို့နယ်၊ ပစ္စဥ်းတိုင်ကျေးရွာ၊ ပစ္စဥ်းတိုင်ကျောင်းတိုက်။ ရန်ကုန်မြို့၊ ဘဏ်းသုံးထပ်ကျောင်းတိုက်။ ဝိသုဒ္ဓါရုံကျောင်းတိုက်။ ကျောက်ကုန်းတောရ မေဒီနီကျောင်းတိုက်။ တောင်ငူမြို့၊ ဝိသုဒ္ဓါရုံသိမ်ဦးကျောင်းတိုက်တို့၌ ပညာရင်နို့ သောက်စို့ခဲ့ပြီး အစိုးရပထမပြန်စာမေးပွဲ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်တော်မူခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ပါမောက္ခချုပ်ဆရာတော်အမှူးရှိသော သင်ကြားစီမံ ဆရာတော်များ၊ မြင်ပညာရှင် ဆရာကြီးများအထံတွင် အထက်တန်းပညာရပ်များကို လေ့လာဆည်းပူးခဲ့ပြီး တက္ကသီလဓမ္မာစရိယ၊ ဘာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ကာ သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism) ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တအမတောဘာသသည် ပရိယတ္တိစာပေများ ပို့ချပေးခြင်း၊ အဘိဓမ္မာသင်တန်း၊ ယဥ်ကျေးမှုသင်တန်းများ ပို့ချပေးခြင်းနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ မော်ကွန်းထိန်းဌာန၌ ဌာနစုမှူးတာဝန်ကို (၉-၁-၉၇)ရက်နေ့မှ (၈-၉-၉၉)ရက်နေ့အထိ ထမ်းဆောင်ခဲ့ပြီး ဗုဒ္ဓမြတ်စွာသာသနာတော်မြတ် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြု ကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်လျက်ရှိပါသည်။

ရေးသားပြုစုခဲ့သောကျမ်းမှာ ဗုဒ္ဓအလိုတော်ကျ ကျေးဇူးဆပ်နည်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

မော်ကွန်းထိန်းဌာန

## ဌာနစုမှူးဆရာတော်

## ဘဒ္ဒန္တနရသီဟ

ဆရာတော် ဘဒ္ဒန္တနရသီဟကို မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ငါးရတောကျေးရွာ၌ ခမည်းတော် ဦးစံမူ + မယ်တော် ဒေါ်ခိုတို့မှ ၁၃၂၉ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၂)ရက်၊ စနေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။ မွေးချင်း(၅)ယောက်တွင် စတုတ္ထမြောက် သားရတနာဖြစ်ပြီး ငယ်နာမည်မှာ မောင်တင်ဝင်း ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ငါးရတောကျေးရွာ၊ သာသနမဏ္ဍကာရီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိလာသဂ္ဂ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရေစကြို မြို့နယ်၊ ငါးရတောကျေးရွာ၊ ခမည်းတော်, မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်တိရဏ ဖြစ်ပါသည်။

ရှင်တိရဏသည် ၁၃၅၁ ခုနှစ်၊ ဝါဆိုလဆန်း(၁၂)ရက်၊ သောကြာနေ့၊ နေ့လည်(၁း၀၄)နာရီ အချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ ခွန်သာကျေးရွာနေ၊ ဦးသိန်းထွန်း + ဒေါ်သန်းအေး မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရေစကြိုမြို့နယ်၊ ခွန်သာကျေးရွာ၊ သာသနမဏ္ဍကာရီကျောင်းတိုက်၊ ခဏ္ဍာသိမ်၌ ၄င်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိလာသဂ္ဂမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ဘွဲ့တော်မှာ အရှင်နရသီဟ ဖြစ်ပါသည်။

ဘဒ္ဒန္တနရသီဟသည် ငါးရတောကျေးရွာ၊ သာသနမဏ္ဍကာရီကျောင်းတိုက်။ ကြည့်မြင်တိုင်မြို့နယ်၊ စလင်းကျောင်းတိုက်။ ဟင်္သာတမြို့၊ အလုံကျောင်းတိုက်။ အင်းစိန်မြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက်။ သာကေတမြို့နယ်၊ ညောင်ရိပ်သာကျောင်းတိုက်တို့၌ ပညာရင်နို့ သောက်စို့ခဲ့ပြီး အစိုးရပထမပြန်စာမေးပွဲ ငယ်၊ လတ်၊ ကြီး။ အင်းစိန်မြို့နယ်၊ ဝိနယာဓိကစာမေးပွဲ ငယ်၊ လတ်၊ ကြီး။ ညောင်တုန်းမြို့၊ သုဓမ္မာစာရစာမေးပွဲ ငယ်၊ လတ်။ ဘုရားဖြူစာမေးပွဲ အငယ်တန်း။ ဆူးလေအဘိဓမ္မာပြန့်ပွားရေးအသင်းစာမေးပွဲ ယမက ပ၊ ဒု၊ တနှင့် ဓာတုကထာ၊ ပုဂ္ဂလပညတ္တိ အာဂုံ+ရေးဖြေ စာမေးပွဲတို့ကို အောင်မြင်တော်မူခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ပါမောက္ခချုပ်ဆရာတော်အမှူးရှိသော သင်ကြားစီမံဆရာတော်များ၊ ပြင်ပပညာရှင် ဆရာကြီးများအထံတွင် အထက်တန်းပညာရပ်များကို လေ့လာဆည်းပူးခဲ့ပြီး တက္ကသီလဓမ္မာစရိယ၊ မဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ကာ သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism)၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တနရသီဟသည် သာမဏေဘဝမှစ၍ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ ပို့ချသင်ကြားပေးခြင်း၊ ပရိယတ္တိစာပေများပို့ချပေးခြင်း၊ တရားဟောခြင်းနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ မော်ကွန်းထိန်းဌာန၌ (၁၃-၆-၉၉)နေ့မှ (၃၀-၆-၀၄)အထိ ဌာနစုမှူးတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ဗုဒ္ဓမြတ်စွာသာသနာတော်မြတ် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြု ကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်လျက် ရှိပါသည်။

ရေးသားပြုစုခဲ့သော ကျမ်းစာမှာ မြန်မာတိုင်းရင်းသား လူမျိုးများ၏ ယုံကြည်ကိုးကွယ်မှု ဓလေ့ထုံးစံများ (ကချင်၊ ကယား၊ ကရင်)ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

မော်ကွန်းထိန်းဌာန

**ဌာနစုမှူးဆရာတော်**

**ဘဒ္ဒန္တကုန္တက**

ဆရာတော် ဘဒ္ဒန္တကုန္တကကို ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ လှေဆိပ်မြောက်ရပ်ကွက်၌ ခမည်းတော် ဦးမြတ်ကျော်လှ + မယ်တော် ဒေါ်အေးဆင့်တို့မှ ၁၃၂၇ ခုနှစ်၊ တန်ခူးလဆန်း (၆)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။ မွေးချင်း(၈)ယောက်တွင် ဒုတိယမြောက် သားရတနာဖြစ်ပြီး ငယ်နာမည်မှာ မောင်တင်စိုး ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ကွန်စုကျေးရွာ၊ ရွာဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မအူပင်မြို့နယ်၊ ကွန်စုကျေးရွာ၊ ဦးညာဘွား + ဒေါ်သိန်းတင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ကုန္တက ဖြစ်ပါသည်။

ရှင်ကုန္တကသည် ၁၃၄၉ ခုနှစ်၊ တန်ခူးလဆန်း(၁၃)ရက်၊ နံနက်(၆း၂၀)နာရီ အချိန်တွင် မွန်ပြည်နယ်၊ မုဒုံမြို့၊ ပိန္နဲတိုက်ရပ်ကွက်နေ၊ ဦးကျော်သိန်း + ဒေါ်ခင်သီ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မွန်ပြည်နယ်၊ မုဒုံမြို့၊ ကန်ကြီးဓမ္မစေတီကျောင်းတိုက်၊ သာသနဝိပုလကာရီသိမ်၌ ၄င်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုန္တဝံသမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တကုန္တကသည် မအူပင်မြို့နယ်၊ ကွန်စုကျေးရွာ၊ ရွာဦးကျောင်းတိုက်။ မုဒုံမြို့၊ ကန်ကြီးဓမ္မစေတီကျောင်းတိုက်။ ကျိုက္ခမီရေလယ်ကျောင်းတိုက်။ ညောင်တုန်းမြို့၊ ရွှေဟင်္သာပါဠိတက္ကသိုလ် ကျောင်းတိုက်တို့၌ ပညာရင်နို့ သောက်စို့ခဲ့ပြီး အစိုးရ ပထမပြန်စာမေးပွဲ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း။ မအူပင်မြို့၊ အဘိဓမ္မာစာမေးပွဲ (သုံးဆင့်)၊ သုဓမ္မာပရိယတ္တိစာမေးပွဲ ပထမ ငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း။ မုဒုံမြို့၊ သာသနပါလစာမေးပွဲ အငယ်တန်း၊ အကြီးတန်း။ တော်ကူးပရိယတ္တိစာမေးပွဲ အငယ်တန်း၊ အကြီးတန်းတို့ကို အောင်မြင်တော်မူခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ပါမောက္ခချုပ်ဆရာတော်အမှူးရှိသော သင်ကြား စီမံဆရာတော်များ၊ မြင်ပပညာရှင် ဆရာကြီးများအထံတွင် အထက်တန်းပညာရပ်များကို လေ့လာဆည်းပူးခဲ့ပြီး တက္ကသီလ ဓမ္မာစရိယ, မဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ကာ သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism) ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တကုန္တကသည် ပရိယတ္တိစာပေများ ပို့ချပေးခြင်း၊ အဘိဓမ္မာသင်တန်း၊ ယဉ်ကျေးမှုသင်တန်းများ ပို့ချပေးခြင်းနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ မော်ကွန်းထိန်းဌာန၌ ဌာနစုမှူးတာဝန်ကို (၃၀-၅-၉၇)ရက်နေ့မှ (၂၂-၇-၀၁)ရက်နေ့အထိ ထမ်းဆောင်ခဲ့ပြီး ဗုဒ္ဓမြတ်စွာသာသနာတော်မြတ် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်လျက်ရှိပါသည်။

ရေးသားပြုစုခဲ့သောကျမ်းမှာ တတိယသင်္ဂါယနာနှင့် သာသနာပြုလုပ်ငန်းများ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

မော်ကွန်းထိန်းဌာန

**ဌာနစုမှူးဆရာတော်**

**ဘဒ္ဒန္တသောဘန**

ဆရာတော် ဘဒ္ဒန္တသောဘနကို စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ရွာသစ်ကျေးရွာ၌ ခမည်းတော် ဦးအုံးဆောင် + မယ်တော် ဒေါ်မန်းကြည်တို့မှ ၁၃၃၁ ခုနှစ်၊ ကဆုန်လဆန်း(၁၀)ရက်၊ သောကြာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။ မွေးချင်း (၄)ယောက်တွင် အတိဇာတ သားဦးရတနာ ဖြစ်ပြီး ငယ်နာမည်မှာ မောင်သိန်းထွန်း ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ရွာသစ်ကျေးရွာ၊ သာဘုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကိတ္တိဝံသ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရေဦးမြို့နယ်၊ ရွာသစ်ကျေးရွာ၊ ဦးညွန့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်သောဘန ဖြစ်ပါသည်။

ရှင်သောဘနသည် ရေဦးမြို့နယ်၊ ရွာသစ်ကျေးရွာနေ၊ ဦးအုံးဆောင် + ဒေါ်မန်းကြည် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရေဦးမြို့နယ်၊ ရွာသစ်ကျေးရွာ၊ သာဘုံကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ၄င်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကိတ္တိဝံသ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တသောဘနသည် အစိုးရ ပထမပြန်စာမေးပွဲ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်တော်မူခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ပါမောက္ခချုပ်ဆရာတော်အမှူးရှိသော သင်ကြားစီမံဆရာတော်များ၊ ပြင်ပပညာရှင် ဆရာကြီးများအထံတွင် အထက်တန်းပညာရပ်များကို လေ့လာဆည်းပူးခဲ့ပြီး တက္ကသီလဓမ္မာစရိယ, မဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ကာ သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism) ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တသောဘနသည် ပရိယတ္တိစာပေများ ပို့ချပေးခြင်း၊ အဘိဓမ္မာသင်တန်း၊ ယဉ်ကျေးမှုသင်တန်းများ ပို့ချပေးခြင်းနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ မော်ကွန်းထိန်းဌာန၌ ဌာနစုမှူးတာဝန်ကို (၄-၁၀-၀၀)ရက်နေ့မှ (၂၂-၇-၀၄)ရက်နေ့အထိ ထမ်းဆောင်ခဲ့ပြီး ဗုဒ္ဓမြတ်စွာသာသနာတော်မြတ် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြု ကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်လျက်ရှိပါသည်။

ရေးသားပြုစုခဲ့သောကျမ်းမှာ ဗုဒ္ဓမြတ်စွာလက်ထက်တော်က ထင်ရှားခဲ့သော ကျောင်းတော်ကြီးများ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

မော်ကွန်းထိန်းဌာန

**ဌာနစုမှူးဆရာတော်**

# ဘဒ္ဒန္တခေမာစာရ

ဆရာတော် ဘဒ္ဒန္တခေမာစာရကို မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆင်ချောင်းကျေးရွာ၌ ခမည်းတော် ဦးထွန်းကြည် + မယ်တော် ဒေါ်မြညွန့်တို့မှ ၁၃၃၀ ခုနှစ်၊ တပေါင်းလဆုတ်(၈)ရက်၊ တနင်္လာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။ မွေးချင်း(၈)ယောက်တွင် ပဉ္စမမြောက် သားရတနာဖြစ်ပြီး ငယ်နာမည်မှာ မောင်ကျော်နိုင် ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆင်ချောင်းကျေးရွာ၊ ဥတ္တရာရုံ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင်းခြံမြို့နယ်၊ ဆင်ချောင်း ကျေးရွာ၊ ခမည်းတော်, မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ခေမာစာရ ဖြစ်ပါသည်။

ရှင်ခေမာစာရသည် ၁၃၅၀ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၁၂)ရက်၊ နံနက် (၈း၄၀)နာရီ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်-၃ ရပ်ကွက်နေ၊ ဦးဘသောင်း + ဒေါ်မိုး မိသားစုတို့၏ ပစ္စယာနုဂ္ဂဟ ကိုခံယူကာ မြင်းခြံမြို့၊ အမှတ်-၁ ရပ်ကွက်၊ ကိုးတောင်ပြည့်ကျောင်းတိုက်၊ ခဏ္ဍာသိမ်၌ ၄င်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာယကာဘိဝံသ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ ပါသည်။

ဘဒ္ဒန္တခေမာစရသည် မြင်းခြံမြို့နယ်၊ ဆင်ချောင်းကျေးရွာ၊ ဥတ္တရာရုံကျောင်းတိုက်။ မြင်းခြံမြို့၊ ကိုးတောင် ပြည့်ကျောင်းတိုက်တို့၌ ပညာရင်နို့ သောက်စို့ခဲ့ပြီး အစိုးရပထမပြန်စာမေးပွဲ အခြေပြု မူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်တော်မူခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)တွင် ပါမောက္ခချုပ်ဆရာတော်အမှူးရှိသော သင်ကြားစီမံဆရာတော်များ၊ ပြင်ပပညာရှင် ဆရာကြီးများအထံတွင် အထက်တန်းပညာရပ်များကို လေ့လာဆည်းပူးခဲ့ပြီး တက္ကသီလဓမ္မာစရိယ၊ မဟာ ဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ကာ သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism)၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တခေမာစာရသည် မြင်းခြံမြို့၊ အမှတ်-၁ ရပ်ကွက်၊ ကိုးတောင်ပြည့်ကျောင်းတိုက်၌ ရဟန်း,သာမဏေ တို့အား အခြေခံပရိယတ္တိစာပေများပို့ချပေးခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ မော်ကွန်းထိန်း ဌာန၌ (၂၇-၃-၀၁)နေ့မှ (၁၃-၁၂-၀၇)ရက်နေ့ အထိ ဌာနစုမှူးတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြု ကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ် လျက်ရှိပါသည်။

ရေးသားပြုစုခဲ့သောကျမ်းမှာ ကာမဂုဏ်အပြစ်နှင့် ပတ်သက်၍ မြတ်ဗုဒ္ဓ၏ လမ်းညွှန်ချက်များဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
မော်ကွန်းထိန်းဌာန

**ဌာနစုမှူးဆရာတော်**

**ဘဒ္ဒန္တသုမန**

ဆရာတော် ဘဒ္ဒန္တသုမနကို မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျုံဟော်ကျေးရွာ၌ ခမည်းတော် ဦးကျော်ဒင် + မယ်တော် ဒေါ်ကွန်ဒွတ်တို့မှ ၁၃၃၀ ခုနှစ်၊ တော်သလင်းလဆုတ် (၁၂) ရက်၊ သောကြာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။ မွေးချင်း(၇)ယောက်တွင် အတိဇာတ သားဦးရတနာဖြစ်ပြီး ငယ်နာမည်မှာ မောင်သိန်းဦး ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျုံဟော်ကျေးရွာ၊ ကျုံဟော်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုဇာတ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျုံဟော်ကျေးရွာ၊ ခမည်းတော်, မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်သုမန ဖြစ်ပါသည်။

ရှင်သုမနသည် ၁၃၅၀ ခုနှစ်၊ တန်ခူးလဆုတ် (၈)ရက်၊ သောကြာနေ့၊ ညနေ (၄း၅၀)နာရီ အချိန်တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျုံဟော်ကျေးရွာနေ၊ ဦးကျော်ဒင် + ဒေါ်ကွန်ဒွတ် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟ ကိုခံယူကာ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျုံဟော်ကျေးရွာ၊ ကျုံဟော်ကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ၄င်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုဇာတ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တသုမနသည် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျုံဟော်ကျေးရွာ၊ ကျုံဟော်ကျောင်းတိုက်။ ပရိယတ္တိ သာသနဟိတစာသင်တိုက်။ ဓမ္မဃောသကကျောင်းတိုက်။ တိပိဋကမဟာဂန္ဓာရုံ။ ရွှေပြည်သာပရိယတ္တိ စာသင်တိုက်။ မဟာသုခါရာမကျောင်းတိုက်တို့၌ ပညာရင်နို့ သောက်စို့ခဲ့ပြီး အစိုးရပထမပြန်စာမေးပွဲ အခြေပြု မူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်တော်မူခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ပါမောက္ခချုပ်ဆရာတော်အမှူးရှိသော သင်ကြားစီမံ ဆရာတော်များ၊ ပြင်ပပညာရှင် ဆရာကြီးများအထံတွင် အထက်တန်းပညာရပ်များကို လေ့လာဆည်းပူးခဲ့ပြီး တက္ကသီလဓမ္မာစရိယ၊ မဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ကာ သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တသုမနသည် မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အစင်ကျေးရွာ ၊ ဓမ္မဃောသကကျောင်းတိုက်၌ စာချ ကထိက၊ တိုက်အုပ်ဆရာတော်အဖြစ်ဖြင့်လည်းကောင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း နည်းပြဆရာအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီးလျှင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ မော်ကွန်းထိန်း ဌာန၌လည်း (၂၀-၉-၀၂)နေ့မှ ယနေ့အထိ ဌာနစုမှူးတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြု ကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်လျက်ရှိပါသည်။

ရေးသားပြုစုခဲ့သော ကျမ်းများမှာ ပရိတ်ကြီး(၁၁)သုတ်လာ သတ်ပုံအညွှန်းများကို လေ့လာခြင်း၊ ဟန်ဆောင်ခြင်းတို့ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

မော်ကွန်းထိန်းဌာန

## ဌာနစုမှူးဆရာတော်

## ဘဒ္ဒန္တရေဝတ

ဆရာတော် ဘဒ္ဒန္တရေဝတကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ သရက်ကောင်းကျေးရွာ၌ ခမည်းတော် ဦးရင်မောင် + မယ်တော် ဒေါ်တင်မြိုင်တို့မှ ၁၃၃၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၁)ရက်၊ ဗုဒ္ဓဟူးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။ မွေးချင်း (၇)ယောက်တွင် စတုတ္ထမြောက် သားရတနာဖြစ်ပြီး ငယ်နာမည်မှာ မောင်ငွေဝင်းလှိုင် ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ သရက်ကောင်းကျေးရွာ၊ မင်္ဂလာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာသာရ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ကန့်ဘလူမြို့နယ်၊ သရက်ကောင်းကျေးရွာ၊ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ရေဝတ ဖြစ်ပါသည်။

ရှင်ရေဝတသည် ၁၃၅၆ ခုနှစ်၊ တပေါင်းလဆုတ် (၁၀)ရက်၊ နံနက် (၈း၁၅)နာရီ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်ရပ်ကွက်နေ ဦးစိန်မောင်+ဒေါ်လှကြည် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ပဋ္ဌာနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ၎င်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောသလ္လ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တရေဝတသည် ကန့်ဘလူမြို့နယ်၊ သရက်ကောင်းကျေးရွာ၊ မင်္ဂလာကျောင်းတိုက်။ ပဲခူးတိုင်းဒေသကြီး၊ ဖဲနွယ်ကုန်းမြို့၊ မဟာစည်သာသနာ့ရိပ်သာ။ မန္တလေးမြို့၊ စိန်ပန်းမဟာစည်သာသနာ့ရိပ်သာ။ ရန်ကုန်မြို့၊ ညောင်တုန်းကျောင်းတိုက်။ ရန်ကင်းမြို့နယ်၊ ပဋ္ဌာနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်တို့၌ ပညာရင်နို့ သောက်စို့ခဲ့ပြီး အစိုးရပထမပြန်စာမေးပွဲ အခြေပြု မူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်တော်မူခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ပါမောက္ခချုပ်ဆရာတော်အမှူးရှိသော သင်ကြား စီမံဆရာတော်များ၊ ပြင်ပပညာရှင် ဆရာကြီးများအထံတွင် အထက်တန်းပညာရပ်များကို လေ့လာဆည်းပူးခဲ့ပြီး တက္ကသီလဓမ္မာစရိယ၊ မဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ကာ သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တရေဝတသည် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ရှမ်းစုကျေးရွာတွင် ဘာသာရေးစာပေများကို သင်ကြားပို့ချပေးခြင်း၊ နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ၊ အင်္ဂလိပ်စာပေများသင်ကြားပို့ချပေးခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ မော်ကွန်းထိန်းဌာန၌ (၁၀-၄-၀၄)နေ့မှ (၂၃-၂-၁၀)ရက်နေ့အထိ ဌာနစုမှူးတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ဗုဒ္ဓမြတ်စွာသာသနာတော်မြတ် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်လျက်ရှိပါသည်။

ရေးသားပြုစုခဲ့သောကျမ်းမှာ စတုရာရက္ခတရားလေးပါး ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
မော်ကွန်းထိန်းဌာန

**ဌာနစုမှူးဆရာတော်**

**ဘဒ္ဒန္တဝိနယ**

ဆရာတော် ဘဒ္ဒန္တဝိနယကို ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ခ/နောက်ရပ်ကွက်၌ ခမည်းတော် ဦးလှကြည် + မယ်တော် ဒေါ်တင်ရီ တို့မှ ၁၃၃၇ ခုနှစ်၊ နယုန်လဆန်း (၃) ရက်၊ ဗုဒ္ဓဟူးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။ မွေးချင်း (၄)ယောက်တွင် ဒုတိယမြောက် သားရတနာဖြစ်ပြီး ငယ်နာမည်မှာ မောင်မှတ်ကြီးအောင် ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ခ/နောက်ရပ်ကွက်၊ မဟာဝိသုတာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တရာဇိန္ဒ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ဆိပ်ကြီးခနောင်တို မြို့နယ်၊ ခ/နောက်ရပ်ကွက်နေ ခမည်းတော်, မယ်တော် တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ဝိနယ ဖြစ်ပါသည်။

ရှင်ဝိနယသည် ၁၃၅၇ ခုနှစ်၊ တန်ခူးလဆုတ် (၈)ရက်၊ စနေနေ့၊ နံနက် (၉း၀၀)နာရီ အချိန်တွင် ဆိပ်ကြီးခနောင်တို မြို့၊ ခ/နောက်ရပ်ကွက်နေ ဦးမြင့်တင် + ဒေါ်ခင်ကြည် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးရပ်ကွက်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကျောင်းတိုက်၊ မဟာသိမ်၌ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအဂ္ဂိယသရ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တဝိနယသည် ဆိပ်ကြီးခနောင်တိုမြို့၊ ခ/နောက်ရပ်ကွက်၊ မဟာဝိသုတာရာမကျောင်းတိုက်။ ပဲခူးမြို့၊ ကလျာဏီကျောင်းတိုက်။ အင်းစိန်မြို့၊ ရွာမပရိယတ္တိစာသင်တိုက်တို့၌ ပညာရင်နို့ သောက်စို့ခဲ့ပြီး အစိုးရ ပထမပြန်စာမေးပွဲ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်တော်မူခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ပါမောက္ခချုပ်ဆရာတော်အမှူးရှိသော သင်ကြားစီမံဆရာတော်များ၊ ပြင်ပပညာရှင် ဆရာကြီးများအထံတွင် အထက်တန်းပညာရပ်များကို လေ့လာဆည်းပူးခဲ့ပြီး တက္ကသီလဓမ္မာစရိယ၊ မဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ကာ သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တဝိနယသည် အခြေခံပရိယတ္တိစာပေများ ပို့ချပေးခြင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာများကို သင်ကြားပို့ချပေးခြင်းနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ မော်ကွန်းထိန်းဌာန၌ (၁၇-၇-၀၄)နေ့မှ (၈-၆-၀၈)ရက်နေ့ အထိ ဌာနစုမှူးတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ဗုဒ္ဓမြတ်စွာသာသနာတော်မြတ် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြု ကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်လျက်ရှိပါသည်။

ရေးသားပြုစုခဲ့သောကျမ်းမှာ သုတ်ကောင်းဥစ္စာ ခုနစ်ဖြာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
မော်ကွန်းထိန်းဌာန
**ဌာနစုမှူးဆရာတော်**
**ဘဒ္ဒန္တဝေပုလ္လ**

ဆရာတော် ဘဒ္ဒန္တဝေပုလ္လကို ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ငှက်ကြီးသိုက်ကျေးရွာ၌ ခမည်းတော် ဦးကိုဝင်း + မယ်တော် ဒေါ်အေးမြင့် တို့မှ ၁၃၃၈ ခုနှစ်၊ တော်သလင်းလဆန်း (၂) ရက်၊ ဗုဒ္ဓဟူးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။ မွေးချင်း (၄)ယောက်တွင် ဒုတိယမြောက် သားရတနာဖြစ်ပြီး ငယ်နာမည်မှာ မောင်ဝင်းဌေး ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ငှက်ကြီးသိုက်ကျေးရွာ၊ မဟာဓေယျသုခကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဝံသ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြန်အောင်မြို့နယ်၊ ငှက်ကြီးသိုက်ကျေးရွာ၊ ဦးညို + ဒေါ်လှချစ် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ဝေပုလ္လ ဖြစ်ပါသည်။

ရှင်ဝေပုလ္လသည် ၁၃၅၇ ခုနှစ်၊ နတ်တော်လဆုတ်(၉)ရက်၊ သောကြာနေ့၊ နံနက် (၈း၀၀)နာရီ အချိန်တွင် ဟင်္သာတမြို့၊ သီရိအောင်မြေ(၁)လမ်း၊ ဒေါ်ခင်စိန်, ဒေါ်လှဌေး(မန်နေဂျာ)တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အလယ်တောရကျောင်း၊ မင်္ဂလာစကြာကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ၄င်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာဘိဝံသ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တဝေပုလ္လသည် မြန်အောင်မြို့နယ်၊ ငှက်သိုက်ကြီးကျောင်းတိုက်။ ဟင်္သာတမြို့၊ မဟာဓမ္မိကာရုံကျောင်းတိုက်။ မန္တလေးမြို့၊ သာစည်ကျောင်းတိုက်။ ဟင်္သာတမြို့၊ ရွှေဟင်္သာကျောင်းတိုက်။ ရန်ကုန်မြို့၊ အလယ်တောရကျောင်းတိုက်တို့၌ ပညာရင်နို့ သောက်စို့ခဲ့ပြီး အစိုးရပထမပြန်စာမေးပွဲ အခြေပြု မူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟစာမေးပွဲ မူလတန်း၊ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း(ပထမ)တို့ကို အောင်မြင်တော်မူခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ပါမောက္ခချုပ်ဆရာတော်အမှူးရှိသော သင်ကြားစီမံဆရာတော်များ၊ ပြင်ပပညာရှင်ဆရာကြီးများအထံတွင် အထက်တန်းပညာရပ်များကို လေ့လာဆည်းပူးခဲ့ပြီး တက္ကသီလဓမ္မာစရိယ၊ မဟာဓမ္မာစရိယ စာမေးပွဲများကို အောင်မြင်ခဲ့ကာ သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism)၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တဝေပုလ္လသည် ဧရာဝတီတိုင်းဒေသကြီး၊ အစိုးရပါဠိပထမပြန်စာမေးပွဲ အဖြေလွှာများ စစ်ဆေးခြင်း၊ မဟာဓမ္မိကာရုံကျောင်းတိုက်၌ ပရိယတ္တိစာပေများ ပို့ချပေးခဲ့ခြင်း၊ အားလပ်ရက်များ၌ တရားဓမ္မများ ဟောပြောခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ မော်ကွန်းထိန်းဌာန၌ (၁၈-၁-၀၅)ရက်နေ့မှ ယနေ့အထိ ဌာနစုမှူးတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ဗုဒ္ဓမြတ်စွာသာသနာတော်မြတ် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြု ကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်လျက်ရှိပါသည်။

ရေးသားပြုစုခဲ့သောကျမ်းမှာ ဗုဒ္ဓလက်ထက် စံတော်ဝင်အမျိုးသားများ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

မော်ကွန်းထိန်းဌာန

**ဌာနစုမှူးဆရာတော်**

**ဘဒ္ဒန္တဉာဏာဓဇ**

ဆရာတော် ဘဒ္ဒန္တဉာဏာဓဇကို မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ထနောင်းခလုကျေးရွာ၌ ခမည်းတော် ဦးသန်းထွန်း + မယ်တော် ဒေါ်စိန်တို့မှ ၁၃၄၇ ခုနှစ်၊ နယုန်လဆန်း (၃) ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။ မွေးချင်း (၈)ယောက်တွင် ဒုတိယမြောက် သားရတနာဖြစ်ပြီး ငယ်နာမည်မှာ မောင်အောင်မျိုး (ခ) မောင်ဇော်မျိုးလတ် ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ထနောင်းခလုကျေးရွာ၊ မနောရမ္မ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညိန္ဒမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြိုင်မြို့နယ်၊ ထနောင်းခလုရွာ၊ ခမည်းတော်, မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ဉာဏာဓဇ ဖြစ်ပါသည်။

ရှင်ဉာဏာဓဇသည် ၁၃၆၇ ခုနှစ်၊ နယုန်လဆုတ် (၅)ရက်၊ တနင်္ဂနွေနေ့ နံနက် (၇း၃၀)နာရီ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးကုန်းမြေ၊ ဦးစိုးရင် + ဒေါ်ခင်အုန်းမြင့်၊ "အိမ်ရှင်မ"စတိုး၊ မိသားစုနှင့် ဆရာမ ဒေါ်မေခင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ကျောင်းတိုက်၊ မဟာသိမ်တော်ကြီး၌ ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တဉာဏာဓဇသည် မြိုင်မြို့နယ်၊ ထနောင်းခလုရွာ၊ မနောရမ္မကျောင်းတိုက်။ မန္တလေးမြို့၊ မှန်ကင်း ပဓ္ဓောတာရုံကျောင်းတိုက်တို့၌ ပညာရင်နို့ သောက်စို့ခဲ့ပြီး အစိုးရပထမပြန်စာမေးပွဲ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်တော်မူခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ပါမောက္ခချုပ်ဆရာတော်အမှူးရှိသော သင်ကြားစီမံဆရာတော်များ၊ ပြင်ပ ပညာရှင် ဆရာကြီးများအထံတွင် အထက်တန်းပညာရပ်များကို လေ့လာဆည်းပူးခဲ့ပြီး တက္ကသိုလဓမ္မာစရိယ၊ မဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ကာ သာသနတက္ကသိုလဓမ္မာစရိယ B.A (Buddhism)၊ သာသန တက္ကသိုလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တဉာဏာဓဇသည် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အဗျားဗိုလ်တဲကျေးရွာ၊ ပရဟိတကျောင်းတိုက်တွင် ဓမ္မစကြာဝတ်အသင်းသူများအား ဘာသာရေးဆိုင်ရာများကို သင်ကြားပို့ချပေးခြင်း၊ နွေရာသီ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခြင်း၊ အထက်တန်းကျောင်းသား, ကျောင်းသူများအား အခြေခံကွန်ပျူတာပညာရပ်များကို သင်ကြားပို့ချပေးခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ မော်ကွန်းထိန်းဌာန၌ (၁၄-၉-၀၈)နေ့မှ ယနေ့အထိ ဌာနစုမှူးတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ဗုဒ္ဓမြတ်စွာ သာသနာ တော်မြတ် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ဆည်းပူးပြုလုပ် အားထုတ်လျက်ရှိပါသည်။

ရေးသားပြုစုခဲ့သော ကျမ်းများမှာ - ဒုတိယပါရာဇိကလာ အာကာသဌကထာနှင့် ဝေဟာသဌ ကထာကို လေ့လာခြင်း

- အတ္တာဟိ အတ္တနော နာထော (မိမိကိုယ်သာ အားကိုးရာ)
- ပရိတ်ရွတ်ဖတ်ခြင်းနှင့် ပရိတ်အကျိုးကျေးဇူး တို့ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
မော်ကွန်းထိန်းဌာန
**ဌာနစုမှူးဆရာတော်**
**ဘဒ္ဒန္တစန္ဒာသိရီ**

ဆရာတော် ဘဒ္ဒန္တစန္ဒာသိရီကို ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံ-ရှမ်းစုကျေးရွာ၌ ခမည်းတော် ဦးအောင်မြင့် + မယ်တော် ဒေါ်ဌမ်းနန်းစိန်တို့မှ ၁၃၄၇ ခုနှစ်၊ ဝါဆိုလဆန်း (၇) ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။ မွေးချင်း (၇)ယောက်တွင် တတိယမြောက် သားရတနာဖြစ်ပြီး ငယ်နာမည်မှာ မောင်မင်းမင်းစိုး ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံ-ရှမ်းစုကျေးရွာ၊ ရှမ်းစုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ တိုက်ကြီးမြို့နယ်၊ ဥက္ကံ-ရှမ်းစုကျေးရွာ၊ ခမည်းတော်၊ မယ်တော် တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်စန္ဒာသိရီ ဖြစ်ပါသည်။

ရှင်စန္ဒာသိရီသည် ၁၃၆၇ ခုနှစ်၊ တန်ခူးလဆုတ်(၁)ရက်၊ စနေနေ့၊ နံနက် (၉း၃၈)နာရီ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်းနေ၊ ဦးမျိုးသန့် + ဒေါ်ခင်လဲ့လဲ့မိုး မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မဟာဘွဲ့နှင်းသိမ်ဓမ္မာရုံကြီး၌ မော်ကွန်းထိန်းဆရာတော် ဒေါက်တာဘဒ္ဒန္တပညာဝံသ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တစန္ဒာသိရီသည် တိုက်ကြီးမြို့နယ်၊ ဥက္ကံ-ရှမ်းစုကျေးရွာ၊ ရှမ်းစုကျောင်းတိုက်။ ညောင်တုန်းမြို့၊ မှော်ဘီတောရပါဠိတက္ကသိုလ်ကျောင်းတိုက်တို့၌ ပညာရင်နို့ သောက်စို့ခဲ့ပြီး အစိုးရပထမ ပြန်စာမေးပွဲ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်တော်မူခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ပါမောက္ခချုပ်ဆရာတော်အမှူးရှိသော သင်ကြားစီမံဆရာတော်များ၊ ပြင်ပပညာရှင် ဆရာကြီးများအထံတွင် အထက်တန်းပညာရပ်များကို လေ့လာဆည်းပူးခဲ့ပြီး တက္ကသီလဓမ္မာစရိယစာမေးပွဲကို အောင်မြင်ခဲ့ကာ သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism)ဘွဲ့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တစန္ဒာသိရီသည် ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ရှမ်းစုကျေးရွာတွင် ဘာသာရေးဆိုင်ရာ စာပေများကို သင်ကြားပို့ချပေးခြင်း၊ နွေရာသီဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများ၊ အင်္ဂလိပ်စာပေများ သင်ကြားပို့ချပေးခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ မော်ကွန်းထိန်းဌာန၌ (၂၃-၂-၁၀)နေ့မှ ယနေ့ အထိ ဌာနစုမှူးတာဝန်ကို ထမ်းဆောင်ကာ မဟာဓမ္မာစရိယကျမ်းစာကို ရေးသားလျက် ဗုဒ္ဓမြတ်စွာသာသနာတော်မြတ် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြု ကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်လျက်ရှိပါသည်။

ဆရာတော်ရေးသားပြုစုသောကျမ်းမှာ ဥပါယ်တံမျဉ် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

မော်ကွန်းထိန်းဌာန

**ဌာနစုမှူးဆရာတော်**

## ဘဒ္ဒန္တဥတ္တမ

ဆရာတော် ဘဒ္ဒန္တဥတ္တမ ကို မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ တိမ်းတည်ကျေးရွာ၌ ခမည်းတော် ဦးစိန်ထွန်း + မယ်တော် ဒေါ်နီ တို့မှ ၁၃၃၇ ခုနှစ်၊ ပြာသိုလဆန်း (၄) ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။ မွေးချင်း(၂)ယောက်တွင် ဒုတိယမြောက်သားရတနာဖြစ်ပြီး ငယ်နာမည်မှာ မောင်အောင်တင်ဝင်း ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ တိမ်းတည်ကျေးရွာ၊ တိမ်းတည် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဝံသ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ပျော်ဘွယ်မြို့နယ်၊ တိမ်းတည် ကျေးရွာ၊ ဦးဆင် + ဒေါ်လှဝင်းတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ဥတ္တမ ဖြစ်ပါသည်။

ရှင်ဥတ္တမသည် ၁၃၅၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၂)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၉း၃၅)နာရီ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဒါရိုကာရပ်ကွက်နေ၊ ဦးတင်ကိုကို + ဒေါ်နှင်းသီတာမြင့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ပျော်ဘွယ်မြို့နယ်၊ တိမ်းတည်ကျေးရွာ၊ တိမ်းတည်ကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ၄င်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဝံသ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တဥတ္တမသည် ပျော်ဘွယ်မြို့နယ်၊ တိမ်းတည်ကျေးရွာ၊ တိမ်းတည်ကျောင်းတိုက်။ သန်လျင်မြို့၊ ဝိသုဒ္ဓါရုံကျောင်းတိုက်။ မင်းကျောင်း ပထမပြန်စာသင်တိုက်။ စမ်းချောင်းမြို့၊ ဝံသမေဒနီစာသင်တိုက်။ ရွှေတောင်တိုက်သစ်ကျောင်းတိုက်တို့၌ ပညာရင်နို့ သောက်စို့ခဲ့ပြီး အစိုးရပထမပြန်စာမေးပွဲ အခြေပြု မူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်တော်မူခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ပါမောက္ခချုပ်ဆရာတော်အမှူးရှိသော သင်ကြားစီမံဆရာတော်များ၊ ပြင်ပပညာရှင် ဆရာကြီးများအထံတွင် အထက်တန်းပညာရပ်များကို လေ့လာဆည်းပူးခဲ့ပြီး တက္ကသီလဓမ္မာစရိယ စာမေးပွဲကို အောင်မြင်ခဲ့ကာ သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism) ဘွဲ့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တဥတ္တမသည် သန်လျင်မြို့၊ ဝိသုဒ္ဓါရာမချမ်းမြေ့သာယာစာသင်တိုက်၌ စာချကထိက၊ မင်္ဂလာ မောင်မယ်ဝတ်အသင်း၏ နည်းပြ၊ နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၊ အင်္ဂလိပ်စာသင်တန်း၊ ကွန်ပျူတာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ မော်ကွန်းထိန်းဌာန၌ (၂၈-၇-၁၀)နေ့မှ ယနေ့အထိ ဌာနစုမှူးတာဝန်ကို ထမ်းဆောင်ခဲ့ကာ မဟာဓမ္မာစရိယကျမ်းကို ရေးသား လျက် ဗုဒ္ဓမြတ်စွာသာသနာတော်မြတ် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်လျက်ရှိပါသည်။

ဆရာတော် ရေးသားပြုစုသောကျမ်းမှာ ချမ်းသာလိုက တာလေးတာကို ရှောင်ခွါကြ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

မော်ကွန်းထိန်းဌာန

**တွဲဖက်မော်ကွန်းထိန်း**

**ဆရာကြီးဦးဇော်လွင်**

**ဖွားမြင်ခြင်း**

ဆရာဦးဇော်လွင်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ သာစည်ရပ်ကွက် အဖဦးမြခိုင် + အမိ ဒေါ်ကျင်ရွှေတို့မှ ၁၉၄၇-ခုနှစ်၊ ဇွန်လ ၁၇-ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

**ပညာသင်ကြားခြင်း**

၁၉၅၃-၁၉၆၀ ရန်နိုင်အလယ်တန်းကျောင်း၊ စစ်ကိုင်းမြို့ မူလတန်းမှ အလယ်တန်း၊ ၁၉၆၁-၁၉၆၄ အမှတ် (၁)အထက်တန်းကျောင်း၊ စစ်ကိုင်းမြို့၊ အထက်တန်း၊ ၁၉၆၄-၁၉၆၈၊ ၁၉၆၉ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် (မန္တလေး) သိပ္ပံဘွဲ့၊ မဟာသိပ္ပံအရည်အချင်းစစ်၊ ၁၉၈၀-၁၉၈၂ မှတ်ပုံတင် ရှေ့နေသင်တန်း၊ အဆင့်မြင့်ပညာရေး ဦးစီးဌာန R.L

**အမြင့်ဆုံးအောင်မြင်ခဲ့သော စာမေးပွဲများ**

B.Sc. M.Sc (Q). G.H. P R.L

**နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခြင်း**

၁၉၈၁-ခုနှစ် ၁၉၈၆-ခုနှစ်ထိ မန္တလေးတက္ကသိုလ်၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်တက္ကသိုလ်၊ ပညာရေးတက္ကသိုလ်။ ၁၉၈၆-၁၉၉၁ မော်ကွန်းထိန်း (၂) ပညာရေးတက္ကသိုလ်။ ၁၉၉၁-၁၉၉၃ မော်ကွန်းထိန်း (၁) ပုသိမ်ဒီဂရီကောလိပ်။ ၁၉၉၃-၂၀၀၇ မော်ကွန်းထိန်း (၁)၊ ဌာနမှူး (သင်တန်းရေးရာ)ဒဂုံတက္ကသိုလ်။ ဦးဇော်လွင်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းဌာန၌ တွဲဖက်မော်ကွန်းထိန်း တာဝန်ကို ၂၀-၁၀-၈၆ နေ့က စ၍ ၁၉၉၀ ခုနှစ် အထိ ဗုဒ္ဓမြတ်စွာ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးပြုလုပ်အားထုတ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

မော်ကွန်းထိန်းဌာန

## တွဲဖက်မော်ကွန်းထိန်း

## ဆရာကြီး ဦးစောကြိုင်

**ဖွားမြင်ခြင်း**

ဆရာကြီးဦးစောကြိုင်သည် ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ရွာလယ်ရပ်ကွက်/ကျေးရွာ၌ အဖ ဦးဘခင် အမိ ဒေါ်အေးချိန်တို့မှ ၁၉၃၉-ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်၊ အင်္ဂါနေ့ နံနက်တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

**ပညာသင်ကြားခြင်း**

မူလတန်းပညာ (၁၉၄၄-၅၀)၊ အထက်တန်းပညာ (၁၉၅၀-၅၇)၊

တက္ကသိုလ်ပညာ B.A (၁၉၅၇-၆၂) B.L (၁၉၇၀-၇၂) ပညာရေးဘွဲ့ပညာ B.Ed (၁၉၆၅-၆၇)

**အမြင့်ဆုံးအောင်မြင်ခဲ့သော စာမေးပွဲများ**

B.A (ELIH ) (1957-62) B.A, B.L (1970-71) B.A, B.Ed (1965-67)

**နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခြင်း**

အထက်တန်းပြဆရာ (၁၉၆၂-၇၂)။ လ/ထ ကထိက (နိုင်ငံရေးသိပ္ပံ) (၁၉၇၂-၈၀)

ကထိက (နိုင်ငံရေးသိပ္ပံ) (၁၉၇၇-၉၂)၊ မော်ကွန်းထိန်း(၁) (၁၉၉၂-၉၉)

**ရရှိခဲ့သော ပညာရေးဘွဲ့နှင့် ဂုဏ်ထူးဆောင်ဘွဲ့များ**

B.A (ELIH ), B.Ed , B.L

ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးကျော်ထင်၏ ငွေသား- ၁၀၀၀ဝိ-ဆု၊

ပြန်ကြားရေးဝန်ကြီး ဦးဗိုလ်နီ၏ တိုင်ကပ်နာရီနှင့် ဂုဏ်ထူးဆောင်လက်မှတ်၊

ရန်ကုန်တိုင်းစစ်ဌာနချုပ် ဗိုလ်မှူးချုပ်မျိုးအောင်၏ ဂုဏ်ထူးဆောင်လက်မှတ်

ဦးစောကြိုင်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းဌာန၌ တွဲဖက်မော်ကွန်းထိန်းတာဝန်ကို ၁၉၉၀ ခုနှစ် မှစ၍ ၁၉၉၈ ခုနှစ် အထိ ဗုဒ္ဓမြတ်စွာ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက် သာသနာပြု ကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com




# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
## ၂၅-နှစ်တာကာလအတွင်း တာဝန်ထမ်းဆောင်ပြီး/ထမ်းဆောင်ဆဲ
## သင်ကြား/စီမံဆရာများ၏
## အတ္ထုပ္ပတ္တိကဏ္ဍ

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
(မန္တလေး)

# ပါမောက္ခချုပ်တာဝန် နှင့် ဒုတိယပါမောက္ခချုပ် တာဝန်ထမ်းဆောင်ပြီး/ထမ်းဆောင်ဆဲ

# ဆရာများ၏

ထေရုပ္ပတ္တိအကျဉ်း



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

## ပါမောက္ခချုပ်ဆရာတော်
## ဘဒ္ဒန္တဇောတိကာဘိဝံသ

ဘဒ္ဒန္တဇောတိကာဘိဝံသသည် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အုတ်ကျုတ်တန်း၊ အလယ်ကျွန်းရပ်ကွက်၊ အဖ-ဦးသန့် +အမိ-ဒေါ်မြတို့မှ ၁၂၉၀-ခုနှစ်၊ နတ်တော်လဆန်း(၉)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သောသားရတနာ ဖြစ်သည်။

ဘဒ္ဒန္တဇောတိကာဘိဝံသသည် ၁၃၀၀-ခုနှစ်၊ တပိုတွဲလဆန်း(၁၀)ရက်နေ့တွင် အုတ်တွင်းမြို့နယ်၊ ညောင်ခြေထောက်ရွာ ပေါက်ကုန်းကျောင်းဆရာတော် ဘဒ္ဒန္တသီဟအား ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဘဒ္ဒန္တဇောတိကာဘိဝံသသည် ၁၃၀၉-ခုနှစ်၊ တပေါင်းလဆန်း(၁၅)ရက် နံနက်(၈)နာရီ၊ (၃၀)မိနစ်အချိန်တွင် ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ညောင်ခြေထောက်ရွာ၊ ပေါက်ကုန်းကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ပေါက်ကုန်းကျောင်းဆရာတော် ဘဒ္ဒန္တသီဟအား ဥပဇ္ဈာယ်ပြု၍ ဦးသန့်+ဒေါ်မြတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တဇောတိကာဘိဝံသသည် ပဲခူးတိုင်း၊ အုတ်တွင်းမြို့နယ်၊ ညောင်ခြေထောက်ရွာ၊ ပေါက်ကုန်းကျောင်းတိုက်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်၊ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီ ဆံစကရစ်ယူနီဗာစတီတို့၌ ပညာများဆည်းပူးခဲ့ပြီး သာသနဓဇသိရီပဝရဓမ္မာစရိယ(၁၃၁၅)၊ သကျသီဟဓမ္မာစရိယ(၁၃၁၉)၊ အဘိဓမ္မပါဠိပါရဂူ(၁၃၁၉)ဘွဲ့များကို ရရှိခဲ့သည်။

ဘဒ္ဒန္တဇောတိကာဘိဝံသသည် ၁၃၄၂-ခုနှစ်တွင် နိုင်ငံတော်ဝိနည်းဓိုရ်အဖြစ်လည်းကောင်း၊ ၁၃၄၀-မှ ၁၃၄၇-အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဗဟိုပညာရေးအဖွဲ့၊ ပညာရေးအဖွဲ့ငယ်တာဝန် ကိုလည်းကောင်း၊ ၁၃၄၈-ခုနှစ်မှ ၁၃၅၀-ပြည့်နှစ်၊ နယုန်လအထိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၌ ပါမောက္ခချုပ်တာဝန်ကိုလည်းကောင်း ထမ်းဆောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

## ပါမောက္ခချုပ်ဆရာတော်

## ဘဒ္ဒန္တစန္ဒိမာ

ဘဒ္ဒန္တစန္ဒိမာသည် မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ နွားကူးရွာ၌ အဖ ဦးသန်းစိန်+အမိ ဒေါ်လှိုင်တို့မှ ၁၂၈၉-ခုနှစ်၊ ပြာသိုလပြည့်ကျော်(၄)ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်သည်။

ဘဒ္ဒန္တစန္ဒိမာသည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ သုဇိတာရုံရွှေကျင်တိုက်ဟောင်း ဆရာတော် ဘဒ္ဒန္တကုသလ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင်းခြံမြို့၊ အောင်ဇေယျာရွှေပန်းတိမ်ပိုင်ရှင် ဦးဘလှိုင်+ဒေါ်သ သမီး မစိန်ဝင်းမေတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တစန္ဒိမာသည် ၁၃၀၉-ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော် လယ်ဝေးမြို့နယ်၊ သက်ကယ်ခြင်းရွာ၊ အရှေ့ကျောင်းခဏ္ဍသိမ်၌ လယ်ဝေးမြို့နယ်၊ မှန်တောကျောင်းဆရာတော် ဘဒ္ဒန္တသြဘာသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ နေပြည်တော်လယ်ဝေးမြို့နယ်၊ သက်ကယ်ခြင်းရွာ၊ ဦးစံမြ+ဒေါ်ခင်ညို မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တစန္ဒိမာသည် ကောလင်းမြို့၊ မန္တလာဝံသကျောင်းသစ်ကျောင်း၊ မြင်းခြံမြို့၊ သုဇိတာရုံရွှေကျင်တိုက်၊ ဇေယျာလင်္ကာရကျောင်းသစ်ကျောင်း၊ တန်ဆောင်းကြီးတိုက်၊ လေးအိမ်တန်းကျောင်း၊ ထနောင်းတိုင်ကျောင်း၊ ဆီမီးခုံမြို့၊ ကျီရွာမြောက်ကျောင်း၊ မြင်းခြံမြို့၊ ငါးထပ်ကြီးတိုက်၊ ရွှေလင်းယုံကျောင်း၊ နေပြည်တော် လယ်ဝေး မြို့နယ်၊ တောင်ဖီလာကျောင်း၊ တောင်သာမြို့နယ်၊ သဘွတ်စုချောင်းကျောင်း၊ မိတ္ထီလာမြို့၊ သဒ္ဓမ္မဝံသာရုံကျောင်း၊ မန္တလေးမြို့၊ မဟာဝေယျံဘုံသာတိုက်၊ မစိုးရိမ်တိုက်၊ ပရိယတ္တိနယူပဒေသကျောင်း၊ မာဃကျောင်း၊ ဘုရားကြီးတိုက်၊ အမရပူရကျောင်း၊ ရန်ကုန်မြို့၊ အလယ်တောရတိုက် တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း(ပထမကျော်)နှင့် ဓမ္မာစရိယစာမေးပွဲတို့ကိုဖြေဆို အောင်မြင်ခဲ့ပြီး သာသနဓဇသိရီပဝရဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တစန္ဒိမာသည် မိတ္ထီလာမြို့တွင် ပထမကျော်ဓမ္မာစရိယတိုက်သစ်ကို တည်ထောင်၍ ၁၉၆၃-ခုနှစ်မှစ၍ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်းဖွင့်လှစ်၍ ကျောင်းသား-ကျောင်းသူပေါင်း (၁၀၀၀)ကျော်ကို ပညာသင်ပေးခြင်း၊ ဝန်ဇင်းရပ်ကွက်၌ ရေရရှိအောင်ဆောင်ရွက်ပေးခြင်းစသော လောက အကျိုးပြုလုပ်ငန်းများ အပြင် ပါဠိတက္ကသိုလ်ဗဟိုအဖွဲ့ဝင်၊ ပါဠိတက္ကသိုလ်စာမေးပွဲကြီးကြပ်ရေးတာဝန်၊ ပါဠိတက္ကသိုလ်စာစစ်၊ ပထမပြန် ကြီးကြပ်ရေး၊ ပထမပြန်စာစစ်၊ သံဃအဖွဲ့အစည်းအဆင့်ဆင့်တွင် သံဃသမ္မုတိရ၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့တာဝန်များကိုလည်း ထမ်းဆောင်ခဲ့ပြီး ၁၃၅၀-ပြည့်နှစ် နယုန်လတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်တာဝန်ကို ယာယီ(၁)သ ထမ်းဆောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
## ပါမောက္ခချုပ်ဆရာတော်
## ဘဒ္ဒန္တဉာဏာဘိဝံသ

ဘဒ္ဒန္တဉာဏာဘိဝံသသည် မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်းရွာတွင် အဖ-ဦးဘိုထွန်း+အမိ-ဒေါ်ဒေါ်ကောက်တို့မှ ၁၂၈ဝ-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော စတုတ္ထမြောက်သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တဉာဏာဘိဝံသသည် ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်းရွာ ညောင်ပင်လှကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တဉာဏာဘိဝံသသည် ၁၂၉၉-ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၈)ရက်၊ အင်္ဂါနေ့နံနက်(၈)နာရီအချိန်၌ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ မင်းကျောင်းစာသင်တိုက်၊ ခဏ္ဍသိမ်၌ မင်းကျောင်းစာသင်တိုက်ဆရာတော် ဘဒ္ဒန္တကုသလ(အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်၍ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ လမ်းကောက်ရပ်နေ သိမ်ကျောင်းအမကြီး ဒေါ်ဖုံကိုအမှူးထား၍ သားသမီးများဖြစ်ကြသော ဗန္ဓုလဆေးလိပ်ခုံပိုင်ရှင် ဦးအုန်း+ဒေါ်ဖွားရှင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တဉာဏာဘိဝံသသည် မန္တလေးမြို့၊ တောင်ပြင်ထီးလင်းတိုက်၊ မင်္ဂလာစံကျောင်း၊ ဘုရားစုကျောင်း၊ နတ်လောင်းကျောင်း၊ ဝမ်းတွင်းမြို့ ကံစွယ်ကျောင်း၊ သဲတောမြို့၊ ရွှေဘုံသာတောရကျောင်း ၊ မိုးကောင်းတိုက်၊ ညောင်ရမ်းကျောင်းတိုက်တို့၌ ပညာဆည်းပူးခဲ့ပြီး ပရိယတ္တိသာသနဟိတ(သကျသီဟ) စာသင်တန်း၊ ပရိယတ္တိသာသနဟိတ(သကျသီဟ)ဂဏဝါစကစာချတန်း၊ စေတိယင်္ဂဏပရိယတ္တိစာသင်တန်း၊ စေတိယင်္ဂဏ ပရိယတ္တိဓမ္မာစရိယဂဏဝါစကစာချတန်း၊ တိပိဋကစာမေးပွဲ၌ သုတ်သုံးကျမ်း(ဂုဏ်ထူး)စာမေးပွဲများကို အောင်မြင်ခဲ့ပြီး သကျသီဟဓမ္မာစရိယ၊ စေတီယင်္ဂဏဓမ္မာစရိယ၊ ဝိသိဋ္ဌ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တဉာဏာဘိဝံသသည် ဆဋ္ဌသင်္ဂါယနာပွဲ၌ (က)ပါဠိဝိသောဓက၊ (ခ)ပဋိဝိသောဓက၊ (ဂ)ဩသာနသောဓေယျ၊ (ဃ)ဆဋ္ဌသင်္ဂီတကာရက။ မန္တလေးအနောက်တောင်မြို့နယ် ဝိနိစ္ဆယဌာနဝိနည်းဓိုရ်၊ သံဃာ့အဖွဲ့အစည်းတွင် သံဃာ့ဝန်ဆောင်(၆၆)ပါးအဖွဲ့၊ ဥပဒေရေးဆွဲရေးကော်မရှင်မှသည် စတုတ္ထအကြိမ် နိုင်ငံတော်သံဃနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌဆရာတော်အဖြစ် အမျိုးမျိုးပြောင်းလဲ၍ ဝိနိစ္ဆယရေး၊ သာသနာရေး၊ ပညာရေးကိစ္စတို့ကို ဆောင်ရွက်တော်မူလျက် ၁၃၅၀-ပြည့်နှစ်၊ ဝါဆိုလတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၏ ပါမောက္ခချုပ်တာဝန်ကိုလည်း ယာယီ(၁)လ ထမ်းဆောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

**ပါမောက္ခချုပ်ဆရာတော်**

**ဘဒ္ဒန္တသုစာရိန္ဒ**

ဘဒ္ဒန္တသုစာရိန္ဒသည် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကုန်းစဉ်ရွာ ခမည်းတော် ရွာသူကြီး - ဦးသူတော် + မယ်တော်-ဒေါ်ပိုးတို့မှ ၁၃၀၉-ခုနှစ်၊ ဝါဆိုလဆန်း(၁၀)ရက်၊ သောကြာနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။။

ဘဒ္ဒန္တသုစာရိန္ဒသည် ကုန်းစဉ်ရွာ ရာဇိန္ဒာရုံကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒောဘာသကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်+မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တသုစာရိန္ဒသည် ၁၃၂၉-ခုနှစ် ကဆုန်လပြည့်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ မြို့လယ်သာသနာ့ရိပ်သာ ခဏ္ဍသိမ်တော်ကြီး၌ မန္တလေးမြို့၊ ချမ်းသာကြီးတိုက် ရတနာဗိမာန်ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒမဉ္ဇူ (အဘိဓဇမဟာရဋ္ဌဂုရု)ကို ဥပဇ္ဈာယ်ပြု၍ မိုးကုတ်မြို့၊ ရှမ်းစုရပ် ဦးထွန်းရှိန်+ဒေါ်သိန်းမိတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တသုစာရိန္ဒသည် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကုန်းစဉ်ရွာ၊ ရာဇိန္ဒာရုံကျောင်း၊ လေးပင်ကျောင်း၊ ပခုက္ကူမြို့ မဟာဝိသုတာရာတိုက်၊ မန္တလေးမြို့၊ မိုးကောင်းတိုက် ဒေးဝန်းကျောင်း၊ ဝါးတန်းစာချကျောင်း၊ ဇယဝတီကျောင်းတို့၌ ပညာဆည်းပူးခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့၊ ဝိနယပါဠိပါရဂူဘွဲ့၊ ဒီဃဘာဏကဘွဲ့များကို ရရှိခဲ့သည်။

ဘဒ္ဒန္တသုစာရိန္ဒသည် ကလေးမြို့နယ် ဆည်တော်ဦးရွာကျောင်း၊ ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ကံဦးကျောင်းတို့၌ ပရိယတ္တိစာပေများကိုပို့ချခဲ့ပြီး မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ ပါမောက္ခချုပ်တာဝန်၊ အဘိဓမ္မပိဋကမဟာဌာန၊ ပါမောက္ခ/ဌာနမှူးတာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။

ဘဒ္ဒန္တသုစာရိန္ဒသည် ယခုအခါ မန္တလေးတိုင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပဏ္ဍိတာရာမကျောင်းတိုက်၌ ပဓာနနာယကဆရာတော်အဖြစ် သီတင်းသုံးလျက် သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

## ပါမောက္ခချုပ်ဆရာတော်

## ဒေါက်တာဘဒ္ဒန္တ ပဏ္ဍိတဝရာဘိဝံသ

ဒေါက်တာဘဒ္ဒန္တပဏ္ဍိတာဝရာဘိဝံသသည် မန္တလေးတိုင်းဒေသကြီး၊ နွာထိုးကြီးမြို့နယ်၊ ပြင်စည်ကျေးရွာ၌ အဖ-ဦးခင်မောင် အမိ-ဒေါ်နုတို့မှ ၁၃၀၆-ခုနှစ်၊ ဝါခေါင်လဆုတ်(၇)ရက်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တပဏ္ဍိတာဝရာဘိဝံသသည် မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ပြင်စည်စံပြကျေးရွာ၊ မန္တလေးကျောင်းတိုက် ရွှေမုဋ္ဌောကျောင်းဆရာတော် ဘဒ္ဒန္တတေဇနိယ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ နွားထိုးကြီး မြို့နယ်၊ ပြင်စည်စံပြကျေးရွာ ဦးခင်မောင်+ဒေါ်နုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တပဏ္ဍိတာဝရာဘိဝံသသည် ၁၃၂၅-ခုနှစ်၊ နတ်တော်လပြည့်ကျော် (၈)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက်(၁၀) နာရီ၊ (၂၅)မိနစ်အချိန်၌ မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ပြင်စည်စံပြကျေးရွာ၊ ရွှေမုဋ္ဌောကျောင်း၊ ခဏ္ဍသိမ်၌ မန္တလေးတိုင်း၊ ရွှေပြည်ရပ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတေဇနိယ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ပြင်စည်စံပြကျေးရွာ၊ ဦးခင်မောင်+ဒေါ်နု မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ပြင်စည်စံပြကျေးရွာ၊ ရွှေမုဋ္ဌောကျောင်းတိုက်၊ တောင်ကြီးမြို့ ကန်ဦးကျောင်း၊ ထားဝယ်ရွှေဘုန်းပွင့် ကျောင်းတိုက်၊ ပဲခူးမြို့၊ ကြခတ်ဝိုင်းကျောင်းတိုက်၊ သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မာဂဓတက္ကသိုလ်တို့၌ ပညာဆည်းပူးခဲ့ပြီး မန္တလေးသင်္ကျသီဟစာမေးပွဲ၊ ရန်ကုန်စေတီယင်္ဂဏစာမေးပွဲ၊ အစိုးရဓမ္မာစရိယစာမေးပွဲ၊ L.L.B ရန်ကုန်တက္ကသိုလ်၊ M.A သီရိလင်္ကာနိုင်ငံ၊ Ph.D အိန္ဒိယနိုင်ငံ၊မာဂဓတက္ကသိုလ် စာမေးပွဲများကို အောင်မြင်ခဲ့ပြီး သ-စ-အ သိရီပဝရဓမ္မာစရိယဘွဲ့၊ သာသနကိုရဓမ္မာစရိယဘွဲ့၊ L.L.B, M.A, Ph.D အဂ္ဂမဟာပဏ္ဍိတဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တပဏ္ဍိတာဝရာဘိဝံသသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) အဘိဓမ္မပိဋက ဌာနာဌာန၌ ပါမောက္ခတာဝန်ကို ၁၃၄၈-ခုနှစ်မှ ၁၃၄၉-ခုနှစ်အထိထမ်းဆောင်ခဲ့ပြီး ပါမောက္ခချုပ်တာဝန်ကို (၄-၈-၂၀၀၆) နေ့မှစ၍ ထမ်းဆောင်လျက်ရှိသည်။ ယင်းတာဝန်များကို ထမ်းဆောင်ရင်း မြို့နယ်မှ နိုင်ငံတော်အထိ ဩဝါဒစာရိယ မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ် ပြင်ပစာသင်ဆရာ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာပြုတက္ကသိုလ် ပြင်ပစာသင်ဆရာ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ မော်ကွန်းထိန်း၊ ဒုတိယပါမောက္ခချုပ်၊ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနဓမ္မာစရိယ ပညာရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပထမပြန် တိုင်းပုစ္ဆကအဖွဲ့ဝင်အဖြစ်ထမ်းဆောင်ခြင်းဖြင့် သာသနာတော်အတွက် ဆောင်ရွက်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

## ဒုတိယပါမောက္ခချုပ်ဆရာတော်

## ဘဒ္ဒန္တစန္ဒရ

ဘဒ္ဒန္တစန္ဒရသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ မရိုးတောတောင်ရွာ အဖ ဦးပု + အမိ ဒေါ်ဝဲတို့မှ ၁၂၉၆-ခုနှစ်၊ ကဆုန်လဆန်း(၁၂)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

ဘဒ္ဒန္တစန္ဒရသည် မရိုးတောတောင်ကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တစန္ဒရသည် ၁၃၁၆-ခုနှစ်၊ တန်ခူးလဆန်း (၈)ရက်နေ့တွင် မရိုးတောတောင်ကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ခဝဲကျင်းရွာနေ ဦးထွန်းကြွယ်+ ဒေါ်သင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တစန္ဒရသည် မုံရွာမြို့နယ်၊ မရိုးတောရွာတောင်၊ ထီးတော်တင်ကျောင်း၊ မုံရွာမြို့၊ မဏိရတနာပုံကျောင်းတိုက်၊ မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက်တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရ ငယ်၊ လတ်၊ ကြီး၊ သာသနဓဇဓမ္မာစရိယတန်းနှင့် B.A. (Myanmar) စာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနဓဇဓမ္မာစရိယ(၁၃၂၀)၊ B.A. (Myanmar) ဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တစန္ဒရသည် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းတွင် ဗဟိုဝန်ဆောင်ဆရာတော်(၁၃၄၇)၊ ရန်ကုန်တိုင်းကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ကျောင်းအုပ်(၁၃၄၈)၊ (၁၃၅၀)နှင့် (၁၃၅၁)ခုနှစ်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခချုပ်ပူးတွဲ ထမ်းဆောင်၍ ဒုတိယပါမောက္ခချုပ်အဖြစ်မှ အနားယူ၍ မုံရွာမြို့၊ မဏိရတနာပုံကျောင်းတိုက်ကြီး၏ ဦးစီးနာယကတာဝန်ကို ထမ်းဆောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

## ဒုတိယပါမောက္ခချုပ်ဆရာတော်

## ဘဒ္ဒန္တဂုဏာလင်္ကာရ

ဘဒ္ဒန္တဂုဏာလင်္ကာရသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ဆည်ကုန်းကျေးရွာ၌ အဖ - ဦးစံဘ+ အမိ-ဒေါ်နီမတို့မှ ၁၃၀၀-ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၃)ရက်၊ တနင်္လာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်သည်။

ဘဒ္ဒန္တဂုဏာလင်္ကာရသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ လွှဲတဲရွာ၊ ရတနာဘုံသာကျောင်း ဆရာတော်ဘဒ္ဒန္တအာသဘ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ဆည်ကုန်းရွာ၊ ဦးစံဘ+ဒေါ်နီမတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တဂုဏာလင်္ကာရသည် ၁၃၂၀-ခုနှစ်၊ တပေါင်းလဆန်း (၁၅) ရက်၊ တနင်္လာနေ့၊ နံနက် (၈) နာရီ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ကဠနမဟီရပ်ကွက်၊ မြေနီကျင်းကျောင်း၊ ခဏ္ဍသိမ်၌ မန္တလေးမြို့၊ ငွေတောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ကဠနမဟီရပ်ကွက်၊ ဦးထွန်းဝင်း+ဒေါ်တင်မိ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘုတလင်မြို့နယ်၊ လွှဲတဲရွာ၊ ရတနာဘုံသာကျောင်း၊ ဆည်ဝရွာ၊ ဆည်ဝကျောင်း၊ မန္တလေးမြို့၊ ငွေတောင်တိုက်၊ သာသနာ့မာမကအုတ်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်၊ သံတော်ဆင့်ကျောင်း၊ တောင်ထီးလင်းတိုက်တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ သုသမာစာရ(ငယ်) မော်လမြိုင်၊ စေတီယင်္ဂဏ အသင်တန်း၊ သာသနဓဇဓမ္မာစရိယ၊ အခြေခံပညာအထက်တန်း၊ (L,L,B) ဥပဒေဘွဲ့စာမေးပွဲများကို အောင်မြင်ခဲ့ပြီး အစိုးရဓမ္မာစရိယ၊ ဥပဒေဘွဲ့၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့များကို ရရှိခဲ့သည်။

ဘဒ္ဒန္တဂုဏာလင်္ကာရသည် (၃-၇-၈၆)နေ့တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်တိုက်ဌာန၌ ပိဋကတ်တိုက်ဌာနမှူးတာဝန်ကိုလည်းကောင်း၊ (၃-၇-၉၁ မှ ၁၇-၇-၉၆)အထိ ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၌ ဌာနမှူးတာဝန်ကိုလည်းကောင်း၊ (၂၀-၁၀-၉၄)နေ့မှ ၂၀၀၀ ပြည့်နှစ် မေလ အထိ ဒုတိယပါမောက္ခချုပ်တာဝန်တို့ကိုလည်းကောင်း ထမ်းဆောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

## ဒုတိယပါမောက္ခချုပ်ဆရာတော်

## ဘဒ္ဒန္တဉာဏာလင်္ကာရာဘိဝံသ

ဘဒ္ဒန္တဉာဏာလင်္ကာရာဘိဝံသသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ဆည်ဝရွာ၌ အဖ-ဦးမင်း+အမိ-ဒေါ်သန်းစိန်တို့မှ ၁၃၁၂-ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၁၄)ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်သည်။

ဘဒ္ဒန္တဉာဏာလင်္ကာရာဘိဝံသသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ဆည်ဝရွာ၊ ဆည်ဝကျောင်းဆရာတော် ဘဒ္ဒန္တဇာဂရ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ဆည်ဝရွာ၊ ဦးမင်း+ဒေါ်သန်းစိန်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တဉာဏာလင်္ကာရာဘိဝံသသည် ၁၃၃၂-ခုနှစ်၊ တန်ခူးလဆန်း (၁၅)ရက်၊ အင်္ဂါနေ့ မွန်းလွဲ(၁)နာရီအချိန်၌ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ဆည်ကုန်းကျောင်းခဏ္ဍသိမ်၌ မန္တလေးတိုင်းဒေသကြီး၊ ငွေတောင်တိုက်၊ သာသနမာမကကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ညောင်ကန်ရွာ၊ ဒေါ်စံခ၊ ဒေါ်စံတင့်၊ ဒေါ်စံငွေ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တဉာဏာလင်္ကာရာဘိဝံသသည် ဘုတလင်မြို့နယ်၊ ဆည်ဝရွာ၊ ဆည်ဝကျောင်း၊ မန္တလေးမြို့၊ ငွေတောင်တိုက်၊ သာသနမာမကကျောင်း၊ ရန်ကုန်မြို့၊ မဟာဝိသုဒ္ဓါရုံတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ တိပိဋကကျောင်းတိုက်တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရအငယ်တန်း(ဒုတိယ)၊ အလတ်တန်း၊ အကြီးတန်း၊ ဓမ္မာစရိယတန်း၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ စေတိယင်္ဂဏစာသင်တန်း၊ စာချတန်း(ပထမ)၊ သက្យသီဟစာသင်တန်း(ပထမ)၊ စာချတန်း၊ နိကာယဇ္ဈောတကဝိနယဓရဓမ္မာစရိယ၊ တိပိဋကစရေွးချယ်စာမေးပွဲ၊ ဝိနယဓရ၊ ဝိနယကောဝိဒစာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနဓဇသိရီပဝရဓမ္မာစရိယ၊ စေတိယင်္ဂဏပရိယတ္တိဓမ္မာစရိယကထိက၊ ပရိယတ္တိသာသနဟိတ(သကျသီဟ)ဓမ္မာစရိယ၊ ဝိနယဓရ၊ ဝိနယကောဝိဒနှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တဉာဏာလင်္ကာရာဘိဝံသသည် ၁၃၃၃-ခုနှစ်မှ ၁၃၃၉-ခုနှစ်အထိ ရန်ကုန်၊ မဟာဝိသုဒ္ဓါရုံတိုက်၌လည်းကောင်း၊ ၁၃၄၀-ခုနှစ်မှ ၁၃၅၀-ခုနှစ်အထိ မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်၌လည်းကောင်း၊ ၁၃၅၁-ခုနှစ်မှစ၍ မန္တလေးမြို့၊ ငွေတောင်တိုက်၊ သာသနမာမကကျောင်းတွင်လည်းကောင်း ပထမပြန်စာမေးပွဲဆိုင်ရာကျမ်းစာများ၊ ဓမ္မာစရိယကျမ်းရင်းစာဝါများကို သင်ကြားပို့ချပေးခဲ့သည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၌ အဘိဓမ္မပိဋကမဟာဌာန၊ ကထိကတာဝန်၊ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ ပါမောက္ခ/ဌာနမှူးတာဝန်၊ သုတ္တန္တပိဋကမဟာဌာန၌ ပါမောက္ခ/ဌာနမှူးတာဝန်နှင့် ဒုတိယပါမောက္ခချုပ်တာဝန်များကို ယနေ့ထိထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
# (မန္တလေး)

# ဝိနယပိဋကမဟာဌာန၌

# တာဝန်ထမ်းဆောင်ပြီး/ထမ်းဆောင်ဆဲ

# ဆရာများ၏

# အတ္ထုပ္ပတ္တိအကျဉ်း



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

ဝိနယပိဋကမဟာဌာန

**ပါမောက္ခ/ဌာနမှူးဆရာတော်**

**ဘဒ္ဒန္တဝေပုလ္လာဘိဝံသ**

ဆရာတော်ဘဒ္ဒန္တဝေပုလ္လာဘိဝံသသည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ စံပေကျေးရွာ၊ ခမည်းတော် ဦးရွှေထင်း+မယ်တော် ဒေါ်လှတင်တို့မှ ကောဇာသက္ကရာဇ် ၁၃၀၃-ခုနှစ်၊ နယုန်လပြည့်ကျော်(၁၀)ရက်(၁၈-၆-၄၁) ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သောသားရတနာ ဖြစ်ပါသည်။

ဆရာတော်သည် ကောဇာသက္ကရာဇ် ၁၃၁၅-ခုနှစ် ဒုတိယဝါဆိုလဆန်း(၁၂)ရက်နေ့တွင် စံပေကျေးရွာ၊ ပုဗ္ဗာရုံကျောင်းဆရာတော် ဦးသုမနကို ဥပဇ္ဈာယ်ပြု၍ မိဘများ၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင် သာမဏေဘောင်သို့ ရောက်ရှိခဲ့ပါသည်။

ကောဇာသက္ကရာဇ် ၁၃၂၂-ခုနှစ်၊ နတ်တော်လပြည့်ကျော်(၇)ရက်၊ သောကြာနေ့ နံနက်(၉)နာရီ (၇)မိနစ် အချိန်တွင် ပခုက္ကူမြို့နယ်၊ ညောင်ပင်လှရွာ၊ ထန်းစုတောရကျောင်းဆရာတော် ဘဒ္ဒန္တဉာဏမထေရ်ကို ဥပဇ္ဈာယ်ပြု၍ ပခုက္ကူမြို့နယ်၊ စံပေကျေးရွာ၊ ဒေါ်ငွေနုမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်သည် စံပေကျေးရွာ၊ ပုဗ္ဗာရုံကျောင်းဆရာတော် ဦးသုမန၊ မန္တလေးမြို့၊ ငါးဆူတိုက်၊ ဘဒ္ဒန္တ သောဘိတ၊ အဘိဓမ္မမဟာရဋ္ဌဂုရု ဒေးဝန်းဆရာတော် ဘဒ္ဒန္တဇောတိကာဘိဝံသ၊ ချမ်းသာကြီးတိုက် ရတနာဗိမာန် ကျောင်းဆရာတော် ဘဒ္ဒန္တဇောတိကာဘိဝံသ၊ မစိုးရိမ်တိုက် အာဂမကျောင်းဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ၊ မြတောင်တိုက် သမ္မတကျောင်းဆရာတော် ဘဒ္ဒန္တကေလာသာဘိဝံသ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတ-စသော ဆရာတော်များထံ ပညာများ သင်ယူတော်မူခဲ့ပြီး အစိုးရအငယ်တန်း, အလတ်တန်း, အကြီးတန်း, စာချတန်းတို့ကိုအောင်မြင်ပြီး မန္တလေးမြို့ သက္ယသီဟစာမေးပွဲကို ပထမဂုဏ်ထူး ဖြင့်လည်းကောင်း၊ ရန်ကုန်မြို့ စေတိယင်္ဂဏစာမေးပွဲကိုလည်း ပထမဂုဏ်ထူးဖြင့်လည်းကောင်း အောင်မြင်ခဲ့ကာ သာသနဓဇဓမ္မာစရိယဘွဲ့, စေတိယင်္ဂဏပရိယတ္တိဓမ္မာစရိယ (အဘိဝံသ)ဘွဲ့, ပရိယတ္တိသာသနဟိတဓမ္မာစရိယ (အဘိဝံသ)ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဆရာတော်သည် ငါးဆူတိုက်၌ အငယ်, အလတ်, အကြီးတန်း, စာချတန်းဆိုင်ရာ စာဝါများပို့ချပြီး ပရိယတ္တိ အလုပ်ကို ကြိုးစားအားထုတ်တော်မူခဲ့ပါသည်၊ တက္ကသိုလ်ကြီးများ စတင်ဖွင့်လှစ်သော ၁၃၄၈-ခုနှစ်(၂၁-၈-၈၆)တွင် မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်၌ ဝိနယပိဋကမဟာဌာနတွင် ပါမောက္ခ/ဌာနမှူး အဖြစ်စတင် ဆောင်ရွက်တော်မူခဲ့ပါသည်။ ထို့ပြင် သံဃာ့အဖွဲ့အစည်းများတွင်လည်း ပထမအကြိမ်, ဒုတိယအကြိမ်, တတိယအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးများ၌ သမ္မုတိကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ ဝိနည်းဓိုရ်အဖြစ်လည်းကောင်း သာသနာရေးကိစ္စများကို ဆောင်ရွက်တော်မူခဲ့ပါသည်။

၁၃၅၃-ခုနှစ်၊ ဝါခေါင်လဆန်း(၂)ရက်နေ့တွင် ငါးဆူတိုက်၊ ဝါးခယ်မအုဋ္ဌ်ကျောင်းဆရာတော် အဖြစ်၊ ငါးဆူတိုက် ပဓာနနာယကအဖွဲ့ဝင်ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူရင်း ဘဝနတ်ထံ စံလွန်တော်မူပြီးဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

ဝိနယပိဋကမဟာဌာန

## ပါမောက္ခ/ဌာနမှူးဆရာတော်

## ဘဒ္ဒန္တမာမကာလင်္ကာရ

ဘဒ္ဒန္တမာမကာလင်္ကာရသည် မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ကုန်းသောင်ကျေးရွာ ခမည်းတော် ဦးထွန်း၊ မယ်တော် ဒေါ်ဖွားရင်တို့မှ ၁၃၁၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၆)ရက်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဆရာတော်သည် စလင်းမြို့နယ်၊ ကုန်းသောင်ကျေးရွာ၊ ကုန်းသောင်ကျောင်းဆရာတော် ဘဒ္ဒန္တဥသဘ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မယ်တော်ခမည်းတော်နှင့် နောင်တော်ဦးလှသန်းတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေဘောင်သို့ ရောက်ခဲ့ပါသည်။

ဆရာတော်သည် ၁၃၃၁-ခုနှစ်၊ တပို့တွဲလဆုတ်(၁၃)ရက်၊ သောကြာနေ့၊ နံနက် (၉း၀၇)နာရီအချိန်တွင် မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ အိုးဘိုရပ်ကွက်၊ တောင်ဖီလာကျောင်း ခဏ္ဍသိမ်၌ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒမာလာ(အဂ္ဂမဟာပဏ္ဍိတ)မထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရေနံချောင်းမြို့၊ တွင်းကုန်းဈေးရပ်၊ ဦးထွန်းကြိုင်+ဒေါ်လေးမြင့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်သည် စလင်းမြို့နယ်၊ ကုန်းသောင်ကျေးရွာ၊ ကုန်းသောင်ကျောင်း ဆရာတော်များဖြစ်ကြသော ဦးသီလဝန္တ၊ ဦးဥသဘ၊ ရေနံချောင်းမြို့၊ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဦးနန္ဒမာလာနှင့် ဆရာတော်များ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက် ဆရာတော် ဦးပညိန္ဒ၊ ဦးနေမိန္ဒ၊ ဦးသူရိယ၊ ဦးနေမိန္ဒ(တိပိဋကဓရ)၊ ဦးသောမ၊ ဦးကေလာသ၊ ဝါးခယ်မမြို့၊ ကံလှကျောင်း ဆရာတော် ဦးသံဝရတို့အထံတွင် ပညာများဆည်းပူးသင်ယူခဲ့ပြီး၊ အစိုးရငယ်၊ လတ်၊ ကြီး၊ စာချတန်း၊ ရေနံချောင်းမြို့ ရွှေတောင်ပါဠိ တက္ကသိုလ်ကျောင်းတိုက် ပထမပြန် စာမေးပွဲများ၊ တိပိဋကဓရစာမေးပွဲ၊ သထုံမြို့ပိဋကတ္တယပါရဂူစာမေးပွဲ၊ ရန်ကုန်နိကာယ် စာမေးပွဲများကို အောင်မြင်ကာ၊ သာသနဟိတသိရီလင်္ကာရဓမ္မာစရိယဘွဲ့၊ သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့၊ ဝိနယပါဠိပါရဂူဘွဲ့၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒဘွဲ့၊ ဥဘတောဝိဘင်္ဂရေဘွဲ့၊ ပရိယတ္တိသာသနဟိတ ဒီဃနိကာယဘာဏကဘွဲ့၊ နိကာယုဇ္ဈောတကဓမ္မဝိသာရဒဒီဃဘာဏကဘွဲ့၊ သာသနဇောတိပါလဓမ္မာစရိယဘွဲ့၊ သာသနဟိတဂဏာစရိယဘွဲ့၊ ပဉ္စနိကာယဏ္ဏဝပိဋကတ္တယပါရဂူဘွဲ့များကို ရရှိခဲ့ပါသည်။ ထို့ပြင် စာချဘွဲ့များဖြစ်သော မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တို့ကိုလည်း လက်ခံရရှိခဲ့ပါသည်။

ဆရာတော်သည် ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့၊ ကံလှကျောင်းတိုက်၌လည်းကောင်း၊ ရေနံချောင်းမြို့၊ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၌လည်းကောင်း ဂဏဝါစကတာဝန်၊ ၁၃၄၈-ခုနှစ်(၁၄-၇-၁၉၈၆) နေ့မှစ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဝိနယပိဋကမဟာဌာန၌ ကထိကတာဝန်၊ (၁၄-၇-၈၈)နေ့မှစ၍ (၂၀၀၀)-ခုနှစ်အထိ(၁၅)နှစ်တိုင်တိုင် ဝိနယပိဋကမဟာဌာန၌ ပါမောက္ခ/ဌာနမှူးတာဝန်ကို ဆောင်ရွက်ခဲ့ပါသည်။

ယခုအခါ ဆရာတော်သည် ရန်ကုန်မြို့ မြို့မကျောင်းလမ်း၊ ဒဂုံပရိယတ္တိစာသင်တိုက်၌ တိုက်အုပ်ဆရာတော် အဖြစ်ဖြင့် ပိဋကတ်စာပေများ ပို့ချကာ သာသနာတော်အတွက် ဆောင်ရွက်လျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ဝိနယပိဋကမဟာဌာန
**ပါမောက္ခ/ဌာနမှူးဆရာတော်**
**ဘဒ္ဒန္တအကံ့ရ**

ဘဒ္ဒန္တအကံ့ရသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ရွှေပန်းကျေးရွာ၊ အဖ ဦးကျော်ရှိန်+အမိ ဒေါ်ခင်သောင်း တို့မှ ၁၃၂၀ခုနှစ်၊ ကဆုန်လဆုတ်(၉)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဆရာတော်သည် မြောင်မြို့နယ်၊ ရွှေပန်းကျေးရွာ၊ ဥတ္တရာရာမကျောင်းဆရာတော် ဦးပညိန္ဒိယကို ဥပဇ္ဈာယ်ပြု၍ မယ်တော်+ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပါသည်။

ဆရာတော်သည် ၁၃၄၀ ခုနှစ်၊ ကဆုန်လဆန်း၊ (၃)ရက် အင်္ဂါနေ့ နံနက် (၈း၂၀)နာရီ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ပွဲကုန်းခဏ္ဍသိမ်၌ ဆရာတော်ဘဒ္ဒန္တစန္ဒောဘာသ(အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြု၍ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကန်အောက် ရပ်ကွက်၊ ဒေါ်နန်းမိုတစ်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်သည် မြောင်မြို့နယ် ရွှေပန်းကျေးရွာ ဥတ္တရာရာမကျောင်းဆရာတော် ဦးပညိန္ဒိယ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်၊ နာယက၊ ဂဏဝါစကဆရာတော်များ၊ မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ သင်ကြားစီမံဆရာတော်များနှင့် ပြင်ပပညာရှင်များထံတွင် ပရိယတ္တိပညာရပ်များကို ဆည်းပူးသင်ယူခဲ့ပါသည်။

ဆရာတော်သည် အစိုးရငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယစာမေးပွဲများ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ စာမေးပွဲများကိုအောင်မြင်၍ ၁၃၄၄-ခုနှစ်တွင် သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိခဲ့ပါသည်။ ၁၃၅၆-ခုနှစ်တွင် “ရဟန်းတော်များအတွက် အပြစ်အကြီးဆုံး ဥပဒေလေးရပ်”ဟူသောကျမ်းကို တင်သွင်း၍ သာသနတက္ကသီလ မဟာဓမ္မာစရိယ MA;(Buddhism)ဘွဲ့ကို ရရှိခဲ့ပါသည်။ ထို့ပြင် နိုင်ငံတော်အစိုးရက (၂၀၀၂)ခုနှစ်တွင် မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်ကိုလည်းကောင်း၊ (၂၀၁၀)ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်ကို လည်းကောင်း ဆက်ကပ်ခဲ့ပါသည်။

ဆရာတော်သည် ၁၃၄၄-မှ ၁၃၄၇-အထိ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်၌ ဂဏဝါစကစာချ တာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။ (၁၉၉၀-မှ-၁၉၉၆)အထိ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး) ဝိနယပိဋကမဟာဌာန၌ နည်းပြတာဝန်ကို ဆောင်ရွက်ခဲ့ပါသည်။ (၁၉၉၆-မှ-၂၀၀၁)အထိ ဝိနယပိဋကမဟာဌာန၌ ကထိကတာဝန်ကို ဆောင်ရွက်ခဲ့ပါသည်။ (၂၀၀၁)-ခုနှစ်မှစတင်၍ ယခု(၂၀၁၁)ခုနှစ်တိုင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) ဝိနယပိဋကမဟာဌာန၌ ပါမောက္ခ/ဌာနမှူးတာဝန်ကို ထမ်းဆောင်ကာ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွါးရေးအတွက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်တော်မူလျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com




နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ဝိနယပိဋကမဟာဌာန
**ကထိကဆရာတော်**
**ဘဒ္ဒန္တဇဋိလသာရ**

ဘဒ္ဒန္တဇဋိလသာရသည် မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ အုန်းပင်သာရွာ၊ အဖ ဦးဘိုးမှင်+အမိ ဒေါ်အေးတင် တို့မှ ၁၃၁၀-ခုနှစ်၊ ကဆုန်လဆန်း(၁၂)ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဆရာတော်သည် ပျော်ဘွယ်မြို့နယ်၊ လျှော်ဖြူကုန်းရွာ၊ လျှော်ဖြူကုန်းကျောင်းတွင်၊ ရွှေဂူကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တပညိန္ဒမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မိဘတို့၏ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

ဆရာတော်သည် ၁၃၂၉ ခုနှစ်၊ တပေါင်းလဆန်း(၈)ရက်၊ အင်္ဂါနေ့ နံနက် (၉း၁၀)နာရီအချိန်တွင် အမရပူရမြို့နယ်၊ စာတိုက်တန်းရပ်ကွက်၊ တူးမောင်းကျောင်းတိုက်၊ ခဏ္ဍသိမ်၌ တူးမောင်းကျောင်းတိုက်၊ နာယက ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ အမရပူရမြို့၊ မ-ဝ-တရုံး၊ မိဘများနှင့် ဦးသောင်းလှိုင်+ဒေါ်ကျင်စိန်-ဒေါ်သန်းထွေးမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ ပါသည်။

ဆရာတော်သည် လျှော်ဖြူကုန်းရွာ၊ ရွှေဂူဆရာတော်၊ ကံမြင့်တောရဆရာတော်၊ ဆင်ကျုံးတောရဆရာတော်၊ အမရပူရမြို့ တူးမောင်းတိုက်ဆရာတော်၊ မြောင်းမြဆရာတော်၊ မင်းကွန်းတိပိဋကဆရာတော်နှင့် နာယကဆရာတော် များအထံတွင် ပရိယတ္တိပညာများ သင်ယူခဲ့ပါသည်။

ဆရာတော်သည် အစိုးရ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ ဓမ္မာစရိယတန်း၊ တိပိဋကရေစာမေးပွဲ ဥဘတောဝိဘင်္ဂရေ၊ နိကာယဒွေဓာတကဓမ္မတ္ထဝိသာရဒဥဘတောဝိဘင်္ဂရေစာမေးပွဲများကို အောင်မြင်က သာသနဓဇဓမ္မာစရိယဘွဲ့နှင့် ဥဘတောဝိဘင်္ဂရေဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဆရာတော်သည် အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ ဓမ္မာစရိယတန်း စာဝါများကို(၁၀)နှစ်ကျော် ပို့ချခဲ့ပါသည်၊ အငယ်၊ အလတ်၊ အကြီးတန်း၊ စာချတန်း စာဖြေဌာနကြီးကြပ်ရေးအကျိုးဆောင်(၁)တာဝန်ကို ထမ်းဆောင်ခဲ့ပါသည်၊ ကျေးလက်သာသနာထွန်းကားရန် ဆောင်ရွက်ခြင်း၊ ဗုဒ္ဓယဉ်ကျေးမှု ဖွင့်လှစ်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

၂-၅-၈၈ နေ့တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဝိနယပိဋကမဟာဌာန၌ နည်းပြ တာဝန်ကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ၃-၂-၉၀ နေ့မှစ၍ ၈-၁၂-၉၁-နေ့အထိ ဝိနယပိဋကမဟာဌာန၌ ကထိကတာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။ ယခုအခါ ဘဝနတ်ထံ စံလွန်တော်မူပြီးဖြစ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ဝိနယပိဋကမဟာဌာန

**ကထိကဆရာတော်**

**ဘဒ္ဒန္တဝဏ္ဏိတ**

ဘဒ္ဒန္တဝဏ္ဏိတသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ကန်ရင်းကျေးရွာ၊ ခမည်းတော် ဦးထွန်းခ +မယ်တော် ဒေါ်စောတင်တို့မှ ၁၃၁၇-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၇)ရက် ဗုဒ္ဓဟူးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဆရာတော်သည် ကျောက်ပန်းတောင်းမြို့နယ်၊ လေးရွာကျောင်းဆရာတော် ဦးသုမင်္ဂလမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မိဘတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

ဆရာတော်သည် ၁၃၃၇-ခုနှစ် နယုန်လဆန်း(၂)ရက် အင်္ဂါနေ့ နံနက်(၈)နာရီအချိန်တွင် ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်ကွက်၊ လေးရွာကျောင်းတိုက်ခဏ္ဍသိမ်၌ ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်ကွက်၊ သုခဝတီကျောင်းဆရာတော် ဘဒ္ဒန္တစိန္တာမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်ကွက်၊ ဦးမောင်ကြီး+ဒေါ်ကြည်၊ ဒေါ်ငယ် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်သည် ကျောက်ပန်းတောင်းမြို့၊ လေးရွာကျောင်းဆရာတော် ဦးသုမင်္ဂလ၊ ဦးသဒ္ဒန၊ နတ်မောက်မြို့၊ ကျောက်ဆိတ်ပင်ကျောင်း ဆရာတော်များ၊ ရေနံချောင်း၊ ရွှေတောင်ကျောင်းတိုက် ဆရာတော်များ၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်သစ်ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်(မန္တလေး)မှ သင်ကြားစီမံဆရာတော်များ၊ ပြင်ပပညာရှင်ဆရာကြီးများ အထံတွင် ပညာများသင်ယူခဲ့ပါသည်။

ဆရာတော်သည် ကျောက်ပန်းတောင်းမြို့၊ ဓမ္မာနုဂ္ဂဟစာမေးပွဲများနှင့် အစိုးရအငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ သာသနဓဇဓမ္မာစရိယတန်းတို့ကို အောင်မြင်ခဲ့ကာ သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိခဲ့ပါသည်၊ ၁၃၅၆-ခုနှစ်တွင် "ကထိနက္ခန္ဓကကို အကျယ်လေ့လာခြင်း"ဟူသောအမည်ဖြင့် ကျမ်းတင်သွင်း၍ သာသန တက္ကသီလမဟာဓမ္မာစရိယတန်းကိုအောင်မြင်ကာ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့ကို ရရှိခဲ့ပါသည်။

ဆရာတော်သည် ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ စာဝါများပို့ချခဲ့ခြင်း တရားဓမ္မ ဟောကြားခြင်းတို့ဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့ပါသည်၊ (၁၅-၁၂-၉၂)နေ့တွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) ဝိနယပိဋကမဟာဌာန၌ နည်းပြတာဝန်ကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၇-ခုနှစ်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဝိနယပိဋကမဟာဌာန၌ ကထိကတာဝန်ကို တိုးမြှင့် ထမ်းဆောင်ခဲ့ပါသည်။

ယခုအခါ ကျောက်ပန်းတောင်းမြို့ လေးရွာကျောင်း၌ သာသနာ့တာဝန်ကို ထမ်းဆောင်ကာ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွါးရေးအတွက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ဝိနယပိဋကမဟာဌာန
**ကထိကဆရာတော်**
**ဘဒ္ဒန္တစိန္တက**

ဘဒ္ဒန္တစိန္တကသည် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ သမန်းကျေးရွာ၌ အဖ ဦးမြသိန်း+အမိ ဒေါ်လှမိုး တို့မှ ၁၃၂၁-ခုနှစ်၊ နတ်တော်လဆုတ်(၈)ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဆရာတော်သည် တံတားဦးမြို့နယ်၊ သမန်းကျေးရွာ၊ သမန်းတောင်ကျောင်းဆရာတော် ဘဒ္ဒန္တတိသ မဟာထေရ်ကိုဥပဇ္ဈာယ်ပြု၍ တံတားဦးမြို့နယ်၊ သမန်းကျေးရွာ ဦးသောင်းဟန်+ ဒေါ်ညိုစိန်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

ဆရာတော်သည် ၁၃၄၀-ခုနှစ်၊ တပေါင်းလဆန်း(၁၄)ရက်၊ နံနက်(၇း၄၀)နာရီအချိန်တွင် တံတားဦး မြို့နယ်၊ သမန်းကျေးရွာ၊ သမန်းတောင်ကျောင်း ခဏ္ဍသိမ်၌ သမန်းတောင်ကျောင်းဆရာတော် ဘဒ္ဒန္တတိသ မဟာထေရ်ကိုဥပဇ္ဈာယ်ပြု၍ မိဖတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်သည် သမန်းကျေးရွာ၊ သမန်းတောင်ကျောင်းဆရာတော် ဘဒ္ဒန္တတိသ၊ မန္တလေးမြို့၊ မစိုးရိမ် ကျောင်းတိုက် ပိဋကနယူပဒေသကျောင်းဆရာတော် ဦးကောဝိဒါဘိဝံသနှင့် မစိုးရိမ်တိုက် နာယကဆရာတော် များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ သင်ကြားစီမံဆရာတော်များနှင့် ပြင်ပပညာရှင်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ သင်ကြားစီမံဆရာတော်များနှင့် ပြင်ပပညာရှင်များအထံတွင် ပညာများ ဆည်းပူးခဲ့ပါသည်။

ဆရာတော်သည် အစိုးရ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း ဓမ္မာစရိယတန်းများနှင့် သာသန တက္ကသိုလမဟာဓမ္မာစရိယတန်းတို့ကို အောင်မြင်ခဲ့ကာ ၁၃၄၈-ခုနှစ်တွင် သာသနဓဇဓမ္မာစရိယဘွဲ့ကိုလည်း ကောင်း၊ ၁၃၅၈-(၁၉၉၇)ခုနှစ်တွင် "ဝီရိယစေတသိက်ကို လေ့လာခြင်း"ဟူသောအမည်ဖြင့် ကျမ်းကိုရေးသား တင်သွင်း၍ သာသနတက္ကသိုလမဟာဓမ္မာစရိယ(M.A; Bhuddhism)ဘွဲ့ကိုလည်းကောင်း ရရှိခဲ့ပါသည်။

ဆရာတော်သည်(၁၉၉၆-မှ-၂၀၀၁)အထိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ဝိနယပိဋကမဟာဌာန၌ နည်းပြတာဝန်ကို ဆောင်ရွက်ခဲ့ပါသည်။ (၂၀၀၁-မှ-၂၀၀၅ )အထိ ဝိနယပိဋကမဟာဌာန၌ ကထိကတာဝန်ကို ဆောင်ရွက်ခဲ့ပါသည်။

ယခုအခါ မန္တလေးမြို့၊ စိန်ပန်းရပ်၊ ယဉ်ပုံပရိယတ္တိစာသင်တိုက်၌ နာယကစာချ တာဝန်ကိုထမ်းဆောင်ကာ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွါးရေးအတွက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်တော်မူလျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ဝိနယပိဋကမဟာဌာန

## ကထိကဆရာတော်
## ဘဒ္ဒန္တဇောတိက

ဘဒ္ဒန္တဇောတိကသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ တံခါးကြီးရွာ၊ အဖ ဦးမောင်ညို+အမိ ဒေါ်ခင်ပိုတို့မှ ၁၃၂၉-ခုနှစ်၊ ဝါဆိုလဆန်း(၁)ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တဇောတိကသည် ကျောက်ပန်းတောင်းမြို့နယ်၊ တံခါးကြီးရွာ၊ တံခါးကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇနိယ မဟာထေရ်ကိုဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တဇောတိကသည် ၁၃၄၉-ခုနှစ်၊ နတ္တော်လဆန်း(၈)ရက် နံနက်(၈း၄၀)နာရီအချိန်တွင် ကျောက်ပန်းတောင်းမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ စိတ္တပါလဂူကျောင်းတိုက်ခဏ္ဍသိမ်၌ စိတ္တပါလ ဂူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဇာတမဟာထေရ်ကိုဥပဇ္ဈာယ်ပြု၍ ကျောက်ပန်းတောင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက် ဦးစိန်သောင်း+ဒေါ်စန်းမြင့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တဇောတိကသည် ကျောက်ပန်းတောင်းမြို့၊ တံခါးကြီးရွာ၊ တံခါးကြီးကျောင်းဆရာတော် ဦးတေဇနိယ၊ ဆရာတော် ဦးကုသလ၊ ဆရာတော်ဦးကုမာရတို့အထံတွင်လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့၊ စိတ္တပါလဂူကျောင်း စာသင်တိုက်၊ ဆရာတော်ဦးသုဇာတ၊ ဆရာတော်ဦးလာဘ-စသော နာယကဆရာတော်များအထံတွင်လည်းကောင်း၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်ဆရာတော် ဦးသီရိန္ဒာဘိဝံသ၊ ဦးရာဇဓမ္မာဘိဝံသ၊ ဦးဝါသေဋ္ဌာဘိဝံသ၊ ဦးကေသရာဘိဝံသ၊ ဦးဝိလာသာဘိဝံသတို့အထံတွင်လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) သင်ကြားစီမံဆရာတော်များနှင့် ပြင်ပလူပညာရှင်ကြီးများအထံတွင်လည်းကောင်း ပညာများဆည်းပူးသင်ယူခဲ့ပါသည်။

ဘဒ္ဒန္တဇောတိကသည် အစိုးရ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်းနှင့် သာသနတက္ကသီလ ဓမ္မာစရိယတန်း၊ သာသနတက္ကသီလမဟာဓမ္မာစရိယတန်းများကို အောင်မြင်ခဲ့ပြီး ၁၃၅၆-ခုနှစ်တွင် သာသနတက္ကသီလဓမ္မာစရိယ(B.A.; Buddhism)ဘွဲ့နှင့် ၁၃၆၄-ခုနှစ်တွင် “ရဟန်းတို့၏ သပိတ်နှင့်ထီးဖိနပ်အကြောင်း လေ့လာချက်”ဟူသော ကျမ်းကိုတင်သွင်း၍ သာသနတက္ကသီလမဟာဓမ္မာစရိယ(M.A.; Buddhism)ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တဇောတိကသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဝိနယပိဋကမဟာဌာန၌ နည်းပြတာဝန်ကို (၉-၇-၂၀၀၀)နေ့တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ ( ၁-၇-၂၀၀၅)နေ့တွင် ဝိနယပိဋကမဟာဌာန၌ ကထိကတာဝန်ကို စတင်ဆောင်ရွက်ခဲ့ပါသည်။

ယခုအခါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဝိနယပိဋကမဟာဌာန၌ ကထိကတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ဝိနယပိဋကမဟာဌာန
**ကထိကဆရာတော်**
**ဘဒ္ဒန္တဉာဏိဿရ**

ဘဒ္ဒန္တဉာဏိဿရသည် မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးမြို့နယ်၊ ကူရွာ၌ အဖ ဦးသာတင်+အမိ ဒေါ်ဝိုင်းချိုတို့မှ ၁၃၃၀-ခုနှစ်၊ သီတင်းကျွတ်လဆုတ်(၂)ရက် အင်္ဂါနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တဉာဏိဿရသည် သက်တော်(၁၃)နှစ်အရွယ်တွင် ပုဂံ-ညောင်ဦးမြို့နယ်၊ ကူရွာ၊ ရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တသီလဝံသ(သီရိပဝရဓမ္မာစရိယ) မဟာထေရ်ကိုဥပဇ္ဈာယ်ပြု၍ မိဘများ၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအောင်သို့ ဝင်ရောက်ခဲ့ပါသည်၊

ဘဒ္ဒန္တဉာဏိဿရသည် ၁၃၄၉-ခု၊ တပို့တွဲလဆုတ်(၁၄)ရက်၊ နေ့လည် (၁း၃၀)နာရီအချိန်၌ ပုဂံ-ညောင်ဦးမြို့နယ်၊ ကူရွာ-ရွာဦးကျောင်း၊ ပုဗ္ဗာရုံကျောင်းတိုက် ခဏ္ဍသိမ်၌ မန္တလေးတိုင်း၊ ပုဗ္ဗာရုံကျောင်း ဆရာတော် ဘဒ္ဒန္တသီလဝံသ(သီရိပဝရဓမ္မာစရိယ) မဟာထေရ်ကိုဥပဇ္ဈာယ်ပြု၍ မိဘများ၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်၊

ဘဒ္ဒန္တဉာဏိဿရသည် ပုဂံ-ညောင်ဦးမြို့နယ်၊ ကူရွာ၊ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တသီလဝံသ (သီရိပဝရဓမ္မာစရိယ)၊ ချောက်ကန်ရွာ၊ ကမ္ဘာကြီးတောရကျောင်းဆရာတော် ဘဒ္ဒန္တသုမင်္ဂလ(သီရိပဝရဓမ္မာစရိယ)၊ တောင်ဘရွာ၊ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တဉာဏ(သာသနဓဇဓမ္မာစရိယ) ကျောက်ဆည်မြို့၊ မင်းကုန်း စာသင်တိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇနိတာဘိဝံသ(သ·စ·အ ဓမ္မာစရိယ)၊ ဘဒ္ဒန္တဓမ္မပါလာဘိဝံသ (သ·စ·အ ဓမ္မာစရိယ)၊ မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်မှ သင်ကြားစီမံဆရာတော်များနှင့် ပြင်ပလူပညာရှိ ဆရာကြီးများအထံတွင် ပညာများကို ဆည်းပူးလေ့လာ သင်ယူခဲ့ပါသည်။

ဘဒ္ဒန္တဉာဏိဿရသည် အစိုးရပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ ဓမ္မာစရိယတန်း၊ သာသနတက္ကသီလဓမ္မာစရိယတန်း၊ သာသနတက္ကသီလမဟာဓမ္မာစရိယတန်း၊ ကျောက်ဆည်မြို့နယ်လုံးဆိုင်ရာ ဝိနည်းစာမေးပွဲ၌ မူလအဆင့်၊ ပထမအဆင့်မှစ၍ နဝမအဆင့်အထိ အောင်မြင်ခဲ့ကာ ကျောက်ဆည်မြို့၊ ဝိနယ-ဓမ္မာစရိယဘွဲ့၊ ဝိနယဓဇမဟာဓမ္မာစရိယဘွဲ့၊ ၁၃၆၃-ခုနှစ်တွင် သာသနဓဇဓမ္မာစရိယဘွဲ့၊ ၁၃၅၇-ခုနှစ်တွင် သာသနတက္ကသီလဓမ္မာစရိယ(B.A.; Buddhism)ဘွဲ့၊ ၁၃၆၅-ခုနှစ်တွင် "ဗုဒ္ဓစာပေလောဘိကန္တဝေါဟာရကို လေ့လာခြင်း" ဟူသော ကျမ်းစာကိုရေးသားကာ သာသနတက္ကသီလမဟာဓမ္မာစရိယ(M.A.; Buddhism)ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တဉာဏိဿရသည် (၁-၁၁-၂၀၀၁)နေ့မှစ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဝိနယပိဋကမဟာဌာန၌ နည်းပြတာဝန်၊ (၁၁-၃-၂၀၀၇)မှစ၍ ဝိနယပိဋကမဟာဌာန၌ ကထိကတာဝန်တို့ကို ထမ်းဆောင်ခဲ့ပါသည်။ ထို့ပြင် ကျောက်ဆည်မြို့၊ မင်းကုန်းမဟာစာသင်တိုက်၌ ဂဏဝါစကစာချတာဝန်၊ ဆောင်ရွက်ခဲ့ပြီး ယခုအခါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဝိနယပိဋကမဟာဌာန၌ ကထိက တာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ဝိနယပိဋကမဟာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တပညာဇောတ**

ဆရာတော်ဘဒ္ဒန္တပညာဇောတသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ဇလုပ်ကျေးရွာ၊ ခမည်းတော် ဦးမောင်+ မယ်တော် ဒေါ်တိုင်းအုံတို့မှ ကောဇာသက္ကရာဇ် ၁၃၀၂-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁)ရက်နေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဆရာတော်ဘဒ္ဒန္တပညာဇောတသည် ဇလုပ်ကျေးရွာ၊ ယောကြီးကျောင်းဆရာတော် ဦးပဝရကို ဥပဇ္ဈာယ်ပြု၍ မယ်တော်ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေဘောင်သို့ ရောက်ရှိခဲ့ပါသည်။

ကောဇာသက္ကရာဇ် ၁၃၂၁-ခုနှစ်၊ တပေါင်းလဆန်း(၁၀)ရက်နေ့တွင် ချောင်းဦးမြို့၊ ဓမ္မာရုံတိုက်ဆရာတော် ဘဒ္ဒန္တမာနိတမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မုံရွာမြို့နယ်၊ ဇလုပ်ကျေးရွာ၊ ဦးချဲ+ဒေါ်ရွှေစုမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်ဘဒ္ဒန္တပညာဇောတသည် ဇလုပ်ကျေးရွာ၊ သုဓမ္မာကျောင်းဆရာတော် ဦးပဏ္ဍိတ၊ ချောင်းဦးမြို့၊ ဓမ္မာရုံတိုက်ဆရာတော် ဘဒ္ဒန္တမာနိတ(အဂ္ဂမဟာပဏ္ဍိတ) ဦးပဏ္ဍဝ, ဦးဝရသာမိ-စသောဆရာတော်များ၊ မန္တလေးမြို့၊ ချမ်းသာကြီးမြောက်တိုက်ဆရာတော် ဘဒ္ဒန္တမာဃိန္ဒ၊ မိုးကောင်းတိုက်၊ ဝါးတန်းစာချကျောင်းဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ၊ မစိုးရိမ်တိုက်ဆရာတော် ဘဒ္ဒန္တကောဝိဒါဘိဝံသ-စသော ဆရာတော်တို့အထံတွင် ပရိယတ္တိစာပေပညာရပ်များကို ဆည်းပူးသင်ယူခဲ့ပါသည်။

ဆရာတော်ဘဒ္ဒန္တပညာဇောတသည် အစိုးရအငယ်တန်း, အလတ်တန်း, အကြီးတန်း, ၁၉၇၂-ခုနှစ်တွင် (၁၀)တန်း၊ စာချတန်းတို့ကို အောင်မြင်တော်မူကာ ၁၃၂၉-ခုနှစ်တွင် သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိခဲ့ပါသည်။

ဆရာတော်ဘဒ္ဒန္တပညာဇောတသည် မဟာအောင်မြေမြို့နယ်၊ မြင်းဝန်မင်းကြီးတိုက်၊ ဖိုးစိန်ကျောင်း၌ အငယ်, အလတ်, အကြီးတန်း, စာချတန်းဆိုင်ရာ စာဝါများပို့ချခဲ့ပြီး၊ တက္ကသိုလ်ကြီးများ စတင်ဖွင့်လှစ်သော ၁၉၈၆-နှစ်တွင် မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်၊ ဝိနယပိဋကမဟာဌာနတွင် နည်းပြအဖြစ် စတင်ဆောင်ရွက်တော်မူခဲ့ပါသည်။ ထို့ပြင် သံဃာ့အဖွဲ့အစည်းများတွင်လည်း မန္တလေးမြို့ တိုင်းသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ ဝိနည်းမိုရ်အဖြစ်လည်းကောင်း သာသနာရေးကိစ္စများကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ယခုအခါ မြင်းဝန်မင်းကြီးတိုက်၊ ဖိုးစိန်ကျောင်း၌ ပဓာနနာယကဆရာတော်အဖြစ်သီတင်းသုံးကာ ပရိယတ္တိတာဝန်၊ သံဃာ့ကိစ္စတာဝန်များကို ထမ်းဆောင်တော်မူရင်း ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး အဓွန့်ရှည်ကြာတည်ပါစေခြင်းအကျိုးငှာ သာသနာပြုလျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ဝိနယပိဋကမဟာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တမေဃိယ**

ဘဒ္ဒန္တမေဃိယသည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ဆည်အောင်ကျေးရွာ၌ အဘ ဦးမောင်ကြီး + အမိ ဒေါ်အုန်းစိန်တို့မှ ၁၃၂၉-ခုနှစ်၊ တန်ခူးလဆန်း(၄)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

အသက်(၁၁)နှစ်အရွယ်တွင် မိဘများက အပ်နှံသဖြင့် ဖော်ပြပါဆရာတော်တို့ထံတွင် အခြေခံပညာများ ကို သင်ကြားခဲ့သည်။ ဆရာတော် ဦးဇဝန၊ ကျေးရွာကျောင်း၊ ဘဒ္ဒန္တကောဏ္ဍည(သာသနဓဇဓမ္မာစရိယ)၊ ဘဒ္ဒန္တ ဝိမလစသော မဟာဂန္ဓာရုံဆရာတော်များ။

အသက်(၁၀)နှစ်အရွယ်တွင် မိတ္ထီလာမြို့နယ်၊ ဆည်အောင်ကျေးရွာကျောင်းဆရာတော် ဘဒ္ဒန္တဇဝန မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

၁၃၅၀-ခုနှစ်၊ ကဆုန်လပြည့်ကျော်(၈)ရက်၊ စနေနေ့ နံနက်(၉)နာရီ (၂၅)မိနစ်အချိန်တွင် မိတ္ထီလာမြို့နယ်၊ ဆိုင်းတန်းရပ်ကွက်၊ ရေလည်ကျောင်းခဏ္ဍသိမ်၌ မန္တလေးတိုင်းဒေသကြီး၊ ဆုတောင်းပြည့်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုန္ဒရမဟာထေရ်ကို ဥပဇ္ဈာယ်ပြုလျက် မိတ္ထီလာမြို့နယ်၊ ဆိုင်းတန်းရပ်ကွက်၊ ဦးချစ်ထွန်း+ဒေါ်ရွှေကြည် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တမေဃိယသည် ရှင်ရဟန်းဖြစ်ပြီးနောက် အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော်များနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ သင်ကြားစီမံဆရာတော်များနှင့် ပြင်ပပညာရှင် ဆရာကြီးများ ထံတွင် ဆက်လက်ပညာသင်ကြားပြီး အစိုးရ ငယ်၊ လတ်၊ ကြီး စာမေးပွဲများနှင့် သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယတန်း စာမေးပွဲများကို အောင်မြင်ခဲ့သည်။

အရှင်မေဃိယသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဝိနယပိဋကမဟာဌာန၌ နည်းပြ တာဝန်ကို ၉-၇-၂၀၀၀ ခုနှစ်မှစ၍ ထမ်းဆောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

ဝိနယပိဋကမဟာဌာန

**နည်းပြဆရာတော်**

**ဘဒ္ဒန္တကောဝိဒ**

ဘဒ္ဒန္တကောဝိဒသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ဝွေးပင်တောရွာ၊ အဖ ဦးသာအောင် + အမိ ဒေါ်အေးပြေ တို့မှ ၁၃၂၇-ခု၊ တန်ဆောင်မုန်းလဆုတ်(၁၄)ရက်၊ တနင်္လာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တကောဝိဒသည် ၁၃၃၉-ခုနှစ် ကဆုန်လဆန်း(၅)ရက်တွင် မယ်တော်ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ချောင်းဦးမြို့နယ် နတ်ရေကန်ကျေးရွာ ရိပ်သာကျောင်းတိုက် ဘဒ္ဒန္တပဏ္ဍိတ(ကမ္မဋ္ဌာနာစရိယ)ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဘောင်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တကောဝိဒသည် ၁၃၄၇-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၁၅)ရက်၊ ကြာသပတေးနေ့၊ နံနက် (၈း၃၅) နာရီအချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက် ပွဲကုန်းခဏ္ဍသိမ်၌၊ မဟာဂန္ဓာရုံ ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တစန္ဒောဘာသ(အဂ္ဂမဟာပဏ္ဍိတ)မထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ အနော်ရထာရပ်ကွက်၊ ဦးစိုးဝင်း+ဒေါ်စောခင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟ ကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တကောဝိဒသည် ချောင်းဦးမြို့နယ်၊ နတ်ရေကန်ရွာ၊ ရိပ်သာဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ နာယက၊ ဂဏဝါစကဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)မှ သင်ကြားစီမံဆရာတော်များနှင့် ပြင်ပလူဆရာကြီးများထံတွင် ပရိယတ္တိစာပေပညာရပ်များကို သင်ယူခဲ့ပါသည်။

ဘဒ္ဒန္တကောဝိဒသည် အစိုးရအငယ်တန်း၊ အလတ်တန်း၊ အကြီးတန်းနှင့် သာသနတက္ကသီလဓမ္မာစရိယ (B.A.; Buddhism)တန်း၊ သာသနတက္ကသီလမဟာဓမ္မာစရိယ(M.A.; Buddhism)တန်း စာမေးပွဲတို့ကို အောင်မြင်ခဲ့ကာ ၁၃၅၇-(၁၉၉၅)-ခုနှစ်တွင် သာသနတက္ကသီလဓမ္မာစရိယ(B.A.; Buddhism) ဘွဲ့ကို ရရှိခဲ့ပါသည်၊ ၁၃၆၆-(၂၀၀၄)-ခုနှစ်တွင် "သံဃိကပုဂ္ဂလိကဆိုင်ရာလေ့လာချက်" ဟူသော ကျမ်းကိုရေးသားကာ သာသနတက္ကသီလမဟာဓမ္မာစရိယ(M.A.; Buddhism)ဘွဲ့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တကောဝိဒသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဝိနယပိဋကမဟာဌာန၌ နည်းပြတာဝန်ကို(၃၀-၉-၂၀၀၂)နေ့တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။

ယခုအခါ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဝိနယပိဋကမဟာဌာန၌ နည်းပြတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ဝိနယပိဋကမဟာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တကုဏ္ဍာစာရ(ထီးချိုင့်)**

ဘဒ္ဒန္တကုဏ္ဍာစာရသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ကန်ပေါက်ရွာ၊ အဖ ဦးကျော်ရွှေ+အမိဒေါ်စိန်မှီတို့မှ ၁၃၃၇-ခု၊ ကဆုန်လဆုတ်(၁၅)ရက် တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တကုဏ္ဍာစာရသည် ထီးချိုင့်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ကျောက်စေတီကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝါယာမ မဟာထေရ်ကိုဥပဇ္ဈာယ်ပြု၍ ထီးချိုင့်မြို့နယ်၊ ကန်ပေါက်ရွာ၊ မယ်တော် ခမည်းတော်တို့၏ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေဘောင်သို့ ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တကုဏ္ဍာစာရသည် ၁၃၅၆-ခု၊ တော်သလင်းလဆန်း(၈)ရက်၊ တနင်္လာနေ့ နံနက်(၆း၃၅)နာရီအချိန်၌ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်၊ နဂါးပရိယတ္တိစာသင်တိုက်ခဏ္ဍသိမ်၌ နဂါးပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌသာရ မဟာထေရ်ကိုဥပဇ္ဈာယ်ပြု၍ အောင်မြေသာစံမြို့နယ်၊ ထားဝယ်ရပ်၊ ဦးသိန်းအောင်+ဒေါ်သောင်း မိသားစုတို့၏ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တကုဏ္ဍာစာရသည် ထီးချိုင့်မြို့ ကျောက်စေတီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါယာမ၊ ဘဒ္ဒန္တစန္ဒာသီရိ၊ ဘဒ္ဒန္တကုဏ္ဍလ၊ ဘဒ္ဒန္တအရိယဝံသတို့အထံတွင်လည်းကောင်း၊ မြင်းခြံမြို့ ကိုးဆောင်တိုက်၊ ပခုက္ကူကျောင်းသစ်၊ ဘဒ္ဒန္တသောဘိတ(မဟာန)နှင့် ဆရာတော်များအထံတွင်လည်းကောင်း၊ မန္တလေးမြို့ စတုဘူမိက နဂါးပရိယတ္တိစာသင်တိုက်၊ ဘဒ္ဒန္တဝါသေဋ္ဌသာရ၊ ဘဒ္ဒန္တစန္ဒိမာတို့အထံတွင်လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ သင်ကြားစီမံ ဆရာတော်များနှင့် ပြင်ပလူဆရာကြီးတို့အထံတွင်လည်းကောင်း ပညာများဆည်းပူးသင်ယူခဲ့ပါသည်။

ဘဒ္ဒန္တကုဏ္ဍာစာရသည် အစိုးရအငယ်တန်း, အလတ်တန်း, အကြီးတန်း, စာချတန်း၊ နိကာယ်စာမေးပွဲ၊ ထီးချိုင့်မြို့ ဝိနယာဓိကစာမေးပွဲ၊ မြင်းခြံမြို့ သာသနပါလစာမေးပွဲ, ဝိနယာနုဂ္ဂဟစာမေးပွဲ၊ သာသနတက္ကသီလဓမ္မာစရိယတန်း, သာသနတက္ကသီလမဟာဓမ္မာစရိယတန်းတို့ကို အောင်မြင်ကာ ၁၃၆၀- ခုနှစ်တွင် ဝိနယဝိဒူဘွဲ့၊ ၁၃၆၁- ခုနှစ်တွင် သာသနတက္ကသီလဓမ္မာစရိယ(B.A.; Buddhism)ဘွဲ့၊ ၁၃၆၃- ခုနှစ်တွင် သာသနဓဇဓမ္မာစရိယဘွဲ့၊ ၁၃၆၇-ခုနှစ်တွင် "ဆရာတပည့်ဆက်ဆံရေးကို လေ့လာခြင်း"ဟူသော ကျမ်းစာကို ရေးသားကာ သာသနတက္ကသီလမဟာဓမ္မာစရိယ(M.A.; Buddhism) ဘွဲ့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တကုဏ္ဍာစာရသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဝိနယပိဋကမဟာဌာန၌ နည်းပြတာဝန်ကို(၁၀-၈-၂၀၀၃)နေ့တွင် စတင်ထမ်းဆောင်ခဲ့ပါသည်။ ယခုအခါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဝိနယပိဋကမဟာဌာန၌ နည်းပြတာဝန်ကိုထမ်းဆောင်ကာ ဗုဒ္ဓမြတ်စွာသာသနာ တော်မြတ်ကြီးသန့်ရှင်းတည်တံ့ပြန့်ပွါးရေးအတွက် သာသနာပြု ကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ဝိနယပိဋကမဟာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တကုန္ဒာစာရ(ဒီပဲယင်း)**

ဘဒ္ဒန္တကုန္ဒာစာရသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ ထုံးဘိုကျေးရွာ၊ အဖဦးလှအောင်+အမိဒေါ်သန်းန တို့မှ ၁၃၃၄-ခုနှစ်၊ နတ်တော်လဆန်း(၅)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သောသားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တကုန္ဒာစာရသည် ဒီပဲယင်းမြို့နယ်၊ ထုံးဘိုကျေးရွာ၊ ထုံးဘိုကျောင်း၊ မဟာဝိစိတြာရာမကျောင်းတိုက်၊ ဆရာတော်ဘဒ္ဒန္တဓမ္မာဝုဓ မဟာထေရ်ကိုဥပဇ္ဈာယ်ပြု၍ မယ်တော်ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာရှင်သာမဏေဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တကုန္ဒာစာရသည် ၁၃၅၄-ခုနှစ်၊ နယုန်လဆန်း(၅)ရက်၊ သောကြာနေ့ နံနက်(၇)နာရီ (၅၅)မိနစ်အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ်ကွက်၊ ဇောတိကဗိမာန်ကျောင်း၊ မိုးကောင်းတိုက်၊ ခဏ္ဍာသိမ်၌ မိုးကောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇောတိကာဘိဝံသ မဟာထေရ်ကိုဥပဇ္ဈာယ်ပြု၍ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထထ ၁၀/၃ (စ)ရပ်ကွက် ဦးစိုးမြင့်+ဒေါ်အေးအေးဝင်း မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တကုန္ဒာစာရသည် ဒီပဲယင်းမြို့နယ်၊ မဟာဝိစိတြာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မာဝုဓအထံတွင်လည်းကောင်း၊ မန္တလေးမြို့၊ မိုးကောင်းတိုက်၊ ဇောတိကဗိမာန်ကျောင်း၊ ဘဒ္ဒန္တသုဇန၊ ဘဒ္ဒန္တခမ္မိကတို့အထံတွင်လည်းကောင်း၊ သိန်းသန်းရတနာကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စာဘိဝံသအထံတွင်လည်းကောင်း၊ ညောင်ရမ်းပါဠိတက္ကသိုလ်ကျောင်းဆရာတော် ဘဒ္ဒန္တဇောတိကာဘိဝံသအထံတွင်လည်းကောင်း၊ မန္တလေးမြို့၊ နန်းဦးတိုက်၊ ရတနာပုံကျောင်းဆရာတော် ဘဒ္ဒန္တဝိစာရအထံတွင်လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှသင်ကြားစီမံဆရာတော်များနှင့် ပြင်ပလူဆရာကြီးတို့အထံတွင်လည်းကောင်း ပညာများဆည်းပူးသင်ယူခဲ့ပါသည်။

ဘဒ္ဒန္တကုန္ဒာစာရသည် အစိုးရမူလတန်း၊ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်းနှင့် သာသနတက္ကသီလဓမ္မာစရိယတန်း၊ သာသနတက္ကသီလမဟာဓမ္မာစရိယတန်းတို့ကို အောင်မြင်ကာ ၁၃၆၂-ခုနှစ်တွင် သာသနတက္ကသီလဓမ္မာစရိယ (B.A.; Buddhism) ဘွဲ့ကို ရရှိခဲ့ပါသည်၊ ၁၃၆၉-ခုနှစ်တွင် "စတုပစ္စယနိဿယလေးပါးကိုလေ့လာခြင်း" ဟူသော ကျမ်းကိုရေးသားတင်သွင်းကာ သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A.; Buddhism)ဘွဲ့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တကုန္ဒာစာရသည် နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်(မန္တလေး) ဝိနယပိဋကမဟာဌာန၌ နည်းပြတာဝန်ကို ၂၃-၉-၂၀၀၄ နေ့တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ဒီပဲယင်းမြို့နယ်၊ ထုံးဘိုကျေးရွာ၌ နွေရာသီ ယဉ်ကျေးမှုသင်တန်းများပို့ချ၍ ရပ်ရွာရှိကလေးငယ်တို့အား ဘာသာရေးအသိဉာဏ်ကို ဖွင့်ပေးခဲ့ပါသည်။

ယခုအခါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဝိနယပိဋကမဟာဌာန၌ နည်းပြတာဝန်ကို ထမ်းဆောင်ကာ ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးပြုလုပ်အားထုတ်တော်မူလျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ဝိနယပိဋကမဟာဌာန

## တွဲဖက်ပါမောက္ခ
## ဆရာကြီး ဦးသန့်စင်

ဆရာကြီး ဦးသန့်စင်သည် မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကိုင်မြို့နယ်၊ ဟသ်ာဖိုကျေးရွာ၌ အဖ ဦးဘသာ+အမိ ဒေါ်သိန်းတို့မှ ၁၂၉၄-ခုနှစ်၊ ပြာသိုလပြည့်ကျော်(၃)ရက်၊ သောကြာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဆရာကြီးသည် အသက်(၆)နှစ်သားအရွယ်တွင် စဥ့်ကိုင်မြို့နယ်၊ ဟသ်ာဖိုကျေးရွာ၊ လေဘာကျောင်း ဆရာတော် ဦးသီလာစာရမဟာထေရ်ကိုဥပဇ္ဈာယ်ပြု၍ မိဘတို့၏ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေဘောင်သို့ ဝင်ရောက်ခဲ့ပါသည်၊ အသက်(၁၅)နှစ်သားအရွယ်တွင် စဥ့်ကိုင်မြို့မှ ဟသ်ာဖိုကျေးရွာသို့ ပြန်ရောက်ကာ အောင်ချမ်းသာကျောင်းဆရာတော် ဦးဝိလာသအထံတွင် ဒုတိယအကြိမ် သာမဏေဘောင်သို့ ဝင်ရောက်ခဲ့ပါသည်၊ အသက်(၂၀)ပြည့်သည်တွင် စဥ့်ကိုင်မြို့နယ်၊ ဟသ်ာဖိုကျေးရွာ အောင်ချမ်းသာ ကျောင်းဆရာတော် ဦးဝိလာသကို ဥပဇ္ဈာယ်ပြု၍ မိဘတို့၏ပစ္စယာနုဂ္ဂဟကိုခံယူကာ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာကြီးသည်အသက်(၅)နှစ်သားအရွယ်တွင် စဥ့်ကိုင်မြို့နယ် ဟသ်ာဖိုကျေးရွာ လေဘာကျောင်း ဆရာတော် ဦးသီလာစာရထံတွင် အခြေခံမြန်မာစာအရေးအဖတ်နှင့် မင်္ဂလသုတ်စသောလောကုတ္တရာစာပေ အခြေခံများကို သင်ယူခဲ့ပါသည်။ ၁၃၀၈-ခုနှစ်တွင် စဥ့်ကိုင်မြို့၊ အလွတ်ပညာသင်ကျောင်း၌ ဆရာကြီး ဦးဘဖေ ထံတွင် လောကီအတန်းပညာ လေးတန်းအောင်မြင်သည်အထိ သင်ယူခဲ့ပါသည်၊ ရဟန်းဖြစ်ပြီးနောက် မန္တလေးမြို့၊ အနောက်ခင်မကန်တိုက်၊ စည်သာကျောင်းဆရာတော် ဦးမာလာသိရီထံတွင် လောကုတ္တရာအထက်တန်းပညာတို့ကို ဆက်လက်သင်ယူခဲ့ပါသည်။

ဆရာကြီးသည် ၁၉၅၈-ခုနှစ်တွင် သာသနဓဇဓမ္မာစရိယဘွဲ့ကိုရရှိခဲ့ပါသည်၊ ထိုနှစ်မှာပင် (၁၀)တန်း စာမေးပွဲကိုလည်း အောင်မြင်ခဲ့ပါသည်။ ၁၉၆၂-ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပါသည်၊ ၁၉၆၈-ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပါသည်။ နိုင်ငံတော်အစိုးရက ပေးအပ်သော မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်ကိုလည်း ရရှိခဲ့ပါသည်။

ဆရာကြီးသည် ၁၉၆၂-ခုနှစ်တွင် မန္တလေးတက္ကသိုလ်၊ ဗုဒ္ဓကျမ်းစာဌာန၌ နည်းပြအဖြစ်၊ ၁၉၆၃-ခုနှစ် တွင် မကွေးကောလိပ်၌ ဗုဒ္ဓကျမ်းစာဌာနမှာ လက်ထောက်ကထိကအဖြစ်၊ ၁၉၆၄-ခုနှစ်တွင် မန္တလေးတက္ကသိုလ်၌ နည်းပြအဖြစ်၊ ၁၉၇၀-ခုနှစ်မှ ၁၉၇၈-ခုနှစ်အထိ တောင်ကြီးကောလိပ် ပါဠိဌာန၌ နည်းပြအဖြစ်၊ ၁၉၇၈-ခုနှစ်မှ ၁၉၈၉-ခုနှစ်အထိ မန္တလေးတက္ကသိုလ် ပါဠိဌာန၌ နည်းပြအဖြစ်၊ ၁၉၇၂-ခုနှစ်မှ ၂၀၀၃-ခုနှစ်အထိ ချမ်းသာကြီးဆန်လှူအသင်း၌ ဒုတိယဥက္ကဋ္ဌအဖြစ်၊ ၂၀၀၃-ခုနှစ်မှ ယခု ၂၀၁၁-ခုနှစ်တိုင် ချမ်းသာကြီး ဆန်လှူ အသင်းဥက္ကဋ္ဌအဖြစ်၊ ၁၉၈၀-ခုနှစ်မှစ၍ ယခု ၂၀၁၁-ခုနှစ်တိုင် မင်းကွန်းတိပိဋကနိကာယတွင် ဒုတိ ဥက္ကဋ္ဌအဖြစ်၊ ၁၉၈၆-ခုနှစ်မှစ၍ ယခု ၂၀၁၁-နှစ်တိုင် ဓိဝိတဒါနသာသနာ့ဆေးရုံ၌ အတွင်းရေးမှူးအဖြစ်၊ ၁၉၈၆-ခုနှစ်မှစ၍ ယခု-၂၀၁၁-ခုနှစ်တိုင် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ ပြင်ပပညာရှင်အဖြစ်၊ ၁၃၄၈-(၁၉၈၆)ခုနှစ် ယနေ့ ၁၃၇၂-(၂၀၁၁)ခုနှစ်တိုင်အောင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဝိနယပိဋကမဟာဌာန၌ တွဲဖက်ပါမောက္ခအဖြစ်တို့ကို ထမ်းဆောင်ကာ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွါးရေးအတွက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်

(မန္တလေး)

# သုတ္တန္တပိဋကမဟာဌာန၌

# တာဝန်ထမ်းဆောင်ပြီး/ထမ်းဆောင်ဆဲ

# ဆရာများ၏

# အတ္ထုပ္ပတ္တိအကျဉ်း

www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
သုတ္တန္တပိဋကမဟာဌာန
**ပါမောက္ခ/ဌာနမှူးဆရာတော်**
**ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ**

ဘဒ္ဒန္တစန္ဒာဝရာဘိဝံသသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) သုတ္တန္တပိဋကမဟာဌာန၌ ပါမောက္ခ/ဌာနမှူးတာဝန်ကို ၁၃၄၈-ခုနှစ်မှ ၁၃၄၉-ခုနှစ်ထိ ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

သုတ္တန္တပိဋကမဟာဌာန

**ပါမောက္ခ/ဌာနမှူးဆရာတော်**

**ဘဒ္ဒန္တသုဝဏ္ဏ**

ဘဒ္ဒန္တသုဝဏ္ဏသည် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သီတင်းပင်ရွာ အဖ ဦးဖိုးလှ + အမိ ဒေါ်အေးခင်တို့မှ ၁၃၁၁-ခုနှစ်၊ နယုန်လဆန်း(၁၅)ရက် သောကြာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

အသက်(၅)နှစ်အရွယ်တွင် မိဘများကအပ်နှံကြသဖြင့် ဖော်ပြပါဆရာတော်များထံ အခြေခံကျမ်းစာများကို သင်ယူတတ်မြောက်ခဲ့ပါသည်။ မြိုင်မြို့နယ်၊ သီတင်းပင်ရွာ ဆုတောင်းပြည့်ကျောင်းဆရာတော်။

သက်တော်(၇)နှစ်အရွယ်တွင် မြိုင်မြို့နယ်၊ သီတင်းပင်ရွာ၊ ဆုတောင်းပြည့်ကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြိုင်မြို့နယ်၊ သီတင်းပင်ရွာ ဦးဖိုးလှ + ဒေါ်အေးခင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

၁၃၃၀-ခုနှစ် တန်ဆောင်မုန်းလဆန်း(၁၂)ရက်နေ့တွင် မြိုင်မြို့နယ်၊ သီတင်းပင်ရွာ၊ ဆုတောင်းပြည့်ကျောင်း ခဏ္ဍာသိမ်၌ ဆုတောင်းပြည့်ကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒကို ဥပဇ္ဈာယ်ပြု၍ ဦးဖိုးလှ+ဒေါ်အေးခင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

မင်းကွန်း မိုးမိတ်ကုန်းမြေ တိ-နိကျောင်းတိုက်၌ မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီးနှင့် နာယကဆရာတော်များ၊ မုံရွာမြို့ သထုံဝံသကျောင်းတိုက်ဆရာတော်များထံတွင် ပညာသင်ယူခဲ့ပြီး အစိုးရပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်း၊ သာသနဓဇဓမ္မာစရိယ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊ ဥဘတောဝိဘင်္ဂဓရ၊ နိကာယဒွေတက ဒီဃနိကာယအဂ္ဂမဟာဓမ္မာစရိယစာမေးပွဲတို့ကို အောင်မြင်ခဲ့ပါသည်။

ဘဒ္ဒန္တသုဝဏ္ဏသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) သုတ္တန္တပိဋကမဟာဌာန၌ ပါမောက္ခ/ဌာနမှူးတာဝန်ကို ၁၃၄၉-ခုနှစ် (တစ်နှစ်တည်းသာ) ဆောင်ရွက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

သုတ္တန္တပိဋကမဟာဌာန

**ပါမောက္ခ/ဌာနမှူးဆရာတော်**

**ဘဒ္ဒန္တဝိမလသာရ**

ဘဒ္ဒန္တဝိမလသာရသည် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဆင်တဲကုန်းရွာ အဖဦးပေါ်+အမိဒေါ်ရွှေခင်တို့မှ ၁၃၁၃ခုနှစ်၊ ဝါဆိုလဆန်း(၈)ရက်၊ ဗုဒ္ဓဟူးနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်ပါသည်။

သက်တော်(၇)နှစ်အရွယ်တွင် ဖြူးမြို့နယ်၊ ဆင်တဲကုန်းရွာ လိပ်ပွေါကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇနိယမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဖြူးမြို့နယ်၊ ဆင်တဲကုန်းရွာ၊ ဦးပေါ်+ဒေါ်ခင်စုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေ အဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။ ဘွဲ့တော်မှာ ရှင်ဝိမလသာရ ဖြစ်ပါသည်။ သက်တော်(၂၀)နှစ်သား အရွယ်ရှိရာ ၁၃၃၂-ခုနှစ်၊ ပြာသိုလဆန်း(၁၁)ရက်၊ ကြာသပတေး နေ့၊ နံနက်(၀၈း၄၂)နာရီ အချိန်တွင် တောင်ငူမြို့နယ်၊ (၁၄)ရပ်ကွက် မြစည်းခုံကျောင်းတိုက်၊ ခဏ္ဍသိမ်၌ မြစည်းခုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတိက္ခသာရ(အဂ္ဂမဟာပဏ္ဍိတ)မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ တောင်ငူမြို့၊ (၁၄)ရပ်ကွက်၊ ဒေါ်ခင်သောင်း မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

အရှင်ဝိမလသာရသည် ရှင်ရဟန်းဖြစ်ပြီးနောက် ဖော်ပြပါ ဆရာတော်များထံတွင် အထက်တန်း ပညာရပ်များကို သင်ယူတတ်မြောက်ခဲ့ပါသည်။ တောင်ငူမြို့ မြစည်းခုံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တတိက္ခသာရ (အဂ္ဂမဟာပဏ္ဍိတ)၊ တိုက်အုပ်ဆရာတော် ဦးပဏ္ဍဝံသ အမှူးပြုသော စာချဆရာတော်များ။ မင်းကွန်း မိုးမိတ်ကုန်းမြေ တိ-နိကျောင်းတိုက်၌ မင်းကွန်းတိပိဋကရေဆရာတော်ဘုရားကြီးနှင့် နာယကဆရာတော်များ။

အစိုးရ ငယ်၊ လတ်၊ ကြီး၊ သိရီပဝရဓမ္မာစရိယ(မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)၊ တိပိဋကရွေးချယ်ရေးစာ မေးပွဲ၌ ဒီဃနိကာယ်သုတ်သုံးကျမ်း အာဂုံနှင့် သဘောရေးဖြေ၊ ရန်ကုန်နိကာယ်သာသနာတော်ထွန်း ကားရေးအသင်း၊ မန္တလေး၊ ပဲခူး၊ မော်လမြိုင်(သဒ္ဓမ္မပါလ)စသော နိကာယ်စာမေးပွဲများအောင်မြင်ခဲ့ပြီး သာသနဓဇဓမ္မာစရိယ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊ နိကာယဒွေတက ဒီဃဘာဏက ဓမ္မတ္တဝိသာရဒ၊ ဒီဃနိကာယအဂ္ဂဓမ္မာစရိယ၊ ပရိယတ္တိသာသနဟိတ ဒီဃနိ ကာယကောဝိဒ၊ သုဓမ္မာပရိယတ္တိ ဓမ္မာစရိယဘွဲ့တံဆိပ်တို့ကို ရရှိခဲ့ပါသည်။

ဆရာတော်သည် လိပ်ပွေါကျောင်း ကျောင်းသား/သူတို့အား အခြေခံစာပေနှင့် ဘာသာရေးစာပေများ သင်ကြားပေးခြင်း၊ ဇာတိဆင်တဲကုန်းရွာ၌ ဘုန်းကြီးကျောင်းဖြစ်ပေါ်လာအောင်ဆောင်ရွက်ပေးခြင်း၊ တရားဟော ခြင်း၊ တောင်ငူမြို့ မြစည်းခုံစာသင်တိုက်၌ မူလတန်းမှ ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယတန်းအထိ (၇)နှစ်ကြာ စာပေပို့ချပေးခဲ့ခြင်း၊ မင်းကွန်းမိုးမိတ်ကုန်းမြေ၌ (၅)နှစ်ကြာ တိပိဋကစာပေများ လေ့လာသင်ကြားခြင်းတို့ ဖြစ်ပါသည်။

ဘဒ္ဒန္တဝိမလသာရသည် နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်(မန္တလေး) သုတ္တန္တပိဋကမဟာဌာန၌ နည်းပြတာဝန်ကို ၁၃၄၉-ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါသည်။ ၁၃၅၀ မှ ၅၂-ခုနှစ်တွင် သုတ္တန္တပိဋကမဟာဌာန၌ ကထိကတာဝန်၊ ၁၃၅၂-၅၄-ခုနှစ်တွင် သုတ္တန္တပိဋကမဟာဌာန၌ ပါမောက္ခ/ဌာနမှူး တာဝန်တို့ကို ဆောင်ရွက်ခဲ့ ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

သုတ္တန္တပိဋကမဟာဌာန

**ကထိကဆရာတော်**

## ဘဒ္ဒန္တအရိယဝံသာဘိဝံသ

ဘဒ္ဒန္တအရိယဝံသာဘိဝံသသည် မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ ငါန်းမြာကြီးရွာ၊ အဖ-ဦးချက်+အမိဒေါ်အုန်းတင်တို့မှ ၁၃၃၃-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၁၃)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော ဒုတိယမြောက် သားရတနာဖြစ်သည်။

ဘဒ္ဒန္တအရိယဝံသာဘိဝံသသည် မာရ်အောင်သာသနာ့ရိပ်သာဆရာတော် ဘဒ္ဒန္တကောဏ္ဍညမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မယ်တော် ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တအရိယဝံသာဘိဝံသ သည် ၁၃၃၂-ခုနှစ်၊ နယုန်လဆန်း(၇)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ခဏ္ဍသိမ်၌ အမရပူရမဟာဂန္ဓာရုံဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့၊ စိန်ပန်းရပ်၊ ဦးကံရှိန်+ဒေါ်စန်းရီမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တအရိယဝံသာဘိဝံသသည် ငါန်းဇွန်မြို့နယ်၊ ငါန်းမြာကြီးရွာ၊ မန္တလေးတိုက်သစ်၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ တိပိဋကကျောင်းတိုက် မန္တလေးတက္ကသိုလ်တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရ ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယစာမေးပွဲ၊ ရန်ကုန်စေတီယင်္ဂဏစာမေးပွဲ၊ မန္တလေးသကျသီဟစာမေးပွဲ၊ မန္တလေးတက္ကသိုလ် B.A (မြန်မာစာ)တတိယနှစ် စာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနဓဇဓမ္မာစရိယ၊ စေတီယင်္ဂဏပရိယတ္တိဓမ္မာစရိယဝင့်သကာ၊ သကျသီဟဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တအရိယဝံသာဘိဝံသသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၏ သုတ္တန္တပိဋကမဟာဌာန၌ ကထိကတာဝန်ကို (၁၃၄၈-မှ ၁၃၄၉)အထိ ထမ်းဆောင်ခဲ့သည်။ ယင်းတာဝန်များကို ထမ်းဆောင်ပြီး၍ ရန်ကုန်/မန္တလေး မဟာစည်သာသနာ့ရိပ်သာကြီးတို့၌ ဝိပဿနာတရားကို လက်တွေ့အားထုတ်ခဲ့ပြီး မုံရွာမြို့၊ ရှောက်ခါးရပ်၊ မဟာစည်သာသနာ့ရိပ်သာတွင် တရားဟောတရားပြ ကမ္မဋ္ဌာစရိယအဖြစ်လည်းကောင်း၊ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၊ မကုဋာရာမမြန်မာကျောင်းတိုက်၌ နာယကဆရာတော် အဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့ပြီး၍ ယခုအခါ မန္တလေးစက်မှုမြို့သစ်၊ မြဝတီမင်းကြီးကျောင်းတိုက်၌ ပဓာနနာယကဆရာတော်အဖြစ်ဖြင့် သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
သုတ္တန္တပိဋကမဟာဌာန
**ကထိကဆရာတော်**
**ဘဒ္ဒန္တထုတိဝရ**

ဘဒ္ဒန္တထုတိဝရသည် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ မိုးကြိုးကျေးရွာ၊ အဖဦးကျော်အောင်+အမိ ဒေါ်သောင်းကြည်တို့မှ ၁၃၁၆ခုနှစ်၊တပို့တွဲလဆန်း(၁၃)ရက်စနေနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

အသက်(၁၂)နှစ်အရွယ်တွင် မိဘများက အပ်နှံကြသဖြင့် ဖော်ပြပါဆရာတော်များထံ အခြေခံကျမ်းစာများကို သင်ယူတတ်မြောက်ခဲ့ပါသည်။ ဆရာတော်ဦးအဋ္ဌင်္ဂိယ၊ ဆရာတော်ဦးဝိစိတ္တ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဇယမေဒနီ ဝါဆိုကျောင်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။

သက်တော်(၁၃)နှစ်အရွယ်တွင် မဟာအောင်မြေမြို့နယ် ဇယမေဒနီဝါဆိုကျောင်း မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအဋ္ဌင်္ဂိယမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မတ္တရာမြို့နယ်၊ မိုးကြိုးကျေးရွာ၊ ဦးကျော်အောင်+ ဒေါ်သောင်းကြည်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

သက်တော်(၂၀)နှစ်သား အရွယ်ရှိရာ ၁၃၃၆-ခုနှစ်၊ ကဆုန်လဆန်း(၈)ရက်၊ နံနက်(၈)နာရီအချိန်တွင် မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ် မဟာဝိသုဒ္ဓါရုံတိုက်သစ်ကျောင်းတိုက် ခဏ္ဍသိမ်၌ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက် စည်ရှင်ကျောင်း ဝိသုဒ္ဓါရုံတိုက်သစ်ဆရာတော် ဘဒ္ဒန္တသုဝဏ္ဏဇောတျာဘိဝံသ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့ အိမ်တော်ရာဆင်တဲတားရပ်ကွက် ဦးမြိုးတင်+ ဒေါ်တင်အေး မိသားစုတို့၏ ပစ္စယာနုဂ္ဂဟ ကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

အရှင်ထုတိဝရသည် ရှင်ရဟန်းဖြစ်ပြီးနောက် ဖော်ပြပါ ဆရာတော်များထံတွင် အထက်တန်း ပညာရပ်များကို သင်ယူတတ်မြောက်ခဲ့ပါသည်။ ဆရာတော် ဘဒ္ဒန္တအဋ္ဌင်္ဂိယ၊ ဘဒ္ဒန္တဝိစိတ္တစသော မန္တလေး ဝိသုဒ္ဓါရုံတိုက်သစ် ဆရာတော်များ။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်-မန္တလေး)မှ သင်ကြားစီမံဆရာတော်များ။

အစိုးရ ငယ်၊ လတ်၊ကြီး၊ စာချတန်း၊ သာမဏေသကျသီဟ ပထမဆင့်၊ ဝိသုဒ္ဓါရုံဝံသပါလဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ။ သာသနဓဇဓမ္မာစရိယ၊ ဝိသုဒ္ဓါရုံဝံသပါလ ဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ ပါသည်။

မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီဝါဆိုကျောင်းနှင့် တိုက်စာဝါပို့ချပေးခြင်း၊ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး၌ စာဝါများပို့ချပေးခြင်း၊ မတ္တရာမြို့နယ်၊ မိုးကြိုးကျေးရွာတွင် ဘာသာရေး ဝတ်အသင်းများ ဖွဲ့စည်းပေးခြင်း၊ အနန္တဂုဏ်ရည်ယဉ်ကျေးမှု စာပြန်ပွဲများပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ဘဒ္ဒန္တထုတိဝရသည် နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်(မန္တလေး)သုတ္တန္တပိဋကမဟာဌာန၌ နည်းပြ တာဝန်ကို ၂၆-၁၂-၉၆ နေ့မှစ၍ ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၁-ခုနှစ်မှစ၍ ယခုအချိန်ထိ သုတ္တန္တပိဋကမဟာဌာန၌ ကထိကတာဝန်ကို ထမ်းဆောင်ဆဲဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

သုတ္တန္တပိဋကမဟာဌာန

**ကထိကဆရာတော်**

**ဘဒ္ဒန္တဝိဇယ**

ဘဒ္ဒန္တဝိဇယသည် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ငတမျှော်(တရော်)ရွာ အဖ-ဦးချစ်မြိုင် + အမိဒေါ်ခင်စုတို့မှ ၁၃၂၇ခုနှစ်၊ နယုန်လဆန်း(၃)ရက်ဗုဒ္ဓဟူးနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

အသက်(၁၀)နှစ်အရွယ်တွင် မိဘများက အပ်နှံကြသဖြင့် ဖော်ပြပါဆရာတော်များထံ အခြေခံကျမ်းစာများကို သင်ယူတတ်မြောက်ခဲ့ပါသည်။ ငတမျှော်ရွာ၊ ဘုမ္မိကျောင်း တိုက်ဆရာတော်၊ မြင်းခြံမြို့နယ်၊ ကိုင်းရွာ၊ ပေါ်တော်မူကျောင်းဆရာတော်။ သက်တော်(၁၄)နှစ်အရွယ်တွင် ရေစကြိုမြို့နယ်၊ ငတမျှော်ရွာ ဘုမ္မိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရေစကြိုမြို့နယ်၊ ငတမျှော်ရွာ၊ ဦးချစ်မြိုင်+ဒေါ်ခင်စုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေ အဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

သက်တော်(၂၀)နှစ်သား အရွယ်ရှိရာ ၁၃၄၇-ခုနှစ်၊ တန်ခူးလဆန်း(၆)ရက်၊ နံနက်(၈း၁၀)နာရီအချိန်တွင် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက် မဟာဂန္ဓာရုံကျောင်းတိုက်၊ ခဏ္ဍသိမ်၌ မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖ-ဆ-ပ-လ ရပ်ကွက် ဒေါ်အေးအေးသိန်း မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

အရှင်ဝိဇယသည် ရှင်ရဟန်းဖြစ်ပြီးနောက် ဖော်ပြပါ ဆရာတော်များထံတွင် အထက်တန်း ပညာရပ်များကို သင်ယူတတ်မြောက်ခဲ့ပါသည်။ မြိတ်မြို့နယ်၊ ဗိုလ်ထောင်တောရ ဆရာတော် အရှင်သုဒဿနာဘိဝံသ၊ အမရပူရမြို့၊ မဟာဂန္ဓာရုံတိုက်မှ ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ သင်ကြားစီမံဆရာတော်များနှင့် ပညာရှင်များထံတွင် ပညာသင်ယူခဲ့ပြီး-

အစိုးရ ငယ်၊ လတ်၊ကြီး၊ စာချတန်း၊ သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ။ အမရပူရမြို့ မဟာဂန္ဓာရုံတိုက် တိုက်တွင်းစာမေးပွဲများ၊ အမရပူရမြို့နယ်လုံးဆိုင်ရာ ဝိနယစာမေးပွဲ၊ မန္တလေးမြို့ သာမဏေသကျသီဟပထမဆင့်စာမေးပွဲများကို အောင်မြင်ခဲ့ပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တွင် အဆောင်မှူးတာဝန်များထမ်းဆောင်ခဲ့ပြီး၊ သုတ္တန္တပိဋကမဟာဌာနတွင် နည်းပြအဖြစ်ဆောင်ရွက်ခြင်း၊ အခါအားလျော်စွာ ယဉ်ကျေးမှုသင်တန်းများပို့ချခြင်း စသည် တို့ဖြစ်ကြသည်။

ဘဒ္ဒန္တဝိဇယသည် ၆-၇-၂၀၀၀-နေ့တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) သုတ္တန္တပိဋကမဟာဌာန၌ နည်းပြတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ယခုအချိန်တွင် သုတ္တန္တပိဋကမဟာဌာန၌ ကထိကတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

သုတ္တန္တပိဋကမဟာဌာန

**ကထိကဆရာတော်**

**ဘဒ္ဒန္တကောသိယာဝုဓ**

ဘဒ္ဒန္တ ကောသိယာဝုဓသည် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်၊ ရွှေဒေါင်းရွာ၌ အဖ ဦးသန်းမောင်+အမိ ဒေါ်အေးကျင်တို့မှ ၁၃၂၇-ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၄)ရက် တနင်္လာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

အသက်(၁၂)နှစ် အရွယ်တွင် မိဘများကအပ်နှံသဖြင့် ဖော်ပြပါဆရာတော်များထံတွင် ပညာရင်နို့ သောက်စို့သောအားဖြင့် အခြေခံကျမ်းစာများကို သင်ယူတတ်မြောက်ခဲ့ပါသည်။ တပ်ကုန်းမြို့၊ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက်၊ ဘဒ္ဒန္တသောမန(အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တသုမန(အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တပညာသီရိ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တသောပါကာဘိဝံသ၊ ဘဒ္ဒန္တဝိမလ။

သက်တော်(၁၂)နှစ် အရွယ်တွင် တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ ငွေတောင် ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသောမနမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ တပ်ကုန်းမြို့နယ်၊ ရွှေဒေါင်းရွာ၊ ဦးသန်းမောင်+ ဒေါ်အေးကျင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

သက်တော်(၂၀)နှစ်အရွယ်တွင် ၁၃၄၆ခုနှစ်၊ တပေါင်းလဆုတ်(၃)ရက် နံနက်(၈း၃၀)နာရီအချိန်တွင် တပ်ကုန်းမြို့နယ်၊ ဥယျာဉ်ရွာ၊ ရွာဦးမြောက်ကျောင်း ဥဒကုက္ခေပသိမ်၌ တပ်ကုန်းမြို့နယ်၊ ငွေတောင်တောရ ကျောင်းဆရာတော် ဘဒ္ဒန္တပညာသီရိ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ တပ်ကုန်းမြို့နယ်၊ ဥယျာဉ်ရွာ၊ ဦးချစ်ထွေး+ ဒေါ်သန်းညွန့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

အရှင်ကောသိယာဝုဓသည် ရှင်ရဟန်းဖြစ်ပြီးနောက် ဖော်ပြပါဆရာတော်များထံတွင် အထက်တန်း ပညာရပ်များကို သင်ယူတတ်မြောက်ခဲ့ပါသည်။ တပ်ကုန်းမြို့၊ ငွေတောင်တောရစာသင်တိုက်၊ ဘဒ္ဒန္တသောမန၊ ဘဒ္ဒန္တပညာသီရိ၊ ဘဒ္ဒန္တသောပါကာဘိဝံသ၊ ဘဒ္ဒန္တဝိမလ၊ မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ ဆင်မင်းကျောင်း၊ ဘဒ္ဒန္တသြဘာသာဘိဝံသ၊ ဘဒ္ဒန္တပညောဘာသာဘိဝံသ၊ မော်လမြိုင်ကျောင်း၊ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ၊ နန္ဒိသေနာရာမ တိုက်၊ ဘဒ္ဒန္တတိလောက။

ပါဠိပထမပြန်စာမေးပွဲ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ ဓမ္မာစရိယ(တစ်ကျမ်းစွဲ)၊ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ သုံးမြို့နယ်ဝိနယာဓိကစာပြန်ပွဲ၊ ပထမဆင့်(က)၊ ဒုတိယဆင့်(ဒ)၊ တတိယဆင့်(ပ)၊ သာသနာတက္ကသီလဓမ္မာစရိယ(B.A)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A) စာမေးပွဲတို့ကို အောင်မြင်ခဲ့ ပါသည်။

ဘဒ္ဒန္တကောသိယာဝုဓသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) သုတ္တန္တပိဋကမဟာဌာန၌ နည်းပြတာဝန်ကို ၉-၇-၂၀၀၀-နေ့တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ ၁၆-၃-၂၀၀၅-နေ့မှစ၍ ယနေ့ထိ သုတ္တန္တပိဋကမဟာဌာန၌ ကထိကတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
သုတ္တန္တပိဋကမဟာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တစန္ဒိမာ**

ဘဒ္ဒန္တစန္ဒိမာသည် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဆင်ခြေရွာ၌ အဖ ဦးဘသိန်း+အမိ ဒေါ်အေးကွန့်တို့မှ ၁၃၁၁-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၁၂)ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင်ဖွားမြင်ခဲ့ပါသည်။

အသက်(၆)နှစ်အရွယ်တွင် မိဘများအပ်နှံသဖြင့် ဖော်ပြပါဆရာတော်များထံတွင် အခြေခံကျမ်းစာများကို သင်ယူတတ်မြောက်ခဲ့ပါသည်။ ရေစကြိုမြို့နယ်၊ ဆင်ခြေရွာ၊ သီရိမင်္ဂလာကျောင်းဆရာတော် ဘဒ္ဒန္တတေဇဝန္တ၊ ရေစကြိုမြို့၊ အောင်မြင်သာယာသူဌေးတိုက် ဆရာတော် ဘဒ္ဒန္တရာဇိန္ဒ၊ မော်လမြိုင်မြို့၊ စိန်မမစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ၊ ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ ရွှေကျင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောသလ္လ၊ ဗဟန်းမြို့နယ်၊ ညောင်တုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသြဘာသ၊ သိမ်ဖြူလမ်း ဒေဝသာဂရသိမ်ကုန်းကျောင်းတိုက်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလ၊ ကျောက်တံတားမြို့နယ်၊ မော်လမြိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တရဝိန္ဒစသော စာချဆရာတော်များ။

အသက်(၉)နှစ်အရွယ်တွင် ရေစကြိုမြို့နယ်၊ ဆင်ခြေရွာ၊ သီရိမင်္ဂလာကျောင်း ဆရာတော် ဘဒ္ဒန္တတေဇဝန္တမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဆင်ခြေရွာ မယ်တော် ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

၁၃၃ဝ-ခုနှစ်၊ တပို့တွဲလဆန်း(၁၄)ရက်နေ့ အသက်(၂ဝ)အရွယ်တွင် ရေစကြိုမြို့နယ်၊ ဆင်ခြေရွာ၊ မဇ္ဈိမာရုံရွာလယ်ကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ရေစကြိုမြို့၊ အောင်မြေသာယာသူဌေးတိုက် ဆရာတော် ဘဒ္ဒန္တရာဇိန္ဒမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဖွားလေးဒေါ်ငွေရင်နှင့် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

အရှင်စန္ဒိမာသည် ရဟန်းဖြစ်ပြီးနောက် ဖော်ပြပါဆရာတော်များထံတွင် အထက်တန်းပညာရပ် များကို သင်ယူတတ်မြောက်ခဲ့ပါသည်။ ရေစကြိုမြို့၊ အောင်မြင်သာယာသူဌေးတိုက်ဆရာတော် ဘဒ္ဒန္တရာဇိန္ဒ၊ မော်လမြိုင်မြို့၊ စိန်မမစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ၊ ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ ရွှေကျင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောသလ္လ၊ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ(သပြေကန်ဆရာတော်)၊ ဗဟန်းမြို့နယ်၊ ညောင်တုန်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသြဘာသ၊ သိမ်ဖြူလမ်း ဒေဝသာဂရသိမ်ကုန်းကျောင်းတိုက်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလ၊ ကျောက်တံတားမြို့နယ်၊ မော်လမြိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တရဝိန္ဒစသော စာချဆရာတော်များ။

ပထမပြန်စာမေးပွဲ၌ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းနှင့် ဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ပါသည်။ သာသနဓဇဓမ္မာစရိယဘွဲ့နှင့် မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့များကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တစန္ဒိမာသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) သုတ္တန္တပိဋကမဟာဌာန၌ နည်းပြတာဝန်ကို ၁၃၄၈-ခုနှစ်မှ ၁၃၄၉-ခုနှစ်အထိ ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
## သုတ္တန္တပိဋကမဟာဌာန
## **နည်းပြဆရာတော်**
## **ဘဒ္ဒန္တသုမန**

ဘဒ္ဒန္တသုမနသည် ၁၃၁၄-ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၂)ရက်၊ သောကြာနေ့၊ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ နောင်ကုလားရွာကြီး၌ ခမည်းတော် ဦးထွန်းငွေ + မယ်တော် ဒေါ်ထွေးတို့မှ ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

၁၃၃၄-ခုနှစ်၊ နယုန်လဆန်း(၁)ရက်၊ စနေနေ့ညနေ (၅)နာရီ(၃၀)မိနစ်အချိန်တွင် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သိမ်ကုန်းရပ်ကွက်၊ ဘုရားကြီးတောင်ဘက်၊ ရဟန္တာကလျာဏီသိမ်၌ သထုံမြို့နယ်၊ နန်းခဲရပ်ကွက်၊ သဒ္ဓမ္မဇောတိကာရာမကျောင်း ဆရာတော် ဘဒ္ဒန္တမေဓာဝီမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ သထုံမြို့နယ်၊ အောက်ကျင်းရပ်ကွက်၊ ဦးအောင်ဆိုင်+ဒေါ်သိန်း မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တသုမနသည် သထုံမြို့၊ သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမေဓာဝီ၊ ဘဒ္ဒန္တဝိဇယ၊ ရန်ကုန်မြို့၊ မေဒိနီတောရကျောင်းတိုက်ဆရာတော်များ၊ ဗဟန်းညောင်တုန်းကျောင်းတိုက်ဆရာတော်များ၊ မင်းကွန်း တိပိဋကနိကာယကျောင်းတိုက် ဆရာတော်များ၊ စစ်ကိုင်းပဌာန်းသိပ္ပံဆရာတော်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်-မန္တလေး)မှ သင်ကြားစီမံဆရာတော်များထံတွင် ပညာသင်ယူခဲ့ပါသည်။

ဘဒ္ဒန္တသုမနသည် သာသနဓဇဓမ္မာစရိယဘွဲ့၊ ဒီဃနိကာယပါဠိပါရဂူဘွဲ့၊ တိပိဋကဒီဃဘာဏကကောဝိဒဘွဲ့၊ နိကာယုဒ္ဒေါတကသမိတိဓမ္မတ္ထဝိသာရဒ ဒီဃဘာဏကဘွဲ့၊ နိကာယုဒ္ဒေါတကသမိတိ ဒီဃနိကာယအဂ္ဂဓမ္မာစရိယဘွဲ့၊ သုဝဏ္ဏဘူမိပရိယတ္တိသာသနဟိတ ဂဏဝါစကအာစရိယ(ပထမစာချ)ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့တို့ ရရှိခဲ့ပါသည်။

ဘဒ္ဒန္တသုမနသည် ၁၉၈၉-ခုနှစ်၊ ဒီဇင်ဘာလမှစ၍ သုတ္တန္တပိဋကမဟာဌာန၌ နည်းပြတာဝန်ကို ၁၉၉၄-ခုနှစ်အထိ ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

သုတ္တန္တပိဋကမဟာဌာန

**နည်းပြဆရာတော်**

**ဘဒ္ဒန္တတေဇောသာရ**

ဘဒ္ဒန္တတေဇောသာရသည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ထနောင်းကန်ရွာ၊ အဖဦးဘိုးသောင်း အမိဒေါ်လွန်းရွှေတို့မှ ၁၃၁၇ ခုနှစ် ကဆုန်လဆုတ်(၁)ရက် စနေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

အသက်(၅)နှစ်အရွယ်တွင် မိဘများကအပ်နှံသဖြင့် ဖော်ပြပါဆရာတော်များထံတွင် အခြေခံကျမ်းစာများကို သင်ယူတတ်မြောက်ခဲ့ပါသည်။ မိတ္ထီလာမြို့နယ် ထနောင်းကန်ကျေးရွာ ဘုရားကြီးကျောင်းဆရာတော်ဦးနန္ဒိယ၊ မန္တလေးမြို့ဘုရားကြီးတိုက် ဆရာတော်ဦးဉာဏောဘာသ၊ ဦးသုနန္ဒ။

သက်တော်(၁၀)နှစ် အရွယ်တွင် မိတ္ထီလာမြို့နယ် ထနောင်းကန်ကျေးရွာ ဘုရားကြီးကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒိယမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မိတ္ထီလာမြို့နယ် ထနောင်းကန်ကျေးရွာ ဦးဘိုးသောင်း+ဒေါ်လွန်းရွှေ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

သက်တော်(၂၈)နှစ် အရွယ်တွင် ၁၃၄၅-ခုနှစ် တပေါင်းလဆန်း(၁၂)ရက် နံနက်(၈း၄၅)နာရီအချိန်၌ မိတ္ထီလာမြို့နယ် ထနောင်းကန်ကျေးရွာ ဘုရားကြီးကျောင်းခဏ္ဍသိမ်၌ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် ဣန္ဒာသယဝိဇ္ဇာကျောင်းဆရာတော် ဘဒ္ဒန္တသုနန္ဒမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ ၈-ရပ်ကွက် ဦးထွန်းကြည် ဒေါ်ခင်ညွန့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

အရှင်တေဇောသာရသည် ရှင်ရဟန်းဖြစ်ပြီးနောက် ဖော်ပြပါဆရာတော်များထံတွင် အထက်တန်းပညာရပ်များကို သင်ယူတတ်မြောက်ခဲ့ပါသည်။ မြောင်းမြမြို့ ဝေဠုဝန်ကျောင်းဆရာတော် ဦးသောဘဏ ၊ ဦးဇာနေယျ။ ခရမ်းမြို့ ကိုင်းကုန်းဆရာတော် ဦးသုဒဿန(အဘိဓဇ)၊ ဆရာတော်ဦးတေဇ(အဂ္ဂမဟာပဏ္ဍိတ)၊ ဆရာတော် ဦးကေလာသ (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် ဦးဇောတိက၊ မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ဆရာတော်များနှင့် ပြင်ပပညာရှင်ကြီးများထံတွင်ပရိယတ္တိပညာများကိုသင်ယူခဲ့ပြီး အစိုးရ ငယ် လတ် ကြီး (အကြီးတန်း၌ တစ်နိုင်ငံလုံးဒုတိယ) သာသနဓဇဓမ္မာစရိယ၊ သုဝဏ္ဏဘူမိ မဟာဝေယျာကရဏိကတန်း၊ ရန်ကုန်မြို့ နိကာယဇ္ဈောတကအသင်း၏ ဒီဃနိကာယဘာဏကတန်း၊ သာသနတက္ကသီလမဟာဓမ္မာစရိယတန်း စာမေးပွဲများကို အောင်မြင်ခဲ့ပါသည်။

ဘဒ္ဒန္တတေဇောသာရသည် တောင်ငူမြို့ ရွှေဆံတော် မရမ်းကျောင်းတိုက်၌ စာဝါများပို့ချခြင်း၊ ယဉ်ကျေးမှု သင်တန်းများပို့ချပေးခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၏ သုတ္တန္တပိဋကမဟာဌာန၌ နည်းပြတာဝန်ကို (၁၀-၁၂-၉၂ )နေ့တွင် စတင်ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
သုတ္တန္တပိဋကမဟာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တကုဏ္ဍာဝုဓာလင်္ကာရ**



ဘဒ္ဒန္တကုဏ္ဍာဝုဓာလင်္ကာရသည် မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ သီးကုန်းကျေးရွာ၌ အဖဦးမှူ+အမိ ဒေါ်စိန်လှတို့မှ ၁၃၂၁ ခုနှစ်၊ နယုန်လပြည့်ကျော်(၈)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

အသက် (၇)နှစ် အရွယ်တွင် မိဘများကအပ်နှံကြသဖြင့် ဖော်ပြပါဆရာတော်များထံတွင် အခြေခံကျမ်းစာများကို သင်ယူတတ်မြောက်ခဲ့ပါသည်။ သီးကုန်းရွာတောင်ကျောင်းဆရာတော်၊ အင်းတဲရွာ တောင်ကျောင်းဆရာတော်၊ စစ်ကိုင်းတောင်ရိုး အတိဝိသုဒ္ဓါရုံဆရာတော်၊ နောင်တော်ကြီး ဦးကဝိဓဇ၊ အမရပူရမြို့၊ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသနှင့် စာချဆရာတော်များ။

သက်တော် (၁၂) နှစ် အရွယ်တွင် စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတောင်ရိုး၊ အတိဝိသုဒ္ဓါရုံကျောင်း၊ ရက္ခမူလကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇောဘာသ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ တောင်သာမြို့နယ်၊ သီးကုန်းရွာ၊ ဦးမှူ+ဒေါ်စိန်လှတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

သက်တော် (၂၀) နှစ်သားအရွယ်ရှိရာ ၁၃၄၀-ခုနှစ်၊ နတ်တော်လဆန်း(၂)ရက်နေ့၊ နံနက်(၈း၉)နာရီအချိန်တွင် တောင်သာမြို့နယ်၊ အင်းတဲရွာ၊ အင်းတဲတောင်ကျောင်း ခဏ္ဍသိမ်၌ အင်းတဲတောင် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနရိန္ဒ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ တောင်သာမြို့နယ်၊ အင်းတဲကျေးရွာ၊ ဦးမြသောင်း+ဒေါ်ငွေလှိုင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

အရှင်ကုဏ္ဍာဝုဓာလင်္ကာရသည် ရှင်ရဟန်းဖြစ်ပြီးနောက် ဖော်ပြပါ ဆရာတော်များထံတွင် အထက်တန်းပညာရပ်များကို သင်ယူတတ်မြောက်ခဲ့ပါသည်။ မန္တလေးမြို့၊ မိုးကောင်းတိုက်၊ ညောင်ရမ်း စာချဆရာတော်များဖြစ်ကြသော ဦးပဏ္ဍိစ္စာဘိဝံသ၊ ဦးမကုဋ္ဌာဘိဝံသ၊ ဦးစက္ကပါလ၊ နောင်တော်ကြီး ဦးကဝိဓဇ၊ ချမ်းသာကြီးတိုက် ဦးဇောတိက၊ ငါးဆူတိုက် ဦးဝေပုလ္လ၊ ရန်ကုန်သာသနာ့တက္ကသိုလ် သင်ကြားစီမံဆရာတော်များနှင့် ဆရာကြီးများ။

မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတ သာမဏေကျော်စာမေးပွဲ၊ ပထမ၊ ဒုတိယ၊ တတိယအဆင့်။ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ သာသနဓဇ ဓမ္မာစရိယ၊ သာသနတက္ကသီလ မဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ပါသည်။

ဘဒ္ဒန္တကုဏ္ဍာဝုဓာလင်္ကာရသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သုတ္တန္တပိဋကမဟာဌာန၌ နည်းပြတာဝန်ကို ၂၅-၁၂-၁၉၉၃-နေ့တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

သုတ္တန္တပိဋကမဟာဌာန

**နည်းပြဆရာတော်**

**ဘဒ္ဒန္တကဝိန္ဒ**

ဘဒ္ဒန္တကဝိန္ဒသည် မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ ဘေးသောင်ကျေးရွာ၌ အဖ ဦးမြမောင်+အမိ ဒေါ်မြညွန့်တို့မှ ၁၃၂၇ ခုနှစ်၊ တော်သလင်းလဆုတ် (၁၀) ရက်၊ တနင်္လာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

အသက် (၁၃)နှစ် အရွယ်တွင် မိဘများက အပ်နှံကြသဖြင့် ဖော်ပြပါ ဆရာတော်များထံတွင် ပညာရင်နို့ သောက်စို့သောအားဖြင့် အခြေခံကျမ်းစာများကို သင်ယူတတ်မြောက်ခဲ့ပါသည်။ ငါန်းဇွန်မြို့နယ်၊ ဘေးသောင်ရွာ၊ ရွာဦးကျောင်းဆရာတော် ဦးကုဿာစက္က၊ ပြင်ဦးလွင်မြို့၊ အောင်မြေ ဇေယျာကျောင်းတိုက်ဆရာတော် ဦးအာစိဏ္ဏ။

သက်တော် (၁၃) နှစ်အရွယ်တွင် ငါန်းဇွန်မြို့နယ်၊ ဘေးသောင်ကျေးရွာ၊ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တကုဿာစက္ကမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ငါန်းဇွန်မြို့နယ်၊ ဘေးသောင်ရွာ၊ ဦးမြမောင်+ဒေါ်မြညွန့်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

သက်တော် (၂၀) နှစ်သားအရွယ်ရှိရာ ၁၃၄၇-ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၁၀) ရက်နေ့၊ နံနက် (၉း၀၀)နာရီအချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ စည်ကားကျေးရွာ၊ ဝါးဘိုးရကျောင်းခဏ္ဍသိမ်၌ မန္တလေးတိုင်း၊ ဘေးသောင်ရွာဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုဿာစက္က မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ပြင်ဦးလွင်မြို့နယ်၊ စည်ကားကျေးရွာ၊ ဦးထွန်းရှိန်+ဒေါ်မြမေ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

အရှင်ကဝိန္ဒသည် ရှင်ရဟန်းဖြစ်ပြီးနောက် ဖော်ပြပါ ဆရာတော်များထံတွင် အထက်တန်းပညာရပ်များကို သင်ယူတတ်မြောက်ခဲ့ပါသည်။ မန္တလေးမြို့၊ ဘုရားကြီးတိုက် ဘဒ္ဒန္တကုသလာစာရာဘိဝံသ၊ မဟာနန္ဒိသေနာရာမတိုက် ဘဒ္ဒန္တသူရိယာဘိဝံသ၊ မစိုးရိမ်တိုက် ဘဒ္ဒန္တကောဝိဒါဘိဝံသ၊ မဟာဝိဇိတာရုံတိုက် ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ သင်ကြားစီမံဆရာတော်များနှင့် ပြင်ပပညာရှင်ဆရာကြီးများ။

အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ ဒက္ခိဏာရာမိက ဂဏဝါစက ပထမကျော်၊ သာသနတက္ကသီလ ဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ပါသည်။

၁၉၉၈-ခု ပြင်ဦးလွင်မြို့နယ် အခြေပြုမူလတန်း စာစစ်အဖွဲ့ဝင်၊ ၁၉၉၉-ခု မန္တလေးတိုင်း ပါဠိပထမပြန် စာမေးပွဲ ပထမငယ်တန်း စာစစ်အဖွဲ့ဝင်တာဝန်တို့ကို ထမ်းဆောင်ခဲ့ပါသည်။

ဘဒ္ဒန္တကဝိန္ဒသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၏ သုတ္တန္တမဟာဌာန၌ နည်းပြတာဝန်ကို ၁၁-၁၂-၁၉၉၆ နေ့တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

သုတ္တန္တပိဋကမဟာဌာန

**နည်းပြဆရာတော်**

**ဘဒ္ဒန္တဥတ္တရ (စစ်ကိုင်း)**

ဘဒ္ဒန္တဥတ္တရသည် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ဆင်တပ်ကျေးရွာ၌၊ အဖဦးပွကြီး+ အမိ ဒေါ်မြကြည်တို့မှ ၁၃၂၅ ခုနှစ်၊ တပို့တွဲလဆန်း(၁၃)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

အသက်(၇)နှစ်အရွယ်တွင် မိဘများက အပ်နှံသဖြင့် ဖော်ပြပါဆရာတော်များထံတွင် ပညာရည်နို့ သောက်စို့သောအားဖြင့် အခြေခံကျမ်းစာများကို သင်ယူတတ်မြောက်ခဲ့ပါသည်။ ဘဒ္ဒန္တဝါသဝ၊ ဆင်တပ်ရွာ၊ ဓမ္မရက္ခိတကျောင်းတိုက်။ ဘဒ္ဒန္တပဏ္ဍိတ၊ အနန္တသူရိယကျောင်းတိုက် စစ်ကိုင်းတောင်ရိုး၊ ဘဒ္ဒန္တဝီရိယ သီရိဟေမာကျောင်းတိုက် စစ်ကိုင်းတောင်ရိုး။

အသက်(၉)နှစ်အရွယ်တွင် စစ်ကိုင်းမြို့နယ်၊ ကုန်းရွာကျေးရွာ၊ပုဗ္ဗာရုံကျောင်း၊ ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍၊ စစ်ကိုင်းမြို့နယ် ကုန်းကျေးရွာ ဦးဖုန်းကျော်+ ဒေါ်နက်မြိုင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

အသက်(၂၀)အရွယ်တွင် ၁၃၄၅-ခုနှစ်၊ သီတင်းကျွတ်လဆန်း(၁၂)ရက်၊ အင်္ဂါနေ့ နံနက်(၇)နာရီ (၂၀)မိနစ်၊ အချိန်၌ စစ်ကိုင်းမြို့နယ် ထုံးဘိုရပ်ကွက်၊ သီရိဟေမာကျောင်း၊ ခဏ္ဍသိမ်၌ စစ်ကိုင်းတောင်ရိုး အနန္တသူရိယ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကိုယ်မင်းကိုယ်ချင်းရပ်ကွက် ဒေါ်ရင်မေ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

အရှင်ဥတ္တရသည် ရှင်ရဟန်းဖြစ်ပြီးနောက် ဖော်ပြပါဆရာတော်များထံတွင် အထက်တန်း ပညာရပ်များကို သင်ယူတတ်မြောက်ခဲ့ပါသည်။ ဘဒ္ဒန္တပဏ္ဍိတ အနန္တသူရိယကျောင်းတိုက် စစ်ကိုင်းမြို့၊ ဘဒ္ဒန္တဝီရိယ သီရိဟေမာ ကျောင်းတိုက် စစ်ကိုင်းမြို့၊ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ၊ ဘဒ္ဒန္တဝိမလ၊ မစိုးရိမ်တိုက်သစ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး)မှ သင်ကြားစီမံဆရာတော်များထံ ပညာသင်ယူပြီး-

မူလတန်း၊ ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ သာသနတက္ကသီလဓမ္မာစရိယ (B.A.; Buddhism) သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A; Buddhism) စာမေးပွဲများကို အောင်မြင်ခဲ့ပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်(မန္တလေး)၌ ၂၀၀၃-ခုနှစ်မှစ၍ ၂၁-၁-၂၀၀၇ နေ့အထိ သုတ္တန္တ ပိဋကမဟာဌာန၌ နည်းပြတာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

သုတ္တန္တပိဋကမဟာဌာန

**နည်းပြဆရာတော်**

**ဘဒ္ဒန္တဇနက**

ဘဒ္ဒန္တဇနကသည် မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ဆုံကုန်းရွာ၊ အဖ ဦးကြည်လုံး+ အမိ ဒေါ်သန်းရင်တို့မှ ၁၃၃၄ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁)ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

အသက်(၉)နှစ် အရွယ်တွင် မိဘများက အပ်နှံသဖြင့် ဖော်ပြပါ ဆရာတော်များထံတွင် ပညာရင်နို့ သောက်စို့ သောအားဖြင့် အခြေခံ ကျမ်းစာများကို သင်ယူတတ် မြောက်ခဲ့သည်။ တောင်သာမြို့နယ်၊ ခါတက်ကုန်း ကျေးရွာအုပ်စု၊ ဆုံကုန်းရွာကျောင်း ဆရာတော်ဘဒ္ဒန္တဥတ္တရ။

သက်တော်(၁၀)နှစ် အရွယ်တွင် တောင်သာမြို့နယ်၊ ဆုံကုန်းရွာကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တရမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ တောင်သာမြို့နယ်၊ ဆုံကုန်းရွာ၊ ဦးကြည်လုံး+ဒေါ်သန်းရင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

သက်တော်(၂၀)နှစ်သားအရွယ်ရှိရာ ၁၃၅၄-ခုနှစ်၊ ဝါဆိုလဆန်း(၁၀)ရက်၊ ကြာသပတေးနေ့၊ နံနက်(၉)နာရီ၊ (၅၀)မိနစ်အချိန်၌ တောင်သာမြို့နယ်၊ ဆုံကုန်းရွာကျောင်းတိုက် ခဏ္ဍသိမ်၌ ခါတတ်ကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာဂဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ တောင်သာမြို့နယ်၊ ဆုံကုန်းရွာ ဦးကြည်လုံး+ဒေါ်သန်းရင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

အရှင်ဇနကသည် ရှင်ရဟန်းဖြစ်ပြီးနောက် ဖေါ်ပြပါ ဆရာတော်များထံတွင် အထက်တန်း ပညာရပ်များကို သင်ယူတတ်မြောက်ခဲ့ပါသည်။ ပဲခူးမြို့၊ ကြခတ်ဝိုင်းကျောင်းတိုက်ဆရာတော်၊ မြင်းခြံမြို့၊ တန်ဆောင်ကြီး ကျောင်း တိုက်ဆရာတော်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ သင်ကြားစီမံဆရာတော်များထံ ပရိယတ္တိပညာများကိုသင်ယူခဲ့ပြီး အစိုးရပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ အစိုးရစာချတန်း(ပါရာဇိကဏ်၊ သီလက္ခန်ကျမ်းစွဲ)၊ သာသနတက္ကသီလဓမ္မာစရိယ (B.A, Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A, Buddhism) စာမေးပွဲများကို အောင်မြင်ခဲ့ပါသည်။

ဘဒ္ဒန္တဇနကသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) သုတ္တန္တပိဋကမဟာဌာန၌ နည်းပြ တာဝန်ကို ၂၀-၈-၂၀၀၃ နေ့တွင် စတင်ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
သုတ္တန္တပိဋကမဟာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တ ဉတ္တရ (ချောက်)**

ဘဒ္ဒန္တဉတ္တရသည် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ ရွှေတွင်းကုန်းရပ်ကွက်၊ အဖဦးသောင်းစိန် + အမိ ဒေါ်ကြင်စိန်တို့မှ ၁၃၃၀- ခုနှစ်၊ ပြာသိုလပြည့်ကျော်(၁၀)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်ပါသည်၊

ဘဒ္ဒန္တဉတ္တရသည် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အေးစေတီရပ်ကွက်၊ စလင်းကျောင်းဆရာတော် ဘဒ္ဒန္တမေဓိယမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍၊ ချောက်မြို့၊ ရွှေတွင်းကုန်းရပ်ကွက်၊ ဦးသောင်းစိန် + ဒေါ်ကြင်စိန်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တဉတ္တရသည် ၁၃၅၀ ခုနှစ်၊ တပေါင်းလဆန်း(၆)၊ တနင်္ဂနွေနေ့၊ နံနက်(၈) နာရီ(၃၃)မိနစ် အချိန်၌ ချောက်မြို့၊ စလင်းကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ပဓာနနာယကဆရာတော် ဘဒ္ဒန္တမေဓိယ(အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြု၍ ချောက်မြို့၊ ဗဟိုကွက်သစ်ရပ်ကွက် ဦးလှအေး + ဒေါ်မြင့်မြင့်ဝင်း မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တဉတ္တရသည် ချောက်မြို့၊ စလင်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တမေဓိယ နှင့် စာချဆရာတော်များ၊ ပြည်မြို့၊ ဇေတဝန်ကာရုံကျောင်းတိုက်။ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)တို့၌ ပညာများဆည်းပူးခဲ့ပြီး၊ ချောက်မြို့ ဝိနယာဓိကစာမေးပွဲ ငယ် (တတိယ) လတ်(ပထမ)၊ ကြီး(ပထမ)။ အစိုးရပထမငယ်၊ လတ်၊ ကြီး၊ သာသနတက္ကသီလဓမ္မာစရိယတန်း၊ သာသနတက္ကသီလ မဟာဓမ္မာစရိယတန်းစာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ (B.A.; Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A.; Buddhism)ဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တဉတ္တရသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၏ သုတ္တန္တပိဋကမဟာဌာန၌ နည်းပြတာဝန်နှင့် အဆောင်မှူးတာဝန်ကို (၂၀၀၃)ခုနှစ်မှ ယနေ့ထိ ထမ်းဆောင်ဆဲဖြစ်ပါသည်။ ယင်းတာဝန်များကို ထမ်းဆောင်ရင်း သာသနာ့တက္ကသိုလ်ဝင်ခွင့်သင်တန်းကို သင်ကြားပေးခြင်း၊ တရားဒေသနာများ ဟောကြားခြင်း ဖြင့် သာသနာတော်အတွက် ဆောင်ရွက်လျက်ရှိပါသည်။

ရေးသားခဲ့သောကျမ်းစာများမှာ-

- ကုလဒူသကသိက္ခာပုဒ်ကိုလေ့လာခြင်း (တက္ကသီလဓမ္မာစရိယဘွဲ့ယူစာတမ်း)
- အမျိုးသမီးများအပေါ်ထားရှိသော ဗုဒ္ဓဘာသာ၏သဘောထား (တက္ကသီလမဟာဓမ္မာစရိယ ဘွဲ့ယူစာတမ်း)
- ကထိန်လင်းရောင်ခြည် (ကထိန်အကြောင်းသိကောင်းစရာ) (၂၀၀၅)
- အိမ်တက်မင်္ဂလာနှင့် အိမ်တွင်းသာသနာ (၂၀၀၈)
- ဝင်ခွင့်အလင်းရောင် (၂၀၁၀)တို့ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

သုတ္တန္တပိဋကမဟာဌာန

**နည်းပြဆရာတော်**

**ဘဒ္ဒန္တဃောသိတ**

ဘဒ္ဒန္တဃောသိတသည်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်၊ ဝရာကျေးရွာ၌ အဖဦးခင်မောင်+အမိဒေါ်တင်ပိုတို့မှ ၁၃၃၁-ခုနှစ် တန်ဆောင်မုန်းလဆန်း(၁)ရက် တနင်္လာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သောသားရတနာဖြစ်ပါသည်၊

အသက်(၁၃)နှစ်အရွယ်တွင် မိဘများကအပ်နှံသဖြင့် ဖော်ပြပါဆရာတော်များထံတွင် အခြေခံကျမ်းစာများကို သင်ယူတတ်မြောက်ခဲ့ပါသည်။ ကနီမြို့နယ် ဝရာရွာ သာသနသိပ္ပံကျောင်းဆရာတော် အရှင်အာလောက၊ မုံရွာမြို့ ဇမ္ဗူရောင်ခြည်ကျောင်းဆရာတော် အရှင်ပညာဝံသ၊ မန္တလေးမြို့ မဟာမြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အရှင်သဒ္ဓနသာရနှင့် စာချဆရာတော်များ။

အသက်(၁၃)နှစ်အရွယ်တွင် ကနီမြို့နယ်၊ ဝရာကျေးရွာ၊ သာသနာ့သိပ္ပံကျောင်းဆရာတော် ဘဒ္ဒန္တအာလောကမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍၊ ကနီမြို့နယ်၊ ဝရာကျေးရွာ ဦးခင်မောင်+ဒေါ်တင်ပိုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

အသက်(၂၁)အရွယ်တွင် ၁၃၅၃-ခုနှစ်၊ ကဆုန်လဆုတ်(၈)ရက်၊ တနင်္ဂနွေနေ့၊ နံနက် (၇း၁၇)နာရီအချိန်၌ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့် ဧကရာဇ်ရပ်ကွက်၊ ပုဗ္ဗာရုံကျောင်း ခဏ္ဍသိမ်၌၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ် ဝရာသာသနသိပ္ပံကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တအာလောက မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့် ဧကရာဇ်ရပ်ကွက် ဦးသက်ဆွေ+ဒေါ်ကြင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

အရှင်ဃောသိတသည် ရှင်ရဟန်းဖြစ်ပြီးနောက် ဖော်ပြပါဆရာတော်များထံတွင် အထက်တန်းပညာရပ်များကို သင်ယူတတ်မြောက်ခဲ့ပါသည်။ မန္တလေးမြို့ မဟာမြိုင်ကျောင်းတိုက်၊ ပဓာနနာယက ဆရာတော်နှင့် စာချဆရာတော်များ၊ ရန်ကုန်မြို့မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ဆရာတော် အရှင်ကောဏ္ဍညနှင့် တိပိဋကဃောဆရာတော်၊ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် အရှင်မုနိန္ဒာဘိဝံသ နှင့် အရှင်ကုဝေရာဘိဝံသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ သင်ကြားစီမံဆရာတော်များထံ ပညာသင်ယူပြီး အစိုးရမူလတန်း၊ ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ သာမဏေကျော်သီဟစာမေးပွဲ ပထမဆင့် ဒုတိယဆင့်၊ သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလဓမ္မာစရိယ (B.A.; Buddhism) သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A.; Buddhism) စာမေးပွဲများကို အောင်မြင်ခဲ့ပါသည်။

ဘဒ္ဒန္တဃောသိတ သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၏ သုတ္တန္တပိဋကမဟာဌာန၌ နည်းပြတာဝန်ကို ၁၅-၉-၂၀၀၅နေ့မှစ၍ ယနေ့ထိ ထမ်းဆောင်ဆဲဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
သုတ္တန္တပိဋကမဟာဌာန
**တွဲဖက် ပါမောက္ခ**
**ဆရာကြီးဦးရွှေ**

ဆရာဦးရွှေသည် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပတ်ကုံးဝန်းကျင်ရပ်ကွက်၊ အဖ ဦးပိန်းရင် အမိဒေါ်အေးရင်တို့မှ ၁၉၃၃-ခုနှစ်၊ မေလ (၅)ရက် ကြာသပတေးနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

၁၉၅၂-ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ (၁၀)တန်းကို အောင်မြင်ခဲ့ပါသည်။

၁၉၅၇-ခုနှစ်တွင် ဝိဇ္ဇာဘွဲ့(ပါဠိ)ကို ရရှိခဲ့ပါသည်။

၁၉၇၀-ခုနှစ်တွင် မဟာဝိဇ္ဇာ(ပါဠိ)ဘွဲ့ကို ရရှိခဲ့ပါသည်။

မန္တလေးတက္ကသိုလ်တွင် ၁၉၅၇-ခုနှစ်မှ ၁၉၆၂-ခုနှစ်အထိ(လက်ထောက်ကထိက)

မကွေးကောလိပ်တွင် ၁၉၆၂-မှ ၁၉၆၃-ထိ (လက်ထောက်ကထိက)

မန္တလေးတက္ကသိုလ်တွင် ၁၉၆၃-မှ ၁၉၇၃-ထိ(ကထိကနှင့် တွဲဖက်ပါမောက္ခ)

ပုသိမ်၊ မကွေးကောလိပ်တို့တွင် ၁၉၈၅-ထိ၊ (ကထိကနှင့် တွဲဖက်ပါမောက္ခ) နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

ဦးရွှေသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) သုတ္တန္တပိဋကမဟာဌာန၌ တွဲဖက်ပါမောက္ခ တာဝန်ကို ၁၉၈၆-ခု၊ စက်တင်ဘာလမှစ၍ ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

သုတ္တန္တပိဋကမဟာဌာန

## တွဲဖက် ပါမောက္ခ

## ဆရာဦးခင်မောင်ညို

ဆရာဦးခင်မောင်ညိုသည် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ လက်ပန်တောကျေးရွာ၌ အဖ ဦးတိုးမောင်+ အမိ ဒေါ်ကုလားမတို့မှ ၁၃၁၈-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၃)ရက်၊ တနင်္လာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

အသက် (၆)နှစ် အရွယ်တွင် မိဘများက အပ်နှံကြသဖြင့် ဖော်ပြပါ ဆရာတော်များထံတွင် အခြေခံကျမ်းစာများကို သင်ယူတတ်မြောက်ခဲ့ပါသည်။ ဆရာတော် ဦးသုနန္ဒ၊ ဦးဝိမလ၊ ဦးဝါသဝ ကိုင်းပြင်ရွာ၊ သုံးထပ်ကျောင်း။

ဆရာဦးခင်မောင်ညိုသည် ဖော်ပြပါဆရာတော်များထံတွင် အထက်တန်းပညာရပ်များကို သင်ယူတတ်မြောက်ခဲ့ပါသည်။ ချောင်းဦးမြို့၊ မဟာဓမ္မာရုံဆရာတော် အမှူးပြုသော ဆရာတော်များ၊ မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော်များ၊ မစိုးရိမ်တိုက်ဟောင်းမှ နာယကဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ သင်ကြားစီမံဆရာတော်များနှင့် ပြင်ပပညာရှင်ကြီးများထံ ပညာသင်ယူခဲ့သည်။

ချောင်းဦးမြို့ သာသနဟိတကာရီစာမေးပွဲ၌ မူလတန်း(ပဌမ)၊ အငယ်တန်း(ပဌမ)၊ အလတ်တန်း (ပဌမ)၊ ရွှေဘိုဝိနယကောသလ္လစာတော်ပြန်ပွဲ ငယ်၊ လတ်၊ ကြီး၊ အစိုးရပထမပြန် စာမေးပွဲ ငယ်(တစ်နိုင်ငံလုံး ဒုတိယ)၊ လတ်၊ ကြီး၊ သာသနဓဇဓမ္မာစရိယ၊ ရန်ကုန်-မန္တလေး မိုးကုတ်နိကာယ စာမေးပွဲ၌ ပါရာဇိကဏ်ပါဠိတော်၊ သာသနတက္ကသီလမဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ပါသည်။

ဆရာဦးခင်မောင်ညိုသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) သုတ္တန္တပိဋကမဟာဌာန၌ နည်းပြတာဝန်နှင့် ကထိကတာဝန်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

ဆရာဦးခင်မောင်ညိုသည် ယခုအခါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) သုတ္တန္တပိဋက မဟာဌာန၌ တွဲဖက်ပါမောက္ခတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်

(မန္တလေး)

# အဘိဓမ္မပိဋကမဟာဌာန၌

# တာဝန်ထမ်းဆောင်ပြီး/ထမ်းဆောင်ဆဲ

# ဆရာများ၏

အတ္ထုပ္ပတ္တိအကျဉ်း



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
အဘိဓမ္မပိဋကမဟာဌာန၊
**ပါမောက္ခ/ဌာနမှူးဆရာတော်**
**ဘဒ္ဒန္တဥတ္တမ**

ဘဒ္ဒန္တဥတ္တမသည် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ မောက်ရွာ၌ အဖ ဦးကြွယ်အုပ် အမိဒေါ်စိုးခန့်တို့မှ ၁၃၁၆-ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၁၄)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တဥတ္တမသည် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ မောက်ရွာ၊ မောက်ရွာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာဒိကမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ မောက်ရွာ၊ ဦးကြွယ်အုပ်+ ဒေါ်စိုးခန့်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ဝင်ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တဥတ္တမသည် ၁၃၃၅-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၀)ရက်၊ တနင်္လာနေ့၊ နံနက်(၇)နာရီ၊ (၃၅)မိနစ် အချိန်၌ ဂန့်ဂေါမြို့နယ်၊ မောက်ရွာ၊ မောက်ရွာကျောင်းတိုက် ခဏ္ဍသိမ်၌ ရွှေတောင်ရွာ၊ ရွှေတောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာရဒမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဂန့်ဂေါမြို့နယ်၊ မောက်ရွာ၊ ဦးချစ်မောင်+ဒေါ်ပုတို၊ ဦးနွားမော်+ ဒေါ်ခင်အေးမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တဥတ္တမသည် မုံရွာမြို့ မဟာဇောတိကာရာမတိုက် စာချဆရာတော်များ၊ မန္တလေးမြို့ ဘုရားကြီးတိုက်၊ နယားကျောင်းဆရာတော်၊ ပုခန်းကျောင်းဆရာတော်၊ ဦးဇာဂရကြီးကျောင်းဆရာတော်၊ ရတနာမဏ္ဍူကျောင်း ဆရာတော်၊ ပေါက်မြိုင်ကျောင်းဆရာတော်၊ ထီးလင်းတိုက် ဇောတိကကျောင်းဆရာတော်တို့အထံ၌ ပညာများ ဆည်းပူးခဲ့ပြီး ပါဠိပထမပြန်စာမေးပွဲ ငယ်, လတ်, ကြီး, သာသနဓဇမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A. (Buddhism) ဘွဲ့၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့များရရှိခဲ့ပါသည်။

ဘဒ္ဒန္တဥတ္တမသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ၌ ၁၈-၇-၈၉ တွင် ပါဠိစာပေဌာန၌ နည်းပြတာဝန်၊ ၂၈-၁-၉၆ တွင် ပါဠိစာပေဌာန၌ ကထိကတာဝန်၊ ၂၂-၂-၂၀၀၀ တွင် အဘိဓမ္မပိဋကမဟာဌာန၌ ပါမောက္ခ/ဌာနမှူးတာဝန်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

ဘဒ္ဒန္တဥတ္တမသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) အဘိဓမ္မပိဋကမဟာဌာန၌ ပါမောက္ခ/ဌာနမှူးတာဝန်ကို ယခုအချိန်ထိ ထမ်းဆောင်လျက်ရှိပါသည်။

ရေးသားခဲ့သောကျမ်းမှာ -

- သဒ္ဒါနှင့်ပညာအကြောင်းကိုလေ့လာခြင်း ကျမ်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
အဘိဓမ္မပိဋကမဟာဌာန

**ကထိကဆရာတော်**

# ဘဒ္ဒန္တသုဇန

ဘဒ္ဒန္တသုဇနသည် မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ကျွဲတပ်ကျေးရွာ၌ အဖဦးစံကွန့်+အမိဒေါ်ငယ်လေးတို့မှ ၁၃၀၁-ခုနှစ်၊ တပေါင်းလဆန်း(၈)ရက်၊ သောကြာနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တသုဇနသည် ၁၃၁၁-ခုနှစ်၊ တပေါင်းလဆန်း(၈)ရက်နေ့တွင် ဝမ်းတွင်းမြို့နယ်၊ ကျွဲတပ်ကျောင်းဆရာတော် ဘဒ္ဒန္တဉာဏကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိ ခဲ့သည်။

ဘဒ္ဒန္တသုဇနသည် ၁၃၂၁-ခုနှစ်၊ ပြာသိုလဆန်း(၁၅)ရက်၊ သောကြာနေ့ နံနက်(၈)နာရီအချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ ဣန္ဒြိယာရာမရွှေဂူပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ဣန္ဒြိယာရာမရွှေဂူပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဣန္ဒြိယ မဟာထေရ်ကို ဥပဇ္ဈာယ်ပြုလျက် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ ဒေါ်တင်၊ သမီး-ဒေါ်တင်မြတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တသုဇနသည် အောင်မြေသာစံမြို့နယ်၊ ဣန္ဒြိယာရာမရွှေဂူပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မြတောင်တိုက်ဆရာတော်၊ စစ်ကိုင်းတောင်ရိုး၊ ပဌာန်းသိပ္ပံဆရာတော်များထံတွင် ပညာများဆည်းပူးခဲ့ပြီး အစိုးရ ငယ်, လတ်, ကြီး, သာသနဓဇဓမ္မာစရိယ, ဒီဃနိကာယပါဠိပါရဂူ, တိပိဋက ဒီဃဘာဏက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တို့ ရရှိခဲ့ပါသည်။

ဘဒ္ဒန္တသုဇနသည် မန္တလေးမြို့၊ ဣန္ဒြိယာရာမရွှေဂူတိုက်နှင့် မဟာဝိဇယာရာမခင်မကန်တိုက်၊ နိုင်ငံတော်-ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၊ အဘိဓမ္မပိဋကမဟာဌာန၌ ကထိကတာဝန်ကို ၁၃၄၈-ခုနှစ်မှ ၁၃၄၉-ခုနှစ်အထိ ထမ်းဆောင်ခဲ့ပြီး ကုသိုလ်တော်ဘုရား၊ ကျောက်တော်ကြီးဘုရား၊ စန္ဒာမုနိဘုရား ဂေါပကအဖွဲ့ ဩဝါဒါ-စရိယ၊ မန္တလေးမြို့၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း အုပ်ချုပ်ရေးနာယကတာဝန်၊ တိုင်းသံဃနာယက-အကျိုးတော်ဆောင်တာဝန်များကိုထမ်းဆောင်လျက်ရှိပါသည်။

ဘဒ္ဒန္တသုဇနသည် မဟာဝိဇယာရာမခင်မကန်တိုက်၊ ပုဂံကျောင်းပဓာနနာယကဆရာတော်အဖြစ် သီတင်းသုံးနေထိုင်လျက် သာသနာ့တာဝန်များကို ဆက်လက်ထမ်းဆောင်လျက်ရှိပါသည်။

ရေးသားပြုစုခဲ့သောကျမ်းမှာ -

- ကစ္စာယနသုတ္တပယောဂသိဒ္ဓိ (ကာရကပိုင်း) ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

အဘိဓမ္မပိဋကမဟာဌာန

## ကထိကဆရာတော်

## ဘဒ္ဒန္တဇာဂရ

ဘဒ္ဒန္တဇာဂရသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ ရွာသစ်ရွာ၌ အဖဦးဘိုးစိန်+ အမိဒေါ်သန်းကြည်တို့မှ ၁၃၁၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၄)ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တဇာဂရသည် ခင်ဦးမြို့နယ်၊ ရွာသစ်ရွာ၊ မဏိသီခကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇဝန္တမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ခင်ဦးမြို့နယ်၊ ရွာသစ်ရွာ၊ ဒေါ်တင်ခ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တဇာဂရသည် ၁၃၃၃-ခုနှစ်၊ ကဆုန်လဆန်း(၁၄)ရက်နေ့၊ နံ နက်(၉)နာရီ အချိန်တွင် ခင်ဦးမြို့နယ်၊ ရွာသစ်ရွာ၊ ရွာသစ်ကျောင်း၊ မဏိသီခကျောင်းတိုက်၊ ခဏ္ဍသိမ်၌ မဏိသီခကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုဿောဘာသ(ဓမ္မာစရိယ)မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ ရွာသစ်ရွာ၊ ဦးဘိုးစိန်+ ဒေါ်သန်းကြည် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တဇာဂရသည် ရေဦးမြို့၊ ချမ်းသာကြီးပါဠိတက္ကသိုလ်၊ မန္တလေးမြို့၊ မြတောင်ကျောင်းတိုက်၊ မစိုးရိမ်တိုက်သစ်၊ တောင်ထီးလင်းတိုက်တို့၌ ပညာများဆည်းပူးခဲ့ပြီး အစိုးရမူလ, ငယ်, လတ်, ကြီး, သာသနဓဇဓမ္မာစရိယဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A(Buddhism)ဘွဲ့၊ ထီးလင်းတိုက်မှ ဆက်ကပ်သော သာသနဓဇဓမ္မာစရိယ သံဝဏ္ဏနတ္ထယဝေဒဂူဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ပဲခူးမြို့၊ သာသနာ့လင်းရောင်ခြည်ပရိယတ္တိစာသင်တိုက်၌ မူလတန်း၊ ငယ်၊ လတ်၊ ကြီး စာသင် သံဃာတော်များအား စာပေပို့ချသင်ကြားခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) အဘိဓမ္မပိဋကမဟာဌာန၌ ၁၃၅၄-ခုနှစ်မှ ၁၃၅၇-ခုနှစ်အထိ နည်းပြတာဝန်နှင့် ၁၃၅၇-ခုနှစ်မှ ၁၃၆၀-ခုနှစ်အထိ ကထိကတာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
အဘိဓမ္မပိဋကမဟာဌာန
**ကထိကဆရာတော်**
**ဘဒ္ဒန္တနန္ဒာစာရ**

ဘဒ္ဒန္တနန္ဒာစာရသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ လှိုက်တွင်းရွာ၊ အဖဦးဘိုးရှင်+ အမိ ဒေါ်သောင်းရွှေတို့မှ ၁၃၁၈-ခုနှစ်၊ တပေါင်းလဆုပ်(၈)ရက်၊ စနေနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တနန္ဒာစာရသည် ဒီပဲယင်းမြို့နယ်၊ လှိုက်တွင်းရွာ၊ လယ်ပြင်ကျောင်းဆရာတော် ဘဒ္ဒန္တဝိသိဋ္ဌမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဒီပဲယင်းမြို့နယ်၊ လှိုက်တွင်းရွာ၊ ဦးဘိုးရှင်+ ဒေါ်သောင်းရွှေတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ဝင်ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တနန္ဒာစာရသည် ၁၃၃၈-ခုနှစ်၊ တန်ခူးလဆန်း(၁၀)ရက်၊ နေ့လည်(၂)နာရီအချိန်၌ ဒီပဲရင်းမြို့နယ်၊ လှိုက်တွင်းရွာ၊ လယ်ပြင်ကျောင်းတိုက် ခဏ္ဍသိမ်၌ လယ်ပြင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိသိဋ္ဌ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ လှိုက်တွင်းရွာ၊ ဦးဘိုးရှင်+ဒေါ်သောင်းရွှေ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တနန္ဒာစာရသည် လယ်ပြင်ဆရာတော်၊ မုံရွာရွှေသိမ်တော်ဆရာတော်၊ မန္တလေး၊ ဝိသုဒ္ဓါရုံတိုက်သစ်၊ မစိုးရိမ်တိုက်သစ်၊ မစိုးရိမ်တိုက်ဟောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာများဆည်းပူး ခဲ့ပြီး အစိုးရ ငယ်, လတ်, ကြီး, သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhidm)၊ Ph.D အကြိုစာမေးပွဲ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဓမ္မာစရိယစာမေးပွဲတို့ကို အောင်မြင်ခဲ့ပြီး မဟာဂန္ထဝါစကပဏ္ဍိတ၊ ဝိသုဒ္ဓါရုံဝံသပါလဓမ္မာစရိယဘွဲ့များ ရရှိခဲ့ပါသည်။

ဘဒ္ဒန္တနန္ဒာစာရသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် နည်းပြတာဝန်ကို တစ်နှစ်ခွဲ ထမ်းဆောင်ခဲ့ပါသည်။ နန်းတော်ရှေ့၊ ဒေါနဘွားရပ်၊ ကျောင်းသားကျောင်းသူ တစ်ရာကျော်တို့အား ယဉ်ကျေးမှု သင်တန်းကိုရှစ်နှစ်၊ နန်းရှေ့၊ အတုမရှိတိုက်တွင် ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယစာဝါများကို(၁၅)နှစ်၊ သင်္ကြန်တွင်း၌ ယောဂီသုံးရာကျော်တို့အား (၁၀)နှစ်တိုင်တိုင် တရားစခန်းဖွင့်လှစ် ပြသပါသည်။

ဘဒ္ဒန္တနန္ဒာစာရသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၊ အဘိဓမ္မပိဋကမဟာဌာန၌ ၁၃၅၃-ခုနှစ်မှ ၁၃၆၃-ခုနှစ်အထိ နည်းပြတာဝန်၊ ၁၃၆၃-ခုနှစ်မှ ၁၃၇၂-ခုနှစ်(ယနေ့ထိ) ကထိကတာဝန်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

အဘိဓမ္မပိဋကမဟာဌာန

**ကထိကဆရာတော်**

**ဘဒ္ဒန္တစန္ဒာသိရီ**

ဘဒ္ဒန္တစန္ဒာသိရီသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဘုတ်ကုန်းကျေးရွာ အဖ ဦးစိန်အုတ်+အမိဒေါ်ပဲ တို့မှ ၁၃၃၀-ခုနှစ် ကဆုန်လပြည့်ကျော်(၁၀)ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တစန္ဒာသိရီသည် ကန့်ဘလူမြို့နယ် ဘုတ်ကုန်းကျေးရွာ ဒက္ခိဏာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မိကမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ဝင်ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တစန္ဒာသိရီသည် ၁၃၅၀-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၁၀)ရက် စနေနေ့ နေ့လည် (၁၂)နာရီ (၂၇)မိနစ်အချိန်၌ ကန့်ဘလူမြို့နယ် ဇီးကုန်းမြို့ ရွှေဖောင်ဦးကျောင်းတိုက် ခဏ္ဍသိမ်၌ ဇီးကုန်းမြို့ စိတ္တသုခကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ကန့်ဘလူမြို့နယ် ဇီးကုန်းမြို့ ဦးကျော်စိုး+ဒေါ်ရွှေအေး မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

အရှင်စန္ဒာသိရီသည် ကန့်ဘလူမြို့နယ်၊ ဘုတ်ကုန်းကျေးရွာ၊ ဒက္ခိဏာရာမတိုက်၊ ရွှေဖောင်ဦး ပရိယတ္တိစာသင်တိုက်၊ မန္တလေးမြို့ ရွှေရေးဆောင်တိုက်၊ ပဌာန်းဆရာတော်၊ မစိုးရိမ်တိုက်သစ် မစိုးရိမ်တိုက်ဟောင်းမှ ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)တို့၌ ပညာများ ဆည်းပူးခဲ့ပြီး အစိုးရ ငယ်, လတ်, ကြီး, သာသနတက္ကသီလဓမ္မာစရိယ (B.A.; Buddhism) ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A.; Buddhism) ဘွဲ့များ ရရှိခဲ့ပါသည်။

ဘဒ္ဒန္တစန္ဒာသိရီသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၌ အဆောင်မှူးတာဝန်များနှင့် အဘိဓမ္မပိဋကမဟာဌာန၌ ၁၃၆၃-ခုနှစ်မှ ၁၃၇၀-ခုနှစ်အထိ နည်းပြတာဝန်၊ ၁၃၇၀-ခုနှစ်မှ ယနေ့အချိန်ထိ ကထိကတာဝန်တို့ကို ထမ်းဆောင်လျက်ရှိပါသည်။ ယင်းတာဝန်များကို ထမ်းဆောင်ရင်း သာသနတက္ကသီလ ဓမ္မာစရိယတတိယနှစ်နှင့် စတုတ္ထနှစ်သင်တန်းသားများကို ကွန်ပျူတာအခြေခံပညာများ ပို့ချသင်ကြားပေးလျက် ရှိသည်။

ရေးသားပြုစုခဲ့သော ကျမ်းများမှာ

- လယ်တီသာသနာ(စာတမ်း)၊
- ဝိရတီစေတသိက်များလေ့လာချက်(ကျမ်း)တို့ ဖြစ်ပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) အဘိဓမ္မပိဋကမဟာဌာန၌ ကထိကတာဝန်ကို ယနေ့ထိ ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

အဘိဓမ္မပိဋကမဟာဌာန

## နည်းပြဆရာတော်

## ဘဒ္ဒန္တနန္ဒာစာရ

ဘဒ္ဒန္တနန္ဒာစာရသည် နေပြည်တော်ခရိုင်၊ တပ်ကုန်းမြို့နယ်၊ ထန်းတောကြီးကျေးရွာ၌ အဖ ဦးခြံ+ အမိ ဒေါ်စိန်ဥတို့မှ ၁၃၂၁ ခုနှစ်၊ ဝါဆိုလဆန်း (၇) ရက်၊ စနေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တနန္ဒာစာရသည် တပ်ကုန်းမြို့နယ်၊ ထန်းတောကြီးကျေးရွာ၊ ထန်းတောကြီးကျောင်းဆရာတော် ဘဒ္ဒန္တဝါယမမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ တပ်ကုန်းမြို့နယ်၊ ထန်းတောကြီးရွာ၊ ဦးချို+ဒေါ်စိန်ဥတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တနန္ဒာစာရသည် ၁၃၄၀-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၅)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၆း၁၅) နာရီအချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ မြို့သာကျေးရွာ၊ ဓမ္မဝေပုလ္လတောကျောင်း ခဏ္ဍသိမ်၌ မန္တလေးတိုင်းဒေသကြီး၊ ဓမ္မဝေပုလ္လတောကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြို့သာကျေးရွာ၊ ဒေါ်တင်မိ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

အရှင်နန္ဒာစာရသည် အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက် ကျမ်းပြုဆရာတော်နှင့် နာယကစာချဆရာတော်များ၊ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) တို့၌ ပညာများဆည်းပူးခဲ့ပြီး သာမဏေသကျော်ဘဟ ပထမဆင့်, ဒုတိယဆင့်, ငယ်, လတ်, ကြီး, သာသနာ့ဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A(Buddhism) ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တနန္ဒာစာရသည် အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်၌ စာဝါများပို့ချခဲ့ခြင်း၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ဂဏဝါစကအဖြစ်ဖြင့် ငယ်, လတ်, ကြီး စာမေးပွဲ မေးခွန်းထုတ်ခြင်း၊ စာစစ်ခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) အဘိဓမ္မပိဋကမဟာဌာန၌ နည်းပြတာဝန်ကို ၂-၁၂-၉၀ နေ့မှစ၍ (၂၀-၇-၉၆)ထိ ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
အဘိဓမ္မပိဋကမဟာဌာန

**နည်းပြဆရာတော်**

**ဘဒ္ဒန္တကုဏ္ဍာစက္က**

ဘဒ္ဒန္တကုဏ္ဍာစက္ကသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်၊ တောင်ပလ္လင်ရွာ အဖ ဦးမြတ်ကျော်+အမိ ဒေါ်ပြောင်းစိန်တို့မှ ၁၃၁၆-ခုနှစ်၊ ပြာသိုလပြည့်ကျော်(၈) ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တကုဏ္ဍာစက္ကသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်၊ တောင်ပလ္လင်အနောက်ကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ကနီမြို့နယ်၊ တောင်ပလ္လင်ရွာ၊ ဦးမြတ်ကျော်+ ဒေါ်ပြောင်းစိန်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ဝင်ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တကုဏ္ဍာစက္ကသည် ၁၃၃၉ ခုနှစ်၊ တပို့တွဲလဆန်း(၉)ရက်နေ့၊ နံနက်(၉း၁၅)နာရီအချိန်တွင် ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ မင်းရပ်ရပ်ကွက်၊ ရေတောင်ကျောင်းတိုက် ခဏ္ဍသိမ်၌ လက်ပံတန်းမြို့နယ်၊ မင်းရပ်ရပ်ကွက်၊ မြစ်ကွေ့ကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍလမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ လက်ပံတန်းမြို့၊ သမစိတ္တရပ်ကွက်၊ ဦးမောင်ဆင့်+ ဒေါ်တင်ရွှေ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟ ကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တကုဏ္ဍာစက္ကသည် ရွှေတောင်ကျောင်းတိုက်၊ လက်ပံတန်းမြို့၊ ညောင်တုန်းကျောင်းတိုက်၊ ဗဟန်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်မြို့)တို့၌ ပညာများဆည်းပူးခဲ့ပြီး အစိုးရ စတုတ္ထတန်းစာမေးပွဲ၊ အဘိဓမ္မာစာမေးပွဲ၊ ပ၊ ဒု၊ တ သုံးဆင့်၊ ဂုဏ်ထူးဆောင် စာမေးပွဲ၊ ပ၊ ဒု၊ တ သုံးဆင့်၊ အစိုးရငယ်, လတ်, ကြီး, သာသနဓဇဓမ္မာစရိယဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A(Buddhism)ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တကုဏ္ဍာစက္ကသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) အဘိဓမ္မပိဋကမဟာဌာန၌ နည်းပြတာဝန်ကို ၁၃၅၈-ခုနှစ်မှ ၁၃၆၀-ခုနှစ်အထိ ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

အဘိဓမ္မပိဋကမဟာဌာန

## နည်းပြဆရာတော်

## ဘဒ္ဒန္တစက္ကပါလ

ဘဒ္ဒန္တစက္ကပါလသည် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ မီးလောင်ကျွန်းကျေးရွာ၌ အဖဦးသီခ+ အမိ ဒေါ်သိန်းရင် တို့မှ ၁၃၁၆-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၇)ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တစက္ကပါလသည် ရေစကြိုမြို့နယ်၊ ချင်းယားကျေးရွာ၊ ချင်းယားကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရေစကြိုမြို့နယ်၊ ချင်းယားရွာ၊ ဦးရိုန်+ ဒေါ်တင်ညွန့်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တစက္ကပါလသည် ၁၃၃၆-ခုနှစ်၊ ဝါဆိုလဆန်း(၈)ရက်နေ့၊ နံနက်(၈)နာရီအချိန်တွင် ရေစကြိုမြို့နယ်၊ မီးလောင်ကျွန်းရွာ၊ ကမ်းနားကျောင်း၊ ခဏ္ဍသိမ်၌ မကွေးကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဥတ္တမမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့၊ အင်းဘဲကြီးရပ်၊ ဦးပုတိုး+ဒေါ်အေးနွယ် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟ ကိုခံယူပြီး ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တစက္ကပါလသည် ရေစကြိုမြို့၊ သူဌေးတိုက်၊ သီရိမင်္ဂလာစာချကျောင်း၊ အမရပူရမြို့၊ မဟာဂန္ဓာရုံတိုက်၊ စာချဆရာတော်များ၊ မစိုးရိမ်တိုက်သစ်စာချဆရာတော်များ၊ စစ်ကိုင်းမြို့၊ သဒ္ဓမ္မောဒယဆရာတော်၊ မိုးကောင်းတိုက်၊ ညောင်ရမ်းပါဠိတက္ကသိုလ်၊ ဒေးဝန်းဆရာတော်၊ ချမ်းသာကြီးတောင်တိုက် ဦးဇောတိကာဘိဝံသ စသော ဆရာတော်များထံတွင် ပညာများဆည်းပူးခဲ့ပြီး အစိုးရငယ်၊ လတ်၊ ကြီး၊ အစိုးရစာချတန်း၊ ပရိယတ္တိသာသနဟိတ သက္ယသီဟစာသင်တန်း၊ ရေစကြိုမြို့၊ သီရိမင်္ဂလာပရိယတ္တိဉာဏ်ရည်ချွန်ဘွဲ့၊ မန္တလေးမြို့၊ ညောင်ရမ်း ပရိယတ္တိ သဒ္ဓမ္မမာမက အာဒိကမ္မိက ဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယဘွဲ့တံဆိပ်များကို ရရှိခဲ့ပါသည်။

ရဟန်း(၁၀)ဝါရသည်အထိ သက္ယသီဟစာချတန်းစာဝါများကို သင်ယူခဲ့ခြင်း၊ မန္တလေးမြို့၊ မိုးကောင်း တိုက်၊ ညောင်ရမ်းပါဠိတက္ကသိုလ်၌ အကြိုတန်း စာချတန်းစာဝါများကို ပို့ချခဲ့ခြင်း၊ မန္တလေးမြို့၊ ဣန္ဒာသယ ပရိယတ္တိစာသင်တိုက်ကြီးကို ဦးစီးဦးကိုင်ပဓာနပြု၍ ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယစာဝါများကို ပို့ချခဲ့ခြင်း၊ မလွှန်ဆန်လှူအသင်းကြီး၌ တရားဟောပြသခြင်းစသော သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) အဘိဓမ္မပိဋကမဟာဌာန၌ နည်းပြတာဝန်ကို ၁၃၅၇-ခုနှစ်မှ ၁၃၆၀-ခုနှစ်အထိ ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
အဘိဓမ္မပိဋကမဟာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တသောဘိတ**

ဘဒ္ဒန္တသောဘိတသည် မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ခင်ကြီးရွာ၊ အဖ ဦးထွန်းဆိုင်+အမိ ဒေါ်တင်သန်းတို့မှ ၁၃၂၈-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်(၁၁)ရက်၊ သောကြာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တသောဘိတသည် မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ခင်ကြီးရွာ၊ မြောက်ကျောင်းဆရာတော် ဘဒ္ဒန္တဝါသဝါဘိဝံသ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဝမ်းတွင်းမြို့နယ်၊ ခင်ကြီးရွာ ဦးထွန်းဆိုင် + ဒေါ်တင်သန်းတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တသောဘိတသည် ၁၃၄၇-ခုနှစ်၊ တန်ဆောင်မုန်းလဆုပ် (၁၅) ရက်နေ့၊ နံနက် (၈း၃၅) နာရီအချိန်တွင် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ မြို့မအရှေ့ရပ်ကွက်၊ မင်းကျောင်း ခဏ္ဍသိမ်၌ မင်းကျောင်း ဆရာတော် ဘဒ္ဒန္တဝါယမ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဖြူးမြို့၊ ဈေးရက်ကွက်၊ ဦးအစစ်+ဒေါ်အုံးကြည် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

အရှင်သောဘိတသည် မင်းကျောင်းစာသင်တိုက်၊ ဖြူးမြို့၊ သမတစာချကျောင်း၊ မြတောင်တိုက်၊ မန္တလေး၊ မဟာသွံ့သာရကျောင်း၊ အင်းစိန်၊ ရန်ကုန်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)တို့၌ ပညာများ ဆည်းပူးခဲ့ပြီး ငယ်, လတ်, ကြီး, သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism) သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A(Buddhism) ဘွဲ့ရရှိခဲ့ပါသည်။

ဘဒ္ဒန္တသောဘိတသည် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) အဘိဓမ္မပိဋကမဟာဌာန၌ ၁၃၆၀-ခုနှစ်မှ ၁၃၆၂-ခုနှစ်အထိ နည်းပြတာဝန်၊ အဆောင်မှူးတာဝန်များကိုထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
အဘိဓမ္မပိဋကမဟာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တက္ကသရိယ**

ဘဒ္ဒန္တက္ကသရိယသည် ရှမ်းပြည်နယ်၊ အောင်ပန်းမြို့နယ်၊ ညောင်ပင်ထောင်ကျေးရွာ၌ အဖ ဦးချစ်တော+အမိဒေါ်နိုင်တို့မှ ၁၃၂၆-ခုနှစ်၊ ဝါခေါင်လဆန်း (၁၅) ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သောသားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တက္ကသရိယသည် စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ ထန်းတောကုန်းကျေးရွာ၊ ဇေယျာသုခကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရှမ်းပြည်နယ်၊ အောင်ပန်းမြို့နယ်၊ ညောင်ပင်ထောင်ရပ်ကွက်၊ ဦးဘကြွယ်+ဒေါ်တင်မိတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ဝင်ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တက္ကသရိယသည် ၁၃၄၅-ခုနှစ်၊ သီတင်းကျွတ်လဆန်း(၈)ရက်နေ့တွင် ရမည်းသင်းမြို့နယ်၊ စံပြသိမ်ကုန်းကျေးရွာ၊ မဟ္ဘလိန္ဒာတိုက်ကျောင်း၊ အောင်မင်္ဂလာခဏ္ဍသိမ်၌ ရမည်းသင်းမြို့ သိမ်ဦး အရှေ့ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစက္ကာဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရှမ်းပြည်နယ်၊ အောင်ပန်းမြို့နယ်၊ ညောင်ပင်ထောင်ရပ်ကွက်၊ ဦးချစ်တော+ဒေါ်နိုင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

အရှင်က္ကသရိယသည် ရမည်းသင်းမြို့၊ စံပြသိမ်ကုန်း၊ မဟ္ဘလိန္ဒာစာသင်တိုက်၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ရန်ကုန်မြို့၊ ဗဟန်း၊ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာများဆည်းပူးခဲ့ပြီး အစိုးရ ငယ်, လတ်, ကြီး, သာသနဓဇဓမ္မာစရိယ, သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism)ဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A(Buddhism)ဘွဲ့ ရရှိခဲ့ပါသည်။

ဘဒ္ဒန္တက္ကသရိယသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) အဘိဓမ္မပိဋကမဟာဌာန၌ နည်းပြတာဝန်ကို ၁၃၆၁-ခုနှစ်မှ ၁၃၆၆-ခုနှစ်အထိ ထမ်းဆောင်ခဲ့ပါသည်။

ဘဒ္ဒန္တက္ကသရိယသည် ယခုအခါ ရှမ်းပြည်နယ်တောင်ပိုင်း၊ အောင်ပန်းမြို့၊ လွယ်မယ်ကျောင်းတိုက်၌ သီတင်းသုံးလျက် သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
အဘိဓမ္မပိဋကမဟာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တပဏ္ဍိတ**



ဘဒ္ဒန္တပဏ္ဍိတသည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ရွှေဒါးညောင်ထောက်ကျေးရွာ၌ အဖ ဦးထွန်းမောင်+အမိ ဒေါ်သိန်းတင်တို့မှ ၁၃၃၀-ခုနှစ်၊ တန်ခူးလပြည့်ကျော်(၁၃)ရက်၊ ကြာသပတေးနေ့တွင် မီးရှုးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တပဏ္ဍိတသည် ၁၃၄၉-ခုနှစ်၊ တန်ခူးလပြည့်ကျော်(၃)ရက်၊ အင်္ဂါနေ့နံနက် (၇)နာရီ (၂၄)မိနစ် အချိန်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ မရမ်းကျေးရွာ၊ မရမ်းကျောင်းတိုက် ဥဒကုက္ခေပသိမ်၌ ဒေးဒရဲမြို့နယ်၊ အဖောင်ကြီးကျေးရွာ၊ အဖောင်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တပညာသာမိ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဒေးဒရဲမြို့နယ်၊ မရမ်းဝကျေးရွာ၊ ဦးမျှင်+ဒေါ်ကျင်ဆိုင်၊ ဦးအေး+ဒေါ်ခင်စော သားသမီးတစ်စုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တပဏ္ဍိတသည် ရမည်းသင်းမြို့နယ်၊ ရွှေဒါး ကြံတိုင်းအောင် ဘဒ္ဒန္တဝိစိတ္တသာရ၊ ညောင်လေးပင်မြို့နယ်၊ ကြံခင်းရွာ ဘဒ္ဒန္တဇဋိလသိရီ၊ ပဲခူးမြို့၊ ကြခတ်ဝိုင်း ကျောင်းတိုက်ဆရာတော်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်ဆရာတော်၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး)တို့၌ ပညာများဆည်းပူးခဲ့ပြီး အစိုးရပထမပြန်စာမေးပွဲ ငယ်၊ လတ်၊ ကြီး၊ သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism)ဘွဲ့ ရရှိခဲ့ပါသည်။

ဘဒ္ဒန္တပဏ္ဍိတသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) အဘိဓမ္မပိဋကမဟာဌာန၌ နည်းပြတာဝန်ကို ၁၃၆၁-ခုနှစ်မှ ၁၃၆၂-ခုနှစ်အထိ ထမ်းဆောင်ခဲ့ပါသည်။

ဘဒ္ဒန္တပဏ္ဍိတသည် ယခုအခါ ရန်ကုန်မြို့၊ ထေရဝါဒဗုဒ္ဓတက္ကသိုလ်တွင် သီတင်းသုံးလျက် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးပြုလုပ် အားထုတ်တော်မူခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
အဘိဓမ္မပိဋကမဟာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တအဂ္ဂသာရ**

ဘဒ္ဒန္တအဂ္ဂသာရသည် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ် မိဖုရားကျေးရွာ၊ အဖဦးတင်ငွေ+အမိဒေါ်လှယုံ တို့မှ ၁၃၃၄-ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၉)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တအဂ္ဂသာရသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ် ကမ်းနီကျေးရွာ၊ သဒ္ဓမ္မဇောတိကာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇဝန မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍၊ ထီးချိုင့်မြို့နယ် ကမ်းနီကျေးရွာ၊ ဦးတင်ငွေ+ဒေါ်လှယုံ တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ဝင်ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တအဂ္ဂသာရသည် ၁၃၅၄-ခုနှစ်၊ နယုန်လပြည့်ကျော်(၄)ရက်၊ သောကြာနေ့ နံနက်(၈)နာရီ (၂၅)မိနစ်အချိန်၌ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်စွယ်ပွတ်ရပ်ကွက် တောင်ကျောင်းကြီးကျောင်း၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ပွဲကုန်းသိမ်၌ မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ အမရပူရမြို့နယ် ဆင်တိုက်တန်းရပ်ကွက် ဒေါ်ညွန့်ညွန့်စိန် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တအဂ္ဂသာရသည် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)တို့၌ ပညာများဆည်းပူးခဲ့ပြီး အစိုးရ မူလတန်း၊ ငယ်၊ လတ်၊ ကြီး၊ သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ သာသနတက္ကသီလဓမ္မာစရိယ (B.A.; Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A. Buddhism)ဘွဲ့ များရရှိခဲ့ပါသည်။

ဘဒ္ဒန္တအဂ္ဂသာရသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၌ အဆောင်(၁၇)မှူးတာဝန်၊ အဘိဓမ္မပိဋကမဟာဌာန၌ ၂၀၀၁-ခုနှစ်မှ ယနေ့အချိန်အထိ နည်းပြတာဝန်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ယင်းတာဝန်များကို ထမ်းဆောင်ရင်း တရားဟောကြားခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ရေးသားပြုစုခဲ့သော ကျမ်းများမှာ -

- ဗုဒ္ဓဝါဒီလမ်းစဉ်(စာတမ်း)၊
- ပိဋကတ်တော်လာ သာသနာတော်တိုးတက်၊ ဆုတ်ယုတ်ခြင်းအကြောင်း များကိုလေ့လာခြင်း(ကျမ်း)၊
- ဓမ္မာစရိယအနက်ပေးနည်းမှတ်စု
- Beginners' English Grammar တို့ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
အဘိဓမ္မပိဋကမဟာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တဝိစက္ခဏ (မုံရွာ)**

ဘဒ္ဒန္တဝိစက္ခဏသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ညောင်ပင်ရွာ၌ အဖဦးဘိုးသူ+ အမိ ဒေါ်လှမှီတို့မှ *၁၃၂၉-ခုနှစ်၊ သီတင်းကျွတ်လဆန်း(၈)ရက်၊ ဗုဒ္ဓဟူးနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော* သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တဝိစက္ခဏသည် မုံရွာမြို့နယ်၊ ညောင်ပင်ရွာ၊ ဓမ္မသာသနကျောင်း ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မုံရွာမြို့နယ်၊ ညောင်ပင်ရွာ၊ ဦးဘိုးသူ+ဒေါ်လှမှီတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ဝင်ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တဝိစက္ခဏသည် ၁၃၄၉-ခုနှစ်၊ ကဆုန်လဆန်း(၅)ရက်၊ နေ့လည်(၁၂)နာရီအချိန်၌ မုံရွာမြို့နယ်၊ ညောင်ပင်ရွာ၊ ဓမ္မသာသနကျောင်း၊ ခဏ္ဍသိမ်၌ မန္တလေးမြို့၊ မြတောင်တိုက်၊ ခေမာဝင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တခေမိကာဘိဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မုံရွာမြို့နယ်၊ ညောင်ပင်ရွာ၊ ဦးဘိုးသူ+ဒေါ်လှမှီ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တဝိစက္ခဏသည် မန္တလေးမြို့၊ မြတောင်တိုက်၊ ခေမာဝင်းကျောင်းဆရာတော် ဘဒ္ဒန္တခေမိကာဘိဝံသနှင့် ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)တို့၌ ပညာများဆည်းပူးခဲ့ပြီး အစိုးရ မူလတန်း, ငယ်, လတ်, ကြီး, ဓမ္မာစရိယတန်း (ပါရာဇိကဏ်ကျမ်းစွဲ)၊ ဝိနယာဓိကစာမေးပွဲ၊ သာမဏေငယ်,လတ်,ကြီးနှင့် ရဟန်းတော် ငယ်, လတ်, ကြီးစာမေးပွဲများ၊ သာသနတက္ကသိုလ်ဓမ္မာစရိယ B.A(Buddhism) သာသန- တက္ကသိုလ မဟာဓမ္မာစရိယ M.A (Buddhism)ဘွဲ့ ရရှိခဲ့ပါသည်။

ဘဒ္ဒန္တဝိစက္ခဏသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၌ အဆောင် (၁၀) အဆောင်မှူး တာဝန်၊ အဘိဓမ္မပိဋကမဟာဌာန၌ နည်းပြတာဝန်ကို ၁၃၆၅-ခုနှစ်မှ ယနေ့အချိန်ထိ ထမ်းဆောင်၍ တရားဒေသနာ ဟောကြားခြင်း၊ သင်္ကြန်အတွင်း ဒုလ္လသံဃာ အပါး(၈၀)ကျော်တို့အား (၇)နှစ်တိုင်တိုင် တရားဟောခြင်း၊ တရားပြခြင်းဖြင့် သာသနာတော်အတွက် ဆောင်ရွက်လျက်ရှိပါသည်။

ရေးသားပြုစုခဲ့သော ကျမ်းများမှာ -

- ကမ္မဝါဒကို လေ့လာခြင်း (စာတမ်း)
- ကထာဝတ္ထုကျမ်းကို လေ့လာခြင်း (ကျမ်း)တို့ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

အဘိဓမ္မပိဋကမဟာဌာန

## နည်းပြဆရာတော်

## ဘဒ္ဒန္တဝိစက္ခဏ (တန့်ဆည်)

ဘဒ္ဒန္တဝိစက္ခဏသည် စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ပေါက်တောရွာ၊ အဖဦးစိန်သော် + အမိ ဒေါ်မြကြည်တို့မှ ၁၃၃၈-ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၂)ရက်၊ ဗုဒ္ဓဟူးနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တဝိစက္ခဏသည် တန့်ဆည်မြို့နယ်၊ ပေါက်တောရွာကျောင်း ဘဒ္ဒန္တသူရိယမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ တန့်ဆည်မြို့နယ်၊ ပေါက်တောရွာ၊ ဦးစိန်သော်+ ဒေါ်မြကြည်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ဝင်ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တဝိစက္ခဏသည် ၁၃၅၈-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၇)ရက်၊ နေ့လည်(၁း၄၀)နာရီအချိန်၌ တန့်ဆည်မြို့နယ်၊ ပေါက်တောရွာကျောင်း၊ ခဏ္ဍသိမ်၌ တန့်ဆည်မြို့နယ်၊ ရွှေကူ(အရှေ့)ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုမင်္ဂလမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ တန့်ဆည်မြို့နယ်၊ ပေါက်တောရွာ၊ ဦးစိန်သော်+ဒေါ်မြကြည်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တဝိစက္ခဏသည် ပေါက်တောကျောင်း၊ တန့်ဆည်မြို့နယ်၊ မင်းကျောင်းစာသင်တိုက်၊ မြစ်သားမြို့။ မဟာဂန္ဓာရုံတိုက်၊ အမရပူရမြို့။ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာများ ဆည်းပူးခဲ့ပြီး အစိုးရ မူလတန်း, ငယ်, လတ်, ကြီး, အမရပူရမြို့နယ် လုံးဆိုင်ရာ ဝိနယမူလတန်း၊ သကျသီဟပထမဆင့်၊ အစိုးရနိကာယ် ဝိနယဝိဒူ၊ သာသနတက္ကသီလာဓမ္မာစရိယ B.A (Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism)ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တဝိစက္ခဏသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၏ အဘိဓမ္မပိဋကမဟာဌာန၌ နည်းပြတာဝန်ကို ၁၃၆၆-ခုနှစ်မှ ယနေ့အချိန်ထိ ထမ်းဆောင်ဆဲဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

အဘိဓမ္မပိဋကမဟာဌာန

**နည်းပြဆရာတော်**

**ဘဒ္ဒန္တသုနန္ဒ**

ဘဒ္ဒန္တသုနန္ဒသည် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ တောင်ရင်းရွာ၌၊ အဖ ဦးဖိုးတုတ်+အမိ ဒေါ်တင်ငယ်တို့မှ ၁၃၃၉-ခုနှစ်၊ တော်သလင်းလဆန်း(၄)ရက်၊ သောကြာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တသုနန္ဒသည် စစ်ကိုင်းမြို့နယ်၊ တောင်ရင်းရွာ၊ ရွှေဘုံသာကျောင်း၊ နိဂြောဓာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောဏ္ဍညသိရီ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ စစ်ကိုင်းမြို့နယ်၊ တောင်ရင်းရွာ ဦးဖိုးတုတ်+ဒေါ်တင်ငယ်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ဝင်ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တသုနန္ဒသည် ၁၃၅၉-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၄)ရက်၊ သောကြာနေ့၊ နံနက်(၇)နာရီ၊ (၅၂)မိနစ်၊ (၁၃)ဖဝါးအချိန်၌ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာရပ်ကွက်၊ ငွေးချိုတိုက်၊ ခဏ္ဍာသိမ်၌ မြတောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဒေါ်အမာကြည်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တသုနန္ဒသည် သိန်းသန်းရတနာစာချဆရာတော်၊ မေသက်ဘုရားသားဆရာတော်၊ ပတ္တမြားကျောင်းဆရာတော်၊ ပလိပ်အိုးရာဆရာတော်၊ နန်းရှေ့တိပိဋကရွှေဟင်္သာဆရာတော်၊ ဗိုလ်တက်ကုန်းရွာ၊ သိမ်ကုန်းတောင်ကျောင်းဆရာတော်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာများဆည်းပူးခဲ့ပြီး အစိုးရ မူလတန်း(မြို့နယ်တတိယ)။ အစိုးရ ငယ်, လတ်, ကြီး, သကျသီဟ ပထမဆင့်၊ သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism) သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism)ဘွဲ့ ရရှိခဲ့ပါသည်။

ဘဒ္ဒန္တသုနန္ဒသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) အဘိဓမ္မပိဋကမဟာဌာန၌ ၁၃၇၀-ခုနှစ်မှ ယနေ့အချိန်အထိ နည်းပြတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။ ယင်းတာဝန်များကို ထမ်းဆောင်ရင်း သတိပဋ္ဌာန်တရားပြခြင်း၊ တရားဟောပေးခြင်း၊ သင်္ကြန်ရက်များအတွင်း ဒုလ္လဘသံဃာ(၃၀)ကျော်နှင့် ယောဂီအပေါင်းတို့အား ၅-နှစ်ဆက်တိုက် သတိပဋ္ဌာန် တရားပြသပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) အဘိဓမ္မပိဋကမဟာဌာန၌ နည်းပြတာဝန်ကို ယနေ့ထိထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
အဘိဓမ္မပိဋကမဟာဌာန

## တွဲဖက်ပါမောက္ခ
## ဆရာကြီးဦးဘဆန်း

ဆရာကြီးဦးဘဆန်းသည် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ကဠနမဟီရပ်ကွက် အဖဦးအောင်စိုး + အမိ ဒေါ်သိန်းခတို့မှ မီးရှူးသန့်စင် ဖွားမြင်သောသားရတနာဖြစ်ပါသည်။

မူလတန်းမှ ဒသမတန်းထိ ဖားသားလဖုံး အထိမ်းအမှတ်ကျောင်း

ပထမနှစ်မှ စတုတ္ထနှစ်ထိ မန္တလေးတက္ကသိုလ်

ဂုဏ်ထူးတန်းနှင့် မဟာဝိဇ္ဇာတန်းများ မန္တလေးတက္ကသိုလ်

၁။ ဘီအေ ရွှေတံဆိပ်ရ (၁၉၅၈-၅၉)

၂။ အမ်အေ (၁၉၇၆-၇၇)

၁။ ဌာနမှူး၊ တွဲဖက်ပါမောက္ခ၊ မန္တလေးတက္ကသိုလ်၊ ပါဠိစာပေဌာန (၁၉၉၃-၉၅)

၂။ တွဲဖက်နာယက အဘိဓမ္မမဟာဌာန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) (၁၉၈၆-၂၀၀၆)

### ရရှိခဲ့သော ပညာရေးဘွဲ့နှင့် ဂုဏ်ထူးဆောင်ဘွဲ့များ

၁။ ဘီအေ

၂။ အမ်အေ

၃။ ပြည်သူ့လုပ်သားကောင်း

ဦးဘဆန်းသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) အဘိဓမ္မပိဋကမဟာဌာန၌ တွဲဖက်ပါမောက္ခတာဝန်ကို ၁၉၈၆-မှ ၂၀၀၆-ထိ ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
အဘိဓမ္မပိဋကမဟာဌာန

## တွဲဖက်ပါမောက္ခ

## ဆရာကြီးဦးဟန်တင့်

ဆရာကြီးဦးဟန်တင့်သည် ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့၊ ဓမ္မာရုံရပ်ကွက်၊ အဖ ဦးထွန်းရှိန် + အမိ ဒေါ်ကြည်ကြည်တို့မှ ၁၉၄၇-ခုနှစ်၊ ဇူလိုင်လ(၁၁)ရက်နေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

၁၉၄၅-မှ ၁၉၅၈-ခုနှစ်အထိ ကျွဲပွဲမြို့၌ အခြေခံမူလတန်းနှင့် အလယ်တန်းပညာများကိုလည်းကောင်း၊ ၁၉၅၉-မှ ၁၉၆၃-ခုနှစ်အထိ အလယ်တန်းမှ တန်းမြင့်ကျောင်းထွက် (နဝမတန်း)ကို မန္တလေးမြို့၊ အထက(၅)တွင်လည်းကောင်း၊ ၁၉၆၃-၆၄ နှစ်တွင် တက္ကသိုလ်ဝင်တန်းကို အထက(၁)၊ပုသိမ်၌လည်းကောင်း သင်ကြားခဲ့ပါသည်။

၁၉၆၄-၁၉၆၈-ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၌ ဝိဇ္ဇာတန်း(ပါဠိအဓိက) ကိုလည်းကောင်း၊ မဟာဝိဇ္ဇာတန်း(ပါဠိ)ကို မန္တလေးတက္ကသိုလ်မှ ၁၉၈၀-ခုနှစ်တွင် အောင်မြင်ခဲ့သည်။

မဟာဝိဇ္ဇာဘွဲ့ကို မန္တလေးတက္ကသိုလ်မှ ၁၉၈၈-ခုနှစ်တွင် ရရှိခဲ့ပါသည်။

၁၉၆၉-ခုနှစ်မှ ၁၉၈၂-ခုနှစ်အထိ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ တောင်ကြီးကောလိပ်တို့၌ နည်းပြတာဝန်ကိုလည်းကောင်း၊ ၁၉၈၆-ခုနှစ်တွင် မန္တလေးတက္ကသိုလ်၌ ကထိကတာဝန်ကိုလည်းကောင်း၊ ၁၉၉၄-ခုနှစ်တွင် ဒဂုံတက္ကသိုလ်၌ တွဲဖက်ဌာနမှူးတာဝန်ကိုလည်းကောင်း၊ ၁၉၉၆-ခုနှစ်မှ ၂၀၀၇-ခုနှစ်အထိ မန္တလေးတက္ကသိုလ်တွင် ပါမောက္ခတာဝန်ကိုလည်းကောင်း အသီးအသီး ထမ်းဆောင်ခဲ့ပါသည်။

ဆရာကြီးဦးဟန်တင့်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) အဘိဓမ္မပိဋကမဟာဌာန၌ တွဲဖက်ပါမောက္ခတာဝန်ကို ၂၀-၉-၂၀၁၀ ရက်နေ့မှ ယနေ့အချိန်ထိ ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်

(မန္တလေး)

## ပိဋကတ်ဆိုင်ရာပါဠိစာပေဌာနရှိ

## တာဝန်ထမ်းဆောင်ပြီး/ထမ်းဆောင်ဆဲ

# ဆရာများ၏

## အတ္ထုပ္ပတ္တိအကျဉ်း



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန
**ပါမောက္ခ/ဌာနမှူးဆရာတော်**
**ဘဒ္ဒန္တညာဏိန္ဒ**

ဘဒ္ဒန္တ ညာဏိန္ဒသည် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဇောင်းလျှားခုံရွာ အဖ ဦးလွန်း +အမိဒေါ်ခင်မြတို့မှ ၁၃၂၄-ခုနှစ်၊ တပေါင်းလဆန်း(၄)ရက် အင်္ဂါနေ့တွင် မီးရှူး သန့်စင်ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တ ညာဏိန္ဒသည် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဝဲဒေါင့်ရွာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာဃ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဇောင်းလျှားခုံရွာ ၊ ဦးလွန်း+ ဒေါ်ခင်မြတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တညာဏိန္ဒသည် ၁၃၄၄-ခုနှစ်၊ ကဆုန်လဆုတ် (၇)ရက်၊ သောကြာနေ့ ညနေ(၆)နာရီအချိန်၌ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ မဲကုန်းရွာ၊ ကန်ကလေးတောရကျောင်းတိုက်ဓဏ္ဍသိမ်၌ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဝဲဒေါင့်ရွာ၊ ဝဲဒေါင့်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာဃ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ပဲခူးတိုင်း၊ အုတ်တွင်းမြို့နယ်၊ ဈေးရပ်ကွက်၊ ဦးကျော်ညွန့်+ဒေါ်တင်ကြည် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တညာဏိန္ဒသည် ဖြူးမြို့နယ်၊ ဝဲဒေါင့်ရွာ၊ ဝဲဒေါင့်ရွာ ကျောင်းတိုက်၊ အုတ်တွင်းမြို့၊ ကန်ကလေးတောရ ကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး)တို့၌ ပညာများဆည်းပူးခဲ့ပြီး အစိုးရ ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယတန်း၊ သာသနတက္ကသီလ မဟာဓမ္မာစရိယတန်း ပထမနှစ်၊ ဒုတိယနှစ်၊ ပါဠိဂုဏ်ထူးတန်း၊ ဝိနယဝိဒူစာမေးပွဲ၊ ဒီဃနိကာယဝိဒူစာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A.Buddhism)၊ သာသနဓဇ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ သာသနတက္ကသီလဓမ္မပါရဂူ (Ph.D.)၊ မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့များကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တညာဏိန္ဒသည် ၁၃၄၅-ခုနှစ်မှ ၁၃၄၈-ခုနှစ်အထိ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၌ ငယ်၊ လတ်၊ ကြီး စာဝါများကိုပို့ချခြင်း၊ ၁၃၅၄-ခုနှစ်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကဆိုင်ရာပါဠိစာပေဌာန၌ နည်းပြတာဝန်ကိုလည်းကောင်း၊ ၁၃၅၉-တွင် ကထိကတာဝန်ကိုလည်းကောင်း၊ ၁၃၆၆-မှစ၍ ယနေ့အထိ ပိဋကဆိုင်ရာပါဠိစာပေဌာန၌ ပါမောက္ခ/ဌာနမှူးတာဝန်ကို ထမ်းဆောင်ဆဲဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန

## ကထိကဆရာတော်
## ဘဒ္ဒန္တဇနိန္ဒ

ဘဒ္ဒန္တဇနိန္ဒသည် မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ကျမ်းကိုင်ကျွန်းအုပ်စု၊ ရွာတာစ်ပင်ကျေးရွာ ခမည်းတော်ဦးကြိုင်+မယ်တော်ဒေါ်ခင်ကြည်တို့မှ ၁၃၂၇-ခုနှစ်၊ နတ်တော်လပြည့်ကျော်(၁၃)ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သောသားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တဇနိန္ဒသည် ရေနံချောင်းမြို့၊ သုံးဆယ့်ခြောက်အိုးဘိုရွာ၊ ကျောင်းသစ်ကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မိက ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တဇနိန္ဒသည် ၁၃၄၇-ခုနှစ်၊ တန်ခူးလဆုတ်(၁၀)ရက်၊ တနင်္ဂနွေနေ့၊ နံနက်(၆း၃၈)နာရီအချိန်တွင် ရေနံချောင်းမြို့၊ စိတ္တသုခပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသီလာစာရ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရေနံချောင်းမြို့၊ ရွှေကြာငုံရပ်၊ ဦးသိန်းအောင်+ဒေါ်မြညွန့်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

အရှင်ဇနိန္ဒသည် ရေနံချောင်းမြို့၊ ကျမ်းကိုင်ကျွန်း၊ ဇေယျဝတီကျောင်းတိုက်၊ သုံးဆယ့်ခြောက်အိုးဘိုရွာ ကျောင်းသစ်ကျောင်းတိုက်၊ မဟာဓမ္မိကာရာမ စမွာယ်ရုံစာသင်တိုက်၊ မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး)တို့၌ ပရိယတ္တိစာပေများကို သင်ကြားဆည်းပူးခဲ့ပြီး အစိုးရငယ်၊ လတ်၊ ကြီး သာသနတက္ကသီလဓမ္မာစရိယတန်း၊ သာသနတက္ကသီလ မဟာဓမ္မာစရိယတန်း စာမေးပွဲတို့ကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ(B.A.Buddhism) သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A:Buddhism)ဘွဲ့တို့နှင့် မဟာဂန္ထဝါစကပဏ္ဍိတ-ဂုဏ်ထူးဆောင်ဘွဲ့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တဇနိန္ဒသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌ ကထိကတာဝန်ကို ၂၀၀၃-နှစ်မှစ၍ ယနေ့အထိ ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန
**ကထိကဆရာတော်**
**ဘဒ္ဒန္တပဏ္ဍိတ**

ဘဒ္ဒန္တပဏ္ဍိတသည် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပြာပုံရွာ၌ အဖဦးအောင်ရင် + အမိဒေါ်မြသီတို့မှ ၁၃၃၄-ခုနှစ်၊ဝါခေါင်လဆန်း(၈)ရက်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တပဏ္ဍိတသည် ညောင်ဦးမြို့နယ်၊ ပြာပုံရွာ၊ ရွှေဥမင်ကျောင်း၊ ရွှေဥမင်ကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍက မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ညောင်ဦးမြို့နယ်၊ ပြာပုံရွာ၊ ဦးအောင်ရင်+ဒေါ်မြသီတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တပဏ္ဍိတသည် ၁၃၅၄-ခုနှစ်၊ တန်ခူးလဆုတ်(၃)ရက်၊ တနင်္လာနေ့၊ နံနက်(၈း၅၇)မိနစ်အချိန်၌ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ပရိယတ္တိနယူပဒေသကျောင်း၊ မစိုးရိမ်တိုက်သစ်ခဏ္ဍသိမ်၌ မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမနာဘိဝံသ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်၊ ဦးအောင်လှိုင်+ ဒေါ်ယဉ်ယဉ် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တပဏ္ဍိတသည် ရွှေဥမင်ကျောင်းတိုက်၊ မန္တလေးမြို့၊ ဒက္ခိဏာရာမတိုက်၊ မစိုးရိမ်တိုက်ဟောင်း၊ မစိုးရိမ်တိုက်သစ်။ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်၊ နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်(မန္တလေး)တို့၌ ပညာများဆည်းပူးခဲ့ပြီး အစိုးရ ငယ်၊ လတ်၊ ကြီး၊ သာသနတက္ကသီလဓမ္မာစရိယတန်း၊ သာသနတက္ကသီလမဟာဓမ္မာစရိယတန်း ပထမနှစ်၊ ဒုတိယနှစ် အင်းစိန် မြို့နယ်လုံးဆိုင်ရာ ဝိနယာဓိကစာမေးပွဲ၊ ရွာမပရိယတ္တိစာသင်တိုက်-သဒ္ဓမ္မပါလစာမေးပွဲ၊ ဆူးလေအဘိဓမ္မာ စာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ (B.A.Buddhism)၊သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A.Buddhism)၊ ဘွဲ့တံဆိပ်တော်များကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တပဏ္ဍိတသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌ (၃၀-၉-၂၀၀၂)နေ့တွင် နည်းပြတာဝန်၊ ကထိကတာဝန်ကို (၁၉-၉-၂၀၀၇) နေ့မှစ၍ ယနေ့ထိ ထမ်းဆောင်ဆဲဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန

## နည်းပြဆရာတော်

## ဘဒ္ဒန္တ နေ့ာဓိဉာဏ

ဘဒ္ဒန္တနေ့ာဓိဉာဏသည် မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ ဆုံကုန်းကျေးရွာ၌ အဖ ဦးအုံးကြွေ + အမိ ဒေါ်စန်းတို့မှ ၁၃၃၃ ခုနှစ်၊ ဝါဆိုလဆုတ် (၃) ရက်၊ စနေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တနေ့ာဓိဉာဏသည် စလင်းမြို့နယ်၊ ဆုံကုန်းကျေးရွာ၊ ဆုံကုန်းရိပ်သာကျောင်းဆရာတော် ဘဒ္ဒန္တတေဇနိယ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ စလင်းမြို့နယ်၊ ဆုံကုန်းရွာ၊ ဦးအုံးကြွေ + ဒေါ်စန်းတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တနေ့ာဓိဉာဏသည် ၁၃၅၂-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၄) ရက်၊ တနင်္လာနေ့၊ နံနက် (၈း၄၆) နာရီအချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ဇန်းမော်ကျောင်းခဏ္ဍသိမ်၌ မန္တလေးတိုင်း၊ ဇန်းမော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့၊ စာတိုက်တန်းရပ်ကွက်၊ ဦးရှိန်+ဒေါ်ခင်မြင့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တနေ့ာဓိဉာဏသည် ဆုံကုန်းရိပ်သာကျောင်း၊ စာတော်ကျောင်း၊ မဟာဝိဇယာရာမတိုက်၊ မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တို့၌ ပညာများသင်ကြားခဲ့ပြီး အစိုးရ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယတန်းတို့ကို အောင်မြင်ခဲ့ပြီး သာသနာတက္ကသီလ ဓမ္မာစရိယ(B.A.Buddhism)။ သာသနာတက္ကသီလမဟာဓမ္မာစရိယ (M.A.Buddhism)ဘွဲ့၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ (Ph.D) ဒေါက်တာဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တနေ့ာဓိဉာဏသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌ နည်းပြတာဝန်ကို ၁၇-၅-၉၉ နေ့တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန

## နည်းပြဆရာတော်

## ဘဒ္ဒန္တသီဟဗလ

ဘဒ္ဒန္တသီဟဗလသည် ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ပဲရင်းတောင်ကျေးရွာ၌ အဖ ဦးခွန်မောင်ကြီး+အမိ ဒေါ်နန်းဖူးတို့မှ ၁၃၃၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၃) ရက်၊ သောကြာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တသီဟဗလသည် ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ပဲရင်းတောင်ကျေးရွာ၊ ရွှေယာဉ်တောင်ကျောင်း ဆရာတော် ဘဒ္ဒန္တအရိယဝံသ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ပဲရင်းတောင်ရွာ၊ ဦးခွန်မောင်ကြီး+ဒေါ်နန်းဖူးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေ အဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တသီဟဗလသည် ၁၃၅၄ ခုနှစ်၊ ကဆုန်လဆန်း (၁၂) ရက် ဗုဒ္ဓဟူးနေ့၊ နံနက် (၉း၁၄) နာရီအချိန်တွင် ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ဟဲဟိုး၊ အလယ်ပိုင်းရပ်ကွက်၊ သာသနဝိပုလ မြို့လယ်စာသင်တိုက်ကျောင်း ခဏ္ဍသိမ်၌ ရှမ်းပြည်နယ်၊ ရွှေယာဉ်တောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအရိယဝံသ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ ဦးဟုတ်ပင်+ ဒေါ်အိုက်တီ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တသီဟဗလသည် ရှမ်းပြည်တောင်ပိုင်း၊ ကလောမြို့နယ်၊ ပဲရင်းတောင်ကျေးရွာ၊ ရွှေယာဉ်တောင်ကျောင်း၊ ဟဲဟိုးမြို့၊ သာသနဝိပုလမြို့လယ်စာသင်တိုက်၊ ရန်ကုန်မြို့၊ ပဥ္စနိကာယသာသနာ့ဗိမာန် ကျောင်းတိုက်၊ ဘုရားကြီးတိုက်၊ ဆင်မင်းကျောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာများသင်ကြားခဲ့ပြီး အစိုးရအငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ သာသနဓဇဓမ္မာစရိယ၊ ရန်ကုန်မြို့၊ ပဥ္စနိကာယသာသနနုဂ္ဂဟဓမ္မာစရိယတန်း၊ သာသနတက္ကသီလဓမ္မာစရိယ။ သာသနတက္ကသီလမဟာဓမ္မာစရိယတန်းတို့ကို အောင်မြင်ခဲ့ပြီး သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တသီဟဗလသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌ နည်းပြတာဝန်ကို ၂၀-၈-၂၀၀၃ နေ့တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန

**နည်းပြဆရာတော်**

**ဘဒ္ဒန္တဝိဇယာနန္ဒ**

ဘဒ္ဒန္တဝိဇယာနန္ဒသည် ရှမ်းပြည်တောင်ပိုင်း၊ လွိုင်လင်မြို့နယ်၊ မိုင်းပွန်မြို့၊ အဖ-ဦးဟိန်ထွန်း+ အမိ-ဒေါ်ရွှေတို့မှ ၁၃၃၂-ခုနှစ်၊ ဝါခေါင်လဆန်း(၃)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်ခဲသော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တဝိဇယာနန္ဒသည် ရှမ်းပြည်တောင်ပိုင်း၊ လွိုင်လင်မြို့နယ် မိုင်းပွန်မြို့၊ အောင်မင်္ဂလာ ဥယျာဉ်ကျောင်း ဆရာတော် ဘဒ္ဒန္တခေမိန္ဒကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်+မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တဝိဇယာနန္ဒသည် ၁၃၅၂-ခုနှစ်၊ ကဆုန်လဆန်း(၁၂)ရက်၊ လွိုင်လင်မြို့၊ အမှတ်(၄) ရပ်ကွက်၊ ရတနာစည်ကျောင်းတိုက် ခဏ္ဍသိမ်တော်၌ တောင်ကြီးမြို့၊ ဓမ္မသုခကျောင်းဆရာတော် ဘဒ္ဒန္တကေတုမာလာကို ဥပဇ္ဈာယ်ပြု၍ လွိုင်လင်မြို့ အမှတ်(၂)ရပ်ကွက်၊ ဒေါက်တာ ဦးအောင်ကြည်+ ဒေါ်အေးအေးစိုး မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တဝိဇယာနန္ဒသည် မိုင်းပွန်မြို့၊ အောင်မင်္ဂလာဥယျာဉ်ကျောင်းတိုက်၊ လွိုင်လင်မြို့၊ ရတနာစည်ကျောင်းတိုက်၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက် ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)တို့၌ ပညာများဆည်းပူးခဲ့ပြီး၊ အစိုးရ ငယ်၊ လတ်၊ ကြီး၊ သာသနတက္ကသီလဓမ္မာစရိယတန်း၊ သာသနတက္ကသီလ မဟာဓမ္မာစရိယတန်းစာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယဘွဲ့၊ (B.A.Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့(M.A.Buddhism)တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တဝိဇယာနန္ဒသည် မိမိသီတင်းသုံးရာအရပ်တွင် ပရိယတ္တိအခြေပြုစာဝါများပို့ချခြင်း၊ ကျောင်းသားသူငယ်များအား ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများပို့ချခြင်း၊ အခါအားလျော်စွာ တရားဓမ္မများဟောကြားခြင်း။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၊ ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌ (၁၆· ၃· ၂၀၀၅)နေ့မှ စတင်၍ ယနေ့အထိ နည်းပြတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန

**နည်းပြဆရာတော်**

**ဘဒ္ဒန္တကုဏ္ဍဝံသ**

ဘဒ္ဒန္တကုဏ္ဍဝံသသည်မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ကုလားရွာ၊ အဖဦးမိုး+ အမိဒေါ်ဝင်းစိန်တို့မှ ၁၃၃၉-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၂)ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တကုဏ္ဍဝံသသည် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ ဒေါနဘွားရပ်၊ သာသနာလင်္ကာရ ကျောင်း၊ မင်္ဂလာရွှေဘိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ပဲခူးတိုင်း ဒေသကြီး၊ လက်ပံတန်းမြို့၊ ဘုရားငါးဆူရပ်၊ ဦးအုံးကြည်+ဒေါ်စိန်မြတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေ အဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တကုဏ္ဍဝံသသည် ၁၃၅၈-ခုနှစ်၊ နတ်တော်လဆုတ်(၈)ရက်၊ ကြာသပတေးနေ့ နံနက်(၉း၄၅)နာရီ၊ (၃)ဖဝါး၊ (၄)ဗီလာအချိန်၌ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်၊ သာသနာလင်္ကာရကျောင်း၊ မင်္ဂလာရာမ ရွှေဘိုကျောင်းတိုက်ဓဏ္ဍသိမ်၌ မင်္ဂလာရွှေဘိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသမဟာထေရ်ကို ဥပဇ္ဈာယ် ပြု၍ လက်ပံတန်းမြို့နယ်၊ ဘုရားငါးဆူရပ်၊ ဦးအုန်းကြည်+ဒေါ်စိန်မြ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တကုဏ္ဍဝံသသည် မြင်းခြံမြို့နယ်၊ ကုလားရွာ၊ အောင်မင်္ဂလာကျောင်း၊ မြင်းခြံမြို့နယ်၊ ဆီမီးခုံရွာ၊ ချမ်းသာကြီးစာသင်တိုက်၊ မင်္ဂလာရာမရွှေဘိုတိုက်၊ သာသနာလင်္ကာရကျောင်း၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်၊ နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်(မန္တလေး)တို့၌ ပညာများသင်ယူခဲ့ပြီး အခြေပြုမူလတန်း၊ ငယ်၊ လတ်၊ ကြီး၊ သာသနတက္ကသီလဓမ္မာစရိယတန်း ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ မဟာဓမ္မာစရိယတန်း ပထမနှစ်၊ ဒုတိယနှစ်တို့ကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ (B.A.Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A.Buddhism)ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တကုဏ္ဍဝံသသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၏ ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန၌ နည်းပြတာဝန်ကို(၁၅-၉-၂၀၀၆)နေ့တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန

**နည်းပြဆရာတော်**

**ဘဒ္ဒန္တဘူရိပည**

ဘဒ္ဒန္တဘူရိပညသည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ သရက်ကန်ရွာ အဖ-ဦးအောင်တင်+ အမိ-ဒေါ်မြရွှေတို့မှ ၁၃၃၃-ခုနှစ်၊ တော်သလင်းလဆန်း(၆)ရက်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင်ဖွားမြင်ခဲ့သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တဘူရိပညသည် ရမည်းသင်းမြို့နယ်၊ သရက်ကန်ရွာ၊ သာသနပါလကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသိရီဉာဏိန္ဒ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရမည်းသင်းမြို့နယ်၊ သရက်ကန်ရွာ ဦးအောင်တင်+ ဒေါ်မြရွှေတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တဘူရိပညသည် ၁၃၅၂-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၂)ရက်၊ တနင်္လာနေ့၊ နံနက်(၈)နာရီအချိန်၌ ရမည်းသင်းမြို့နယ်၊ သရက်ကန်ရွာ၊ သာသနပါလကျောင်းတိုက် ခဏ္ဍသိမ်၌ ရမည်းသင်းမြို့နယ်၊ ပြတိုက်ကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇဝနမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်+မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး ရဟန်းအဖြစ်သို့ ရောက်ပါသည်။

ဘဒ္ဒန္တဘူရိပညသည် ရမည်းသင်းမြို့နယ်၊ သရက်ကန်ရွာ၊ သာသနပါလကျောင်းတိုက်၊ တပ်ကုန်းမြို့၊ မဟာသီဟနာဒကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ ဟံသာဂီရိစာသင်တိုက်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာများဆည်းပူးခဲ့ပြီး အစိုးရ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းနှင့် ဓမ္မာစရိယစာမေးပွဲ၌ ပါရာဇိကဏ်နှင့်သီလက္ခန် နှစ်ကျမ်းစွဲ၊ သာသနတက္ကသီလဓမ္မာစရိယ (B.A)တန်း၊ သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A)တန်းစာမေးပွဲများကို အောင်မြင်ခဲ့ပြီး၊ သာသနတက္ကသီလဓမ္မာစရိယ (B.A Buddhism) သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A Buddhism)ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တဘူရိပညသည် မိမိသီတင်းသုံးရာအရပ်တွင် ပရိယတ္တိအခြေပြုစာဝါများပို့ချခြင်း၊ ကျောင်းသားသူငယ်များအား ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများပို့ချခြင်း၊ အခါအားလျော်စွာ တရားဓမ္မများဟောကြားခြင်း။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၌ နည်းပြတာဝန်ကို ၁၃၆၆-ခုနှစ်မှ ၁၃၆၈-ခုနှစ်အထိလည်းကောင်း၊ ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌ နည်းပြတာဝန်ကို ၁၃၆၉-ခုနှစ်မှ ယနေ့အထိလည်းကောင်း ထမ်းဆောင်ဆဲဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန

**နည်းပြဆရာတော်**

## ဘဒ္ဒန္တအာစိဏ္ဏာစာရ

ဘဒ္ဒန္တအာစိဏ္ဏာစာရသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ ကံသာယာကျေးရွာ၌ အဘဦးထွန်းရင်+အမိ ဒေါ်သောင်းကြည်တို့မှ ၁၃၃၉-ခုနှစ်၊ နတ်တော်လပြည့်ကျော်(၈)ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်ခဲ့သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တအာစိဏ္ဏာစာရသည် ခင်ဦးမြို့နယ်၊ ကံသာယာကျေးရွာ၊ ကံစွယ်ကျောင်းဆရာတော် ဘဒ္ဒန္တနာဂဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ခင်ဦးမြို့နယ်၊ ကံသာယာကျေးရွာ ဦးမြအောင်+ဒေါ်ညိုစိန်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တအာစိဏ္ဏာစာရသည် ၁၃၅၉-ခုနှစ်၊ ပြာသိုလပြည့်ကျော်(၁၂)ရက်၊ စနေနေ့၊ နေ့လည်(၁၂)နာရီ(၅၅)မိနစ်အချိန်၌ ခင်ဦးမြို့နယ်၊ ကံသာယာကျေးရွာ၊ ကံစွယ်ကျောင်းခဏ္ဍသိမ်၌ ကံစွယ်ကျောင်းဆရာတော် ဘဒ္ဒန္တနာဂဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ကံသာယာကျေးရွာ ဦးမြအောင်+ဒေါ်ညိုစိန်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တအာစိဏ္ဏာစာရသည် ကံသာယာကျေးရွာ၊ ကံစွယ်ကျောင်းတိုက်၊ ရွှေဘိုမြို့ မင်္ဂလာရာမစာသင်တိုက်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့၊ နန်းရှေ့မဟာဝိသုတာရာမ တိုက်တော်တိုက်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာများ ဆည်းပူးခဲ့ပြီး၊ အစိုးရ ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယတန်း ပါရာဇိကဏ်၊ သီလက္ခန်ကျမ်း၊ သာသနတက္ကသီလဓမ္မာစရိယတန်း၊ သာသနတက္ကသီလ မဟာဓမ္မာစရိယတန်း စာမေးပွဲတို့ကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ (B.A.Buddhism) ဘွဲ့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တအာစိဏ္ဏာစာရသည် မိမိသီတင်းသုံးရာ အရပ်တွင် ပရိယတ္တိအခြေပြုစာဝါများပို့ချခြင်း၊ ကျောင်းသားသူငယ်များအား ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများပို့ချခြင်း၊ အခါအားလျော်စွာ တရားဓမ္မများဟောကြားခြင်း။ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့အတွက် **"သဒ္ဒတ္ထဓာတ်များကို ပါဠိဓာတ်များနှင့် နှိုင်းယှဉ်လေ့လာခြင်း"** ခေါင်းစဉ်ဖြင့် ကျမ်းစာရေးသားပြုစုရင်း နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၊ ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌ (၂၅· ၉·၂၀၀၉)နေ့မှ စတင်၍ ယနေ့အထိ နည်းပြတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။

ရေးသားပြုစုခဲ့သော ကျမ်းစာများမှာ--

- ဥပသာရပုဒ်များကို လေ့လာခြင်း(တက္ကသီလဓမ္မာစရိယ ဘွဲ့ယူစာတမ်း)
- စေတီအကြောင်း သိကောင်းစရာကျမ်း တို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန

**နည်းပြဆရာတော်**
**ဘဒ္ဒန္တခေမိန္ဒ**

ဘဒ္ဒန္တခေမိန္ဒသည် မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ကံနှစ်ဆင့်ကျေးရွာ၌ အဘဦးစိန်လှိုင်+အမိဒေါ်ညိုထယ်တို့မှ ၁၃၄၁-ခုနှစ်၊ တပေါင်းလဆန်း(၁၀)ရက်၊ တနင်္လာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သောသားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တခေမိန္ဒသည် နွားထိုးကြီးမြို့၊ ထန်းငယ်တောကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇဝန္တမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ နွားထိုးကြီးမြို့၊ အမှတ်(၄)ရပ်ကွက်နေ ခမည်းတော် +မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တခေမိန္ဒသည် ၁၃၆၁-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၉)ရက်၊ တနင်္လာနေ့၊ နံနက်(၉)နာရီ(၃၀)မိနစ်အချိန်၌ နွားထိုးကြီးမြို့၊ ထန်းငယ်တောကျောင်းတိုက် ခဏ္ဍာသိမ်၌ မန္တလေးမြို့၊ မဟာဝိဇိတာရုံ ဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ နွားထိုးကြီးမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဒေါ်မြင့် သမီး ဒေါ်ခင်သန်းလှ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တခေမိန္ဒသည် နွားထိုးကြီးမြို့၊ ထန်းငယ်တောကျောင်းတိုက်၊ အလယ်ကျောင်းတိုက်၊ မန္တလေးမြို့၊ မဟာဝိဇိတာရုံစာသင်တိုက်၊ စစ်ကိုင်းမြို့၊ ရတနာမာရ်အောင်ကျောင်းတိုက်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာများသင်ကြားခဲ့ပြီး အစိုးရ ငယ်၊ လတ်၊ ကြီး၊ ဝိနယသူရသာမဏေကျော်တန်း၊ သာသနတက္ကသီလ ဓမ္မာစရိယတန်း စာမေးပွဲတို့ကို အောင်မြင်ခဲ့ပြီး ဝိနယသူရသာမဏေကျော်ဘွဲ့၊ သာသနတက္ကသီလဓမ္မာစရိယဘွဲ့(B.A Buddhism)တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တခေမိန္ဒသည် မိမိသီတင်းသုံးရာ အရပ်တွင် ပရိယတ္တိအခြေပြုစာဝါများပို့ချခြင်း၊ ကျောင်းသားသူငယ်များအား ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများပို့ချခြင်း ၊ အခါအားလျော်စွာ တရားဓမ္မများဟောကြားခြင်း။ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့အတွက် **"ဝဋ္ဋာဘိရတသောတာပန် ပုဂ္ဂိုလ်များအကြောင်း လေ့လာခြင်း"** ခေါင်းစဉ်ဖြင့် ကျမ်းစာရေးသားပြုစုရင်း နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး)၊ ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌ (၁၉. ၉. ၂၀၁၀)တနင်္ဂနွေနေ့မှစတင်၍ ယနေ့အထိ နည်းပြတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန

## တွဲဖက်ပါမောက္ခ
## ပညာရှင် ဆရာဦးမြင့်ဆွေ

ဆရာဦးမြင့်ဆွေသည် နေပြည်တော်ခရိုင်၊ တပ်ကုန်းမြို့နယ်၊ သဖန်းချောင်းရွာ၊ အဖ ဦးအုန်းရွှေ + အမိ ဒေါ်စောအေးတို့မှ ၁၉၃၃-ခုနှစ်၊ ဧပြီလ (၁၉)ရက်၊ ဗုဒ္ဓဟူးနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဆရာဦးမြင့်ဆွေသည် ရမည်းသင်းမြို့၌ ပထမကြီးတန်းထိ၊ မဟာဝိသုဒ္ဓါရုံတိုက်၊ မန္တလေး၌ ဓမ္မာစရိယ(၉)ကျမ်းပြီးထိ၊ မန္တလေးတက္ကသိုလ်၌ ဘီအေ (ဂုဏ်ထူး)အောင်သည်အထိ၊ လန်ဒန်တက္ကသိုလ်၌ ၁၉၆၁-မှ၁၉၆၄ ထိ (၃)နှစ်ပညာသင်၍ မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပါသည်။

ဆရာဦးမြင့်ဆွေသည် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ။ ဘီအေ(ဂုဏ်ထူး)။ မဟာဝိဇ္ဇာ (လန်ဒန်)။ ဘွဲ့တံဆိပ်တို့ကို ရရှိခဲ့ပါသည်။

ဆရာဦးမြင့်ဆွေသည် မန္တလေးတက္ကသိုလ်၊ အရှေ့တိုင်းပညာဌာန၌ ၂၃-၆-၆၁ မှစ၍ ၁၉၉၄ မတ်လ အထိ တာဝန်များ ထမ်းခဲ့ပြီး ၁၉၉၄-မှစ၍ တွဲဖက်ပါမောက္ခအဖြစ်ဖြင့် အငြိမ်းစားယူခဲ့ပါသည်။

ဦးမြင့်ဆွေသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၊ ပါဠိစာပေဌာန၌ တွဲဖက် ပါမောက္ခတာဝန်ကို ၁၉၈၆-မှစ၍ ယနေ့ထိ ထမ်းဆောင်လျက်ရှိပါသည်။

ရေးသားပြုစုခဲ့သော ကျမ်းများမှာ သက္ကတသဒ္ဒါကျမ်း၊ ဇာတ်တော်ငါးရာငါးဆယ်၊ ဓမ္မပဒ၊ မဟာဗုဒ္ဓဝင် သစ်၊ မိလိန္ဒနှင့်ရှင်နာဂသိန်၊ ဝေဒယဉ်ကျေးမှုနှင့် ဘာသာရေးအတွေးအခေါ်၊ ပဋ္ဌာန်းမဟာ၊ သဗ္ဗညုဘုရားရှင်၊ ပရလောကနှင့် ကံစိတ်စွမ်းအင်၊ လက်စွဲပဋ္ဌာန်း၊ အခြေပြုပါဠိသဒ္ဒါ၊ အဘိဓမ္မာသင်္ဂြိုဟ်အဖွင့်(ပထမတွဲ)၊ အဘိဓမ္မာ သင်္ဂြိုဟ်အဖွင့်(ဒုတိယတွဲ)၊ သက္ကတဖတ်စာ၊ ဓမ္မပဒ(အင်္ဂလိပ်-မြန်မာ)၊ ပါဠိ-သက္ကတဘာသာဗေဒ၊ ငါးရာငါးဆယ် အဘိဓာန်၊ ဟိတောပဒေသဝတ္ထု(အင်္ဂလိပ်-မြန်မာ)ကျမ်းစာများကိုရေးသားပြုစုရင်း ဗုဒ္ဓတက္ကသိုလ်များကိုဖွင့်လှစ် တည်ထောင်ပြီး သာသနာပြုလျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
(မန္တလေး)

# ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၌
# တာဝန်ထမ်းဆောင်ပြီး/ထမ်းဆောင်ဆဲ
# ဆရာများ၏
# အတ္ထုပ္ပတ္တိအကျဉ်း



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန

**ပါမောက္ခ/ဌာနမှူးဆရာတော်**

**ဘဒ္ဒန္တဉာဏဓဇ**

ဘဒ္ဒန္တဉာဏဓဇသည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မုန်တိုင်ကျေးရွာ၊ အဘ ဦးမူ+အမိ ဒေါ်ငွေခင်တို့မှ ၁၃၀၇-ခုနှစ်၊ နယုန်လဆန်း(၅)ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်သည်။

ဘဒ္ဒန္တဉာဏဓဇသည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မုန်တိုင်ရွာ၊ အုတ်ကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒိယ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။

ဘဒ္ဒန္တဉာဏဓဇသည် ၁၃၂၆-ခုနှစ်၊ တပေါင်းလဆန်း(၁၁)ရက်၊ အင်္ဂါနေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မုန်တိုင်ရွာ၊ အုတ်ကျောင်းတိုက်၊ ခဏ္ဍသိမ်တော်၌ ဆရာတော် ဘဒ္ဒန္တဉာဏဝံသ မဟာထေရ်ကို ဥပဇ္ဈာယ်ပြုလျက် မုန်တိုင်ကျေးရွာ ဒေါ်ကံယုံမိသားစု၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဘဒ္ဒန္တဉာဏဓဇသည် မိတ္ထီလာမြို့နယ်၊ မုန်တိုင်ရွာ၊အုတ်ကျောင်း၊ မိတ္ထီလာမြို့၊ မြို့ရှေ့ကျောင်းတိုက်၊ ရန်ကုန်မြို့၊ ညောင်တုန်းကျောင်းတိုက်၊ မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ ညောင်ကန်တိုက် တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရ ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယစာမေးပွဲများနှင့် ဝိဇ္ဇာဘွဲ့(မြန်မာစာ) စာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တဉာဏဓဇသည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ မြို့ရှေ့ကျောင်းတိုက်တွင် ငယ်လတ်ကြီး စာဝါများ ပို့ချပေးခဲ့သည်။ ရပ်ကွက်သံဃနာယကအဖွဲ့အကျိုးဆောင်၊ မြို့နယ်ဝိနည်းမိုရ်တာဝန်များ ထမ်းဆောင်ခဲ့သည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၌ (၁-၈-၁၉၉၃)နေ့မှ (၂၁-၁၂-၂၀၀၄)နေ့အထိ ပါမောက္ခ/ဌာနမှူးတာဝန်ထမ်းဆောင်ခဲ့သည်။

ဘဒ္ဒန္တဉာဏဓဇသည် ယခုအခါ မိတ္ထီလာမြို့၊ မြို့ရှေ့ကျောင်းတိုက်၊ ဦးစောလှကျောင်းတွင် ငယ်,လတ်,ကြီး စာဝါများပို့ချပေးကာ သာသနာ့တာဝန်ကို ထမ်းဆောင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန
**ပါမောက္ခ/ဌာနမှူးဆရာတော်**
**ဘဒ္ဒန္တအာသဘ**

ဘဒ္ဒန္တအာသဘသည် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဘိုတက်ကုန်းရွာ၊ အဖ-ဦးအောင်ကြည်+အမိ-ဒေါ်စောကြွယ်တို့မှ ၁၃၂၂ ခုနှစ်၊ နယုန်လဆန်း (၁၂)ရက် (၁၉၆၀ ပြည့်နှစ်၊ ဇွန်လ ၅ ရက်)တနင်္ဂနွေနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

ဘဒ္ဒန္တအာသဘသည် ၁၃၃၇-ခုနှစ် တပို့တွဲလဆန်း(၁၂)ရက်၊ (၁၉၇၆-ခုနှစ်၊ဖေဖော်ဝါရီ ၁၁ရက်)နေ့တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ဘိုတက်ကုန်းရွာ၊ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တပဒုမကို ဥပဇ္ဈာယ်ပြုကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တအာသဘသည် ၁၃၄၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၁၁)ရက်၊(၁၉၈၀-ပြည့်နှစ်၊ဇူလိုင်လ ၂၃ရက်) ဗုဒ္ဓဟူးနေ့တွင် ပုသိမ်ကြီးမြို့နယ်၊ဘိုတက်ကုန်းရွာ၊ရွာဦးကျောင်း ခဏ္ဍသိမ်တော်၌ သန့်စင်ကုန်းရွာကျောင်းဆရာတော် ဘဒ္ဒန္တပညာဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ စစ်ကိုင်းမြို့နယ်၊ အုန်းတောတောင်ရွာ၊ ဦးကျော်သိန်း+ဒေါ်ငွေးမိသားစုနှင့် ဘိုတက် ကုန်းရွာသူရွာသားများ၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီးမြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တအာသဘသည် ဘိုတက်ကုန်းရွာ၊ ရွာဦးကျောင်းဆရာတော်၊ ကျောက်မီးကျောင်း၊ ဝါခင်းကုန်းတိုက်ကျောင်း၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ချမ်းသာကြီးတောင်တိုက် ရတနာဗိမာန် စာချကျောင်း၊ မိုးကောင်းတိုက်၊သိန်းသန်းကျောင်းဆရာတော်၊စက်မှုမြို့သစ်၊ညောင်ရမ်းတိုက်သစ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး/ရန်ကုန်)တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရ ငယ်၊ လတ်၊ ကြီးနှင့်သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ စာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တအာသဘသည် ၁၉၈၅-၈၇ခုနှစ်များက မိမိရပ်ရွာ၌ လူငယ်များအား ယဉ်ကျေးမှုစာပေများ သင်ကြားပို့ချပေးခဲ့သည်။ စာကြည့်တိုက်ဖွင့်လှစ်ပေးခဲ့သည်။ စာနယ်ဇင်းများ၌ ဘာသာရေးစာပေများ ရေးသားလျက်ရှိသည်။ ဘာသာရေးစာအုပ်များ ထုတ်ဝေလျက်ရှိသည်။

၂၅-၁၁-၁၉၉၂-နေ့မှစ၍ အဘိဓမ္မပိဋကမဟာဌာန၌ နည်းပြ၊၂၂-၁၁-၁၉၉၅-နေ့မှစ၍ ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၌နည်းပြ၊ ကထိက၊ ပါမောက္ခ/ဌာနမှူးတာဝန်တို့ကို ထမ်းဆောင်ပါသည်။ ယခုအချိန်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၊ ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၌ ပါမောက္ခ/ဌာနမှူးတာဝန်ဖြင့် ပရိယတ္တိစာပေများပို့ချပေးကာ သာသနာ့တာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။

ရေးသားပြုစုခဲ့သောကျမ်းများ = သတိစေတသိက်ကို လေ့လာခြင်း။ ပုဂ္ဂိုလ်ထူးဆိုလျှင် ကြည်ညိုစရာလား။ ဗုဒ္ဓဘာသာဝင်တို့၏အသက်။ သတိစွမ်းအား။ ဗုဒ္ဓအဘိဓမ္မာနှင့်ကမ္ဘာ့ငြိမ်းချမ်းရေး။ ဗုဒ္ဓဘာသာယဉ်ကျေးမှု ထွန်းကားရှင်သန်စေဖို့။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
ပိဋကတ်ဆိုင်ရာ မြန်မာစာပေဌာန

**ကထိကဆရာတော်**

**ဘဒ္ဒန္တဝါသဝ**

ဘဒ္ဒန္တဝါသဝသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ဟင်းခွက်အိုင်ရွာ၌ အဖ-ဦးညီဖုံ+ အမိ-ဒေါ်တင်ကြည်တို့မှ ၁၃၃၁-ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၁၁)ရက်၊ ဗုဒ္ဓဟူးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်သည်။

ဘဒ္ဒန္တဝါသဝသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ဟင်းခွက်အိုင်ရွာ၊ မြင်သာကျောင်း တိုက်ဆရာတော် ဘဒ္ဒန္တပညာသီရိမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ကျောက်ပန်းတောင်းမြို့နယ်၊ ဟင်းခွက်အိုင်ရွာ၊ ဦးညီဖုံ + ဒေါ်တင်ကြည်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တဝါသဝသည် ၁၃၅၁-ခု၊ ပြာသိုလပြည့်ကျော် (၂)ရက်နေ့ ၊ နံနက်(၈)နာရီ (၁၁)မိနစ်အချိန်၌ ကျောက်ပန်းတောင်းမြို့၊ အောင်မင်္ဂလာရပ်၊ စိတ္တပါလဂူကျောင်းခဏ္ဍသိမ်၌ စိတ္တပါလဂူကျောင်းဆရာတော် ဘဒ္ဒန္တသုဇာတမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ကျောက်ပန်းတောင်းမြို့နယ်၊ ဘူတာရပ်၊ ဦးငွေပေါ်+ဒေါ်အေးမြတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တဝါသဝသည် ကျောက်ပန်းတောင်းမြို့နယ်၊ ဟင်းခွက်အိုင်ရွာ၊ မြင်သာကျောင်း၊ ကျောက်ပန်း တောင်းမြို့၊ အောင်မင်္ဂလာရက်ကွက်၊ စိတ္တပါလဂူစာသင်တိုက်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရ အငယ်၊ အလတ်၊ အကြီး၊ သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလမဟာ ဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism)၊ သာသနတက္က သီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တဝါသဝသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၌ နည်းပြတာဝန်ကို ၃၀-၉-၂၀၀၂နေ့တွင် ထမ်းဆောင်ခဲ့ပြီး ကထိကတာဝန်ကို (၁၉-၉-၂၀၀၇)နေ့မှစ၍ ယနေ့အထိ ထမ်းဆောင်ဆဲဖြစ်သည်။ ယင်းတာဝန်များကို ထမ်းဆောင်ရင်း မိမိရပ်ရွာရှိ ကျောင်းသား-ကျောင်းသူ များအား ယဉ်ကျေးမှုသင်တန်းများပို့ချပေးခဲ့သည်။

ရေးသားပြုစုခဲ့သောကျမ်းစာ-အဘိဓာနပ္ပဒီပိကာကျမ်းလာပုဒ်များကို ဘာသာဗေဒနည်းဖြင့် လေ့လာခြင်း (ယ-မှ ဟ-အထိ )ကျမ်း။



www.burmeseclassic.com

www.burmeseclassic.com




နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန

**နည်းပြဆရာတော်**

**ဘဒ္ဒန္တသုမင်္ဂလ**

ဘဒ္ဒန္တသုမင်္ဂလသည် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ရေခါးရွာ အဖဦးဘိုကြီး +အမိ ဒေါ်လှကြည်တို့မှ ၁၃၂၀-ခုနှစ်၊သီတင်းကျွတ်လဆုတ်(၁၁)ရက်၊ သောကြာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်သည်။

သက်တော်(၁၄)နှစ်အရွယ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ရေခါးရွာကျောင်းဆရာတော် ဦးဇောတိပါလကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။

၁၃၄၀-ခုနှစ်၊နယုန်လဆန်း(၁၅)ရက်၊အင်္ဂါနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ဝါးချက် ကျေးရွာ၊ ဝိပဿနာဂန္ဓာရုံကျောင်းတိုက်၊ အတိသုခခဏ္ဍသိမ်၌ ဝိပဿနာဂန္ဓာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလာစာရကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့၊ ပဲပုတ်တန်းရပ်ကွက်၊ ဦးပြား+ဒေါ်ညို မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

စစ်ကိုင်းမြို့နယ်၊ ရေခါးရွာ အနောက်ကျောင်းနှင့် အရှေ့ကျောင်းဆရာတော်များ ၊ စစ်ကိုင်းတောင် ဝိပဿနာဂန္ဓာရုံဆရာတော် ဘဒ္ဒန္တဝိမလာစာရ၊ မဟာသုဒဿနဆရာတော် ဘဒ္ဒန္တနန္ဒိယ၊ ရွှေဥမင်ဆရာတော် ဘဒ္ဒန္တဉာဏဝရ၊ ပဋ္ဌာန်းသိပ္ပံဆရာတော် သဒ္ဓမ္မောဒယဆရာတော်၊ ရတနာဂူဝံဆရာတော် ဘဒ္ဒန္တဇောတိက၊ ပဲခူးမြို့၊ ကြခတ်ဝိုင်းကျောင်းတိုက် ပဓာနနာယကဆရာတော်များ၊ မန္တလေးမြို့၊ ဝိသုဒ္ဓါရုံတိုက်သစ်၊ မင်္ဂလာဗိမာန်ဆရာတော် နှင့် စာချဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့မှ ပါမောက္ခချုပ်အမှူးပြု သော စာချဆရာတော်များထံ၌ ပညာသင်ယူခဲ့သည်။

သာသနဓဇဓမ္မာစရိယ။ သာသနတက္ကသီလမဟာဓမ္မာစရိယ။ ကြခတ်ဝိုင်းသာသနကံ့ရဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့သည်။

၁၃၅၂-ခုနှစ်မှ ၁၃၅၄-ခုနှစ်အထိ မော်ကွန်းထိန်းဌာန၊ စာသင်သားရေးရာဌာနစုမှူးတာဝန်။ ၁၃၅၄- ခုနှစ်မှ ၁၃၅၇-ခုနှစ်အထိ ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၌ နည်းပြတာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။

ယခုအခါ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မဟာဝေယန်ဘုံသာကျောင်းတိုက်၊ ပါဠိတက္ကသိုလ်ကျောင်း၌ သီတင်းသုံးလျက် ပရိယတ္တိသာသနာ့တာဝန်ကို ထမ်းဆောင်လျက်ရှိသည်။


www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တသာဓိန**

ဘဒ္ဒန္တသာဓိနသည် မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ မြေနုရွာ အဖ-ဦးစိန်အောင် +အမိ-ဒေါ်လှအုံး တို့မှ ၁၃၂၉-ခုနှစ်၊ပြာသိုလပြည့်ကျော်(၁၂)ရက်၊ သောကြာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်သည်။

ဘဒ္ဒန္တသာဓိနသည် ၁၃၄၉-ခုနှစ်၊ နယုန်လဆန်း(၁၅)ရက်၊ ကြာသပတေးနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ မင်းကွန်းတောရကျောင်းတိုက်၊ မနောရထပူရဏီဓမ္မာသိမ်၌ တွံတေး ညောင်တံခါးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလကို ဥပဇ္ဈာယ်ပြု၍ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး ဒိုဘီလိုင်း(၂)ရပ်ကွက်၊ ဦးဝင်းကြည်+ဒေါ်အေးသီ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဘဒ္ဒန္တသာဓိနသည် မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ မြေနုရွာ အရှေ့ကျောင်း၊ ကျောက်ပန်းတောင်း မြို့၊ သုခဝတီတိုက်စာသင်တိုက်၊ ရန်ကုန်မြို့၊ ဗဟန်းဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး)တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရ ငယ်၊ လတ်၊ ကြီး စာမေးပွဲများနှင့် သာသနတက္ကသီလ ဓမ္မာစရိယ သာသနတက္ကသီလမဟာဓမ္မာစရိယ စာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism) သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism)နှင့် Ph.D ဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တသာဓိနသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌(မန္တလေး) ပိဋကတ်ဆိုင်ရာမြန်မာစာပေ ဌာန၌ နည်းပြတာဝန်ကို (၁၃၆၀-မှ-၁၃၆၂ )အထိ ထမ်းဆောင်ခဲ့သည်။

ဘဒ္ဒန္တသာဓိနသည် ယခုအခါ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မင်းကွန်းတောရကျောင်းတိုက်၌ သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
ပိဋကတ်ဆိုင်ရာ မြန်မာစာပေဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တဇောတိပါလ**

ဘဒ္ဒန္တဇောတိပါလသည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ လင့်စဉ်ကြီးရွာ အဖ-ဦးလှသောင်း အမိ-ဒေါ်အေးလှတို့မှ ၁၃၃၁-ခုနှစ်၊ ဝါခေါင်လဆန်း(၆) အင်္ဂါနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်သည်။

ဘဒ္ဒန္တဇောတိပါလသည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ လင့်စဉ်ကြီးကျေးရွာ၊ လင့်စဉ်ကြီး တောင်ကျောင်းဆရာတော် ဘဒ္ဒန္တတိလောက မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့ နယ်၊ လင့်စဉ်ကြီးကျေးရွာ၊ ဦးလှသောင်း+ဒေါ်အေးလှတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တဇောတိပါလသည် ၁၃၅၁-ခု၊ ဝါဆိုလဆန်း (၁၄)ရက်၊ ဗုဒ္ဓဟူးနေ့ ၊ နံနက်(၇)နာရီ(၃၆)မိနစ် အချိန်၌ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ ပခုက္ကူကျောင်းသစ်၊ ကိုးဆောင်ကျောင်း ခဏ္ဍသိမ်၌ ကိုးဆောင်တိုက်ဆရာတော် ဘဒ္ဒန္တသောဘိတ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မန္တလေးတိုင်း၊ မြင်းခြံမြို့ အမှတ်(၆)ရပ်ကွက် ဦးအောင်ဆန်း+ဒေါ်စိန်ရင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တဇောတိပါလသည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ လင့်စဉ်ကြီးတောင်ကျောင်း၊ မြင်းခြံမြို့ ကိုးဆောင်တိုက်၊ ပခုက္ကူ ကျောင်းသစ်ကျောင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယ၊ နိကာယ်စာမေးပွဲများ၊ မြင်းခြံမြို့ ဝိနယာနုဂ္ဂဟစာမေးပွဲ၊ ပိဋကတ္တယဋ္ဌိတိကာရီစာမေးပွဲ၊ ပရိယတ္တိသာသနပါလစာမေးပွဲ၊ သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္က သီလမဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ပြီး ဝိနယာနုဂ္ဂဟဓမ္မာစရိယ၊ ပိဋကတ္တယဋ္ဌိတိကာရီ ဝိနယကောဝိဒ၊ ပရိယတ္တိသာသနပါလဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ သာသနတက္ကသီလ ဓမ္မာစရိယ B.A(Buddhism) သာသနတက္ကသီလမဟာဓမ္မာစရိယ M.A(Buddhism) ဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တဇောတိပါလသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၏ ပိဋကတ်ဆိုင်ရာမြန်မာစာပေ ဌာန၌ နည်းပြတာဝန်ကို (၂၀-၈-၂၀၀၃) နေ့မှစ၍ ယနေ့ထိ ထမ်းဆောင်လျက်ရှိသည်။

ရေးသားပြုစုခဲ့သောကျမ်းများမှာ -မိတ်ဆွေတုနှင့် မိတ်ဆွေစစ်ကျမ်း



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
ပိဋကတ်ဆိုင်ရာ မြန်မာစာပေဌာန

## နည်းပြဆရာတော်
## ဘဒ္ဒန္တအာလောကာစာရ

ဘဒ္ဒန္တအာလောကာစာရသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ထန်းကုန်းကျေးရွာ၌ အဖ-ဦးအေးမောင် + အမိ-ဒေါ်ခင်ရှုတို့မှ ၁၃၃၁-ခုနှစ်၊ ကဆုန်လဆန်း(၁၂) တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သောသားရတနာဖြစ်သည်။

ဘဒ္ဒန္တအာလောကာစာရသည် စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ဗျက်ကြီးကျေးရွာ ဓမ္မပါလကျောင်းဆရာတော် ဘဒ္ဒန္တအာစာရမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ် ထန်းကုန်းကျေးရွာ၊ ဦးအေးမောင်+ဒေါ်ခင်ရှုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တအာလောကာစာရသည် ၁၃၅၀-ခု၊ တပို့တွဲလဆန်း(၁၅)ရက်နေ့၊ နံနက်(၁၀း၁၀)နာရီအချိန်၌ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ဗျက်ကြီးကျေးရွာ၊ ဓမ္မပါလကျောင်းတိုက်ခဏ္ဍသိမ်၌ ဓမ္မပါလကျောင်းဆရာတော် ဘဒ္ဒန္တအာစာရမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ် ထန်းကုန်းကျေးရွာ၊ ဦးအေးမောင်+ဒေါ်ခင်ရှုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တအာလောကာစာရသည် တန့်ဆည်မြို့နယ်၊ ဗျက်ကြီးရွာ၊ ဓမ္မပါလကျောင်း၊ ၊ရွှေဘိုမြို့၊ မင်္ဂလာရာမစာသင်တိုက်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရငယ် လတ်၊ ကြီး၊ သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ စာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism) သာသနတက္ကသီလမဟာဓမ္မာစရိယ M.A(Buddhism) ဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တအာလောကာစာရသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၌ နည်းပြတာဝန်ကို ၂၃-၉-၂၀၀၄-နေ့မှစ၍ ယနေ့အထိ ထမ်းဆောင်လျက်ရှိသည်။ ယင်းတာဝန်များကို ထမ်းဆောင်ရင်းဖြင့် နွေရာသီတွင် မိမိအရပ်ဒေသ၌ ယဉ်ကျေးမှုသင်တန်းများပို့ချခြင်း၊ (၇)ရက်တရားစခန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

ရေးသားခဲ့သောကျမ်း = သတ္တဝါများ အဆင့်အတန်းကွဲပြားရခြင်း၏အကြောင်းကို လေ့လာခြင်းကျမ်း



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
ပိဋကတ်ဆိုင်ရာ မြန်မာစာပေဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တဝါယာမာနန္ဒ**

ဘဒ္ဒန္တဝါယာမာနန္ဒသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ဆင်တဲကျေးရွာ၊ အဖ-ဦးကျော် အမိ-ဒေါ်ညိုတို့မှ ၁၃၃၄-ခုနှစ်၊ နတ်တော်လပြည့်ကျော်(၇)ရက် ဗုဒ္ဓဟူးနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်သည်။

ဘဒ္ဒန္တဝါယာမာနန္ဒသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ရွှေလုံကျေးရွာ၊ နန္ဒိယာရာမကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒိယ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ဆင်တဲကျေးရွာ၊ ဦးကျော်+ဒေါ်ညိုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တဝါယာမာနန္ဒသည် ၁၃၅၄-ခု၊ တန်ခူးလပြည့်ကျော်(၁၀) ကြာသပတေးနေ့၊ နံနက်(၁၂)နာရီ (၅၄)မိနစ် အချိန်၌ စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ရွှေလုံကျေးရွာ၊ နန္ဒိယာရာမကျောင်းခဏ္ဍသိမ်၌ နန္ဒိယာရာမ ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ရွှေလုံကျေးရွာ၊ ဦးစံငွေ+ဒေါ်လှရည် တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တဝါယာမာနန္ဒသည် စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ရွှေလုံနန္ဒိယာရာမကျောင်း၊ မုံရွာမြို့ မြို့မရွှေဂူ ကျောင်းတိုက်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရငယ်၊ လတ်၊ ကြီး၊ သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ စာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism) သာသနတက္ကသီလမဟာဓမ္မာ စရိယ M.A(Buddhism) ဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တဝါယာမာနန္ဒသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်ဆိုင်ရာမြန်မာစာပေ ဌာန၌ နည်းပြတာဝန်ကို (၁၅-၉-၂၀၀၅)နေ့မှစ၍ ယနေ့ထိ ထမ်းဆောင်လျက်ရှိသည်။ ယင်းတာဝန်များကို ထမ်းဆောင်ရင်းဖြင့် နွေရာသီယဉ်ကျေးမှု သင်တန်းများပို့ချခြင်း၊ တရားဓမ္မဟောကြားခြင်းအားဖြင့် သာသနာ့ တာဝန်ကို ထမ်းဆောင်လျက်ရှိသည်။

ရေးသားပြုစုခဲ့သောကျမ်းစာများမှာ -ဆုတောင်းခန်းပျို့ကို လေ့လာခြင်း(ပထမပိုင်း)ကျမ်း



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တကဉ္စန**

ဘဒ္ဒန္တကဉ္စနသည် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကံကြီးရွာ၊ အဖ-ဦးထွန်းအေး+အမိ-ဒေါ်ကြည်ရွှင်တို့မှ ၁၃၃၃-ခုနှစ်၊ ပြာသိုလဆန်း(၁၁)ရက်၊ တနင်္လာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်သည်။

ဘဒ္ဒန္တကဉ္စနသည် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကံကြီးရွာကျောင်း၊ ဆရာတော် ဘဒ္ဒန္တသုမန မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ ကံကြီးရွာ၊ ဦးသန်းမောင်+ဒေါ်ခင်ကြွေတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တကဉ္စနသည် ၁၃၅၄-ခု၊ ကဆုန်လပြည့်ကျော်(၂)ရက်၊ ကြာသပတေးနေ့၊ နံနက်(၉)နာရီ၊ အချိန်၌ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်၊ ငွေချိုတိုက်၊ မေသက်ဘရားသားကျောင်း၊ ခဏ္ဍသိမ်၌ မန္တလေးမြို့ မြတောင်တိုက်၊ ရွှေဝါဝင်းကျောင်းဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ထီးတန်းဈေးရပ်၊ ဒေါ်မွေးမြင့်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တကဉ္စနသည် မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ ကံကြီးကျောင်း၊ မန္တလေးမြို့၊ ငွေချိုတိုက်၊ မေသက်ဘရားသားကျောင်း၊ မိုးကောင်းတိုက်၊ သိန်းသန်းရတနာကျောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရငယ်၊ လတ်၊ ကြီး၊ သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ စာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနဓဇဓမ္မာစရိယ B.A(Buddhism)၊သာသနတက္ကသီလမဟာဓမ္မာစရိယ M.A(Buddhism) ဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တကဉ္စနသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၌ နည်းပြတာဝန်ကို (၁-၄-၂၀၀၆)နေ့မှစ၍ ယနေ့ထိ ထမ်းဆောင်လျက်ရှိသည်။ ယင်းတာဝန်များကို ထမ်းဆောင်ရင်းဖြင့် မိမိအရပ်ဒေသရှိ ကျောင်းသား-ကျောင်းသူများအား ယဉ်ကျေးမှုသင်တန်းများပို့ချပေးခြင်း၊ တရားဒေသနာများဟောကြားခြင်းဖြင့် သာသနာတော်အတွက် ဆောင်ရွက်လျက်ရှိသည်။

ရေးသားပြုစုခဲ့သောကျမ်းစာများမှာ -ထင်ရှားသော မြန်မာစာဆိုရဟန်းတော်များအကြောင်းလေ့လာခြင်း (ပုဂံ၊ပင်းယ၊အင်းဝ)ကျမ်း။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန

**တွဲဖက်ပါမောက္ခ**

## ဆရာကြီးဒေါက်တာဦးအောင်သိန်း

ဆရာကြီးဒေါက်တာဦးအောင်သိန်းကို စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ ပလိုင်းရွာ အဖဦးရွှင် + အမိဒေါ်ပာန်တို့မှ ၁၉၃၀-ပြည့်နှစ်၊ ဧပြီလ၊ (၄)ရက်နေ့တွင် ဖွားမြင်သည်။

ပလိုင်းရွာ မူလတန်းကျောင်း၊ ရွှေဘိုမြို့ အ-ထ-က(၁)၊ မန္တလေး တက္ကသိုလ်တို့၌ ပညာသင်ယူခဲ့သည်။

နည်းပြဆရာ၊ မန္တလေးတက္ကသိုလ်(၁၉၅၄-၆၁)

လက်ထောက်ကထိက၊ တောင်ကြီးကောလိပ်(၁၉၆၁-၆၅)

လက်ထောက်ကထိက၊ မန္တလေးစိုက်ပျိုးရေးတက္ကသိုလ်(၁၉၆၅-၇၄)

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (၁၉၇၄-၁၉၈၃)

ကထိက၊ မန္တလေးတက္ကသိုလ် (၁၉၈၃-၁၉၉၀)

ပါဠိဂုသင်တန်း ခုနစ်နှစ်စာသင်သည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မြန်မာစာပေဌာနတွင် နည်းပြ၊ ကထိက၊ တွဲဖက်ပါမောက္ခ တာဝန်၊ အကြံပေးအရာရှိတာဝန်တို့ဖြင့် ၁၉၉၀-ပြည့်နှစ်မှ ၂၀၀၅-ခုနှစ် အထိ (၁၅)နှစ်တိုင်တိုင် သင်ကြားပို့ချ ခဲ့သည်။

၂၀၀၅-ခုနှစ်တွင် အငြိမ်းစားယူသည်။

၂၀၀၅-ခုနှစ်တွင် နိုင်ငံတော်အစိုးရက ချီးမြှင့်သော 'မဟာသဒ္ဓမ္မဇောတိကဓဇ' ဘွဲ့ရရှိသည်။

၂၀၀၅-ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ဒေါက်တာဘွဲ့(Ph.D)ဘွဲ့ရရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
# (မန္တလေး)

# ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၌
# တာဝန်ထမ်းဆောင်ပြီး/ထမ်းဆောင်ဆဲ
# ဆရာများ၏
# အတ္ထုပ္ပတ္တိအကျဉ်း



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန

**ပါမောက္ခ/ဌာနမှူးဆရာတော်**

**ဘဒ္ဒန္တဉာဏဝရ**

ဘဒ္ဒန္တဉာဏဝရသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့၊ ညောင်အိုင်ရပ်၊ အဖ ဦးသာရွှင် + အမိ ဒေါ်ကုလားမတို့မှ ၁၃၁၁-ခုနှစ်၊ ကဆုန်လဆုတ်(၆)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တဉာဏဝရသည် ကန့်ဘလူမြို့၊ ညောင်အိုင်ကျောင်းဆရာတော် ဘဒ္ဒန္တသာဂရမဟာထေရ်ကို ဥပဇ္ဈာယ် ပြု၍ ကန့်ဘလူမြို့၊ ညောင်အိုင်ရပ် ဦးသာရွှင် ဒေါ်ကုလားမတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တဉာဏဝရသည် ၁၃၃၁-ခုနှစ်၊ ပထမဝါဆိုလဆန်း(၁၅)ရက်နေ့၊ မြို့ရှေ့သိမ်ကျောင်းဆရာတော် ဘဒ္ဒန္တသာဂရကို ဥပဇ္ဈာယ်ပြု၍ သိမ်ကျောင်းခဏ္ဍသိမ်၌ ကန့်ဘလူမြို့နယ်၊ ညောင်အိုင်ရွာ ဦးနီ+ဒေါ်ဉာဏ် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တဉာဏဝရသည် ကန့်ဘလူမြို့နယ်၊ ညောင်ပင်ရွာကျောင်း။ မင်းကွန်း၊ တိပိဋကနိကာယကျောင်းတို့၌ ပညာများဆည်းပူးခဲ့ရာ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ သာသနဓဇဓမ္မာစရိယတန်းစာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနဓဇဓမ္မာစရိယ၊ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တဉာဏဝရသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၊ အင်္ဂလိပ်စာပေဌာန၌ ပါမောက္ခ/ဌာနမှူးတာဝန်ကို ၁၃၅၁-မှ ၁၃၅၃-ထိ ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

## ပါမောက္ခ/ဌာနမှူးဆရာတော်
## ဘဒ္ဒန္တသုန္ဒရ

ဘဒ္ဒန္တသုန္ဒရသည် ပဲခူးတိုင်းဒေသကြီး၊ အုပ်ဖိုမြို့နယ်၊ ဒေါင်းစပါးကွင်း(ကရင်)ကျေးရွာ အဖ-ဦးစံမြင့်+အမိ-ဒေါ်ရွှေ တို့မှ ၁၃၁၄-ခု နတ်တော်လဆန်း(၅)ရက် သောကြာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တသုန္ဒရ သည် ၁၃၅၆-ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၁၄)ရက်၊ အင်္ဂါနေ့ နံနက်(၈း၀၀)နာရီ၊ (၉)မိနစ်အချိန်၌ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ လယ်ကြီးရွာ၊ ရွှေမုဋ္ဌောကျောင်းခဏ္ဍသိမ်၌ ရွှေမုဋ္ဌောကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥတ္တမမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ စစ်ကိုင်းမြို့နယ်၊ လယ်ကြီးရွာ၊ ဦးတင်အောင်+ဒေါ်လှကြည် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဘဒ္ဒန္တသုန္ဒရသည် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ရွှေစည်သာသနာ့ရိပ်သာ(သက်ပန်းတိုက်)တွင် ဘဒ္ဒန္တသုမန၊ ဘဒ္ဒန္တကောမလ၊ ဘဒ္ဒန္တကုလိသတို့ထံ၌ ပညာများဆည်းပူးခဲ့ပြီး ဝိဇ္ဇာဘွဲ့ (မြန်မာစာ) Q1 , B.Ed ပညာရေးဘွဲ့ (မြန်မာ၊ အင်္ဂလိပ်အထူးပြု) အင်္ဂလိပ်စာဒီပလိုမာ၊ မူလတန်းဆရာဖြစ် တစ်နှစ်သင်တန်းအောင် (၁၉၇၉)၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့(၂၀၀၇)တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တသုန္ဒရသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၌ (၁-၂-၉၅) နေ့မှစ၍ ပြင်ပပညာရှင်တာဝန်ကိုလည်းကောင်း၊ (၂၇-၂-၉၇)မှစ၍ တွဲဖက်ကထိကတာဝန်ကိုလည်းကောင်း၊ (၁၇-၇-၂၀၀၀)မှစ၍ ပူးတွဲဌာနမှူးတာဝန်ကိုလည်းကောင်း၊(၂၅-၃-၂၀၀၃) မှစ၍ တွဲဖက်ဌာနမှူးတာဝန်ကိုလည်းကောင်း ထမ်းဆောင်ခဲ့ပြီး အင်္ဂလိပ်စာပေဌာန၌ ပါမောက္ခ/ဌာနမှူးတာဝန်ကို (၁၉-၉-၂၀၀၇)နေ့ ခန့်အပ်သည်မှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

## ကထိကဆရာတော်
## ဘဒ္ဒန္တစန္ဒောဘာသ

ဘဒ္ဒန္တစန္ဒောဘာသသည် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အဖ ဒေါက်တာ အက်ဒပ်စ်+ အမိ ဒေါ်သိန်းကြည်တို့မှ ၁၉၃၂-ခုနှစ်၊ စက်တင်ဘာ(၁၃)ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

St.Patrick's Institution, မော်လမြိုင်မြို့၊ ၁၉၄၉-နှစ်အထိ။

guardian Angels' Coment School, လားရှိုးမြို့၊ ၁၉၅၁-နေ့အထိ ပညာသင်ကြား ဆည်းပူးခဲ့သည်။

B.Sc (B) ဥပစာသိပ္ပံ အပိုင်း-ခ-၁၉၅၄-ခုနှစ်။ ရန်ကုန်တက္ကသိုလ်။

B. A (ဝိဇ္ဇာဘွဲ့)- ၁၉၅၆-ခုနှစ်၊ ရန်ကုန်တက္ကသိုလ်။

M.A (မဟာဝိဇ္ဇာ) (အင်္ဂလိပ်စာပေနှင့် ဘာသာစကား) -၁၉၇၃ ခုနှစ်။ ပညာရေးတက္ကသိုလ်၊ ရန်ကုန်။

M.A (မဟာဝိဇ္ဇာ) (အင်္ဂလိပ်စာပေနှင့် ဘာသာစကား)။ ပြည်သူ့ဝန်ထမ်းတံဆိပ်။ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်။ (၄-၁-၈၄) ဘွဲ့တို့ကို ရရှိခဲ့သည်။

၁၉၅၆-၅၈ ခုနှစ် ၊ နည်းပြ၊ ရန်ကုန်တက္ကသိုလ်။ ၁၉၅၈-၆၀ ခုနှစ်၊ နည်းပြ၊ ပုသိမ်ဥပစာကောလိပ်။

၁၉၆၀-၆၇ ခုနှစ်၊ နည်းပြ ၊ ရန်ကုန်တက္ကသိုလ်။ ၁၉၆၇-၇၀ ခုနှစ်၊ လ/ထ ကထိက၊ မြစ်ကြီးနား ဥပစာကောလိပ်။

၁၉၇၀-၇၂ ခုနှစ်၊ ပညာရေးတက္ကသိုလ်၊ လ/ထ ကထိက၊ ရန်ကုန်။ ၇၂-၇၉ ခုနှစ် ရန်ကုန်တက္ကသိုလ်။

၁၉၇၉-၈၆ ခုနှစ်၊ ဌာနမှူး၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်။ ၁၉၈၆-၈၉ ခုနှစ် မန္တလေးတက္ကသိုလ် တို့၌ တာဝန်အသီးသီး ထမ်းဆောင်ခဲ့သည်။

ဘဒ္ဒန္တစန္ဒောဘာသသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်ဆိုင်ရာအင်္ဂလိပ် စာပေဌာန၌ ကထိကတာဝန်ကို ဆောင်ရွက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

## ကထိကဆရာတော်
## ဘဒ္ဒန္တခေမိက

ဘဒ္ဒန္တခေမိကသည် မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ချောင်းနက်အုပ်စု၊ ချောင်းနက်ကျေးရွာ၌ အဖ ဦးဘဆိုင်+အမိ ဒေါ်အေးကြည်တို့မှ ၁၃၀၅-ခုနှစ်၊ နယုန်လဆုတ် (၇)ရက်၊ တနင်္လာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တခေမိကသည် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ချမ်း/မြောက်ရပ်ကွက်၊ ညောင်စဉ်ကျောင်း၊ မိုးတားကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကောဝိဒမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ နတ်မောက်မြို့နယ်၊ ချောင်းနက်ရွာ၊ ဦးဘဆိုင်+ ဒေါ်အေးကြည်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ဝင်ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တခေမိကသည် ၁၃၂၆-ခုနှစ်၊ တပို့တွဲလဆန်း(၁၅)ရက်နေ့၊ နံနက်(၉း၃၀)နာရီအချိန်၌ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ချမ်း/မြောက်ရပ်ကွက်၊ ညောင်စဉ်ကျောင်း၊ မိုးတားကျောင်းတိုက် ခဏ္ဍာသိမ်၌ မိုးတားတိုက်၊ ဝိဇ္ဇာဝေပုလ္လကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသီလာစာရမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ချမ်းအေးသာစံမြို့နယ်၊ ဘုံဘိုင်တန်းရပ်ကွက်၊ ဦးမာင်လေး+ဒေါ်ခင်စိန်နှင့်အဖွဲ့ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တခေမိကသည် နတ်မောက်မြို့နယ်၊ တဲကြီးရွာကျောင်း။ မိုးတားတိုက်၊ ညောင်စဉ်ကျောင်း။ တောင်ထီးလင်းတိုက်။ ရန်ကုန်၊ ပုဇွန်တောင်ဆုတောင်းပြည့်စာသင်တိုက်။ ရန်ကုန်ဒေါပုံ၊ ပြဿဒ်ကျောင်း။ ညောင်တုံးတိုက်၊ ပြသာဒ်ကျောင်း။ ရေနံချောင်းမြို့၊ ဝဲပျံကျောင်းတို့၌ ပညာများဆည်းပူးခဲ့ရာ အစိုးရပထမငယ်တန်း၊ အလတ်၊ အကြီး၊ သာသနဓဇဓမ္မာစရိယတန်း၊ L.L.B စာမေးပွဲတို့ကို အောင်မြင်ခဲ့ပြီး သာသနဓဇဓမ္မာစရိယ၊ L.L.B ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တခေမိကသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၌ ၁၃၅၃-ခုနှစ်၊ နယုန်လဆန်း(၁၀)နေ့တွင် နည်းပြတာဝန်၊ ၁၃၅၄-ခုနှစ်၊ တန်ခူးလဆုတ်(၂)ရက်နေ့တွင် ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၌ ကထိကတာဝန်တို့ကို ဆောင်ရွက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန

**ကထိကဆရာတော်**

**ဘဒ္ဒန္တကုမာရ**

ဘဒ္ဒန္တကုမာရသည် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ရှည်ရွာ၌ အဖဦးထွန်းမှိ+အမိ ဒေါ်အေးစိန်တို့မှ ၁၃၂၉-ခုနှစ်၊ ပြာသိုလဆုတ်(၁၅)ရက် တနင်္လာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သောသားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တကုမာရသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ရတနာရပ်ကွက်၊ အိုးကုန်းကျောင်းဆရာတော် ဘဒ္ဒန္တအာဒိစ္စမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ကျွန်းလှမြို့နယ်၊ ရတနာရပ်ကွက်၊ ဦးထွန်းမှိ+ ဒေါ်အေးစိန်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တကုမာရသည် ၁၃၄၉-ခုနှစ်၊ ကဆုန်လဆုတ်(၅)ရက်၊ ကြာသပတေးနေ့၊ နံနက်(၈း၃၀)နာရီအချိန်၌ ကျွန်းလှမြို့နယ်၊ ရတနာရပ်ကွက်၊ အိုးကုန်းကျောင်း ခဏ္ဍသိမ်၌ သပြေသာရွာ၊ သပြေသာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ကျွန်းလှမြို့နယ်၊ ရတနာရပ်ကွက်၊ ဦးထွန်းမှိ+ဒေါ်အေးစိန် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဘဒ္ဒန္တကုမာရသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၌ ပညာများဆည်းပူးခဲ့ပြီး အစိုးရမူလတန်း၊ ငယ်၊ လတ်၊ ကြီး၊ အစိုးရဓမ္မာစရိယ(သီလက္ခန္ဓဝဂ္ဂပါဠိ၊ အဋ္ဌကထာ)၊ ဝိနယဝိဒူ၊ သာသနတက္ကသီလဓမ္မာစရိယ(B.A;Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယတန်း၊ (M.A;Buddhism)ဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တကုမာရ သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၌ (၁-၁၁-၂၀၀၁)နေ့တွင် နည်းပြတာဝန်ကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၆-ခုနှစ်၊ စက်တင်ဘာလမှစ၍ ယခုအချိန်ထိ ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၌ ကထိကတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တကောသလ္လ**

ဘဒ္ဒန္တကောသလ္လသည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၌ အဖ ဦးသန်းမြင့်+အမိ ဒေါ်တင်လှတို့မှ ၁၃၂၃-ခုနှစ်၊ ပြာသိုလဆန်း(၃)ရက်၊ တနင်္လာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တကောသလ္လသည် ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကျိုက်/နောက်ရပ်ကွက်၊ ပရိယတ္တိမဏ္ဍူစာသင်တိုက် ဆရာတော်ဘဒ္ဒန္တဝါယာမ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက် ဦးသန်းမြင့်+ဒေါ်တင်လှတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တကောသလ္လသည် ၁၃၄၃ ခုနှစ်၊ ကဆုန်လဆုတ် (၈) ရက်နေ့၊ နံနက် (၉း၀၀) နာရီအချိန်၌ သင်္ဃန်းကျွန်းမြို့နယ်၊ ကျိုက္ကစံရပ်ကွက်၊ ရတနာဗိမာန်ကျောင်း၊ ပဌမရွှေကျင်ကျောင်းတိုက် လောဟပါသာဒသိမ်၌ အောင်မြေရွှေဂူကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဥက္ကံသဗုဒ္ဓိ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဦးညွန့်+ဒေါ်ချောမေ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တကောသလ္လသည် သင်္ဃန်းကျွန်းမြို့နယ်၊ အောင်မြေရွှေဂူတိုက်သစ်။ မန္တလေးမြို့၊ အနောက်ခင်မကန်တိုက်။ မိုးတားကျောင်းတိုက်။ ချမ်းသာကြီးတောင်တိုက်။ မိုးကောင်းတိုက်။ မစိုးရိမ်တိုက်သစ်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာများဆည်းပူးခဲ့ရာ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယတန်း စာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ(B.A;Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ(M.A;Buddhism)ဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တကောသလ္လသည် သင်္ဃန်းကျွန်း၊ ၄/က ရပ်ကွက်၊ မဟာအောင်မြေရွှေဂူတိုက်သစ်နှင့် အနောက်ခင်မကန်တိုက်၊ စည်သာကျောင်းတို့၌ စာချဆရာတော်၊ သင်္ဃန်းကျွန်းမြို့နယ် အခြေပြုစာစစ်အဖွဲ့ဝင်၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ဝင်၊ သင်တန်းနည်းပြ၊ ထေရဝါဒဓမ္မသင်တန်းများ ပို့ချပေးခဲ့ခြင်းတို့ဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။

ဘဒ္ဒန္တကောသလ္လသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၌ နည်းပြတာဝန်ကို ၁၉-၁-၉၈ နေ့မှ ၂၀၀၁-ခုနှစ် ဇွန်လအထိ ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန
**နည်းပြဆရာတော်**
## ဘဒ္ဒန္တ ဝါသဝ

ဘဒ္ဒန္တဝါသဝသည် မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ အင်းကန်ကျေးရွာ အဖ ဦးမြမောင်+အမိ ဒေါ်အေးခင်တို့မှ ၁၃၂၈-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၈)ရက်၊ ဗုဒ္ဓဟူးနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တဝါသဝသည် နတ်မောက်မြို့နယ်၊ အင်းကန်ကျေးရွာ၊ သရက်တောကျောင်း ဆရာတော် ဘဒ္ဒန္တသုန္ဒရ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ နတ်မောက်မြို့နယ်၊ အင်းကန်ရွာ၊ ဦးမြမောင်+ဒေါ်အေးခင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တဝါသဝသည် ၁၃၄၈-ခုနှစ်၊ ကဆုန်လဆန်း(၁၄)ရက်နေ့၊ နံနက်(၇း၃၀)နာရီအချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ နန်းရှေ့၊ ဒေါနဘွားရပ်ကွက်၊ မင်္ဂလာယောကျောင်း၊ အရှေ့တိုက်တော်ကျောင်းတိုက် ခဏ္ဍာသိမ်၌ အရှေ့တိုက်တော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ နန်းရှေ့၊ ဒေါနဘွားရပ်ကွက်၊ ဦးတင်မောင်+ဒေါ်ခင်အေး မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

အရှင်ဝါသဝသည် မန္တလေးမြို့၊အရှေ့တိုက်တော်၊ မိုးကောင်းတိုက်၊ ချမ်းသာကြီးတောင်တိုက်၊ မစိုးရိမ်တိုက်ဟောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာများဆည်းပူးခဲ့ရာ အစိုးရမူလတန်း၊ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ စာချတန်း (ပါရာဇိကဏ်)၊ သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ၊ ဝိနယာဘွဲ့ (မြန်မာစာ)၊ အထက်တန်းရှေ့နေ (ပဋိညာဉ်နှင့် တရားမနစ်နာမှု) စာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ၊ ဘီအေ (မြန်မာ)။ H.G.P ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တဝါသဝသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၌ နည်းပြတာဝန်ကို ၂၄-၅-၉၉ နေ့မှ ၂၀၀၉-ခုနှစ် မတ်လအထိ ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တဥတ္တရ(ပြင်ဦးလွင်)**

ဘဒ္ဒန္တဥတ္တရသည် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ် သမင်ခြံကျေးရွာ အဖ ဦးပျော့+အမိ ဒေါ်မြရင်တို့မှ ၁၃၃၁-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၇)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တဥတ္တရသည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ (၇)ရပ်ကွက်၊ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တတေဇနိယာဘိဝံသ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မန္တလေးတိုင်း ဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ ဦးပျော့+ဒေါ်မြရင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တဥတ္တရသည် ၁၃၅၁-ခု၊ ကဆုန်လဆန်း(၁၅) သောကြာနေ့ နံနက်(၆)နာရီ (၁၂)မိနစ်အချိန်၌ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ရှင်အရဟံကျောင်းတိုက်၊ ရှင်အရဟံ ဓမ္မာသိမ်၌ ပြင်ဦးလွင်မြို့၊ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တတေဇနိယာဘိဝံမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ ဦးပျော့+ဒေါ်မြရင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

အရှင်ဥတ္တရသည် ပြင်ဦးလွင်မြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)တို့၌ ပညာများဆည်းပူးခဲ့ရာ အစိုးရမူလတန်း၊ ငယ်၊ လတ်၊ ကြီး၊ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ စာချတန်း(ပါ-သီ)၊ သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ(B.A.; Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ(M.A.; Buddhism)၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တဥတ္တရသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၏ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာဌာန၌ နည်းပြတာဝန်ကို (၁-၁၁-၂၀၀၁)နေ့မှ ၂၀၀၇-ခုနှစ် ဇွန်လအထိ ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန

## နည်းပြဆရာတော်
## ဘဒ္ဒန္တဝိစာရ

ဘဒ္ဒန္တဝိစာရသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ ရေဃမိုင်းကျေးရွာ အဖ ဦးကြည်မောင်အေး+အမိ ဒေါ်ရှမ်းတို့မှ ၁၃၂၉-ခုနှစ်၊ ဝါဆိုလဆုတ်(၅) ရက်၊ ဗုဒ္ဓဟူးနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တဝိစာရသည် ဝက်လက်မြို့နယ်၊ ရေဃမိုင်းကျေးရွာ၊ ခေမာဝတီကျောင်းဆရာတော် ဘဒ္ဒန္တရာဇိန္ဒ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဝက်လက်မြို့နယ်၊ ရေဃမိုင်းရွာ ဦးတင်ငွေ+ဒေါ်ညိုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တဝိစာရသည် ၁၃၄၉-ခုနှစ်၊ တန်ခူးလဆုတ်(၁၀)ရက်၊ ကြာသပတေးနေ့၊ နံနက်(၈း၃၅)နာရီအချိန်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ငွေသောင်ယံကျေးရွာ၊ ရေသိမ်၌ တောင်သလဲကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒမာလာ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဘိုကလေးမြို့နယ်၊ ငွေသောင်ယံကျေးရွာ ဦးကံမြင့်+ဒေါ်သန်းမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တဝိစာရသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မဟာဇောတိကာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ ဆင်မင်းကျောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာများဆည်းပူးခဲ့ရာ မင်္ဂလာစာမေးပွဲ(ဝိုင်အမ်ဘီအေ)၊ မူလတန်း၊ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ အဘိဓမ္မာစာမေးပွဲ (သုံးဆင့်) စာချတန်း (အဋ္ဌသာလိနီ)၊ သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ စာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ(B.A.;Buddhism)ဘွဲ့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တဝိစာရသည် ရဟန်းတော်များကို အင်္ဂလိပ်စာ-အရေး၊ အဖတ်၊ အပြော ပို့ချပေးခြင်း၊ နွေရာသီယဉ်ကျေးမှုသင်တန်း ပို့ချပေးခြင်းနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၌ နည်းပြတာဝန်ကို ၂၃-၉-၂၀၀၄ နေ့မှစ၍ ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာဌာန
**နည်းပြဆရာတော်**
## ဘဒ္ဒန္တကောဏ္ဍညကိတ္တိ

ဘဒ္ဒန္တကောဏ္ဍညကိတ္တိသည် မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ပေါင်းကလေးကျေးရွာ အဖ-ဦးဘငြိမ်း+ အမိ-ဒေါ်လုံးတို့မှ ၁၃၃၃-ခုနှစ်၊ တန်ခူးလဆန်း(၆)ရက် တနင်္လာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တကောဏ္ဍညကိတ္တိသည် ငဖဲမြို့နယ်၊ ညောင်ပင်သာကျောင်းဆရာတော် ဘဒ္ဒန္တပညာသီဟ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တကောဏ္ဍညကိတ္တိသည် ၁၃၅၄-ခုနှစ် တန်ခူးလပြည့်ကျော်(၃)ရက်၊ သောကြာနေ့၊ နံနက် (၈)နာရီ၊ (၁)မိနစ်အချိန်၌ ငဖဲမြို့နယ်၊ ပေါင်းကလေးရွာ၊ ညောင်ပင်သာကျောင်းခဏ္ဍသိမ်၌ မဟာသမယာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုမတိ(နိုင်ဩ)မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ငဖဲမြို့နယ်၊ ပေါင်ကလေးရွာ၊ ဦးတင်မောင် + ဒေါ်လှရှင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တကောဏ္ဍညကိတ္တိသည် ပုသိမ်မြို့၊ ပစ္ဆိမာရုံကျောင်းတိုက်၊ တောင်ကြီးမြို့၊ မင်္ဂလာရာမပရိယတ္တိစာသင်တိုက်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာများဆည်းပူးခဲ့ရာ အစိုးရမူလတန်း၊ ငယ်၊ လတ်၊ ကြီး၊ သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ၊ တက္ကသိုလ်ဝင်(၁၀)တန်း၊ အဝေးသင် တက္ကသိုလ်(အင်္ဂလိပ်စာ)စာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ(B.A.; Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A.;Buddhism)၊ အဝေးသင်တက္ကသိုလ် B.A.(အင်္ဂလိပ်စာ) ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တကောဏ္ဍညကိတ္တိသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၌ နည်းပြတာဝန်ကို (၃၀-၉-၂၀၀၂)နေ့မှစ၍ ၂၀၁၀-ခုနှစ်၊ မတ်လအထိ ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

**နည်းပြဆရာတော်**

## ဘဒ္ဒန္တဥတ္တရ(လယ်ဝေး)

ဘဒ္ဒန္တဥတ္တရသည် နေပြည်တော်ခရိုင်၊ လယ်ဝေးမြို့နယ်၊ ညောင်ကုန်းကျေးရွာ၊ အဖ ဦးငြိမ်းမောင်+အမိဒေါ်တင်ဥတို့မှ ၁၃၂၆-ခုနှစ် နတ်တော်လဆုတ်(၁)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တဥတ္တရသည် လယ်ဝေးမြို့နယ်၊ ညောင်ကုန်းရွာကျောင်းဆရာတော် ဘဒ္ဒန္တတေဇနိယမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ လယ်ဝေးမြို့နယ်၊ ညောင်ကုန်းကျေးရွာ ဦးငြိမ်းမောင်+ဒေါ်တင်ဥတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တဥတ္တရသည် ၁၃၄၇-ခုနှစ်၊ တပေါင်းလဆုတ်(၁၀) သောကြာနေ့ နံနက်(၉)နာရီ (၄၂)မိနစ်အချိန်၌ လယ်ဝေးမြို့နယ်၊ ညောင်ကုန်းရွာကျောင်းခဏ္ဍသိမ်၌ ကံဦးဗြောက်လွှတ်ကုန်း အုန်းတောကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥက္ကံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ လယ်ဝေးမြို့နယ်၊ ညောင်ကုန်းကျေးရွာ ဦးငြိမ်းမောင်+ဒေါ်တင်ဥ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တဥတ္တရသည် မုံရွာမြို့၊ မဟာဇောတိကာရာမတိုက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရမူလတန်း၊ ငယ်၊ လတ်၊ ကြီး၊ သာသနတက္ကသီလဓမ္မာစရိယတန်း၊ သာသနတက္ကသီလမဟာဓမ္မာစရိယတန်း၊ B.A.Eco (ဝိဇ္ဇာဘွဲ့၊ စီးပွားရေးပညာ) စာမေးပွဲများကို အောင်မြင်ခဲ့ပြီး B.A.Eco (ဝိဇ္ဇာဘွဲ့၊စီးပွားရေးပညာ)၊ သာသနတက္ကသီလဓမ္မာစရိ(B.A.; Buddhism)၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ(M.A; Buddhism)ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တဥတ္တရသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၌ နည်းပြတာဝန်ကို (၂၀-၈-၂၀၀၃)နေ့စ၍ ယနေ့ထိ ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တကုဏ္ဍမလ**

ဘဒ္ဒန္တကုဏ္ဍမလသည် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်၊ ကျည်တောင်ကန်ရွာ အဖ ဦးတင်အောင် အမိ ဒေါ်တင်ကြည်တို့မှ ၁၃၃၅-ခု၊ သီတင်းကျွတ်လဆန်း(၁၂)ရက်၊ တနင်္လာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တကုဏ္ဍမလသည် နေပြည်တော်ခရိုင်၊ တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မဟာသီဟနာဒ ကျောင်းတိုက်၊ ဆရာတော်ဘဒ္ဒန္တအာစိဏ္ဏမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ တပ်ကုန်းမြို့နယ်၊ ခရမ်းစပ်ကုန်းရွာ၊ ဦးမြင့်ခိုင်+ဒေါ်စန်းရီ တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တကုဏ္ဍမလသည် ၁၃၅၄-ခု၊ တပေါင်းလဆန်း(၁၃)ရက်၊ သောကြာနေ့၊ နံနက် (၈း၄)နာရီအချိန်၌ တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်၊ မဟာသီဟနာဒကျောင်းခဏ္ဍသိမ်၌ မဟာသီဟနာဒကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ အာစိဏ္ဏမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ တပ်ကုန်းမြို့၊ ခရမ်းစပ်ကုန်းရပ်ကွက်၊ ဦးမြင့်ခိုင်+ ဒေါ်စန်းရီ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တကုဏ္ဍမလသည် တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မဟာသီဟနာဒကျောင်းတိုက်၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရမူလတန်း၊ ငယ်၊ လတ်၊ ကြီး၊ သာသနတက္ကသီလ ဓမ္မာစရိယတန်း၊ သာသနတက္ကသီလမဟာဓမ္မာစရိယစာတန်းစာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလ ဓမ္မာစရိယ (B.A;Buddhism)၊သာသနတက္ကသီလမဟာဓမ္မာစရိယ(M.A;Buddhism) ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တကုဏ္ဍမလသည် တပ်ကုန်းမြို့၊ မဟာသီဟနာဒတိုက်၊ ရမည်းသင်းမြို့၊ မဟာရတနာပြတိုက်ကျောင်းနှင့် ရန်ကုန်မြို့၊ သံလျင်ဝါးတောမြတ်မွန်၊ ဝေဠုဝန်ရိပ်သာတို့၌ နှစ်စဉ် မဟာသတိပဋ္ဌာန်တရားတော်များ ပြသဟော ကြားခြင်း ၊ တပ်ကုန်းမဟာသီဟနာဒတိုက်နှင့် ရန်ကုန်မဟာသီဟနာဒတိုက်တို့၌လည်း စာပေများပို့ချခြင်းများဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်ရင်း နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၌ နည်းပြတာဝန်ကို (၁-၄-၂၀၀၆) နေ့မှစ၍ ယနေ့ထိ ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)
ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန

**နည်းပြဆရာတော်**

**ဘဒ္ဒန္တစိတ္တရ**

ဘဒ္ဒန္တစိတ္တရသည် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ကောက်ကွေးကျေးရွာ အဖ ဦးစိုးဝင်း+အမိဒေါ်မြင့်အေးတို့မှ ၁၃၃၇-ခုနှစ်၊ ပြာသိုလပြည့်ကျော်(၅)ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တစိတ္တရသည် တိုက်ကြီးမြို့နယ်၊ ကောက်ကွေးတန်းရွာ၊ ကောက်ကွေးတန်းကျောင်း၊ ကြို့ချောင်းတောင်ကျောင်းဆရာတော်ဘဒ္ဒန္တကုဏ္ဍလမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ တိုက်ကြီးမြို့နယ်၊ ကောက်ကွေးတန်းရွာ ဦးစိုးဝင်း+ဒေါ်မြင့်အေးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တစိတ္တရသည် ၁၃၅၇-ခု၊ ကဆုန်လပြည့်ကျော်(၈) တနင်္ဂနွေနေ့ နံနက်(၉)နာရီ (၃၇)မိနစ်အချိန်၌ တိုက်ကြီးမြို့နယ်၊ ကောက်ကွေးတန်းရွာ၊ ကောက်ကွေးတန်းကျောင်း ခဏ္ဍာသိမ်၌ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ဇောတိကာရုံကျောင်းဆရာတော် ဘဒ္ဒန္တဉာဏဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ တိုက်ကြီးမြို့နယ်၊ ပိုးတီကုန်းရွာ ဦးကံမြင့်+ဒေါ်မြခင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တစိတ္တရသည် ပြည်မြို့၊ ဇောတိကာရုံကျောင်းတိုက်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) တို့၌ ပညာများဆည်းပူးခဲ့ပြီး အစိုးရမူလတန်း၊ ငယ်၊ လတ်၊ ကြီး၊ သာသနာ့တက္ကသီလဓမ္မာစရိယတန်း၊ သာသနတက္ကသီလဓမ္မာစရိယတန်းစာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ (B.A;Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ(M.A;Buddhism) ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တစိတ္တရသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းဌာန၌ ဌာနစုမှူးတာဝန်ကို (၂၁-၂-၂၀၀၇)နေ့တွင်စတင်ဆောင်ရွက်ခဲ့ပါသည်။ (၂၃-၂-၂၀၁၀) နေ့တွင် ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၊ နည်းပြတာဝန်ကို ပြောင်းရွှေ့ထမ်းဆောင်ခဲ့ပြီး ခန့်အပ်သည်မှစ၍ ၂၀၁၁-ခုနှစ်၊ ဖေဖော်ဝါရီလအထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တအဂ္ဂ**

ဘဒ္ဒန္တအဂ္ဂသည် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ပန်းတိုင်းတောကျေးရွာ၌ အဘ ဦးစက်+ အမိ ဒေါ်လှရီတို့မှ ၁၃၃၇-ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၅)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တအဂ္ဂသည် မြိုင်မြို့နယ်၊ ပန်းတိုင်းတောကျေးရွာ၊ ရွှေပန်းမြိုင်ကျောင်း၊ ဆရာတော်ဘဒ္ဒန္တဝါယမ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြိုင်မြို့နယ်၊ ပန်းတိုင်းတောကျေးရွာ၊ ခမည်းတော် ဦးစက်+မယ်တော် ဒေါ်လှရီတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ဝင်ရောက်ခဲ့ ပါသည်။

ဘဒ္ဒန္တအဂ္ဂသည် ၁၃၅၆-ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၈)ရက်၊ ဗုဒ္ဓဟူးနေ့၊ နေ့လည်(၁)နာရီ (၅၉)မိနစ် အချိန်၌ မြိုင်မြို့နယ်၊ ပန်းတိုင်းတောကျေးရွာ၊ ရွှေပန်းမြိုင်ကျောင်း ခဏ္ဍသိမ်၌ ရွှေပန်းမြိုင်ကျောင်းဆရာတော် ဘဒ္ဒန္တဝါယမမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ပန်းတိုင်းတောကျေးရွာ ဦးမြသန်း+ ဒေါ်အေးကြည်တို့၏ ပစ္စယာနုဂ္ဂဟ ကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တအဂ္ဂသည် မြိုင်မြို့နယ်၊ ပန်းတိုင်းတောကျေးရွာ၊ ရွှေပန်းမြိုင်ကျောင်း။ မန္တလေးမြို့၊ ချမ်းသာကြီး တောင်တိုက်။ မန္တလေးမြို့၊ မိုးကောင်းကျောင်းတိုက်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာများဆည်းပူးခဲ့ပြီး ဗုဒ္ဓဘာသာယဉ်ကျေးမှု၊ အစိုးရမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီး တန်း၊ သာသနတက္ကသီလဓမ္မာစရိယတန်း၊ သာသနတက္ကသီလမဟာဓမ္မာစရိယတန်း စာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ(B.A.;Buddhism) ဘွဲ့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တအဂ္ဂသည် နွေရာသီကျောင်းပိတ်ရက်များတွင် မြိုင်မြို့နယ်၊ ပန်းတိုင်းတောကျေးရွာ၊ ရွှေပန်းမြိုင် ကျောင်းတိုက်မှ ကျောင်းသား၊ကိုရင်များအား အခြေခံပရိယတ္တိစာပေများကို သင်ကြားပေးခြင်း။ ပန်းတိုင်းတော ကျေးရွာ၊ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား/သူများအား ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများ၊ အင်္ဂလိပ်စာသင်တန်းများ သင်ကြားပို့ချပေးခြင်း။ ထူးချွန်သော ကျောင်းသား/သူတို့အား ပညာသင်ဆု ချီးမြှင့် ထောက်ပံ့လှူတန်းခြင်း။ ဦးအဂ္ဂ(ပန်းတိုင်းတော)၊ တက္ကသိုလ်အောင်ကျော်ဟိန်း၊ မြတ်လေးနွယ်မောင်(ပန်းတိုင်းတော) ကလောင်အမည်များဖြင့် ဆောင်ပါး၊ကဗျာများ ရေးသားခြင်းတို့ဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်လျက် ရှိပါသည်။

ထို့ပြင် သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A.;Buddhism) ဘွဲ့အတွက် ယသော်ရောက်နတ်ဘော့ ခန်းပို့အဖွင့် (ပထမပိုင်း)ခေါင်းစဉ်ဖြင့် ကျမ်းစာရေးသားပြုစုရင်း နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၌ (၂၅- ၉-၂၀၁၀)တနင်္ဂနွေနေ့မှ စတင်၍ ယနေ့အထိ နည်းပြတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန

## တွဲဖက်ပါမောက္ခ
## ဆရာဦးသန်းဆွေ

ဆရာဦးသန်းဆွေသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ သရက်တောရပ်၊ အဖဦးဘရင်+အမိဒေါ်ဖွားမြင့်တို့မှ ၁၂၉၀-ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း(၁၄)ရက်၊ သောကြာနေ့(၂၆.၁၀.၁၉၂၈)တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

### ပညာသင်ကြားခြင်း

၁။ ဒုတိယကမ္ဘာစစ်မတိုင်မီ အစိုးရအထက်တန်းကျောင်း မော်လိုက်မြို့။

၂။ စစ်ပြီးခေတ် တိုင်းချစ်ကျောင်း၊ မန္တလေးမြို့။

၃။ ၁၉၄၉-၅၁၊ မန္တလေးတက္ကသိုလ်။ ၁၉၅၁-၅၄၊ရန်ကုန်တက္ကသိုလ်။

### မြင့်ဆုံးအောင်မြင်ခဲ့သော စာမေးပွဲများ

B.A(Hons)(1956),M.A(Thesis)(1956)RGN University; M.A(elark),U.S.A(1963)

### နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခြင်း

၁၉၅၄၊ လ/ထကထိက၊ ကျောက်ဖြူကောလိပ်။၁၉၅၅၊ နည်းပြ၊ ကထိက၊ရန်ကုန်တက္ကသိုလ်။ ၁၉၅၆၊ လ/ထကထိက၊ စစ်တက္ကသိုလ်၊ဗထူးမြို့။ ၁၉၅၇၊ လ/ထကထိက၊ စစ်တက္ကသိုလ်၊ မေမြို့။

### ရရှိခဲ့သော ပညာရေးဘွဲ့နှင့် ဂုဏ်ထူးဆောင်ဘွဲ့များ

M.A. (Clark),U.S.A

ဦးသန်းဆွေသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၊ ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၌ တွဲဖက်ပါမောက္ခတာဝန်ကို (၃၀.၆.၉၃)နေ့မှစ၍ ထမ်းဆောင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန

**တွဲဖက်ပါမောက္ခ**
**ဦးတင်ဝင်း**

ဆရာဦးတင်ဝင်းသည် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မျက်ပါးရပ်၊ အဖဦးတင်မြင့်+ အမိဒေါ်ခင်လှ တို့မှ ၁၃၂၇-ခုနှစ်၊ ကဆုန်လဆန်း(၈)ရက်၊ စနေနေ့(၈-၅-၁၉၆၅)တွင် မီးရှုးသန့်စင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

**ပညာသင်ကြားခြင်း**

၁။ အ-မ-က(၃၆)၌ မူလတန်းပညာကို မန္တလေးမြို့တွင် သင်ကြားခဲ့ပါသည်။

၂။ အ-ထ-က(၁၄)၌ အထက်တန်းပညာကို မန္တလေးမြို့၌ သင်ကြားခဲ့ပါသည်။

၃။ မန္တလေးတက္ကသိုလ်အဆင့်မြင့်ပညာများကို ဆည်းပူးလေ့လာခဲ့ပါသည်။

**အမြင့်ဆုံးအောင်မြင်ခဲ့သော စာမေးပွဲများ**

M.A(English),Dip in (E.L.T),D.C.Sc

**နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခြင်း**

၁။၁၉၉၇-မှ ၁၉၉၉ အထိ(စက်မှုတက္ကသိုလ်၊မန္တလေး)

၂။၁၉၉၉ မှ ၂၀၀၅ အထိ(ကွန်ပျူတာတက္ကသိုလ်၊မန္တလေး)

၃။၂၀၀၅ မှ ယနေ့အထိ(နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊မန္တလေး)

**ရရှိခဲ့သော ပညာရေးဘွဲ့နှင့် ဂုဏ်ထူးဆောင်ဘွဲ့များ**

M.A(English),Dip in (E.L.T),D.C.Sc

ဦးတင်ဝင်းသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၊ ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၌ (၁၅-၉-၂၀၀၅)နေ့မှစ၍ တွဲဖက်ကထိကတာဝန်၊ တွဲဖက်ပါမောက္ခတာဝန်ကို ခန့်အပ်သည့်နေ့မှ၍ ယနေ့ထိ ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
(မန္တလေး)

# ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌
# တာဝန်ထမ်းဆောင်ပြီး/ထမ်းဆောင်ဆဲ
# ဆရာများ၏
# အတ္ထုပ္ပတ္တိအကျဉ်း



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
**ပါမောက္ခ/ဌာနမှူးဆရာတော်**
**ဘဒ္ဒန္တရာဇိန္ဒ**

ဘဒ္ဒန္တရာဇိန္ဒသည် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ လက်ယက်မရွာ၊ အဖ ဦးကြယ်+အမိ ဒေါ်လှမေတို့မှ ၁၃၁၁-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၁၁)ရက်၊ ဗုဒ္ဓဟူးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

အသက်(၁၁)နှစ်အရွယ်တွင် မြိုင်မြို့နယ်၊ လက်ယက်မရွာ စပွာယ်ရုံကျောင်းဆရာတော် ဘဒ္ဒန္တပညာဗလမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြိုင်မြို့နယ်၊ လက်ယက်မရွာ ဦးကြယ်+ဒေါ်လှမေတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၁၃၃၁-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၁၃)ရက်၊ နေ့၊ နံနက်(၉)နာရီ၊ (၄၉)မိနစ်အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ စစ်ကိုင်းကျောင်းခဏ္ဍာသိမ်၌ လှည်းကူးမြို့နယ်၊ မိုက်ကြီး ဝဲကျောင်းဆရာတော် ဘဒ္ဒန္တပညာမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ လှည်းကူးမြို့နယ်၊ မင်းလမ်းမ၊ ၈/၄-ရပ်ကွက်၊ အရှေ့ဘက်ကမ်း၊ ဦးမောင်လှ+ဒေါ်သန်းရှင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက်မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တရာဇိန္ဒသည် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ သူဌေးတိုက်။ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့အရှေ့ပိုင်း၊ နိဂြောဓာရုံကျောင်းတိုက်။ အလုံအောင်မင်္ဂလာတိုက်သစ်။ သရက်တောတိုက်၊ သာသနောဒယကျောင်း၊ ပုဇွန်တောင်မြို့နယ်၊ မြသိမ်းတန်ကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကွန်းတောင်ရိုး၊ မင်းကွန်းတိပိဋကနိကာယကျောင်းတို့တွင် ပညာဆည်းပူးခဲ့ပြီး အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ သာသနဓဇဓမ္မာစရိယ(၁၃၃၄)၊ သာသနဓဇသိရီပဝရဓမ္မာစရိယ(၁၃၃၉)၊ သာသနဓဇဓမ္မာစရိယဝိနယပါဠိပါရဂူ(၁၃၃၇)၊ နိကာယမ္ဘောတကဓမ္မဝိသာရဒဒီဃဘာဏက(၁၃၃၈)၊ နိကာယမ္ဘောတကဒီဃနိကာယ အဂ္ဂဓမ္မာစရိယ(၁၃၄၂)၊ နိုင်ငံတော်ဒီဃဘာဏက(၁၃၃၈)၊ ဒီဃနိကာယကောဝိဒ(၁၃၄၈)ဘွဲ့တို့ကို ရှိခဲ့ပါသည်။

၁၃၄၉/၅၀-ခုနှစ်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) အဘိဓမ္မပိဋကမဟာဌာန၌ ကထိကတာဝန်။ ၁၃၅၁/၅၈-ခုနှစ်များတွင် ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ ပါမောက္ခ/ဌာနမှူး တာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
**ပါမောက္ခ/ဌာနမှူးဆရာတော်**
**ဘဒ္ဒန္တပဒုမသာရ**

ဘဒ္ဒန္တပဒုမသာရသည် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ကန်သာကြီးရွာ အဖဦးစံသိန်း+အမိဒေါ်ခင်ကြည်တို့မှ (၁၃၁၇)ခုနှစ်၊ နယုန်လဆန်း(၁၂)ရက်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သောသားရတနာ ဖြစ်ပါသည်။

အသက်(၁၅)နှစ်အရွယ်တွင် မကွေးမြို့နယ်၊ ကန်သာကြီးရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မကွေးမြို့နယ်၊ ကန်သာကြီးရွာ အဖဦးစံသိန်း+အမိဒေါ်ခင်ကြည်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တပဒုမသာရသည် ၁၃၃၆-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁)ရက်၊ သောကြာနေ့၊ နံနက်(၉)နာရီ၊ မိနစ်(၃၀)အချိန်တွင် မကွေးမြို့နယ်၊ ကန်သာကြီးရွာ၊ ရွာဦးကျောင်းခဏ္ဍသိမ်၌ မကွေးမြို့နယ်၊ သပြေရင်းကျေးရွာ၊ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တက္ကန္ဒကမဟာထေရ်ကို ဥပဇ္ဈာယ်ပြုလျက် မကွေးမြို့နယ်၊ ကန်သာကြီးရွာ၊ ဦးပေါ်အောင်+ဒေါ်ငါးမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

အရှင်ပဒုမသာရသည် မကွေးမြို့၊ မဟာဓမ္မိကာရာမတိုက်။ မန္တလေးမြို့၊ ဒက္ခိဏာရာမ ဘုရာကြီးတိုက်၊ အတုလကာရီဆင်မင်းကျောင်း။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာများဆည်းပူးခဲ့ပြီး အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A Buddhism)၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တပဒုမသာရသည် (၁၉၈၄)ခုနှစ်မှစ၍ မကွေးမြို့၊ မဟာဓမ္မိကာရာမတိုက်တွင် စာဝါများကို ပို့ချခဲ့ပါသည်။ (၃၁-၇-၁၉၉၃)ခုနှစ်-မှစ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ နည်းပြတာဝန်၊ (၁၈-၁-၁၉၉၆)ခုနှစ်မှစ၍ ကထိကတာဝန်၊ (၈-၄-၁၉၉၈)ခုနှစ်မှစ၍ ယနေ့အထိ ပါမောက္ခ/ဌာနမှူးတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။

ရေးသားပြုစုခဲ့သောကျမ်းမှာ - မြတ်ဗုဒ္ဓခွင့်ပြုတော်မူခဲ့သည့် သင်္ကန်းတော်များ(မဟာဓမ္မာစရိယဘွဲ့ယူကျမ်း)ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
**ကထိကဆရာတော်**
**ဘဒ္ဒန္တဝိမလ**

ဘဒ္ဒန္တဝိမလသည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ကန်ဘဲ့ရွာ အဖ ဦးညွန့်အောင်+အမိ ဒေါ်စန်းရီတို့မှ ၁၃၂၆-ခုနှစ်၊ တော်သလင်းလဆန်း(၁၀)ရက်၊ ဗုဒ္ဓဟူးနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

အသက်(၉)နှစ်သားအရွယ်တွင် ရမည်းသင်းမြို့နယ်၊ ကန်ဘဲ့ရွာကျောင်း ဆရာတော်ဘဒ္ဒန္တဉတ္တရမဟာထေရ်ကိုဥပဇ္ဈာယ်ပြု၍ ရမည်းသင်းမြို့နယ်၊ ကန်ဘဲ့ရွာ ဦးဖိုးရံ+ဒေါ်ဖွားချစ်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၁၃၄၇-ခုနှစ်၊ ကဆုန်လပြည့်ကျော်(၉)ရက်၊ တနင်္လာနေ့၊ နံနက် (၇)နာရီ၊ (၃၄)မိနစ်အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ သိမ်တောင်တောရကျောင်း ခဏ္ဍာသိမ်၌ ရမည်းသင်းမြို့နယ်၊ သိမ်ကုန်း မုဥ္စလိန္ဒာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဝမ်းတွင်းမြို့နယ်၊ သိမ်တောင် တောရကျောင်း၊ သီလရှင်ဆရာကြီး ဒေါ်စန္ဒာသိရီ၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

အရှင်ဝိမလသည် ရမည်းသင်းမြို့နယ်၊ သိမ်ကုန်းရွာ၊ မုဥ္စလိန္ဒာစာသင်တိုက်။ ရန်ကုန်တိုင်းဒေသကြီး၊ အလုံအောင်မင်္ဂလာတိုက်သစ်။ မန္တလေးတိုင်းဒေသကြီး၊ ဒက္ခိဏာရာမဘုရားကြီးတိုက်။ မဟာဂန္ဓာရုံတိုက်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့တွင် ပညာများဆည်းပူးခဲ့ပြီး အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ သာသနတက္ကသီလဓမ္မာစရိယ(B.A Buddhism)၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ(M.A Buddhism)၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တို့ကို ရရှိခဲ့ပါသည်။

(၁၉၉၉)ခုနှစ်မှစ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ နည်းပြတာဝန်။ (၂၀၀၃)မှစ၍ ယနေ့အထိ ကထိကတာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

ရေးသားပြုစုခဲ့သောကျမ်းများမှာ- စရိက်ခြောက်ပါးကိုလေ့လာခြင်း(ဓမ္မာစရိယဘွဲ့ယူစာတမ်း)နှင့် အဋ္ဌသာလိနီအဋ္ဌကထာလာပုဒ်ထူးများကိုလေ့လာခြင်း(စာမျက်နှာ-၁မှ၂၀၆ အထိ)(မဟာဓမ္မာစရိယဘွဲ့ယူကျမ်းစာ)တို့ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
**ကထိကဆရာတော်**
**ဘဒ္ဒန္တပရမ**

ဘဒ္ဒန္တပရမသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ သရက်ကန်ရွာ အဖ ဦးအောင်သန်း+အမိ ဒေါ်ဝင်းကြည်တို့မှ ၁၃၂၅-ခုနှစ်၊ နတ်တော်လဆန်း(၆)ရက်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

အသက်(၁၂)နှစ်သားအရွယ်တွင် ယင်းမာပင်မြို့နယ်၊ သရက်ကန်ရွာဦးကျောင်း၊ မိုးကောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏဝံသ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ယင်းမာပင်မြို့နယ်၊ သရက်ကန်ရွာ ဦးအောင်သန်း+ဒေါ်ဝင်းကြည်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၁၃၄၅-ခုနှစ်၊ တန်ခူးလပြည့်ကျော်(၁၂)ရက်၊ တနင်္လာနေ့၊ နံနက်(၉)နာရီ၊ (၄၅)မိနစ်အချိန်တွင် ယင်းမာပင်မြို့နယ်၊ သရက်ကန် ရွာဦးကျောင်းခဏ္ဍသိမ်၌ သရက်ကန်ရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏဝံသ မဟာထေရ်ကို ဥပဇ္ဈာယ်ပြုလျက် ယင်းမာပင်မြို့နယ်၊ သရက်ကန်ရွာ ဦးအောင်သန်း+ဒေါ်ဝင်းကြည် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

အရှင်ပရမသည် မုံရွာမြို့၊ မဟာဇောတိကာရာမကျောင်းတိုက်။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ရှမ်းစု ဆီးဘန်းနီတိုက်။ မစိုးရိမ်တိုက်သစ်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့တွင် ပညာဆည်းပူးခဲ့ပြီး အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ သာသနတက္ကသီလဓမ္မာစရိယ(B.A Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ(M.A Buddhism)ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

(၂၀၀၀)ခုနှစ် မှစ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ နည်းပြတာဝန်၊ (၂၀၀၃ )ခုနှစ်မှစ၍ ယနေ့အထိ ကထိကတာဝန်ကို ထမ်းဆောင်ဆဲဖြစ်ပါသည်။

ရေးသားပြုစုခဲ့သောကျမ်းများမှာ- သီလက္ခန္ဓဝဂ္ဂ ဗြဟ္မဇာလသုတ်လာ မိစ္ဆာဒိဋ္ဌိဖြစ်ရခြင်း အကြောင်းရင်းများ (ဓမ္မာစရိယဘွဲ့ယူစာတမ်း)၊ ထေရဝါဒပိဋကတ်တော်လာ ဘုရားအလောင်းတော်တို့၏ ဘဝကိုလေ့လာခြင်း (မဟာဓမ္မာစရိယဘွဲ့ယူကျမ်းစာ)တို့ကိုရေးသားခဲ့ပြီး Analytical study of some Buddhist Abhidhamma terms used in Myanmar ဟူသောခေါင်းစဉ်ဖြင့် Ph.D ဘွဲ့ယူကျမ်းကို ရေးသားပြုစုလျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန

**နည်းပြဆရာတော်**

## ဘဒ္ဒန္တဝေပုလ္လ

ဘဒ္ဒန္တဝေပုလ္လသည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ကနစိုချောင်းကျေးရွာ၊ အဖ ဦးညို+အမိ ဒေါ်လှမြိုင်တို့မှ ၁၃၂၁-ခုနှစ်၊ ကဆုန်လဆန်း(၇)ရက်၊ ဗုဒ္ဓဟူးနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

အသက်(၁၁)နှစ်အရွယ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ (၁၁)ရပ်ကွက် ဘုရားကြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပုညမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဒေါ်သိန်းမေ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါ သည်။

၁၃၄၂-ခုနှစ်၊ ကဆုန်လဆန်း(၉)ရက်၊ နံနက်(၇)နာရီ၊ (၃၇)မိနစ်အချိန်တွင် မော်လမြိုင်ကျွန်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ဘုရားကြီးကျောင်းတိုက်ခဏ္ဍသိမ်၌ ဘုရားကြီးကျောင်းဆရာတော် ဘဒ္ဒန္တပုညမဟာထေရ်ကို ဥပဇ္ဈာယ်ပြုလျက် မော်လမြိုင်ကျွန်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဒေါ်သိန်းမေမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တဝေပုလ္လသည် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ ပဇ္ဇောတာရုံကျောင်းတိုက်။ မန္တလေးတိုင်း ဒေသကြီး၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်။ မန္တလေးမြို့၊ ကံသာညောင်စာရေးကျောင်း၊ အသောကာရာမ တိုက်၊ ဘုရားကြီးတိုက်၊ အတုလကာရီဆင်မင်းကျောင်း၊ ရတနာမဥ္ဇူကျောင်း။ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (မန္တလေး)တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ သာသနဓဇ ဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့ပါသည်။

(၂·၁၁·၁၉၉၀)နေ့မှစတင်၍ ၁၉၉၃-ခုနှစ်အထိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ နည်းပြတာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တပညာဇောတ**

ဘဒ္ဒန္တပညာဇောတသည် မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ တောင်ဦးရွာ အဖ ဦးရန်သိန်း+အမိ ဒေါ်လှမယ်တို့မှ ၁၃၁၈-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၀)ရက်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

အသက်(၁၃)နှစ်အရွယ်တွင် နတ်မောက်မြို့နယ်၊ တောင်ဦးရွာ၊ တောင်ဦးကျောင်းဆရာတော် ဘဒ္ဒန္တသုစိတ္တ မဟာထေရ်ကိုဥပဇ္ဈာယ်ပြု၍ နတ်မောက်မြို့နယ်၊ တောင်ဦးရွာ၊ ဦးဖြူ+ဒေါ်ငွေသင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၁၃၃၈-ခုနှစ်၊ နယုန်လပြည့်ကျော်(၁)ရက်၊ နံနက်(၈)နာရီ၊ မိနစ်(၅၀)အချိန်၌ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ဆယ်သုံးရွာ၊ သဒ္ဓမ္မဝတီကျောင်းခဏ္ဍသိမ်၌ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ကြံစနွယ်ရွာ၊ ကြံစနွယ်ကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိကမဟာထေရ်ကို ဥပဇ္ဈာယ်ပြုလျက် ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဒေါ်နု-ဒေါ်စောတင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တပညာဇောတသည် နတ်မောက်မြို့၊ ဒီပင်္ကရာကျောင်းတိုက်။ ရေနံချောင်းမြို့၊ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ ရေနံချောင်း ရွှေတောင်တိုက်သာသနဓဇဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ(M.A Buddhism)ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

၁၃၅၄-ခုနှစ်၊ နတ်တော်လဆန်း(၂)ရက်နေ့မှစ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ နည်းပြတာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။

ရေးသားပြုစုခဲ့သောကျမ်းစာများမှာ-ဝိနည်းကျမ်းလာ အရှင်အာနန္ဒာ(မဟာဓမ္မာစရိယဘွဲ့ယူကျမ်းစာ)ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တကုဏ္ဍာသေဋ္ဌ**

ဘဒ္ဒန္တကုဏ္ဍာသေဋ္ဌသည် စစ်ကိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ချောင်းဆုံရွာ၊ အဖ ဦးလှဖန်+အမိ ဒေါ်ကြည်လှတို့မှ ၁၃၂၄-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁)ရက်၊ (၁၀-၃-၁၉၆၃) တနင်္ဂနွေနေ့တွင် မိးရှူးသန့်စင် ဖွားမြင်သောသားရတနာဖြစ်ပါသည်။

၁၅-နှစ်သားအရွယ်တွင် ရေဦးမြို့နယ်၊ ချောင်းဆုံရွာကျောင်းဆရာတော် ဘဒ္ဒန္တကေလာသ (သာသနဓဇ သီရိပဝရဓမ္မာစရိယ၊ ပါဠိပါရဂူ)ကို ဥပဇ္ဈာယ်ပြုလျက် ဦးလှဖန်+ဒေါ်ကြည်လှတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ သာမဏေအဖြစ်သို့ ရောက်ခဲ့ပါသည်။

၁၃၄၄-ခုနှစ်၊ ကဆုန်လပြည့်ကျော်(၅)ရက်နေ့တွင် ရေဦးမြို့နယ်၊ ချောင်းဆုံရွာ ကျောင်းခဏ္ဍာသိမ်၌ သဲဦးကျောင်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ဦးလှဖန်+ဒေါ်ကြည်လှတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။

ရေဦးမြို့၊ ချမ်းသာကြီးပါဠိတက္ကသိုလ်ကျောင်းတိုက်။ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့တွင် ပညာဆည်းပူးခဲ့ပြီး ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလဓမ္မာစရိယ(B.A Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A Buddhism)ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တကုဏ္ဍာသေဋ္ဌသည် (၃၁-၁၁-၁၉၉၅)ခုနှစ်မှစ၍ (၁၈-၆-၁၉၉၉)ခုနှစ်အထိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ နည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ ကျိုက်သလ္လန်စေတီတော်မြတ်၏ အနောက်ဘက်စောင်းတန်းထိပ် မြေထဲကျောင်းတိုက်တွင် စာပေများပို့ချပေးခြင်း၊ အခါအားလျော်စွာ ဥပုသ်နေ့များနှင့် သင်္ကြန်ကာလများတွင် သမထဝိပဿနာတရားများကို ဟောပြောပြသခြင်းများ ပြုလုပ်လျက်ရှိပါသည်။

ရေးသားပြုစုခဲ့သော ကျမ်းစာများမှာ-ပထမာပတ္တိကသံဃာဒိသိသ်(၉)ပါးကို လေ့လာသုံးသပ်ချက်(ဓမ္မာစရိယဘွဲ့ယူစာတမ်း)မြတ်ဗုဒ္ဓ၏အိမ်ထောင်ရေးဆိုင်ရာလေ့လာချက်(မဟာဓမ္မာစရိယဘွဲ့ယူကျမ်းစာ)တို့ဖြစ်ပါသည်။

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တပညာသာမိ**

ဘဒ္ဒန္တပညာသာမိသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ ထန်းကြီးရွာ၊ ဦးကြည်ရှောင်+ဒေါ်ငွေရီတို့မှ ၁၃၅၄-ခုနှစ်၊ တန်ခူးလဆန်း(၄)ရက်၊ ကြာသပတေးနေ့တွင် မိးရှူးသန့်စင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

အသက်(၁၅)နှစ်အရွယ်တွင် ဝက်လက်မြို့နယ်၊ ထန်းကြီးရွာ၊ နဂါးရုံကျောင်းဆရာတော် ဘဒ္ဒန္တကုသလမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဝက်လက်မြို့နယ်၊ ထန်းကြီးရွာ၊ ဦးညို+ဒေါ်တင်ယုံတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပါသည်။

၁၃၇၄-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်(၁၃)ရက်နေ့ နံနက်(၈)နာရီ၊ မိနစ်(၃၀)အချိန်၌ ဝက်လက်မြို့နယ်၊ ထန်းကြီးရွာ၊ နဂါးရုံကျောင်း ဆရာတော် ဘဒ္ဒန္တကုသလမဟာထေရ်ကို ဥပဇ္ဈာယ်ပြုလျက် ဝက်လက်မြို့နယ်၊ ထန်းကြီးရွာ၊ ဦးကြည်ရှိန်၊ ညီ ဦးကြည်ရှောင်နှင့် နှမဒေါ်ခင်ဥမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တပညာသာမိသည် ဝက်လက်မြို့နယ်၊ ထန်းကြီးရွာ၊ နဂါးရုံကျောင်း။ မန္တလေးမြို့၊ တောင်ပြင်ထီးလင်းတိုက်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလ ဓမ္မာစရိယ(B.A Buddhism)၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ(M.A Buddhism)၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့တို့ကို ရရှိခဲ့ပါသည်။

၆.၇.၂၀၀၀မှစ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ နည်းပြတာဝန်ကို ယနေ့တိုင် ထမ်းဆောင်လျက်ရှိပါသည်။

ရေးသားပြုစုခဲ့သောကျမ်းစာများမှာ-

- ဗြဟ္မဝိဟာရတရားကို လေ့လာခြင်း(ဓမ္မာစရိယဘွဲ့ယူစာတမ်း)
- ဗုဒ္ဓဘာသာဆိုင်ရာ မြန်မာ့ဓလေ့ထုံးစံများ(မဟာဓမ္မာစရိယဘွဲ့ယူကျမ်းစာ)တို့ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တသာသန**

ဘဒ္ဒန္တသာသနသည် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆီမီးထွန်းရွာ အဖ ဦးရင်မောင်+အမိ ဒေါ်တင်အိတို့မှ (၁၃၂၆)ခုနှစ်၊ တပို့တွဲလဆန်း(၄)ရက်၊ သောကြာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

အသက်(၁၃)နှစ်အရွယ်တွင် တောင်တွင်းကြီးမြို့နယ်၊ ဆီမီးထွန်းရွာကျောင်း ဆရာတော်ဘဒ္ဒန္တကေသဝ မဟာထေရ်ကိုဥပဇ္ဈာယ်ပြု၍ တောင်တွင်းကြီးမြို့နယ်၊ ဆီမီးထွန်းရွာ၊ ဦးရင်မောင်+ဒေါ်တင်အိ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၁၃၄၆-ခုနှစ်၊ နတ်တော်လပြည့်ကျော်(၆)ရက်၊ ကြာသပတေးနေ့၊ နံနက်(၈)နာရီ၊ (၅၅)မိနစ်အချိန်၌ တောင်တွင်းကြီးမြို့နယ်၊ ဆီမီးထွန်းရွာကျောင်းဓဏ္ဍသိမ်၌ ဆီမီးထွန်းရွာကျောင်း ဆရာတော်ဘဒ္ဒန္တကေသဝ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဆီမီးထွန်းရွာ၊ ဦးရင်မောင်+ဒေါ်တင်အိမိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တသာသနသည် တောင်တွင်းကြီးမြို့နယ်၊ ဆီမီးထွန်းကျောင်း။ မကွေးမြို့၊ မဟာဓမ္မိကာရာမတိုက်။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ပထမပြန်စာသင်တိုက်၊ မင်းကျောင်း။ ဒဂုံ မြို့နယ်၊ ဒဂုံပရိယတ္တိစာသင်တိုက်။ မန္တလေးမြို့၊ မဟာနန္ဒိသေနာရာမတိုက်။ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ သာသနတက္ကသီလဓမ္မာစရိယ(B.A Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ(M.A Buddhism) ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

(၅-၉-၂၀၀၃)မှစ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ နည်းပြတာဝန်ကို ယနေ့တိုင် ထမ်းဆောင်လျက်ရှိပါသည်။

ရေးသားပြုစုခဲ့သော ကျမ်းစာများမှာ-

- ကထိန်အကြောင်းလေ့လာခြင်း(ဓမ္မာစရိယ ဘွဲ့ယူစာတမ်း)
- ဒီဃနိကာယ်လာ မြတ်ဗုဒ္ဓ၏ ဥပမာတော်များ(မဟာဓမ္မာစရိယ ဘွဲ့ယူကျမ်းစာ)တို့ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
**နည်းပြဆရာတော်**
**ဘဒ္ဒန္တကုန္တာဝုဓ**

ဘဒ္ဒန္တကုန္တာဝုဓသည် မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ မန်ကျည်းရုံရွာ၊ အဖ ဦးထွန်းကြည်+အမိ ဒေါ်ဝိုင်းတင်တို့မှ ၁၃၃၆-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၄)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

အသက်(၁၄)နှစ်အရွယ်တွင် ပွင့်ဖြူမြို့နယ်၊ မန်ကျည်းရုံရွာ၊ မြောင်းဘောင်ကျောင်းဆရာတော် ဘဒ္ဒန္တသုမနမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ပွင့်ဖြူမြို့နယ်၊ မန်ကျည်းရုံရွာ၊ အဖ ဦးထွန်းကြည် + အမိ ဒေါ်ဝိုင်းတင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၁၃၅၆-ခုနှစ်၊ တန်ခူးလပြည့်ကျော်(၂)ရက်၊ နံနက်(၈)နာရီ၊ မိနစ်(၃၀)အချိန်၌ ပွင့်ဖြူမြို့နယ်၊ မန်ကျည်းရုံရွာ၊ သရက်တောကျောင်းခဏ္ဍာသိမ်၌ စလင်းမြို့၊ ကန်ဆွယ်သီရိမင်္ဂလာကျောင်းဆရာတော် ဘဒ္ဒန္တရာဇိန္ဒမဟာထေရ်ကို ဥပဇ္ဈာယ်ပြုလျက် ပွင့်ဖြူမြို့နယ်၊ မန်ကျည်းရုံရွာ ဒေါ်ပွေး၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

အရှင်ကုန္တာဝုဓသည် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ဇေတဝနာရုံပါဠိတက္ကသိုလ်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ သာသနတက္ကသီလမဇ္ဈိမာစရိယ(B.A Buddhism)၊ သာသနတက္ကသီလမဟာမဇ္ဈိမာစရိယ(M.A Buddhism) ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

(၁၃၆၅)ခုနှစ်မှစ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ နည်းပြတာဝန်ကို ယနေ့တိုင် ထမ်းဆောင်လျက်ရှိပါသည်။

ရေးသားပြုစုခဲ့သော ကျမ်းစာများမှာ-

- ဗုဒ္ဓအလိုတော်ကျ ဥပါသကာ(သာသနတက္ကသီလမဇ္ဈိမာစရိယဘွဲ့ယူစာတမ်း)
- ပဋိစ္စသမုပ္ပါဒ်အင်္ဂါများကို လေ့လာခြင်း(သာသနတက္ကသီလမဟာမဇ္ဈိမာစရိယဘွဲ့ယူကျမ်းစာ)တို့ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန

**တွဲဖက်ပါမောက္ခ**

## ဆရာကြီး ဦးငွေးအောင်



ဆရာကြီးဦးငွေးအောင်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကောလင်းမြို့၌ အဖ ဦးသိန်းအောင်+အမိ ဒေါ်လှမြင့်တို့မှ (၁၉၂၅)ခုနှစ်၊ နိုဝင်ဘာလ(၂၈)ရက်၊ စနေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

စစ်မဖြစ်မီအချိန်က မန္တလေးမြို့တွင် ဗုဒ္ဓဘာသာကျောင်း၌ အလယ်တန်းအောင်သည်အထိ ပညာသင်ကြားခဲ့သည်။ စစ်အတွင်း စစ်ကိုင်းတောင်ရိုး၊ ရတနာရှုဝံချောင် ဘကြီးဆရာတော်ကြီးထံတွင် သာမဏေဝတ်၍ ပါဠိဘာသာနှင့်ဗုဒ္ဓကျမ်းစာများကို သင်ယူခဲ့သည်။ အသက်(၂၀)အရွယ်တွင် စစ်ကိုင်းတောင်ရိုး၊ ရတနာရှုဝံချောင် ဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပြီးနောက် စစ်ကိုင်းတောင်ရိုး၊ ရတနာရှုဝံချောင်ဆရာတော်ထံတွင် ပါဠိစာပေများကို ဆက်လက်လေ့လာသင်ယူခဲ့သည်။

၁၉၄၇-ခုနှစ်တွင် တက္ကသိုလ်ဝင်သင်တန်းကို မန္တလေးမြို့၊ ဗုဒ္ဓဘာသာအထက်တန်းကျောင်းမှ အောင်မြင်ခဲ့ပြီး မန္တလေးတက္ကသိုလ်တွင် ရဟန်းဝတ်ဖြင့် တက္ကသိုလ်ပညာသင်ယူခဲ့ကာ (၁၉၅၂)ခုနှစ်တွင်B.Sc ဘွဲ့ရရှိခဲ့သည်။ ၁၉၅၃-ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ လူဝတ်ဖြင့် ရူပဗေဒမဟာသိပ္ပံတန်း တက်ရောက်ခဲ့သည်။

၁၉၅၄-ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ ပညာတော်သင်အဖြစ် မိုးလေဝသပညာကို အမေရိကန်ပြည်၊ ဖလော်ရီဒါ စတိတ်ယူနီဗာစီတီတွင် သင်ယူခဲ့သည်။ ၁၉၅၆-ခုနှစ်တွင် မိုးလေဝသပညာ ဘီအက်စ်ဘွဲ့ရပြီး မြန်မာပြည်သို့ ပြန်လာ၍ မိုးလေဝသဌာန၌(၃၂)နှစ်တိုင်တိုင် အမှုထမ်းခဲ့သည်။ ၁၉၈၁-ခုနှစ်တွင် "ဗုဒ္ဓဒေသနာနှင့်ဝိပဿနာ ပြန့်ပွားရေးအဖွဲ့"ဖွဲ့စည်း၍ ဗုဒ္ဓဒေသနာကို စနစ်သစ်ဖြင့် လေ့လာသောသင်တန်းများကို စတင်ပို့ချခဲ့သည်။

၁၉၈၇-ခုနှစ်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ်နှင့် မိုးလေဝသဌာနမှ အငြိမ်းစားယူခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ဝိပဿနာအဖွဲ့(I.M.C) ရန်ကုန်ရိပ်သာတွင် (၂)နှစ်ကျော် တရားအားထုတ်ခဲ့သည်။

၁၉၈၉-ခုနှစ်မှ၍ မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာနတွင် တွဲဖက်ပါမောက္ခအဖြစ်လည်းကောင်း၊ မန္တလေးတိုင်း၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌လည်းကောင်း သံဃာတော်များအား စာပေများ ပို့ချပေးခဲ့သည်။ ၂၀၀၄-ခုနှစ်တွင် ဆရာကြီးဦးငွေးအောင်အား နိုင်ငံတော်အစိုးရမှ "မဟာသဒ္ဓမ္မဇောတိကဓဇ"ဘွဲ့ကို ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆရာကြီးဦးငွေးအောင်သည် ပဓာနနာယကအဖြစ်နှင့် စနစ်သစ်ဖြင့်လေ့လာသော ဗုဒ္ဓဒေသနာသင်တန်းများနှင့် ဗုဒ္ဓနည်း နာမ်ရုပ်လေ့ကျင့်ရေး တရားအလုပ်စခန်းများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ယနေ့တိုင် ပို့ချပေးလျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန

**တွဲဖက်ပါမောက္ခ**

**ဦးစိုးကျော်သူ**

ဆရာဦးစိုးကျော်သူသည် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ (၅၇၈) ရပ်ကွက်၊ အဖ ဦးစန်းမောင်+ အမိ ဒေါ်မြင့်မြင့် တို့မှ (၁၉၆၅)ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

မူလတန်းမှ ဒသမတန်းထိ (၁၉၇၀-၁၉၈၀)ထိ အ·ထ·က(၁၄) မန္တလေးမြို့တွင် ပညာဆည်းပူးခဲ့ပြီး ဝိဇ္ဇာ(ဂုဏ်ထူး) ၁၉၈၂။ မဟာဝိဇ္ဇာ (သမိုင်း) ၁၉၈၆ ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

၁၉၉၄-ခုနှစ်တွင် မန္တလေးတက္ကသိုလ်၊ သမိုင်းဌာန၌ နည်းပြ၊

၂၀၀၁-ခုနှစ်တွင် လွိုက်ကော်တက္ကသိုလ်၊ သမိုင်းဌာန၌ နည်းပြ၊

၂၀၀၂-ခုနှစ်တွင် အဝေးသင်တက္ကသိုလ်၊ (မန္တလေး) သမိုင်းဌာန၌ လက်ထောက်ကထိကတာဝန် များကို ထမ်းဆောင်ခဲ့ပြီး (၁၉-၅-၂၀၀၅)နေ့ မှစ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)တွင် ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၌ ကထိကတာဝန်၊ (၂၁-၇-၂၀၀၇)နေ့မှစ၍ တွဲဖက်ပါမောက္ခတာဝန်ကို ယနေ့ထိ ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
(မန္တလေး)

# ပိဋကတ်တိုက်ဌာန၌
# တာဝန်ထမ်းဆောင်ပြီး/ထမ်းဆောင်ဆဲ
# ဆရာများ၏
# အတ္ထုပ္ပတ္တိအကျဉ်း



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

ပိဋကတ်တိုက်ဌာန

## ပိဋကတ်တိုက်မှူးဆရာတော်

## ဘဒ္ဒန္တနရိန္ဒဝရ

ဘဒ္ဒန္တနရိန္ဒဝရသည် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကျောက်တိုင်ရွာ၌ အဖ ဦးဘိုးခေတ် + အမိ ဒေါ်စိန်တင် တို့မှ ၁၃၀၇-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၅)ရက်၊ စနေနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တနရိန္ဒဝရသည် သက်တော်(၁၁)နှစ် အရွယ်တွင် ဖြူးမြို့နယ်၊ ပဲခူးလမ်း၊ တာခြားရပ်ကွက်၊ ဒက္ခိဏာရုံ တိုက်သစ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒိမာမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဖြူးမြို့နယ်၊ ကျောက်တိုင်ရွာ၊ ဦးဘိုးခေတ် + ဒေါ်စိန်တင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ ပါသည်။

ဘဒ္ဒန္တနရိန္ဒဝရသည် သက်တော်(၂၀)နှစ် အရွယ်တွင် ၁၃၂၆-ခုနှစ်၊ တန်ခူးလဆန်း (၁၀)ရက်၊ တနင်္ဂနွေနေ့၊ နံနက် (၇)နာရီ၊ (၄၃)မိနစ်အချိန်၌ ဖြူးမြို့နယ်၊ ပဲခူးလမ်း၊ တာခြားရပ်၊ ဒက္ခိဏာရုံတိုက် သစ်ကျောင်းတိုက် ခဏ္ဍသိမ်၌ ဒက္ခိဏာရုံတိုက်သစ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒိမာမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဖြူးမြို့နယ်၊ ကျောက်တိုင်ရွာ၊ ဦးဘိုးခေတ် + ဒေါ်စိန်တင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တနရိန္ဒဝရသည် ရှင်ရဟန်းဖြစ်ပြီးနောက် ဖော်ပြပါဆရာတော်များထံတွင် အထက်တန်းပညာရပ် များကို သင်ယူတတ်မြောက်ခဲ့ပါသည်။ ပါဠိပထမပြန်စာမေးပွဲ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ ဓမ္မာစရိယ တန်း၊ ပါဠိပါရဂူ၊ သထုံမြို့သုဝဏ္ဏဘူမိစာမေးပွဲ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်တို့ကို အောင်မြင်ခဲ့သည်။ သာသနဓဇဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ သာသနဇောတိပါလဓမ္မာစရိယ(သထုံ)၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တနရိန္ဒဝရသည် ရန်ကုန်-သမိုင်း ဓမ္မရက္ခိတဘုန်းတော်ကြီးသင် မူလတန်းကျောင်း၌ ဆရာအဖြစ် (၃)နှစ်၊ ရန်ကုန်-မြောက်ဥက္ကလာပ သာယာကုန်းတောရ၌ စာချဘုန်းကြီးအဖြစ် (၃)နှစ်၊ မွန်ပြည်နယ် ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ သက္ကာယ်တောင်ကျောင်း၌ စာချဘုန်းကြီးအဖြစ် (၉)နှစ်၊ ၄င်းကျောင်းတိုက်၌ ဆယ်ရက်တရား စခန်းတရားပြ ဆရာတော်အဖြစ် (၂၆)နှစ်နှင့် သာသနာ့တက္ကသိုလ်(မန္တလေး)၌ သုတ္တန္တပိဋကမဟာဌာန နည်းပြ အဖြစ်ဖြင့်လည်းကောင်း၊ သုတ္တန္တပိဋကမဟာဌာနကထိကအဖြစ်ဖြင့်လည်းကောင်း စာဝါများကို သင်ကြားပို့ချ ပေးခဲ့ပါသည်။

ဘဒ္ဒန္တနရိန္ဒဝရသည် ယခုအခါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်တိုက်ဌာန၌ ပိဋကတ်တိုက်မှူးတာဝန်ကို ယနေ့ထိ ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

ပိဋကတ်တိုက်ဌာန

## လ/ထ ပိဋကတ်တိုက်မှူးဆရာတော်

## ဘဒ္ဒန္တသောဓက

ဘဒ္ဒန္တသောဓကသည် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ဝမ်းသာကျေးရွာ၌ အဖ ဦးအောင်ရင်+အမိ ဒေါ်ဝိုင်းစိန်တို့မှ ၁၃၁၂-ခုနှစ်၊ ကဆုန်လဆန်း (၁၂)ရက်၊ သောကြာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တသောဓကသည် သက်တော်(၁၂)နှစ်အရွယ်တွင် သာစည်မြို့နယ်၊ ဝမ်းသာကျေးရွာ၊ တိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တတေဇဝန္တမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ သာစည်မြို့နယ်၊ ဝမ်းသာရွာ၊ ဦးအောင်ရင်+ဒေါ်ဝိုင်းစိန်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ ပါသည်။

သက်တော် (၂၀) နှစ်သားအရွယ်ရှိရာ ၁၃၃၂- ခုနှစ်၊ တပေါင်းလဆန်း (၁၃) ရက်နေ့၊ နံနက် (၉း၁၅) နာရီအချိန်တွင် မန္တလေးတိုင်း၊ သဲတောမြို့နယ်၊ ဘူတာရပ်ကွက်၊ ကိုးတောင်ပြည့်ကျောင်း ခဏ္ဍသိမ်၌ ကိုးတောင်ပြည့် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇာဂရမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ သဲတောမြို့၊ ဘူတာရပ်ကွက်၊ ဦးထွန်းညွန့် + ဒေါ်တင်မြိုင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တသောဓကသည် ရှင်ရဟန်းဖြစ်ပြီးနောက် ဖော်ပြပါဆရာတော်များထံတွင် အထက်တန်းပညာရပ်များကို သင်ယူတတ်မြောက်ခဲ့ပါသည်။ သဲတောမြို့၊ ကိုးတောင်ပြည့်ကျောင်း ဆရာတော်ထံတွင် သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဝိနည်း၊ အဘိဓာန်၊ ယမိုက်၊ ပဋ္ဌာန်းကျမ်းစာများကိုလည်းကောင်း၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် ဆရာတော် ဦးနာယကာဘိဝံသ အထံ၌ ဓမ္မာစရိယကျမ်းစာများကိုလည်းကောင်း၊ မင်းကွန်းတိပိဋကဆရာတော်ထံ၌ သုတ္တန်၊ ဝိနည်းပိဋကတ် တို့ကိုလည်းကောင်း သင်ယူတတ်မြောက်ခဲ့ပါသည်။

ဘဒ္ဒန္တသောဓကသည် အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ တိပိဋကစာမေးပွဲတွင် ဝိနည်းရှေ့ပိုင်း အာဂုံဆောင်ဉာဏတောဝိဘင်္ဂရေ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တသောဓကသည် သဲတောမြို့၊ ကိုးတောင်ပြည့်စာသင်တိုက်ကြီး၌ ၁၀-နှစ်ခန့် ငယ်၊ လတ်၊ ကြီး၊ စာချတန်းစာဝါများကို ပို့ချခဲ့ပါသည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်တိုက်ဌာန၌ ပိဋကတ်တိုက်ဌာနစုမှူးတာဝန်ကို (၁၈- ၇- ၁၉၉၀) နေ့တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ (၉- ၁- ၉၈) နေ့တွင် ပိဋကတ်တိုက်ဌာန၌ လ/ထပိဋကတ်တိုက်မှူးတာဝန်တို့ကို တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

ပိဋကတ်တိုက်ဌာန

## လ/ထ ပိဋကတ်တိုက်မှူးဆရာတော်

## ဘဒ္ဒန္တဉာဏိန္ဒ

ဘဒ္ဒန္တဉာဏိန္ဒသည် မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ထန်းပင်ကန်ရွာ၌ အဖ ဦးလှအောင် + အမိ ဒေါ်စိန်ရွှေတို့မှ ၁၃၂၃-ခုနှစ်၊ ဝါခေါင်လဆုတ်(၃)ရက်အင်္ဂါနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တဉာဏိန္ဒသည် သက်တော်(၁၄)နှစ်အရွယ်တွင် တောင်သာမြို့နယ်၊ ဇရပ်ကြီးရွာ၊ ဇရပ်ကြီးတောကျောင်း၊ ဆရာတော်ဘဒ္ဒန္တနန္ဒိယမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ တောင်သာမြို့နယ်၊ ထန်းပင်ကန်ရွာ၊ ဦးလှအောင် + ဒေါ်စိန်ရွှေတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တဉာဏိန္ဒသည် သက်တော်(၂၀)နှစ် အရွယ် ၁၃၄၂-ခုနှစ်၊ နှောင်တန်ခူးလဆန်း(၈)ရက်၊ တနင်္ဂနွေနေ့၊ နံနက်(၇)နာရီ၊ (၄၀)မိနစ်အချိန်၌ မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့နယ်၊ သာယာအေးရပ်ကွက်၊ သုခဝတီစာသင်တိုက် ၊ ရေသုခီဓဏ္ဍာသိမ်၌ သုခဝတီစာသင်တိုက်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစိန္တာမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ကျောက်ပန်းတောင်းမြို့နယ်၊ သာယာအေးရပ်ကွက်၊ ဦးကံယုံ + ဒေါ်လှဆွေမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တဉာဏိန္ဒသည် ရှင်ရဟန်းဖြစ်ပြီးနောက် ဖော်ပြပါဆရာတော်များထံတွင် အထက်တန်းပညာရပ်များကို သင်ယူတတ်မြောက်ခဲ့ပါသည်။ ပါဠိပထမပြန်စာမေးပွဲ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်းစာမေးပွဲကို အောင်မြင်ခဲ့ပြီး သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တဉာဏိန္ဒသည် (၂၈-၇-၈၉)နေ့တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၌ နည်းပြတာဝန်၊ (၂၈-၁-၉၆)နေ့တွင် ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန၌ ကထိကတာဝန်တို့ကို ဆောင်ရွက်ခဲ့ပါသည်။ ပိဋကတ်တိုက်ဌာန၌ လ/ထ ပိဋကတ်တိုက်မှူးတာဝန်ကို (၂၀-၁၂-၂၀၀၅ မှ ၂၁-၉-၂၀၀၇ နေ့အထိ ထမ်းဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

ပိဋကတ်တိုက်ဌာန

## လက်ထောက်ပိဋကတ်တိုက်မှူးဆရာတော်

## ဘဒ္ဒန္တမုနိဝရ

ဘဒ္ဒန္တမုနိဝရသည် စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ပေကုန်းရွာ၌ အဖ ဦးထွန်းကြည်+အမိ ဒေါ်တင်မေ တို့မှ ၁၃၂၂-ခုနှစ်၊ ဝါဆိုလဆန်း(၁၅)ရက် စနေနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တမုနိဝရသည် သက်တော်(၄)နှစ်အရွယ်တွင် တန့်ဆည်မြို့နယ်၊ ပေကုန်းရွာ၊ ရွှေကူ အရှေ့ကျောင်း ဆရာတော် ဘဒ္ဒန္တသုမင်္ဂလမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ တန့်ဆည်မြို့နယ်၊ ပေါက်တောရွာ၊ ဦးကံရို+ဒေါ်သိန်းရင် တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တမုနိဝရသည် သက်တော်(၂၀)နှစ်အရွယ်တွင် ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း(၈)ရက်၊ အင်္ဂါနေ့၊ နံနက် (၇း၄၅)နာရီအချိန်၌ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်၊ မိုးကုတ်သိမ်ကျောင်း၊ မဟာဂန္ဓာရုံ ကျောင်းတိုက်၊ ပွဲကုန်းခဏ္ဍသိမ်၌ မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့၊ ပြည်လုံးချမ်းသာရပ်၊ ဦးထွန်းမြင့် + ဒေါ်တင်လှမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တမုနိဝရသည် ရှင်ရဟန်းဖြစ်ပြီးနောက် ဖော်ပြပါဆရာတော်များထံတွင် အထက်တန်းပညာရပ်များ ကို သင်ယူတတ်မြောက်ခဲ့ပါသည်။ ပါဠိပထမပြန်စာမေးပွဲ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ သာသန-တက္ကသီလဓမ္မာစရိယတန်း၊ သာသနတက္ကသီလမဟာဓမ္မာစရိယတန်းတို့ကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလ ဓမ္မာစရိယ (B.A)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A)၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တမုနိဝရသည် ၁၃၄၃-ခုနှစ်မှ ၁၃၅၁-ခုနှစ်ထိ (၈)နှစ်တိုင်တိုင် အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက် ၌ ဂဏဝါစက စာချတာဝန်ကိုလည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၌ အဆောင်မှူး တာဝန်၊ စာကြည့်တိုက်ဌာန ဌာနစုမှူးတာဝန်နှင့် အဘိဓမ္မပိဋကမဟာဌာန၌ ၁၃၆၀-ခုနှစ်မှ ၁၃၆၅-ခုနှစ်အထိ နည်းပြတာဝန်၊ ၁၃၆၅-ခုနှစ်မှ ၁၃၇၀-ခုနှစ်အထိ ကထိကတာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

ဘဒ္ဒန္တမုနိဝရသည် ယခုအခါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၌ လက်ထောက် ပိဋကတ်တိုက်မှူးဆရာတော်အဖြစ် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

ပိဋကတ်တိုက်ဌာန

## ဌာနစုမှူးဆရာတော်

## ဘဒ္ဒန္တဓမ္မာစာရ



ဘဒ္ဒန္တဓမ္မာစာရသည် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဆင်မရဲရွာ၊ အဖ ဦးကျော်စိန် + အမိ ဒေါ်မှိတို့မှ ၁၃၁၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၈)ရက်၊ စနေနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါ သည်။

ဘဒ္ဒန္တဓမ္မာစာရသည် သက်တော်(၁၃)နှစ်အရွယ်တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ထနောင်းပင်စုရွာ၊ ရွာဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင်းခြံမြို့နယ်၊ ထနောင်းပင်စုရွာ၊ ထနောင်းပင်စုကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒဝံသ၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေ အဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တဓမ္မာစာရသည် သက်တော်(၁၉)နှစ်သားအရွယ် ၁၃၃၄-ခုနှစ် တပေါင်းလပြည့်ကျော်(၇)ရက်၊ နံနက်(၈)နာရီ အချိန်တွင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူမီးရထားရပ်၊ ဓမ္မိကာရုံကျောင်း၊ ဒေဝသာဂရသိမ်ကုန်း ကျောင်းတိုက် ခဏ္ဍသိမ်တော်၌ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဓမ္မိကာရုံကျောင်း၊ ဒေဝသာဂရသိမ်ကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့၊ အမှတ် (၂၅၀) ရပ်ကွက်၊ ကုန်ဈေးတန်းလမ်းနေ ဦးမောင်မောင် + ဒေါ်ကြင်ရီ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တဓမ္မာစာရသည် ရှင်ရဟန်းဖြစ်ပြီးနောက် ဖေါ်ပြပါဆရာတော်များထံတွင် အထက်တန်းပညာရပ် များကို သင်ယူတတ်မြောက်ခဲ့ပါသည်။ ရန်ကုန်မြို့၊ ရှင်သာမဏာစာပြန်ပွဲ၊ ငယ်၊ လတ်၊ ကြီး (ပထမအထူး)၊ ညောင်တုန်းမြို့၊ သုဓမ္မာပရိယတ္တိ စာမေးပွဲ-ငယ်-လတ်-ကြီး(ဒုတိယအထူး)၊ မော်လမြိုင်ကျွန်းမြို့၊ သာသနာနုဂ္ဂဟ စာမေးပွဲ ရှင်သာမဏေအကြီးတန်း (ပထမအထူး)၊ ရန်ကုန်မြို့၊ ဘုရားဖြူဝိနယနုဂ္ဂဟစာမေးပွဲ ရှင်သာမဏေတန်း၊ အစိုးရ ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယတန်း၊ သာသနာ့တက္ကသီလမဟာဓမ္မာစရိယတန်းတို့ကို အောင်မြင်ခဲ့ပြီး သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ရန်ကုန်မြို့၊ သိမ်ကုန်းကျောင်းတိုက်၌ (၂)နှစ် စာပေပို့ချခဲ့ပါသည်။ ယင်းနောက် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မဟာစည်သာသနာရိပ်သာ၌ (၃)နှစ် တရားဟောကြားခဲ့ပါသည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပိဋကတိုက်ဌာန၌ ပင်မပိဋကတ်တိုက် ဌာနစုမှူးတာဝန်ကို ၁၉၉၃-ခုနှစ် ဧပြီလ(၈)ရက်နေ့မှ စတင်၍ ထမ်းဆောင်ခဲ့ပြီး သုတ္တန္တပိဋကမဟာဌာန၌ နည်းပြတာဝန်ကိုလည်း (၈-၄-၉၅)တွင် ထမ်းဆောင် ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

ပိဋကတ်တိုက်ဌာန

**ဌာနစုမှူးဆရာတော်**

**ဘဒ္ဒန္တကဝိဓဇ**

ဘဒ္ဒန္တကဝိဓဇသည် မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ သမွာန်တင်ရွာ၊ အဖဦးစံလှပေါ် + အမိ ဒေါ်တင်ဥတို့မှ ၁၃၂၉-ခုနှစ်၊ ပြာသိုလဆုတ်(၁)ရက်၊ တနင်္လာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တကဝိဓဇသည် သက်တော်(၁၅)နှစ်အရွယ်တွင် ရေနံချောင်းမြို့နယ်၊ သမွာန်တင်ရွာ၊ သမွာန်တင်ရွာဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇာဂရမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရေနံချောင်းမြို့နယ်၊ ဝက်လွတ်ရွာ၊ ဦးဘဦး + ဒေါ်ထွေးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တကဝိဓဇသည် သက်တော်(၂၀)နှစ်သား အရွယ်တွင် ၁၃၄၉-ခုနှစ်၊ ဝါဆိုလဆန်း(၆)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၇း၂၃)နာရီအချိန်တွင် ရေနံချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်၊ မဟာဓမ္မိကာရာမ စမွါယ်ရုံကျောင်း၊ ခဏ္ဍသိမ်၌ သမွာန်တင်ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တဇာဂရမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရေနံချောင်းမြို့နယ်၊ မြို့မမြောက်ရပ်ကွက်၊ ဦးမြစိန်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိပါသည်။

ဘဒ္ဒန္တကဝိဓဇသည် ရှင်ရဟန်းဖြစ်ပြီးနောက် ဖော်ပြပါဆရာတော်များထံတွင် အထက်တန်း ပညာရပ်များကို သင်ယူတတ်မြောက်ခဲ့ပါသည်။ ရေနံချောင်းမြို့ အမျိုးသားစာမေးပွဲ မူလတန်း၊ အငယ်တန်း၊ နတ်တလင်းမြို့နယ်လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟ စာမေးပွဲ။ အစိုးရ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်းတို့ကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A(Buddhism)ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တကဝိဓဇသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်တိုက်ဌာန၌ ဌာနစုမှူး တာဝန်ကို ၂၀-၈-၂၀၀၃ နေ့မှစတင်၍ ယနေ့ထိ ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

ပိဋကတ်တိုက်ဌာန

**ဌာနစုမှူးဆရာတော်**

## ဘဒ္ဒန္တ ဥတ္တရစဇ



ဘဒ္ဒန္တဥတ္တရစဇသည် ရှမ်းပြည်နယ် ၊ ပင်းတယမြို့နယ်၊ တမဲကျေးရွာ၌ အဖဦးပေါ + အမိဒေါ်ငြိမ်းရှင်တို့မှ ၁၃၃၀-ခုနှစ်၊ကဆုန်လဆန်း(၉)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တဥတ္တရစဇသည် သက်တော်(၁၃)နှစ်တွင် ရှမ်းပြည်နယ်၊ ပင်းတယမြို့နယ်၊ တမဲကျေးရွာ၊ တမဲကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မာသဓ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ပင်းတယမြို့နယ်၊ တမဲကျေးရွာ၊ ဦးပေါ + ဒေါ်ငြိမ်းရှင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တဥတ္တရစဇသည် သက်တော် (၂၀) နှစ်အရွယ်တွင် ၁၃၅၀-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၂) ရက်၊ နေ့လည် (၁၂)နာရီ၊ (၂၀) မိနစ်အချိန်၌ ပင်းတယမြို့နယ်၊ တမဲကျေးရွာ၊ တမဲကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ရှမ်းပြည်နယ်၊ ဒရယ်အင်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တတေဇဝန္တမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ပင်းတယမြို့နယ်၊ တမဲကျေးရွာ၊ ဦးချစ်ဆွေ+ဒေါ်တင်လှ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တဥတ္တရစဇသည် ရှင်ရဟန်းဖြစ်ပြီးနောက် ဖော်ပြပါဆရာတော်များထံတွင် အထက်တန်းပညာ ရပ်များကို သင်ယူတတ်မြောက်ခဲ့ပါသည်။ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သာသနတက္ကသိုလဓမ္မာစရိယ၊ သာသနတက္ကသိုလမဟာဓမ္မာစရိယ စာမေးပွဲတို့ကို ဖြေဆိုအောင်မြင်ခဲ့ပြီး သာသနတက္ကသိုလဓမ္မာစရိယ (B.A Buddhism)၊ သာသနတက္ကသိုလ မဟာဓမ္မာစရိယ (M.A Buddhism)ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တဥတ္တရစဇသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်တိုက်ဌာန၌ ဌာနစုမှူးတာဝန်ကို ၂၃·၁·၂၀၀၄ နေ့မှစတင်၍ ယနေ့ထိ ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

ပိဋကတ်တိုက်ဌာန

## ဌာနစုမှူးဆရာတော်

## ဘဒ္ဒန္တသူရသိဒ္ဓိ

ဘဒ္ဒန္တသူရသိဒ္ဓိသည် ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ နန်းခလဲကျေးရွာ၌ အဖ ဦးတင်လှိုင် + အမိ ဒေါ်တင်ရွှေ တို့မှ ၁၃၃၅-ခုနှစ်၊ ပြာသိုလဆန်း(၉)ရက်၊ သောကြာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တသူရသိဒ္ဓိသည် သက်တော်(၁၄)နှစ်တွင် သုံးခွမြို့နယ်၊ နန်းခလဲကျေးရွာ၊ နန်းခလဲကျောင်း၊ ဒက္ခိဏာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုန္ဒရမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ သုံးခွမြို့နယ်၊ နန်းခလဲ့ကျေးရွာ၊ ဦးတင်လှိုင်+ဒေါ်တင်ရွှေတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တသူရသိဒ္ဓိသည် သက်တော်(၂၀)နှစ်အရွယ်တွင် ၁၃၅၄-ခုနှစ်၊ တန်ခူးလဆန်း (၁၁)ရက်၊ သောကြာနေ့၊ ညနေ(၇)နာရီ၊ (၉)မိနစ်အချိန်၌ သုံးခွမြို့နယ်၊ နန်းခလဲ့ကျေးရွာ၊ နန်းခလဲ့ကျောင်း၊ ဒက္ခိဏာရုံ ကျောင်းတိုက်ခဏ္ဍသိမ်၌ ဒက္ခိဏာရုံကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသုန္ဒရမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ သုံးခွမြို့နယ်၊ နန်းခလဲ့ကျေးရွာ၊ ဦးတင်လှိုင်+ဒေါ်တင်ရွှေ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တသူရသိဒ္ဓိသည် ရှင်ရဟန်းဖြစ်ပြီးနောက် ဖော်ပြပါဆရာတော်များထံတွင် အထက်တန်းပညာရပ်များကို သင်ယူတတ်မြောက်ခဲ့ပါသည်။ အစိုးရ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) သာသနတက္ကသီလဓမ္မာစရိယတန်းတို့ကို ဖြေဆိုအောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ(B.A Buddhism)ဘွဲ့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တသူရသိဒ္ဓိသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၏ ပိဋကတ်တိုက်ဌာန၌ ဌာနစုမှူးတာဝန်ကို (၁၉.၁၀.၂၀၀၈)နေ့တွင် စတင်၍ ယနေ့ထိ ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

ပိဋကတ်တိုက်ဌာန

**ဌာနစုမှူးဆရာတော်**

**ဘဒ္ဒန္တခေမေသက**

ဘဒ္ဒန္တခေမေသကသည် မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ဖိန့်ကျေးရွာ၌ အဖ-ဦးတင်အောင်+အမိဒေါ်စန်းခင်တို့မှ ၁၃၃၅-ခုနှစ်၊ ဝါဆိုလဆန်း(၁၀)ရက်၊ တနင်္လာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တခေမေသကသည် သက်တော်(၁၂)နှစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ နဝင်းရပ်၊ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာနန္ဒပဏ္ဍိတာဘိဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ အောင်လံမြို့နယ်၊ ဖိန့်ကျေးရွာ၊ ဦးတင်အောင်+ဒေါ်စန်းခင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

ဘဒ္ဒန္တခေမေသကသည် သက်တော် (၂၀)နှစ်အရွယ် ၁၃၅၆-ခုနှစ်၊ တန်ခူးလပြည့်ကျော်(၁၀)ရက်၊ သောကြာနေ့၊ နံနက် (၉) နာရီ၊ (၁၀) မိနစ်အချိန်၌ ပဲခူးတိုင်း၊ မိုးညိုမြို့နယ်၊ သရက်ပင်ကျေးရွာ၊ မဇ္ဈိမသီဂီကျောင်းတိုက်ခဏ္ဍသိမ်၌ ပြည်မြို့၊ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ပဲခူးတိုင်း၊ မိုးညိုမြို့နယ်၊ သရက်တပင်ကျေးရွာ၊ ဦးအေး+ ဒေါ်အုန်းကြည်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တခေမေသကသည် ရှင်ရဟန်းဖြစ်ပြီးနောက် ဖော်ပြပါဆရာတော်များထံတွင် အထက်တန်းပညာရပ်များကို သင်ယူတတ်မြောက်ခဲ့ပါသည်။ အစိုးရ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ မဟာလယ်တီပရမတ္ထသံခိပ် (ပထမ၊ ဒုတိယ၊ တတိယ)ဆင့်၊ ဝိနယဝိဒူ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) သာသနတက္ကသီလဓမ္မာစရိယစာမေးပွဲတို့ကို ဖြေဆိုအောင်မြင်ခဲ့ပြီး ဝိနယဝိဒူ၊ သာသနတက္ကသီလဓမ္မာစရိယ (B.A Buddhism) ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဘဒ္ဒန္တခေမေသကသည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ နွားစမ်းတောင်ကျေးရွာ၊ ရွှေလက်လှဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ရှင်သာမဏေများနှင့် ကျောင်းသား/သူများကို ကျောင်းအုပ်တာဝန်ယူ၍ ပညာ သင်ကြားပေးလျက်ရှိပါသည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) သုတ္တန္တပိဋကမဟာဌာန၌ နည်းပြတာဝန်ကို (၁၉-၁၀-၂၀၀၈)နေ့မှ (၂၂-၂-၂၀၁၀)နေ့အထိထမ်းဆောင်ခဲ့ပြီး ပိဋကတ်တိုက်ဌာန၌ ဌာနစုမှူးတာဝန်ကို (၂၃-၂-၂၀၁၀)နေ့မှ စတင်၍ ယနေ့အထိ ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်

(မန္တလေး)

## မော်ကွန်းထိန်းဌာန၌

## တာဝန်ထမ်းဆောင်ပြီး/ထမ်းဆောင်ဆဲ

## ဆရာများ၏

## အတ္ထုပ္ပတ္တိအကျဉ်း

www.burmeseclassic.com




နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

မော်ကွန်းထိန်းဌာန

## မော်ကွန်းထိန်းဆရာတော်

## ဘဒ္ဒန္တသေဋ္ဌိလ

ဘဒ္ဒန္တသေဋ္ဌိလသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ မင်းတန်းရွာ၊ အဖ ဦးဘိုးအောင်+အမိ ဒေါ်ဖွားသန့်တို့မှ ကောဇာသက္ကရာဇ် (၁၃၀၁)ခုနှစ်၊ ပထမဝါဆိုလပြည့်၊ သောကြာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

အသက်(၁၀)နှစ်သားအရွယ်တွင် မြောင်မြို့နယ်၊ မင်းတန်းရွာ၊ စမွါယ်ရုံကျောင်းဆရာတော် ဘဒ္ဒန္တဝါသဝ ကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပါသည်။

သက်တော်(၂၀)အရွယ် ၁၃၂၂-ခုနှစ်၊ နယုန်လဆန်း(၁၂)ရက်၊ တနင်္ဂနွေနေ့တွင် မြောင်မြို့နယ်၊ နေပူကုန်းရွာကျောင်းဆရာတော် ဘဒ္ဒန္တကုန္ဒာသဘကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်သည် မင်းတန်းရွာကျောင်းဆရာတော် ဘဒ္ဒန္တဝါသဝ၊ မန္တလေးမြို့၊ ခင်မကန်တိုက်၊ မိုးတားကျောင်းဆရာတော် ဘဒ္ဒန္တပညာသာမိဘိဝံသ၊ မိုးကောင်းကျောင်းတိုက်၊ ဒေးဝန်းကျောင်းဆရာတော် ဘဒ္ဒန္တဇောတိကာဘိဝံသ၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမ(အလယ်)တိုက်၊ဘဒ္ဒန္တသုန္ဒရစသော ဆရာတော်များ၊ မင်းကွန်းဓမ္မနာဒတိုက်၊ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ(တိပိဋကရေ)တို့ထံ၌ ပညာသင်ယူခဲ့ပြီး ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ကာ " သာသနဓဇဓမ္မာစရိယ" ဘွဲ့ကို ရရှိခဲ့ပါသည်။

ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တည်ထောင်ရန် အစပျိုးစဉ်က ဆောက်လုပ်ရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခဲ့ပါသည်။

ဆရာတော်သည် စစ်ကိုင်းမြို့နယ်သံဃနာယကအဖွဲ့၊တွဲဖက်အကျိုးတော်ဆောင်တာဝန်(၁၀)နှစ်၊ စစ်ကိုင်းတိုင်း၊တိုင်းသံဃနာယကအဖွဲ့၊ အကျိုးတော်ဆောင်တာဝန်(၁၈)နှစ်၊ စစ်ကိုင်းတိုင်း၊ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ(၉)နှစ်၊စစ်ကိုင်းတိုင်းသံဃနာယကအဖွဲ့၊ဒုတိယဥက္ကဋ္ဌ(၃)နှစ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး)မော်ကွန်းထိန်းဌာနတွင် မော်ကွန်းထိန်းတာဝန်ကို( ၁၃၄၈-/၄၉ )ခုနှစ်များ၌ ထမ်းဆောင်ခဲ့ ပါသည်။

ဆရာတော်သည် ယခုအချိန်တွင် စစ်ကိုင်းမြို့နယ်၊ ဇီးချောင်းကျေးရွာအုပ်စု၊ ရန်အောင်မြင်ကျောင်း၌ သီတင်းသုံးလျက် ပဋိပတ္တိတာဝန်ကို ထမ်းဆောင်လျက် ရှိပါသည်။


www.burmeseclassic.com

www.burmeseclassic.com




နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

မော်ကွန်းထိန်းဌာန

**မော်ကွန်းထိန်းဆရာတော်**

## ဘဒ္ဒန္တသုန္ဒရ

ဘဒ္ဒန္တသုန္ဒရသည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ ဒေါင်းလှရပ်၊ အောင်တော်မူလမ်း၌ အဖ-ဦးစံရွှေ+အမိ ဒေါ်သန်းတင်တို့မှ မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်သည်။

ဘဒ္ဒန္တသုန္ဒရသည် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဆင်ကြိုးရွာ၊ ဆင်ကြိုးအနောက်ကျောင်း ခဏ္ဍာသိမ်၌ ဆင်ကြိုးအနောက်ကျောင်းဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ဦးဘချော+ဒေါ်ချစ်အေး မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တသုန္ဒရသည် ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ အစိုးရဓမ္မာစရိယစာမေးပွဲနှင့် B.A(မြန်မာ) စာမေးပွဲတို့ကို အောင်မြင်ခဲ့သည်။

ဘဒ္ဒန္တသုန္ဒရသည် သာသနဓဇဓမ္မာစရိယ၊(၁၃၂၈)၊ B.A(မြန်မာ) (၁၉၈၁)ဘွဲ့များကို ရရှိခဲ့သည်။

ဘဒ္ဒန္တသုန္ဒရသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၏ မော်ကွန်းထိန်းဌာန၌ မော်ကွန်းထိန်းတာဝန်ကို ၁၃၅၀-မှ ၁၃၅၂-ခုနှစ်ထိ ထမ်းဆောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

မော်ကွန်းထိန်းဌာန

**မော်ကွန်းထိန်းဆရာတော်**

## ဘဒ္ဒန္တဥတ္တရဉာဏ

ဒေါက်တာဘဒ္ဒန္တဥတ္တရဉာဏသည် ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ကြို့ကုန်းရွာ၌ အဖ-ဦးချစ် + အမိ ဒေါ်ကလေးမ တို့မှ ၁၃၁၀-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၄)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဒေါက်တာဘဒ္ဒန္တဥတ္တရဉာဏသည် ၁၃၂၀-ခုနှစ်၊ တန်ခူးလဆန်း(၅)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ကြို့ကုန်းဆရာတော် ဘဒ္ဒန္တဝိစိတ္တမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံးပျော်မြို့နယ်၊ ကြို့ကုန်းရွာ အသွားဖြစ်သူ ဒေါ်လုံမလေးနှင့် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဒေါက်တာဘဒ္ဒန္တဥတ္တရဉာဏသည် ၁၃၃၀-ခုနှစ်၊ ဝါဆိုလဆန်း၊ (၇)ရက် နံနက် (၈း၀၀)နာရီအချိန်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ ရွှေတောင်ကျောင်းတိုက်ခဏ္ဍသိမ်၌ ငါးသိုင်းချောင်းမြို့၊ ရွှေရေးဆောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စာဘိဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ ဦးထွန်းလှိုင်+ ဒေါ်သောင်းကြည် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဒေါက်တာဘဒ္ဒန္တဥတ္တရဉာဏသည် ကျုံပျော်မြို့နယ်၊ ကြို့ကုန်းကျောင်း၊ မြောင်းမြမြို့ပဓာနတာရုံတိုက်၊ ငါးသိုင်းချောင်းမြို့နယ်၊ ရွှေတောင်တိုက်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ(အလယ်)တိုက်၊ ပြည်မြို့ ဇောတိကာရုံတိုက် မင်းကွန်းဆရာတော်စသော ဆရာတော်များထံ ပညာဆည်းပူးခဲ့ပြီး အစိုးရ ငယ်၊ လတ်၊ ကြီး၊ သာသနဓဇ ဓမ္မာစရိယ၊ သာသနဓဇသီရိပဝရဓမ္မာစရိယ(၁၃၃၆)၊ နိကာယပ္ပဓာနတကဥဘတောဝိဘင်္ဂဓရ၊ ဥဘတောဝိဘင်္ဂဓရ၊ ဘီအေ(မြန်မာ)၊ ဒေလီတက္ကသိုလ်မှ M.A ဘွဲ့နှင့် Ph.D ဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တဥတ္တရဉာဏသည် ၁၉၈၆-ခုနှစ်မှ ၁၉၉၂-ခုနှစ်အထိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပိဋကတ်ဆိုင်ရာမြန်မာစာဌာနမှူးနှင့် မော်ကွန်းထိန်းတာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။ ၁၉၉၉-၂၀၀၃ အထိ ရန်ကုန်မြို့၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ပါမောက္ခနှင့် ပဋိပတ္တိမဟာဌာနမှူး တာဝန်တို့ကို ထမ်းဆောင်ခဲ့ပါသည်။

ယခုအခါ အင်္ဂလန်နိုင်ငံ၊ ဘာမင်ဟန်မြို့၊ ဗုဒ္ဓဝိဟာရကျောင်းတိုက်၌ သီတင်းသုံးလျက် သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com




နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

မော်ကွန်းထိန်းဌာန

## မော်ကွန်းထိန်းဆရာတော်

## ဘဒ္ဒန္တတိဿာစာရ

ဘဒ္ဒန္တတိဿာစာရသည် ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ဒေါင့်ကြီးရွာ၌ အဖဦးဟောရှင်+အမိ ဒေါ်စိန်မေတို့မှ ၁၃၀၈-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၀)ရက်၊ စနေနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်သည်။

ဘဒ္ဒန္တတိဿာစာရသည် ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ဒေါင့်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တသောမ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ဦးဟောရှင်+ဒေါ်စိန်မေတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တတိဿာစာရသည် ၁၃၂၈-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ မဟာဗောဓိကျောင်းတိုက် ခဏ္ဍသိမ်၌ သုံးခွမြို့၊ မဟာဗောဓိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒိယ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ သုံးခွမြို့နယ်၊ ဒေါင့်ကြီးရွာ၊ ဦးဟောရှင်+ဒေါ်စိန်မေတို့၏ ပစ္စယနုဂ္ဂဟကိုခံယူ၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တတိဿာစာရသည် သုံးခွမြို့နယ် ဒေါင့်ကြီးကျောင်း၊ သုံးခွမြို့ မဟာဗောဓိကျောင်းတိုက်၊ ပဲခူးမြို့ ကြက်ခတ်ဝိုင်းကျောင်းတိုက်၊ မန္တလေးမြို့၊ ဘုရားကြီးတိုက်တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရ ငယ်၊ လတ်၊ ကြီး၊ သာသနဓဇဓမ္မာစရိယ၊ B.A (Eco) အဘိဓမ္မာစာမေးပွဲများ၊ ဝိသုဒ္ဓိစာမေးပွဲစာမေးပွဲတို့ကို အောင်မြင်ခဲ့ပြီး သာသနဓဇဓမ္မာစရိယ။ B.A (Eco) ဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တတိဿာစာရသည် မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ ၁၉၈၆-၂၀၀၃-အထိ သင်ကြားရေးရာဌာနစိတ်မှူး၊ ပင်မပိဋကတ်တိုက်ဌာနစုမှူး၊ လက်ထောက်မော်ကွန်းထိန်း၊ မော်ကွန်းထိန်းတာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

မော်ကွန်းထိန်းဌာန

**မော်ကွန်းထိန်းဆရာတော်**

## ဘဒ္ဒန္တကေသရ

ဘဒ္ဒန္တကေသရသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ နဂါးတွင်းရွာ၊ အဖဦးဘစိန်+အမိ ဒေါ်ဖွားရှန်တို့မှ ၁၃၁၂-ခုနှစ်၊ နတ်တော်လပြည့်ကျော်(၁)ရက်၊ တနင်္လာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တကေသရသည် မုံရွာမြို့နယ်၊ ရုံးကြီးရပ်၊ ခေမဝတီကျောင်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မုံရွာမြို့နယ်၊ မြို့လယ်ရပ်ကွက် ဦးဘိုနီ+ဒေါ်ပန်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တကေသရသည် ၁၃၃၃-ခုနှစ်၊ ကဆုန်လဆန်း(၁၁)၊ နံနက်(၉)နာရီ (၄၂)မိနစ်ချိန်တွင် မုံရွာမြို့နယ်၊ နဂါးတွင်းကျေးရွာ၊ ရွာရှေ့တောင်ကျောင်းခဏ္ဍသိမ်၌ မုံရွာမြို့၊ ခေမဝတီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မုံရွာမြို့နယ်၊ နဂါးတွင်းကျေးရွာ၊ ဦးဘစိန်နှင့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဘဒ္ဒန္တကေသရသည် နဂါးတွင်းရွာ ရှေ့တောင်ကျောင်း၊ ရန်ကုန်မြို့၊ စမ်းချောင်းရပ်၊ ဗားကရာတိုက်၊ ဗဟန်း-ညောင်တုန်းကျောင်းတိုက်၊ ရန်ကုန်မြို့၊ အင်းစိန်၊ ဒညင်းကုန်းကျောင်း၊ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်တို့၌ ပညာများဆည်းပူးခဲ့ပြီး အစိုးရ ငယ်၊ လတ်၊ကြီး၊ စာချတန်း မြန်မာဂုဏ်ထူး ပါဠိဂုဏ်ထူး၊ တိပိဋကရွေးချယ်ပွဲ၌ သုတ် ၃ ကျမ်း အာဂုံရေးဖြေ၊ ဝိနည်း ရှေ့ပိုင်း ၂-ကျမ်းအာဂုံ၊ မန္တလေးမြို့ ပရိယတ္တိအသင်း နိကာယ်စာမေးပွဲ၊ ရန်ကုန်မြို့ နိကာယုဇ္ဈောတက အသင်းစာမေးပွဲ၊ မိုးကုတ်မြို့ နိကာယ်အသင်း စာမေးပွဲတို့ကို အောင်မြင်ပြီး သာသနဓဇဓမ္မာစရိယ၊ သီရိပရဓမ္မာစရိယ၊ ဒီဃနိကာယပါဠိပါရဂူ၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊ ဥဘတောဝိဘင်္ဂဓရ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တကေသရသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၌ ၁၃၅၀/၅၁-ခုနှစ်ပညာသင်နှစ်တွင် ဝိနယပိဋကမဟာဌာန၊ ကထိကတာဝန်။ ၁၃၅၁/၅၂-ပညာသင်နှစ်တွင် ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၌၊ ဌာနမှူးတာဝန်နှင့် ၁၃၆၅-ခု၊ ပညာသင်နှစ်မှစ၍ ယနေ့အထိ မော်ကွန်းထိန်းဌာန၌ မော်ကွန်းထိန်းတာဝန်တို့ကို ပြောင်းရွှေ့ပြီး ထမ်းဆောင်လျက်ရှိသည်။ ယင်းတာဝန်များကို ထမ်းဆောင်ရင်း မိမိသီတင်းသုံးရာ အရပ်တွင် စာသင်သားတို့အား ပရိယတ္တိအခြေပြုစာဝါများ ပို့ချခြင်း၊ ကျောင်းသားလူငယ်တို့အား ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများပို့ချခြင်း။ အခါအားလျော်စွာ တရားဒေသနာများ ဟောကြားခြင်းအားဖြင့် သာသနာတော်အတွက် ဆောင်ရွက်လျက်ရှိသည်။

ရေးသားပြုစုခဲ့သောကျမ်းစာများမှာ - သီဟိုဠ်ပါဠိစာပေသမိုင်းကောက်နုတ်ချက်၊ ပါဠိသဒ္ဒါကျမ်းများ စာရင်း၊ မိဿကသက္ကတနိဒါန်း၊ ကထိန်နှင့်စပ်သိမှတ်ဖွယ်ရာ(စာတမ်း)၊ ကမ္မဝါဒမိတ်ဆက်(စာတမ်း)၊ သကုဏ္ဍလာ နိဿယ၊ ဗုဒ္ဓစရိတနိဿယ၊ ကာတန္တရသုတ်နက် တို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

မော်ကွန်းထိန်းဌာန

## လက်ထောက်မော်ကွန်းထိန်းဆရာတော်

## ဘဒ္ဒန္တဒေဝိန္ဒ

ဘဒ္ဒန္တဒေဝိန္ဒသည် ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ် ပေါက်ကုန်းကျေးရွာ အဖ-ဦးလှတင် အမိ-ဒေါ်ပုလေးတို့မှ ၁၃၂၈-ခုနှစ်၊ တပေါင်းလဆန်း(၁)ရက်၊ စနေနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်သည်။

ဘဒ္ဒန္တဒေဝိန္ဒသည် အုတ်တွင်းမြို့၊ မဲကုန်းရပ်ကွက်၊ ကန်ကလေးတောရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိကမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ အုတ်တွင်းမြို့နယ် ပေါက်ကုန်းကျေးရွာ၊ ဦးလှတင်+ဒေါ်ပုလေးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တဒေဝိန္ဒသည် ၁၃၄၈-ခုနှစ်၊ ဝါခေါင်လဆန်း(၁၄)ရက် မွန်းလွဲ(၂)နာရီ၊ အချိန်၌ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိမင်္ဂလာအရှေ့ရပ်ကွက် ဇေယျာသီရိကျောင်း အနောက်ထီးလင်းတိုက် ခဏ္ဍသိမ်၌ မန္တလေးမြို့ အနောက်ထီးလင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါသဝ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့၊ လွတ်တောင်တန်းရပ်ကွက် ဦးအောင်လှ+ဒေါ်ငွေးငွေး မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တဒေဝိန္ဒသည် အုတ်တွင်းမြို့ ကန်ကလေးတောရကျောင်းတိုက်၊ တောင်ငူမြို့ ဝိသုဒ္ဓါရုံသိမ်ကျောင်း၊ မန္တလေးမြို့၊ မိုးကောင်းတိုက်၊ သိန်းသန်းရတနာကျောင်း၊ ချမ်းသာကြီးတိုက်၊ ရတနာဗိမာန်စာချကျောင်း၊ မစိုးရိမ်တိုက်သစ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရ မူလတန်း၊ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ ဓမ္မာစရိယစာမေးပွဲသီလက္ခန့်၊ ပါရာဇိကဏ် သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ B,A(Buddhism) သာသနတက္ကသီလမဟာဓမ္မာစရိယ M,A(Buddhism) ဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တဒေဝိန္ဒသည် ၁၉၉၈-ခုနှစ်မှ ၂၀၀၅-ခုနှစ်အထိ နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းဌာန စာမေးပွဲရေးရာဌာနစုမှူးတာဝန်ကိုလည်းကောင်း၊ ၂၀၀၅-ခုနှစ်မှ ၂၀၀၉-ခုနှစ်အထိ လ/ထ မော်ကွန်းထိန်းတာဝန်ကိုလည်းကောင်း ထမ်းဆောင်ခဲ့သည်။

ယင်းတာဝန်များကို ထမ်းဆောင်ရင်းဖြင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ရှိ သင်တန်းသားများအား ကွန်ပျူတာသင်တန်းများကိုလည်းပို့ချပေးခဲ့သည်။ ယခုအခါ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေကြက်ယက်ကျောင်းတိုက်၊ ဓမ္မဥယျာဉ်ကျောင်း၌ သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

မော်ကွန်းထိန်းဌာန

**လက်ထောက်မော်ကွန်းထိန်းဆရာတော်**

**ဘဒ္ဒန္တကုမုဒ**

ဘဒ္ဒန္တကုမုဒသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ရွာသစ်ရွာ အဖ-ဦးတင်အောင်+အမိ ဒေါ်မန်းရွှေတို့မှ ၁၃၃၂-ခု ကဆုန်လပြည့်ကျော်(၅)ရက် တနင်္လာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တကုမုဒသည် ရေဦးမြို့နယ်၊ ရွာသစ်ကျေးရွာ၊ သာဘုံကျောင်းဆရာတော် ဘဒ္ဒန္တကိတ္တိဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရေဦးမြို့နယ်၊ ရွာသစ်ကျေးရွာ ဦးတင်အောင်+ဒေါ်မန်းရွှေတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တကုမုဒသည် ၁၃၅၂-ခုနှစ်၊ ကဆုန်လပြည့်ကျော်(၁၁)ရက် အင်္ဂါနေ့၊ နံနက် (၇း၄၀) နာရီအချိန်၌ ရေဦးမြို့နယ်၊ ရွာသစ်ကျေးရွာ၊ သာဘုံကျောင်းတိုက် ခဏ္ဍသိမ်၌ သာဘုံကျောင်းဆရာတော် ဘဒ္ဒန္တကိတ္တိဝံသမဟာထေရ်ကိုဥပဇ္ဈာယ်ပြု၍ ရေဦးမြို့နယ်၊ ရွာသစ်ကျေးရွာ၊ ဦးတင်အောင်+ ဒေါ်မန်းရွှေ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဘဒ္ဒန္တကုမုဒသည် ရေဦးမြို့နယ်၊ ရွာသစ်ကျေးရွာ၊ သာဘုံကျောင်းတိုက်၊ မုံရွာမြို့၊ မြို့မရွှေဂူတိုက်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာများဆည်းပူးခဲ့ပြီး အစိုးရမူလတန်း၊ ငယ်၊ လတ်၊ ကြီး၊ အစိုးရဓမ္မာစရိယ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ (၁၃၅၇)ခုနှစ်၊ သာသနတက္ကသီလဓမ္မာစရိယတန်း၊ သာသနတက္ကသီလမဟာဓမ္မာစရိယတန်းစာမေးပွဲများနှင့် INTENSIVE ENGLISH COURSE စာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ (B.A.; Buddhism)၊ သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A.; Buddhism) ဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တကုမုဒ သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၏ ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၌ (၁-၁၁-၂၀၀၁)နေ့တွင် နည်းပြတာဝန်ကိုလည်းကောင်း၊ ၁၉-၉-၂၀၀၇ နေ့တွင် ကထိကတာဝန်ကိုလည်းကောင်းထမ်းဆောင်ခဲ့ပြီး ၆-၉-၂၀၀၉ နေ့တွင် မော်ကွန်းထိန်းဌာန၌ လက်ထောက်မော်ကွန်းထိန်း တာဝန်ကိုလည်း ဌာနပြောင်းရွှေ့ခဲ့ပြီး ခန့်အပ်သည်မှစ၍ ယနေ့ထိ တာဝန်ထမ်းဆောင်လျက်ရှိသည်။ ယင်းတာဝန်များကို ထမ်းဆောင်ရင်း နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ရှိ သင်တန်းသားများအား ကွန်ပျူတာသင်တန်းများပို့ချပေးခြင်း၊ တရားဒေသနာများဟောကြားခြင်းဖြင့် သာသနာတော်အတွက် ဆောင်ရွက်လျက်ရှိသည်။

ရေးသားပြုစုခဲ့သော ကျမ်းစာများမှာ -

- ရဟန်းဘဝကိုယ်ကျင့်သိက္ခာနှင့်အကျိုးထူးတရားများ(တက္ကသီလဓမ္မာစရိယ ဘွဲ့ယူစာတမ်း)
- သဒ္ဒနီတိကျမ်းလာပုဒ်ထူးများကို ဘာသာဗေဒနည်းဖြင့်လေ့လာခြင်း (သုတ္တမာလာ- သန္ဓိ၊ နာမ်) (မဟာဓမ္မာစရိယဘွဲ့ယူကျမ်းစာ)
- English Grammar in Use Intermediate Level (Translated into Mynmar)
- Carving the Dhammapada with Grammar (Cittavagga)
- How to Teach in Computer Office 2003
- A Study of Satthadeva-manussanam (the Teacher of Deva and Men) တို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

မော်ကွန်းထိန်းဌာန

## စာသင်သားရေးရာဌာနစုမှူးဆရာတော်

## ဘဒ္ဒန္တဂုဏိယ

ဘဒ္ဒန္တဂုဏိယသည် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၌ အဖ-ဦးဘချစ်+အမိ-ဒေါ်မြရီတို့မှ ၁၃၃၁-ခုနှစ်၊သီတင်းကျွတ်လဆုတ်(၁၁)ရက်၊ တနင်္လာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်သည်။

ပေါက်မြိုင်တိုက်၌ စတုတ္ထတန်းအောင်မြင်သည်အထိနေခဲ့ပြီး မြင်းခြံမြို့နယ်၊ ကန်နီပရိယတ္တိစာသင်တိုက်၌ ပထမကြီးတန်းအောင်မြင်သည်အထိ နေခဲ့သည်။ မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ ဦးရန်ကုန်ကျောင်း၌ သကျသီဟစာသင်တန်းကို သုံးနှစ်ဖြေဆိုခဲ့ရာတွင် အာဂုံပြန်ဆိုမှု၌သာ အောင်မြင်ခဲ့သည်။ ၁၃၃၇-ခုနှစ်တွင် ဓမ္မာစရိယစာမေးပွဲကို အောင်မြင်ခဲ့ပြီး 'သာသနဓဇဓမ္မာစရိယ' ဘွဲ့ကို ရရှိခဲ့သည်။ ထို့နောက် မင်းကွန်းမိုးမိတ်ကုန်းမြေ၌ တိပိဋကဓရစာမေးပွဲဖြေဆိုရန် သီတင်းသုံးခဲ့သော်လည်း ကျန်းမာရေးအခြေအနေကြောင့် မန္တလေးမြို့၊ ရေတော်တိုက်သို့ ပြောင်းရွှေ့သီတင်းသုံးခဲ့သည်။ မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မဖွင့်မီသာသနိကအဆောက်အဦများကို ဦးဆောင်၍ ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ တက္ကသိုလ်ဖွင့်လှစ်သောအခါ၌ မော်ကွန်းထိန်းဌာန၊ စာသင်သားရေးရာဌာနစုမှူးတာဝန်ကို ထမ်းဆောင်ခဲ့သည်။

ယခုအချိန်တွင် ရေတော်တိုက်၊ ပိဋကပါလကျောင်းဆရာတော်အဖြစ်ဖြင့် သီတင်းသုံးလျက် ရူပသိဒ္ဓိစာဝါနှင့် သီလက္ခန်စာဝါများကို ပို့ချလျက်ရှိပြီး မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်များက ဒုတိယရေတော်ဆရာအဖြစ် တာဝန်ပေးအပ်ခြင်းကို ခံခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

မော်ကွန်းထိန်းဌာန

**ဌာနစုမှူးဆရာတော်**

## ဘဒ္ဒန္တကုဏ္ဍလသာရ

ဘဒ္ဒန္တကုဏ္ဍလသာရသည် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကြည့်ကန်ရွာ၌ အဖ-ဦးရန်မောင်+အမိ-ဒေါ်တင်လှိုင်တို့မှ ၁၃၂၀-ခုနှစ်၊ ပထမဝါဆိုလဆန်း(၁၄)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သောသားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တကုဏ္ဍလသာရသည် မြိုင်မြို့နယ်၊ ကြည့်ကန်ရွာ၊ မင်္ဂလာမုန်ကင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာသာမိမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြိုင်မြို့နယ်၊ ကြည့်ကန်ရွာ၊ ဦးရန်မောင်+ဒေါ်တင်လှိုင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တကုဏ္ဍလသာရသည် ၁၃၄၀-ခုနှစ်၊ တပေါင်းလဆန်း(၂)ရက်၊ အင်္ဂါနေ့ နံနက်(၈း၃၀)နာရီအချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ယွန်းကျောင်းတိုက်၊ ခဏ္ဍသိမ်၌ နွားထိုးကြီးမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အလယ်ကျောင်းဆရာတော် ဘဒ္ဒန္တသုန္ဒရ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ နွားထိုးကြီးမြို့နယ်၊ အမှတ်(၃)ရက်ကွက်၊ ဦးထော်+ဒေါ်ဖွား မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တကုဏ္ဍလသာရသည် ကြည့်ကန်ရွာ၊ မင်္ဂလာမုန်ကင်းကျောင်း၊ နွားထိုးကြီးမြို့ ယွန်းကျောင်းတိုက်၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံကျောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရ ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယ၊ ရန်ကုန်မြို့ ဝိုင်အမ်ဘီအေ မင်္ဂလာစာမေးပွဲ ပ၊ ဒု၊ တဆင့်၊ အစိုးရအဘိဓမ္မာစာမေးပွဲ ပ၊ ဒု၊ တဆင့်၊ မန္တလေးမြို့၊ သာမဏေသကျသီဟ ပ၊ ဒုဆင့်၊ သာသနတက္ကသီလမဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တကုဏ္ဍလသာရသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မော်ကွန်းထိန်းဌာန၌ စာသင်သားရေးရာဌာနစုမှူးတာဝန်ကို ၁၃၅၄-ခုနှစ်-မှ-၁၃၅၅-ခုနှစ်အထိ ထမ်းဆောင်ခဲ့သည်။ ယင်းတာဝန်များကို ထမ်းဆောင်ရင်း နွားထိုးကြီးမြို့ ၊ ကျောင်းသူ-ကျောင်းသား ဒါယကာ-ဒါယိကာမများအား အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများကိုလည်း ပို့ချပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

မော်ကွန်းထိန်းဌာန

**ဌာနစိတ်မှူးဆရာတော်**

## ဘဒ္ဒန္တပညာသိရီ

ဘဒ္ဒန္တပညာသိရီသည် မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ထန်းပင်ကုန်းရွာ၊ အဖ-ဦးသာလှ+အမိ-ဒေါ်သာကောင်းတို့မှ ၁၂၉၅-ခုနှစ်၊ ဝါဆိုလဆန်း(၁)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

ဘဒ္ဒန္တပညာသိရီသည် ၁၃၁၄-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၈)ရက်၊ နတ်မောက်မြို့နယ်၊ ထန်းပင်ကုန်းရွာကျောင်းခဏ္ဍာသိမ်၌ ဆရာတော် ဘဒ္ဒန္တနေပုညမထေရ်ကို ဥပဇ္ဈာယ်ပြု၍ နတ်မောက်မြို့နယ်၊ ဦးကော်ရာ+ဒေါ်လေးကြီးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တပညာသိရီသည် နတ်မောက်မြို့နယ်၊ ထန်းပင်ကုန်းရွာကျောင်းဆရာတော်။ မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်၊ အဘိဓမ္မနယူပဒေသကျောင်းတို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရ ငယ်၊ လတ်၊ ကြီး၊ သာသနဓဇဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။

မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မော်ကွန်းထိန်းဌာန၌ ဌာနစိတ်မှူးတာဝန်ကို (၁၃၄၉-မှ ၁၃၅၀)ထိ ထမ်းဆောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

မော်ကွန်းထိန်းဌာန

## သင်ကြားရေးရာဌာနစုမှူးဆရာတော်

## ဘဒ္ဒန္တကေလာသ



ဘဒ္ဒန္တကေလာသသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ ကျေးနင်းကြီးကျေးရွာ၌ အဖ-ဦးသန်းရွှေ+ အမိ-ဒေါ်ခင်ညွန့် တို့မှ ၁၃၁၆-ခုနှစ်၊ သီတင်းကျွတ်လဆန်း(၁၄)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

ဘဒ္ဒန္တကေလာသသည် ပုလဲမြို့နယ်၊ ကျေးနင်းကြီးရွာကျောင်းဆရာတော် ဘဒ္ဒန္တပရမမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ပုလဲမြို့နယ်၊ ကျေးနင်းကြီးရွာ၊ ဦးချစ်တင်+ ဒေါ်ခင်ညွန့်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တကေလာသသည် ၁၃၃၆-ခုနှစ်၊ ကဆုန်လဆန်း(၁၁)ရက်၊ အင်္ဂါနေ့၊ နံနက်(၇း၀၀) နာရီ အချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မဟာဇောတိကာရာမကျောင်းတိုက်ခဏ္ဍသိမ်၌ ပုလဲမြို့နယ်၊ ကျေးနင်းကြီးရွာ၊ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တပရမကို ဥပဇ္ဈာယ်ပြု၍ မုံရွာမြို့၊ ဘုရားကြီးရပ်ကွက် ဦးထွန်းလှ+ဒေါ်ခင်ပု မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တကေလာသသည် ပုလဲမြို့နယ်၊ ကျေးနင်းကြီးရွာဦးကျောင်း၊ မုံရွာမြို့၊ မဟာဇောတိကာရာမတိုက်၊ မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ ပဲခူးမြို့၊ မြို့မကျောင်းတိုက်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရ ငယ်၊ လတ်၊ ကြီး၊ စာချတန်း။ ပဲခူးမြို့ သုဓမ္မာနိကာယစာမေးပွဲ၌ စာချတန်း၊ သာသနတက္ကသီလမဟာဓမ္မာစရိယစာမေးပွဲတို့ကို အောင်မြင်ခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တကေလာသသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းဌာန၌ စာမေးပွဲ ရေးရာဌာနစုမှူးတာဝန်ကို ၁၃၅၄-ခုနှစ်မှ ၁၃၆၀-ခုနှစ်အထိ ထမ်းဆောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

မော်ကွန်းထိန်းဌာန

## ဌာနစုမှူးဆရာတော်

## ဘဒ္ဒန္တခေမာစာရ

ဘဒ္ဒန္တခေမာစာရသည် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ မင်းကံစုရွာ အဖ ဦးလှရွှေ + အမိ ဒေါ်စန်းရီ တို့မှ ၁၃၃၁-ခုနှစ်၊ ကဆုန်လဆန်း(၁၃)ရက်၊ တနင်္လာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တခေမာစာရသည် ချောက်မြို့နယ်၊ မင်းကံစုရွာ ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ချောက်မြို့နယ်၊ မင်းကံစုရွာ ဦးလှရွှေ + ဒေါ်စန်းရီတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တခေမာစာရသည် ၁၃၅၁-ခုနှစ်၊ တန်ခူးလပြည့်ကျော်(၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် ခဏ္ဍသိမ်၌ ရွာမပရိယတ္တိစာသင်တိုက်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တခေမာစာရသည် ချောက်မြို့နယ်၊ မင်းကံစုရွာ ရွာဦးကျောင်း၊ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမစာသင်တိုက်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာဆည်းပူးခဲ့ပြီးအစိုးရ မူလတန်း၊ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယတန်းစာမေးပွဲများကို အောင်မြင်ပြီး သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism) သာသနတက္ကသီလမဟာဓမ္မာစရိယ M.A(Buddhism) ဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တခေမာစာရသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၏ မော်ကွန်းထိန်းဌာန၌ ဌာနစုမှူးတာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

မော်ကွန်းထိန်းဌာန

## သင်ကြားရေးရာဌာနစိတ်မှူးဆရာတော်

## ဘဒ္ဒန္တကေလာသ

ဘဒ္ဒန္တကေလာသသည် ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်၊ ကွင်းကြီးကျေးရွာ၌ အဖ ဦးတင်ရွှေ+ အမိ ဒေါ်ထွေးစိန်တို့မှ ၁၃၂၇-ခုနှစ်၊ နယုန်လဆန်း(၁)ရက်၊ တနင်္လာနေ့တွင် မိးရှူးသန့်စင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တကေလာသသည် ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်၊ မြို့မရပ်ကွက်၊ ရွှေတောင်ကျောင်း ဆရာတော် ဘဒ္ဒန္တဉတ္တမာဘိဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ငါးသိုင်းချောင်းမြို့နယ်၊ ကွင်းကြီးရွာ၊ ဦးတင်ရွှေ+ ဒေါ်ထွေးစိန်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တကေလာသသည် ၁၃၄၇ ခုနှစ်၊ ကဆုန်လပြည့်ကျော်(၆)ရက်၊ တနင်္လာနေ့၊ နံနက် (၈း၀၀)နာရီ အချိန်တွင် ငါးသိုင်းချောင်းမြို့နယ်၊ မြို့မရပ်ကွက်၊ ရွှေတောင်ကျောင်းခဏ္ဍသိမ်၌ ရွှေတောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉတ္တမာဘိဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ငါးသိုင်းချောင်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဦးတင်မောင်+ဒေါ်ကြည်မေ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟ ကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဘဒ္ဒန္တကေလာသသည် ငါးသိုင်းချောင်းမြို့၊ ရွှေတောင်ကျောင်း၊ ကျွဲလမ်းကျောင်း၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ (B.A.;Buddhism) သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A.;Buddhism) ဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တကေလာသသည် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး)၏ မော်ကွန်းထိန်းဌာန၌ စာသင်ကြားရေးရာဌာနစိတ်မှူးတာဝန်ကို (၂-၆-၂၀၀၀)နေ့တွင် စတင်ထမ်းဆောင်ခဲ့သည်။ ယင်းတာဝန်များကို ထမ်းဆောင်ရင်း မိမိဇာတိရွာ၌ နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ ပို့ချပေးခြင်း၊ အခါအားလျော်စွာ တရားဒေသနာများ ဟောကြားခြင်း၊ သုတေသနစာပေများရှာဖွေခြင်းဖြင့် သာသနာတော်အတွက် ဆောင်ရွက်လျက် ခဲ့သည်။

ယခုအခါ အမေရိကန်နိုင်ငံ၊ နယူးယောက်ပြည်နယ်၌ သာသနာ့တာဝန်ကို ထမ်းဆောင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

မော်ကွန်းထိန်းဌာန

## သင်ကြားရေးရာ ဌာနစုမှူး ဆရာတော်

## ဘဒ္ဒန္တကစ္စာယန

ဘဒ္ဒန္တကစ္စာယနသည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ကုလားမျောကျေးရွာ၌ အဖ ဦးမြရှိန်+အမိ ဒေါ်တင်ကြည်တို့မှ ၁၃၂၄-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၂)ရက်၊ တနင်္လာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဘဒ္ဒန္တကစ္စာယနသည် ရမည်းသင်းမြို့နယ်၊ ကုလားမျောရွာ၊ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တပညာဒီပမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရမည်းသင်းမြို့နယ်၊ ကုလားမျောရွာ၊ ဦးမြရှိန်+ဒေါ်တင်ကြည်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တကစ္စာယနသည် ၁၃၄၄-ခုနှစ်၊ ကဆုန်လဆန်း (၆)ရက်၊ နံနက်(၆)နာရီ၊ (၃၆)မိနစ်အချိန်တွင် ရမည်းသင်းမြို့နယ်၊ ကုလားမျောရွာ၊ ရွာဦးကျောင်းခဏ္ဍသိမ်၌ ရမည်းသင်းမြို့နယ်၊ ကုလားမျောရွာ၊ ရွာဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဒီပမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရမည်းသင်းမြို့နယ်၊ ကုလားမျောရွာ၊ ဦးမြရှိန်+ဒေါ်တင်ကြည်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တကစ္စာယနသည် ရမည်းသင်းမြို့နယ်၊ ကုလားမျောရွာ၊ ရွာဦးကျောင်းတိုက်၊ ရမည်းသင်းမြို့နယ်၊ သိမ်ကုန်းရွာ၊ မုဋ္ဌလိန္ဒာစာသင်တိုက်၊ ရန်ကုန်မြို့၊ သီရိမင်္ဂလာပျော်ဘွယ်ကျောင်းတိုက်၊ မန္တလေးမြို့၊ မိုးကောင်းတိုက်၊ ဒေဝန်းကျောင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရ ငယ်၊ လတ်၊ ကြီး၊ ရေနံချောင်းမြို့၊ ရွှေတောင်တိုက်ဓမ္မာစရိယ၊ သာသနတက္ကသီလဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ စာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ (B.A.,Buddhism) သာသနတက္ကသီလမဟာဓမ္မာစရိယ (M.A.; Buddhism) ဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တကစ္စာယနသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၏ မော်ကွန်းထိန်းဌာန၌ သင်ကြားရေးရာဌာနစုမှူးတာဝန်ကို (၃၀-၉-၂၀၀၇)နေ့တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

မော်ကွန်းထိန်းဌာန

**ဌာနစုမှူးဆရာတော်**

**ဘဒ္ဒန္တဉာဏဓဇ**

ဘဒ္ဒန္တဉာဏဓဇသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ နိဗ္ဗူတောရွာ၌ အဖဦးလှထွန်း+အမိဒေါ်မယ်ကာတို့မှ-၁၃၂၇-ခုနှစ်၊ ဝါဆိုလဆန်း(၁၅)ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင်ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တဉာဏဓဇသည် ယင်းမာပင်မြို့နယ်၊ နိဗ္ဗူတောရွာ၊ အထက်ကျောင်းဆရာတော် ဘဒ္ဒန္တတေဇဝန္တမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ယင်းမာပင်မြို့နယ်၊ နိဗ္ဗူတောရွာ၊ ဦးလှထွန်း+ ဒေါ်မယ်ကာတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တဉာဏဓဇသည် ၁၃၄၇-ခုနှစ်၊ ကဆုန်လဆန်း(၁၀)ရက်၊ နံနက် (၉း၅၀)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ (၂၉)ရပ်ကွက်၊ မဟာသုဝဏ္ဏကျောင်းတိုက်၊ ခဏ္ဍသိမ်၌ မင်္ဂလာဒုံမြို့နယ်၊ ဈေးရပ်ကွက်၊ သိမ်ကုန်းတပ်ဦးကျောင်းဆရာတော် ဘဒ္ဒန္တကဥ္စနမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ (၂၉)ရက်ကွက်၊ ဦးလှမြင့်+ဒေါ်တင်မြင့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တဉာဏဓဇသည် နိဗ္ဗူတောရွာ၊ အထက်ကျောင်း၊ မုံရွာမြို့၊ မဏိရတနာပုံတိုက်၊ ရန်ကုန်တိုင်း၊ သုဝဏ္ဏမြို့၊ မဟာသုဝဏ္ဏကျောင်းတိုက်၊ ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရ ငယ်၊ လတ်၊ ကြီး သာသနဓဇဓမ္မာစရိယ(အဋ္ဌသာလိနီ)(၁၃၅၃-ခုနှစ်)။ သဒ္ဓမ္မဇောတိကဓမ္မာစရိယစာမေးပွဲတို့ကို အောင်မြင်ခဲ့သည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၌ သာသနတက္ကသီလဓမ္မာစရိယစာမေးပွဲ၊ သာသနတက္ကသီလမဟာဓမ္မာစရိယစာမေးပွဲများကိုအောင်မြင်ပြီး သာသနတက္ကသီလဓမ္မာစရိယ B.A, (Buddhism) သာသနတက္ကသီလမဟာဓမ္မာစရိယ M.A, (Buddhism) ဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တဉာဏဓဇသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၏ မော်ကွန်းထိန်းဌာန၌ ဌာနစုမှူးတာဝန်ကို (၂၃-၉-၂၀၀၄)နေ့မှစတင်၍ ယနေ့အထိ ထမ်းဆောင်လျက်ရှိသည်။ ယင်းတာဝန်များကို ထမ်းဆောင်ရင်း မိမိဇာတိဖြစ်သော နိဗ္ဗူတောရွာ၌ ကျောင်းသား/သူများကို ယဉ်ကျေးမှုသင်တန်းများ နှစ်စဉ်ပို့ချပေးခြင်းအားဖြင့် သာသနာတော်အတွက် ဆောင်ရွက်လျက်ရှိသည်။

ရေးသားပြုစုခဲ့သော ကျမ်းစာများမှာ ငါးပါးသီလနှင့်စပ်၍သိမှတ်ဖွယ်ရာအဖြာဖြာ၊ ငါးရာ့ငါးဆယ်ဇာတ်တော်လာ ဉာတတ္ထစရိယအကျင့်ကိုကျင့်သော တိရစ္ဆာန်များအကြောင်းကို လေ့လာခြင်းတို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)

မော်ကွန်းထိန်းဌာန

**ဌာနစုမှူးဆရာတော်**

## ဘဒ္ဒန္တကောမလ

ဘဒ္ဒန္တကောမလသည် ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဝဲဒေါင့်ကျေးရွာ၌ အဖ ဦးစိန်ပု+အမိ ဒေါ်ရွှေညွန့်တို့မှ ၁၃၃၆-ခုနှစ်၊ နတ်တော်လပြည့်ကျော်(၉)ရက်၊ တနင်္လာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တကောမလသည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်အရှေ့တိုက် အသောကာရုံကျောင်းဆရာတော် ဘဒ္ဒန္တသုဒဿနမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မော်လမြိုင်ကျွန်းမြို့နယ်၊ ကွဲခြံဝကျေးရွာ အဖဦးစိန်ပု+အမိဒေါ်ရွှေညွန့်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘဒ္ဒန္တကောမလသည် ၁၃၅၆-ခုနှစ်၊ ဦးတန်ခူးလဆန်း (၁၂)ရက်၊ သောကြာနေ့၊ နံနက်(၇)နာရီ၊ (၃၆)မိနစ် အချိန်တွင် ပခုက္ကူမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အရှေ့တိုက်၊ ပရိယတ္တိမဏ္ဍိုင်ကျောင်း၊ ခဏ္ဍသိမ်၌ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပိဋကတ်တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တမာလာလင်္ကာရ(အဘိဓဇမဟာရဋ္ဌဂုရု) မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ပခုက္ကူမြို့၊ အောင်သာကန်ရပ်ကွက်၊ ဒေါ်အုန်းတင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

BURMESE CLASSIC

ဘဒ္ဒန္တကောမလသည် မော်လမြိုင်ကျွန်းမြို့နယ်၊ ကွဲခြံဝရွာတိုက်ကျောင်း၊ ပခုက္ကူမြို့၊ အရှေ့တိုက်၊ မန္တလေးမြို့၊ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်တို့၌ ပညာဆည်းပူးခဲ့ပြီး အစိုးရပထမပြန် မူလတန်း၊ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ မန္တလေးမြို့ မဟာဝိဇိတာရုံ စာသင်တိုက်၊ တိုက်တွင်း စာမေးပွဲတို့ကို အောင်မြင်ခဲ့သည်။ ထို့အပြင် မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ သာသနတက္ကသီလဓမ္မာစရိယစာမေးပွဲ၊ သာသနတက္ကသီလ မဟာဓမ္မာစရိယစာမေးပွဲများ၊ INTENSIVE ENGLISH COURSE နှင့် Ph,D-Prelim စာမေးပွဲများကို အောင်မြင်ပြီး သာသနတက္ကသီလဓမ္မာစရိယ B.A, (Buddhism) သာသနတက္ကသီလမဟာဓမ္မာစရိယ M.A, (Buddhism) ဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တကောမလသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၏ မော်ကွန်းထိန်းဌာန၌ ဌာနစုမှူး တာဝန်ကို (၂၁-၂-၂၀၀၇)နေ့မှစတင်၍ ယနေ့အထိ ထမ်းဆောင်လျက်ရှိသည်။ ယင်းတာဝန်များကို ထမ်းဆောင်ရင်း မိမိဇာတိဖြစ်သော ဝဲဒေါင့်ရွာ၌ ကျောင်းသား/သူများကို အဘိဓမ္မာသင်တန်း၊ ယဉ်ကျေးမှုသင်တန်းများကို နှစ်စဉ် သင်ကြားပေးခြင်းဖြင့် သာသနာတော်အတွက် ဆောင်ရွက်လျက်ရှိသည်။

ရေးသားပြုစုခဲ့သော ကျမ်းစာများမှာ သိမ်နှင့်စပ်၍ သိမှတ်ဖွယ်ရာများကို လေ့လာခြင်း၊ ထင်ရှားသော မြန်မာစာဆို ရဟန်းတော်များအကြောင်းလေ့လာခြင်း (တောင်ငူ၊ ညောင်ရမ်း)တို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

မော်ကွန်းထိန်းဌာန

**ဌာနစုမှူးဆရာတော်**

**ဘဒ္ဒန္တတေဇနိယ**

ဘဒ္ဒန္တတေဇနိယသည် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ သပြေကန်ကျေးရွာ၌ အဖ-ဦးအောင်မွေး + အမိ-ဒေါ်ရွှေလှိုင်တို့မှ ၁၃၄၁-ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၂)ရက်၊ စနေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တတေဇနိယသည် မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကိုင်မြို့နယ်၊ သပြေစုရွာ၊ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒမာလာကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တတေဇနိယ သည် ၁၃၆၀-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၂)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက်(၇)နာရီ၊ (၂၀)မိနစ်၊ (၁၅)စက္ကန့်အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဉသျှောင် ရပ်ကွက်၊ စလေကျောင်းတိုက်ခဏ္ဍသိမ်၌ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တအာသဘမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဉသျှောင်ရပ်ကွက်၊ ဦးဇော်လင်း+ဒေါ်ကျင်လှ သားသမီးတစ်စုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တတေဇနိယသည် စဥ့်ကိုင်မြို့နယ်၊ သပြေစုရွာ၊ ရွာဦးကျောင်း၊ မန္တလေးတိုင်းဒေသကြီး၊ တံတားဦး မြို့နယ်၊ သပြေကန်ရွာ၊ ကျောင်းသစ်ပရိယတ္တိစာသင်တိုက်၊ ချမ်းမြသာစည်မြို့နယ်၊ မဟာနန္ဒိသေနာရာမတိုက်၊ နဝမအုဋ္ဌ်ကျောင်းဆရာတော်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာဆည်းပူးခဲ့ပြီး ပထမပြန် စာမေးပွဲ၌ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းနှင့် သာသနတက္ကသီလဓမ္မာစရိယ စာမေးပွဲ၊ သာသနတက္ကသီလမဟာဓမ္မာစရိယစာမေးပွဲတို့ကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism) သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တတေဇနိယသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၏ မော်ကွန်းထိန်းဌာန၌ ဌာနစုမှူးတာဝန်ကို ၁၃၆၈-ခုနှစ်မှစ၍ ယနေ့အထိ ထမ်းဆောင်လျက်ရှိသည်။ ယင်းတာဝန်များကို ထမ်းဆောင် ရင်းဖြင့် မိမိဇာတိရွာဖြစ်သော သပြေကန်ရွာရှိ ကျောင်းသား/သူများကို ယဉ်ကျေးမှုသင်တန်းများ နှစ်စဉ်ပို့ချပေးခြင်း အားဖြင့် သာသနာတော်အတွက် ဆောင်ရွက်လျက်ရှိသည်။

ရေးသားပြုစုခဲ့သော ကျမ်းစာများမှာ - ဓမ္မစေတီမင်းနှင့် မြတ်ဗုဒ္ဓသာသနာ(မဟာဘွဲ့ယူကျမ်း) ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

မော်ကွန်းထိန်းဌာန

## ဌာနစုမှူးဆရာတော်

## ဘဒ္ဒန္တဝိစိတ္တသာရ

ဘဒ္ဒန္တဝိစိတ္တသာရသည် နေပြည်တော်ခရိုင်၊ ပျဉ်းမနားမြို့နယ်၊ အလျှင်လိုရွာ အဖ-ဦးညိမ်းမောင် + အမိ-ဒေါ်ကြည်တို့မှ ၁၃၃၇-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၀)ရက်၊ ဗုဒ္ဓဟူးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဘဒ္ဒန္တဝိစိတ္တသာရသည် ပျဉ်းမနားမြို့နယ်၊ အလျှင်လိုရွာ၊ အလျှင်လိုကျောင်းဆရာတော် ဘဒ္ဒန္တဝိမလ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ပျဉ်းမနားမြို့နယ်၊ အလျှင်လိုရွာ ခမည်းတော်ဦးညိမ်းမောင်+မယ်တော်ဒေါ်ကြည်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တဝိစိတ္တသာရသည် ၁၃၅၇-ခုနှစ်၊ ကဆုန်လဆန်း(၁၂)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၈)နာရီ (၅၈)မိနစ် အချိန်၌ နေပြည်တော်ခရိုင်၊ လယ်ဝေးမြို့နယ်၊ ထန်းတပင်တောရကျောင်းတိုက် ခဏ္ဍသိမ်၌ လယ်ဝေးမြို့နယ်၊ ထန်းတပင်တောရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတိဿရမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ လယ်ဝေးမြို့၊ အမှတ်(၂)ရပ်ကွက် ဦးမျိုးအောင်+ဒေါ်ခင်ညိုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဒ္ဒန္တဝိစိတ္တသာရသည် နေပြည်တော်ခရိုင်လယ်ဝေးမြို့နယ်၊ ရွှေစေတီတောရကျောင်း၊ ပျဉ်းမနားမြို့နယ်၊ အလျှင်လိုရွာကျောင်း၊ လယ်ဝေးမြို့၊ ပေါက်မြိုင်စာသင်တိုက်၊ အင်းစိန်မြို့၊ ရွာမပရိယတ္တိစာသင်တိုက်၊ မန္တလေးမြို့၊ ဘုရားကြီးတိုက် ဆင်မင်းကျောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့၌ ပညာဆည်းပူးခဲ့ပြီး အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းနှင့် သာသနတက္ကသီလဓမ္မာစရိယစာမေးပွဲ၊ သာသနတက္ကသီလမဟာဓမ္မာစရိယတန်းစာမေးပွဲများကို အောင်မြင်ခဲ့ပြီး သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism) သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့တို့ကို ရရှိခဲ့သည်။

ဘဒ္ဒန္တဝိစိတ္တသာရသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းဌာန၌ ဌာနစုမှူးတာဝန်ကို ၁၃၆၉-ခုနှစ်မှ ယနေ့အထိ ထမ်းဆောင်လျက်ရှိပါသည်။ ယင်းတာဝန်များကို ထမ်းဆောင်ရင်း တရားဒေသနာများဟောကြားခြင်းဖြင့် သာသနာတော်အတွက် ဆောင်ရွက်လျက်ရှိသည်။



www.burmeseclassic.com